
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေး ၃ ပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် ၄ ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် ၄ ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မစန္ဒာ

# ဆဋ္ဌဂံ

ပါရမီ
စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌဂံ
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

အဖုံးသန်းရွှေ ခင်ကြီး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၅၃/ ၂၀၀၂(၅)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၂၆၉/ ၂၀၀၂(၃)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)ဓနိုးစောင်ရှိန်စာပေ၊ ၄/၁၇၇၊ ဓမ္မစေတီလမ်း၊ သေဘောက်ဖြူသစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

တန်ဖိုး ၇၅၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်ဖုဒ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို ကိုးလလွယ်ကာ ဆယ်လတွင် မွေးဖွား
ပေးခဲ့သောကျေးဇူးရှင်မိခင်နှင့်တကွအခြားအခြား
သော မိခင်များအား ဤ 'ဆဋ္ဌဂံ' ဝတ္ထုဖြင့် ဂုဏ်ပြု
ပူဇော်ပါသည်။

မစန္ဒာ

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတို့၊ အကြောင်းသုံးရပ်၏ ပေါင်းဆုံခြင်းကြောင့် ပဋိသန္ဓေ ကိုယ်ဝန်တည်မှု ဖြစ်၏။ မိဘနှစ်ဦးတို့လည်း ပေါင်းဖော်ကုန်၏။ အမိကလည်းဥတုလာပြီးစ ဖြစ်၏။ အမိဝမ်းသို့ရောက်ထိုက်သူ သတ္တဝါလည်း ရှေ့ရှုတည်လျက် အသင့်ရှိ၏။ ဤ အကြောင်းသုံးရပ်၏ ပေါင်းဆုံခြင်းကြောင့် ပဋိသန္ဓေကိုယ်ဝန်တည်မှုသည် ဖြစ်နိုင်ပေ၏။

ရဟန်းတို့၊ ထိုကိုယ်ဝန်(သန္ဓေသား)ကို မိခင်သည် ကိုးလ ဖြစ်စေ၊ ဆယ်လ ဖြစ်စေ ဝမ်းဖြင့် လွယ်ရ၏။ မိမိနှင့်ကလေးပါ အသက်ရှင်ရေးအတွက် ကြီးစွာသော သံသယဖြင့် လေးလံသောဝန်ကြီးကို လွယ်ရ၏။ ထိုကိုယ်ဝန်ကို ကိုးလလွန်သောအခါ၌ဖြစ်စေ၊ ဆယ်လလွန်သောအခါ၌ဖြစ်စေ၊ မိမိနှင့်ကလေးပါ အသက်ရှင်ရေးအတွက် ကြီးစွာသောသံသယဖြင့် လေးလံသော ဝန်ကြီးကို မွေးဖွားရ၏။ မွေးဖွားပြီးနောက် သားငယ်ကို မိမိ၏သွေးဖြင့် တိုက်ကျွေး မွေးမြူရ၏။ အမိ၏ နို့ရည်သည် သာသနာတော်ဝေါဟာရဖြင့် သွေးမည်၏။

[မဟာတဏှာသင်္ခါရသုတ်]

www.burmeseclassic.com

www.burmeseclassic.com

သတ္တိကတော့ အတော့်ကို ကောင်းသည်။

တစ်အိုးလည်း မစားနိုင်၊ တစ်အိမ်လည်း မနေနိုင်ဘဲ အိမ်ထောင်ပြုရဲကြသူ နှစ်ဦးမှာ အောင်အောင်(ကြံတိုင်းအောင်)နှင့် နွေးနွေးတို့ ဖြစ်ကြလေသည်။

“အဖေတို့ အမေတို့က နာမည်ပေးတဲ့နေရာမှာတော့ အထူးပဲ မောင်၊ ဘယ်သူမှ လိုက်လို့ မမီဘူး၊ သိပ်ပြီး တော်တာ”

အောင်အောင်က ကော်ဖီမစ်ထုပ်ကလေးကို ဆွဲဖောက်ပြီး ရေနွေးထဲ ထည့်လိုက်သည်။ ထို့နောက် ဇွန်းသေးသေးလေးနှင့် နာနာခေါက်သည်။ ဒီလက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ဒီကော်ဖီလေးတစ်ခွက်ကို နွေးနွေး မလာမချင်း အချိန်ဆွဲကာ သောက်ရင်း စောင့်ရသည်မှာ သူ၏ နေ့စဉ်ဝတ္တရားတစ်ခု ဖြစ်လေသည်။

‘အစ်မကြီးကို စိန်ရွှေမြတဲ့’

‘အင်း’

ဖိုးဇော်က ခေါင်းညိမ့်သည်။ အောင်အောင်၏ အစ်မအကြီးဆုံးဖြစ်သော စိန်ရွှေမြကို သူ တစ်ခါမြင်ဖူးသည်။ ရုပ်ရည်လေး သနားကမား ရှိသော်လည်း ကလေးတွေ တို့လို့တွဲလောင်းနှင့် ပင်ပန်းနွမ်းနယ်နေဟန်ရှိသည်ကို သတိထားမိခဲ့သည်။

‘အစ်မလတ်နှစ်ယောက်ကျတော့ စိန်ရွှေမိုးတဲ့၊ စိန်ရွှေမျိုးတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဟ၊ နာမည်စီးလို့လားတော့ မသိဘူး၊ သူတို့မှာ ဘာစိန် ဘာရွှေမှ လည်း မရှိဘူး'

'စိန်မရှိပေမယ့် အဲဒါထက် အဖိုးတန်တဲ့ စက်ရှိတယ်လေကွာ ဟုတ်ဘူးလား၊ အဲဒီစက်ကမှ တကယ်ပိုက်ဆံဖြစ်တာ'

ဖိုးဇော်က သူ့ကို အားပေးသလို ပြောသည်။ ဟုတ်သည်၊ သူ၏ အစ်မလတ် နှစ်ယောက်တွင် စက်ကလေး တစ်လုံးရှိသည်။ သူများ တကာတွေလိုဆန်စက်တို့၊ ဆီစက်တို့၊ သွပ်ပြားစက်ရုံတို့၊ ခေါက်ဆွဲ စက်ရုံတို့တော့ မဟုတ်ချေ။ ခြေနင်းစက် စုတ်စုတ်ကလေး တစ်လုံးသာ ဖြစ်ပါသည်။

ခြေနင်းပြားနေရာက မူလီချောင်နေသဖြင့် နင်းလိုက်တိုင်း ဂျိန်း ဂွမ်း၊ ဂျိန်း ဂွမ်းနှင့် စည်းချက်ကျကျ မြည်နေသော်လည်း အလုပ်တော့ ဖြစ်နေသားပင်၊ တစ်ဦးက ချုပ်နေလျှင် ကျန်တစ်ဦးက အင်္ကျီညှပ်သည်။ အမေကတော့ ကော်ကပ် တာပေါ့လေ။

'ငါ့ကိုကျတော့ ကြံတိုင်းအောင်တဲ့'

ဒီတစ်ခါတော့ ဖိုးဇော်လည်း သူ့ကိုကြည့်ကာရယ်သည်။ ကြံတိုင်း မအောင်သော မောင်ကြံတိုင်းအောင်အကြောင်းကို အတွင်းသိ အစင်းသိမို့ မရယ်ဘဲလည်း မနေနိုင်။

'အင်း အောင်လိုက်တဲ့ အကြံတွေ၊ မိန်းမချောချောလှလှလေး တစ်ယောက်ကို ပေါက်ပေါက်မြောက်မြောက် ခိုးပြေးပြီးတာတောင် အတူ မနေနိုင်တဲ့ဘဝ၊ တောက်'

အောင်အောင်က တောက်တစ်ချက် ခေါက်ရင်း ဖိုးဇော်နှင့် အတူ လိုက်၍ ရယ်မိသည်။ ရယ်မယ့်သာ ရယ်ရသော်လည်း ရင်ထဲတွင် တော့ မရွှင်။ အို မရွှင်ရုံမျှ မကပါ၊ ငိုချင်နေပါသည်၊ တကယ့်ကို ငို ချင်နေပါသည်။

သူနေသည်က အင်းစိန်လမ်းမကြီးဘေးတွင် တန်းလျား

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသော ရှစ်ထပ်တိုက်ကြီးများမှာ ဖြစ်သည်။ မြင့်မားသော အဆောက်အအုံကြီးများမှာ လေထဲသို့ လွင့်ပြီး တက်နေဟန်ရှိသည်။ အောင်အောင်သည် သူတို့ဌာနေ တိုက်တန်းရှည်ကြီးများကို မော်ကြည့်ရင်း မောဟိုက်ဟိုက်ကြီး ဖြစ်နေသည်။ မျက်နှာစာ တစ်ဆယ့်နှစ်ပေ၊ အလျား ပေလေးဆယ်သာရှိသော တိုက်ခန်းလေးများသည် ဗီရို ရှည်ရှည်ကြီးတစ်လုံးတွင် အထပ်လိုက် ထိုးထည့်ထားသော အံဆွဲလေးများနှင့် တူသည်။ အောင်အောင်နေသည်က ဒီဘက်တိုက်၏ ခုနစ်လွှာမြောက် အံဆွဲ၊ နွေးနွေးနေသည်က ဟိုဘက်တိုက်၏ခြောက်လွှာမြောက်အံဆွဲ၊ အကြောင်းကိစ္စကြီးငယ် ရှိလျှင်ပင် ဒီအံဆွဲမှဟိုအံဆွဲဆီသို့ သွားရမည့်ခရီးမှာ နီးလျက်နှင့် မောလှသည်။

'ဆယ့်ခြောက်နှစ်နဲ့ ရည်းစားထားဖို့ မစဉ်းစားနဲ့၊ ရည်းစားဦးနဲ့ ရတယ် ဆိုတာ ရှားပါတယ်၊ ဆယ့်ခြောက်နှစ်နဲ့ ရည်းစားထားဖို့ မစဉ်းစားနဲ့၊ ရည်းစားများလို့ နာမည်ပျက်တာ မကောင်းပါကွယ်'

လက်ဖက်ရည်ဆိုင်က ဖွင့်ထားသော သီချင်း ဆိုတော့လည်း ထုံးစံအတိုင်း ကျယ်ကျယ်လောင်လောင်ပင်။ ဖိုးဇော်က သူ့ရှေ့မှ ကော်ဖီခွက်ကို တစ်ငုံတလေပင် မသောက်သေးဘဲ စားပွဲခုံ ပုပုလေးကို လက်နှင့် ခေါက်ကာ စည်းချက်လိုက်နေသည်။

အောင်အောင်ကတော့ အစွန်းစွန်း အကွက်ကွက် ဖြစ်နေသော သစ်သား စားပွဲမျက်နှာပြင်လေးကို ငုံ့ကြည့်ရင်း နွေးနွေးကို မြင်ယောင်နေသည်။ နွေးနွေးကို သူ စပြီး သတိထားမိသည်က ရူပဗေဒကျူရှင်မှာ ဖြစ်သည်။ ဆရာက ကျောက်သင်ပုန်းပေါ်တွင် ကြေးမုံခုံနှင့် ကြေးမုံခွက်ပုံများကိုဆွဲပြီး အလင်းတန်းများအကြောင်းကို ရှင်းလင်းပြနေချိန်တွင် ဆီးငန်စေ့ခိုးစားနေသော ဆံပင်တိုတို မျက်လုံးဝိုင်းဝိုင်းနှင့် ကောင်မလေးသည် နောင်တစ်ချိန်တွင် သူ၏ချစ်သူ ဖြစ်လာခဲ့လေသည်။

'ငါ ရည်းစားထားတော့ ဆယ့်ရှစ်နှစ် ပြည့်ခါနီးနေပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်သည် သူ့ကိုယ်သူ ချက်ချင်း ခွင့်လွှတ်လိုက်သည်။ ရည်းစားဦးနှင့် ရသောသူရှားသော်လည်း သူက ရည်းစားဦးနှင့် ရခဲ့သည်မို့ ရှားရှားပါးပါး လူသားတစ်ယောက်များ ဖြစ်နေမလားဟု တွေးရင်း ပြုံးလိုက်မိသည်။

နွေးနွေးနှင့် သူက တစ်ရပ်ကွက်တည်းသားတွေ ဖြစ်သည်။ ကျောင်းချင်း မတူသော်လည်း ကျူရှင်ချင်း တူသည်။ စာမတော်တာချင်းလည်း တူသည်။ ကိုးတန်းတွင် တစ်ခါ၊ ဆယ်တန်းတွင် တစ်ခါ ကျဖူးတာချင်းလည်း တူသည်။ မင်းသားထဲတွင် လွင်မိုးနှင့် မင်းသမီးထဲတွင် ထက်ထက်မိုးဦးကို ကြိုက်တာချင်းလည်း တူသည်။ အဆိုတော်ထဲတွင် ဇော်ပိုင် ကြိုက်တာချင်းလည်း တူသည်။ တရုတ်ကား ကြိုက်တာချင်းလည်း တူသည်။ စာရေးဆရာထဲတွင် နီကိုရဲ ကြိုက်တာချင်းလည်းတူသည်။ မာမီးခေါက်ဆွဲနှင့်စတားကိုလာ ကြိုက်တာချင်းလည်း တူသည်။ ပန်းထဲတွင် နှင်းဆီပန်း ကြိုက်တာချင်းလည်းတူသည်။ နောက်ပြီး အနီရောင် ကြိုက်တာချင်းလည်း တူသည်။ သြော် နောက်ပြီး ကော်ဖီမစ် ကြိုက်တာချင်းလည်း တူကြသေးသည်။ ကဲ ဒီလောက်တောင် အကြိုက်ချင်း တူနေမှတော့ နွေးနွေးဟူသည့်ကောင်မလေးကို သူ ကြိုက်မိခဲ့သည်မှာ ဘာမှမဆန်းဟု ထင်ပါသည်။

ထို့ကြောင့် ကျူရှင်ဆရာက ရှေ့ဘက်တွင် အားတက်သရော သင်ပြနေချိန်တွင် သူတို့က နောက်ဘက်မှနေပြီး မျက်လုံးချင်း စကားပြောနေကြလေသည်။ နောက်တော့ ရည်းစားစာတွေ အပြန်အလှန် ရေးကြသည်။ အသည်းပုံကပ်ပြားတွေ၊ ကဗျာတွေ လက်ဆောင်ပေးကြသည်။ တစ်ဦး၏အိပ်မက်ထဲကို ကျန်တစ်ဦးက ညတိုင်း အလည်သွားသည်။ ဒီလိုနှင့်ပင် စာမေးပွဲကြီးဖြေဆိုရမည့်အချိန် ရောက်လာသည်။ စာမေးပွဲပြီးလျှင် ကျူရှင်တက်ရတော့မည်မဟုတ်။ ကျူရှင် မတက်ရ လျှင် တစ်ယောက်နှင့်တစ်ယောက် နေ့စဉ်တွေ့ရမြင်ရတော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ် မဖြစ်သေးသော်လည်း တွေးကြည့်ရုံနှင့်ပင် မျက်ရည်စို့စို့ ဝဲချင်လာလေသည်။

နောက်ဆုံးနေ့ ဝိဇ္ဇာတွဲဖြေပြီးသောအခါတွင်ကား အိမ်မပြန်တော့ဘဲ သန်လျင် ကျောက်တန်းဘက်သို့ နှစ်ဦးသဘောတူ ထွက်ပြေးခဲ့ကြသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် တစိမ့်စိမ့်ကြည့်ကာ ကြည်နူးနေချင်သော စိတ်ကလေး တစ်ခုတည်းကို အရင်းတည်ပြီး မိုက်မဲခဲ့ကြခြင်း ဖြစ်လေသည်။ ဘယ်နေရာမှာ ဘယ်လိုနေပြီး ဘယ်လိုဘဝကို တည်ဆောက်ကြမည်နည်းဟု သူတို့နှစ်ဦးလုံးက မတွေးခဲ့ကြပေ။ လောလောဆယ် တည်းခိုစားသောက်ရန် အတွက်လည်း ပူစရာ မလိုသေး။ နွေးနွေးမှာ ငါးမူးသားရွှေဆွဲကြိုး တစ်ကုံးပါပြီး အောင်အောင့်မှာ ရွှေလက်စွပ်တစ်ကွင်းနှင့် နာရီတစ်လုံး ပါလာလေသည်။ ထိုပစ္စည်းလေးတွေကို ပေါင်နှံရောင်းချပြီး တူနှစ်ကိုယ်တိုင်းပြည်လေးတစ်ခုကို ထူထောင်ခဲ့ကြသည်။

သန်လျင် ကျိုက်ခေါက်ဘုရား၊ ပါဒကြီးဘုရား၊ ကျောက်တန်းရေလယ်ဘုရား စသည်တို့ကို ကြည်ကြည်နူးနူး လှည့်ပတ်ဖူးမြော်ပြီး သစ္စာစကားတွေ အထပ်ထပ် ဆိုကြသည်။ ထမင်းဆိုင်ပေါင်းစုံကို ပြောင်းလဲစားရင်း သူက နွေးနွေး၏ ပန်းကန်ထဲသို့ အသားဖတ်လေး ထည့်ပေးလိုက်၊ နွေးနွေးက သူ့ပန်းကန်ထဲ အသည်းဖတ်လေး ထည့်ပေးလိုက်နှင့် ငွေက တဖြည်းဖြည်း ခန်းလာသည်။ ဒီလိုနှင့်ပင် အချိန်တန်တော့လည်း အိမ်ပြန်ခဲ့ရသည်။

'ခုတွေ့အရမ်းကြိုက်၊ စိတ်ဝင်စား နောက်ကလိုက်၊ ဖုန်းဆက်ပြောလိုက်၊ ခက်မလားလို့ ထင်နေခဲ့တာ လက်တွေ့ပြောလိုက်၊ တကယ့်ကို လွယ်ပါလား'

ဖိုးဇော်က ကက်ဆက်ထဲမှသီချင်းကို ခေါင်းလေး တညိတ်ညိတ်နှင့် လိုက်ဆိုနေသည်။ ဘေးဘက်ခုံမှ အသက်လေးဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



လူကြီး နှစ်ယောက်ကမူ 'သူတို့ သီချင်းကလည်း သီချင်းလို့ ပြောလို့သာ ပေါ့ ဒီဥစ္စာ သီချင်းပါလားလို့ ယုံလိုက်ရတယ်၊ နားထောင်ရတာက သီချင်းနဲ့လည်း ဘယ်လိုမှ မတူပါဘူးဗျာ၊ တစ်ယောက်တည်း ပွစိပွစိနဲ့ မကျေ မနပ် ပြောနေသလိုပဲဗျ' ဟု ပြောသည်။ ကျန်တစ်ယောက်က လည်း ဟားခနဲရယ်ကာ ခေါင်းတညိတ်ညိတ်နှင့်'ဟုတ်ပဗျာ'ဟု ထောက် ခံနေလေသည်။

အောင်အောင်က ထိုလူကြီးနှစ်ယောက်ကို မသိမသာ စောင်း ကြည့်လိုက်သည်။ အနုပညာကို သူတို့လည်း မခံစားတတ်၊ ခံစားတတ် သူ လူငယ်များကိုလည်း အကောင်း မထင်၊ ဒီလို ခွတီး ခွတိုက် တိုက် ဟောင်း တိုက်ဆွေးကြီးတွေကတော့ ခေတ်တိုင်းမှာ ရှိနေမှာပဲဟု တွေး သည်။ လူကြီးဟူသည့် ပုဂ္ဂိုလ်ကြီးများသည် လူငယ်များ၏ ခံစားချက် ကို မသိ။ လူငယ်များကို နားမလည်၊ လူငယ်များကို မစာနာ၊ လူငယ် များ၏ အခက်အခဲကိုလည်း စိတ်မဝင်စား၊ သူတို့ အလေးထားသည်က ပထမ ငွေ၊ ဒုတိယလည်း ငွေ၊ ထို့နောက် တတိယလည်း ငွေသာလျှင် ဖြစ်သည်။ ငွေကိုသာ မြတ်နိုး၊ ငွေကိုသာ ကိုးကွယ်၊ ငွေနှင့်သာ တန်ဖိုး ဖြတ်နေကြသောသူများ ဖြစ်သည်။

သူက လူကြီးတွေကိုစိတ်နာချင်ချင်နှင့်မို့ ဝါးလုံးရှည်နှင့် သိမ်း ကာ ယမ်းသည်။

ခုနကအတွေးကို ပြန်ပြီးဆက်လိုက်ဦးမည်။ အချိန်တန်၍ အိမ် ပြန်မည့်သာ ပြန်ခဲ့ရသော်လည်း သူတို့နှစ်ဦး၏ပြည်တော်ပြန်ခန်းသည် သိမ်သိမ်ငယ်ငယ်ရှိလှလေသည်။ ကြိုဆိုမည့်သူမရှိ၊ ပြုံးပြမည့်သူလည်း မရှိ၊ ဘယ်အိမ်ကို တက်ရမည်လည်း မသိ၊ အောင်အောင်၏ မိဘနှစ်ပါး ကလည်း စကားမပြော တုဏှိဘော၊ နွေးနွေး၏ မိဘနှစ်ပါး ကလည်း မတုန်မလှုပ် ကျောက်ရုပ်။

အောင်အောင်တို့၏ တိုက်ခန်းက သိတော်မူကြသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ပေ၊ ပေလေးဆယ်မို့ ကျဉ်းလှသည်။ အဖေ(အဖေက လေဖြတ်ထားသဖြင့် ခြေတစ်ဖက် မသန်ချေ)၊ အမေ၊ အစ်မအပျိုကြီး နှစ်ယောက်နှင့်ပင် ကျပ်နေပြီ ဖြစ်သည်။ အောင်အောင်အိပ်ရသော အိမ်ရှေ့ခန်းကလေးသည်လည်း အင်္ကျီဖြတ်စ၊ ညှပ်စ၊ ချုပ်လက်စများနှင့် ပွနေတတ်သည်။ သူ အိပ်ခါနီးတိုင်း အခန်းအလယ်တွင် နေရာယူထားသော အပ်ချုပ်စက်ကို နံရံနားတွန်းပြီး ကပ်ရသည်။ ထို့နောက် ဖြတ်စ၊ ညှပ်စတွေကို ထန်းခေါက်ဖာကြီးတစ်လုံးထဲသို့ စု၍ ထည့်ရလေသည်။ ထို့နောက် တံမြက်စည်း လှည်းရသေးသည်။ အတော်ကြီးကို လှည်းကျင်း ရှင်းလင်းပြီးသောအခါမှ ဘုရားစင်ရှေ့တွင် ဖျာကလေးတစ်ချပ်လောက် ခင်းရန်နေရာရလေသည်။

နွေးနွေးတို့အခန်းမှာရော ဘာထူးသနည်း၊ သူတို့အခန်းအတိုင်းပုံစံအတူတူမို့ ကျဉ်းကျဉ်းကျပ်ကျပ်ပင်ဖြစ်သည်။ သူအိပ်သော နေရာမျိုးတွင် နွေးနွေးဖခင်၏အစ်မကြီးဖြစ်သူ ကြီးတော်ကြီးအိပ်သည်။ မတူသည်က သူက အိပ်ပျော်နေလျှင် တခေါခေါဟောက်တတ်ပြီး နွေးနွေး၏ကြီးတော်ကြီးကတော့ အိပ်မပျော်လျှင် သူရသမျှ ဘုရားစာများကိုအကျယ်ကြီး ထရွတ်တတ်ခြင်း ဖြစ်လေသည်။

ဒီတော့ သူတို့ကြင်စဦးဇနီးမောင်နှံအတွက် အခန်းသေးသေးကလေး မဆိုထားနှင့်၊ နှစ်ယောက်အိပ် ဖျာတစ်ချပ်ပင် ချလောက် စရာနေရာကို ဘယ်မှာမှရှာမတွေ့၊ ဒါပေမယ့် ဒါကို လူကြီးတွေက နားလည်သဘောပေါက်ကာ တစ်နည်းနည်းနှင့် ဖြေရှင်းပေးလိမ့်မည်ဟု သူရော နွေးနွေးကပါ မျှော်လင့်နေခဲ့မိကြသည်။

နောက်ဆုံးတော့ အင်မတန်စကားနည်းသော နွေးနွေး၏ ဖခင်ကြီးက စကားတွေအရှည်ကြီးပြောကာ ပြဿနာကို ဖြေရှင်းပေးခဲ့သည်။ သို့သော် သူတို့ မျှော်လင့်သလိုတော့ မဟုတ်ရေးချ မဟုတ်ချေ။

'ရှူးတယ်ပဲ ပြောပြော၊ မိုက်တယ်ပဲ ဆိုဆို၊ တစ်ယောက်နှ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ချစ်လို့ ကြိုက်လို့ စွန့်စားခဲ့ကြပြီ မဟုတ်လား၊ မင်းတို့ရဲ့ ချစ်ခြင်းကို ဦးတို့က ခွဲဖို့ မရည်ရွယ်ပါဘူး'

'ဟုတ်ကဲ့'

'ဒါပေမယ့် တစ်အိုးတစ်အိမ် ထူထောင်တယ်ဆိုတာ အင်မတန်မှ အဓိပ္ပာယ် ပြည့်ဝတဲ့ စကားကလေးကွဲ့ မောင်ကြဲတိုင်းအောင်ရဲ့၊ ဦးတို့ရဲ့ မြန်မာစကား အသုံးအနှုန်းလေးတွေက အင်မတန်ကို လှတယ်'

အောင်အောင်က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ခေါင်းညိမ့်သည်။ စိတ်ထဲမှာတော့ 'ဒီလူကြီး အငှားကား မမောင်းတော့ ဘဲနဲ့ မြန်မာစာကော်မရှင်မှာများ အလုပ်လျှောက်မလို့လားမသိဘူး' ဟု ခပ်ချဉ်ချဉ်နှင့် စဉ်းစားသည်။ သူတို့နှစ်ဦးလုံး ဆယ့်ရှစ်နှစ်လည်း ပြည့်ခဲ့ကြပြီ၊ တရားဝင်လည်း လက်ထပ်ထားပြီးပြီ၊ ဘယ်လိုနည်းနှင့်မှ ခွဲ၍မရ ဟူသော အသိကြောင့် ပူပူပင်ပင်တော့ မရှိလှချေ။

'တစ်အိုးတစ်အိမ်ထူထောင်ပါတယ်ဆိုပါမှ ကိုယ့်အစွမ်း ကိုယ့်အစနဲ့ တစ်အိုးလည်း စားနိုင်ရမယ်၊ တစ်အိမ်လည်း နေနိုင်ရမယ်လေ၊ အိမ်ထောင်ပြုတဲ့လူဆိုတာ အဲဒီ အရည်အချင်းလောက်တော့ အနည်းဆုံး ရှိသင့်တာပေါ့နော်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်...'

ကြဲတိုင်းအောင်က ခေါင်းညိတ်သည်၊ ဟုတ်ကဲ့ဟု ပြောသော်လည်း 'ဟုတ်' တစ်လုံးတည်းသာ ထွက်သည်၊ ကျန်သည့် 'ကဲ့' တစ်လုံးက လည်ချောင်းထဲတွင် ပျောက်ကျန်ခဲ့သည်။ အဘိုးကြီး၏ အေးစက်စက် မျက်နှာထားနှင့် စကား အသွား အလာကို ကြည့်ကာ စိတ်ထဲတွင် အတန်ငယ် ပူစပ်စပ် ဖြစ်လာသည်။

'ကဲ ဒီတော့ မင်းအရည်အချင်းကို မင်းပြန်ကြည့်၊ မင်းကိုယ်မင်း ပြန်မေး၊ အခုအချိန်မှာ တစ်အိုးရော စားနိုင်ပြီလား၊ နောက်ပြီး တစ်အိမ်ရော ငှားနိုင်ပြီလား လို့'

www.burmeseclassic.com

www.burmeseclassic.com



ကြက်ကြီးကို လည်လိမ်လိုက်သည်ကမှ ဂစ်ဂစ်ဟု အသံမြည်နိုင်လိမ့်ဦးမည် ထင်သည်။ ကြံတိုင်းအောင်ခမျာမှာတော့ ဘာသံမှ မထွက်နိုင်ရှာ။ အဘိုးကြီးတော့ ငါ့ကို အသေအကျေထောင်းနေပြီဟု မသက်မသာ စဉ်းစားရင်း အစ်မနှစ်ယောက်ကို အားကိုးတကြီးနှင့် လှမ်းကြည့်မိလိုက်တော့ ပိုလို့တောင် စိတ်ညစ်သွားသည်။ အစ်မတော်နှစ်ယောက်က တစ်အူထုံ့ဆင်း မောင်အရင်းဖြစ်သူ၏ ဂုဏ်ကို လည်းကောင်း၊ သိက္ခာကိုလည်းကောင်း အကာအကွယ်ပေးရန် အနည်းငယ်မျှ မစဉ်းစားကြဘဲ အဘိုးကြီးပြောသမျှကို ခေါင်းလေးတွေ တညိတ်ညိတ်နှင့် ထောက်ခံနေသောကြောင့် ဖြစ်လေသည်။

'ထမင်းတစ်လုတ်စားဖို့က မခဲယဉ်းဘူးကွဲ့၊ မရှိ ရှိတာနဲ့ ဝေမျှစားလိုက်လို့ ရတယ်၊ ဘာလေးနဲ့ စားရ စားရ တစ်ဝမ်းစာကတော့ ကြံဖန်ပြီး ပြည့်သွားတာပဲ၊ ဟုတ်စ'

'ဟုတ်တာပေါ့ ဦးရယ်'

'လင်ရယ် မယားရယ်လို့ ဖြစ်လာရင် ခက်တာက နေရေးကွဲ့ နေရေး၊ အဲဒီ နေရေးကို ဦးတို့ဘက်ကလည်း ဖြေရှင်းမပေးနိုင်ဘူး၊ တူမကြီးတို့ဘက်ကလည်း ဘယ်လိုမှ ဖြေရှင်းမပေးနိုင်ဘူး ဟုတ်စ'

ကြံတိုင်းအောင်က ရေထဲသို့ ကြိုးတုပ်ပြီး အမြှုပ်ခံရသူလို မလှုပ်နိုင် မယှက်နိုင် မြုပ်နေသည့်အထဲမှနေပြီး 'အမယ်လေးလေ သူ့ကိုယ်သူများ ဦးစံရှား မှတ်နေသလား၊ ဦးနံပြားကြီးရဲ့' ဟု စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးလိုက်မိသေးသည်။

'ကဲ ဒီတော့ '

အဘိုးကြီးက ချောင်းဟန့်သည်။

'ဒီတော့ ငါ့သမီး နွေးနွေးက ဒီမှာ နေမြဲတိုင်း နေခဲ့'

'ဟော ဗျာ'

'မောင်ကြံတိုင်းအောင်ကလည်း ကိုယ့်အိမ်ကိုယ်ပြန်၊ ဒီ အချော

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ အလုပ်အကိုင်လေးရအောင် ကြိုးစားကြ၊ ပိုက်ဆံစုကြ၊ ချွေတာကြ၊ ဟုတ်ပြီလား၊ မင်းက ယောကျ်ား၊ ယောကျ်ားဆိုတာ ကိုယ့်အိမ်ထောင်ကို ဘယ်လိုဘယ်ပုံ လုပ်ကိုင် ကျွေးမွေးမယ်ဆိုတာ စဉ်းစားဖို့ ပိုပြီးအရေးကြီးတယ်၊ ဦးပြောသလို တစ်အိုး တစ်အိမ် ထူထောင်နိုင်ပြီဆိုရင်တော့ မင်းချစ်သူ အဲ မင်းရဲ့မိန်းမကို အချိန်မရွေး လာခေါ်လှည့်၊ ဟုတ်ပြီလား'

ဒီလိုနှင့်ပင် သူတို့နှစ်ယောက်လုံး ကိုယ့်အံဆွဲထဲ ကိုယ်ပြန်ဝင်ခဲ့ကြရသည်မှာ ခြောက်လကျော်ပေပြီ၊ တရုတ်ကားထဲကလိုဆိုလျှင် 'မိုးနတ်မင်းက ညှာတာတော်မမူ' ဟု ပြောရမည်ထင်သည်၊ ကျွန်တော်မျိုး သေသင့် အဲ သေချင်ပါသည်။

'ဟေ့ ကောင်'

ဖိုးဇော်က အောင်အောင်ကို ခပ်တိုးတိုးခေါ်သည်။

'မင်း နွေးနွေးတော့ မလာသေးဘူး၊ ယောက္ခမကြီးကတော့ လာနေပြီ မောင်၊ မင်းကိုလည်း မျက်စောင်း အကြီးကြီး ထိုးနေတယ်'

နွေးနွေး၏အမေကြီးက ဈေးဆွဲခြင်းကြီးဆွဲကာ ဆိုင်ရှေ့မှဖြတ်သွားသည်။ သူ့ခြင်းထဲတွင် ဝေဝေဆာဆာပါလာသော ချဉ်ပေါင်ရွက်များကတော့ ကြံတိုင်းအောင်ကို မချိုမချဉ်လေး ပြုံးပြသွားကြဟန်ရှိသည်။ အဘွားကြီးကလည်း အသေအချာ လှမ်းကြည့်သွားသည်။ ကြည်သာ နွေးထွေးသော မျက်လုံးများနှင့်တော့ မဟုတ်။ အထင်သေးသော၊ အေးစက် စိမ်းကားသော၊ စိတ်ပျက်ငြိုငြင်သော မျက်လုံးအစုံနှင့်ဖြစ်လေသည်။

ယောက္ခမကြီး၏အကြည့်ကြောင့် သူ၏တစ်ကိုယ်လုံးသည်ကား သေးငယ်ကျုံ့ဝင်သွားသလို ခံစားရသည်။ သူ့ရှေ့က ကော်ဖီခွက်သေးသေးကလေးထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းနိုင်လောက်အောင် ကျုံ့ဝင်သွားလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု တောင့်တလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်လျှင်တော့ ကော်ဖီခွက်ကလေးထဲမှာ ရေငုပ် အဲ ကော်ဖီငုပ်ပြီး ပုန်းနေလိုက်ချင်သည်။

'နွေးနွေးမှာ အင်း နွေးနွေးမှာ ဟိုဟာ အဲ ဟိုဒင်း ရှိနေတာ သူ သူ သိသွားပြီလား'

ကြံတိုင်းအောင်က တုန်တုန်လှုပ်လှုပ်နှင့် တွေးလိုက်မိလေသည်။

အောင်စာရင်း ထွက်သွားသည်မှာ သုံးလကျော်ပေပြီ၊ မျှော် လင့်ထားခဲ့သည့်အတိုင်း သူတို့နှစ်ယောက်လုံး ကျရှုံးကြလေသည်။ စာ မေးပွဲ ကျတော့ ပိုပြီးမျက်နှာငယ်လေသည်။ မျက်နှာငယ်တော့လည်း ပိုပြီး စိတ်လေပြန်သည်။

အခုနောက်ပိုင်းတော့ အလုပ်ရှာမည်ဟူသော အကြောင်းပြ ချက်နှင့် နေ့တိုင်းအတူ ထွက်ကြသည်။ ကုမ္ပဏီတွေကလည်း အောင် အောင့်လို ဆယ်တန်းမျှ မအောင်သေးသောသူကို ကုန်တင် ကုန်ချမှလွဲ၍ မခိုင်းချင်ကြ၊ အဲဒီလိုမျိုးကျတော့လည်း သူက မလုပ်ချင်၊ နွေးနွေးက တော့ အရောင်းစာရေးမ တစ်နေရာလောက်ရဖို့သိပ်မခက်ခဲလှပေ။ သို့ သော် သူက မလုပ်စေချင်ပြန်ချေ၊ စာရေးမလှလှလေး၏ အနားတွင် ရစ်ဝဲလေ့ရှိသည့် ပုရိသယောကျာ်းတွေအကြောင်း သိထားသဖြင့် ကြို တင် စိုးရိမ် နေသောကြောင့် ဖြစ်သည်။ ဒီလိုနှင့်ပင် ဟိုမှာ အဆင်မပြေ လိုက်၊ ဒီမှာလည်း အဆင်မချောလိုက်နှင့် အိမ်ကလည်း မပြန်ချင်သေး တော့ လက်ဖက်ရည်ဆိုင်လေးမှာနားလိုက်၊ အအေးဆိုင်လေးမှာခိုလိုက် နှင့် အချိန်ဖြုန်းကြသည်။ နောက်တော့ ချစ်သူတို့ ဘဝ တရားဥပဒေ အရ အကြင် လင်မယားလည်း ဖြစ်ပြီးပြီ ဆိုတော့ တည်းခိုခန်းတွေဆီ ခြေဦးလှည့်မိကြသည်။ ညနေတိုင်ကျတော့ ဣန္ဒြေ မပျက် ပြန်လာကာ ကိုယ့်အံဆွဲထဲ ကိုယ်ပြန်ဝင်ကြရတာပေါ့လေ။

ဒီလို ဒီလိုနှင့်ပင် သူတို့မှာ အချိန်တွေ တစ်လပြီးတစ်လ ကုန် လာလေသည်။ အလုပ်လည်းမရသေး၊ နေစရာကား ဝေလာဝေးပင် ...

www.burmeseclassic.com

www.burmeseclassic.com



လာတာ တစ်ခုတော့ရှိသည်။ အဲဒါကတော့ ကိုယ်ဝန်၊ အဲ နွေးနွေးမှာ တော့ ကိုယ်ဝန်ရလာပြီ ဖြစ်လေသည်။

'အောင် အောင်'

နွေးနွေးက သူ့ရှေ့တွင်ဝင်ထိုင်ရင်းတိုးတိုးလေးခေါ်သည်၊ ဖိုးဇော်က အကြောင်းသိနေသူမို့ 'ဟ နွေးနွေး၊ နင် နည်းနည်း ဝ လာသလိုပဲ' ဟု နောက်ပြောင်လိုက်သေးသည်၊ မျက်ခွံလေးတွေ ဖောင်းအစ်ကာ ငိုထားမှန်း သိသာလှသောမျက်နှာလေးကိုသတိထားမိသောအခါမှ ဇက်ပုသွားသည်။ သူ့ရှေ့မှကော်ဖီခွက်ကို တစ်ကျိုက်တည်းမော့ချလိုက်ရင်း 'ငါသွားတော့မယ်ကွာ'ဟုအလိုက်တသိပြောကာ ထွက်သွားလေသည်။

'အမေဆူလို့လား နွေး'

'ရိုက်တယ်'

'ဟင်'

နွေးနွေးက မသိမသာ ရှိုက်နေသည်၊ မျက်ရည်တွေ ဘယ်လောက်ကျကာ ဘယ်လောက်များ ငိုထားလေသည်မသိ၊ မျက်လုံး ပြူးပြူးလေးပင် မို့အစ်ပြီး ကျဉ်းနေသယောင်ရှိသည်။

'သိသွားလို့လား'

'အင်း'

'ပြောပြလိုက်တာလား'

'နွေးနွေးမူးပြီး အန်လို့ပါ၊ နွေးလည်း အန်ရော၊ မေမေလည်း တန်းသိတာပဲ၊ သိလည်း သိရော သူ့ရင်ဘတ်ကိုလည်း သူထု၊ နွေးကိုလည်း ထု၊ ဆဲလည်း ဆဲ၊ ရိုက်လည်း ရိုက်'

နွေးနွေးက မဝတ်စဖူး၊ လက်ဖျားထိရှည်သော အင်္ကျီလက်ရှည်လေးကို ဝတ်ထားသည်။ သူ့လက်မောင်းတွေ လက်ဖျံတွေမှာ အညိုအမည်းတွေ စွဲနေလို့သာ လက်ရှည်ဝတ်ပြီး ဖုံးထားခြင်းဖြစ်ရမည်ဟု တွေးမိတော့ အောင်အောင်၏ရင်ထဲတွင် ဖျပ်ဖျပ်ခါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော ကက်ဆက်ထဲမှ နောက်ထပ်သီချင်းတစ်ပိုဒ် ပေါ်ထွက်လာပြန်ပြီ။

'ဖိနပ်အသစ်ဝယ်ဖို့ ပိုက်ဆံမရှိဘူး
မင်းတို့လောက် ငါ့မှာ ပိုက်ဆံမရှိဘူး
ကားဝယ်စီးဖို့ ငါ့မှာ ပိုက်ဆံမရှိဘူး
ယောက္ခမကိုပေးဖို့ ပိုက်ဆံမရှိဘူး
အားလုံးသိတဲ့အတိုင်း ငါ့မှာ ပိုက်ဆံမရှိဘူး
ရည်းစားအတွက် လက်စွပ်ဝယ်ဖို့ ပိုက်ဆံမရှိဘူး
အပြင်သွားဖို့အတွက်လည်း ပိုက်ဆံမရှိဘူး
ပိုက်ဆံရှာဖို့အတွက်လည်း ပိုက်ဆံမရှိဘူး'

'ကောင်းလိုက်တဲ့ သီချင်း' ဟု သူက စိတ်ထဲမှ တွေးမိသည်။ ကောင်းချက်ကတော့ သူ့ကို စောင်းရုံမျှပင်မကတော့၊ တည့်တည့်ကြီး လက်ညှိုးထိုးကာ ဆိုနေသယောင်ပင်။

'အင်း ပိုက်ဆံ၊ ပိုက်ဆံ၊ ငါ့မှာလည်း ပိုက်ဆံမရှိဘူး၊ အခန်းလေး တစ်ခန်းလောက် ငှားဖို့ပိုက်ဆံ ငါ့မှာမရှိဘူး'

အောင်အောင်က သူ့ဟာသူ သီချင်းဆက်စပ်ရင်း စိတ်ထဲတွင် ဆက်၍ဆိုကြည့်နေမိသည်။ ထို့နောက် သူ့ကိုယ်သူရော နွေးနွေးကိုပါ သနားနေသည်။ သူတို့မှာ အိမ်ငှားစရာလည်း ပိုက်ဆံမရှိ၊ စားစရာလည်း ပိုက်ဆံမရှိ၊ ကလေးမွေးရန်လည်း ပိုက်ဆံမရှိသေး၊ ဘာဆို ဘာအတွက်မှ ပိုက်ဆံမရှိသေးပေ။

'အမေ ဒီလောက်စိတ်ဆိုးတာ အရင်က မမြင်ဖူးပါဘူး အောင်အောင်ရယ်၊ နွေးကို ဆွဲလိုက်၊ ဆောင့်လိုက်၊ ထုလိုက်၊ ထောင်းလိုက်တာ၊ မမဌေးသာ အတင်းဝင်မဆွဲရင် သေမလားမသိဘူး'

နွေးနွေးကသူ့လက်မောင်းလေးကိုသူ မသိမသာပွတ်နေသည်၊ အောင်အောင့်ခမျာ နွေးနွေးကို သနားလှသော်လည်း နှစ်သိမ့်စကားကို ဘယ်လိုပြောရမည်ပင်မသိ။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နွေးနွေး၏ဗိုက်ထဲမှ သူတို့နှစ်ဦး၏ ရင်သွေးလေးသည် မိန်းကလေးဆိုကြပါစို့၊ ထိုချစ်စဖွယ်သမီးကလေးက သူ့အမေ နွေးနွေးလိုပင် တောင်မရောက် မြောက်မရောက် ဆယ်တန်းမျှ မအောင်သေးသောသူနှင့် လိုက်ပြေးသည်ဆိုကြပါစို့၊ နှစ်ဖက်မိဘက အလိမ္မာနှင့် တစ်ကွဲစီနေခိုင်းပြီး ဘဝအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန် ကြိုးစားခိုင်းထားသောအချိန်တွင် နွေးနွေးလိုပင် ချစ်သူနှင့် တိတ်တခိုး တွေ့ပြီး နွေးနွေးလိုပင် ကိုယ်ဝန် ရှိလာသည်ဆိုကြပါစို့။

သူက ရုတ်တရက် အတွေးကိုဖြတ်ချကာ အံကြိတ်လိုက်မိသည်၊ သက်ပြင်းကြီးကို ဟင်းခနဲချလိုက်မိသည်။ မမွေးသေးသော သမီးတော် 'ဆတ်စလူးစိန်' နှင့် မရသေးသော သမက်တော် 'ကိုမောင်မောင် အသုံး မကျ' တို့ကို ကြိုတင်စိတ်ဆိုးပြီး ရိုက်ချင်စိတ် ပေါက်လာသည်။

'ဒီကြားထဲ ကြီးကြီးကလည်း ပေါင်တွင်းကြောဝင်လိမ်တာ သုံးခါတောင်၊ ဒီကလေးကိုလည်း မွေးမနေနဲ့၊ ဖျက်ပစ်လိုက်တဲ့'

'ဟယ်'

သူက ရုတ်တရက်လန့်သွားသည်၊ ကြည့်စမ်း ကြည့်စမ်း ရက်စက်လိုက်တာ၊ ပြောရက်လိုက်တာ၊ မိခင်ဖြစ်ဖူးဖို့ နေနေသာသာ၊ ယောကျ်ားတစ်ယောက်ကိုပင် ဖြစ်ဖြစ်မြောက်မြောက် မရဖူးသူမို့ သူများ တကာ၏ရင်သွေးလေးကို ဒီလိုပြောလို့ ထွက်တာပဲဟု ချဉ်ချဉ်တူးတူး နှင့် စဉ်းစားမိသည်။

'အမေ့ကိုလည်း သူကချည်းပြောတာ၊ သွေးပုပ်ချဆေး တိုက်ချလိုက်တဲ့၊ ဒီအချိန် နှိပ်ချရင်လည်း ရတယ်တဲ့'

ဘုရား၊ ဘုရား၊ သူတို့တွေ တကယ်ပဲ အဲဒီလိုလုပ်ဖို့ စဉ်းစားနေ ကြပြီလား၊ တွေးနေကြပြီလား။ အောင်အောင်၏ရင်ထဲတွင် မီးတွေ တဟုန်းဟုန်းတောက်လောင်လာသလို ခံစားရသည်။

'အောင့်ကိုလည်း ဆဲလိုက်တာ စုံနေတာပဲ၊ ပိုက်ဆံဖြင့် တစ်ပြားမှ မရှာနိုင်သေးဘဲ ကမြင်းကြောတော့ ထတတ်တယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ကျုံ့ဝင်သွားသလို ခံစားရပြန်သည်။

'နေစရာလည်းမရှိ၊ စားစရာလည်းမရှိ၊ အခုကလေးတစ်ယောက် မွေးဦးမယ်၊ နင်တို့တွေ ဘယ်သူ့အားကိုးရှိလို့ ဒီလောက် သတ္တိတွေ ကောင်းနေကြတာလဲတဲ့'

နွေးနွေးက မခွင်းမချန် ပြောရင်း မျက်ရည်သုတ်သည်။

'အင်း ဟုတ်တော့လည်း ဟုတ်တာပဲ'

ကြံတိုင်းအောင်က အားငယ်ပါးငယ်နှင့် တွေးမိသည်။ သူ့ရှေ့တွင် ထောင်ထားသော မှုန်ဝါးဝါးမှန်ကြီးတစ်ချပ်သည် ရုတ်တရက် ကြည်လင်သွားသလို ခံစားရသည်။ ကြည်ကြည်လင်လင် ဖြစ်နေသော မှန်ထဲတွင် သူ့ကိုယ်သူ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မြင်လိုက်ရသည်။

ကြည့်စမ်း၊ ကြံတိုင်းအောင်ဆိုသည့်ကောင်၊ ဘာမှ အသုံးမကျသေးသည့်ကောင်၊ ဆယ်တန်းတောင် မအောင်သေးသည့်ကောင်၊ ပိုက်ဆံ တစ်ပြားမှ မရှာနိုင်သေးသည့်ကောင်၊ နေစရာလည်း မရှိသည့်ကောင်၊ စားစရာလည်း မရှိသည့်ကောင်၊ အင်း နောက်ပြီး၊ နောက်ပြီး သူတို့ပြောသလို ကမြင်းကြောတော့ ထတတ်သည့်ကောင်။

'နွေး နွေး'

သူက နွေးနွေး၏ ညာဘက်လက်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

'မှားလည်းမှား၊ မိုက်လည်းမိုက်တာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အဲဒီလိုမှားတာမိုက်တာက ငါတို့နှစ်ယောက်တည်းပါဟာ၊ ကလေးလေးနဲ့ မဆိုင်ပါဘူး'

သူက တုန်ယင်သောအသံနှင့်ပြောသည်။ ယခုမှ စတင် သန္ဓေတည်သော(အသက်ပင် မဝင်သေးဟုလည်း ဆိုလေ့ရှိကြသည်) လသား အရွယ် ရင်သွေးငယ်ကို သူ ဘယ်အချိန်ကများ ဒီလောက်မြတ်နိုး ချစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသလဲ သူ့ဟာသူပင် မသိလိုက်၊ အန္တရာယ်ဖြစ်မှာ အဖျက်ဆီးခံရမှာ စိုးရိမ်ကြောင့်ကြသောကရောက်နေသဖြင့် သူ့မျက်နှာသည် ညှို့ပြီး မှိုင်းနေသည်။

'သူတို့ပြောသလို မဟုတ်တရုတ်တော့ မလုပ်လိုက်ပါနဲ့ဟာ၊ နော် နွေးနွေး ငါ တကယ် တောင်းပန်ပါတယ်'

ရုတ်တရက် ချက်ချင်းအသက်ကြီးပြီး ရင့်ကျက်သွားဟန် ရှိသော သူ့ကို နွေးနွေးက တအံ့တသြ ငေးကြည့်နေမိသည်။

'သူတို့ ဘာလုပ်လုပ် လက်မခံပါနဲ့၊ သူတို့ ဘာတိုက်တိုက် မသောက်ပါနဲ့'

ဘာကို ဘာမှ အလေးအနက်မထားဘဲ ပေါ့တီးပေါ့ဆလုပ်လေ့ရှိသော သူငယ်ကလေးသည် သူ့မျက်စိရှေ့တွင် ထိုင်နေရင်း ပြောင်းလဲသွားသဖြင့် နွေးနွေးက မယုံနိုင်သလို ဖြစ်နေသည်။

'ဒီနေ့ကစပြီး တို့ တကယ်ကြိုးစားတော့မယ်၊ တို့နှစ်ယောက်ရဲ့ ရင်သွေးလေးအတွက်'

သူက ပြတ်သားစွာပြောသည်။ မိုက်တာကတော့ မိုက်မိပြီး ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကလေးအဖေတွေ အမေတွေ ဖြစ်ကြရတော့မည်၊ သို့သော်လည်း အမိုက်လမ်းကိုပင် ဆက်လျှောက်ပြီး မှန်အောင်ပြင်တော့မည်ဟု သူ့ဦးနှောက်ထဲတွင် ကြည်လင် ပြတ်သားစွာ အသိဝင်သွားပြီ ဖြစ်သည်ကို နွေးနွေးရိပ်မိလိုက်သည်။

'မဟုတ်တရုတ်တော့ မလုပ်နဲ့နော် နွေးနွေး၊ အဲဒါ တစ်ခုတော့ ကတိပေးနော်၊ လေးလေးနက်နက် ကတိပေး'

မေးရိုးတွေ တင်းနေအောင် အံကြိတ်ထားသော သူ့ကို ငေးကြည့်ရင်း နွေးနွေးသည် ကြည်နူးစိတ်နှင့်မျက်ရည်စိမ့်ဝဲလာသည်။ ရင်ထဲတွင်လည်း တဒိတ်ဒိတ် ခုန်လာသည်။ နှလုံးသား တစ်ချက်ခုန်တိုင်း ချစ်ခင် အားကိုးစိတ်က တစ်ဆတိုးလာသယောင် ခံစားရသည်။ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း မေတ္တာစိတ်တွေ လျှံပြီး ဝေကျလာသည်။ အောင်အောင့်အတွက်၊ သူတို့၏ရင်သွေးလေးအတွက်၊ သူတို့၏ရင်သွေးလေးတွင် ဘေးမသီ ရန်မခအောင်၊ အန္တရာယ်မကျရောက်အောင် သူ ကာကွယ်ရမည်၊ စောင့်ရှောက်ရမည်။

'ကတိပေးပါတယ် အောင်အောင်ရယ်၊ ဒီကလေးကို နွေးနွေးရအောင် မွေးမှာပါ'

နွေးနွေးက စီးကျလာသော မျက်ရည်များကို လက်ဖမိုးလေးနှင့် သုတ်ကာ ခေါင်းလေးကို အလေးအနက် ညိတ်ပြသည်။

'အခက်အခဲတွေတော့ ရှိမှာပဲ'

'ဘယ်လို အခက်အခဲဖြစ်ဖြစ်၊ နွေးနွေးရင်ဆိုင်ပါ့မယ်'

မျက်ရည်ကြားမှ ဝင်းပစွာ ပြုံးပြသော နွေးနွေးကို မြတ်နိုးစွာ ကြည့်ရင်း အောင်အောင်၏ ရင်ထဲတွင် ချမ်းမြေ့သွားသည်။

နွေးနွေးကတော့ မူးနောက်နောက်ဖြစ်နေတာရော၊ ပျို့ချင် အန်ချင် ဖြစ်နေတာရော၊ တစ်ကိုယ်လုံးနာကျင်နေတာတွေရော ရုတ်တရက် လျော့ပါးပြီး သက်သာသွားသည်ဟု ထင်လိုက်မိသည်။ မှိုင်းမှုန်ရီဝေနေသော ဦးနှောက်ထဲသို့ အလင်းရောင်ပျပျလေး တိုးဝင်လာသလို ခံစားရသည်။

အောင်အောင်က နွေးနွေး၏ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ခုနက စကားကို ပြင်၍ပြောသည်။

'ဘယ်လို အခက်အခဲဖြစ်ဖြစ်၊ တို့နှစ်ယောက် အတူရင်ဆိုင်ကြမယ်၊ ဖြတ်သန်းကျော်လွှားကြမယ်နော် မိန်းမ'

*

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မကြီး၏ သားသမီးဖြစ်ရသည်မှာ သိပ်တော့ မလွယ်ချေ။ သူက သူ့သားသမီးများကို သိပ်ချစ်ပြီး သိပ်အလိုလိုက်တတ်သည်။ သို့သော်လည်း အိမ်ထောင်ရေးကိစ္စဆိုလျှင်တော့ သူ့စိတ်တိုင်းကျ စိုးမိုး ခြယ်လှယ်လေ့ရှိသည်။

တင်တင်ကြည်တို့ မောင်နှမလေးယောက်လုံးသည် သူ့မိခင် နှစ်သက်သဘောတူသူနှင့်သာ လက်ထပ်ခဲ့ကြရသည်။ ထို့ကြောင့်လည်း တင်တင်ကြည်က တက္ကသိုလ်တက်စဉ်တွင် ရည်းစား မထားဘဲ ဘော်လီ ဘောပုတ်နေခဲ့ခြင်းဖြစ်သည်။ သူ့မိခင်သည် သူ့အတွက် အသင့်လျော်ဆုံး၊ အကောင်းဆုံး ခင်ပွန်းတစ်ယောက်ကို ရှာဖွေပေးလိမ့်မည်ဟု ယုံကြည်ထားခဲ့သည့်အတိုင်း တကယ်လည်း ဖြစ်လာခဲ့လေသည်။

အခုတော့ ညွှန်မှူးကတော် ဒေါ်တင်တင်ကြည်သည် သူ့မိခင် ချပေးခဲ့သော ပုံစံခွက်ထဲတွင် ပျော်မွေ့စွာ အသားကျစွာ ကူးခပ်နေသော ရွှေငါးလှလှတစ်ကောင် ဖြစ်နေပေပြီ။

တင်တင်ကြည်သည် လှေကားရင်းတွင် ရပ်ကာ တိုက်မြင့်ကြီးကို မော့ကြည့်ရင်း မောနေသည်။ ခုနစ်လွှာရောက်သည်အထိ တက်ရမည်မို့ အနည်းဆုံးတော့ လှေကားထစ်ပေါင်း ခုနစ်ဆယ်လောက် တက်ရမည် ထင်သည်။

'အမြင့်ကြီး တက်ရမှာလား မေမေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ခုနစ်လွှာအထိ'

'သေရော'

သမီးက နောက်တွန့်သွားသည်၊ ထို့နောက်မှ ဆယ့်လေးနှစ်အရွယ် သမီးထက် သုံးဆယ့်ကိုးနှစ်အရွယ် အမေက ပိုပြီးမောတတ်လိမ့်မည်ကို သတိရသွားဟန်ရှိသည်။ 'မေမေ နေခဲ့လေ၊ မေမေ့အင်္ကျီတွေကို သမီး တက်ယူပေးပါ့မယ်' ဟု မျက်နှာချိုလေးနှင့် ပြောသည်။

'အင်္ကျီအသစ်တွေ အပ်ရဦးမှာ၊ ကိုယ်တိုင်အပ်မှ လိုတာတွေလည်း ပြောနိုင်မှာ သမီးရဲ့'

'ဟိ ဒီလိုဆို သမီးမလိုက်တော့ဘူးနော်'

သမီးက ရယ်ကျဲကျဲနှင့် နောက်ချန်နေရစ်သည်၊ ဟုတ်တော့ ဟုတ်တာပဲလေ၊ ဒီလောက်အမြင့်ကြီးကို မလိုအပ်ဘဲနှင့် မည်သူမျှ တက်ချင်မည် မဟုတ်။

'သူတို့ကလည်း နေစရာ ရှားလွန်းလို့၊ ဘာလို့များ ဒီလောက်အမြင့်ကြီးမှာ တက်နေကြရတာလဲ မသိဘူး'

တင်တင်ကြည်က ပြုံးပြုံးစုစုတွေးသည်၊ အစစအရာရာ အဆင်ပြေ ချောမွေ့သောဘဝတွင် နေထိုင်လာရသူဆိုတော့ အများသူငါ၏ အဆင်မပြေသောဘဝများကို ထုံးစံအတိုင်း သိပ်ပြီးမစာနာတတ်ရှာပေ။

'လှေကားတက်ရင် ကယ်လိုရီကျတယ်တဲ့၊ ဒီတော့ အပေါ်ဆုံးထပ်က လူတော့ ကယ်လိုရီတွေ ကျပြီးရင်း ကျရင်းနေမှာပဲ'

အင်္ကျီစတွေထည့်ထားသော ငါးကျပ်တန် ကြွပ်ကြွပ်အိတ်ကိုဆွဲကာ လှေကားကျဉ်းကျဉ်းကို စ၍ တက်သည်။

ဒီညီအစ်မ ချုပ်သော အင်္ကျီများက ပုံစံကောင်းသည်။ ပါတိတ်အင်္ကျီများဆိုလျှင်လည်း အနားသားကို ဆန်းလည်းဆန်း၊ လှလည်းလှအောင် နေရာချကာ ချုပ်ရိုးချုပ်သား ကောင်းကောင်းနှင့် ချုပ်ပေးတတ်သည်။ အရှည်အတို၊ အကျဉ်းအကျယ် ပြင်ရန်မလိုဘဲ တင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တည်း ကွက်တိဝင်သဖြင့် သူက လက်မလွှတ်နိုင်ခြင်း ဖြစ်သည်။ အမြင့်တက်ရမှာ ကြောက်၍ ဆိုင်ပြောင်းအပ်မိသည်ကတော့ မကြာခဏပင်၊ သို့သော် ဟန်မကျဘဲ ကျဉ်းလိုက်၊ ကျယ်လိုက်၊ ရှည်လိုက်၊ တိုလိုက်နှင့် တစ်မျိုးမဟုတ် တစ်မျိုးက အဆင်မပြေ ဖြစ်နေတတ်လေသည်။ အဆိုးဆုံးကတော့ လည်ပင်းပေါက်ကြီးတွေ ကျယ်ကာ ဟိုက်နေသဖြင့် ရှေ့ဘက်သို့ မကုန်းရဲအောင် ဖြစ်နေတတ်ခြင်းပင်။ နောက်ဆုံးတော့ သူ့ခမျာ ဒီလေ့ကားရင်းကိုပင် ပြန်ရောက်လာရသည်။ ထို့နောက် ဒီလေ့ကား ကျဉ်းကျဉ်းလေးကိုပင် အားခဲပြီး တက်ရလေတော့သည်။

'အင်္ကျီချုပ်ရတာက ညောင်းပေမယ့် ဝင်ငွေက သိပ်ကောင်းတာ သူတို့အဖေကြီးက လေဖြတ်နေတော့ ဘာမှမလုပ်နိုင်ပါဘူး၊ သားအမိ တစ်တွေ စက်ချုပ်လို့ရတဲ့ငွေနဲ့ စားနေကြတာထင်ပါရဲ့'

တင်တင်ကြည်က ရောက်တတ်ရာရာ စဉ်းစားသည်၊ လှေကားက နည်းနည်းမတ်တော့ သူစီးထားသော ဒေါက်ဖိနပ်နှင့် အဆင်မပြေလှ၊ ချော်မကျအောင် ခြေမခေါက်အောင် မနည်းကြီးသတိထားပြီး တက် နေရသည်။

'မောင်တစ်ယောက်တော့ ရှိသေးတယ် ထင်တယ်၊ ကြည့်ရတာ အိမ်က သားကြီးလိုပဲ စာကို စိတ်မဝင်စားဘူးထင်ပါရဲ့'

သုံးလွှာလောက်တက်ပြီးတော့ တင်တင်ကြည် မောလာသည်။ လှေကားလက်ရန်းကို မှီရင်း ခေတ္တမျှ ရပ်ကာ အမောဖြေရသည်။

'ဟိုတစ်ခါ လာတုန်းကတော့ အဲဒီကောင်လေးကို ဆယ်တန်းကျလို့ ဆိုပြီး ဝိုင်းဆူနေကြတယ်၊ အင်း သားကြီးလည်း ဒီနှစ် အောင်မှ အောင်ပါ့မလားမသိ၊ ပေါ့လိုက် လေလိုက်တာကတော့ လွန်ရောပဲ'

တင်တင်ကြည်အတွေးက သားကြီးဖိုးသကြန်ဆီ ရောက်သွားပြန်သည်။ သူက အခြားသော မိန်းမများလို သူများအကြောင်းကို သိပ်ပြီး စိတ်မဝင်စားတတ်ပေ။ ဘာအကြောင်းကိုတွေးတွေး၊ ဘာအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြော နောက်ဆုံးတော့ မိသားစုဘူတာကြီးတွင် ဆိုက်ကာ မိသားစုအကြောင်းကိုသာ ဆက်ပြီး တွေးလေ့ရှိသူ ဖြစ်လေသည်။

'ဖိုးသကြိန်တို့ကတော့ ဆယ်တန်းဖြေမယ့်သူနဲ့တောင် မတူဘူး၊ ဂီတာလေးခေါက်လိုက်၊ ဗီစီဒီလေးကြည့်လိုက်၊ ဗီဒီယိုဂိမ်းလေးဆော့လိုက်နဲ့၊ ဒီပုံစံနဲ့သာဆို ကားခနဲကျမှာတော့ မြင်ယောင်မိပါသေးရဲ့'

ခုနစ်လွှာရောက်သည်အထိ သုံးခါနားပြီး တက်ခဲ့ရသည်။ ဒါတောင် အပေါ်ရောက်တော့ ပါးစပ်ဟပြီး အသက်ရှူနေရသည်။ မျက်နှာမှ ချွေးများကို လက်ကိုင်ပဝါနှင့် ဖိသုတ်ပြီး ဆံပင်ကိုတော့ သပ်ရပ်သွားအောင် လက်နှင့်ပင်သပ်လိုက်သည်။ ထို့နောက် တံခါးဝရှိခေါင်းလောင်းလေးဆီသို့ လက်ရွယ်လိုက်စဉ်တွင်ပင် 'မင်း လုပ်လိုက်ရင်တော့ တစ်လွဲချည်းပဲ' ဟု ဒေါသတကြီးနှင့် အော်လိုက်သောအသံကို ကြားရသည်။ ထို့နောက်အတွင်းမှ တံခါးကို တစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်သလို 'ခွမ်း' ခနဲ ကွဲသွားသော အသံကိုပါ တဆက်တည်း ကြားလိုက်ရသည်။

'အဲဒါ လေဖြတ်နေတဲ့ အဖေကြီးဖြစ်မှာပဲ၊ ကွဲသွားတာကတော့ ဖန်ခွက်လား၊ ရေနွေးကြမ်းပန်းကန်လုံးလား'

ရွယ်ထားသောလက်ကို ပြန်ရုပ်လိုက်ရင်း တင်တင်ကြည်က ကြားလိုက်ရသောအသံကို ခွဲခြမ်းစိတ်ဖြာလိုက်မိသည်။ ဟော ဂွမ် ခနဲ မြည်ပြီး လိမ့်ဆင်းသွားသော အသံကို ကြားရပြန်ပြီ။

'အင်း ဒါကတော့ မကွဲဘဲ လိမ့်သွားတဲ့အသံ၊ ဒါဆိုရင် ထွေးခံလား၊ ဒါမှမဟုတ် ဒန်ရေနွေးကြမ်းအိုးလား၊ ရေနွေးကြမ်းအိုးဆိုရင် တော်သေးရဲ့၊ ထွေးခံကိုသာ မသွန်ရသေးဘဲ ပစ်ပေါက်လိုက်ရင်တော့ တံခါးဝမှာ ညစ်ပတ်ကုန်လောက်ပြီ'

တင်တင်ကြည်က တွေးရင်း စိတ်ညစ်လာသည်။ အိမ်တွင်းအရေးတော်ပုံ ပြင်းထန်နေလျှင် အိမ်ပြင်မှလူ ဘာလုပ်ရမည်နည်း။

'ကိုယ် တာဝန်မယူနိုင်သေးရင် ဆင်ဆင်ခြင်ခြင်နေရတယ်ဘူ၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ဒီလောက်မှ နားမလည်ဘူးလား၊ ဒီလောက်မှ မတွေးတတ်ဘူးလား'

အဘိုးကြီး၏အသံက ဟိန်းထွက်လာပြန်သည်။ ထို့နောက် ခွမ်းခနဲ ကွဲသံကို ကြားရပြန်သည်။ ဒီလိုပုံစံနှင့်သာဆိုလျှင် ဒီအတိုင်း ပြန်ဆင်းသွားရတော့မည် ထင်သည်။ ဒီလောက်အမြင့်ကြီး တက်လာပြီးမှ ရွေးစရာရှိသောအင်္ကျီလေးများကိုပင် မရွေးရတော့ဘဲ ပြန်ဆင်း မသွားချင်၊ အခန်းထဲ၌ ဆူဝေပေါက်ကွဲနေသော ဒေါသအိုးကြီးကလည်း ဘယ်တော့ကျမှ ငြိမ်သက်လေမည်မသိ။

ထိုစဉ်တွင် သစ်သားတံခါးက ဖြုန်းခနဲ ပွင့်သွားပြီး ကမူးရှူးထိုးနှင့် လှမ်းထွက်လာသော ကောင်လေးတစ်ယောက်ကို တွေ့ရသည်။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ဖြစ်နေသော တင်တင်ကြည်နှင့် ကောင်ကလေးသည် နှစ်ဦးလုံး ကြောင်တက်တက် ဖြစ်သွားကြသည်။ ခေတ္တမျှ ကြောင်နေမိကြပြီး တင်တင်ကြည်က 'အဟင်း'ဟု ရယ်ကာ ကောင်လေးက 'အဟီး' ဟု ရယ်သည်။ သြော် မှားသွားသည်။ ရယ်သည်တော့ မဟုတ်ကြချေ၊ တစ်ဦးနှင့်တစ်ဦး သွားဖြဲပြကြသည်ဟု ဆိုလျှင် ပိုမှန်မည်ထင်သည်။

'အစ်မမျိုးရေ ဧည့်သည်'

ကောင်လေးက လှမ်းအော်သည်။ ကြမ်းပေါ်တွင် အစိတ်စိတ် အမွှာမွှာ ကွဲနေသော ရေနွေးကြမ်းပန်းကန်လုံးများနှင့် ဘုရားစင်အောက်တွင် ပြန့်ကျဲနေသော လက်ဖက်ခြောက်ဖတ်များကို အသာငဲ့ကြည့်ရင်း မသိမသာ သက်ပြင်းချသည်။ ထို့နောက် သူ့ရှေ့တွင်ပိတ်နေသော တင်တင်ကြည်ကို ခေါင်းငုံ့၍ရှောင်ကွင်းကာ ခပ်သုတ်သုတ်ဆင်းသွားလေသည်။

'သြော် အစ်မ၊ လာ လာ'

အိမ်ရှင်ညီအစ်မနှစ်ယောက်က ဣန္ဒြေမပျက် ဆီးခေါ်သော်လည်း တင်တင်ကြည်ကတော့ အားနာပြီး မျက်နှာပူနေသည်။ အရေးထဲတွင် ထန်းခေါက်ဖာ အဖုံးနားတွင် ပိုးလိုးပက်လက်လန်နေသော ရေနွေး

www.burmeseclassic.com

www.burmeseclassic.com



ကရားအိုးလေးကိုတွေ့တော့ ‘ကြည့်စမ်း ငါထင်တာ မှန်သားပဲ’ဟု မနေနိုင် မထိုင်နိုင် တွေးလိုက်မိသေးသည်။

အခန်းထောင့်က ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်နေသော လူကြီးက မျက်နှာကြီးပုပ်နေသည်။ လက်ဖက်ခြောက်ဖတ်တွေကို တံမြက်စည်းနှင့်သိမ်းနေသော မိန်းမကြီး၏မျက်နှာကလည်း ခပ်ညှိုးညှိုး ခပ်မှုန်မှုန်ပင်၊ ချုပ်ပြီးသားအင်္ကျီများကို ထုတ်ပေးနေသော အကြီးမကလည်း မရွှင်လှချေ။ ဒီတော့လည်း တင်တင်ကြည်က ပေးစရာရှိသော ပိုက်ဆံကို ခပ်မြန်မြန်ပေး၊ အပ်စရာရှိသောအစများကို ခပ်သုတ်သုတ်အပ်ကာ ခပ်သွက်သွက်ပင် ပြန်ထွက်ခဲ့သည်။

‘မောင်လေးက မလိမ္မာဘူး အစ်မရယ်၊ အဲဒါကို အဖေက စိတ်ဆိုးနေတာပါ’

သူ့ကို အားနာဟန်တူသော အငယ်မကတော့ လှေကားရင်းအထိ လိုက်လာရင်း ခပ်တိုးတိုးပြောသည်။

‘ဒီအရွယ်လေးတွေက ဒီလိုပါပဲကွယ်၊ နောက်တော့လည်း သူ့အလိုလို သိတတ်လာကြတာပါပဲ’

တင်တင်ကြည်က ဖြန်းသန်းပြီး အားပေးစကားပြောသည်။ ဘယ်လိုမလိမ္မာ၍ ဘာကိစ္စဖြစ်သနည်းလည်း သူ အသေအချာသိသည် မဟုတ်ချေ။ အခန်းထဲကနေ အပြင်သို့ ပြန်ထွက်ခဲ့ရသည့်အတွက် စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးသွားလေသည်။

လှေကားက အဆင်းကျတော့ ပိုပြီးသတိထားရသည်။ သူ့ဒေါက်ဖိနပ်ကလည်း ခွာချွန်ခွာမြင့်ဖြစ်သည်။ ဒီဖိနပ်နှင့် ဒီလှေကားကို တက်ကာ ချော်ကျပြီး ကျိုးလျှင်လည်း မည်သူကမျှ သနားမည်မဟုတ်ချေ။ သူသာ ဒီလောက်အမြင့်ကြီးမှာ ဒီလိုအခန်းကျဉ်းလေးနှင့် နေရမည်ဆိုလျှင် ဘယ်လောက် စိတ်ဆင်းရဲရမည်နည်း၊ တွေးပင် မတွေးချင်၊ ရှေး ဘဝက ကုသိုလ်ကံကလေး ထောက်မ သောကြောင့် မတောင့်မတ၊

www.burmeseclassic.com

www.burmeseclassic.com



မကြောင့်မကြ ထားနိုင်သော ခင်ပွန်းသည်နှင့်ရကာ ချမ်းချမ်းသာသာ နေခွင့်ရခြင်း ဖြစ်သည်။ အို ကုသိုလ်ကံကြောင့်ချည်းပဲလည်း ဟုတ်ချင်မှ ဟုတ်မည်။ ပစ္စည်း၊ ဥစ္စာ၊ ရတနာ၊ ရာထူး၊ စည်းစိမ် အစစ အရာရာ ပြည့်စုံသည် သာမက သူ့ကိုလည်း ချစ်ခင် မြတ်နိုးသော ခင်ပွန်းသည် တစ်ယောက်ကို မျက်စိဒေါက်ထောက်ပြီး ရှာပေးခဲ့သော မိခင်ကြီး၏ ကျေးဇူးကလည်း ကြီးမားလှသည်ဟု ဆိုရမည်ဖြစ်သည်။

'ဖေဖေ ဖုန်းဆက်တယ် မေမေ'

ကားနားရောက်တော့ ဆယ်လူလာဖုန်းလေး ကိုင်ထားသော သမီးက ဆီးပြောသည်။

'ညနေကျရင် ဧည့်ခံပွဲရှိတာ မေမေ မေ့နေမှာစိုးလို့ သတိပေးတာတဲ့'

'သတိရပါတယ်သမီးရယ်၊ ဒါကြောင့်လည်း ဒီအင်္ကျီတွေ လာရွေးတာပေါ့'

တင်တင်ကြည် ကားပေါ်တက်ထိုင်လိုက်သည်နှင့် ကားက လျှောခနဲ လိမ့်သွားသည်။ ကားနောက်ခန်းတွင် သက်သောင့်သက်သာ ထိုင်ရင်း စက္ကူအိတ်ထဲမှ အင်္ကျီများကို ငုံ့ကြည့်ကာ အရောင်ရွေးနေမိသည်။ ညနေကျလျှင် နှင်းမှုန်ရော်ဂျက် အပြာရောင်လေး ဝတ်ရလျှင် ကောင်းမလား၊ ပိုးပါတိတ် စကားဝါရောင်လေးက အဆင်ပြေမလား၊ ဒါမှမဟုတ် အင်္ကျီအနက်နှင့် ပိုးချိတ်အနက်တို့က ပိုပြီး ထင်းကွင်းလှပလေမလား။

'မေမေ လှည်းတန်းဈေး ခဏဝင်မယ်နော်'

'ဘာဝယ်ဦးမလို့လဲ'

'အေးဗာ ကုန်နေလို့ပါ မေမေရဲ့'

'အေးဗာ'

တင်တင်ကြည်က ထပ်ဆင့်ရေရွတ်ပြီးခါမှ အေးဗာဟူသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလစဉ်သုံးပစ္စည်းကို ရည်ညွှန်းကြောင်း အသိဝင်လာသည်။ သူကိုယ်တိုင်လည်း ထိုပစ္စည်းများကို သုံးနေရဆဲဖြစ်သော်လည်း အမျိုးအမည်များကို အမှတ်မထားမိပေ။ သမီးတို့လက်ထက်ကျခါမှ ပေါ်များလိုက်သည့် အမှတ်တံဆိပ်အမျိုးမျိုးမှာ မှတ်၍ပင်မနိုင်။ မင်းသမီး အချောအလှလေးတွေကလည်း တီဗီဖန်သားပြင်ပေါ်မှနေပြီး ဟန်အမူအရာ အမျိုးမျိုးနှင့် ကြော်ငြာပြနေကြတော့ မြန်မာမျက်စိနှင့် ကြည့်ပြီး မျက်နှာတွေ ပူကာ ရှက်တက်တက်ကြီးပင် ဖြစ်ခဲ့ရသည်။ အခု တလောတော့ ထိုသို့သောကြော်ငြာများကို မတွေ့ရတော့၍ အတော်ကြီး စိတ်ချမ်းသာမိသည်။ တားမြစ်ပိတ်ပင်ခဲ့သော ဌာနဆိုင်ရာလူကြီးများကိုလည်း ကျေးဇူး အထူးတင်မိလေသည်။

'လှည်းတန်းဈေးရောက်ရင် မီးငယ်အတွက် ဂျယ်လီ ဝယ်ဦးနော် မေမေ'

သူတို့ထွက်ခါနီးတုန်းက သမီးငယ်က ဂျယ်လီမှာလိုက်သည်၊ ဟုတ်သည်၊ မေ့၍မဖြစ်၊ မေ့များမေ့သွားလျှင် နှုတ်ခမ်းကြီး တစ်ထွာလောက် ထော်ကာ စိတ်ကောက်၍ ဆုံးတော့မည်မဟုတ်ချေ။

'သူတို့ကြီးလာရင်တော့ ဘယ်လောက်အားကိုးရမလဲ မသိဘူး အခုတော့ ကောက်ဖို့ ဆိုးဖို့ ချည်းပဲ'

အချို့သော ရှေးလူကြီးများက သားသမီးဟူသည်မှာ မီးနှင့်တူသည်ဟု ပြောလေ့ရှိကြသည်ကို သတိရမိသည်။ သူ့တွင် သားသမီးသုံးယောက်ရှိတော့ မီးပုံလေး သုံးပုံ ပျိုးမိပြီး ဖြစ်လေသည်။ သားကြီးနှင့်သမီးလတ်က အသက်နှစ်နှစ်သာခြားသော်လည်း သမီးလတ်နှင့် အငယ်မလေးက ခြောက်နှစ်ကွာသည်။ ထို့ကြောင့် မီးငယ်လေးက အခုမှ ရှစ်နှစ်ခန့်သာ ရှိသေးသည်။

မီးငယ်လေးမွေးပြီးတော့ ကလေးသုံးယောက်ဆိုလျှင် တော်လောက်ပြီဟု မိသားစု စီမံကိန်းချခဲ့သည်။ ထို့ကြောင့် နေ့စဉ်အဖို့

www.burmeseclassic.com



မုန်မုန် မပျက်မကွက်စားရသော ပဋ္ဌိသန္ဓေတားဆေးလုံးကလေးများကို စားခဲ့သည်။ လေးငါးနှစ်ခန့် မုန်မုန်စားဖြစ်ခဲ့သော်လည်း အခု နောက်ပိုင်းမှာတော့ မစားတစ်ချက် စားတစ်ချက်နှင့် မေ့လိုက်လျော့လိုက် ဖြစ်လာသည်။ သမီးငယ်လေးပင် ရှစ်နှစ်ပြည့်နေပြီဆိုတော့ သူ့တွင် နောက်ထပ် သန္ဓေသားလည်း ထပ်မံငြိတွယ်တော့မည် မဟုတ်ဟု ထင်နေခဲ့မိလေသည်။

'အင်း ထင်တာကတော့ ထင်တာပဲ၊ ဒါပေမယ့် ထိန်နေတာက ခက်လှတယ်'

လာနေကျ ဓမ္မတာမလာဘဲ ဆယ့်ငါးရက်ခန့် ရက်လွန်နေပြီကို သတိရမိတော့ တင်တင်ကြည်၏ ရင်ထဲတွင် မအီမသာ ဖြစ်သွားသည်။ လက်ဖက်စားမိလို့လား၊ ဖန်ခါးသီးတို့မိလို့လား၊ ပင်စိမ်းသီး ဝါးမိလို့လားနှင့် ဇဝေဇဝါဖြစ်ရင်း တစ်ရက်ပြီးတစ်ရက် လွန်လာသည်မှာ ဒီနေ့ပါဆိုလျှင် ဆယ့်ငါးရက်ပင် ရှိပေပြီ။

'ရှီးရှီးနောက်ကျတာ ဖြစ်မှာပါ၊ လက်ဖက်တွေစားမိတာလည်း နည်းမှ မနည်းပဲ၊ နောက်ပြီး သီဟိုဠ်သရက်ရွက်နုနုလေးတွေလည်း စားကောင်းကောင်းနဲ့မို့ တော်တော်များများ တို့စားမိလိုက်တယ်၊ အဲဒါကလည်း သွေးချုပ်တတ်တယ်၊ ထိန်တတ်တယ်တဲ့'

တင်တင်ကြည်က ကားအပြင်ဘက်ကို ငေးကြည့်ရင်း ကိုယ့်ကိုယ်ကို အားပေးနေသည်။ သူ့အသက်က သုံးဆယ့်ကိုးနှစ်ပင် ပြည့်ခဲ့ပြီးပြီမို့ နောက်ထပ်ကလေးငယ်တစ်ယောက်ကို ကိုယ်ဝန်ဆောင်ရန် မွေးဖွားရန် အတော်ကြီးကို ကြီးရင့်နေပြီဟု ခံစားနေရသည်။

'ဟိုတစ်ခါတုန်းကလည်း ဒီလိုပါပဲ၊ ဆယ်ရက်လောက် ရက်လွန်ဖူးတယ်၊ အခုလည်း ချုပ်စာတွေ စားမိလို့ပဲ ဖြစ်မှာပါ'

မေ့မေ့ပျောက်ပျောက်နေတုန်းက ဘယ်လိုမှ မဖြစ်သော်လည်း အခုလို သတိရနေပြန်တော့ မတင်မကျနှင့် နေရထိုင်ရခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်က မငြိမ်တော့ 'မဟုတ်နိုင်ပါဘူး' ဟု တွေးပြီး အေးသွားလိုက်၊ 'ဟုတ်များ ဟုတ်နေမလား' ဟု တွေးပြီး ပူလောင်လောင်ဖြစ်သွားလိုက် နှင့် အေးလိုက်ပူလိုက် ဖြစ်နေသည်။

ကားက အမြန်မောင်းနေပြီး မှန်ကို အလုံချထားသောကြောင့် လားတော့မသိ။ ကားလမ်းဘေးတွင် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်သော လူများကို ကြည့်ရင်း မူးရိပ် မူးရိပ်ဖြစ်လာသည်။

'အဲယားကွန်းက အေးလည်း မအေးဘူး၊ မှန်တံခါး ဖွင့်လိုက် စမ်းပါလားကွယ်'

ကားနောက်ဘက်ကို ခပ်လျော့လျော့မှီထိုင်ကာ မျက်စိကို မှိတ်ထားသည်။ မှန်တံခါးဖွင့်လိုက်တော့ ပြင်ပလေတွေ ဒလဟော တိုးဝင်လာသည်။ ဆံနွယ် ဆံစတွေ တဖျပ်ဖျပ်လွင့်ကာ နေရထိုင်ရ သက်သာပြီး အေးမြမြဖြစ်သွားသည်။

'ဘာပဲဖြစ်ဖြစ် နက်ဖြန်ကျရင်တော့ သေချာအောင် ဆီးစစ်ကြည့်လိုက်ရင် ကောင်းမယ်ထင်ပါရဲ့၊ Negative ဆိုရင်တော့ ဘယ်လောက် ဆက်ပြီး နောက်ကျကျ ပူစရာမလိုဘူး၊ မသကာ ဂျင်းနဲ့ ထန်းလျက် ကြိုသောက်ရုံပေါ့၊ အင်း တကယ်လို့ တကယ်လို့ Positive ဖြစ်နေရင်ကော'

တင်တင်ကြည်က ပင့်သက်ရှည်ကြီးကိုရှိုက်၍ ရှူလိုက်မိသည်၊ ရင်ထဲတွင် ညစ်ညစ်ညူးညူးဖြစ်သွားသော်လည်း သူက ကြာရှည် စိတ်ညစ်တတ်သူ မဟုတ်သဖြင့် ပေါ့ပေါ့ပါးပါးပင် တွေးပစ်လိုက်သည်။

'အဲဒီတော့လည်း ဗိုက်ဖုံးအင်္ကျီဝတ်ရုံပေါ့ဟယ်၊ မနေနိုင် မထိုင်နိုင် ပူလာရင်လည်း အဲဒီပူလာတဲ့ဗိုက်ကို ဖုံးထားတဲ့အင်္ကျီ ဝတ်ရုံကလွဲလို့ ဘာလုပ်တတ်မှာလဲ'

*

www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးလောကတွင် ဒေါ်ငွေဒွေးကို မသိသူ ရှားလေသည်။ သူ့ကို မြင်လိုက်လျှင်တော့ မည်သူကမျှ ချမ်းသာလိမ့်မည်ဟု မထင်မိတတ်ချေ။ သူ့ပုံစံကို ကြည့်ပါဦး၊ နက်မှောင်သန်စွမ်းသော ဆံပင်(ယခုတော့ တစ်ဝက်လောက် ဖြူနေပါပြီ)ကို ဝါးဘီးကြီးနှင့် ပတ်ထားတတ်သည်။ ထဘီဆိုလျှင်လည်း အဆင်ရိုင်းရိုင်း အပွင့်ကားကားကြီးတွေကိုမှ ဝတ်လေ့ရှိသူ ဖြစ်သည်။ အမျိုးသမီးတို့ လောကတွင် မြန်မာပိုး၊ ဂျပန်ပိုး၊ ယိုးဒယားပိုး၊ နှင်းမှုန်ဂျော်ဂျက်၊ ရွှေမှုန်ကြဲတွေ ငွေမှုန်ကြဲ ဆိုတာတွေ ဘယ်လိုခေတ်စားစား၊ သူ ဝတ်လေ့ရှိသည်က ရှန်သားအင်္ကျီပွပွကြီးများကိုသာ ဖြစ်သည်။ ဒီကြားထဲ ကွမ်းကိုလည်း တမြုံ့မြုံ့ ဝါးနေတတ်သေးတော့ သွားတွေက နီနေသည်။

သူဖွင့်ထားသော စတိုးဆိုင်အကြီးကြီးထဲတွင် သူမို့လို့ ရုံးခန်းထဲ ဝင်ထိုင်နေလျှင်ပင် သူ့ကို မည်သူကမျှ ပိုင်ရှင်သူဌေးမဟု မထင်မိကြချေ။ ဘယ်သူဘယ်လိုထင်ထင် သူကလည်း အရေးစိုက်တတ်သူ မဟုတ်ပေ။ 'ကျုပ်က တောသူမ ပါတော်၊ ဘာမှ နားလည်တာ မဟုတ်ပါဘူး' ဟူသော စကားကို ထည့်လဲသုံးရင်း ပေါင်းတန်သူကိုပေါင်း၊ ကပ်တန်သူကို ကပ်ကာ ရစရာရှိသောအခွင့်အရေးကို သူများထက် ပိုပြီး ရအောင် ဝေဝေဆာဆာ သိုက်သိုက်ဝန်းဝန်းနှင့် ကြံဆောင် အရယူသွားတတ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပေးရမည့်အလှည့်ကျတော့ လူဖိလို့မပိ လူပိလို့မသေ ဟူသော စကားကို လက်ကိုင်ထားသူ ဖြစ်သည်။ မျက်နှာချိုချို၊ အပြော ချိုချိုနှင့် စကားတွေကို မြိုင်မြိုင်ဆိုင်ဆိုင်ပြောကာ အပျော့ခံ အပျော့ဆွဲ နှင့် ပေးရမည့်ပမာဏကို နည်းသည်ထက်နည်းပြီး အနည်းဆုံးဖြစ် အောင် ပြုလုပ်နိုင်စွမ်းရှိလေသည်။

နွဲ့သဇင်၏ခင်ပွန်းဖြစ်သူ ကိုဘိုကြည်သည် ဒေါ်ငွေဌေး၏ သား ဖြစ်သည်။

သူ့မိခင် ဒေါ်ငွေဌေးက 'ကိုယ်ကရောင်းရင် တစ်ကျပ်တန် ပစ္စည်းကို တစ်ရာရအောင် ရောင်းနိုင်ရမယ်၊ ကိုယ်က ဝယ်တဲ့အခါကျ တော့ တစ်ရာတန်ပစ္စည်းကို တစ်ကျပ်နဲ့ မရဦးတော့ တစ်ဆယ်လောက် အထိရအောင် ဆစ်တတ်ရမယ်' ဟု ပြောလေ့ရှိသော်လည်း ကိုဘိုကြည် ကတော့ 'စီးပွားရေးလုပ်တယ်ဆိုတာ မှျမှျတတပေါ့ အမေရာ၊ ကိုယ့် ဘက်ကချည်းပဲ အသာရအောင် အရမ်းစီးထားလို့ ဘယ်ဖြစ်မလဲ' ဟု လေအေးလေးနှင့် ပြောတတ်သည်။

သူတို့တွေ ထိုသို့ ပြောနေကြလျှင် နွဲ့သဇင်သည် စိတ်ထဲမှနေ ပြီး 'ငါကတော့ ဘယ်လောက်တန်ပြီး သူတို့တွေ ဘယ်လောက်နဲ့ ရ အောင် ဝယ်ခဲ့ကြပါလိမ့်' ဟု တွေးမိတတ်သည်၊ ကိုယ့်တန်ဖိုးကို ကိုယ့် ငွေကြေးနှင့် ဖြတ်ကြည့်ပြီး ခပ်နွမ်းနွမ်းလေး ပြုံးမိတတ်လေသည်။

နွဲ့သဇင်တွင် ကိုယ်ဝန်ရှိနေပြီဟု သိရတော့ တစ်အိမ်သားလုံး လှုပ်လှုပ် ရှားရှား ဖြစ်သွားကြသည်၊ တစ်အိမ်သားလုံးဟုသာ ဆိုရသော်လည်း သူတို့ဇနီးမောင်နှံ၊ မိခင်ဒေါ်ငွေဌေးနှင့် အစ်မကြီး မဌေးစိန်တို့ လေးဦး သာ ဖြစ်သည်။ ထိုအထဲတွင်တော့ ဝမ်းအသာဆုံးသူကတော့ ကိုဘိုကြည် ဖြစ်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီးစစ်ပြီးPositiveဟု အဖြေထွက်ထားသော စာရွက်ကလေးကို ကိုင်ကာ ‘မျှော်လိုက်ရတဲ့ဗိုက်၊ ရွှေဗိုက်၊ တစ်လပြီးတစ်လစောင့်လိုက်ရတဲ့ဗိုက်၊ ရွှေဗိုက် အခုမှလာတဲ့ဗိုက် အို ရွှေဗိုက်၊ ရွှေ ရွှေ ရွှေဗိုက်’ဟု ဇာတ်ဟန်ပါပါနှင့် အော်နေ၍ သူ့အမေနှင့် အစ်မက ရယ်မဆုံးအောင် ဖြစ်နေကြသည်။

‘သဇင်ရေ အမွှာပူးလေးနော်၊ မိန်းကလေးအမွှာ၊ သဇင့်လို လှလှပပလေး’

မဒွေးစိန်က ပြောသည်၊ သူကိုယ်တိုင်က မလှတော့ မဒွေးစိန်သည် အလွန် အလှမက်သည်။ လှလှပပ မိန်းကလေးများကို မြင်လျှင်လည်း ‘လှလိုက်တာဟယ်၊ ကုသိုလ်ကောင်းလိုက်တာဟယ်’နှင့်အားကျချီးမွမ်းတတ်သူ ဖြစ်လေသည်။ သူ၏မောင် ကိုဘိုကြည်ကိုလည်း ‘နင် မိန်းမယူရင် ချောချောလှလှလေး ရှာယူနော်၊ ဒါမှ ငါ့ရဲ့ တူလေးတွေ တူမလေးတွေက အချောအလှလေးတွေ ဖြစ်မှာ’ ဟု ငယ်စဉ်ကတည်းက တဖွဖွ ပြောတတ်သူ ဖြစ်လေသည်။

ယောက်မဖြစ်သူ နွဲ့သဇင်သည် တနွဲ့နွဲ့ညွတ်နေသော သဇင်ပန်းခက်ကလေးလို မွှေးလည်းမွှေး၍ လှလည်းလှသည်ဟု မဒွေးစိန်က တွေးတောကျေနပ်မြဲ ဖြစ်လေသည်။ သူတို့မိသားစုက ခေတ်ပညာ တတ်၍သာ ခေတ်သူဌေးတွေဖြစ်နေသော်လည်း အတန်းပညာဘက် ကတော့ အားနည်းသည်၊ မိခင်ဒေါ်ငွေဒွေးက ခုနစ်တန်းပင်အောင်ခဲ့သူ မဟုတ်၊ သူကတော့ ရှစ်တန်းနှင့် ကျောင်းထွက်ကာ ကိုဘိုကြည်က ဆယ်တန်းကို (ခ)အဆင့်မှ အောင်ထားသူ ဖြစ်လေသည်။ တက်ခဲ့ရသော ကျောင်းကလည်း မြစ်ဝကျွန်းပေါ်ပိုင်း ဘိုကလေးအပိုင် တောမြို့လေး တစ်မြို့မှာ ဖြစ်သည်။ ကိုဘိုကြည်က ‘ငါတို့က အေ၊ ဘီ၊ စီ၊ ဒီ ကိုတောင် ငါးပိသံလေးနဲ့ ဆိုတာ’ ဟု ရယ်ရယ်မောမော ပြောတတ်လေသည်။

နွဲ့သဇင်ကတော့ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရထားသူ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အင်္ဂလိပ်စကားကို လည်လည်ပတ်ပတ်ပြောနိုင်ရုံမျှမက ဂျပန်လို လည်း ပြောနိုင်သည်။ လိုအပ်လျှင် တရုတ်လိုလည်း အတော်အတန် ပြောနိုင်သေးသည်။ ထို့ကြောင့် ဘယ်နေရာ ရောက်ရောက် လုပ မွှေးပျံ့သော ပန်းလေးတစ်ပွင့်လို ထင်ရှားပေါ်လွင်နေမြဲ ဖြစ်လေသည်။ ကိုဘို ကြည်ကလည်း ဇနီးချောလေးကို ကျေနပ်ဂုဏ်ယူရမြဲ ဖြစ်လေသည်။

'တစ်အချက်က နွဲ့လေး အေရိုးဗစ် မကစားနဲ့တော့၊

နှစ်အချက်ကတော့ ကားမမောင်းနဲ့တော့၊

သုံးအချက်က အပူအစပ် မစားနဲ့တော့၊

လေးအချက်က အင်္ဂလိမာလသုတ် ကျက်တော့၊

နောက်ပြီး ငါးအချက်က'

'တော်ပါတော့ ကိုကိုရယ်'

တစ်ချက်ပြီး တစ်ချက် ပြောနေသော ကိုဘိုကြည်အား ကြည့်ရင်း နွဲ့သဇင် တသိမ့်သိမ့် ရယ်မိသည်။ ပြုံးပြီး ရွှင်နေသော သူ့ကိုမြင်ရတော့ 'အင်း ငါ့ရဲ့ ဆုံးဖြတ်ချက် မမှားခဲ့ပါဘူး' ဟု တွေးမိသည်။

မလိမ်မညာတမ်း ခပ်ရှင်းရှင်း ဝန်ခံရမည်ဆိုလျှင် နွဲ့သဇင်သည် ကိုဘိုကြည်ကို ချစ်၍လက်ထပ်ခဲ့ခြင်း မဟုတ်ပေ။ နောက်ထပ်ပြီး ဝန်ခံရဦးမည်ဆိုလျှင် ယခုထက်တိုင်အောင်လည်း မချစ်မိသေးပေ။

ကိုဘိုကြည်နှင့်ပတ်သက်၍ နွဲ့သဇင် နှစ်သက်သဘောကျတာ နှစ်ခုသာရှိသည်။

ပထမအချက်က ချမ်းသာခြင်းဖြစ်သည်၊ ဒေါ်ငွေဌေး၏ သား ပီပီ အနေအထိုင်ရိုးသော်လည်း သူတို့မည်မျှချမ်းသာသနည်း လူတိုင်း သိသည်။ ပင်မလက်ငုတ်ဖြစ်သော ငါးပိ ငံပြာရည်လုပ်ငန်းကို မဌေးစိန်က ဦးစီးပြီး မြို့လယ်ကောင်မှ သုံးထပ်စတိုးဆိုင် (စူပါ မတ်ကက်) ကြီးကိုတော့ ကိုဘိုကြည်က ဦးစီးလေသည်။ ဒေါ်ငွေဌေးကတော့ ကား ပါမစ် လုပ်လိုက်၊ သစ်ပါမစ်လုပ်လိုက်နှင့် ဟိုယောင်ယောင် ဒီယောင်

www.burmeseclassic.com

www.burmeseclassic.com



ယောင် ဗန်းပြသော်လည်း အဓိက ကတော့ ဒေါ်လာအရောင်းအဝယ် ဖြစ်သည်။ လေးငါးဆယ်နှစ်အတွင်း ကျိကျိတက်အောင် ချမ်းသာခဲ့သူများမို့ သူတို့ကို နွဲ့သဇင် အားကျသည်။ ငွေမရှိ၍ မျက်နှာငယ်ခဲ့ရဖူးသူ ဆိုတော့ ငွေ၏ အသုံးဝင်ပုံကို နွဲ့သဇင် ကောင်းကောင်းသိလေသည်။ နွဲ့သဇင် ငွေလိုချင်သည်၊ ချမ်းသာချင်သည်။

ဒုတိယအချက်ကတော့ အကြင်နာတရားဖြစ်သည်၊ မျက်တောင် တိုတိုစင်းစင်းနှင့် ဆွဲဆောင်မှုမရှိလှသော မျက်လုံးများပင် ဖြစ်သော်လည်း ကိုဘိုကြည်၏ မျက်လုံးထဲတွင် ချမ်းသာသူများထံတွင် တွေ့ရခဲသောအကြင်နာတရားကို တွေ့ရသည်။ ထို့ပြင် ကိုဘိုကြည်က ကလေးချစ်တတ်သည်၊ ကလေးငယ်များကို ချစ်ခင်သည်းခံတတ်သော သူ၏ နှလုံးသားသည် သိုးငယ်လို မနူးညံ့စေဦးတော့၊ ဝံပုလွေလိုတော့ ဘယ်တော့မှ ကောက်ကျစ်ရက်စက်လိမ့်မည် မဟုတ်ချေ။ နွဲ့သဇင်သည် လူယောင်ဆောင်ထားသော ဝံပုလွေများကို တွေ့ဖူးကြုံဖူးတော့ နောက်ထပ်တစ်ခါ တွေ့ရဦးမည်ကို အမှန်တကယ်ပင် ကြောက်ရွံ့တုန်လှုပ်မိလေသည်။

'သူများကလေး ဝတုတ်ကလေးတွေ တွေ့ရင် ကိုကိုက လိုက်ပြီး ချီတတ်လို့ ဦးအောင်ထွန်းမြင့်က အမြဲနောက်နေတာ'

'ဘယ် ဦးအောင်ထွန်းမြင့်လဲ'

'ဟိုလေ ညွှန်မှူးဦးအောင်ထွန်းမြင့်ပေါ့၊ သူက အငှားမချီနဲ့၊ ကိုယ်ပိုင်ချီရအောင် ကြိုးစားဗျလို့ ပြော ပြောနေတာ၊ ညနေဧည့်ခံပွဲမှာ တွေ့မှ ကြွားလိုက်ဦးမယ်'

ကိုဘိုကြည် ကလေးချစ်တတ်မှန်းသိထားကြပြီး အိမ်ထောင်သက် တစ်နှစ်ခွဲလောက်အထိ ကလေးမရသေးတော့ ယောကျ်ားသားအချင်းချင်းလည်း စကြ နောက်ကြဟန်တူသည်၊ သူက အခုတော့ ပြန်ပြောခွင့်ကြုံပြီမို့ ရွှင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဒေါ်တင်တင်ကြည်ရဲ့ယောကျ်ားမဟုတ်လား၊ ဟို တစ်ခါ ဆွမ်းကျွေးတုန်းက ပိုးပါတိတ် အပြာရောင်လေး ဝတ်လာတာလေ'

'အင်း၊ ဟုတ်တယ် ဟုတ်တယ်၊ သူ့မိန်းမကလည်း တော်တော် ချောတယ်လေ'

နွဲ့သဇင်သည် ငွေဖလားထဲတွင် ထိုးစိုက်ထားသော နှင်းဆီပန်း နီနီရဲရဲလေးများကို စိုက်ကြည့်ရင်း ကိုကိုမောင်ကို ရုတ်တရက် မြင်ယောင်လာသည်။ 'အဲဒီမိန်းမရဲ့ မောင်ကလည်း ချောတာပဲ'ဟု စိတ်ထဲမှ ဆက်၍ပြောမိသည်။ ကိုကိုမောင်သည် ဒေါ်တင်တင်ကြည်၏မောင် ဖြစ်ကြောင်း သူ သိထားသောကြောင့် ဖြစ်သည်။

'ဒီနေ့ နွဲ့လေး အိမ်မှာပဲ အနားယူနေတော့နော်၊ ဘယ်မှ မထွက်နဲ့တော့'

'သွားစရာ လာစရာရှိတော့ ဘယ့်နှယ့်လုပ်မလဲ၊ ဒရိုင်ဘာ တစ်ယောက် အမြန်ရှာပေးမှပေါ့ဟဲ့၊ နင်ကလဲ'

သန္ဓေသားလေး၏မျက်နှာကား မမွေးမီကတည်းကပင် ကြီးမားလှချေသည်။ တပြုံးပြုံးနှင့် ပျော်နေသော သားအမိသုံးယောက်သည် သူ့ကို ဝိုင်းပြီး ဖူးဖူးမှုတ်ကြတော့မည်ကိုသိ၍ နွဲ့သဇင်၏ရင်ထဲတွင် အတန်ငယ် မလုံမလဲ ဖြစ်မိသည်။ သူ့ကို ရိုးသားစွာ ချစ်ခင်ခဲ့ကြသူများ အပေါ် သူက ပြန်ပြီး ရိုးသားမှု မရှိခဲ့ကြောင်းကိုကား သူ့ကိုယ်သူသာသိလေသည်။

ခဏနေတော့ သူတို့သားအမိသုံးယောက်လုံး တစ်ယောက်ကို ကားတစ်စီးစီနှင့် ထွက်သွားကြသည်။ သူတို့အတွက်ကတော့ အချိန်သည် ငွေဖြစ်သည်၊ ပိုက်ဆံတွေကို တစ်ဆမှ နှစ်ဆ၊ နှစ်ဆမှလေးဆ ပွားသည်ထက်ပွားအောင် လုပ်တတ်ကြသည်။

သူတို့အားလုံး ထွက်သွားပြီးတော့ နွဲ့သဇင် အိပ်ခန်းထဲ ဝင်ခဲ့သည်။ အိပ်ခန်းထဲတွင် အထက်တန်းကျကျနှင့် သားနားသပ်ရပ်သော

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပရိဘောဂများက တဖိတ်ဖိတ်လက်လျှက်ရှိသည်။ ဇာခန်းဆီးရှည်ကြီးများကိုဆွဲဖယ်လိုက်လျှင် မှန်ပြတင်းကျယ်ကြီးများမှ တဆင့်အိမ်ဘေးမှ ရေကူးကန်လေးကို လှမ်းမြင်ရမည်ဖြစ်လေသည်။ နွဲ့သဇင်သည် ဒရင်းဘက်ပေါ်တွင် ခပ်လျော့လျော့မှီထိုင်ရင်း မျက်လုံးကို စုံမှိတ်ထားလိုက်မိသည်။ အတွေးမျက်စိထဲတွင်တော့ သူငယ်စဉ်က နေခဲ့ရသော ဟောင်းနွမ်းနုံချာသော သူတို့၏အိမ်ကလေးကို မြင်ယောင်လာသည်။

ဇာတ်လမ်းအစကတော့ မြေလတ်ပိုင်း မြို့လေးတစ်မြို့မှ ဖြစ်လေသည်။ အကယ်၍ သူတို့ခြံနှင့်ကပ်လျက်ရှိသောခြံဝင်းကြီး၏ ပိုင်ရှင်သည် ဒေါ်တင်မေကြီး မဟုတ်ခဲ့လျှင်၊ ဒေါ်တင်မေကြီးသည်လည်း ဒေါ်ခင်မေကြီး၏ညီမ မဟုတ်ခဲ့လျှင် ထိုဇာတ်လမ်းသည် ဖြစ်လာခဲ့မည်မဟုတ်ပေ။

ဒေါ်တင်မေကြီးတို့ ဇနီးမောင်နှံက သစ်ခွဲစက်သူဌေးတွေမို့ မြို့မျက်နှာဖုံးတွေ ဖြစ်သည်။ နွဲ့နွဲ့တို့ ညီအစ်မက သူတို့ခြံဝင်းကျယ်ကြီးနှင့် ကပ်လျက်ရှိသောဝင်းထဲရှိ သစ်သားအိမ်ကုပ်ကုပ်ကလေးတွင် နေထိုင်သူများဖြစ်သည်။ မိခင်ကြီးဆုံးသွားပြီး ကျန်ရစ်သူ ဖခင်ကြီးက ပန်းနာရင်ကျပ်နှင့် နာလန်မထူနိုင်တော့ ဆယ်တန်းအရောက်တွင် နွဲ့နွဲ့ ကျောင်းထွက်ရသည်။ ဆယ်တန်းကို ပြင်ပမှဖြေရန် စာကျက်ရင်း ဖခင်ကြီးကို ပြုစုရသည်။ အစ်မကတော့ ဇဟိုဈေးထဲတွင် ကုန်ခြောက်ဆိုင်ဖွင့်ထား၍ မိုးလင်းသည်နှင့် ဈေးကို ပြေးရရှာသည်။

ဒေါ်တင်မေကြီးတို့က သူတို့၏ခြံဝင်းကြီးကို တစ်ဆက်တည်းချဲ့ချင်၍ နွဲ့နွဲ့တို့ခြံအား ဝယ်ရန် ကမ်းလှမ်းသည်၊ အဖေက 'ငါ့မိန်းမခေါင်းချတဲ့နေရာလေး၊ ငါလည်း ဒီမှာပဲခေါင်းချမယ်၊ ကျုပ်သေမှဝယ်ကြ' ဟု ခပ်ပြတ်ပြတ် ပြောလွှတ်ခဲ့သည်။ သူတို့က တန်ကြေးထက်ပိုပေးနေကြတော့ ခြံကို ရောင်းပြီး အခြားတစ်နေရာကို ပြောင်းလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



က ရင်းနှီးလုပ်ကိုင်ရန် ငွေပိုငွေလျှံ ထွက်လာနိုင်သဖြင့် အားလုံးက ရောင်းသင့်ကြောင်း ပြောကြသော်လည်း နွဲ့နွဲ့တို့ ညီအစ်မက အဖေ့ကို လွန်ဆန်ရန် စိတ်မကူးကြချေ။

ဒေါ်တင်မကြီးတို့က မြို့ပေါ်မှ ရှင်မပြုနိုင်သူ ကလေးများကို စုပေါင်းကာ ရှင်အပါးတစ်ရာ သာသနာ့ဘောင်ထဲ သွတ်သွင်းပေးခဲ့သည်။ ထိုရှင်ပြုပွဲကို ရောက်လာသူက ဒေါ်ခင်မကြီးနှင့် သူ၏သား အငယ်ဆုံးဖြစ်သူ ဆေးကျောင်းသား ကိုကိုမောင် ဖြစ်လေသည်။ ကိုကိုမောင်က တစ်ဖက်ခြံရှိ နှစ်ထပ်အိမ်ကြီး၏ အပေါ်ထပ် ပြတင်းပေါက်မှ နေပြီး နွဲ့နွဲ့တို့ခြံထဲ ငေးမောကြည့်လေ့ရှိသည်၊ နွဲ့နွဲ့ ရေတွင်းတွင် ရေငင်နေသည်ကို လည်းကောင်း၊ ပန်းပင်ရေလောင်းနေသည်ကို လည်းကောင်း၊ ဆန်ဆေးနေသည်ကို လည်းကောင်း၊ အဝတ်လျှော်နေသည်ကို လည်းကောင်း အပေါ်စီးမှနေပြီး တစေ့တစောင်း ကြည့်နေတတ်သည်။

ကိုကိုမောင်ကပင် သွက်လွန်းတာလား၊ နွဲ့နွဲ့ကပင် အညှာလွယ်လွန်းတာလား၊ နှစ်မျိုးစလုံးကြောင့်လားတော့မသိ၊ တစ်ပတ်လောက် အတွင်းတွင် မျက်လုံးချင်းစကားပြောပြီး ချစ်သူ ဖြစ်သွားကြသည်။

ပုစွန်ဆိတ်ကလေး အလွန်ငယ်လှသော်လည်း ပင်လယ်ကို လက်ပစ်ကူးခဲ့လေသည်။ အဖေနှင့်အစ်မ အိပ်မောကျလျှင် ခြံထဲသို့ တိတ်တဆိတ်ဆင်းပြီး ကိုကိုမောင်နှင့် တွေ့တတ်လာသည်။ အေးစိမ့်နေသော ရေတွင်းပေါင်ကလေးကို အတူမှီထိုင်ကာ ဆန်းစ လကွေးကွေးလေးကို ငှက်ပျောပင် ငှက်ပျောရွက်များကြားမှ ဝိုးတဝါးမျှော်ကြည့်ခဲ့ရသော ညများကို သူ့တစ်သက်တာတွင် ဘယ်တော့မှ မေ့မည် မဟုတ်တော့ပေ။ သို့သော် ထိုစဉ်က သူလုံးဝမသိခဲ့သော အချက်တစ်ချက်မှာ ကိုကိုမောင်သည် သိုးငယ်မဟုတ်ဘဲ ဝံပုလွေဖြစ်နေခြင်းကိုပင် ဖြစ်လေသည်။

ဝံပုလွေဟူသည်မှာ သူ၏သားကောင်ကို မည်သည့်အခါမျှ

www.burmeseclassic.com

www.burmeseclassic.com



သက်ညှာလေ့မရှိကြောင်းကို နွဲ့နွဲ့သိသောအခါတွင် အစစအရာရာ နောက်ကျခဲ့ပြီ ဖြစ်သည်။ သူ၏ဝမ်းကြာတိုက်တွင်လည်း ကိုကိုမောင်၏ သွေးသားက တွယ်ငြိနေခဲ့လေပြီ။ ထိုအကြောင်းကို သူက ထိတ်လန့်တုန်လှုပ်စွာ သိခဲ့ရပြီး ကိုကိုမောင်အား မျက်ရည်နှင့် အသိပေးခဲ့သည်၊ ရင်ထဲတွင်တော့ ချစ်ခြင်းမေတ္တာနှင့် မျှော်လင့်ချက်များ ပြည့်လျှံ၍ နေခဲ့သည်။

နောက်တစ်နေ့ညကျတော့ သူတို့နှစ်ဦးရှိရာ ရေတွင်းဘေးသို့ ဒေါ်ခင်မကြီး ရောက်လာလေသည်။ ညဥ့်သန်းခေါင်ယံပင် ဖြစ်သော်လည်း ဒေါ်ခင်မကြီးသည် လုပမွှေးကြိုင်နေသည်၊ ဆံပင်ကို သေသပ်စွာ ထုံးပြီး သဇင်ပန်းလေးငါးခက်လည်း ပန်ထားသေးလေသည်။ အေးပြီး ချိုသာသော်လည်း ဓားသွားကဲ့သို့ ထက်မြက်သော စကားလုံးများကတော့ နွဲ့နွဲ့၏အသည်းကို တစ်လွှာချင်း မွှန်းခဲ့လေသည်။

'မောင်မောင့်မှာ စေ့စပ်ထားတဲ့သူ ရှိပြီးသားကွဲ့၊ သူ တစ်နေ့လက်ထပ်ရင် အဲဒီမိန်းကလေးကိုပဲ လက်ထပ်ရမယ်ဆိုတာလည်း သူသိပြီးသား'

ဒေါ်ခင်မကြီးက လေအေးလေးနှင့် ပျော့ပျောင်းစွာ ပြောလေသည်။

'အဲဒီမောင်မောင်တစ်ယောက်ဟာလေ သိရက်နဲ့ကို ရှုပ်ချင်နေတာ၊ ဟိုမှာလည်း တစ်ဇာတ်ရှုပ်ခဲ့လို့ သွေးမှ အေးပါစေတော့လို့ ဒီမှာ ကြာကြာနေမိပါတယ်၊ နောက်ထပ် ရှင်းစရာ ဇာတ်တစ်ဇာတ်က ထပ်ရှုပ်လာပြန်ရော၊ ယောကျ်ားဆိုတာ ဒီလိုတွေပဲကွဲ့ မိန်းကလေးရဲ့၊ ကဲ မောင်မောင်၊ မာမီ့ဆီ လာစမ်းကွယ်၊ ပြန်ကြပါစို့လား'

ကိုကိုမောင်သည် သူ့မိခင်၏ စကားကို အံ့သြစရာကောင်းလောက်အောင် နားထောင်လေသည်။ ချစ်သူ(ချစ်သူဟု ထင်မိခြင်းသာ ဖြစ်နိုင်ပါသည်)ကို ကျောခိုင်း၍ သူ၏မိခင်နှင့်အတူ နှစ်ထပ်တိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ နာခံစွာပြန်တက်သွားသည်ကို နွဲ့နွဲ့သည် မှင်တက်မိသလို ငေးကြည့်၍ ကျန်ရစ်ခဲ့သည်။

'သြော်' ဒေါ်ခင်မေကြီးက ချိုမြစွာ ပြုံးရင်း ပြောသွားသေးသည်။

'သဇင်ပန်း ပန်စရာရှိနေတဲ့သူဟာ ဒိပြင်ပန်းကို ပန်ချင်ပါ့မလားကွယ်၊ တကယ်လို့ ပန်တယ်ဆိုရင်တောင်မှ ခဏတစ်ဖြုတ်သာ ပန်တော့မှာပေါ့' တဲ့။

ထို့နောက် နွဲ့နွဲ့ကို သားရေကွင်းနှင့် ပတ်ထားသော စက္ကူအိတ်ကလေး တစ်အိတ် ကမ်းပေးသွားသည်။ 'ပြဿနာ တော်တော်များများကို အဲဒါက ဖြေရှင်းပေးနိုင်မှာပါ' တဲ့လေ။

နောက်ဆုံးတော့ စိမ့်စိမ့်အေးနေသော ရေတွင်းဘောင်လေးကို မှီရင်း နွဲ့နွဲ့တစ်ဦးတည်း ကျန်ခဲ့သည်။ နာကျင်ပြီး ကွဲအက်ကြေမွသွားသော နှလုံးသားကြောင့် မျက်ရည်များက တာကျိုးသလို ပြိုကျလာသည်၊ သို့ပါသော်လည်း သူက 'ခုနတုန်းက အိပ်မက်ဆိုးမက်သွားတာပါ' ဟု အခါခါ တွေးနေမိသေးသည်။ ဖြစ်သွား၊ ပျက်သွား၊ ကြားရ၊ မြင်ရသမျှကို သူဘာမှ မယုံချင် မယုံနိုင်အောင်ဖြစ် နေသေးလေသည်။

သူတို့သားအမိနှစ်ယောက်ကိုတော့ အဲဒီနေ့ကစ၍ မတွေ့ရတော့ပေ။ နောက်တစ်နေ့ ချက်ချင်းပြန်သွားသလား၊ သုံးလေးရက်နေမှ ပြန်သွားသလား နွဲ့နွဲ့ မသိခဲ့ရချေ။ ယခင်က သူ့ကို ငေးကြည့်လေ့ရှိသော ကိုကိုမောင်၏အရိပ်ကိုပင် မမြင်ရသလို အပေါ်ထပ်မှ ပြတင်းပေါက်ကလေးလည်း လုံးဝပိတ်သွားခဲ့လေတော့သည်။ ပြတင်းပေါက်ကလေး ပွင့်လာနိုးနှင့် မျှော်ငေးနေရှာမည့် ကောင်မလေးတစ်ယောက်ကို သူတို့၏အတွေးထဲမှာပင် တစ်ခါတစ်ရံမျှ သတိရတော့မည် မဟုတ်တော့ချေ။

နောက်ဆုံးတော့ နွဲ့နွဲ့သည် အစ်မဖြစ်သူ ကြိုင်ကြိုင်ကို ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ကာ ရှုက်ကြီးတငင် ငိုရလေတော့သည်။ 'မိန္ဒဲ့ရယ်၊ အညာလွယ်လှချေကလားဟဲ့' 'မိန်းကလေးဆိုတာ ဣန္ဒြေခြုံမှ လှံတာဟဲ့'နှင့် ရင်ထု၍ ငိုခဲ့သော်လည်း ကြိုင်ကြိုင်သည် သူ၏ရှေ့တွင် မားမားမတ်မတ် ရပ်တည်ခဲ့ရှာလေသည်။

'ငါတောင် မသိလိုက်တာ၊ ဘယ်သူမှ မသိဘူး မိန္ဒဲ့၊ ဣန္ဒြေမပျက်နေ၊ ငါကြံမယ်'ဟု အခါခါ အားပေးခဲ့ရှာလေသည်။ ဒေါ်ခင်မေကြီး ပေးသွားသော စက္ကူအိတ်ထဲတွင် ငွေစက္ကူအထပ်လိုက်ကို တွေ့ရသည်။ ရေတွက်ကြည့်တော့တစ်သိန်းတိတိရှိလေသည်။ ရုပ်ရှင်ထဲ ဝတ္ထုထဲကလိုဆိုလျှင် ထိုငွေကို ဆွဲထုတ်ပြီး လွှင့်ပစ်လိုက်ရမည် ဖြစ်သည်။ တကယ်လည်း ထိုသို့ပင် လုပ်ချင်သည်၊ သို့သော် ကြိုင်ကြိုင်က 'စိတ်အလိုမလိုက်နဲ့ ညီမလေးရယ်၊ ငါတို့မှာ ငွေလိုလိမ့်မယ်'ဟု ပြောခဲ့သည်။

ထိုအချိန်တွင်ပင် သူတို့၏ဖခင်ကြီး ရုတ်တရက် ရောဂါသည်းလာကာ ဆုံးပါးခဲ့ရသည်။ သမီးဖြစ်သူ၏ဇာတ်ရှုပ်ကို မသိမီ သူ့ရောဂါနှင့်သူ ကွယ်လွန်ခြင်းဖြစ်၍ အဖေ ကံကောင်းလှသည်ဟု နှဲ့နှဲ့ထင်မိသည်။ သူ့အကြောင်းကိုသာသိလျှင် ရှိလက်စရောဂါကိုသာမက ယူကျုံးမရ စိတ္တဇဝေဒနာကိုပါ ခံစားပြီးမှ ဆုံးပါးရရှာမည် ဖြစ်သည်။

အဖေဆုံးပြီးမကြာမီပင် ကြိုင်ကြိုင်က သူ၏ချစ်သူ ကိုမင်းဇော် (မိဘမောင်နှမ မရှိဘဲ ဦးလေး၏ ပွဲရုံတွင် ကူညီလုပ်ကိုင်နေသူ)နှင့် အကျဉ်းရုံး၍ လက်ထပ်သည်။ သူတို့၏ခြံကိုလည်း ဒေါ်တင်မေကြီးကို ရောင်းလိုက်သည်။ အဖေတွယ်တာလှသော မြေကလေးကို အခြေအနေအရပ်ရပ်ကြောင့် မတတ်သာ၍ ရောင်းရခြင်း ဖြစ်ပါသည်။ ရန်ကုန်တွင်ရှိသော အမေ၏အစ်မကြီးက ခေါ်နေသည်။ သူနှင့်အတူ သွားရောက်ပူးပေါင်းနေထိုင်ကာလုပ်ကိုင်စားတော့မည်ဟု သတင်းလွှင့်ထားခဲ့သည်။

ရန်ကုန်မြို့တွင် အမေ၏အစ်မကြီးဟူသည်မှာ တကယ်မရှိသော်လည်း သူတို့သည် ရန်ကုန်မြို့တွင် အမှန်တကယ်ပင် အခြေချ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ရန်ကုန်မရောက်မီ တောင်ပေါ်မြို့လေးတစ်မြို့တွင် နွဲ့နွဲ့က သားယောကျ်ားလေးတစ်ယောက်ကို လျှို့ဝှက်စွာ မွေးဖွားခဲ့သည်ကိုတော့ မည်သူမျှ မသိကြပေ။ ရန်ကုန်ရောက်တော့ သားကလေးသည် အစ်မကြိုင်ကြိုင်တို့၏ သားလေး ဖြစ်သွားလေသည်။

ကိုမင်းဇော်က ဦးလေး၏ဆန်ပွဲရုံတွင် လုပ်ကိုင်လာခဲ့သူဖြစ်၍ ဆန်အကြောင်းနားလည်သည်။ လည်လည်ဝယ်ဝယ်ရှိကာ စီးပွားရေး လည်း လာဘ်မြင်သည်။ ခိုးရောင်းခဲ့သည့်ငွေနှင့် ဒေါ်ခင်မကြီး ပေးသည့်ငွေကိုသာမက ရှိသမျှရွှေကလေးများကိုပါ ရောင်းချကာ ဆန်လုပ်ငန်းတွင် မြှုပ်နှံလုပ်ကိုင်ခဲ့ရာ အတော်ပင် အကျိုးပေးလေသည်။ အခုတော့ ဘုရင့်နောင်တွင် ဆန်ပွဲရုံတစ်ခု ပိုင်နေပြီး အိမ်ပိုင်နှင့် ကားပိုင်နှင့် ဖြစ်လာလေသည်။

အစ်မကြိုင်ကြိုင်တွင်လည်း နောက်ထပ်ကလေးမရ၍ သားကတစ်ဦးတည်းသော သားအဖြစ် အစစ အရာရာ အလိုလိုက်ခံရသည်။ စီးပွားဖြစ်သမျှမှာလည်း သားလေး၏ကုသိုလ်ကံကြောင့်ဟု သူတို့ နှစ်ဦးလုံးက ယုံကြည်ကြသည်။

နွဲ့နွဲ့ကတော့ ဒေါ်ခင်မကြီး၏အပြုံးထေ့ထေ့ကို မြင်ယောင်နေသလို 'သဇင်ပန်း ပန်စရာရှိနေတဲ့သူဟာ ဒိပြင်ပန်းကို ပန်ချင်ပါ့မလားကွယ်'ဟူသော စကားကို ကြားယောင်နေဆဲ ဖြစ်သည်။ ထို့ကြောင့် သူ့နာမည်ကို 'နွဲ့သဇင်'ဟုအမည်ပြောင်းခဲ့သည်။ ဆယ်တန်းစာကို ပြန်ကျက်ပြီးဖြေတော့ ဂုဏ်ထူးသုံးခုနှင့်အောင်သည်။ စီးပွားရေး တက္ကသိုလ်တက်သည်၊ အင်္ဂလိပ်စာသင်တန်း တက်သည်၊ ဂျပန်စကားပြော သင်တန်း တက်သည်၊ စာရင်းကိုင်ပညာသင်တန်းလည်း တက်သည်၊ ကွန်ပျူတာသင်တန်းလည်း တက်သည်၊ သူ၏အရည်အချင်းကို အဘက်ဘက်မှ ပြည့်စုံလာအောင် ကြိုးစားခဲ့သည်။ သူ၏ဘဝတွင် စာ (ပညာ) နှင့် သားကလေးသာ ရှိသည်။ အချိန်ရှိသမျှ ပညာရှာသည်၊ အားလျှင် သားကလေးနှင့် ကစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သားလေးခြောက်နှစ်သားအရွယ်ရောက်တော့ ကိုဘိုကြည်နှင့် တွေ့သည်။ မာပြီး အေးနေခဲ့နေသော နှလုံးသားက သက်ဝင်လှုပ်ရှားခြင်း မရှိခဲ့ပေ။ သို့သော် အစ်မကြိုင်ကြိုင်က 'နင့်ဦးနှောက်ကို နင် အသုံးပြုဖို့ ကောင်းပြီနော်' ဟု ပြောခဲ့လေသည်။

နွဲ့သဇင်သည် စုန့်စုန့်ကလေးပင် ပူမလာသေးသော သူ၏ဝမ်းဗိုက်ကို လက်နှင့် အသာပွတ်ရင်း ခပ်လျော့လျော့လေး ပြုံးမိသည်။ ကံကြမ္မာ၏အလှည့်အပြောင်းက ကြီးမားလှချေသည်။ တစ်ချိန်တုန်းက ကိုယ်ဝန်ဆောင်ခြင်း မွေးဖွားခြင်းအမှုကို ရက်ရွံ့စွာ၊ အားငယ်စွာ၊ ညှိုးငယ်စွာ ပြုခဲ့ရဖူးသည်။ အခုတော့လည်း ဂုဏ်ယူစွာ၊ ဝမ်းမြောက်စွာ ပျော်ရွှင်စွာ ပြုလုပ်ခွင့်ကြုံလာပြန်ချေပြီ။ ကိုဘိုကြည်တို့သားအမိ အပေါ်တွင် ရိုးသားပွင့်လင်းခြင်း မရှိခဲ့ရသည့်အတွက် စိတ်ထဲတွင် မလုံမလဲ ဖြစ်မိသည်။ သူက ဖွင့်ပြောချင်လှသော်လည်း အစ်မကြိုင်ကြိုင်က အတင်းတားသည်။

'ပြီးခဲ့တာက ပြီးခဲ့ပြီးပြီ မိန္နဲ့ရယ်၊ မြေလှန်ပြီးတူးပြနေလို့ ဘာ အကျိုးမှ မရှိဘူး၊ တစ်ခါတလေကျရင် မသိတာက သိတာထက် သူ့ အတွက်ရော ကိုယ့်အတွက်ရော ပိုကောင်းတယ်' ဟု ပြောခဲ့သည်။ ဒီလို နှင့်ပင် သူလည်း ကိုဘိုကြည်၏ဇနီးဖြစ်ခဲ့ရသည်။ သူ အရမ်း ကံကောင်းသည်ကတော့ သူ့ကို ကိုဘိုကြည်ကသာမက ယောက္ခမရော ယောက်မ ကပါ ချစ်ခင်ခဲ့ကြခြင်း ဖြစ်လေသည်။

နွဲ့သဇင်သည် သက်သောင့်သက်သာ လဲလျောင်းနေရင်း မိုတ်ခနဲ အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် သူက သဇင်ပန်းတွေ ဝေနေအောင် ပန်ထားသည်၊ ကိုကိုမောင်က သူ့ကို ငေးကြည့်ရင်း 'သားကို တွေ့ချင်တယ်၊ သား ဘယ်မှာလဲ' ဟု မေးသည်။ သူက ဒေါ်ခင်မကြီး လိုပင် ချိုသာ လှပစွာ ပြုံးရင်း 'အို သားနဲ့ ရှင်နဲ့ ဆိုင်လို့လား၊ မလိုချင်လို့ ပစ်သွားခဲ့ပြီပဲဟာ၊ ဘာလို့ မေးနေရတာလဲ ဦးတင်မောင်မောင်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။ ကိုကိုမောင်က 'ပြော၊ သား ဘယ်မှာလဲ ပြော၊ ပြောပါ ပြောစမ်းပါ ငါ့သား ဘယ်မှာလဲ' ဟု ထပ်ခါတလဲလဲ အော်နေစဉ် သူ လန့်နိုးလာသည်။ ခေါင်းထဲတွင် တရိပ်ရိပ်မူးကာ ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။ စားပွဲပေါ်ရှိ ခေါင်းလောင်းလေးကို လှမ်းနှိပ်လိုက်တော့ မထွေး ရောက်လာသည်။

'အန်ချင်တယ်'

မထွေးက ထွေးခံ ပြေးယူကာ ကျောဖိပေးသည်၊ ပျို့တက်လာပြီး အန်ချလိုက်သော်လည်း ဘာမှမပါ၊ လေတွေသာ ဆန်တက်နေလေသည်။

'မမလေး ဟိုဟာ ဖြစ်လို့ အန်ချင်တာပါ၊ ကျွန်မ သံပရာရည် ချဉ်ချဉ်လေး ဖျော်ပေးမယ်'

မထွေးက သူ့လက်ထဲသို့ ပန်းပေါင်းစုံ ရှူဆေးဘူးလေး ထည့်ပေးသွားသည်၊ ရှူဆေးလေး ရှူလိုက်တော့ မူးနေတာ အတန်ငယ် သက်သာသွားသည်။ မနေ့တုန်းက ဆရာဝန်က မူးလျှင်၊ မောလျှင်၊ အန်ချင်လျှင် သောက်ရန်ဆေးတွေ ပေးလိုက်သော်လည်း နေရာမှ မထချင်သေး၍ အသက်ကို မှန်မှန်ရှူကာ မျက်စိကို မှိတ်ထားလိုက်သည်။ ထို့နောက် အိပ်မက်ထဲမှ ကိုကိုမောင်ကို မြင်ယောင်မိပြန်သည်၊ ကိုကိုမောင်သည် သူ့ကို ယခုထက်တိုင်အောင် စိုးမိုးနေဆဲပင်၊ အိပ်မက်ထဲ တွေ့ရရုံနှင့်ပင် နှလုံးသားမှာ တဝုန်းဝုန်းနှင့် လှုပ်ခါနေတော့သည်။

'မမလေး သံပရာရည် အေးအေးလေး၊ ဂလူးကိုးနဲ့ ဖျော်လာတာ'

'အေး အေး'

သံပရာရည်အေးအေးလေးကို သောက်တော့ အတော်လေး နေသာ ထိုင်သာ ရှိသွားသည်၊ ခေါင်းထဲတွင်လည်း ကြည်သွားသည်၊ တဒိုင်းဒိုင်းခုန်နေသော နှလုံးလည်း အတန်ငယ် ငြိမ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကြည့်ပြီး နေကောင်းသွားဟန်ရှိမှ မထွေးက တိုးတိုးပြော သည်။

'အိမ်ရှေ့မှာ လူတစ်ယောက်စောင့်နေတယ် မမလေး'

'ဘယ်သူလဲ'

'ဦးစိန်ဖေလွှတ်လိုက်တာ၊ ကားမောင်းဖို့တဲ့'

'သြော်'

ဦးစိန်ဖေသည် ကိုဘိုကြည်၏လက်ထောက်ဖြစ်သည်။ သူ့အတွက် ကားမောင်းသူတစ်ဦး အမြန်ရှာပေးရန် ကိုဘိုကြည်က နားပူပြီ ထင်သည်။

'ဦးစိန်ဖေက ဖုန်းဆက်သေးတယ်၊ မမလေး စမ်းကြည့်ပြီး မကြိုက်ရင် ပြန်လွှတ်လိုက်ပါတဲ့၊ ဒီပြင်တစ်ယောက် ထပ်ရှာပေးပါ့မယ်တဲ့'

နွဲ့သဇင်ဧည့်ခန်းထဲရောက်တော့ အခန်းထောင့်က ဆိုဖာတွင် ခပ်ယို့ယို့ထိုင်နေသော လူငယ်လေးက ကမန်းကတန်း မတ်တတ်ရပ် လိုက်သည်။

'ထိုင်လေကွယ် ထိုင်ပါ'

နွဲ့သဇင်၏အသံကိုကြားတော့မှ ဆိုဖာအဖျားတွင် မထိတထိ ပြန်ထိုင်သည်။ သူ့ကိုယ်ဟန်က အနေရခက်နေသလို တောင့်တင်းနေ လေသည်။

'အသက် ဘယ်လောက်ရှိပြီလဲ'

'နှစ် နှစ် နှစ်ဆယ့် နှစ်'

အတန်ငယ်ထစ်ငေါ့စွာ ဖြေသောအသံကို နားထောင်ရင်း သူ၏ ငယ်နုသောမျက်နှာလေးကို လှမ်းပြီး အကဲခတ်မိသည်။ 'ကြည့်ရတာ နှစ်ဆယ်တောင် ပြည့်သေးရဲ့လား မသိပါဘူး' ဟု တွေးသည်။

'ပညာကရော'

www.burmeseclassic.com

www.burmeseclassic.com



'ဆယ်  ဆယ် တန်းပါ'

'အေး ကားမောင်းတာ ဘွဲ့ရဖို့တော့ မလိုပါဘူးကွယ်၊ ဒါပေမယ့် ကျွမ်းကျင်ဖို့တော့ လိုတယ်နော်၊ ယာဉ်မောင်းသက်တမ်းရော၊ ဘယ်လောက်ရှိပြီလဲ'

လူငယ်လေးက မသိမသာမျက်နှာပျက်သွားကာ ငြိမ်နေသည်၊ ခဏနေမှ 'ကြုံရင်ကြုံသလို မောင်းနေတာတော့ ကြာပါပြီ' ဟု ခပ်ဆိုင်းဆိုင်း ဖြေသည်။

'အရင်က ဘယ်နေရာတွေမှာ မောင်းဖူးလဲ'

'ဒါ ဒါ ပ ထ မ'

နွဲ့သဇင် သက်ပြင်းရှိုက်လိုက်မိသည်၊ အသက်ကလည်း အတော်ငယ်သည်၊ ကားမောင်းသော အတွေ့အကြုံလည်း မရှိ၊ ကျွမ်းကျင်ပုံလည်း မရ၊ သူ လိုချင်သည်က အသက်ကြီးကြီး၊ လုပ်သက် ရင့်ရင့်နှင့် အေးဆေးပြီး တည်ငြိမ်သူမျိုး ဖြစ်သည်။

'ကားပေါ်ကလူရဲ့အသက်ဟာ ကားမောင်းတဲ့လူရဲ့ လက်ထဲမှာ ရှိတယ်၊ အစ်မကတော့ ကိုယ့်အသက်ကို ကိုယ့်လောက်မှ မကျွမ်းကျင်တဲ့လူရဲ့လက်ထဲ ထည့်မထားနိုင်ဘူး' ဟု ခပ်ပြတ်ပြတ်လေး ပြောလိုက်ချင်သော်လည်း သူတစ်ပါး၏အတွက္ကို မချိုးနှိမ်ချင်သည့်အတွက် ပါးစပ် ပိတ်ထားလိုက်သည်။ မမေး မစမ်း အကဲမှ မခတ်ဘဲနှင့် ထိုသူငယ်ကို သူ့ဆီ တန်းလွှတ်လိုက်သော ဦးစိန်ဖေကိုပင် စိတ်ဆိုးလိုက်ချင်တော့သည်။

'ဒီလို လုပ်လေ လောလောဆယ်လည်း အရေးတကြီး မလိုသေးတော့ လိပ်စာလေး ရေးပေးခဲ့ပေါ့ ဟုတ်လား၊ လိုတဲ့အခါကျတော့ ဆက်သွယ်လိုက်မယ်'

လူငယ်လေးက မသိမသာ သက်ပြင်းရှိုက်သည်၊ သူ့ကို အနုနည်းနှင့် ငြင်းပယ်လိုက်ကြောင်းကိုလည်း သိလိမ့်မည်ထင်သည်၊ သို့

www.burmeseclassic.com

www.burmeseclassic.com



သော် နွဲ့သဇင်ကမ်းပေးသော စာအုပ်ထဲတွင် သူ၏အမည်နှင့် လိပ်စာကို ရေးပြီး ရိုရိုသေသေ ပြန်ပေးသည်၊ မျက်နှာလေးကတော့ ညှိုးပြီး ပျက်နေလေသည်။

'နာမည်က ကြံတိုင်းအောင်တဲ့လား'

'ဟုတ်ကဲ့ အောင်အောင်လို့လည်း ခေါ်ပါတယ်'

'အေး အေး လိုအပ်ရင် ဦးစိန်ဖေ ဆက်သွယ်ပါလိမ့်မယ်'

'ဟုတ် ကဲ့'

ဧည့်ခန်းထဲမှ ခပ်ယို့ယို့ထွက်သွားသော လူငယ်လေးကို ကြည့်ပြီး သနားသလိုလိုတော့ ရှိသည်။ သို့သော် မတတ်နိုင်၊ ကားမောင်း မကျွမ်းကျင်သူတစ်ဦးကို ကားမောင်းသူအဖြစ် ခန့်လိုက်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေမည်မို့ ဥပေက္ခာ ရှုလိုက်ရန်သာ ကြိုးစားရတော့မည် ဖြစ်သည်။

'ဟင် ဘယ်သူပါလိမ့်'

ဧည့်ခန်းအပြင်ဘက် ဖိနပ်ချွတ်နေရာတွင် တံခါးကိုကွယ်လျက် ရပ်နေသော ကောင်မလေးတစ်ယောက် လှမ်းထွက်လာသည်၊ ကောင်ကလေးနှင့်အတူပါလာပြီး အပြင်ဘက်တွင် နေခဲ့ခြင်း ဖြစ်ဟန်တူသည်။

'အဆင်ပြေလား ဟင်'

'လိုအပ်ရင် ဆက်သွယ်မယ်တဲ့'

ကောင်ကလေးကို မျှော်လင့်တကြီး ကြည့်နေသော မျက်လုံးလေးများသည် ညှိုးမှိန်သွားသည်။ ဆံပင်တိုတို ပါးဖောင်းဖောင်းနှင့် ကလေးရုပ်မပျောက်သေးသော်လည်း မျက်နှာလေးကတော့ နွမ်းလျနေသည်။

'အိမ်မပြန်ချင်တော့ဘူး အောင်အောင်ရယ်၊ သေသာ သေလိုက်ချင်တော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မပြန်လို့ ဘယ်ဖြစ်မှာလဲကွာ၊ ခဏသည်းခံပါဦး၊ တစ်ခု မဟုတ် တစ်ခုတော့ အဆင်ပြေမှာပါ'

'အိမ်ရောက်တာနဲ့ အဆူခံအဆဲခံနေရတာ၊ ဘယ်ချောင်မှာ ဘယ်လိုကပ်နေရမယ်မှန်းကို မသိတော့ဘူး'

ကောင်မလေး၏အသံက ရှိုက်သံပါနေသည်။

'နွေးနွေး အန်ချင်နေသေးလား၊ နေလို့ ကောင်းရဲ့လား'

'အန်ချင်တာပေါ့၊ မူးလည်း မူးတယ်၊ ဘာကိုမှလည်း စားချင်စိတ် မရှိဘူး၊ မမဌေးကတော့ ဒီအချိန်မှာ ဒီလိုပဲ ဖြစ်တတ်တာပဲ တဲ့'

'ကဲ လာ လာ ပြန်ကြစို့ နေပူတယ်၊ ဒီလက်ကိုင်ပဝါလေး ခေါင်းပေါ် ဆောင်းထား'

လူငယ်လေးနှစ်ဦးသည် တစ်ဦးလက်ကို တစ်ဦးဆုပ်ကိုင်ကာ အိမ်ထဲမှ ထွက်သွားကြသည်။ ခေါင်းလေးတွေက မော်မနေဘဲ ငိုက်ကျနေသည်၊ ကောင်မလေးက လက်ကလေးတစ်ဖက်နှင့် မျက်ရည်သုတ်နေလေသည်။

နွဲ့သဇင်သည် ဇာခန်းဆီးရှည်ကြီးများကြားမှနေပြီး သူတို့နှစ်ယောက်ကို လှမ်းကြည့်နေမိသည်။ ကောင်မလေးကို ကြည့်ရင်း လွန်ခဲ့သော ရှစ်နှစ်ခန့်က သူ့ကိုယ်သူ ပြန်ပြီး မြင်နေသလို ဖြစ်လာသည်။ သူ့တုန်းကလည်း အခုလို အရွယ်လေးပင် ဖြစ်သည်။ အခုလိုပင် ခေါင်းလေး ငုံ့နေရသည်၊ အခုလိုပင် ငိုရှိုက်နေရသည်၊ အခုလိုပင် ညှိုးငယ်နွမ်းလျ နေခဲ့ရဖူးလေသည်။

'သူတို့နှစ်ယောက် လက်ထပ်ပြီးကြပြီလား၊ ဒါမှမဟုတ် လက်ထပ်ဖို့ ကြိုးစားနေကြတာလား၊ ကြည့်ရတာတော့ ကောင်မလေးမှာ ကိုယ်ဝန်ရှိနေပြီ'

သူတို့ ပြောသွားသောစကားကို ဆက်စပ်ကြည့်ရင်း စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနတုန်းက မိုးအုံ့နေသော်လည်း အခုတော့ နေရောင်ခြည်က ပြင်းပြင်းပြပြ ပူပြင်းလို့ နေပြန်သည်။ အိမ်ရှေ့မြက်ခင်းက သိပ်မကျယ်လှသော်လည်း စိမ်းပြီးညို့နေ၍ မျက်စိအေးလှသည်။ မြက်ခင်းကို အနားသတ်ထားသော ဂန္ဓမာပန်းခင်းက ရွှေဝါရောင်ဝင်းနေသည်။ ခြံစည်းရိုးအစပ်တွင်တော့ ပန်းရင့်ရောင်နှယ်သာကီပန်းတွေက ဝေဝေ ဆာဆာ ပွင့်နေလေသည်။ အဝင်ဝ ကားလမ်းဘေးတွင် စီတန်း စိုက်ထားသော ပင်လယ်ကဗွီးပင်များကတော့ လေပြည်ထဲတွင်ယိမ်းနွဲ့နေသည်။

လုပအေးချမ်းနေသော ပတ်ဝန်းကျင်တွင် ညှိုးရော်ပြီး နွမ်းလျနေသော ချစ်သူနှစ်ဦးသည် ခြံဝသို့ တရွေ့ရွေ့လျှောက်သွားနေကြသည်။

'ဒီအသက် ဒီအရွယ်မှာ အဆင်ခြင်ဉာဏ်က နည်းတတ်ကြတယ်၊ မှားမိပြန်ရင်လည်း အဖတ်ဆယ်ဖို့ ခက်တယ်၊ ငါ့တုန်းက အစ်မကြိုင် ကောင်းလွန်းလို့ အသက်ဆက်ရှင်နိုင်ခဲ့တာ၊ အခု ဒီကောင်မလေးရော ခုနတုန်းက ကြားလိုက်ရတာတော့ ဆူကြ ဆဲကြနဲ့တဲ့'

နွဲ့သဇင်သည် သူများအကြောင်း၊ သူများအရေးကိစ္စကို စိတ်ဝင်စားမှုမရှိခဲ့သည်မှာ သားလေးတစ်သက်ပင် ရှိခဲ့ပြီ ဖြစ်သည်။ ငြိမ်သက် အေးခဲနေသော သူ၏စိတ်အစဉ်ကို ကောင်မလေးက လှုပ်နှိုးလိုက်ဟန် ရှိသည်။ အခန်းထဲပြန်မဝင်နိုင်သေးဘဲ သူတို့နှစ်ဦးကို လှမ်းမျှော်ကြည့်ရင်း ဟိုတွေး ဒီတွေးနှင့် အတွေးနယ်ကျယ်နေမိလေသည်။

'ဟင် ဘာဖြစ်တာလဲ'

ကောင်မလေးသည် ပင်လယ်ကဗွီးပင်ကြီးအောက်တွင် ငုတ်တုတ်ထိုင်ချလိုက်သည်။ ထို့နောက် သူ့ခေါင်းကို သူ့လက်နှစ်ဖက်နှင့် အုပ်ထားသည်။ ကောင်လေးက ထိုင်ရတော့မလို ထရတော့မလိုနှင့် သူ့လက်ထဲမှ လက်ကိုင်ပဝါနှင့် ယပ်ခတ်ပေးနေသည်။ ဟော ကောင်မလေးက သူ့ရင်ဘတ်ကို သူဖိကာ ပျို့အန်နေသည်၊ ကောင်လေးက လက်ကိုင်ပဝါကို လွှတ်ချပြီး ကျောကို ဖိပေးနေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



'မထွေးရေ'

'ရှင် မမလေး'

'ရေတစ်ပုလင်းနဲ့ ဖန်ခွက်ယူပြီး ဟော ဟိုက နှစ်ယောက်ဆီ မြန်မြန်ပြေး'

မထွေးက မြန်သည်၊ ပြော၍မှ ပါးစပ်မပိတ်သေး၊ သူ့လက်ထဲတွင် ရေပုလင်းရော ဖန်ခွက်ပါ ရောက်လာပြီး တဟုန်ထိုးပြေးရန် ပြင်သည်။

'ဟဲ့ မထွေး ခဏ ခဏ'

သူက မနည်းတားပြီး ဆက်ပြောရသည်။

'ပြီးရင် ဒီကို ပြန်ခေါ်ခဲ့ဦး သိလား'

နွဲ့သဇင်သည် သူ့ကိုယ်သူပင် ပြန်ပြီး အံ့သြနေမိသည်၊ သူ တစ်ပါး၏အရေးကိစ္စဟူသမျှကို ဘယ်တော့မှ ခေါင်းထဲမထည့်၊ စိတ်မဝင်စားဘဲ လျစ်လျူရှုထားတတ်သော သူသည် ဒီတစ်ခါ ဘာကြောင့်များ အရေးတယူ ပြုမိလေသည်မသိ၊ သူ့ရင်ထဲတွင် ပျောက်ကွယ်နေပြီဟုပင် ထင်ထားခဲ့မိသော မေတ္တာစိတ်နှင့် ကရုဏာစိတ်တို့က လူးလွန့်နိုးထလာကြသည်။

ညိုးရော် နွမ်းလျနေသော ချစ်သူနှစ်ဦးသည် ဘာအခက်အခဲတွေကို ဘယ်လိုရင်ဆိုင်နေရသနည်း၊ သူ သိချင် နားထောင်ချင်နေမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ကိုလင်း၏ခေါင်းကြီးတစ်ခုလုံး ထုပ်ပူအုံခဲ့ပြီး လေးလေးလံလံကြီး ဖြစ်နေသည်၊ ခုနတုန်းကတွေ့ခဲ့ရသော ဆရာဝန်က သူ့ခေါင်းထဲမှ ဦးနှောက်ကို ထုတ်ယူပြီး မီးဖုတ်ထားသော ကျောက်ခဲတုံးကြီးကိုများ ပြန်ထည့်ပေးလိုက်လေသလားဟု တွေးလိုက်မိသည်။

အိမ်ပြန်ရောက်လျှင် အားပျော့ ညှိုးနွမ်းနေသော အဖေ့ကိုလည်းကောင်း၊ စိုးရိမ်စိတ် ပူပန်စိတ်ကဲနေသော အစ်မကို လည်းကောင်း သူ ရင်ဆိုင်ရတော့မည်။ ဆရာဝန်က ဘာလို့ခေါ်တွေ့တာလဲ၊ ဘာတွေပြောလိုက်သလဲ၊ မေးကြမြန်းကြတော့မည်၊ သူဘယ်လိုဖြေရမည်နည်း။

တစ်ခုတော်သေးတာက ယောက်ဖက လွှန်ခဲ့သည့်လထဲကမှ သင်္ဘောတက်ရန် ထွက်ခွာသွားသောကြောင့် ဖြစ်သည်၊ သူသာရှိလျှင် ပိုပြီး အခက်ကြုံရမည်ဖြစ်သည်၊ ကိုယ့်ဖခင်ကို အထင်သေး အမြင်သေး ဖြစ်လာမည်ကိုလည်း သူ မခံချင်။

'ဟော နွဲ့သဇင်'

သူ့ဘေးမှ ဖြတ်မောင်းသွားသောကားကို အမှတ်မဲ့ လှမ်းကြည့်လိုက်မိစဉ် ကားနောက်ခန်းတွင် ထိုင်နေသော နွဲ့သဇင်ကို တွေ့လိုက်ရသည်။ ပလက်ဖောင်းပေါ်တွင် လျှောက်နေသော သူ့ကိုတော့ နွဲ့သဇင်

www.burmeseclassic.com

www.burmeseclassic.com



က မြင်လိုက်ဟန်မတူ၊ အကယ်၍ မြင်စေဦးတော့လည်း မှတ်မိချင်မှ မှတ်မိမည် ဖြစ်သည်။ ဂျပန်ဘာသာစကား သင်တန်းတက်စဉ်က တစ်တန်းတည်းအတူတက်ဖူးသော်လည်း နွဲ့သဇင်ဟူသည့်မိန်းကလေးက ဘယ်သူ့ကိုမှ အရေးတယူ ရှိခဲ့ဖူးသည်မဟုတ်ချေ။

အိမ်ပြန်ရောက်တော့ ကံကောင်းထောက်မစွာပင် အဖေ အိပ်ပျော်နေသည်ကို တွေ့ရသည်။ အစ်မဖြစ်သူခင်ခင်ထားက သူ့ကို အိပ်ခန်းထဲသို့ လက်ကုတ်ခေါ်သွားကာ 'ဘာတဲ့လဲ' ဟု တိုးတိုးမေးသည်။

သူကတော့ ဘယ်ကနေ ဘယ်လိုစပြောရမည်မသိ၍ ကြောင်အ အ ဖြစ်နေသည်။ ကိုယ်ဝန်ရှိခါစမို့ အစားအသောက်တွေပျက်ကာ နားထင် နားရင်းကျနေသော အစ်မကို ခေတ္တမျှ ငေးကြည့်နေမိသည်။

'ဘာတဲ့လဲဟဲ့ ကိုလင်းရဲ့၊ ဆရာဝန်က ဘာကိစ္စ ခေါ်တာလဲ'

ခင်ခင်ထားက စိတ်မရှည်သလို ထပ်မေးသည်၊ ဒီတော့လည်း အစ်မခမျာ သိပ်များစိတ်ထိခိုက်သွားမလား၊ မူးမေ့များ သွားလေမလား ဟု တွေးပြီး ညှာရန် သတိမရနိုင်တော့ချေ၊ မျှဝေခံစားမည့်သူ တစ်ယောက်ကို အမြန်လိုချင်နေတော့ တဲ့တိုးကြီးပင် ပြောချလိုက်သည်။

'အဖေရဲ့သွေးထဲမှာ အိတ်(ချ်)အိုင်ဗွီပိုးရှိနေတယ်တဲ့'

ဘတ်စ်ကားပေါ်မှ တွန်းတွန်းတိုက်တိုက် ဆင်းခဲ့ပြီး အောက်ရောက်တော့မှ အသက်ကို ဝဝရှူရသည်။ တစ်လှမ်း နှစ်လှမ်း လှမ်းရုံသာ ရှိသေးသည်၊ မိုးက တဖွဲဖွဲ ရွာချလာတော့ အိတ်ထဲမှ ထီးကိုဖွင့်ကာ ဆောင်းရသည်။ သူ ကျူရှင်ပြရမည့်အိမ်က ကားဂိတ်နှင့် တော်တော်လေး ဝေးတော့ မိုးသဲသဲ ရွာချလျှင်တော့ ရွဲတော့မည်ဖြစ်သည်။

မိုးဖွဲဖွဲတွင် ထီးဆောင်းကာ တငိုက်ငိုက်လျှောက်ရင်း ခင်ခင်ထားသည် အဖေ့ကို သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထား စကားတတ်ခါစက အဖေ့ကို အဖေဟုမခေါ်၊ ဆင်ကြီးဟု ခေါ်ခဲ့သည်။ သမီးဖြစ်သူက ဆင်ကြီးစီးချင်တယ်ဟု ပြောလိုက်လျှင် အဖေက ပုဆိုးကြီးကိုလိပ်ကာ ခေါင်းမှာစွပ်ပြီး လေးဖက် ထောက်ပြီးသား ဖြစ်လေသည်။

ကိုလင်းနှင့်ခင်ခင်ထားက တစ်နှစ်ကျော်ကျော်သာကွာ၍ ရွယ်တူလို ဖြစ်နေသည်၊ ကြီးလာတော့ သေးပြီးညှက်သော ခင်ခင်ထားက အငယ်နှင့်ပင် တူသွားသည်။

တစ်ခါတော့ ကိုလင်းနှင့် ခင်ခင်ထားတို့ ဆင်လုပွဲ ဆင်နွှဲကြသည်။ ကိုလင်းက ခင်ခင်ထားကို နို့ဘူးနှင့်ထုသည်။ ခင်ခင်ထားက ကိုလင်း၏မျက်နှာကို ကုတ်ဆွဲသည်။ ထို့နောက် နှစ်ယောက်စလုံး ပြိုင်တူ အော်ငိုကြရင်း အဖေ့ကျောပေါ်ကို လုတက်နေကြသည်။ နောက်ဆုံးတော့ အဖေက သူတို့နှစ်ယောက်စလုံးကို ကျောပေါ်တွင် တစ်ပြိုင်နက်တည်း တင်ရင်း လေးဖက်ထောက်ကာ ဆင်လုပ်ရသည်မှာ မောပြီး ဟိုက်နေသည်အထိပင်။

ခင်ခင်ထားသည် အဖေ့အကြောင်းကိုတွေးရင်း မျက်ရည်တွေလည်လာသည်။ သူတို့နှစ်ယောက်လုံးကိုတင်ကာ လေးဖက်တွားသွားနေရသော အဖေ့ကျောကုန်းကို သူကထု၊ ထုပြီး 'ဟဲ့ ဆင်' 'ဟဲ့ ဆင်' နှင့် အော်ခဲ့သေးသည်။ အခုတော့ အဖေ့ကျောကုန်းတွင် နံရိုးလေးတွေ အပြိုင်းသားပေါ်နေလိုက်သည်မှာ တစ်ချောင်း နှစ်ချောင်းပင် ရေတွက်၍ ရလေသည်။

'အမေဆုံးသွားတော့ အဖေ့အသက်က လေးဆယ်တောင် မပြည့်သေးဘူး၊ ငါက အဲဒီတုန်းက နှစ်တန်းမှာ၊ ကိုလင်းက တစ်တန်း'

ယောကျ်ားတစ်ယောက်အနေနှင့် နောက်အိမ်ထောင်ပြုမည်ဆိုလျှင် ပြုနိုင်လောက်သော်လည်း အဖေက လုံးဝမစဉ်းစားခဲ့ပေ။ သူတို့ မောင်နှမကို စောင့်ရှောက်ရန် ညီမဝမ်းကွဲတော်စပ်သူ ဒေါ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ထားပြီး သူကတော့ ကုန်ကားကြီးများကို မောင်းလေသည်။ နယ်စွန်နယ်ဖျားအထိမောင်းရသည်မို့ အသွားအပြန်တစ်လကိုးသီတင်း ကြာသော်လည်း ပိုက်ဆံကျတော့ များများရလေသည်။ တစ်ခါကျတော့ အဖေဘာမှ နားမလည်ဘဲနှင့် ပေါပေါချောင်ချောင်ရ၍ ဝယ်လာသော ကျောက်က အောင်သွားသည်။ ထို့ကြောင့် ယခုနေသော တိုက်ခန်း ကလေးနှင့် ကက ကားကလေးတစ်စီး ဝယ်နိုင်ခဲ့သည်။ အဖေသည် သူတစ်ဦးတည်း ပင်ပန်းကြီးစွာ အလုပ်လုပ်ရင်း ခင်ခင်ထားတို့ မောင် နှမ နှစ်ဦးအား ကျွေးလည်း ကျွေး၊ ဆင်လည်း ဆင်၊ ပညာကိုလည်း ဘွဲ့ရသည်အထိ သင်ပေးခဲ့လေသည်။

'အဖေဟာ သမီးတို့ရဲ့ဘဝကို တကယ့်ကို လုံခြုံပြီး နွေးထွေး စေခဲ့တာပါ'

အုံ့ပြီးမည်းနေသော ကောင်းကင်ကို မျှော်ကြည့်ရင်း ခင်ခင် ထားက တွေးသည်၊ မိုးကြီး သည်းသည်း ရွာတော့မည်၊ မိုးသက်မိုးငွေ့ နှင့်မို့ တိုက်ခတ်သောလေကလည်း လတ်ဆတ်အေးမြနေသည်။ ငယ် ငယ်တုန်းကလို ခြေကုန်သုတ်ကာ ပြေးလျှင်တော့ မိုးမရွာမီ ကျူရှင်အိမ် ရောက်နိုင်မည် ဖြစ်သည်။ သို့သော် သူက ငယ်ငယ်လေးမဟုတ်တော့၊ ထို့ပြင် အခုအချိန်မှာ သုတ်သုတ်ကလေးပင် မလျှောက်ချင်၊ စိုမှသာစို၊ ရွှဲမှသာ ရွှဲရော မိုးရွာထဲတွင် အေးအေးသက်သာလျှောက်ရင်း အဖေ့ အကြောင်းကို တစိမ့်စိမ့်တွေးချင်သည်။

အဖေက သူ့အသက် ငါးဆယ်ပြည့်ပြီးခါမှ အနားယူခဲ့သည်၊ အနားယူသည်ဟုဆိုသည်မှာ ကုန်တင်ကားကြီးတွေ မမောင်းတော့တာ ကိုသာ ဆိုလိုရင်းဖြစ်သည်၊ အစောပိုင်းကတော့ ဈေးချောင်ချောင်နှင့် ရထားသော ကက အငှားယာဉ်လေးကို ကိုယ်တိုင်မောင်းနေသေးသည်၊ သုံးနှစ်ကျော်ကျော်လောက် မောင်းပြီးသောအခါတွင်ကား အဖေ့ ကျန်း မာရေးက တဖြည်းဖြည်းနှင့် ယိုင်နဲ့လာသည်၊ ချောင်း တဟွတ်ဟွတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးကာ ညနေပိုင်းရောက်လျှင် အဖျားတက်လာတတ်သည်။ အဖေက တဟဲဟဲရယ်ရင်း ‘ငါက ပင်ပန်းနေမှ နေလို့ကောင်းတဲ့ကောင် ထင်ပါရဲ့ကွာ’ ဟု ပြောသေးသည်။

အဖေ့ကို တီဘီပိုးစစ်ကြည့်ပြီး ပိုးတွေ့နေတော့ တီဘီဆေးတွေ သောက်ရသည်၊ အတန်ငယ် နေကောင်းပြီး ဟုတ်သလိုလိုရှိနေရာ အဖေက ပျင်းသည်ဟုဆိုပြီး ကကာ ပြန်မောင်းပြန်သည်၊ တစ်လ ကျော်ကျော် လောက်မောင်းပြီးတော့ ပြန်၍ ဖျားပြန်သည်၊ ဒီတစ်ခါတော့ ငှက်ဖျားပိုး တွေ့၍ ငှက်ဖျားဆေးတွေ သောက်ရပြန်သည်၊ ဆေးတွေက ပြင်းတော့ လူက ပျော့နေသည်၊ ရက်ရှည်ဖျားနေသော အဖျားကတော့ ပျောက်သွား သည်။

‘အဖေက နယ်စွန်နယ်ဖျားတွေ သွားခဲ့ရတော့ ငှက်ဖျားပိုး ရှိလိမ့်မယ်ဆိုတာကို ကျွန်တော်တို့တွေ နဂိုကတည်းက တွေးမိဖို့ကောင်း တယ်’ ဟု ခင်ခင်ထား၏ခင်ပွန်းက ပြောသည်၊ အဖေ အားပြန်ပြည့်စေ ရန် ကြက်ပေါင်းတို့ ငှက်သိုက်တို့ ဝယ်ပေးသည်၊ ‘အားပြန်ပြည့်ဖို့ပဲ အရေးကြီးတာ၊ များများစားပါ အဖေရဲ့’ ဟု အားပေးသည်။

‘သူ သိမသွားတာ တော်သေးတယ်’

အဖေ့ကို တရိုတသေ၊ တလေးတစား၊ ခင်ခင်မင်မင်ရှိလှသော သူ၏ခင်ပွန်းသည်ကို အဖေ့အကြောင်းအမှန် အသိပေးသင့် မပေးသင့် ခင်ခင်ထား စဉ်းစား၍ မရသေးပေ၊ တစ်နေ့ကလာသော စာထဲတွင်ပင် သူက ‘အဖေ နေကောင်းရဲ့လား၊ အားရှိတဲ့အစာတွေ ဂရုတစိုက်ကျွေးပါ’ ဟု သတိတရ ရေးထားသေးလေသည်။

ခင်ခင်ထား၏ခင်ပွန်းသည် ထွက်သွားပြီး တစ်လခန့်အကြာ တွင် အဖေ အပြင်းဖျားပြန်သည်၊ ဒီတစ်ခါတော့ ဆရာဝန်ကလည်း သင်္ကာမကင်း ဖြစ်လာဟန်တူသည်၊ သွေးဖောက်ပြီး စစ်ပြန်သည်၊ တီဘီ ရော ငှက်ဖျားရောစုံပြီးနောက် ဒီတစ်ခါတွေ့ရပြန်တာကတော့ အိတ်(ချ်) အိုင်ဗီပိုးတဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို လုပ်ကြမလဲဟင်'

မနေ့ညကတော့ မောင်နှမနှစ်ယောက် ခေါင်းချင်းဆိုင်ကာ မျက်ရည်ကျရသည်၊ အဖေ့ကိုတော့ လုံးဝအပြစ်မတင်ရက်၊ အဖေသည် သူတို့ မောင်နှမ နှစ်ဦးအတွက် ခက်ခဲကြမ်းတမ်းလှသော ဘဝထဲသို့ ပင်ပင်ပန်းပန်း တိုးဝင်လျှောက်လှမ်းခဲ့သူ ဖြစ်သည်၊ ကုန်ကားကြီးတွေကို ဆယ့်သုံးနှစ်ခန့် အသွားအပြန်မောင်းနေရသော သူသည် တစ်ခါတစ်ရံ တော့လည်း အပျော်အပါးကိစ္စလေးတွေ ရှိကောင်းရှိမည် ဖြစ်သည်၊ သွေး သားကိစ္စကြောင့်ဖြစ်စေ၊ ဆေးဝါး(မူးယစ်ဆေး)ကိစ္စကြောင့် ဖြစ်စေ၊ ဆေးခန်းကိစ္စကြောင့် ဖြစ်စေ (လွန်ခဲ့သော ဆယ်နှစ်ခန့်က တစ်ခါသုံး အပ်တွေကို တွင်တွင်ကျယ်ကျယ် အသုံးမပြုသေးဟု ထင်သည်) မည် သည့်အကြောင်းကြောင့် ဖြစ်ဖြစ်၊ ရလာသော ရောဂါပိုး အတွက် အဖေ့ ကို လုံးဝ အပြစ်မတင်ရက်။

'အဖေ့ကို အသိပေးမလား'

'မပေးပါနဲ့ဟာ'

'ဟုတ်တယ်၊ အဖေ မသိတာပဲ ကောင်းပါတယ် နော် မမ'

သူ့ရောဂါအကြောင်း သူသိလျှင် အဖေမည်မျှ တုန်လှုပ်သွား မည်နည်းဟု သူ မတွေးရက်၊ မည်မျှ စိတ်ဓာတ်ကျသွားမည်နည်း လည်း စဉ်းစား၍ပင် မကြည့်ချင်၊ ထို့ပြင် အဆိုးဆုံးကတော့ အဖေရှက်နေလိမ့် မည်၊ ကိုယ့်သားသမီးတွေကို ကိုယ်ပြန်ရှက်ကာ မနေတတ် မထိုင်တတ် ဖြစ်နေလိမ့်မည်၊ ထိုသို့သော စိတ်ဝေဒနာကို အဖေ့အား မခံစားစေချင်။

'ဆရာဝန်ကတော့ သိပ်တော်တာပဲ၊ အသေအချာကို ရှင်းပြရှာ တာ၊ အသည်းရောင် အသားဝါတို့၊ တီဘီတို့၊ ဦးနှောက် အမြှေးရောင် တို့လောက်တောင် မကူးတတ်ပါဘူးတဲ့၊ အခု အဖေကလည်း ဖျားပြီး ပိန်တာပဲရှိသေးတော့ အေအိုင်ဒီအက်စ် လက္ခဏာတွေလည်း မပေါ်သေး ပါဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား ဘုရား၊ အေ အိုင် ဒီ အက်စ်'

ခင်ခင်ထားသည် သူ၏လည်မျိုနေရာကို လက်နှစ်ဖက်နှင့် ဖိထားရသည်၊ တဒုန်းဒုန်း ခုန်နေသော နှလုံးသားက လည်မျိုအဝသို့ ဆောင့်၍ ဆောင့်၍ တက်လာနေသည်။ အကယ်၍ လက်နှင့်သာ ဖိမထားလျှင် ထိုနှလုံးသားကြီးက ပါးစပ်ထဲမှနေပြီး ခုန်၍များ ထွက်သွားလေမလားဟု ထင်နေမိသည်။

'ပတ်ဝန်းကျင်ကတော့ အဖေ့ကို ငှက်ဖျားလို့ပဲ သိထားကြတာ၊ ဒီအတိုင်းပဲ ဆက်ထင်ပစေပေါ့ဟာ နော် မမ'

'ဒီထက်ဆိုးလာရင်ရော'

'အဲဒီတော့လည်း အရင်က အရက်သောက်ခဲ့တဲ့ ဒဏ်ကြောင့် အသည်းလည်း မကောင်းဘူးပေါ့ဟာ'

'အဖေ့ကို ဆေးရုံတင်ရမှာလား'

'ဟင့်အင်း ဆေးရုံတင်ရင် ဝေဘာဂီ ရောက်သွားမှာ၊ အိမ်မှာပဲ ကုမယ်၊ ငါ့အဖေကို ငါပဲ ပြုစုမယ်'

ကိုလင်းက ခပ်ပြတ်ပြတ် ပြောသည်၊ မှုန်ရီမှိုင်းဝေနေသော မျက်လုံးအစုံထဲတွင် ဖခင်အပေါ်တွင်ထားရှိသော မေတ္တာတရားနှင့် အကြင်နာတရားတို့က ပျပျလေး လင်းနေသည်။

'နင်ကလဲ၊ ငါလည်း ပြုစုမှာပေါ့ဟဲ့'

'နင့်ကိုယ်နင် ပြန်ကြည့်ဦး၊ ကိုယ်ဝန်ကြီးနဲ့၊ မတော်လို့ ကူးသွားရင် '

'ဒါမျိုးက တော်ရုံနဲ့ မကူးပါဘူးဟယ်၊ ငါလည်း သိပါတယ်'

ကိုလင်းက သူ့အစ်မအား ခပ်ညိုးညိုးလေး ရယ်ပြသည်။

'ဆရာဝန်ကတော့ အသေအချာ မှာလိုက်တယ်၊ ငါတို့ နှစ်ယောက်လုံးကို သွေးစစ်ကြည့်ပါတဲ့၊ အတူနေ အတူစားရုံနဲ့ မကူးဘူး ဆိုပေမယ့် ဒီပြင်ကူးနိုင်တဲ့နည်းတွေ ရှိနေသေးတယ်တဲ့၊ ဥပမာ အဖေ့

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ခါးရှတယ်၊ အဲဒီဓားနဲ့ ငါ့လက်ကိုလည်း ဆက်ပြီးရှတယ်၊ အဖေ့မှာ အကြောင်း တစ်ခုခုကြောင့် အနာတရဖြစ်ပြီး သွေးထွက်မယ်၊ ငါက ဆေးထည့်ပေးမယ်၊ အဲဒီအချိန်မှာ ငါ့လက်မှာလည်း အနာ တစ်ခုခု ရှိနေရင်၊ နောက်ပြီး အဖေ့လက်ကိုအပ်စူးမယ်၊ အဲဒီအပ်က ငါ့လက်ကိုလည်း ဆက်ပြီး စူးမယ်'

'တော်ပါတော့ ကိုလင်းရယ်'

ခင်ခင်ထားသည် သူ၏လည်ပင်းကိုသူဖိထားရပြန်လေသည်။ ကိုလင်းသည် အဖေနှင့် အခန်းတစ်ခန်းထဲတွင် ဟိုဘက်ခုတင်၊ ဒီဘက်ခုတင် အိပ်သူဖြစ်သည်။ အဖေ အဝေးပြေးကားမမောင်းတော့သည့် ငါးနှစ် လုံးလုံးတွင် အဖေနှင့် လက်ပွန်းတတီးနေခဲ့သူ ဖြစ်လေသည်။

'နင် အဲဒီလို ဖြစ်ဖူးလား ဟင်၊ ကိုလင်း၊ မဖြစ်ဖူးပါဘူးနော်'

'ကောင်းကောင်းတော့ မမှတ်မိပါဘူးဟာ၊ ဒါပေမယ့် မနှစ်တုန်းက အဖေရော ငါရော ပဋ္ဌင်းခံကြတယ်နော်၊ အဲဒီတုန်းက အဖေ့ကို ဆံချတဲ့ သင်တုန်းဓားနဲ့ ငါ့ကိုဆံချတဲ့ သင်တုန်းဓား အတူတူပဲလား'

'ဘုရား'

ခင်ခင်ထား မျက်လုံးပြူးသွားသည်၊ အဲဒီတုန်းက အဖေ့ခေါင်းတွင်ရော၊ ကိုလင်း၏ခေါင်းတွင်ပါ သင်တုန်းဓားရှပြီး သွေးထွက်သွားခဲ့ကြသည်၊ ဘုရား ဘုရား တစ်ချောင်းတည်းသာဆိုလျှင်။

'မဟုတ်ဘူး ကိုလင်းရဲ့၊ ပရိက္ခရာရှစ်ပါးမှာ သင်တုန်းဓားလည်း ပါတယ်လေ၊ အဖေ့ကိုလည်း အဖေ့ဓားနဲ့ နင့်ကိုလည်း နင့်ဓားနဲ့ ရိတ်တာပါ၊ နင့်ကို ဆံချခါနီး အဲဒီဓားအသစ်ကို ငါယူပေးလိုက်တာပဲ၊ ဘုရား ဘုရား၊ ကံကောင်းလို့'

'တော်သေးတာပေါ့ဟာ'

ကိုလင်းက သက်ပြင်းဖွဖွချသည်၊ ခင်ခင်ထားကို ငေးကြည့်နေသည်၊ သူ ဘာတွေးနေသနည်းတော့မသိ၊ ခင်ခင်ထားကတော့ ကို

www.burmeseclassic.com

www.burmeseclassic.com



သင်တုန်းဓားကို ထိုနေ့က မည်သူမျှ ဆက်လက် အသုံးမပြုခဲ့ပါစေနှင့်ဟု ဆုတောင်းနေမိသည်။

'ဟော မိုးတွေ သည်းလာပြီ'

ခပ်ကျဲကျဲရွာနေသော မိုးစက်မိုးပေါက်များက စိပ်ပြီး သည်းလာသည်၊ ခင်ခင်ထားသည် စာအုပ်တွေထည့်ထားသော သားရေအိတ်ကို ရင်ခွင်တွင်ပွေ့ပြီးထီးကိုငိုက်ချလိုက်သည်၊ သွက်သွက်လေးလျှောက်နေရင်း 'ဒီရောဂါပိုးဟာ ခန္ဓာကိုယ်ရဲ့အပြင်မှာ ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်မလဲ မသိဘူး'ဟု စဉ်းစားနေမိသည်။ တစ်ခါကတော့ ၂၄ နာရီ ရှင်သန်နေနိုင်သည်ဟု ဖတ်ဖူးသည်။ သို့သော် စိတ်ထဲတွင် မှတ်မှတ်သားသားတော့ မရှိလှ၊ အချို့ကလည်း သွေးခြောက်လျှင် သေသည်ဟု ပြောပြန်သည်၊ မည်သို့ပင်ဆိုစေ ထိုရောဂါရှိသူ အသုံးပြုထားသော ဆေးထိုးအပ်တို့ ခွဲစိတ်ကိရိယာတို့ကိုကား ရေနွေးပွက်ပွက်ဆူတွင် တစ်နာရီလောက် ပြုတ်ရမည်ဟု ကြားဖူးသည်။ ဘုန်းကြီးကျောင်းက သင်တုန်းဓားတွေကိုလည်း အသုံးမပြုမီ ဘယ်သူမှ ရေနွေး ပွက်ပွက်ဆူတွင် တစ်နာရီလောက် ပြုတ်လိမ့်မည် မဟုတ်ချေ။

'ငါနဲ့ ကိုလင်းမှာလည်း အကြောင်းကြောင်းကြောင့် ရောဂါပိုး ရှိနေနိုင်တယ်' ဟု တွေးမိသည်၊ ခေါင်းထဲမှာရော ရင်ထဲမှာပါ မကြည်မလင်းဘဲ မှုန်ရီမှိုင်းနေသည်။

'ဆရာမ'

သူ့ဘေးသို့ ကားတစ်စီးက ညင်သာစွာ ထိုးဆိုက်လာပြီး နောက်ခန်းတံခါးပွင့်လာသည်၊ ကားရှေ့ခန်းတွင် သူ၏တပည့်ကျော်ဖိုးသကြန်ကို တွေ့ရပြီး နောက်ခန်းတွင် သူ့မိခင်နှင့်သမီးအငယ်မလေးတို့ ထိုင်နေသည်။

'ကျွန်တော်တို့အိမ်က အတော်ဝေးသေးတယ် ဆရာမရဲ့၊ ဆရာမ ရွှဲသွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားက ကားထဲသို့ ခပ်မြန်မြန် ဝင်ထိုင်လိုက်သည်၊ အချိန်မီရုံလေးပင် ဖြစ်သည်၊ သူကားထဲသို့ ရောက်ပြီးသည်နှင့် မိုးရေတွေက တဝေါဝေါရွာချတော့သည်။

'အမယ်လေး ကံကောင်းပေလို့'

'ဆရာမ ကံကောင်းပေမယ့် ဖိုးသကြိန် ကံမကောင်းတော့ဘူး၊ သူက တစ်လမ်းလုံးဆုတောင်းလာတာ၊ ဒီနေ့ ဆရာမ မလာပါစေနဲ့တဲ့'

'ဟာ မေမေကလဲ ဟုတ်ပါဘူး'

ဖိုးသကြိန်က သူ့အမေ၏စကားကို ရှက်ကိုးရှက်ကန်းနှင့် ငြင်းသည်၊ ထို့နောက် 'ဆရာမ ကျက်ခိုင်းတဲ့ ဈေးကွက်အမျိုးမျိုး အကြောင်းက သိပ်ရှေတာပဲ၊ သား ညသန်းခေါင်ထိ ကျက်တာ တစ်ဝက်ပဲ ရသေးလို့ပါ အဟီး' ဟု ဆက်ပြောသည်၊ ခင်ခင်ထား၏ ဘေးတွင် ထိုင်နေသော အငယ်မလေးကတော့ သူ့အစ်ကိုကို နောက်မှနေပြီး မေးငေါ့ကာ လက်ကလေးခါပြသည်၊ ဖြီးနေတာပါ တကယ် မကျက်ပါဘူး ဟု ဆိုလိုခြင်း ဖြစ်သည်၊ ဖိုးသကြိန်တို့ တစ်ဝိုင်းလုံး ယောက်ျားလေးများ ချည်းဖြစ်ပြီး ငါးယောက်စလုံးလည်း စာကျက်ပျင်းကြသည်၊ သူတို့ဝိုင်းက ခင်ခင်ထား စိတ်အညစ်ရဆုံးဝိုင်း ဖြစ်သည်။

'စာကိုတော့ တကယ့်ကို မကျက်တာ မမရေ၊ နားသယ်မွေးဆွဲလည်း ရယ်နေတာပဲ၊ ထိုင်ထလုပ်ခိုင်းလည်း ဟားနေတာပဲ၊ ရိုက်ပြန်တော့လည်း သူတို့ကတော့ အပျော့ပဲ၊ တစ်ဝိုင်းလုံးကို စာကျက်ပျင်းကြတာ၊ အံ့ရော'

ဖိုးသကြိန်က သူ့ဆရာမကို လှည့်မကြည့်ဘဲ ဖြည်းစပ်စပ်နှင့် ငြိမ်နေသည်။ ဖိုးသကြိန်ကို အားမလိုအားမရ လှမ်းကြည့်ရင်း ခင်ခင်ထားသည် စာမရမှာကို စိုးရိမ်လွန်း၊ ကြိုးစားလွန်းသော ကိုလင်းဆီသို့ စိတ်ရောက်သွားပြန်သည်။ အဖေက ပင်ပင်ပန်းပန်း အလုပ်လုပ်နေရပြီး ထိုမှရသောငွေနှင့် ပညာရှာနေရသည်ဟူသော အသိက သူတို့မောင်

www.burmeseclassic.com

www.burmeseclassic.com



နမ နှစ်ဦးလုံးကို ထာဝစဉ် တွန်းအားပေးနေခဲ့လေသည်။ ထို့နောက် တစ်ဆက်တည်း အဖေ့ကို သတိရပြန်သည်။

'ဒီအချိန်ဆိုရင် အဖေအိပ်ရာက နိုးတော့မယ်၊ ကိုလင်းက မျက်နှာသစ်ပေးနေပြီထင်တယ်၊ မနက်တုန်းက ကမန်းကတန်းနဲ့မို့ ကြက်သားလေးပဲ ပြုတ်ခဲ့ရတယ်၊ အဖေခေါက်ဆွဲစားချင်ရင်တော့ ကြက်ပြုတ်ရည်လေးထဲ ထည့်လိုက်ရုံပဲ၊ ဒါပေမယ့် အဖေက ဘာစားချင်လို့ စားချင်မှန်းက မသိ'

ခင်ခင်ထားသည် ခပ်ငိုင်ငိုင်လေး တွေးနေမိစဉ် ဖိုးသကြိန်၏အမေ ဒေါ်တင်တင်ကြည်က ခပ်တိုးတိုးမေးသည်။

'ဆရာမက သားဦးလား'

မိမိကိုယ်မိမိ မသိသာသေးဟု ထင်သော်လည်း ကြည့်တတ်သူများကတော့ သိနေပေသည်၊ ခင်ခင်ထားသည် ရှက်ပြုံးလေး မသိမသာပြုံးရင်း ခပ်ယို့ယို့လေး ဖြစ်သွားသည်။

'ဟုတ် ကဲ့'

'သိပ်ပျော်မှာပဲနော်'

'ဟုတ် ကဲ့'

ခေါင်းသာ ငြိမ့်လိုက်ရသော်လည်း ဒီရက်ပိုင်းမှာ ပျော်တယ်ဆိုတာ ဘာမှန်းပင် မသိလိုက်နိုင်အောင် ဖြစ်နေသည်ကိုတော့ သူတို့က သိမည်မဟုတ်ချေ။

အဖေသာ နေကောင်းလျှင်တော့ တကယ်ကို ပျော်ရွှင်ကြည်နူးဖွယ်နေ့ရက်များပင် ဖြစ်ပေလိမ့်မည်၊ ခင်ခင်ထားကိုယ်ဝန်ရှိပြီဆိုတော့ 'ငါ့ကို ဆင်လုပ်ခိုင်းပြီး စီးဦးမယ့် သတ္တဝါလေးတစ်ကောင် လာဦးတော့မယ်ပေါ့လေ' ဟု ကြည်နူးစွာ ပြုံးရင်းပြောခဲ့သော အဖေသည် သူ့မြေး၏မျက်နှာလေးကိုပင် မြင်ခွင့် ကြုံချင်မှ ကြုံနိုင်တော့မည် ဖြစ်သည်။

'ဆရာမရေ ဆရာမ'

www.burmeseclassic.com

www.burmeseclassic.com



အငယ္မေလးက ခင္ခင္ထား၏ လက္ကို လႈပ္ယမ္း၍ ေခၚသည္၊ သူ႔မ်က္နွာေလးက ႐ႊင္ၿပီး ၿပဳံးေနသည္၊ မ်က္လုံးေလးမ်ားက တဖ်ပ္ဖ်ပ္ေတာက္ပေနသည္။

'မေမ့ဗိုက္ထဲမွာလည္းေလ ဟီ ဟိ'

'ဟဲ့ ေကာင္မေလး'

သူ႔အေမက ရွက္စႏိုးလွမ္းတားေသာ္လည္းမရ၊ အငယ္မေလးက ခင္ခင္ထား၏အနားသို႔ တိုးကပ္ကာ ဖြတ္တိုး၍ ေျပာခ်ရင္း တခစ္ခစ္ရယ္ေနေလသည္။

'မေမ့ဗိုက္ထဲမွာလည္းေလ သမီးဖို႔ ေမာင္ေမာင္ေလး ရွိေနတယ္ သိလား'

*

www.burmeseclassic.com

www.burmeseclassic.com

ကိုရေအေးသည် ညွန့်မှူးဦးအောင်ထွန်းမြင့်၏ဌာနမှ ဌာနခွဲ စာရေးကြီး ဖြစ်သည်။ အချို့က သူ့ကို နာမည်နဲ့လိုက်အောင် အေးသည်ဟု ပြောကြသည်၊ အချို့ကတော့ ပေါင်းရသင်းရကျပ်သည်ဟု ပြောကြသည်၊ ဘယ်သူတွေ ဘာပြောပြော ဦးအောင်ထွန်းမြင့်ကတော့ သူ၏ရုံးအုပ်ကြီးကို လက်မလွှတ်နိုင်ချေ၊ 'အလုပ်ကိုတော့ တကယ်နိုင်တဲ့သူ'ဟုလည်း ချီးကျူးတတ်သေးသည်။

ကိုရေအေး၏မိခင်ကတော့ သူ၏သားတော်မောင်ကို 'ရေအေးဆိုတဲ့ကောင်က သူ့ပါးစပ်ထဲလက်ညှိုးထည့်ရင်တောင် ကိုက်မှာမဟုတ်ဘူး၊ မကိုက်တတ်လို့တော့ ဟုတ်မယ်မထင်ပါဘူးဟယ်၊ ကိုက်ရမှာ ပျင်းလို့နေမှာပါ' ဟု ပြောဖူးလေသည်။

စိန်ရွှေမြသည် အနီရေအေး၊ ကိုရေအေး၏ချစ်လှစွာသော ဇနီးဖြစ်လေသည်။

ကိုရေအေးကို ပျင်းသည်ဟု ပြောလျှင် တစ်ဝက်မှန်၍ တစ်ဝက်ကတော့ မှားမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူက သူ့အလုပ်မဟုတ်ဟု ယူဆလျှင်သော်လည်းကောင်း၊ သူ မလုပ်ချင်လျှင်သော်လည်းကောင်း လုံးဝမလုပ်ဘဲ နေစိမ့်သူဖြစ်သည်။ သို့သော် သူ၏ရုံးလုပ်ငန်းနှင့် သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သော စာရင်းဇယားနှင့်စည်းကမ်းကိုကျတော့ အထူးနိုင်နင်းစွာ စိတ်ဝင်စားစွာ ပြုလုပ်တတ်သူ ဖြစ်လေသည်။

ယခုလည်းကြည့်၊ မီးချောင်းမလင်းဘဲဖြစ်နေသည်ကို သူက သူ့အလုပ်မဟုတ်ဟု ယူဆဟန်တူသည်။ မိန်းမက ခုံပေါ်တက်ပြီး လှည့်နေချိန်တွင် သူက အေးအေးဆေးဆေး ဆေးလိပ်ဖွာနေလေသည်။

'ဟာ အစ်မ၊ ဘာလုပ်နေတာလဲ၊ လိမ့်ကျတော့မှာပဲ၊ ဖယ် ဖယ်'

အိမ်ပေါ်သို့လှမ်းတက်လာသော ယောက်ဖတော် ကြံတိုင်းအောင်က သူ့အစ်မနား ပြေးကပ်သွားသည်၊ သူ့အစ်မကို ခုံပေါ်မှဆွဲချကာ သူက ခုံပေါ်တက်ပြီး လှည့်ပေးသည်၊ ခဏနေတော့ မီးချောင်းက တဖျပ်ဖျပ်နှင့် မျက်တောင်ခတ်လာကာ ဖျတ်ခနဲ လင်းသွားလေသည်။

'ဟဲ့ နင် အခုဟန်ကျနေပြီဆို'

ယပ်တောင်တစ်ချောင်းကို ဆွဲကာ ယပ်ခတ်ရင်း စိန်ရွှေမြက ကြမ်းပေါ်တွင်ထိုင်ချသည်၊ နို့စို့ချင်၍ တဟင့်ဟင့်လုပ်နေသော အငယ်ကောင်ကိုတော့ မသိမသာတွန်းထုတ်လိုက်သည်။ 'တော်တော့၊ နင့်ကို နို့ဖြတ်တော့မယ်'ဟု ပြောလိုက်တော့ အငယ်ကောင်က ခြေထောက်ချင်း ပွတ်ကာ ငိုမည့်ဟန်ပြင်သည်။

'ဟန်ကျလို့တော့ မဟုတ်သေးပါဘူးအစ်မရာ၊ ဒါပေမယ့် အများကြီး အသက်ရှုချောင်သွားတာပေါ့'

'နင့်အလုပ်က ဘာတဲ့လဲဟဲ့'

'စတိုကီပါတဲ့၊ ဂိုဒေါင်စောင့်လို့များ ခေါ်ရမလား မသိပါဘူး'

'ဘာလဲ နင်က ညမအိပ်ဘဲ စောင့်ပေးနေရတာလား'

စိန်ရွှေမြက ပြူးတူးပြဲတဲ မေးသည်၊ မောင်ကလေး တစ်ယောက်တည်းဖြစ်သည့်အပြင် အငယ်ဆုံးလည်းဖြစ်တော့ သူက ကြံတိုင်းအောင်ကို အတော်ချစ်သည်၊ သက်သက်သာသာ ချောင်ချောင်လည်လည် ရှိစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး အစ်မရ၊ ဆိုင်အတွက် ဂိုဒေါင်ထဲမှာ သိမ်းထားတဲ့ ပစ္စည်းတွေက အများကြီးလေ၊ ပစ္စည်းစုံ အမယ်စုံ ရှိတယ်၊ အဲဒါကို စာရင်းအင်းနဲ့ အသေအချာ မှတ်ရတာ၊ အထုတ် အသွင်း လက်ကျန် စာရင်းပေါ့၊ ပစ္စည်းနဲ့ စာရင်းကိုက်အောင်တော့ အမြဲ သတိထားနေရတယ်လေ'

'တော်သေးတာပေါ့ဟယ်၊ ငါက နင် ညစောင့်ဒရဝမ်များ လုပ်နေရလားလို့'

'ညကျတော့စောင့်တဲ့သူသတ်သတ်ရှိပါတယ် အစ်မရ၊ အဆင်ပြေသွားတာက ဂိုဒေါင်ဘေးက တန်းလျားလေးမှာ ကျွန်တော်တို့ကို နေခွင့်ပေးတာပဲ'

သူတို့ကံကောင်းသွားပုံကို ပြန်ပြီးတွေးမိတိုင်း ကြံတိုင်းအောင်သည် ဖေးမခဲ့သော ကံတရားကိုသာမက သူဌေးကတော်လုလုကလေးကိုပါ ကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိသည်။ သူဌေးကတော်လေးက သူတို့၏အကြောင်းကို အစမှအဆုံး တည်ငြိမ်သောမျက်နှာလေးနှင့် နားထောင်သည်၊ ထို့နောက် တယ်လီဖုန်းလေးတစ်ချက် ကောက်လှည့်လိုက်သည်၊ ကြံတိုင်းအောင်လည်း ချက်ချင်းအလုပ်ရသွားလေသည်။

အတိုင်းထက်အလွန် အဆင်ပြေသွားသည်က နေစရာ နေရာကလေးကိုပါ စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ သစ်ကြမ်းဝါးကြမ်းနှင့် ခပ်ကြမ်းကြမ်း ဆောက်ထားသော တန်းလျားလေးပင်ဖြစ်သော်လည်း သူတို့ နှစ်ဦးအတွက်တော့ တကယ့်ကို နိဗ္ဗာန်ဘုံပင်။

'နေပါဦး နင်က ငါ့ဆီ မလာစဖူး အလာထူးလိုက်တာ၊ ဘာကိစ္စ ရှိလို့လဲ'

စိန်ရွှေမြက သူ့မောင်ကို ဘာလေးများ ကျွေးစရာရှိလဲဟု စဉ်းစားသည်။ ခုနတုန်းကပင် တစ်အိမ်လုံး ကလေးလေးယောက်ပါ မကျန်စားသောက်ပြီး အိုးတွေခွက်တွေပင် မှောက်ထားပြီးပြီမို့ ဘာဆို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မကျန်တော့ချေ။ ဩော် ကော်ဖီမစ်လေး နှစ်ထုပ်တော့ ရှိနေသည်။

'ဟဲ့ နင် ကော်ဖီသောက်မလား'

'မသောက်တော့ပါဘူး အစ်မရာ၊ ဟိုဟာ မေးချင်လို့'

'ဘာလဲဟဲ့'

ကြံတိုင်းအောင်က ရယ်သည်။ တဟင့်ဟင့်နှင့် ခြေထောက်ချင်း ပွတ်ကာ အီနေသော အငယ်ကောင်ကို လှမ်းဆွဲကာ ပေါင်ပေါ်တင်သည်၊ မကြည်မလင်ဖြစ်နေသော အငယ်ကောင်က ပေါင်ပေါ်တွင် မနေ၊ အတင်းလျှောပြီး ပြန်ဆင်းသည်။

'မေ့ နို့ နို့'

'ဘာ နို့ နို့လဲ၊ မစို့ရတော့ဘူး ပြောထားတယ် မဟုတ်လား'

'တိုက်လိုက်စမ်းပါ အစ်မရာ၊ သနားပါတယ်'

ကြံတိုင်းအောင်က အငယ်ကောင်ကို သူ့အမေနား တွန်းပို့ပေးလိုက်သည်၊ စိန်ရွှေမြက ခပ်ကြမ်းကြမ်း လှမ်းဆွဲပြီး ရင်ခွင်ထဲ ထည့်လိုက်သည်။ နို့လှန်မတိုက်မီ တင်ပါးကိုတစ်ချက်ရိုက်လိုက်သော်လည်း အငယ်ကောင်က မငိုချေ၊ သူလိုချင်တာရတော့မည်မို့ သွားလေး နှစ်ချောင်း ပေါ်အောင် တဟင့်ဟင့်နှင့် ရယ်နေသည်။

'ဟဲ့ ဘာမေးမှာလဲ'

'ဟိုဟာပါ ကလေးမွေးလာရင် ကလေးမှာ လေမပါအောင်လို့ ဘာဆေးသောက်ရလဲလို့ပါ၊ လေပါလာတဲ့ကလေးတွေဆိုရင် လေထိုးတတ်တယ်ဆို၊ တအားငိုတတ်တယ်ဆို'

'အမလေးဟဲ့ ကလေးအဖေကြီးရဲ့'

စိန်ရွှေမြက သဘောကျစွာရယ်မောရင်း သူ၏လင်တော်မောင်ကိုရေအေးကို မျက်စောင်းခဲလိုက်မိသည်။ ကိုရေအေးဟူသည့် သူ့ယောက်ျားသည် မမွေးသေးသောကလေးကို မဆိုထားနှင့်၊ မွေးပြီးသားကလေးများအတွက်ပင် တစ်ခါမျှ ပူပူပင်ပင် မရှိခဲ့ဖူးချေ။

www.burmeseclassic.com

www.burmeseclassic.com



'ငါ သောက်တာကတော့ ကမ္ဘာ့ဇလေနှင်ဆေး ဆိုတာပဲ၊ ဒါပေမယ့် အဲဒါက လရင့်မှ သောက်ရတာ၊ နှင့်မိန်းမက ဘယ်နှစ်လ ရှိနေလို့လဲ'

'အဟီး သုံးလ'

'ဟဲ့ ဒီလိုဆို နှင့်မိန်းမနဲ့ ငါနဲ့ တစ်ချိန်ထဲများ မွေးနေမလားပဲ'

'ဩော် အစ်မမှာလည်း ကလေးရှိနေလား'

ကြံတိုင်းအောင်က အံ့ဩသလို မေးသည်၊ သူ့အစ်မကို သူက ကိုယ်ဝန်ရှိနေမှန်းပင် မသိချေ။

မသိသည်ကလည်း သူ့အပြစ်တော့ မဟုတ်ချေ၊ စိန်ရွှေမြက ပထမတစ်သားကတည်းက ဗိုက်ကြောတွေတအားပြတ်ခဲ့သည်။ ဒီတော့လည်း သူ့ဗိုက်က လျော့ကျနေသော ဘောင်းဘီသားရေကြိုးများလို ပြန်ပြီး တင်းတင်းရင်းရင်း ချပ်ချပ်ရပ်ရပ် မဖြစ်တော့ပေ။ လေးလဗိုက်လောက်တော့ အမြဲပူနေရာ ကိုယ်ဝန်ရှိ၍ ရှိနေမှန်းပင် မသိသာအောင် ဖြစ်နေလေသည်။

'နွေးနွေးကတော့ အော့လိုက် အန်လိုက် မူးလိုက် ဝေလိုက်နဲ့ ဘာမှ မစားချင်ဘူး၊ ဆီဆိုရင်လည်း အနံ့တောင် မခံနိုင်ဘူး၊ အစ်မရော ထမင်းစားနိုင်လား'

'အဲဒါ ဗိုက်ကြီးနာထတာဟဲ့၊ ငါကတော့ ကိုယ့်ကိုယ်ကို မဝင်ဝင်အောင် ကြံဖန်ကျွေးရတာပဲ၊ သုံးလကျော် လေးလထဲရောက်တော့ ကောင်းသွားမှာပါ၊ အဲဒီကျတော့ ထမင်းစားလို့ ကောင်းလိုက်တာမှ ထောင်းသိပ်သလိုပဲ'

'နွေးနွေးက သားဦးမို့လား မသိပါဘူး၊ နုံးခွေနေတာပဲ၊ အားလည်း ပျော့လှပြီ'

'ဒါကတော့ မိန်းမရယ်လို့ဖြစ်လာရင် မလွှဲသာ မရှောင်သာ ခံရမယ့် ဒုက္ခပဲ၊ ယုယမယ့်သူရှိတဲ့လူ ကျတော့လည်း ချွဲလို့ကောင်းတာပေါ့ဟယ်၊ ငါတို့များကျတော့လည်း ထုသားပေသားကျနေပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အိမ်မှ ငှားလာသော ဂျာနယ်တစ်စောင်ကို အစမှ အဆုံး အလွတ်ရအောင်ဖတ်နေသော ကိုရေအေးအား မစောင်းတစောင်း ကြည့်ရင်း စိန်ရွှေမြက ခပ်ငေါ့ငေါ့ပြောသည်၊ အူရှင်နေသော ကြံတိုင်းအောင် ကတော့ တဟဲဟဲ ရယ်နေလေသည်၊ ခဏနေတော့ 'နွေးနွေးကို တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချဘူးဗျ' ဟု ပြောကာ ပြန်သွားလေသည်။

စိန်ရွှေမြသည် ကြံတိုင်းအောင်နောက်ကျောကို မျှော်ကြည့်ရင်း 'နွေးနွေးဆိုတဲ့ ကောင်မလေး ကံကောင်းပါတယ်ဟယ်' ဟု တွေးနေမိသည်။ လင်ယောကျာ်း၏ နေရာထားမှု၊ ဂရုတစိုက်ရှိမှု၊ ချစ်ခင်ကြင်နာမှုကို ခံယူရခြင်းသည် မိန်းမသားတို့အတွက် ကံတရားကပေးသော ဆုလာဘ်ကြီးတစ်ခုပင် ဖြစ်လေသည်။

သူကတော့ ကလေး လေးကောင် မွေးဖူးပြီးပြီ၊ နောက်ထပ် တစ်ဗိုက်လည်း ရှိနေပြီ၊ သို့သော် ကိုရေအေးဟူသည့် သူ၏အိမ်ဦးနတ်ကြီးက သူ့အတွက်ရော၊ ကလေးတွေအတွက်ရော တစ်ခါမျှ မပူပင်ခဲ့ဖူးချေ၊ မွေးရန်မပူသလို ကျွေးရန်လည်း မပူချေ။ သူ့ကလေးတွေကလည်း 'ဆာ'ဘွဲ့ရထားသူများမို့ (အချိန်ပြည့် ဆာနေသောကြောင့် ကိုရေအေးက ဆာဘွဲ့တွေ တသီကြီး ပေးထားခြင်းဖြစ်သည်) မနက်မိုးလင်းသည်နှင့် 'အမေ့ ဆာတယ်' ဟု အရင်ဆုံး ကြွေးကြော်တတ်ကြသူများ ဖြစ်သည်။ ကိုရေအေးကတော့ သူ့ထုံးစံအတိုင်း 'လူထွင်းတဲ့ ခံတွင်း မဟုတ်ပါဘူး၊ နတ်ထွင်းတဲ့ ခံတွင်းပါကွာ' ဟု ခပ်အေးအေး ပြောတတ်သည်။ သို့ပါသော်လည်း ဘယ်နတ်ဒေဝတာကမှ ဘိန်းမုန့်လေးတစ်ပိုင်း၊ ခေါက်မုန့်လေးတစ်ချပ်တလေပင် လာ၍မစွန့်ကြဲသည်က ခက်လှသည်။

တစ်နေ့တုန်းကတော့ သားကြီးက 'အမေ့ တိုကျိုကြက်ကြော် ဆိုတာ စားဖူးချင်လိုက်တာဗျာ' ဟု ပူဆာသည်၊ အလတ်မကတော့ 'ကိုကာဆူကီ' စားချင်သည်တဲ့၊ သူက ကြော်ငြာထဲတွင် ထက်ထက်မိုး

www.burmeseclassic.com



ဇွန်းနှင့် ဆယ်လိုက်သော ကဏန်းကောင်နီနီရဲရဲကြီးကို ကိုကာဆူကီဟု ထင်နေခြင်း ဖြစ်လေသည်။ နို့ညှာကောင်ကတော့ အိန္ဒြာကျော်ဇင်က ကောင်ကလေးကို ပြွတ်ခနဲ နမ်းလိုက်သည့် အချိုရည်ဘူးကိုမှ သောက်ချင်သည်တဲ့၊ ကဲ ထိုအလိုဆန္ဒတွေကို သူဘယ်လို ဘယ်ပုံ ဖြည့်ဆည်းပေးနိုင်ပါမည်နည်း။

ကလေးတွေ တမ်းတမ်းတတ ပူဆာသည်ကို 'တော်စမ်းပါဟယ်' 'နေစမ်းပါဟဲ့' နှင့် အော်နေငေါက်နေရသော်လည်း မိခင်တို့၏ နှလုံးသားကတော့ တတ်အားသမျှ ဖြည့်စွမ်းပေးချင်သည်။ ဖခင်ဖြစ်သူကို အားကိုးရမလားဟု ကြည့်လိုက်လျှင်လည်း ဆေးလိပ်ဖွာချင်ဖွာ၊ မဖွာလျှင် ဂျာနယ်ဖတ်၊ ဒီနှစ်ခုကလွဲလို့ သူမလုပ်တတ်၊ သြော် မေ့လို့၊ သူလုပ်တတ်တာ နောက်တစ်ခုရှိသေးသည်။

'ပျင်းတယ်ဆိုရင်လည်း နေရာတကာ ပျင်းပေ့ါတော်၊ အခုတော့ ကျုပ်မှာ တစ်ဗိုက်ပြီးတစ်ဗိုက်'

တစ်ခါတလေတော့ စိန်ရွှေမြက ထိုသို့ပင် ခပ်ရိုင်းရိုင်း ပြောမိတတ်သည်၊ ဒီနောက်ဆုံး ကိုယ်ဝန်ကလည်း 'ဝေးဝေးနေစမ်းပါတော်၊ လင်စိတ်သားစိတ်တွေ ကုန်လွန်းလို့' ဟု တစာစာပြောနေသည့် အထဲမှ ရလာခြင်း ဖြစ်သည်။ သားဆက်ခြားရန် အသေအချာ အကာအကွယ်ယူသင့်သော်လည်း မယူမိသည်ကတော့ ကိုယ့်အပြစ်နှင့်ကိုယ်ပင်၊ ဒါက နှစ်ယောက်စလုံးနှင့်ဆိုင်သော်လည်း စိန်ရွှေမြကတော့ ထုံးစံအတိုင်း ကိုရေအေးကိုပင် အပြစ်ဖို့သည်။ ကိုရေအေးကတော့ ဘယ်နှစ်ယောက်လာလာ၊ တားချင်သူမဟုတ်၊ 'သားသမီးဆိုတာ ကိုယ်နဲ့ထိုက်လို့ရတဲ့ ရတနာပဲ၊ အဲဒါကမှ တကယ့်ရတနာ၊ တချို့တွေများ လိုချင်လိုက်တာ သေလုရော၊ တစ်ယောက်တလေတောင် ရလို့လား'ဟုတွင်တွင်ပြောတတ်သည်။ ကိုယ့်ဘက်က တားဖို့ စဉ်းစားတော့လည်း ဆေးထိုးဖို့လည်း နှမြော၊ ဆေးသောက်ဖို့လည်း မေ့နှင့်မို့ အဆင်မပြေလှချေ။ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



မွေးပြီးလျှင်တော့ လျှောက်လွှာတင်ပြီး သားကြောဖြတ်မှ ဖြစ်တော့မည်ဟု စဉ်းစားနေမိရင်း သူ့မိန်းမ စား၍သောက်၍မကောင်းသည်ကို ပူပူပင်ပင်ဖြစ်နေသော ကြံတိုင်းအောင်အားသတိရသည်။ ထို့နောက် 'ငါ့ယောက်ျားကတော့ ဘယ်တော့မှမပူ၊ မပူရေးချမပူတဲ့အထဲကပဲ မွေးဖို့လည်းမပူ၊ ကျွေးဖို့လည်းမပူ၊ ထမင်းငတ်ပြီး သေကုန်ရင်တောင် ပူမှာမဟုတ်ပါဘူး' ဟု တွေးရင်း ရင်ထဲမှ မကျေနပ်စိတ် အစိုင်အခဲက ပေါက်ကွဲရန် အရှိန်ယူလာလေသည်။

'သူများယောက်ျားတွေများ တော်လိုက်တာ၊ ငါ့ယောက်မကလေး ကံကောင်းလိုက်တာဟဲ့'

နို့ဝသွားပြီဖြစ်သော အငယ်ကောင်ကို ရင်ခွင်ထဲမှ တွန်းထုတ်လိုက်ရင်း စိန်ရွှေမြက စပြီး တိုက်စစ်ဆင်သည်၊ ကိုရေအေးကတော့ မကြားချင်ဟန် ဆောင်နေသည်။

'ကြည့်ပါဦး၊ သိတတ်လိုက်တာများ၊ ခုချိန်ကစပြီး ပူပင်နေရှာတာ၊ ကလေးမှာ လေပါမှာစိုးလို့တဲ့၊ ဘာဆေးစားထားရမလဲတဲ့၊ ဟင်းဟင်း ကွာပဲ့ ကွာပဲ့၊ ကျုပ်တို့ယောက်ျားနဲ့များကိုး ဆယ်ဆကွာပဲ့'

တည့်တည့်ကြီး တိုက်ခိုက်လာတော့ ကိုရေအေးခမျာ မနေသာရှာတော့ပေ။ ဆေးလိပ်ကို အငွေ့တချောင်းချောင်းထအောင် ဖွာလိုက်ရင်း ချောင်းဟန့်သည်၊ နဂါးမျက်စောင်းနှင့် ကြည့်နေသောမိန်းမကို ဂဠုန်တို့၏ကြွေနှင့် အထက်ဆီးမှ ပြန်ကြည့်သည်။

'အဲဒါ ယောက်ျားအလုပ် မဟုတ်ဘူးဟ၊ ကလေးလေပါတာ မပါတာ ယောက်ျားနဲ့ ဘာဆိုင်လဲ'

'သြော် ဒီလိုဆို မီးချောင်းကျွမ်းလို့ ခုံနှစ်ခုံဆင့်တက်ပြီး လဲရတာရော'

ကိုရေအေး ငြိမ်သွားသည်၊ ရုတ်တရက် ဘာပြန်ပြောရမည်မသိဘဲ စဉ်းစားနေချိန်တွင် စိန်ရွှေမြက မော်တာနှင့်ထုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အိမ်အမိုးသွပ်တွေ ပေါက်နေလို့ ပွဲလျက်နဲ့ တက်ဖာရတာက ရော ယောက်ျားနဲ့ မဆိုင်ဘူးလား'

'ဟ ရုံးပိတ်ရက်ထိအောင်တော့ စောင့်ဦးမှပေါ့၊ နင့်ဟာနင် လူမြင်မကောင်း သူမြင်မကောင်း မနေနိုင်မထိုင်နိုင် လုပ်တာ၊ မိန်းမ တန်မယ့် ခေါင်မိုးပေါ် ကျော်ခွတက်တာ'

'ဩော မကျော်လို့ မခွလို့ရမလား၊ အိမ်ထဲမှာ မိုးရေတွေ တဖြုန်းဖြုန်းကျပြီး ရေမျောနေတာ၊ အိပ်စရာနေရာတောင် မလွတ်ဘူး၊ ရုံးပိတ်ရက်အထိ မအိပ်ဘဲ ငုတ်တုတ်ထိုင်စောင့်ကြရမှာလား၊ ဒီလောက် တောင် ရွှဲရွှဲစိုနေတာ မြင်လည်းမြင် သိလည်းသိရက်နဲ့ မျက်စိစုံမှိတ်ပြီး ဆေးလိပ်ဖွာနေဖို့ပဲ တတ်တဲ့ ယောက်ျား'

မကျေနပ်စိတ်အရင်းခံ အကျိတ်အခဲက တော်တော်လေးကြီး နေတော့ စိန်ရွှေမြက ခုနစ်သံချီပြီး ဟစ်လေသည်။

'ဟေ့ ဆေးလိပ်ဖွာတာကို ထည့်မပြောနဲ့'

'ပြောတော့ ဘာဖြစ်လဲ'

'ငါ အရက်မသောက်ဘူး'

'သိတယ်'

'ဖဲမရိုက်၊ ဆေးမရှုဘူး'

'သိတယ် သိတယ်'

'အပျော်အပါးလည်း မလိုက်ဘူး'

'ဟာ ဟ၊ လိုက်စရာ ပိုက်ဆံကလည်း ပေါရှာတာကိုး'

'ဒီလောက်ကောင်းတဲ့ ယောက်ျားကို ကျေးဇူးမတင်ဘဲ နင်က'

ကိုယ်ကိုယ်တိုင်က နှစ်ပြားပင်မတန်သေးဘဲ(ကိုရေခဲက ထို သို့ပင် ယူဆသည်) မိန်းမခိုးပြေးသော ယောက်ဖကို သူက နည်းနည်းမှ အထင်မကြီးချေ။ ထိုယောက်ဖက အခုတော့ မိန်းမထဘီအနားတွင် ပျာယာခတ်အောင် လူးလွန့်နေပြန်သည်၊ ထိုသို့သော ယောက်ဖနှင့်မှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ယုဉ်ယှဉ်ပြီး အထင်သေး အမြင်သေးစကားတွေ ပြောနေတော့ ကိုရေအေးက ဒေါသတွေ မကြီးစဖူး ကြီးနေသည်။ အမြဲတမ်း ဒေါသကြီး နေကျ စိန်ရွှေမြကတော့ ပြောမနေနိုင်တော့၊ ကိုရေအေး၏မျက်နှာကို ကုတ်ဖဲ့ပြီး ဆုတ်ဆွဲပစ်လိုက်ချင်သည်။ ကျောကုန်းကြီးကိုလည်း တဝုန်းဝုန်းနှင့် ထုရိုက်ပြီး ချိုးချေပစ်လိုက်ချင်သည်။ ထို့ကြောင့်လည်း ပတ်ဝန်းကျင်ကို မရှက်နိုင်ဘဲ အသံကုန်ဟစ်တင်ပစ်လိုက်သည်။

'ရှင် အရက်သောက်ချင်လို့လား၊ သောက်စမ်းပါ၊ သောက်ပစ်လိုက်စမ်းပါ၊ ဘိန်းရှူချင်လည်းရှူ၊ အပျော်လိုက်ချင်လည်းလိုက်၊ လုပ်ချင်တာ လုပ် အကုန်လုပ်၊ ကျုပ်ခွင့်လွှတ်ပါတယ်၊ ကျုပ်ကိုသာ အိမ်စရိတ် လောက်အောင်ရှာပေးပါ၊ ကျုပ် အကုန်လုံးကို ကြောင်တောင်ကြည့်နေပါ့မယ်၊ ဦးရေအေးဆိုတဲ့ ယောကျ်ားကောင်းအတောင်နှစ်ဆယ်ကြီးရဲ့'

စိန်ရွှေမြက ချက်ကောင်းကိုမှ တည့်တည့်ရွေးပြီး ငရုတ်ကျည်ပွေ့နှင့် ထုသည်။

'အပြင်က လေးကောင်ကို ဝအောင်ကျွေးဖို့ အရင်ရှာပေးပါ ဦးရေအေးရဲ့၊ နောက်ထပ်လေးကောင် ထပ်မွေးပေးပါ့မယ်၊ အခုတော့ ဟီး အခုတော့ နောက်တစ်ဖိုက် ရှင်အကြောထတဲ့ နောက် တစ်ဖိုက်'

'ဟ တိုးတိုးဟ တိုးတိုး'

ကိုရေအေးက ကပျာကယာတားသည်၊ ဒီစိန်ရွှေမြဟူသည့် မိန်းမက သိပ်ပြီး အရှက်ရှိသည်မဟုတ်၊ ပါးစပ်ကလည်း ကြမ်း၊ ရိုင်းကလည်း ရိုင်းဆိုတော့ သူ့ပါးစပ်ကိုတော့ လန့်သည်။

'အို မတိုးနိုင်ဘူး'

'နင် မရှက်ဘူးလား'

'မရှက်ပါဘူး ဘာလို့ ရှက်ရမှာလဲ'

စိန်ရွှေမြက အင်္ကျီလက်မောင်းစနှင့် မျက်ရည်သုတ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



မတိုးနိုင်ဘူးဟု ပြောသော်လည်း သူ့အသံက ချက်ချင်းတိုးသွားသည်၊ ခုလောက်ဆိုလျှင် ဟိုဘက်အိမ် ဒီဘက်အိမ်တွေက နားစွင့်နေကြလောက်ပြီကို သူသိသည်။ ကိုရေအေးက ဘယ်လိုပြောတာပဲ၊ စိန်ရွှေမြက ဘယ်လို အော်တာပဲနှင့် နောက်တစ်နေ့ပြန်ပြောစရာ သတင်းအချက်အလက်များ စုဆောင်းနေကြလောက်ပြီ ဆိုသည်ကိုလည်း သူသိသည်၊ ထို့ကြောင့် သတိလက်လွတ်လျှင်သာ အော်မိ ဟစ်မိပြီး သတိဝင်သည်နှင့် ချက်ချင်း ပြန်ပြီးဆင်ခြင်မိသည်။ ဒါတောင် ဒေါသက မပြေသေးတော့ ပွစိပွစိနှင့် ပြောဖြစ်အောင်တော့ ပြောနေမိသေးလေသည်။

'ဒီတစ်ဗိုက်ကို ဘယ်လိုမွေးပြီး ဘယ်လိုကျွေးကြရဦးမှာလဲ ဟင်၊ တော်ကြာနေ တစ်ကောင်ပြီး တစ်ကောင် ကျောင်းထားရဦးမယ်၊ ခဲတံတွေ ဗလာစာအုပ်တွေကလည်း ဈေးတက်လိုက်တာလွန်လို့၊ အိမ်မှာ ဖြင့် စားဖို့တောင် အနိုင်နိုင်၊ ကျုပ်အဖေကြီး လေဖြတ်နေတာတောင် ကိုယ်က သမီးကြီးရယ်လို့ တစ်ပြားတစ်ချပ်မှ မထောက်နိုင်ဘူး၊ ဒီကြားထဲ အမေက မနေနိုင်လို့ ခိုးဝှက်ပေးနေတာကိုတောင် မျက်နှာပြောင် တိုက်ပြီး ယူနေရသေးတယ်၊ အရင်တစ်ပတ်ကလည်း မိဘအိမ်သွားတယ်လို့ ငှက်ပျောသီးလေးတစ်ဖီးတောင် ဝယ်မသွားနိုင်ပါဘူး၊ အမေကသာ မမျိုးတို့မသိအောင် နှစ်ရာတန်တစ်ချပ်ကို ပိုက်ဆံအိတ်ထဲ ထည့်ပေးလိုက်ရသေးတယ်၊ ရှော့ ငါ့သမီး၊ ကလေးတွေမုန့်ဖိုးလေး ယူသွားတဲ့၊ နောက်ပြီး ဝမ်းဒါးပေါင်မုန့်လေးက သုံးချပ်၊ ကော်ဖီမစ်ကလေးက နှစ်ထုပ်၊ သူစားဖို့ ပေးထားတာလေးတွေကို မစားရက်ဘဲကျိတ်ပြီးပေးပေးရှာ'

စိန်ရွှေမြက ဆို့နင့်လာပြီး မျက်ရည်တွေ စီးကျလာသည်၊ မျက်ရည်သုတ်ရင်း သူ၏အိမ်ဦးနတ်ကြီးကို စောင်းကြည့်လိုက်တော့ ဘယ်အချိန်က ထွက်သွားသည်မသိ၊ အနားတွင်ပင် မတွေ့ရတော့ပေ။

*

www.burmeseclassic.com

www.burmeseclassic.com

မော်ဘီမြို့အလွန်တွင် ကားလမ်းမကြီးမှ ညာဘက်ထဲသို့ ဖဲ့ဆင်းသွားသော မြေနီလမ်းကလေး တစ်သွယ်ရှိသည်။ ချိုင့်တွေ ခွက်တွေ များသော်လည်း ကားမောင်း၍တော့ ရလေသည်။ တစ်မိုင်ခွဲခန့် ဝင်မိလျှင် သီးပင်စားပင်များကို စုံလင်စွာ စိုက်ထားသော ခြံတစ်ခြံကို တွေ့ရမည်ဖြစ်သည်၊ လေးဧကခန့်ရှိသော ခြံကို နေရာလပ်မကျန်ရအောင် စနစ်တကျ စိုက်ပျိုးထားကြသူများကတော့ အမေချစ်တို့မိသားစု ဖြစ်လေသည်။

သူ၏သားကလေး ငါးနှစ်သားအရွယ်ကတည်းက မုဆိုးမဖြစ်ခဲ့သော အမေချစ်သည် သူ့ဘဝတစ်ခုလုံးကို ထိုခြံထဲတွင်ပင် မြုပ်နှံထားခဲ့သည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ သူများအရေးတွေကို သူ ဘာဆိုဘာမှ မသိ၊ ဘာကိုမှလည်း စိတ်မဝင်စားပေ။ သူစိတ်ဝင်စား အရေးထားသည်က သူ့သားကိုလှမောင်နှင့် သူ့ခြံထဲမှ သီးပင်စားပင် ပန်းပင်ပန်းပွင့်များကိုသာ ဖြစ်သည်။

အခုနောက်ပိုင်းတော့ သူ စိတ်ဝင်စားသည်မှာ နောက်ထပ်တစ်ဦးကနေပြီး နှစ်ဦးဖြစ်လာပြီ ဖြစ်သည်။ ပထမတစ်ဦးက သူ၏ ချွေးမ မခင်အေးဖြစ်ပြီး၊ နောက်တစ်ဦးကတော့ သူ၏မြေးမလေး 'သက်ဝေ' ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးလက်ထပ်ပြီးသည့် နောက်ပိုင်းတွင် မခင်အေးသည် ကိုလှမောင်ကို ပို၍အားကိုးလာမိသလို ပို၍လည်း ချစ်လာလေသည်။ ကိုလှမောင်သည် သူ၏ဘဝကို လုံခြုံနွေးထွေးစေရုံမျှမက ပျော်ရွှင် ချမ်းမြေ့မှုကိုလည်း ပေးခဲ့လေသည်။

မခင်အေးသည် သူငယ်စဉ်ကတည်းက ဆုံးသွားသော ဖခင်ဖြစ်သူကို ကောင်းစွာ မမှတ်မိပေ။ သူ့တစ်သက်တာတွင် အရင်းနှီးဆုံးယောကျ်ားသားအဖြစ် အစ်ကိုဖြစ်သူ ကိုရေအေးသာ ရှိခဲ့သည်။

အမေက မုဆိုးမ၊ ညီမကလည်း ကိုယ့်ထက်အငယ်၊ အားနွဲ့သူမိန်းကလေး ဖြစ်သော်လည်း အစ်ကိုရေအေးသည် အိမ်အလုပ်များကို ကူညီလေ့မရှိပေ။ ထင်းပေါက် ရေခပ် ခြံရှင်းစသောအလုပ်များကို သူနှင့်မဆိုင်သလို ဘာသိဘာသာ နေစိမ့်လှသည်။ သို့သော် သူက ကျောင်းစာကျတော့ တော်လှသည်၊ ဟိုစပ်စပ် ဒီစပ်စပ်နှင့် စာအစုံဖတ်တော့ ပြင်ပဗဟုသုတလည်း စုံသည်၊ ဒီတော့လည်း လမ်းထဲမှာပါမက အရပ်ထဲမှာပါ 'ဆရာကြီး' စာရင်းဝင်သူ ဖြစ်လေသည်။

အမေကတော့ 'ငါ့သား ရေအေးဆိုတဲ့ကောင်က ပျင်းပေမယ့် မဖျင်းပါဘူး၊ လူတော်ပါပဲ' ဟု မကြာခဏ ချီးကျူးတတ်သည်။ အိမ်အလုပ်တွေကိုတော့ သူ့ကို ဘေးမဲ့ပေးထားကာ သားအမိနှစ်ယောက်ကျုံးပြီးလုပ်ကြရသည်။

'ရေအေးက နင့်အဖေနဲ့ ရုပ်တင်တူတာမဟုတ်ဘူး၊ စိတ်ပါတူပြီး သူဌေးသားဉာဏ်တွေပါနေတာ၊ ခက်တာက သူက သူဌေးသားမှမဟုတ်တာပဲ'

'ဒီလိုဆို အဖေကတော့ သူဌေးသားလားဟင်'

မခင်အေးကမေးလျှင် အမေက ဘာမှမပြောဘဲ ခပ်ငေးငေးဖြစ်သွားတတ်သည်၊ ထို့ကြောင့် မခင်အေးသည် သူ့ဖခင်၏အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် 'ဦးတင်မောင်ကြီး' ဟူသည်က လွဲ၍ ဘာမျှ မသိခဲ့ရပေ။ အစ်ကို ရေအေးကတော့ 'နင် အဖေ့ကို မြင်ဖူးချင်ရင် ငါ့ကို ကြည့်လေ၊ အဖေ့ကို ကန်တော့ချင်ရင်လည်း ငါ့ကိုပဲ ကန်တော့ပေါ့၊ အမေက ပြောတယ် မဟုတ်လား၊ ငါက အဖေနဲ့ သိပ်တူတာ၊ ချွတ်စွပ်ပဲတဲ့' ဟု ရယ်မော၍ ပြောတတ်သည်။

ကိုရေအေးအိမ်ထောင်ကျသွားပြီး သုံးနှစ်လောက်နေတော့ အမေက မခင်အေးအား ကိုလှမောင်နှင့် နေရာချပေးသည်။ ကိုလှမောင်တို့ သားအမိက ခြံအလုပ်ကို ဝါသနာလည်းပါ၊ နားလည်းလည်တော့ ဇယ်ဆက်သလို လုပ်တတ်ကြသည်။ သူတို့၏လက်နှစ်ဖက်သည် ဘယ်တော့မှ အားမနေတတ်၊ ရာသီပင်တွေကို စိုက်လိုက်၊ ရာသီပန်းတွေ ပျိုးလိုက်၊ နှစ်ရှည်ပင်တွေခူးလိုက်နှင့် သူတို့သားအမိ တကုပ်ကုပ် လုပ်သမျှသည် စားလောက်ရုံမျှမက လျှံ၍ပင် နေသေးသည်။

တစ်သက်လုံး အနီးကပ်ဆုံးနေခဲ့ရသော အစ်ကိုဖြစ်သူက လက်ကြောမတင်းခဲ့လေတော့ ကိုလှမောင်တို့သားအမိကို ကြည့်ရသည်မှာ မခင်အေးအဖို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတော့သည်။ ကိုလှမောင်နှင့် မခင်အေးတို့ လက်ထပ်ရန် ရက်သတ်ပြီးသော တစ်နေ့တွင် အမေသည် အဖေ့အကြောင်းကို စိတ်လိုလက်ရ ပြောပြခဲ့လေသည်။

'အိမ်ထောင်ပြုတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘဝချင်း ပေါင်းကြရတာသမီးရဲ့၊ တချို့ဘဝတွေက ပေါင်းလို့ရတယ်၊ နှစ်ဘဝပေါင်းလိုက်ရင် ပိုပြီးလှတဲ့ဘဝလေးတစ်ခုတောင် ဖြစ်လာတတ်တယ်၊ သမီးနဲ့ မောင်လှမောင်တို့လည်း အဲဒီလို ဖြစ်လာမှာပါ၊ ဒါပေမယ့် တချို့ဘဝတွေကျတော့ ပေါင်းလိုက်တော့မှ နှစ်ဘဝလုံးပျက်ရော၊ အမေနဲ့ သမီးတို့အဖေလိုပေါ့'

အမေက သူ၏ဘဝဇာတ်ကြောင်းကို ဆွေးမြေ့ကြေကွဲစွာ ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့အဖေက ဆန်စက်သူဌေးရဲ့သားလေ၊ သူတို့က မြို့ရဲ့ မျက်နှာဖုံးမိသားစုပေါ့၊ တစ်ဦးတည်းသော သားဆိုတော့ တစ်အိမ်လုံး ဝိုင်းပြီး ဖူးဖူးမှုတ်ထားကြတယ်၊ အမေ့အဖေကတော့ သူတို့ဆန်စက်က အလုပ်သမား သမီးရဲ့၊ သူတို့အမေကြီး လက်တိုလက်တောင်း ခိုင်းရ အောင် အမေ့ကို သူတို့အိမ်မှာ ခေါ်ထားတာပေါ့၊ အခြေအနေကတော့ သမီးပဲ စဉ်းစားကြည့်တော့လေ၊ မိုးနဲ့မြေကြီးလို ကွာတာပေါ့ကွယ်၊ ဒါပေမယ့် အချစ်မှာ မျက်စိမှ မရှိတာ၊ သူနဲ့အမေ ငြိစွန်းကြတယ်ဆိုတာ သိတော့ အို ဘာပြောကောင်းမလဲ၊ သူတို့တစ်အိမ်လုံး ဆတ်ဆတ်ခါ ကုန်ကြတာ၊ သူ့အစ်မတွေဆို လူးနေတာပဲ၊ အမေ့ကိုလည်း ပြောလိုက် ဆိုလိုက် ဆဲလိုက်ကြတာ မိုးကိုမွှန်လို့၊ အမေကလည်း ပြောသမျှ ဆို သမျှ ခေါင်းငုံ့ခံရတော့တာပဲ၊ အမေ့ဗိုက်ထဲမှာလည်း သမီးအစ်ကိုကို လွယ်ထားရပြီလေ၊ နောက်တော့လည်း ထုံးစံအတိုင်း အမေ့ကို ငွေလေး ကြေးလေး ပေးပြီး မောင်းချတာပေါ့၊ အမေလည်း တစ်ပြားမှ မယူဘဲ ဆင်းလာခဲ့တယ်၊ နှစ်ရက်လောက်နေတော့ သမီးအဖေရောက်လာတယ်၊ သူလည်း အိမ်က ဆင်းခဲ့ပြီတဲ့၊ သူဟာ သူ့ရဲ့စည်းစိမ်ချမ်းသာအကုန်လုံး ကို စွန့်ခဲ့တယ်၊ အမေတို့ သားအမိအပေါ်မှာ သစ္စာရော မေတ္တာရော မြဲခဲ့ရှာတယ်'

မခင်အေးသည် သူ မမှတ်မိလိုက်သော အဖေ့အကြောင်းကို ရင်နင့်နင့်နှင့် နားထောင်ခဲ့ရသည်။

'ဒါပေမယ့် အမေတို့နှစ်ယောက်လုံးမသိတာက အမေ့ဘဝနဲ့ သူ့ရဲ့ဘဝဟာ ဘယ်လိုမှ ပေါင်းစပ်လို့မရဘူး ဆိုတာကိုပဲ'

'သူ့ရဲ့ဘဝထဲကို အမေ တိုးဝင်ခွင့်မရခဲ့သလို အမေ့ရဲ့ဘဝထဲ ကို သူခုန်ဆင်းလာတော့လည်း ဘယ်လိုမှ အံမဝင်ခဲ့ဘူး၊ အမေတို့လို အနေအထိုင်အစားအသောက် ပတ်ဝန်းကျင်မှာ သူဘယ်လိုလုပ်ပြီး ကြာ ရှည် ပျော်နိုင်ပါ့မလဲ သမီးရယ်၊ အမေတို့ရဲ့ဘဝနှစ်ခု ပေါင်းလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်ရော အမေ့အတွက်ရော မကောင်းခဲ့ဘူး၊ အင်း သူ့အတွက်ကတော့ မကောင်းရုံတင် မကပါဘူးကွယ်'

အမေက အမှောင်ထုထဲကို ငေးစိုက်ကြည့်ရင်း သက်ပြင်းရှည်ကြီးကို ရှိုက်သည်၊ စိမ့်အိုင်လာသော မျက်ရည်များကို အင်္ကျီလက်နှင့် ပင့်သုတ်ရင်း မသိမသာ ငိုရှိုက်သည်။

'သူတို့နေလာတဲ့ဘဝက အင်မတန် အထက်တန်းကျတာပဲကွယ်၊ အမေတို့နဲ့ တခြားစီပေါ့၊ ဒီ့ပြင် အစားအသောက် အနေအထိုင်တွေကို ထားပါဦး၊ အိမ်သာရေချိုးခန်းကအစ တူတာမှ မဟုတ်တာ၊ အဆပေါင်း များစွာ ကွာနေတာ၊ သူတို့အိမ်သာတွေက အိပ်ခန်းနဲ့ ဆက်ရက်၊ ကြွေရေချိုးကန်ကြီးတွေနဲ့၊ မီးဆိုတာကလည်း ဂျောက်ခနဲဖွင့်လိုက်ရင် လင်းရော၊ အမေတို့ရွာမှာတော့ မီးခွက်နဲ့ နေရတာ၊ အိမ်သာဆိုတာကလည်း အိမ်နဲ့တစ်ခေါ်လောက်ဝေးတဲ့နေရာမှာ ခနော်ခနဲ့ ဆောက်ထားတာ၊ ညရေး ညတာဆိုရင် ကြယ်ရောင် လရောင်ကိုပဲ အားကိုးရတာ မဟုတ်လားကွယ်၊ သမီး လေးလသားလောက်ကပေါ့၊ တစ်ညမှာဗိုက်ထဲက ရစ်ရစ်နာတယ်ဆိုပြီး မိုးထဲလေထဲမှာ အိမ်သာ ထအသွား လမ်းမှာရှိနေတဲ့မြွေဆိုးကို တက်နင်းမိပါရော'

အမေက မျက်ရည်သုတ်ပြန်သည်။

'မိုးတွေ လေတွေက တဝုန်းဝုန်းနဲ့ဆိုတော့ သူ့အသံကိုလည်း မကြားရဘူး၊ အတော်လေးကြာလာမှ ကြာလှချေကလားဆိုပြီး လိုက်ကြည့်တော့ မြွေဆိပ်တွေ တက်နေပြီ၊ အမေတို့လည်း ဆေးရုံအမြန်ပို့တာပဲ၊ ဒါပေမယ့် ဆေးရုံတောင် မရောက်လိုက်ပါဘူးကွယ်'

အမေ၏ အသံက တိမ်ဝင်သွားသည်၊ မခင်အေးက အမေ၏ အေးစက်နေသော လက်ကလေးများကို ခပ်တင်းတင်း ဆုပ်ကိုင်ထား လိုက်သည်။

'သူ့အမေရော အဖေရော အစ်မတွေရော လူးပျံကုန်ကြတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုလည်း သူတို့သား သူတို့မောင်ကို သတ်တဲ့သူဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးလိုက်ကြတာ၊ ရန်တွေ့လိုက်ကြတာဆိုတာ ဟင်း၊ အခုတောင် ပြန်ပြီး ကြားယောင် မြင်ယောင်မိသေးတယ် သမီးရယ်'

အမေနှင့်အဖေ၏ အဖြစ်အပျက်သည် ဝတ္ထုဆန်လှသည်၊ သို့သော် ဝတ္ထုထဲမှာဆိုလျှင် မြေးကလေးတွေရလာပါက ယောက္ခမကြီးသည် သိပ်မတင်းမာတော့ဘဲ ပျော့ပျောင်းလာတတ်လေသည်။ မြေးကလေးတွေအပေါ် မေတ္တာနှင့်ကရုဏာ သက်ရောက်လာတတ်လေသည်။ အခုတော့ ဝတ္ထုမဟုတ်ဘဲ တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ သူတို့ကို ဖခင်ဘက်မှ အဘိုးအဘွားများက ဘာကြောင့်များ မေတ္တာ မထားခဲ့နိုင်တာပါလိမ့်ဟု တွေးနေမိသည်။

'အမေကလည်း သမီးအဖေရက်လည်ပြီးကတည်းက ရွာက ထွက်ခဲ့တော့တာပဲ၊ ဒီမှာလာ အခြေချ ဇာတ်မြှုပ်ခဲ့တာပဲ၊ သူတို့က သားတို့ သမီးတို့ကို ဗန်းပြပြီး သူတို့ဆီက တောင်းမယ်ရမ်းမယ်လို့ ထင်နေကြတယ်၊ ဒါကြောင့်မို့လို့ လုံးဝကို အဆက်အသွယ်မလုပ်ဘဲ ဖြတ်ထားခဲ့တယ်၊ အမေ့ဟာအမေ ရုန်းကန်ခဲ့တယ်၊ အမေနဲ့ နေရတာ သမီးတို့လူ မချမ်းသာပေမယ့် စိတ်ချမ်းသာရပါတယ်ကွယ်၊ သားတို့ သမီးတို့ကို မျက်နှာမငယ်အောင် စိတ်ချမ်းသာအောင် အမေထားခဲ့ပါတယ်'

မခင်အေးသည် အမေ့ကို ငေးကြည့်ရင်း သနားနေမိသည်၊ ဆင်းရဲသော်လည်း မာနကြီးလှသော အမေသည် ဘယ်ဆွေမျိုးဆီကမှ တစ်ပြားတစ်ချပ်မှ လက်ဝါးဖြန့်မခံဘဲ ကြိုးသမျှ ကျပန်းလုပ်ကိုင်ကာ သူတို့မောင်နှမကို လူလားမြောက်သည်အထိ ကျွေးမွေးပြုစုခဲ့လေသည်။

'အခုလည်း သမီးရဲ့ဘဝရေ့ရေးအတွက် မောင်လှမောင်နဲ့ဆိုရင် အမေစိတ်ချပြီ၊ သမီးတို့နှစ်ယောက်ရဲ့ဘဝဟာ တစ်သားတည်း ဖြစ်သွားမယ်ဆိုတာ အမေသိတာပေါ့၊ ငါ့သမီးစိတ်ချမ်းသာရ ပျော်ရွှင်ရမှာပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



အမေပြောသည်မှာ မှန်လှသည်၊ မခင်အေးသည် အမှန်တကယ်ပင် စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ရလေသည်။ သမီးလေး 'သက်ဝေ' မွေးလာတော့ ပိုပြီး ပျော်ရသည်၊ သက်ဝေမွေးပြီး တစ်နှစ်မပြည့်မီ အမေ ကွယ်လွန်သည်။ အမေကွယ်လွန်ပြီးကတည်းက မခင်အေးသည် 'သမီးဆီ ပြန်လာပါလား အမေရယ်' ဟု အမြဲတမ်းတနေမိသည်။ ဒီတစ်ခါ ကိုယ်ဝန်ရှိလျှင် အမေဝင်စားတာ ဖြစ်ပါစေဟုလည်း မကြာခဏ ဆုတောင်းမိသည်။

'ဒီတစ်ခါသားလေးမွေးကွာ'ဟု ကိုလှမောင်က ပြောတတ်သည်၊ အမေချစ်ကလည်း 'အမေ မသေခင် ရှင်ပြုပေးရအောင် ယောကျာ်း လေး မွေးပေးပါဦး သမီးရယ်' ဟု ပြောနေသည်မှာ ဆယ်ခါပင် မက တော့ပေ။ မခင်အေးလည်း သူတို့အလိုကို ဖြည့်ပေးချင်ပါသည်။ သူ့ဝမ်း ထဲမှ သန္ဓေသားလေးကို ယောကျာ်းလေးဖြစ်စေ ဟု အမိန့်ပေးလို့ရလျှင် ပေးလိုက် ချင်ပါသည်။

'ဘုရားသိကြားမလို့ ယောကျာ်းလေးဖြစ်ပါစေ၊ အမေဝင်စား တာလည်း ဖြစ်ပါစေ'

ဒီဘဝမှာ မိန်းမဖြစ်ပေမယ့် နောင်ဘဝကျတော့ ယောကျာ်း ဖြစ်ချင်လျှင် ဖြစ်တတ်သည်ပဲ၊ အမေလည်း သူ့ဝမ်းထဲကို ယောကျာ်း လေး တစ်ယောက်အဖြစ်နှင့် ရောက်လာလိမ့်မည်ဟု သူက မျှော်လင့် ဆုတောင်းမိသည်ကလည်း ခဏခဏပင်။

'ယောကျာ်းလေးအဖြစ်နဲ့ သမီးဆီ လာခဲ့ပါအမေ'

သူက ရင်ထဲမှ တီးတိုးပြောမိစဉ်တွင် ဗိုက်ထဲတွင် လှုပ်ခနဲ ဖြစ်သွားသည်ကို ခံစားလိုက်ရသည်၊ ကြည့်စမ်း ကလေးလေး စပြီး လှုပ်လာပြီ။

မခင်အေးသည် ဗိုက်ပေါ်တွင် လက်တစ်ဖက်အုပ်ကိုင်ရင်း ကြည်နူးစိတ်နှင့် စူးစိုက်၍ ခံစားကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ဘာလုပ်နေတာလဲ'

အနားရောက်လာသော ကိုလှမောင်က မခင်အေး၏ ခေါင်းကို ဒန့်သလွန်သီးတောင့်ရှည်ရှည်နှင့် လှမ်းခေါက်လိုက်သည်။ သူ့လက်ထဲတွင် ကိုင်ထားသော ခြင်းထဲတွင်လည်း ဒန့်သလွန်သီးတောင့်တွေ အပြည့် ပါလာသည်။

'ခုနတုန်းက ဆတ်ခနဲလှုပ်သွားလို့'

'ဟေ စလှုပ်ပြီလား'

'ဟုတ်တယ်၊ လေးလထဲရောက်ရင် စပြီး အသက်ဝင်တာပဲ၊ သက်ဝေတုန်းကလည်း ဒီလိုပဲ၊ လေးလကျတော့ စပြီးလှုပ်တာကို သိလာတယ် ဟော ဟော'

'မှန်းစမ်း မှန်းစမ်း'

ကိုလှမောင်က ဒန့်သလွန်သီးခြင်းကြီးကို ပစ်ချကာ မခင်အေး၏ဗိုက်ကို စမ်းမည့်ဟန်ပြင်သည်၊ မခင်အေးက သူ့လက်ကို ထပ်ပြီး အုပ်ကိုင်ကာ 'ဒီနား ဒီနား' ဟု ပြောသည်၊ သို့သော် ဗိုက်ထဲက ဘသား ချောလေးက ငြိမ်ချက်သား ကောင်းသွားပြန်သည်။

'မသိမသာလေးပဲ လှုပ်တာ၊ ဒီအချိန်မှာ စမ်းလို့မရသေးဘူး အစ်ကိုရဲ့'

မခင်အေးက ပြောသော်လည်း ကိုလှမောင်က မလျှော့၊ သူ့လက်ကိုလည်း မဖယ်။

'သားရေ ဟေး သားကြီးရေ၊ အဖေကိုင်ထားတယ်၊ လှုပ်ဦးလေကွာ၊ လှုပ် လှုပ် ပါဦးဟ ငါ့သားရ'

ကိုလှမောင်က ဗိုက်နားကိုကုန်းပြီး အားမလို အားမရနှင့် ပြောနေသည်။ သူ့ဆံပင်က ဖုန်စော်နံနေပြီး အင်္ကျီကတော့ ချွေးတွေစိုကာ ရွှဲနေသည်။ ထိုချွေးနံ့ဖုန်နံ့တို့ကို ရှူရင်း မခင်အေးက ကြည်နူးစွာ ပြုံးမိသည်။ ထိုအနံ့များသည် အလုပ်၏သင်္ကေတများ ဖြစ်သည်။ သူ့သား

www.burmeseclassic.com

www.burmeseclassic.com



ကို ပြည့်စုံမှု၊ လုံခြုံမှု၊ နွေးထွေးမှု၊ အေးချမ်းမှုတို့ကို ပေးသော အနံ့များ ဖြစ်လေသည်။

'ဟေး သားကြီး၊ အဖေပြောနေတာ ကြားရဲ့လား၊ တစ်ချက်ကလေး လှုပ်ပြကွာ နော ဟော ဟော ဟော ဆတ်ခနဲ ဖြစ်သွားတယ် အေးရေ၊ သိလိုက်ရဲ့လား သားကြီးက သူ့အဖေပြောတာကြားလို့ လှုပ်ပြတယ်ဗျ'

ကိုလှမောင်သည် ဝမ်းသာအားရနှင့် တဟားဟား ရယ်နေလေသည်။ သူကသာ လှုပ်သည်ပြောသော်လည်း မခင်အေးကတော့ မသိလိုက်၊ သို့သော် သူ ဝမ်းသာအားရဖြစ်နေသည်ကို ကြည့်ပြီး ကိုယ်ပါလိုက်၍ ရယ်နေမိသည်။

အချစ်သည် ဆင်းရဲခြင်းကို ဖြစ်စေသည်ဟု ပြောကြသည်။ ယခု သူ၏ရင်ထဲတွင် ဖြစ်ပေါ်နေသော ကြည်နူးဆွတ်ပျံ့မှုသည် ဆင်းရဲခြင်း အကျိုးတရားကို ဖြစ်စေသော အကြောင်းတရားများဟု ဆိုလျှင် ဆင်းရဲခြင်းဟူသည်ကို သူ မကြောက်တော့ပါ၊ မည်မျှကြီးသော ဆင်းရဲဒုက္ခကို ရင်ဆိုင်ရသည်ဖြစ်ပါစေ၊ ထိုချိုမြိန်လှသော အကြောင်းတရားများကို ထပ်ခါ ထပ်ခါ ခံစားလိုပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'ရေချိုးရတာ ကောင်းလိုက်တာ သမီးရယ်၊ ရေနွေးနဲ့ မို့လား မသိပါဘူး၊ အညောင်းကို ပြေသွားတာပဲ'

ရေချိုးခန်းထဲမှ ထွက်လာသောအဖေက ခပ်တိုးတိုးပြောသည်။ နံရိုးလေးတွေ အပြိုင်းပြိုင်းထနေသော အဖေ့ခန္ဓာကိုယ်အား မွေးပွတဘက်နှင့် သုတ်ပေးရင်း ခင်ခင်ထား မျက်ရည်လည်ချင်လာသည်။ သူတို့အဖေသည် ယခင်တုန်းက အားကောင်းမောင်းသန်နှင့် တုတ်တုတ်ခိုင်ခိုင်ကြီး ဖြစ်လေသည်။ ယခုတော့ အရင်ကရှိခဲ့သော အဖေ၏အသားများ၊ အဖေ၏အင်အားများ ဘယ်ဆီသို့ ရောက်ကုန်လေသည် မသိ။

ဒီနေ့ အဖေ့ကို ရေချိုးပေးကြမည်ဆိုတော့ ကိုလင်းက ကျောက်ပြင်ကြီး ကြမ်းပေါ်ချပြီး တောင်တန်ကြီးတွေကို အားရပါးရ သွေးထားသည်၊ တောင်တန်ကြီးချည်းပဲဆိုလျှင် အဖေ ပူများနေမလားဆိုပြီး သနပ်ခါးတွေပါ ထပ်သွေးပြီး နှစ်မျိုးရောသည်။

'ဟ ဘာတွေလဲ ကိုလင်းရ၊ မင်း ငါ့ကို ဘာတွေ လိမ်းပေးမလို့လဲ'

'တောင်တန်ကြီးတွေလေ အဖေရဲ့၊ မမွှေးဘူးလား၊ သနပ်ခါး

www.burmeseclassic.com

www.burmeseclassic.com



ပါ ရောထားတယ်၊ အေးလည်းအေး မွှေးလည်းမွှေး နွေးလည်းနွေး၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒေါ်လေးကျင် လိမ်းသလို လိမ်းပေးမယ်၊ ပါးကွက်ကလေးနဲ့ နှာယောင်လေးလည်း တားပေးမယ်'

ကိုလင်းက အဖေ၏လက်မောင်းပိန်ပိန်၊ ပေါင်ပိန်ပိန်ကလေးများကို ဂရုတစိုက်နှင့် တယုတယ လိမ်းပေးရင်း ကလေးလို ချော့နေသေးသည်။

'မင်း ငါ့ကို ဖိုးဝရုပ်ဖြစ်အောင် လုပ်မလို့လား'

အဖေက ကြည်နူးစွာပြုံးရင်း မေးတော့ ကိုလင်းက အဖေ့ကို ခပ်ရွှင်ရွှင် ပြုံးကြည့်ရင်း ရယ်သည်။ ရင်ထဲကတော့ 'အဖေ့ကို ဖိုးဝရုပ်လေး ဖြစ်စေချင်တာပေါ့ အဖေရာ၊ ဒါပေမယ့် အခုတော့ ဖိုးပိန်ကလေး ဖြစ်နေပြီလေ' ဟု အဖေ မကြားအောင် ကြေကြေကွဲကွဲ ပြောမိသည်။

သူတို့နှစ်ဦးကို ဆရာဝန်က သွေးစစ်ဖို့ရန် အတန်တန် ခေါ်သော်လည်း နှစ်ဦးလုံးကြောက်နေကြသည်။ လက်ပွန်းတတီးနေရုံ၊ အတူနေ အတူစားရုံနှင့် မကူးစက်ပါဟု မည်မျှပင် အာမခံသော်လည်း ကိုယ့်ကိုယ်ကို မယုံမရဲ ဖြစ်နေကြသည်။ အကယ်၍ ရောဂါပိုးရှိနေလျှင်လည်း မသိဘဲ အသာနေရတာကမှ တော်ဦးမည်ဟု ထင်သဖြင့် သွေးစစ်ရမည့်အရေးကို တစ်ရက်ပြီးတစ်ရက် အကြောင်းတွေ အမျိုးမျိုးပြကာ ရွှေ့နေမိသည်။ လွန်ခဲ့သည့် လေးငါးရက်ကမှ 'ကဲ ရှိနေလည်း သိရတာပေါ့ဟယ်၊ အသေအချာသိတော့လည်း ပြင်ဆင်သင့်တာ ပြင်ဆင်နိုင်တာပေါ့ဟယ်'ဟု နှစ်ဦးလုံး စိတ်ကို တုံးတုံးချကာ သွေးစစ်ခဲ့ကြသည်။ နှစ်ဦးလုံး Negative ဟု အဖြေထွက်လာသောအခါမှ သက်မ ရှည်ကြီးများ ချခဲ့ရသည်။

'မမရာ ငါက နင့်အတွက် အရမ်းပူနေတာ၊ ပါးစပ်က ပြောမထွက်လို့ဟ၊ နင့်မှာသာ ရှိနေရင်၊ ကိုလွင့်မှာရော ဗိုက်ထဲက ကလေးမှာရော ကောင်းကောင်းပြဿနာ တက်ပြီ' ဟု ကိုလင်းက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါကလည်း နင့်အတွက် စိုးရိမ်တာ ကိုလင်းရဲ့၊ နင်က အဖေနဲ့ လက်ပွန်းတတီး အမြဲနေနေတာ'

'ငါကတော့ ငါ့ကိုယ်ငါရှိနေပြီလို့ ထင်ထားတာ၊ မရှိဘူး ဆိုတော့လည်း ဘုရားကယ်တာပေါ့လေ'

ကိုလင်းကအပြုံးရဲ့ရဲ့နှင့် ပြောသည်။ သူက သူ့ကိုယ်သူ အဖေ့ဆီမှ ရောဂါပိုး ကူးစက်နေလောက်ပြီဟု သေချာပေါက်ကို ထင်ထားမိသူ ဖြစ်လေသည်။ အဖေ နေမကောင်းဖြစ်လာပြီးရက်များတွင် အဖေ၏ ဆီး ဝမ်း သလိပ် စသည်တို့ကို ဒိုင်ခံပြီး သန့်ရှင်းပေးခဲ့သူလည်း ဖြစ်တော့ အထိအတွေ့ကလည်း အလွန်များခဲ့လေသည်။

ယခုစစ်ကြည့်ပြီး ရောဂါပိုး မရှိသော်လည်း ဆရာဝန်က နောက်ထပ်သုံးလနေလျှင် ထပ်ပြီးစစ်ကြည့်ရဦးမည်ဟု ဆိုသည်။ ကူးစက်စကာလတွင် ရောဂါပိုးကို စစ်ကြည့်၍ မရသေးသောကြောင့် ဖြစ်သည်။ အဖေနှင့်အတူ လက်ပွန်းတတီး အကြာကြီးနေပြီးပြီမို့ ယခုထိ မကူးသေးလျှင် နောက်ထပ် ကူးမည်မဟုတ်ဟု ကိုလင်းက သူ့ကိုယ်သူ စိတ်ချထားလိုက်သည်။

'အမလေး မောလိုက်တာကွာ'

သူများလောင်းပေးသော ရေကိုချိုးပြီး သူများသွေးပေးသော သနပ်ခါးလိမ်းရုံနှင့်ပင် အဖေ့ခမျာ အတော်ပင်ပန်းသွားရှာသည်။

'မမောနဲ့ဦးလေ အဖေရဲ့၊ အားစုထား၊ အဖေ့မြေးလေး မွေးလာရင် ဆင်လုပ်ရဦးမှာ'

ကိုလင်းက အဖေ့ကို နောက်ပြောင်နေသေးသည်။

'အဲဒီမြေးကလေး မင်္ဂလာဆောင်ကတော့ နောက်နှစ်ပေါင်းအစိတ်ပဲ၊ အဖေလည်း အသက်ရှစ်ဆယ်ကျော်၊ အဖေက အခုကတည်းက မောနေရင် အဲဒီကျတော့ လက်တွန်း ကုလားထိုင်ပေါ်တင်ပြီး တွန်းရတော့မှာပဲ၊ ခေါင်းပေါင်းတော့ ပေါင်းရမှာနော် အဖေ၊ အဝါနုလေး ပေါင်းမလား ပန်းနုရောင်လေး ကောင်းမလား'

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားသည် ပြုံးပြုံးရွှင်ရွှင်ပြောနေသော ကိုလင်းအား ကြည့်ရင်း မျက်ရည်တွေလည်လာသည်။ အဖေ့ရှေ့ရောက်လျှင် နောက် နောက် ပြောင်ပြောင် ရယ်ရယ်မောမောနှင့် ကြိုးစားပြီး သရုပ်ဆောင် နေရှာသည်မို့ ကိုလင်းခမျာ တစ်ခါတစ်ရံ အမူအရာတွေ ပိုသွားတတ်သည်။

'ရေချိုးပြီးခါစ ဟောလစ်ပူပူလေး သောက်လိုက်နော် အဖေ'

ခင်ခင်ထားတိုက်သော ဟောလစ်ကို အဖေက တစ်ဝက်ခန့် ကုန်အောင် သောက်သည်။

'ဘာစားစား အရသာမရှိဘူးကွယ်၊ ကိုယ့်ကိုယ်ကိုလည်း ဘာ စားလို့ စားချင်မှန်းမသိဘူး'

'အစာကိုတော့ မဝင်ဝင်အောင် ကြိုးစားပြီးစားပါ အဖေရယ်၊ အစာမှ မဝင်ရင် အားပြတ်သွားမှာပေါ့'

ကိုလင်းက ထပ်ပြီးချော့သောကြောင့် ကျန်ဟောလစ်တစ်ဝက် လည်း ကုန်သွားသည်၊ အဖေ ခုတင်ပေါ်တွင် လဲလျောင်းလိုက်သော အခါ ခင်ခင်ထားက အဖေ၏ခြေသလုံးသားလေးများကို သာသာလေး ဖြစ်ညှစ်ပြီး နှိပ်နယ်ပေးသည်၊ ခြေသလုံးသားဟုဆိုရသော်လည်း အသား သိပ်မရှိသော အရိုးချောင်းလေးသာ ဖြစ်နေလေသည်။

'မောင်လွင့်ဆီက စာလာရဲ့လား သမီး'

အဖေက ခပ်တိုးတိုး မေးသည်၊ ကိုလင်း လက်စွမ်းပြထား၍ တစ်ကိုယ်လုံးတွင် သနပ်ခါးတွေ ကျားနေသော အဖေ့ကို ကြည့်ရသည် မှာ သနားစရာ ရယ်စရာကလေး ဖြစ်နေသည်။

'လာပါတယ်အဖေ၊ အဆင်လည်း ပြေပါတယ်၊ လူကြုံရင် အဖေ့အတွက် အားဆေးတွေ ထည့်ပေးလိုက်မယ်တဲ့'

'အင်း အဖေလည်း ဘယ်တော့များမှ အရင်လို ပြန်ကောင်းပါ့ မလဲ မသိပါဘူးကွယ်၊ အခုတော့ ကိုယ့်အရိုးကိုယ် သယ်ရတာတောင် မနိုင်ချင်ဘူး၊ မောပြီး ဟိုက်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဖေသောက်ရတဲ့ ဆေးတွေက ပြင်းတယ်လေ'

'အင်း ဆေးကပဲ ပြင်းလို့လား၊ ရောဂါကပဲ ပြင်းလို့လား၊ နေရတာတော့ မကောင်းဘူးကွယ်၊ ရင်ထဲမှာရော ခေါင်းထဲမှာရော ဗိုက်ထဲမှာရော ဘယ်နေရာမှ မကောင်းဘူး'

အဖေက ထိုမျှလောက် စကားရှည်ရှည်ပြောရသည်ကိုပင် မောချင်နေသည်။ ခင်ခင်ထားရော ကိုလင်းပါ စကားဆက်မပြောဘဲ တိတ်တိတ်နေလိုက်ကြရာ ခဏနေတော့ အဖေ့မျက်တောင်တွေ စင်းငိုက်ကာ ကွေးကွေးလေး အိပ်ပျော်သွားလေသည်။

အဖေအိပ်ပျော်သွားမှ စောင်ပါးလေးတစ်ထည် ထပ်ခြုံပေးပြီး သူတို့မောင်နှမနှစ်ယောက် ခြေဖော့နင်းကာ ထွက်ခဲ့ကြသည်။ တယ်လီဖုန်း မြည်လာ၍ ကောက်ကိုင်လိုက်တော့ ကမာရွတ်တိုက်ခန်းရှိ ဝိုင်းကျူရှင်အိမ်မှ ဖြစ်သည်။ နက်ဖြန်မနက်ပိုင်း သူတို့အိမ်တွင် ဆွမ်းကျွေးရှိနေ၍ ကျူရှင်ချိန်ကို ညနေပြောင်းပေးနိုင်ပါက ပြောင်းပေးရန် ပြောခြင်း ဖြစ်သည်။

'ဒီလိုဆို နက်ဖြန်ခါညနေ လမ်းသုံးဆယ်ကအပြန် ကမာရွတ်ကို ဝင်ရတော့မှာပဲ၊ နှစ်ချိန်ဆက် သင်ရတော့မှာပေါ့'

သင်သည်က သင်နိုင်သော်လည်း ဘတ်(စ်)ကားစီးရသည်ကိုတော့ ခင်ခင်ထား အတန်ငယ် စိတ်ညစ်လာသည်။ သူ့ဗိုက်က ဒီထက်ပိုထွက်လာလျှင် ကြားကားကို နောက်ခန်းတွင်စီးရန် အခက်အခဲ တွေ့လာတော့မည် ဖြစ်သည်။ အရင်တုန်းက တစ်အိမ်ပြီးတစ်အိမ် တစ်ချိန်ပြီးတစ်ချိန် ဆက်ပြီးသင်နိုင်သော်လည်း အခုတော့ အချိန်တွေလျှော့မှဖြစ်တော့မည်၊ ဒါတောင်မှ ကိုလင်းက အဖေ့ကို ဒိုင်ခံပြုစုပေးနေ၍ စိတ်ချလက်ချ ထွက်နိုင်ခြင်းဖြစ်သည်။

'အဖေရေချိုးနေတုန်းက နင့်ကုမ္ပဏီက ဖုန်းဆက်တာလား ဟင် ကိုလင်း'

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းက အင်္ဂလိပ်စကားကို လည်လည်ပတ်ပတ် ပြောနိုင်ရုံမျှမက ဂျပန်စကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်လေသည်။ ထို့ပြင် တရုတ်စကားကိုလည်း အတော်အတန်ပြောနိုင်သေးသည်။ ထို့ကြောင့် ခရီးသွားကုမ္ပဏီနှင့်ဆက်၍ ကမ္ဘာလှည့်ခရီးသည်များကို လမ်းညွှန် ပြုလုပ်ရာ အတော်လေး အောင်မြင်လေသည်။ ရုပ်ရည် သန့်ပြန့်မွန်ရည်သည့်အပြင် အနေအထိုင်လည်း စည်းကမ်းရှိသဖြင့် သူ့ကို ကြုံဆုံဖူးသော ခရီးသည်တိုင်းက နှစ်သက် ကျေနပ်ကြသည်။

'ဟုတ်တယ် ထိုင်ဝမ်အဖွဲ့ လာမှာမို့တဲ့'

'နင် မသွားဘူးလား'

'ဟင့်အင်း'

ကိုလင်းက ခေါင်းခါသည်၊ ခင်ခင်ထားသည် ကိုလင်းကို ကရုဏာ မကင်း ငေးကြည့်နေမိသည်မှအပ 'ဘာဖြစ်လို့လဲ'ဟုဆက်၍ မမေးဖြစ်တော့ပေ။ မေးလျှင်လည်း သူက 'အဖေ့ကို ဘယ်လိုလုပ်မှာလဲ' ဟု အပြုံးရဲ့ရဲ့လေးနှင့် ပြန်ပြီး မေးမည်ဖြစ်သည်။ 'ငါရှိသားပဲ ကိုလင်းရယ်' ဟု ပြောလျှင်လည်း 'မဖြစ်ပါဘူးဟာ' ဟု ပြောဦးမည်ကို ကြိုပြီး သိနှင့်နေသည်။

ယခင်က အဖေ့ကို အစစ အရာရာ အားကိုးချစ်ခင်နေခဲ့ရာမှ ကိုယ်ကတစ်ဖန် အဖေ့ကို ကာကွယ်စောင့်ရှောက်ရမည့်သူအဖြစ် အသွင်ပြောင်းသွားရာ ကိုလင်းသည် ရုတ်တရက် ရင့်ကျက်ပြီး အသက်ကြီးသွားသလို ခံစားရသည်။ အရှိန်အဟုန်ပြင်းစွာနှင့် စီးဆင်းနေသော ရေအလျဉ်သည် အကြောင်းတစ်ခုခုကြောင့် ရုတ်တရက် ရပ်တန့်သွားပြီး ပြောင်းပြန်ပြန်ကာ ဆန်တက်သွားသည်နှင့် တူမည်ထင်သည်။

'အဖေ့ကျန်းမာရေးက တဖြည်းဖြည်းဆိုးလာနေတာ နင်လည်းတွေ့သားပဲ၊ လမ်းလျှောက်ရင်တောင် ယိုင်နေပြီ၊ အခုဆိုရင် ဆီးတွေ ဝမ်းတွေတောင် တစ်ခါတလေ အိပ်ရာထဲမှာပဲ သွားခိုင်းနေရပြီ၊ အဖေ့ဘေးမှာ ငါမရှိလို့ ဖြစ်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း ရှိပါသေးတယ်ဟာ'

ခင်ခင်ထားက လေသံပျော့ပျော့လေးနှင့် ပြောမိသေးသည်၊ ပြောမည့်သာ ပြောရသော်လည်း အပြောသာ ဖြစ်သည်ကိုတော့ သိသားပင်၊ သူက ကိုယ်ဝန်ဆောင်ဆိုတော့ အဖေ့ကို နိုင်နိုင်နင်းနင်းတွဲဖို့ နေနေသာသာ ကိုယ့်ကိုယ်ကိုတောင် မချော်အောင် မလဲအောင် မနည်း သတိထားနေရသူ ဖြစ်သည်၊ ကိုလင်းကလည်း သူ့ကို မျက်စောင်းနှင့် ကြည့်သည်။

'နင်က နင့်ဗိုက်တောင် နင် အနိုင်နိုင်သယ်ရမှာ အေးအေးနေစမ်းပါဟာ'

'ဒါပေမယ့် အမြဲတမ်း နင့်တစ်ယောက်တည်း ကျုံးလုပ်နေလို့တော့ ဘယ်ဖြစ်မှာလဲ၊ သူနာပြု ငှားရင်ရော ဒါမှမဟုတ် ယောကျာ်းလေး အဖော်တစ်ယောက်ယောက်ပေါ့'

'အဖေ့လို ရောဂါမျိုးကို သူနာပြုငှားရင် နှစ်ဆပေးရမှာပေါ့၊ ဒါတောင် ရချင်မှရမှာ၊ ရိုးရိုးလူငှားဆိုရင်လည်း သူ့ကို အဖေ့ရောဂါအကြောင်း မပြောပြဘဲ ညာခိုင်းလို့ ဘယ်သင့်တော်မှာလဲ၊ ဘယ်တရားမှာလဲ၊ ကဲ ပြောပြန်ရင်ရော၊ အရပ်ထဲမှာ စကားတွေ ပွကုန်မှာပေါ့ဟာ၊ အဖေ့အတွက် ဘယ်ကောင်းမှာလဲ'

ကိုလင်းသည် သူများအတွက် ဦးစားပေး စဉ်းစားလေ့ရှိသည့်အတိုင်း အကွက်စေ့အောင် စဉ်းစားပေးနေရှာသည်။

'ကြည့်စမ်း သိပ်ပြီး စိတ်ရင်းကောင်းတဲ့ ကိုလင်း၊ ငါ့မောင်သူတော်ကောင်းကလေး တစ်သက်လုံး စိတ်ချမ်းသာ လက်ချမ်းသာနဲ့ နေရပါစေ၊ တိုးတက်ကြီးပွားပါစေ'

ခင်ခင်ထားသည် ကိုလင်းအတွက် လှိုက်လှဲစွာ ဆုတောင်းပေးမိရင်း ငွေငမ်းမ နှဲ့သဇင်ကို သတိရသည်၊ သတိရတိုင်းလည်း မခံချိမခံသာ ဖြစ်ရလေသည်။ သူ့ကြောင့် ကိုလင်း စိတ်ဆင်းရဲရသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတက္ကသိုလ်တက်စဉ်က ခင်ခင်ထားနှင့် နွဲ့သဇင်သည် တစ်နှစ်တည်း တစ်တန်းတည်းဖြစ်သည်၊ တစ်ဦးနှင့်တစ်ဦး သိနေကြသော်လည်း တန်းခွဲမတူတော့ ခင်ခင်မင်မင်တော့ မရှိလှပေ။ နွဲ့သဇင်၏ တည်ငြိမ်အေးဆေးသော မျက်နှာလေးနှင့် ဆွေးရိပ်ထင်နေသော မျက်လုံးညိုလေးများ၏ ဖမ်းစားခြင်းကို ခံရသော ယောကျာ်းသားအတော် များများ ရှိခဲ့လေသည်။ နွဲ့သဇင်ကတော့ သူ့ကိုချဉ်းကပ်လာသူမှန်သမျှကို ခေါင်းအတွင်ယမ်းကာ မတုန်မလှုပ်နှင့် ကျောက်ရုပ် ကလေးလို နေခဲ့သည်။ 'အချစ်မရှိသော မိန်းကလေး' 'ကျောက်သား အသည်းနှင့် မိန်းကလေး' 'အေးခဲနေသော ဝင်ရိုးစွန်းမလေး' စသည်စသည်ဖြင့် နာမည်တွေ အမျိုးမျိုးပေးကြသော်လည်း သူကတော့ ဘာမျှ မကြားသလိုလို၊ မတုန်မလှုပ်ပင်။

နောက်တော့ ဂျပန်ဘာသာသင်တန်းတွင် ကိုလင်းနှင့်ဆုံမိသည်၊ သူ၏ဆွေးရိပ်ဆွေးယောင်၊ ညိုမှောင်မှောင် မျက်လုံးလေးများကို ကရုဏာ မိုးစွေပြီး စွဲလမ်းခဲ့သူကတော့ ကိုလင်းဖြစ်ခဲ့ပြန်သည်။ ယခင်က သူ့စာမှလွဲ၍ ဘာကိုမှ အရေးတယူမရှိခဲ့သော ကိုလင်းက နွဲ့သဇင်အကြောင်း တဖွဖွမေးပြီး တရရပြောတတ်လွန်း၍ နားပင် ငြီးယူရသည်။

'သူ့မှာ လွမ်းစရာ အတိတ်ဇာတ်ကြောင်း တစ်ခုတော့ ရှိမှာသေချာတယ် မမရ'

'ခက်လိုက်တာဗျာ၊ စာကလွဲလို့ ဘာဆိုဘာမှ အရေးမလုပ်ဘူး၊ သူ့ခေါင်းထဲမှာ စာကလွဲလို့ ဘာမှ မရှိဘူးလား မသိပါဘူးဗျာ'

'သူ့မျက်လုံးလေးတွေကို ရယ်ပြီး ရွှင်လာအောင် လုပ်ပေးချင်လိုက်တာ'

စသည် စသည်ဖြင့် တရရပြောနေသော်လည်း ကိုလင်းသည် နွဲ့သဇင်နှင့် နှစ်ဦးချင်း မျက်နှာချင်းဆိုင်၍ပင် စကားပြောဖူးသေးသည် မဟုတ်ပေ။ ကိုလင်းသာလျှင် မဟုတ်၊ သူနှင့် ခင်မင်ရင်းနှီးလာအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသူ အတော်များများရှိသော်လည်း မည်သူမျှ မအောင်မြင်ခဲ့ပေ။ ဒီလိုနှင့်ပင် သင်တန်းပြီးသွားသည်၊ ကိုလင်းခများ သူမသိ ငါပိုးဘဝက မတက်ခဲ့ရရှာပေ။ ခပ်လှမ်းလှမ်းမှ ငေးမောကြည့်ရင်း မြတ်နိုးရင်း အချိန်ကုန်နေခဲ့ရာမှ နွဲ့သဇင်သည် 'ဌေး' စူပါမတ်ကက်ကို ပိုင်သော သူဌေးနှင့် ဆိုင်းမဆင့် ဗုံမဆင့် လက်ထပ်သွားခဲ့လေသည်၊ ကိုလင်း ဟူသည့် လူငယ်လေးတစ်ယောက်သည် သူ့ကို စွဲလမ်းမြတ်နိုးစွာ ချစ်ခဲ့ကြောင်းကို နွဲ့သဇင်မမက သိရှိမှုပင် သိမသွားခဲ့ပေ။

'အေးခဲနေတဲ့ ဝင်ရိုးစွန်းမမကို ငွေအထပ်လိုက်ပြလိုက်တော့ အရည်ပျော်သွားတယ် ထင်တယ်ဟ'

ခင်ခင်ထားက မခံချိမခံသာ ပြောတော့၊ ကိုလင်းက 'ဒါကတော့ သူ့ရဲ့ရွေးချယ်ပိုင်ခွင့်ပဲ မမရယ်' ဟု နားလည်ခွင့်လွှတ်စွာ ပြောသည်၊ တစ်သက်လုံး အေးဆေးစွာ နေခဲ့ပြီးမှ နေရင်းထိုင်ရင်း ကျန်ရစ်ဖြစ်ရသည့်အတွက်တော့ ခင်ခင်ထားက သူ့မောင်ဘက်က နာကြည်းမိသည်၊ သူ့မောင်လေးကို သနားသမျှ တစ်ဖက်ကို အမြင်ကတ်မိသည့်အတွက် 'ငွေငမ်းမ နွဲ့သဇင်' ဟု ကင်ပွန်းတပ်သည်။

နွဲ့သဇင်လက်ထပ်ပြီးမှ သူ့ကို မင်္ဂလာဆောင်တစ်ခုတွင် တွေ့လိုက်ရသေးသည်ဟု ကိုလင်းက ပြောခဲ့ဖူးသေးသည်။ 'သူဌေးကတော်ဆိုတော့ အဝတ်အစားကအစ အပြင်အဆင်ကအစ အရမ်းကို ပို အထက်တန်းကျပြီး အရမ်းကိုပိုလှလာတယ်၊ ဒါပေမယ့် သူ့မျက်လုံးလေးတွေကတော့ အရင်တုန်းကအတိုင်းပဲ ရွှင်မလာသေးဘူး၊ သူ့ယောကျ်ားကို သူမချစ်ဘူးဆိုတာ သေချာတယ်' ဟု ပြောခဲ့လေသည်။

'ဟိုတစ်နေ့က အဖေ့အနားမှာ မမစောင့်နေတုန်း ငါ ဆေးသွားဝယ်တယ်လေ၊ အဲဒီတုန်းက နွဲ့သဇင်ကို တွေ့ခဲ့သေးတယ်'

စိတ်ချင်းတိုက်ဆိုင်နေသည်၊ ကိုလင်းကလည်း သူ့လိုပင် နွဲ့သဇင်ကို အမှတ်ရနေပုံရသည်။ နွဲ့သဇင်အကြောင်း စဉ်းစားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ'

'ယုဇနပလာဇာမှာလေ၊ သူလည်း မမလိုပဲ ကိုယ်ဝန်နဲ့သိလား'

'ဟုတ်လား၊ နင်နဲ့ နှုတ်ဆက်ဖြစ်သေးလား'

ကိုလင်းက ခေါင်းခါသည်၊ ခင်ခင်ထားကလည်း စကားအဖြစ်သာ မေးလိုက်မိခြင်း ဖြစ်သည်၊ ဘယ်တော့မှ နှုတ်ဆက်လေမည် မဟုတ်သည့် ကိုလင်းအကြောင်းကိုတော့ သိပြီးသားပင်။

'သူကတော့ သိပ်ပြီး ကုသိုလ်ထူးတာပဲ၊ သိလား မမ'

'ဘာဖြစ်လို့လဲ'

'ဗိုက်ဖုံးအင်္ကျီပွပွလေး ဝတ်ထားတာတောင် အလှမပျက်ဘူး၊ ပိုပြီးတော့တောင် လှနေသလိုပဲ၊ မမ နင်သာဆိုရင် ငါးပုတင်းလေးလို ဖြစ်နေမှာနော်'

'ငလင်းနော် သေလိုက်ပါလား'

ခင်ခင်ထားက စိတ်ဆိုးမာန်ဆိုးနှင့် မျက်စောင်းထိုးသည်၊ သူ့ကိုယ်သူ ငုံ့ကြည့်မိတော့လည်း သိပ်ပြီး အချိုးမပြေပေ၊ သူက အခါတိုင်း ရင်ဖုံးအင်္ကျီလက်ရှည်များကိုသာ မြန်မာဆန်ဆန်ဝတ်တတ်သူ ဖြစ်သည်၊ အခုတော့ အင်္ကျီတွေက ခါးနေရာတွင် ကျပ်ကုန်ပြီ ဖြစ်သည့်အတွက် ခါးရှည်ပွပွဘလောက်(စ်)အင်္ကျီများကို ရွေးဝတ်နေရသည်၊ မိခင်လောင်း အင်္ကျီသုံးလေးထည် ဆိုင်တွင် အပ်ထားသော်လည်း မရွေးရသေးပေ။

'ငါက ပြေးကာလွှားကာနဲ့ အလုပ်လုပ်နေရတာ ဖတ်ဖတ်ကို မောလို့၊ နင့် ငွေငမ်းမလို ကိုယ့်ကိုယ်ကိုအမြဲသပြီး အမြဲအလှပြင်နေနိုင်တာ မဟုတ်ဘူး'

ခပ်စွာစွာ ပြောနေသော ခင်ခင်ထားကို ကြည့်ရင်း ကိုလင်းက တိုးတိုးလေးရယ်နေသည်၊ ခင်ခင်ထားသည် သူတကာငေးအောင် မလှသော်လည်း မိန်းကလေးပီပီ ရှိသင့်ရှိထိုက်သော အလှကျက်သရေတော့ အပြည့်ရှိလေသည်။ သို့သော် ခက်သည်က သူ့ကိုယ်သူ အကျည်းတန်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်နေတတ်ခြင်းပင် ဖြစ်သည်၊ ထင်နေပြီး တကယ် ပြောပြန်လျှင်လည်း ကြိုက်သည်မဟုတ်ပေ၊ သူ့ကိုများ မလှဘူးဟု ပြောလိုက်လျှင် နှုတ်ခမ်းတစူစူ၊ မျက်စောင်းတခဲခဲ ဖြစ်နေတတ်သဖြင့် ကိုလင်းကလည်း ခဏခဏ ကျီစယ်မိတတ်သည်။

'ဟော အဖေ'

အဖေ့အခန်းထဲမှ ညည်းသံကြားသဖြင့် အသံခပ်ကျယ်ကျယ် စကားပြောမိသော သူတို့နှစ်ယောက်လုံး ခေါင်းလေးတွေပုကာ ငြိမ်နေကြသည်။ အသာလေး ကဲကြည့်လိုက်တော့ အဖေက အသက်မှန်မှန် ရှူကာ ဆက်လက်ပြီး အိပ်ပျော်နေသည်ကို တွေ့ရသည်။

'အဖေရယ် အိပ်ပျော်နေရင်းနဲ့တောင် ညည်းနေလိုက်တာ၊ ရင်ထဲမှာ နေလို့မကောင်းဘူးထင်တယ်'

'ကောင်းနိုင်ပါ့မလားဟာ'

တိုးတိုးလေး ပြောမိကြပြီး အဖေနိုးသွားမှာ ကြောက်သဖြင့် စကားထပ်မပြောဘဲ နှစ်ဦးလုံး ငြိမ်နေမိကြသည်၊ ကြားဖူးသမျှ အချို့ ဝေဒနာရှင်များသည် ကိုယ်ပေါ်တွင် ယားနာများ ပွထလာတတ်သည်၊ အချို့လည်း ပြည်တည်နာကြီးတွေဆက်တိုက်ပေါက်တတ်သည်၊ ပါးစပ်ထဲတွင်လည်း မက်ခရုတွေ ပေါ်လာတတ်သည်ဟု ပြောကြလေသည်၊ အဖေ့မှာ ထိုလက္ခဏာတွေ ပေါ်မလာသေးသည်မှာ အားလုံး အတွက် ကံကောင်းနေသေးခြင်းပင် ဖြစ်သည်။

ဘုရားစင်တွင်တင်ထားသော ရေမွှေးနှင်းဆီလေးများက ကားကားစွင့်စွင့် ပွင့်ပြီး တသင်းသင်း မွှေးပျံ့နေသည်၊ ကိုလင်းသည် ပန်းရင့်ရောင် ရေမွှေးနှင်းဆီပန်းလေးများကို မော်ကြည့်ရင်း သူ့စိတ်က နွဲ့သဇင်ဆီ ရောက်သွားပြန်သည်။

ဟိုနေ့က တွေ့လိုက်ရစဉ်က နွဲ့သဇင်သည် သူခါတိုင်း စီးနေကျ ဒေါက်မြင့်ဖိနပ်ကိုမစီးဘဲ ပန်းနုရောင် ခြေညှပ်ဖိနပ်ပါးပါးကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို စီးထားသည်၊ လည်ပင်းနေရာတွင် အနားတွန့်လေးတွေ ဖွာနေသော ပန်းရောင်ကိုယ်ဝန်ဆောင်အင်္ကျီပွပွလေးက သူ့အသားနှင့်ဟပ်ကာ ဝင်းနေသည်၊ တိကျသပ်ရပ်သော နှုတ်ခမ်းလေးကိုလည်း ပန်းရောင် ပြေပြေလေး ဆိုးထားသည်၊ အခါတိုင်း ပုခုံးပေါ်သို့ ဝဲလွင့်ကျနေကျ ဆံပင်ဖြောင့်ဖြောင့်ကလေးများကိုမူ နောက်ဘက်သို့သိမ်းပြီး စည်းထားသည်၊ ပန်းနုရောင်ဖဲပြားလေးနှင့်ပင် ဖြစ်လေသည်။

'ကိုယ်ဝန်ဆောင်ထားတာတောင် ဒီလောက်လှနေတယ်နော်'

'အေးဟယ် ရိုးရိုးလေးနဲ့ လှလိုက်တာ၊ သူ့ဝမ်းထဲက ကလေးက မိန်းကလေးမို့လို့ ပိုလှနေတာလား မသိဘူး'

ကိုလင်း၏ဘေးတွင် ဖြတ်သွားသောမိန်းကလေးနှစ်ဦးက နွဲ့သဇင်ကို လှမ်းကြည့်ပြီး တီးတိုးစကားဆိုနေကြသည်။

'သူက အမြဲတမ်းလှနေတဲ့ သူပါဗျာ'

ကိုလင်းက စိတ်ထဲမှ ပြောလိုက်မိသေးသည်၊ သူ့ဝမ်းထဲက သန္ဓေသားသည် ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ နွဲ့သဇင်ကတော့ လှနေမည်ပင် ဖြစ်သည်ဟု ကိုယ့်ဟာကိုယ် ရှေ့နေလိုက်နေမိသည်။

သို့သော် တစ်ခုတော့ စိတ်မကောင်းဖြစ်မိသည်၊ သူ၏ မျက်လုံးလေးများသည် တက်ကြွရွှင်လန်းခြင်း မရှိသေးပေ၊ အရင်တုန်းကလိုပင် ခပ်ဆွေးဆွေး ခပ်ငေးငေးလေး ဖြစ်နေဆဲကို တွေ့ရသောကြောင့် ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'ဘွားဘွား ကလေးမွေးရတာ အရမ်းနာလားဟင်'

မျက်လုံးလေးအဝိုင်းသားနှင့်မေးသော မြေးမလေးကို လှမ်းကြည့် ပြီး ဒေါ်ခင်မကြီးက တိုးတိုးလေးရယ်လိုက်မိသည်။

'အရမ်းနာတယ်ဆိုတာထက် အများကြီးပိုနာတယ်'

'ဒုက္ခပဲ၊ ဒီလိုဆို မေမေနာရဦးမှာပေါ့'

'အင်း နာရဦးမှာပဲ'

ဝမ်းနာရသော ဒုက္ခဆင်းရဲနှင့် နာကျင်ခြင်းကို ဝမ်းနာဖူးသော သူသာလျှင် သိပေသည်။ ချွေးသီးချွေးပေါက်တွေ ယိုစီးကာ မေ့မျောလု မတတ် ပြင်းပြစွာနာသော ထိုအနာကို မိန်းမတွေက ခံလည်း ခံနိုင်ကြသည်၊ ထို့နောက် မေ့လည်း မေ့နိုင်ကြလေသည်။

သူ့တုန်းကလည်းကြည့်၊ သားဦးဖြစ်သော အောင်အောင်နှင့် နောင်နောင် အမွှာညီနောင်ကို မွေးစဉ်က တစ်ညနှင့် တစ်နေ့လုံးလုံး လူးနေအောင် နာသည်။ အနာက တဖြည်းဖြည်း စိပ်လာတော့ ခုတင်တိုင်ကို တင်းတင်းဆုပ်ကိုင်ရင်း နှုတ်ခမ်းကို တအားဖိကိုက်ထားမိသည်၊ အော်ဟစ်ငြီးငြူမိမည်ကို ရှက်သောကြောင့် နှုတ်ခမ်းကို အတင်း ကိုက်ထားရာ နှုတ်ခမ်းနှစ်လွှာလုံး ပေါက်ပြဲပြီး သွေးထွက်လာသည် အထိပင်။ ဒီလောက်တောင် နာသော နာကျင်မှုကို နောက်ထပ်တစ်ဖန် ခံစားရမည်ကို ကြောက်ရွံ့လှသဖြင့် 'တော်ပါပြီ၊ တန်ပါပြီ နောက်ထပ် ကလေးမ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ မမွေးတော့ပါဘူး' ဟု တွေးပြီးရင်း တွေးရင်း နေလိုက်သည်မှာ ထပ်ပြန် တလဲလဲပင်။ သို့သော် သားလေးနှစ်ယောက်ဝမ်းမှကျွတ်ပြီး 'အူဝဲ' ဟူသော အသံလေးကို ကြားလိုက်ရသော ခဏတွင်ပင် ခုနတုန်းက အနာကို သူ မေ့သွားလေသည်၊ အခုနေ ပြန်ပြောရမည်ဆိုလျှင်ပင် ထိုဝေဒနာကို အစမှအဆုံး အသေးစိတ်ကို ဘယ်လိုမှ မမှတ်မိတော့ပေ။ 'နာလိုက်တာမှ ဆတ်ဆတ်ကို တုန်နေတာပဲ' ဟု ပြောမည့်သာ ပြောရသော်လည်း ပင်လယ်ပြင်ကို လက်ပစ်ကူး ကျော်လွှားခဲ့သူက သူကူးခပ်ကျော်ဖြတ်ခဲ့သော ပင်လယ်ပြင်ကြီးကို လှမ်းမျှော်၍ပြန်ကြည့်ပြီး ကျေနပ်နေတာနှင့် တူနေလေသည်။

'ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့၊ အသက်အန္တရာယ်နဲ့ နီးတဲ့ဟာ နှစ်ခုကို ပြောတာလေ၊ အခုခေတ်ကျတော့ ယောက်ျားတွေက ဖောင်မစီးရတော့ပါဘူး၊ ဒါပေမယ့် မိန်းမတွေကတော့ ကလေးမွေးရတုန်းပဲ'

'ဟာ အဘွားကလည်း ယောက်ျားတွေက ဖောင်မစီးရတော့ပေမယ့် သင်္ဘောလိုက်ရတယ်လေ၊ အဲဒါကလည်း အန္တရာယ်များတာပဲ ဟုတ်ဘူးလား'

ဂီတာ တဒေါင်ဒေါင်ခေါက်နေသော ဖိုးသကြံန်က ဝင်ပြောသည်၊ တလောတုန်းက သူ့ဦးလေးမောင်နှင့်အတူ ချောင်းသာ လိုက်သွားသဖြင့် အသားတွေ မည်းပြာလာသည်၊ ထို့ကြောင့် နဂိုအသားမြန်မြန် ပြန်ရောက်စေရန်အတွက် နေ့ညမရှောင် သနပ်ခါးတွေ ပိန်းနေအောင် လိမ်းထားတတ်သည်။

'ကိုကို ဆရာ လာတော့မယ်၊ သနပ်ခါးတွေ မဖျက်သေးဘူးလား'

မြေးအလတ်မလေးက မနေနိုင်သလို ပြောသည်။

'မလာသေးပါဘူးဟ နာရီဝက်လိုပါသေးတယ်၊ ဟိုကောင်တွေတောင် တစ်ကောင်မှ ရောက်မလာသေးဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြန်က လိုပါသေးတယ်ဟု ပြောသော်လည်း နာရီကို လှမ်းကြည့်ပြီး ဂီတာကို ချလိုက်သည်၊ ထို့နောက် ရေချိုးခန်းဝင်ကာ မျက်နှာသစ်လေသည်။

'တစ်နေ့တုန်းကလည်း နားဖောက်ချင်လို့တဲ့ ပူဆာနေတယ် မာမီရေ့'

အခုမှ အနားရောက်လာသော တင်တင်ကြည်က သူ့အမေနား တွင် ဝင်ထိုင်ရင်း တိုးတိုးပြောသည်။

'ဘယ်သူလဲ အလတ်မလား၊ အငယ်မလား'

ဒေါ်ခင်မကြီးကလည်း ခပ်တိုးတိုးပြန်မေးရင်း 'မိန်းကလေး ဆိုတာ နားနှစ်ဖက်မှာ ပြောင်ပြီး ရှင်းနေတာ မကောင်းပါဘူး၊ ဖောက် ပေးသင့်တာပေါ့ဟယ်၊ နောက်တောင်ကျနေပြီ'ဟု ဆက်တွေးနေမိသည်။

'ဟာ မာမီကလည်း အလတ်မလည်း မဟုတ်ဘူး၊ အငယ်မ လည်း မဟုတ်ဘူး၊ ပူဆာနေတာက အကြီးကောင်ကြီး'

'ဟောတော့'

ဒေါ်ခင်မကြီး မျက်လုံးပြူးသွားချိန်တွင် ဖိုးသကြန်က ရေချိုး ခန်းထဲမှ ပြန်ထွက်လာသည်၊ သီချင်းတစ်ပုဒ်ကို ဆိုရင်း ခြေထောက် နှစ်ဖက်နှင့် လက်နှစ်ဖက်ကို စည်းချက်ကျကျ ကလာသည်။

'အဲဒါသာကြည့်တော့ မာမီရဲ့၊ အဲဒါ ဆယ်တန်းဖြေမယ့် မာမီ့ ရဲ့ မြေးကြီးပဲ၊ စာအကြောင်း မေးလိုက်ရင်လည်း ဘာမှ မသိဘူး၊ ကျူရှင် ဆရာတွေကလည်း တိုင်လှပြီ'

တင်တင်ကြည်က ဆက်ပြောသည်၊ သူ့မိခင်ချပေးခဲ့သော ပုံစံ ခွက်ထဲတွင် ဖိုးသကြန်လို သနပ်ခါးအဖွေးသားနှင့် စိန်နားသန်သီး ဆွဲ ချင်လာသော သားတစ်ယောက်တော့ ပါလာမည်မထင်ပေ။ မာမီက တော့ သူ၏ဦးကြီး ဦးလေးတွေဖြစ်သော အောင်အောင် နောင်နောင်တို့ အမွှာညီအစ်ကိုလို၊ မောင်မောင်တို့လို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အကင်းပါးသော စာတော်သော သားမျိုးကိုသာ မျှော်လင့်ခဲ့မည် ဖြစ်လေသည်။

'ငယ်သေးလို့ ထင်ပါရဲ့ဟယ်၊ နောက်ကျတော့လည်း သူ့ဦးလေးတွေလို တော်လာမှာပါ၊ မောင်မောင်ကတော့ ခဏခဏ ပြောနေတာပဲ၊ ဖိုးသကြ်န်က ဉာဏ်သိပ်ကောင်းတာ၊ ဒါပေမယ့် အပျင်းကြီးလို့ ခက်နေတာ တဲ့'

'တစ်နေ့ တစ်နေ့ သူ့အတွက်ပဲ စိတ်မောနေရတာပဲ'

တင်တင်ကြည်၏ မျက်စိပတ်လည်တွင် ညိုနေသည်၊ မျက်ရစ်အောက်တွင်လည်း အရေးအကြောင်းထင်ကာ ပင်ပန်းနွမ်းနယ်နေဟန်ရှိသည်၊ မိခင်လောင်းအင်္ကျီပွပွကို ဝတ်ထား၍ ကြည့်ရသည်မှာ ဝ နေဟန် ရှိသည်။

'ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ဦး၊ နေလို့ရော ကောင်းရဲ့လား'

'နေရတာက မသွက်ဘူး မာမီရဲ့၊ ဒီတစ်ခါ ကိုယ်ဝန်ဆောင်ရတာ တော်တော်ကို ပင်ပန်းတယ်၊ အသက်ကလည်း ကြီးနေပြီ မဟုတ်လား'

ခုတလော ဘယ်လိုဖြစ်သည်မသိ၊ သူ၏သမီး တင်တင်ကြည်က သူ့ကိုယ်သူ အသက်ကြီးပြီဟူသော စကားကို ခဏခဏ ပြောနေသည့်အတွက် ဒေါ်ခင်မေကြီး စိတ်ဆင်းရဲမိသည်၊ အသက်လေးဆယ်ပင် မပြည့်တတ်သေးသော သူက သူ့ကိုယ်သူ ကြီးလှပြီဟု ပြောနေတော့ အသက်ခြောက်ဆယ့်ငါးနှစ်ကျော်ပြီမို့ ခုနစ်ဆယ်အတွင်းရောက်နေသော မိခင်ကြီးက ဘယ်နားသွားနေရမည်မသိ၊ သူကတော့ သူ့ကိုယ်သူ ကြီးပြီဟု မထင်ချင်သလို အဘွားကြီးဟုများ အခေါ်ခံလိုက်ရလျှင် ဆတ်ဆတ်ခါ နာတတ်မြဲဖြစ်သည်။

အဘွားကြီးဟု အခေါ်မခံချင်တော့လည်း ပြင်ပြင်ဆင်ဆင်နေတတ်သည်၊ မြန်မာပြည်တွင် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



တွင်းလောက် ဆိုလျှင်ပင် အမျိုးသမီးအများစုက ဆံပင်ဖြူကြောင်ကျားတွေကို နောက်စေ့တွင် သံပရာသီးလောက် ဆံထုံးလေး ထုံးထားတတ်သည်၊ မျက်မှန်ကြီး အဝင်းသားနှင့် စိပ်ပုတီး လည်ပင်း ဆွဲထားတတ်သည်၊ ဒေါ်ခင်မေကြီး ကတော့ သူတို့နှင့် လားလားမျှမဆိုင်ပေ၊ ဆံပင်တွေ ဖြူလာတော့ ညိုပြေပြေအရောင်လေးဆိုးကာ ခပ်ဖွဖွလေး ထုံးဖွဲ့တတ်သည်၊ အင်္ကျီနှင့်လိုက်ဖက်သော ပန်းကလေးများကိုလည်း ပန်ဆင်ဆဲဖြစ်သည်။ ငယ်တုန်းကနှင့် ယှဉ်လျှင် အတန်ငယ်ဝလာသော်လည်း အစားအသောက်ကို ထိန်းထားတော့ သန့်ရှံခန့်ရှံမျှသာ ဖြစ်သည်။ နှစ်လက်မခန့်ထူသော ကတ္တီပါပုံတော်ဖိနပ်ကိုသာ စီးသည်၊ သို့သော် ဖိနပ်စင်တွင် ဖိနပ်ရောင်စုံကို တန်းစီတင်ထားပြီး ထဘီအင်္ကျီနှင့် လိုက်သောအရောင်ကိုသာ ရွေးပြီး စီးတတ်သောသူဖြစ်သည်။ လက်တွင် စိပ်ပုတီးလေးတစ်ကုံး အမြဲပတ် ထားသော်လည်း ပယင်းပုတီးလှလှကလေးမို့ သူ့မြေးတွေကပင် 'ဘွားဘွားက စတိုင်ရှိလို့ စတား ဖြစ်နေတာ' ဟု ပြောလေ့ရှိကြသည်။ စတား ဖြစ်မဖြစ်တော့မသိ၊ ဒေါ်ခင်မေကြီးတို့က ဆယ်ရက်စခန်း တရားဝင်လျှင်ပင် သနပ်ခါးပါးပါးလူးပြီး ရက်ဗလွန်ပေါင်ဒါလေးမသိမသာဖို့ကာ လှလှပပလေး ဝင်တတ်သူဖြစ်လေသည်။

ဒါကြောင့်မို့လည်း သူ့ကိုရှိရင်းစွဲအသက်ထက်အမြဲ ပိုပြီးငယ်သည်ဟု ထင်တတ်ကြလေသည်။ အကြီးဆုံးသားနှစ်ယောက် ဖြစ်သော နောင်နောင်နှင့်အောင်အောင် အမွှာညီအစ်ကိုက အသက်လေးဆယ်ကျော်စပြုပြီ ဖြစ်သည်၊ သူစီစဉ်ပေးသော မိန်းကလေးများနှင့် အိမ်ထောင်ပြုသော်လည်း သာယာစိုပြည်သောအိမ်ထောင်ရေးသုခကို မရရှိခဲ့ကြချေ၊ တစ်ဦးက မိန်းမဆုံးသွားပြီး သားတစ်ယောက် ကျန်ခဲ့သည်၊ ကျန်တစ်ဦးက မိန်းမနှင့်မကွဲသော်လည်း အတူမနေကြ၊ တစ်ဦးတည်းသော သမီးလေးကို ထောက်ထားပြီး တစ်ခြားစီနေသော်လည်း တရားဝင် ကွာရှင်းခြင်းတော့ မရှိပေ။ အခုတော့ လေးဆယ်ကျော် သား

www.burmeseclassic.com



နှစ်ယောက်လုံးက နားသယ်နှင့် ဆံစပ်တွေမှာ ဆံပင်တွေ ဖြူစပြုနေပြီး ဖြစ်သည်။ နှစ်ဦးစလုံး ရှိရင်းစွဲအသက်ထက် ပိုပြီးကြီးရင့်နေပြီဟု ထင်ရသည်၊ ဒေါ်ခင်မေကြီးနှင့်အတူ ယှဉ်သွားလျှင် မောင်နှမတွေလား အထင်ခံရတတ်သည်၊ ဒေါ်ခင်မေကြီးက သူ ကိုယ့်ကိုယ်ကို နုပျိုသည်ဟု ဝမ်းမသာဝံ့ဘဲ သားနှစ်ယောက် ရင့်ရော်လာ၍ စိတ်မကောင်း ဖြစ်ရသည်၊ သားသမီးတွေ၏အိမ်ထောင်ရေးကို သူက စိတ်တိုင်းကျ စိုးမိုးခြယ်လှယ်ခဲ့သော်လည်း သာယာချမ်းမြေ့သော အိမ်ထောင်ရေးဘဝကို သမီးဖြစ်သူ တင်တင်ကြည် တစ်ဦးတည်းကသာ ပိုင်ဆိုင်ခွင့် ရခဲ့လေသည်။

'မနေ့တုန်းက ဆီးသွားတော့လည်း သွေးမျှင်လေးတွေ ပါလာသလိုပဲ မာမီရဲ့'

'များလို့လား'

'များတော့ မများပါဘူး၊ အိမ်သာခွက်က ဖွေးပြီးသန့်နေတော့ ရေမဆွဲခင် ငုံ့ကြည့်လိုက်တော့ တွေ့တာ'

ဒေါ်ခင်မေကြီးက တင်တင်ကြည်၏ပခုံးလေးကိုပုတ်ကာ 'စိုးရိမ်စရာ မရှိပါဘူးကွယ်' ဟု ပြောသည်။ သို့သော် သူ့ရင်ထဲတွင်တော့ အတော်လေး စိုးရိမ်သွားသည်၊ ကိုယ်ဝန်ဆောင်ချိန်တွင် ဆီးသွားစဉ် သွေးပါလာသည်ကတော့ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပေ။

'သမီး အိုဂျီကို ပြောမပြဘူးလား'

'မနေ့တုန်းကတော့ ပြောမလို့ပဲ၊ ဒါပေမယ့် အရေးမကြီးရင်လည်း မပြောချင်ဘူး မာမီရဲ့၊ တော်ကြာသူက မီးကြီးနဲ့ထိုးပြီး ကြည့်နေဦးမှာ'

ကိုယ်တိုင်က သားသမီးသုံးယောက်မွေးဖွားပြီး ဖြစ်သော်လည်း အိုဂျီ(သားဖွားမီးယပ်ဆရာဝန်)ကလည်း အမျိုးသမီးပင် ဖြစ်သော်လည်း တင်တင်ကြည်က အရှက်သည်းမြဲပင်။ မွေးဖွားစဉ်ကာလ ကတော့ သေကောင်ပေါင်းလဲ ဝေဒနာနှင့်ဆိုတော့ ဝမ်းတွင်းမှ ကလေးကို အမြန်

www.burmeseclassic.com

www.burmeseclassic.com



အဆန် အပြင်ရောက်ချင်သည့်စိတ်ကသာ ရှေ့စောနေသည်၊ ရှက်သည့်စိတ် ကြောက်သည့်စိတ်က နောက်တန်းမှာ ကျန်ခဲ့သည်၊ အခုလို အချိန်ကတော့ သွေးအေးအေးမို့ တင်တင်ကြည် စိတ်ညစ်လှသည်၊ သူ့ကို လူနာခုတင်ပေါ် လှဲခိုင်းပြီး ဆရာဝန်က ဘဲပါးစပ်လို ကိရိယာကြီးကို ကိုင်ကာ သူ့ခြေရင်းတွင်ရပ်လျှင်ပင် ရင်တွေခုန်လှုပြီ ဖြစ်သည်၊ ဆလိုက်လို မီးလုံးကြီးကို ကျောက်ခနဲ ဖွင့်လိုက်သော အခါတွင်တော့ မျက်နှာတစ်ခုလုံး တရှိန်ရှိန်ပူလာတတ်သည်၊ တဒုတ်ဒုတ်နှင့် သွေးတိုးပြီး သွေးပေါင်ချိန်တွေ တရိပ်ရိပ်တက်လာတတ်သည်။ ဆရာဝန်က စစ်ဆေး၊ စမ်းသပ် ကြည့်ရှုပြီးသောအခါ၌လည်း စိတ်အေးလက်အေး ဖြစ်မသွားတတ်၊ ဒီမျက်နှာနဲ့ ဒီပစ္စည်း တွဲပြီး မှတ်မိနေတော့မှာပဲဟု ကြံကြံ ဖန်ဖန်တွေးကာ မနေတတ် မထိုင်တတ် ဖြစ်နေတတ်ပြန်လေသည်။

'အခု ငါးလထဲတောင် ရောက်လာပြီနော်'

'ဟုတ်တယ်မာမီ၊ ငါးလကျော်ရင်တော့ အာထရာဆောင်း ရိုက်ကြည့်လို့ရပြီ၊ ယောကျ်ားလေး မိန်းကလေးသိချင်ရင်ပေါ့လေ'

ဖိုးသကြ်န် ကိုယ်ဝန်ရှိစဉ်ကတော့ တင်တင်ကြည် အာထရာဆောင်း သွားရိုက်တော့ တစ်အိမ်သားလုံး စိတ်လှုပ်ရှားခဲ့ရသည်၊ ထိုစဉ်က မဆုံးသေးသော တင်တင်ကြည်၏ဖခင်က ဆိုလျှင် 'ကြံကြံဖန်ဖန်ကွယ်၊ ဗိုက်ထဲက ကလေးကို အပြင်ကနေ ကြည့်ပြီး ယောကျ်ား မိန်းမ ခွဲခြား သိရတယ်လို့၊ ထူးဆန်းလိုက် တိုးတက်လိုက်တာများ လွန်ပါရော' ဟု တဖွဖွပြောနေခဲ့လေသည်။ ယောကျ်ားလေးဟူ၍ သိရတော့ အစ်ကိုထွန်းနှင့် တင်မောင်မောင်တို့က 'ဝေး ဟေး ဟေး' ဟု အော်ကာ လက်ချင်း တွဲပြီး ထကကြသဖြင့် တဝါးဝါး ရယ်ခဲ့ကြရသည်။ အာထရာဆောင်း ဟူသည်မှာ ထိုစဉ်က ထူးထူးဆန်းဆန်း ရှားရှားပါးပါး ဖြစ်သော်လည်း အခုတော့ မထူးမခြား ပေါပေါများများ ဖြစ်နေပြီ ဖြစ်သည်၊ မမွေးမီ ကတည်းကပင် ယောကျ်ားလေးတဲ့၊ မိန်းကလေးတဲ့၊ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လေး အမွှာပူးတဲ့၊ မိန်းကလေးအမွှာပူးတဲ့၊ ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်တဲ့ စသည် စသည်ဖြင့် သူသိ ငါသိ အကုန်သိ နေကြပြီ ဖြစ်လေသည်။

'မာမီကတော့ ယောကျ်ားလေးထင်တာပဲ၊ သားဦးယောကျ်ား လေး ဆိုရင် ယောကျ်ားနဲ့ပိတ်တယ်၊ မိန်းကလေးသားဦးဆိုရင်လည်း အငယ်ဆုံးက မိန်းကလေးပဲ ဖြစ်တတ်တယ်၊ သမီးက ဖိုးသကြ်န်ကို မွေးထားပြီး မိန်းကလေးအငယ်နှစ်ယောက်နဲ့ ရပ်နေကတည်းက မာမီက လာလိမ့်ဦးမယ် လာလိမ့်ဦးမယ်နဲ့ ထင်နေသား'

'လာရင်လည်း စောစောလာရောပေ့ါ၊ ခုတော့ အသက်က ကြီး နေပြီ'

တင်တင်ကြည်က ထုံးစံအတိုင်း အသက်ကြီးပြီဟူသော စကား ကို ပြောပြန်သည်၊ ဗိုက်ထဲက လှုပ်ပြီး တွန်းလာသည်ကို ခံစားရတော့ လက်ဝါးလေးနှင့်အသာအုပ်ပြီး သမ္ဘုဒ္ဓေရွတ်သည်၊ မိခင်တို့၏ မေတ္တာ တရားက လက်ဝါးပြင်ကိုဖြတ်ပြီး ဝမ်းဗိုက်ထဲမှ ရင်သွေးလေးဆီသို့ စမ်းရေစီးသလို စီးဆင်းသွားသည်ကို ကိုယ့်ဟာ ကိုယ်ခံစားနေရသည်။

'မာမီတော့ မောင်မောင့်ကို သနားတယ်ကွယ်'

'ဟုတ်ပါရဲ့ မာမီရယ်၊ တစ်နေ့တုန်းကတောင် ပြောနေသေး တယ်၊ မမက အသက်ကြီးပြီအသက်ကြီးပြီနဲ့ ခဏခဏပြောနေတာ မလိုချင်လို့လား၊ ဒီလိုဆို မွေးပြီးရင် ကျွန်တော့်ကိုပေးလေတဲ့၊ သူ့ ခများ ကလေး သိပ်လိုချင်ရှာတာ'

တင်မောင်မောင်ဆရာဝန်ဖြစ်ခါစက သူငယ်ချင်းများနှင့်စုပြီး ပဲခူးသို့သွားကြသည်၊ သူငယ်ချင်းရှစ်ယောက် မော်တော်ဆိုင်ကယ် လေး စီးနှင့် ဖြစ်သည်၊ လူငယ်လူရွယ်တွေဆိုတော့ ဆိုင်ကယ်ကို တစ်စီးနှင့် တစ်စီးကျော်တက်ကာ ဂူးခနဲ ဝေါခနဲ မောင်းကြသည်၊ ပဲခူးရောက်ခါ နီးကျတော့ အရှိန်မထိန်းနိုင်ဘဲ ကားတစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မိသည်၊ ဆိုင်ကယ်မောင်းသူ သူငယ်ချင်းက ပွဲချင်းပြီး သေဆုံးသွားပြီး တင်မောင်မောင်ကတော့ တစ်ကိုယ်လုံး မြောက်တက်ကာ လွင့်ထွက်သွားသည်၊ ထို့နောက် မြေပေါ်သို့ ကိုင်ရိုက်ချသလို ကျသည်၊ ခေါင်းနှင့်တော့ မဟုတ်၊ တင်ပါးဆုံရိုးနှင့်ဖြစ်လေသည်၊ အသက်ဘေးမှလွတ်သော်လည်း ပေါင်ဆုံရိုးကျိုးသွားကာ အောက်ပိုင်းတစ်ပိုင်းလုံး ဖူးယောင်နေသည်ကို အတန်ကြာအောင် ကုခဲ့ရသည်၊ ခြောက်လ တစ်နှစ်ခန့် ကုပြီးသောအခါမှ အကောင်းပကတိနီးပါး ပြန်ဖြစ်ခဲ့သည်၊ သို့သော် ခြေထောက်တစ်ဖက်နိမ့်သွား၍ ဖိနပ်တစ်ဖက်ကို ပိုပြီးထူထားရသည်၊ ထို့ပြင် မည်သည့်နေရာက မည်ကဲ့သို့ချို့ယွင်းသွားသည် မသိ၊ ယခု အိမ်ထောင်သက်ငါးနှစ်ကျော်နေပြီဖြစ်သော်လည်း သားသမီး မထွန်းကားသေးပေ။

'ကျွန်တော် သူများသားသမီးကို မတရားဖျက်ဆီးခဲ့လို့ ကျိန်စာသင့်တာပါ မာမီရာ'

တစ်ခါတော့ တင်မောင်မောင်က မျိုသိပ်မထားနိုင်တော့သလို ကြေကွဲစွာ ပြောခဲ့သည်။

'မာမီတို့ သူ့ကို ငွေတွေပုံပြီး ပေးခဲ့တာပဲ၊ မတရားလုပ်တာတော့ မဟုတ်ပါဘူး'

သားအကြီးနှစ်ယောက်က အေးဆေးတည်ငြိမ်ခဲ့သော်လည်း အငယ်ဆုံးသားဖြစ်သူတင်မောင်မောင်က စည်းစိမ်ချမ်းသာ၊ ပညာအဘက်ဘက်က ပြည့်စုံသည့်ပြင် ရုပ်ချောအပြောကောင်းဆိုတော့ ဇာတ်လမ်းလေးတွေ အတော်ရှုပ်ခဲ့သည်၊ အရောင်အတိမ်းကလည်း တော်လေတော့ ပိုက်ကွန်တွေ၊ မြှုံးတွေ၊ ထောင်ချောက်တွေ၊ ငါးမျှားချိတ်တွေ အကုန်လုံးကို လွတ်အောင်ရှန်းနိုင်သည်။ ဒီကြားထဲမှာ သူခြေလွန် လက်လွန်ဖြစ်ခဲ့သည်ကတော့ တစ်ယောက်တည်းသာဖြစ်၍ တော်သေးသည်ဟု ဆိုရမည်ဖြစ်သည်၊ မိန်းကလေးတွင် ကိုယ်ဝန်ရှိနေပြီဟု သိရတော့ ခါတိုင်း မာနေကျ တင်မောင်မောင်၏အသည်းက အတော်လေးပျော့

www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ ဒီတော့လည်း ရှိုးပြီး အသော မြေလတ်သူမကလေးကို ဒေါ်ခင်မကြီး ကိုယ်တိုင် ဝင်ပြီး လမ်းရှင်းပစ်ခဲ့ရသည်၊ ငွေသည် အရာရာကို ဖန်တီးနိုင်သည်ဟု သူယုံကြည်ခဲ့ သည့်အတိုင်းပင် ကောင်မလေးဘက်မှ ဘာသံမှ မကြားရတော့ဘဲ တိတ်တိတ်ပျောက်သွားခဲ့လေသည်။

'သူ့ကို ပေးခဲ့တဲ့ငွေထက် အဆပေါင်းများစွာ ပေးရင်လည်း ကျွန်တော်ကတော့ သားသမီးမရတော့ဘူးလေ'

'အဲဒါ မင်းဟာမင်း ဆိုင်ကယ်မှောက်လို့ဖြစ်တာပဲ'

'မဟုတ်ဘူး မာမီရဲ့၊ ကိုယ့်ရဲ့ရင်သွေးကိုလှည့်မကြည့်ဘဲ ရက်စက်ခဲ့တဲ့အပြစ်အတွက် ဒဏ်ခတ်ခံရတာ'

တစ်ခါတစ်ရံ သူတို့သားအမိနှစ်ယောက်ဆုံမိလျှင် ထိုသို့ပင် စကား အခြေအတင်ဖြစ်ရသည်။ ထိုဇာတ်လမ်းကလည်း တင်တင်ကြည်တို့ပင်မသိ၊ သူတို့သားအမိနှစ်ယောက်တည်းသာသိသော ဇာတ်လမ်းဖြစ်လေသည်။

'အင်း မောင်မောင်ကလည်း သားသမီးလိုချင်လိုက်တာ ရူးလို့၊ အောင်အောင်နဲ့နောင်နောင်က အိမ်ထောင်ရေး အဆင်မပြေကြပေမယ့် သားကလေး သမီးကလေး ရကြသေးတယ်၊ သူ့ကျတော့မှပဲ ကံကွက်ကျားပြီး သားသမီးမရရှာဘူး၊ အင်း ဟိုမိန်းကလေး အခုတော့ ဘယ်များ ရောက်နေလိမ့်မလဲ၊ အဲဒီ မိန်းကလေးကသာ ကိုယ်ဝန်ကို ဖျက်မချခဲ့ဘူး ဆိုရင်တော့ အို မဖြစ်နိုင်ပါဘူး၊ အဖေမပေါ်တဲ့ကလေးကို ဘယ်သူမွေးပါ့မလဲ'

အတန်ငယ် စိတ်ရှုပ်လာသဖြင့် ဒေါ်ခင်မကြီးက စီးကရက်တစ်လိပ်မီးညှိကာ ဖွာရှိုက်သည်၊ စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်တော့ မီးခိုးမှုန်များကြားထဲတွင် သူ့ကို မှင်တက်မိသလို ငေးကြည့်နေသော မျက်နှာလေးတစ်ခုပေါ်လာသည်။ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ရှက်ရွံ့ခြင်း၊ နာကြည်းခြင်းစသော ဝေဒနာအရိပ်အားလုံးကို ထိုမျက်နှာလေးပေါ်တွင် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာမီ'

'ဟင်'

တင်တင်ကြည်က ရေချိုးခန်းထဲမှ လှမ်းထွက်လာသည်၊ မျက်စိ မျက်နှာလည်း ပျက်နေသည်။

'သွေးတွေ ဆင်းနေတယ် မာမီ'

*

www.burmeseclassic.com

www.burmeseclassic.com

ပေါ်လစ်ရောင်ပျက်ပြယ်နေသော ခုံတန်းလျားကြီးက တစ်ချိန် ကတော့ အတော်လေး တောင့်တင်းခိုင်မာခဲ့ပုံရသည်။ အခုတော့ သူ့ခမျာ ဇရာ ထောင်းရှာပြီမို့ ခပ်ယိုင်ယိုင် ခပ်နဲ့နဲ့ ဖြစ်နေသည်။ သူ့အပေါ်တွင် စီတန်း ထိုင်လေ့ရှိကြသော ကိုယ်ဝန်ဆောင်အပေါင်း ဝဝ ဖောင်းဖောင်းများကို မနိုင်မနင်း ထမ်းရွက်ထားရရှာလေသည်။ တစ်စုံ တစ်ဦးက အတန်ငယ် လှုပ်လိုက်တိုင်း ဘယ်ညာနှစ်ဖက် ထောက်ထားသော သူ၏ခြေထောက် လေးချောင်းက ကွီခနဲမြည်လိုက် အီခနဲအော်လိုက်နှင့် တညည်းညည်း တညူညူ ဖြစ်နေရှာသည်။

'ဆီးအိမ်တင်းမှ မြင်ရမှာနော်၊ ဆီးအိမ်တင်းမှ မြင်ရမှာ'

သူတို့ဘေးမှ ဖြတ်ပြီး အခန်းလေးထဲ ဝင်သွားသော ထဘီနီ ဝတ် ဆရာမက အော်သွားသည်။ စိန်ရွှေမြလည်း သူ့လက်ထဲတွင် ကိုင် ထားသော ရေပုလင်းကြီးကို ကသောကမျော မကာ မော့သောက် လိုက်သည်။ ဆီးအိမ်ဟူသည်မှာ ရေများများသောက်တော့မှ တင်းလာ မည် မဟုတ်ပါလား။

'ခုံကျိုးကျရင်တော့ ဒုက္ခပဲ၊ ကိုယ်ဝန်ဆောင်တွေဆိုတော့ ပို ဆိုးတယ်'

စိန်ရွှေမြ၏ ညာဘက်ဘေးတွင် ထိုင်နေသော အမျိုးသမီးက

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ မိတ်ကပ်ထူထူလိမ်းကာ အရောင်ရင့်ရင့် နှုတ်ခမ်းနီဆိုးထား သော်လည်း သူ့ကို ကြည့်ရသည်မှာ စိုပြည်လန်းဆန်းခြင်းမရှိလှ၊ မျက်လုံးပတ်လည်တွင် ညိုကာ နွမ်းနယ်နေဟန်ရှိသည်။

'အခုမှ ငါးလပဲ ရှိသေးတယ်၊ သွေးနည်းနည်း ဆင်းနေလို့၊ ကလေး ပျက်မှာလားမသိဘူး၊ စိတ်ညစ်တယ်'

'သားဦးလား'

'ဟုတ်တယ်၊ အရင်တစ်ယောက်တုန်းကလည်း ဒီလိုပဲ ပျက်ကျဖူးပြီ၊ အမျိုးသားကလည်း ကလေးသိပ်လိုချင်တာ'

အမျိုးသမီးက သူ့ပေါင်ပေါ်မှ ပလပ်စတစ်ခြင်းတောင်းကို အောက်သို့ချလိုက်သည်၊ ခြင်းတောင်းထဲတွင် ဘီစကစ်တစ်ထုပ်၊ ဖီးကြမ်းငှက်ပျောသီးနှစ်လုံး၊ ဝတ္ထုစာအုပ်တစ်အုပ်နှင့် ရေတစ်ပုလင်းကို တွေ့ရသည်။

'အဲဒီငှက်ပျောသီးနှစ်လုံးက အမျိုးသားထည့်ပေးလိုက်တာလေ၊ သူက သူ့ကလေးကို ဗိုက်ထဲမှာကတည်းကိုက ဝဝတုတ်တုတ်လေး ဖြစ်စေချင်တာတဲ့၊ သူများ မစားနိုင်တော့ပါဘူးဆိုလည်း မရဘူး၊ စားပါဦး စားပါဦးနဲ့၊ အမြဲပဲ အတင်းကျွေးနေတာ စိတ်ကိုညစ်ရော'

ခုနကမှ အောက်ချထားသော ပလပ်စတစ်ခြင်းကို ပြန်ဆွဲယူပြီး ငှက်ပျောသီးနှိုက်ပြန်သည်၊ ထို့နောက် အောက်သို့ပြန်ချပြန်သည်။ သူက လှုပ်စိ လှုပ်စိလုပ်တော့ ခုံတန်းရှည်ကြီးခများလည်း ကြွိအိ ကြွိအိနှင့် အော်ရရှာပြန်သည်။

'ခုံကျိုးကျရင်တော့ အကုန်လုံး ပိုးလိုးပက်လက် လန်ကုန်မှာပဲ'

'ဟုတ်ပါရဲ့နော်'

အားလုံးက ခေါင်းညိမ့်ထောက်ခံကြသည်။ သို့သော် စိတ်မချရသောကြောင့်ဟူ၍ မထိုင်ဘဲ ထနေရန်ကိုတော့ တစ်ယောက်မျှ စိတ်မကူးကြချေ။

www.burmeseclassic.com

www.burmeseclassic.com



'ခုံကျိုးကျလို့ ကိုယ်ဝန်ထိခိုက်သွားရင်တော့ ဒုက္ခပဲ၊ အမျိုးသားခများ ရင်ကျိုးရှာမှာ'

သူက ခပ်ဆွေးဆွေးလေးပြောရင်း ငှက်ပျောသီးအခွံကို နွာနေသည်။ ထို့နောက် မစားချင်ပါဘဲလျက် သူ့ယောက်ျားစိတ်မကောင်းဖြစ်မှာစိုး၍ ဇွတ်နှစ်စားနေရဟန်နှင့် စိတ်မပါ လက်မပါ စားနေသည်။

'အင်း၊ ကျွန်မတို့အထဲမှာလည်း အဆိုတော်တို့ ရုပ်ရှင်မင်းသမီးတို့ မော်ဒယ်ဂဲတို့ မပါလာတော့လည်း အခက်သားပဲနော်'

'ဘာဖြစ်လို့လဲဟင်'

'ခုံကျိုးကျလို့ ကိုယ်ဝန်ပျက်ရုံမက ဖင်တွေ ရင်တွေ ကွဲကုန်ရင်တောင် ဂျာနယ်ထဲမှာ သတင်းပါလာမှာ မဟုတ်'

စိန်ရွှေမြ၏စကားကိုကြားတော့ ကိုယ်ဝန်ဆောင်နှစ်ဦး သုံးဦးက တခစ်ခစ် ရယ်ကြသည်။ မိတ်ကပ်ထူအမျိုးသမီးလည်း မျက်နှာအတန်ငယ်တင်းသွားကာ ဒုတိယငှက်ပျောသီးကို ထပ်မနွှာတော့ဘဲ ဘီစကစ်မုန့်ထုပ်ကို ခပ်ကြမ်းကြမ်းဆွဲဖောက်လိုက်လေသည်။ 'အင်းတော်သေးရဲ့၊ ဒီမုန့်ကလည်း အမျိုးသားထည့်ပေးလိုက်တာလေ ဆိုတဲ့စကား ဆက်မကြားရတော့ဘူး' ဟု စိန်ရွှေမြက တွေးရင်း တစ်ဖက်သို့လှည့်ကာ မသိမသာပြုံးလိုက်မိသည်။ သူ့ယောက်ျားကိုရေအေးက သူ့ကို ဂရုတစိုက်နှင့် ကြင်ကြင်နာနာမရှိ၍လားတော့ မသိ၊ ယောက်ျားက သူတို့ကို ချစ်ကြောင်း၊ ကြင်နာကြောင်း၊ မြတ်နိုး ယုယကြောင်းတွေကို အသားယူကာ ပြောတတ်သော မိန်းမများကို သူက ကြည့်၍မရတတ်ချေ၊ အလိုလိုနေရင်း အမြင်ကတ်မိတတ်သည်။

ဘေးမှ အမျိုးသမီးက ဘီစကစ်မုန့်ကို မျက်နှာခပ်စူစူနှင့် ဝါးနေစဉ် စိန်ရွှေမြက ရေပုလင်းမြှောက်ပြီး ရေတစ်ကျိုက်ထပ်သောက်လိုက်ပြန်သည်၊ ဆီးအိမ်တင်းဖို့ အရေးကြီးသည်၊ ဆီးအိမ်တင်းမှ သားအိမ်တွင်းကို ပြတ်ပြတ်သားသားမြင်ရမည်တဲ့၊ ထိုသို့မြင်ရမှသာ သူ့ဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်ရှိနေသောကလေးသည် တစ်ယောက်လား၊ နှစ်ယောက်လား အသေအချာသိရမည်။

ဒေသန္တရဆေးခန်းမှ ဆရာဝန်မကြီးက သူ့ဗိုက်ကို စမ်းကြည့်ပြီး 'မဟုတ်မှလွဲရော၊ ငါတော့ နှစ်ယောက်ထင်တာပဲ' ဟု ပြောတော့ သူတော်တော် စိတ်ညစ်သွားသည်။ ဒီနောက်ထပ်ရလာသော တစ်ဗိုက်အတွက် သူ၏အိမ်ဦးနတ်ကြီးဖြစ်သော မထုံတက်သေး ကိုရေအေးနှင့် တချိမ့်ချိမ့် ရန်ဖြစ်နေရသည်။ ကုန်ဈေးနှုန်းတွေက မြောက်တက်လွန်းတော့ ပါးစပ်တစ်ပေါက် ထပ်ရောက်လာမှာကိုပင် ကြောက်တောက်တောက်ဖြစ်နေရသည်မှာ အမှန်ပင်။ 'အမျိုးထဲမှာ အမွှာတွေ ဘာတွေရှိလား' ဟု ဆရာဝန်မကြီးကမေးတော့ သူက စိတ်ညစ်လက်ညစ်နှင့် ခေါင်းခါသည်။ ကိုရေအေးတို့ဘက်တွင်တော့ မသိ၊ သူ့အမျိုးဘက်မှာတော့ အမွှာမရှိ၊ ဆရာဝန်မကြီးက အသေအချာစမ်းပြီး စာရေးပေးသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီးကို သွားရမည်၊ သေချာအောင် ဗိုက်ထဲကို တီဗွီ ရိုက်ကြည့်မည်တဲ့။

'တစ်ယောက်တောင် လိုချင်တာမဟုတ်ဘူး၊ နှစ်ယောက်ဆိုရင်တော့ ဒုက္ခရယ်မှ ဒုက္ခပဲ'

စိန်ရွှေမြက ရေပုလင်းကိုဖွင့်ကာ မော့လိုက်ပြန်သည်။

'ရေတွေ တအားသောက်မနေနဲ့ဦး၊ တီဗီရိုက်မယ့် ဆရာဝန်မကဖြင့် ဘယ်နေမှန်းမသိသေးဘူး ရှီး'

စိန်ရွှေမြ၏ဘယ်ဘက်မှ အမျိုးသမီးကခပ်တိုးတိုးပြောသည်။ သူ့မျက်နှာကတော့ ခပ်ရှုံ့ရှုံ့ ခပ်မဲ့မဲ့နှင့် မကြည်လင်လှချေ။

'ကျွန်မလည်း လောကြီးပြီး တစွတ်စွတ်သောက်လိုက်တာ တစ်ပုလင်းလုံးတောင် ကုန်ခါနီးနေပြီ'

စိန်ရွှေမြက သူ့လက်ထဲမှ ကုန်ခါနီးနေသော ရေသန့်ပုလင်းကို လှမ်းကြည့်ရင်း 'ဟွန်း ရေသန့်ပုလင်း ကိုင်ထားပေမယ့် ပုလင်းလှတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲကို ဘုံဘိုင်ရေတွေ ထည့်လာတာ ဖြစ်ချင်ဖြစ်မှာပါ’ ဟု တွေးသည်။ သူ၏လက်ထဲတွင် ကိုင်ထားသော ရေသန့်ပုလင်းထဲတွင်လည်း အိမ်က သောက်ရေအိုးထဲက ရေများသာ ဖြစ်သည်မို့ သူတစ်ပါးကိုလည်း သူ့လို ပင် ဖြစ်ရမည်ဟု တထစ်ချ တွေးသည်။ ကြည်ပြာရောင် ခပ်လွှင့်လွှင့် ယောကျ်ားရှပ်အင်္ကျီပွပွကြီးကို ကိုယ်ဝန်ဆောင်အင်္ကျီ လုပ်ဝတ်လာသော ထိုမိန်းမသည် ငါးဆယ်တန်ရေသန့်တစ်ပုလင်း ဝယ်သောက်မည့် အစား မုန့်ဟင်းခါးတစ်ပွဲကိုသာ ငရုတ်သီးမှုန့်နိုင်းချင်းနှင့် တရှူးရှူးတရှဲရှဲစား မည့်သူဖြစ်သည်ဟု သူ့အတွေးကို သူထပ်မံ၍ အတည်ပြုသည်။

‘အခုတော့ ကြက်သီးကို တဖြန်းဖြန်း ထနေပြီ’

သူ့ကို နှိမ်ချပြီးတွေးနေသော စိန်ရွှေမြ၏အတွေးကွန်ယက် ကို လှမ်း၍ မမြင်ရာတော့ သူက ရှုံ့တွတွဖြစ်နေသော မျက်နှာကို ကြိုး စား၍ ပြုံးရင်းပြောသည်။

‘ကြက်သီးထနေတယ်ဟုတ်လား၊ ဘာဖြစ်လို့လဲဟင်’

သူက တိုးတိုးပြောတော့ စိန်ရွှေမြကလည်း ခပ်တိုးတိုးပြန် မေးသည်။ ကြက်သီးထရခြင်း အကြောင်းရင်းကို သူမသိ။

‘သေးပေါက်ချင်လို့ပေါ့တော် ရီး’

ဒီတစ်ခါပြန်ဖြေသော အသံကတော့ သိပ်မတိုးလှချေ၊ ပူပူ ဖောင်းဖောင်းဗိုက်ကြီးကို လက်နှစ်ဖက်နှင့် အသာထိန်းရင်း ခြေထောက် နှစ်ချောင်းကိုစုကာ ခါးကို လိမ်ထားသော သူ့ပုံပန်းကလည်း မသက် မသာရှိလှသည်။

‘ဒီလောက်ပေါက်ချင်နေရင်လည်း ပေါက်ပစ်လိုက်ပါလား’

‘ရီး ဘယ်ဖြစ်မလဲ ရီး’

သူက ငရုတ်သီးစပ်သလို တရီးရီး ဖြစ်နေသည်။

‘ဟိုအရင်တစ်ပတ်က မနေနိုင်လို့ ပေါက်ပစ်လိုက်တဲ့သူတွေ ဆရာဝန်က တကယ်ခေါ်ပြတော့ ဆီးအိမ်ပျော့နေလို့ ရိုက်မရဘူး၊ ရေ သောက်ပြီး ပြန်စောင့်ကြရတယ် ရီး’

www.burmeseclassic.com

www.burmeseclassic.com



'အဟုတ်လား'

'အင်းလေ တော်ကြာ အစကနေ ပြန်စောင့်နေရရင် ဒုက္ခ၊ ဒီလောက် အကြာကြီးစုထားပြီးမှ ပေါက်ပစ်လိုက်ရရင် နမြောစရာ ရှိး'

'အင်း ဒါလည်း ဟုတ်တာပဲ'

ဆီးအိမ်ဖောင်းပြီး တင်းလာအောင် လုပ်ရသည့်ကိစ္စက သိပ်လွယ်လှသည်တော့ မဟုတ်ချေ။ အခုရေသောက် အခုချက်ချင်းတင်းလာသည်လည်း မဟုတ်တော့ သူနမြောမည်ဆိုလည်း နမြောစရာပင်။

ထမီနီဝတ်ဆရာမလေးက အခန်းထဲမှ ဖြုန်းခနဲ ပြန်ထွက်လာပြန်သည်။ သူတို့ဘေးမှ ဖြတ်လျှောက်ရင်း 'ဆီးအိမ်တင်းမှ ဖြစ်မှာနော် ဆီးအိမ်တင်းမှ ဖြစ်မှာ' ဟု ခပ်ကျယ်ကျယ်အော်သွားပြန်သည်။

'အင်း သူပြောတာလည်း ဟုတ်တာပဲ၊ ငါ့ကို ဘယ်အချိန်မှ ခေါ်မယ်မသိဘူး၊ တော်ကြာနေ သူ့လိုပဲ တရှီးရှီး အော်နေရရင် ဒုက္ခ'

စိန်ရွှေမြက မော့တော့မည်ဟန်ပြင်နေသော ပုလင်းကို ပြန်ချသည်။

'တော်ကြာနေ ငါ့ကို ခေါ်တော့ ဆီးအိမ်မတင်းသေးပြန်ရင်လည်း ဒုက္ခ'

စိန်ရွှေမြခမျာ ရေပုလင်းကို မလိုက် ချလိုက်နှင့် ချီတုံချတုံ ဖြစ်နေသည်။ သို့သော် သူသောက်ပြီးသော ရေများက ပုလင်းတစ်ဝက်ကျော်နေပြီမို့ တီဗီရိုက်မည့် ဆရာဝန်မလေးရောက်လာတော့ သူ့ခမျာ ကြက်သီးထခြင်းဝေဒနာကို စတင်ခံစားနေရရှာပြီ ဖြစ်သည်။ အစီအစဉ်အတိုင်း တစ်ဦးချင်းခေါ်နေရာ သူ့နာမည်ကို ခေါ်နိုး ခေါ်နိုးနှင့် စောင့်ရင်း ခြေကိုလိမ်ပြီး ခါးကိုတော့ ကော့လိုက် ကုန်းလိုက်နှင့် တရှီးရှီး အော်နေရလေသည်။ သူ့အလှည့်ရောက်တော့ သူ့ခမျာ သွက်သွက်ပင် မလျှောက်နိုင်၊ ဆီးကို ထိန်းကာ ကွတတ လျှောက်ရင်း အခန်းထဲ ဝင်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီပေါ်မှာအိပ်၊ လုံချည်လျှော့ထား'

ဆရာမလေးက သူ့ဗိုက်ပေါ်သို့ ဆေးရည်လိုအဆီတစ်မျိုးကို သုံးလေးစက်ချသည်။ အရင်ကလေးတွေ ကိုယ်ဝန်ဆောင်စဉ်က ပြတ်ထားသော ဗိုက်ကြောများကြောင့် ဗိုက်ပေါ်တွင်ထင်နေသော အရေးအကြောင်းများက ပထဝီမြေပုံတစ်ခုလို ရှုပ်ယှက်ခတ်နေသည်။ ထို့ကြောင့် ဆရာဝန်မလေးက အခါတိုင်း သူများကို မေးသလို 'သားဦးလား' ဟု မမေးတော့ဘဲ 'အပြင်မှာ ဘယ်နှစ်ယောက်ရှိလဲ' ဟု မေးလေသည်။

ခုနက အစက်ချထားသော အဆီကို ဗိုက်ပေါ်တွင် ခပ်သာသာလေး ပွတ်ရင်း မည်းမည်းအတုံးလေးတစ်ခုကို ဗိုက်ပေါ်တင်ကာ ဟိုဒီရွှေ့သည်။ သူက ခပ်သာသာလေးဖိသော်လည်း ဗိုက်ကိုနှိပ်သလို ဖြစ်နေ၍ စိန်ရွှေမြက မသိမသာ အံကြိတ်ကာ အကြောတွေကို အတင်း ရှုံ့ထားရသည်။ အောက်ဘက်က ဆီးက မနိုင်ဘဲ ထွက်ကျကုန်လျှင် ရက်စရာအားနာစရာ ဖြစ်တော့မည်၊ ကျော်မကောင်း ကြားမကောင်း ဖြစ်တော့မည်။ ဆရာဝန်မလေးဆီမှ ရေမွှေးနံ့လေးတစ်မျိုးက ခပ်ပျံ့ပျံ့လေး မွှေးနေသည်၊ စိန်ရွှေမြက သင်းပျံ့ပျံ့ရနံ့လေးကို နှစ်သက်စွာ ရှူရင်း အိမ်ကသမီးအလတ်မကို ဖျတ်ခနဲ သတိရသည်။ တီဗွီကြော်ငြာထဲတွင် ရုပ်ရှင်မင်းသားချွေးက ရေမွှေးပုလင်းလေးကိုထောင်ပြကာ 'ကမ္ဘာကျော် တန်ဖိုးကြီး ရေမွှေးတွေနဲ့ တစ်ထပ်တည်းပဲ' ဟု ပြောတော့ အလတ်မလေးက 'မေမေ ကမ္ဘာကျော်တန်ဖိုးကြီး ရေမွှေးဆိုတာ ဘယ်လို အနံ့မျိုးလဲဟင်' ဟု မေးဖူးသည်။ ထိုစဉ်ကတော့ သူက 'ဟဲ့ ဘယ်သိမှာလဲ၊ ငါမှ မဆွတ်ဖူးပဲ' ဟု ခပ်ငေါက်ငေါက် ဖြေခဲ့ရသည်။ အခုတော့ မဆွတ်ဖူးပေမယ့် ရှူဖူးပြီဟု တွေးသည်။ စကားစိမ်းနံ့လေးလိုလို၊ သနပ်ခါးနံ့လေးလိုလို၊ စံပယ်နံ့လေးလိုလို ယဉ်ယဉ်လေး မွှေးနေသော ထိုအနံ့သည် ကမ္ဘာကျော် တန်ဖိုးကြီး ရေမွှေး တစ်ခုခု၏ရနံ့ပင် ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားလေးဖြစ်ချင်လား၊ မိန်းကလေးဖြစ်ချင်လား၊ ဘာဖြစ်ချင်လဲ'

ဆရာဝန်မလေးက တီဗွီလို ကိရိယာ၏ ဖန်သားမျက်နှာပြင်ကို စူးစိုက်ကြည့်ရင်း ခပ်ပြုံးပြုံးမေးသည်။ စိန်ရွှေမြက ဗိုက်ကြောတွေကို အတင်းရှုံ့ကာ ဆီးအောင့်ထားရင်း 'ဘာဖြစ်ချင်လဲဆိုတာကို ရှင်းရှင်းဖြေရရင်တော့ သေးပေါက်ချင်တယ်' ဟု စိတ်ထဲမှ ပြောမိပြောရာ ပြောလိုက်မိသည်။ ယောက်ျားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ်၊ တစ်ယောက်ဖြစ်ဖြစ်၊ နှစ်ယောက်ဖြစ်ဖြစ် ဘာမှ အရေးမကြီး၊ အရေးအကြီးဆုံးက ဆီးသွားချင်လှပြီ၊ ဒါက အန္တရာယ်၊ တကယ့်ကိုအန္တရာယ်၊ သူလွယ်ထားရသော အန္တရာယ်က ဆီးအိမ်တစ်ခုလုံး ပြည့်ကာ ဖောင်းတင်းနေ၍ ဆရာဝန်မလေးက လက်နှင့်အသာဖိလိုက်လျှင်ပင် ကြက်သီးတွေဖြန်းဖြန်း ထလာပြန်သည်။ ဒါကြောင့်မို့လည်း ရှေးလူကြီးများက 'အန္တရာယ် လွယ်မထားကောင်းဘူး' ဟု ပြောကြခြင်းဖြစ်မည်၊ ကြာလျှင်ခက်တော့မည်။

'ဟယ် နှစ်ယောက်တောင်ပါလားဟဲ့'

ဆရာဝန်မလေးက ဝမ်းသာအားရပြောသည်။ စိန်ရွှေမြကမူ စိတ်ထဲမှနေပြီး 'သေလိုက်ပါတော့' ဟု ရေရွတ်လိုက်မိသည်။

'အမွှာလေး အစ်မရေ အမွှာလေး၊ ကံကောင်းလိုက်တာ၊ ကျွန်မလည်း အမွှာအရမ်းလိုချင်တာ၊ တတ်များ တတ်နိုင်ရင် သုံးမွှာပူး လေးမွှာပူးကို လိုချင်တာ'

ပြုံးပျော်ရွှင်လန်းစွာပြောနေသော ဆရာဝန်မလေးကို ငေးကြည့်ရင်း 'ဪ ငါက အပျိုလေးထင်နေတာ၊ ယောက်ျားရှိတယ်ကိုး၊ သူ့ယောက်ျားကလည်း သူ့ကို ဘယ်လောက်ချစ်မယ်မသိဘူး၊ ငါတောင်ချစ်ချင်နေပြီ၊ ကြည့်ပါဦး ရုပ်ကလေးကလည်းလှ၊ ပညာကလည်း တတ်၊ မျက်နှာလေးကလည်းပြုံး၊ မွေးလိုက်တာကလည်း တသင်းသင်း ပုံ့ဖွှဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အင်းလေ သူတို့ကတော့ ကျွေးနိုင်တာကိုး သုံးမွှာပူး၊ လေးမွှာပူး မကလို့ ခြောက်မွှာပူး၊ ခုနစ်မွှာပူးရလည်း ဘာအရေးလဲ၊ ဟင်း ငါတို့က တော့ မွေးဖို့ပူရ ကျွေးဖို့ အယ် သေး သေး'

သူက သူ့ဗိုက်ပေါ်မှ ဆရာဝန်မလေး၏လက်ကို တွန်းကာ ကုန်းထသည်၊ ဘယ်လိုမှ နေ၍မရတော့၊ ဒီထက်ကြာလျှင် ထွက်ကျ တော့မည်။

'ဟင် ဘာဖြစ်လို့လဲ'

'ဟာ မရ မရတော့ဘူး၊ ထွက် အဲ ထွက်တော့မယ်'

'ခဏလေး ခဏလေး ငြိမ်ငြိမ်နေ၊ ကျောဘက်ကနေပဲ မြင်နေ ရလို့ ယောကျ်ား မိန်းမ မကွဲသေးဘူး နေဦး ခဏ'

'နေ နေလို့မရတော့ဘူး'

စိန်ရွှေမြက အတင်းလူးလဲထသည်။ အားနာစရာကောင်းလှ သော်လည်း မတတ်နိုင်၊ ဒီထက်ကြာလျှင် ထွက်ကျတော့မည်မို့ ပိုဆိုး လိမ့်မည်။

သူလုပ်ပုံက စိတ်ဆိုးချင်စရာကောင်းလှသော်လည်း ဆရာဝန် မလေးက စိတ်မတို စိတ်မဆိုးရှာ၊ ချွတ်ထားသော ဖိနပ်ကိုပင် ပြန်မစွပ် နိုင်ဘဲ ထဘီကို ရင်ခေါင်းတွင်စုကိုင်ကာ အူယားဖားယားထပြေးသော သူ့ကိုကြည့်ကာ တသိမ့်သိမ့်ရယ်နေသည်။

'လဲဦးမယ်နော် သတိထား'

ထဘီနီဝတ်ကလေးက လှမ်းအော်နေသည်။ အိမ်သာခန်းက ရှေ့ညိုတက်ကာ အတန်ငယ်ချောနေသော်လည်း သူက နေ့းမနေအား၊ အိမ်သာခန်းထဲ ဝေါခနဲ ပြေးဝင်လိုက်သည်။ ငုတ်တုတ်ပင် အသေအချာ မထိုင်နိုင်သေးမီ ဆီးက ထွက်နှင့်ပြီမို့ ထဘီကို လက်တစ်ဖက်နှင့် ဆွဲမ ရင်း ကျန်တစ်ဖက်က တံခါးကို မမီမကမ်းလှမ်းဆွဲသည်၊ အရေးထဲ တံခါးက မမီဘဲ ဆွဲရခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သာတံခါးက ပိတ်ရခက်နေစဉ် တစ်ဖက် အိမ်သာ တံခါးက ဝုန်းခနဲ ပွင့်လာသည်။ ကြည့်ပြာရောင်ရုပ်အင်္ကျီမွဲမွဲနှင့် မိန်းမက ခပ်ပြုံးပြုံးထွက်လာသည်။ ခုနတုန်းကလို ခါးကို လိမ်တွန့်ကာ တရှီးရှီး အော်နေသော မသက်မသာပုံစံမဟုတ်တော့ချေ။ သူက ကုန်းကုန်း ကွကွ ဖြစ်နေသော စိန်ရွှေမြကို လှည့်ကြည့်ကာ ရယ်သည်။ မမီမကမ်း ဖြစ်နေသော အိမ်သာတံခါးကို အပြင်ဘက်က ကူတွန်းကာ ပိတ်ပေးလိုက်ရင်း ရယ်သံနှင့် ပြောနေသေးသည်။

'သေးပေါက်ရတာ ဘယ်လောက်ဇိမ်ရှိလဲ အခုမှ သိတော့တယ် နော်' တဲ့။

အိမ်သာထဲတွင် ဇိမ်တွေ့နေသော မစိန်ရွှေမြကလည်း ခေါင်း တဆတ်ဆတ်ညိတ်ကာ ထောက်ခံမိသည်။

'ဟုတ်ပါ့တော် ဟုတ်ပါ့'

*

www.burmeseclassic.com

www.burmeseclassic.com

မနေ့ညက ကြံတိုင်းအောင်နှင့် နွေးနွေးတို့ ရန်ဖြစ်ကြသည်။ လက်ထပ်ပြီးသည်မှစ၍ ပထမဦးဆုံးအကြိမ် ရန်ဖြစ်ကြခြင်း ဖြစ်လေသည်။

ပြဿနာ၏အစကတော့ ဗိုက်ထဲမှ ရွှေကိုယ်တော်ကလေး ဖြစ်လေသည်။ နွေးနွေးက ကိုယ်ဝန်စရှိကတည်းက သူ့ကိုယ်သူ ယောကျ်ားလေး မွေးမည်ဟုပင် ထင်နေသည်။ အခုကိုယ်ဝန်က ငါးလ ပြည့်ပြီဆိုတော့ သူက အာလ်ထရာဆောင်း ရိုက်ကြည့်ချင်နေသည်။ သူ့ဗိုက်ထဲမှ ရင်သွေးလေးသည် ယောကျ်ားလေးပါပဲဟူ၍ သေချာချင်နေလေသည်။

ဝတ္ထုတစ်ခုထဲတွင်ဖတ်ဖူးတော့ ယောကျ်ားလေးအတွက်အပြာ၊ မိန်းကလေးဆိုလျှင်တော့ ပန်းရောင်ဟု ဆိုထားသည်။ တစ်နေ့ညက အိပ်မက်ထဲတွင်လည်း ယက်ကန်ယက်ကန်လုပ်နေသော ကလေးလေးကို သူက ပွေ့ထားသည်။ ကလေးကို ထုပ်ထားသော ဂွမ်းစောင် သေးသေးလေးက အပြာရောင်လေး ဖြစ်သည်။ နောက်ပြီး ကလေးနီတာရဲ့လေးက ဦးထုပ်ပြာပြာလေးလည်း ဆောင်းထားသေးသည်။

'အိပ်မက်ထဲမှာ မက်တာ အပြာရောင်လေးတွေချည်းပဲ၊ သားလေးပဲ ဖြစ်မှာသိလား အောင်အောင်'

'သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ကောင်းတာချည်းပါပဲကွာ'

ကြံတိုင်းအောင်ကတော့ သားရယ်၊ သမီးရယ် အစွဲအလမ်းထားပုံမရပေ။ အပြာရောင်တွေ ပန်းရောင်တွေကိုလည်း စိတ်ကူးယဉ်ချင်ပုံမရ။ နွေးနွေးက ယောကျ်ားလေးအတွက်ဆိုလျှင် အပြာရောင်အနုံ

www.burmeseclassic.com



လေးတွေချုပ်ပြီး မိန်းကလေးအတွက်ဆိုလျှင် ပန်းရောင်အင်္ကျီလေးတွေ ချုပ်ရမည်ဟုဆိုတော့ အောင်အောင်က ရယ်မောနေသည်။

'ဘာတွေလဲကွာ ဒါတွေက တို့မြန်မာတွေနဲ့ ဆိုင်လို့လား၊ အနောက်နိုင်ငံက အတွေးအခေါ်တွေပါ'

'အို ဘာဖြစ်လဲ၊ ဘယ်က အတွေးအခေါ်ပဲဖြစ်ဖြစ်၊ အပြာရောင်လေးနဲ့ ပန်းရောင်လေး ခွဲထားတာ ချစ်စရာဘယ်လောက်ကောင်းသလဲ၊ ဝတ္ထုတစ်ခုထဲမှာ ဖတ်ဖူးတော့ ယောက်ျားလေးမွေးလာတော့ ကလေးအတွက်တောင်မကဘူး၊ အိပ်ခန်းမှာရှိတဲ့ ခန်းဆီးတွေကိုတောင် အပြာလွင်လွင်လေးတွေ လဲတပ်တယ်တဲ့'

'ဟ အဲဒါက အလုပ်မရှိ အလုပ်ရှာပြီး မရောင်ရာ ဆီလူးတဲ့ လူပေါ်ကြော့တွေအလုပ်၊ ကဲ အခု တို့တပ်ထားတဲ့ခန်းဆီးလေးက အစိမ်းနုနုလေးတွေ၊ အဲဒါတွေကို ကလေးမွေးတာနဲ့ ပန်းရောင် ပြောင်းရမှာလား၊ ဒါမှမဟုတ် အပြာလုပ်ပစ်ရမှာလား၊ ဟင်း အဲဒါလေးတွေက ဈေးထဲမှာ အပေါဆုံးဆိုတာတောင် တစ်ကိုက်ကို တစ်ရာ့ လေးဆယ်ပေးရတာနော် အမိ၊ ကဲ ယောက်ျားလေး မိန်းကလေး နှစ်ယောက် အမွှာမွေးပါပြီတဲ့၊ ခန်းဆီးတွေကို အပြာတစ်ခြမ်း ပန်းရောင် တစ်ခြမ်း ပြောင်းတပ်ရမှာလား'

ကြံတိုင်းအောင်က စိတ်တိုသလို ကတ်ကတ်ဖဲ့ဖဲ့ ပြောသည်။ နွေးနွေးကတော့ ထုံးစံအတိုင်း မျက်ရည်လည်ချင်လာသည်။ ခန်းဆီးက တပ်ပြီးသားမို့ သူက ပြန်လဲရန်လည်း စိတ်မကူးပါ။ သို့သော် ကျန်ပစ္စည်းတွေက မစုဆောင်းရသေး၊ ကြိုတင်သိလျှင် ကြိုတင်ပြီး အရောင်ရွေးနိုင်သည်မဟုတ်ပါလား၊ ကိုယ်က သူဌေးမဟုတ်တာနှင့်ပဲ ကိုယ်မွေးသည့် သားယောက်ျားလေးကို အပြာရောင်ဝတ်မပေးရတော့ဘူးတဲ့လား၊ သမီးမိန်းကလေးကိုလည်း ပန်းရောင်နုနုလေး ဆင်မပေးရတော့ဘူး တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ အစ်မမျိုးတို့က ကလေးအင်္ကျီလေးတွေ ချုပ်ပေးပါပြီတဲ့၊ အဖြူ၊ အနီ၊ အဝါ၊ အပြာ အရောင်အစုံပါမှာပဲ၊ အပြာနဲ့ ပန်းရောင်က လွဲလို့ ကျန်တာတွေ မဝတ်ရတော့ဘူးလား'

'ကြိုသိထားတော့ ကြိုပြောထားလို့ရတာပဲ အောင်အောင်ရဲ့၊ အစ်မရေ သားလေးဗျ၊ အပြာရောင်လေးတွေချုပ်နော်၊ သမီးကလေးဗျ နော်၊ ပန်းရောင်လေးတွေပေးပါလို့ ပြောပေါ့၊ ဟုတ်ဘူးလားလို့'

နွေးနွေးက နှုတ်ခမ်းကို မသိမသာစူကာ ခပ်ချွဲချွဲပြောသည်။ ယောကျ်ားက သူ့ကိုချစ်မှန်း အလိုလိုက်မှန်းသိထားတော့လည်း မိန်းမ တို့ သဘာဝအတိုင်း ကိုယ်ဝန်လေးတပြပြနှင့် ဇီဇာချဲ့ချင်နေလေသည်။

'ရပါလိမ့်မယ် အားကြီးကြီး'

ကြံတိုင်းအောင်က နွေးနွေးကို ပထမဦးဆုံးအကြိမ်အဖြစ် အမြင်ကတ်သွားသည်။ သူ့မိသားစုအခြေအနေလည်း ကိုယ်သိ၊ ကိုယ့် မိသားစု အခြေအနေလည်း သူသိမို့ သူတို့နှစ်ဦးစလုံး ကိုယ့်ဘဝကို ကိုယ်ကြိုးစား တည်ဆောက်ရန်သာရှိသည်။ အလုပ်မရှိ အလုပ်ရှာပြီး အကျယ်ချဲ့ရန် ဘာအကြောင်းမှမရှိဟုထင်သည်။ နှစ်ဖက်မိဘတွေမှာ စားဖို့ အလျဉ်မီရန်ပင် မနည်းရုန်းကန်နေရကြောင်း ကိုယ်သိသလို သူ လည်း အသိပင်။ သူ၏အစ်မနှစ်ယောက်လည်း အိမ်စရိတ် လောက် အောင်သာ စက်တစ်လုံးနှင့် တကုန်းကုန်း တကုပ်ကုပ် ကျုံးပြီး ချုပ်နေ ကြရရှာသူများ ဖြစ်သည်။ အစ်မနှစ်ယောက်လုံးအလုပ်ဒဏ်ပိ၊ အညောင်း မိကာ ပိန်ချိချိလည်း ဖြစ်နေကြပြီ ဖြစ်သည်။ ဒီကြားထဲက သူတို့ကလေး လေးအတွက် စေတနာရှိလွန်း၍ ချုပ်ပေးလျှင်လည်း ဟိုက ပိုသောအစ၊ ဒီက ကျန်သောအစ၊ အစပေါင်းစုံ၊ အရောင်ပေါင်းစုံကလေးများကို တွဲ ဖက် စပ်ဟပ်ပြီး ချုပ်ပေးမည်သာဖြစ်ကြောင်းကို သူသိသလို နွေးနွေး လည်း သိသင့်သည်။ သူ့မိန်းမဗိုက်ထဲက ကလေးသည် ယောကျ်ားလေး ဖြစ်နေသောကြောင့် အပြာရောင်ပိတ်စများကို သီးသန့် ဝယ်ပြီး အဖူး

www.burmeseclassic.com

www.burmeseclassic.com



တလည်ချုပ်ပေးရန် အချိန်ရော၊ လုပ်အားရော၊ ငွေရော၊ စိတ်စေတနာပါ ပေါပေါများများ ရှိလိမ့်မည်မဟုတ်သည်ကို နွေးနွေး သိရမည်။

'အင်းလေ ထားပါတော့၊ သူတို့မချုပ်နိုင်လည်း နွေးဟာနွေး ကြိုချုပ်လို့ရပါတယ်၊ ကြိုသိဖို့တော့ လိုတာပေါ့'

နွေးနွေးက အာလ်ထရာဆောင်းရိုက်ချင်စိတ်ကိုတော့ မလျှော့၊ သူကလည်း အခါတိုင်းလို အလွယ်တကူ ခေါင်းမညိတ်။

'ဗိုက်ထဲက ကလေး ကိုယ့်ကလေးပဲ နွေးနွေးရယ်၊ ဆရာဝန်ကလည်း လိုအပ်ရင် အာလ်ထရာဆောင်းဆိုတာကြီးကို ရိုက်ခိုင်းမှာပါ၊ မလိုသေးလို့နေမှာပေါ့'

'အို နွေးက ဒေသန္တရဆေးခန်းမှာ ပြရတာ၊ သူများလို ပိုက်ဆံပေးတဲ့ဆေးခန်းမှာမှ မပြရတာ၊ ဒီမှာပြရတဲ့သူတွေကလည်း ဆင်းရဲကြမှန်းသိတော့ တော်ရုံနဲ့တော့ ဘယ်ရိုက်ကြည့်ခိုင်းမှာလဲ'

'ဟ လိုအပ်ရင် ရိုက်ခိုင်းမှာပေါ့ ဒေါ်နွေးနွေးရ၊ ခင်ဗျားပြရတာလည်း တစ်ခါပဲရှိသေးတယ် မဟုတ်လား၊ ကိုယ်ဝန်ဆောင် အနေအထားမှန်တယ်၊ ကောင်းတယ်လို့ ပြောတယ်လေ၊ ကိုယ်ဝန်ဆောင်အားဆေးလည်း ဝယ်သောက်နေရပြီပဲ၊ ခင်ဗျားကိုယ်ဝန်ခုနစ်လ၊ ရှစ်လရှိလို့ ရိုက်ကြည့်ခိုင်းရင်တော့ ရိုက်ပေါ့၊ အခုမှ ငါးလကျော်ကျော်လေး ရှိသေးတာပဲဟာ'

နွေးနွေးက နှုတ်ခမ်းစူနေသည့်အခါတိုင်း သူစိတ်ကောက်လျှင် ကြံတိုင်းအောင်က ပျာပျာသလဲ ချော့မြဲ ယုယမြဲဖြစ်သော်လည်း ဒီတစ်ခါတော့ မသိချင်ယောင်ဆောင်ကာ အိမ်ရှေ့ခန်းထွက်သွားသည်။ ထို့နောက် ဘုရားစင်ရှေ့တွင်ထိုင်ကာ ဘုရားကန်တော့နေသည်။

'ဘာဆုတွေများ တောင်းဦးမလို့လဲ ကိုရွှေကြံတိုင်းအောင်ရဲ့'

ဟု နွေးနွေးက စိတ်ထဲမှ အငေါ်တူးတူးလေး မေးလိုက်မိသည်။ အိပ်ခန်းထဲပြန်ဝင်လာလျှင်တော့ စကားမပြောဘဲ ကျောခိုင်းပြီး အိပ်နေလိုက်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ကူးသည်။ သို့သော် သူက အခန်းထဲ ပြန်ဝင်မလာ၊ ခဏနေတော့ စာကျက်သံကြားရသည်။

နွေးနွေးက ဆယ်တန်းပြန်ဖြေရန်စိတ်မကူးသော်လည်း ကြံတိုင်းအောင်ကတော့ လက်လှမ်းမီရာ မှတ်စုများကိုဝယ်ကာ စာကို တလေးတစား ပြန်ကျက်နေသည်။ နွေးနွေးကတော့ အားလျှင် သူ့အနားကပ်ကာ နဖူးလေးစမ်းလိုက်၊ ပါးကလေးနမ်းလိုက်နှင့် တယုတယ နေစေချင်သည်။ သို့သော် ကြံတိုင်းအောင်က အားသည်နှင့် ကျောင်းစာအုပ်ကို ကောက်ကိုင်တတ်သည်။ တစ်ခါတစ်ရံလည်း ညဥ့်နက်သည် အထိ စာကျက်နေတတ်သည်။

'အရင်တုန်းက စာထဲမှာကို စိတ်မရှိလို့ ခက်တယ်ထင်နေတာ၊ တကယ်စူးစိုက်ကျက်ရင် သိပ်မခက်ပါဘူး' ဟု ပြောတော့ နွေးနွေးက ဝမ်းသာသင့်ပါလျက် ဝမ်းမသာနိုင်၊ ဟုတ်တာပေါ့၊ သူ စာကျက်နေတာ ငါ့အတွက်ပဲဟုလည်း အတွေးမပေါက်ချင်။

'ဟွန်း အရင်တုန်းကတော့ သူ့စိတ်က ငါ့ဆီမှာပဲရှိတာ၊ အခုတော့ မရှိတော့ဘူးပေါ့လေ၊ ဟုတ်တာပေါ့၊ ယောကျ်ားတွေရဲ့စိတ်က ဒီလိုပါပဲ၊ မရခင်က တစ်မျိုး၊ ရပြီးရင်တော့ တစ်မျိုး' ဟု တွေးကာ စိတ်ကလေး ကောက်ချင်ပြန်သည်။

'နွေးနွေးရယ်၊ ကလေးအမေပဲ ဖြစ်တော့မယ်၊ ကလေးစိတ်တွေ ဖျောက်စမ်းပါ'

ကြံတိုင်းအောင်က မကြာခဏ ပြောတတ်သည်။ အသက်ချင်း မတိမ်းမယိမ်းဖြစ်သော်လည်း သူကိုယ်တိုင်ကမူ နတ်ရေကန်ထဲချသလို ပြောင်းလဲသွားကြောင်းလည်း ကိုယ့်ကိုယ်ကိုသိသည်။ ရှေ့ရေး နောက်ရေးကို မမျှော်မတွေး၊ မျက်မွေးလေးတစ်ပင်လောက်ကိုပင် ဆုံးအောင် မကြည့်ချင်သော လူပေကလေး မဟုတ်တော့သည်ကတော့ အမှန်ပင်။ ကိုယ်ရှာသောငွေနှင့် ကိုယ့်ဘဝလေးကို ကိုယ်တည်ဆောက်ရပြီဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း နေရာတကာမှာ ချင့်ချင့်ချိန်ချိန် တွေးတွေးဆဆ ဖြစ်လာသည်။ ကလေးမွေးလျှင် ကိုယ်လက်အင်္ဂါ စုံလင်ရန်နှင့် ကျန်းမာရန်သာ အရေးအကြီးဆုံးဟု သူယူဆသည်။ ထိုအချိန်တွင် မိခင်ဖြစ်သူ နွေးနွေးကို နို့ရှင်စေရန် နွားမြီးစွပ်ပြုတ်တို့၊ ဒန့်သလွန်ရွက်ဟင်းချိုတို့ ချက်တိုက်ရမည်ကိုလည်း သူလေ့လာထားသည်။ သို့သော် ယောကျ်ားလေးမို့ အင်္ကျီအပြာ ဦးထုပ်ပြာ ခြေအိတ်ပြာလေးဝတ်ပြီး ဂွမ်းစောင်အပြာလေးနှင့် ထုပ်ရမည်ဆိုသည်ကိုတော့ သူ လက်မခံချင်။ အပြာတွေ ပန်းရောင်တွေထက် အရေးကြီးသော အလုပ်တွေ အများကြီး ရှိသေးသည်။ ခက်သည်ကတော့ နွေးနွေးဖြစ်သည်။ ဆွဲကြိုးပေါင် လက်စွပ်ရောင်းပြီး မိုးမမြင်လေမမြင် ပျော်ခဲ့သော ခိုးရာလိုက်စအချိန်လေးကိုပင် ပြန်တမ်းတနေသည်၊ အဲဒီတုန်းကအတိုင်း အစဉ်အမြဲ အယုအယခံချင်နေသည်။

ယခုလည်း ကြံတိုင်းအောင်က စာကျက်ရင်းမှ နေပြီး 'အာလ်ထရာဆောင်းရိုက်ရင် တစ်ထောင်ဝန်းကျင်လောက်တော့ ကုန်မယ် ထင်တာပဲ၊ အဲဒီတစ်ထောင်ကို အထူးထုတ်မှတ်စုတွေဝယ်လိုက်ရင် ပို အကျိုးရှိမှာပေါ့၊ စာမေးပွဲအတွက် တကယ်အထောက်အကူဖြစ်မှာပေါ့'ဟု တွေးနေကြောင်းကိုသာ မရွှေနွေးနွေးသိလျှင် အကြီးအကျယ် စိတ်ကောက်ဦးမည် ဖြစ်လေသည်။

ဒီနေ့မနက်တော့ ကြံတိုင်းအောင်အလုပ်သွားစဉ် နွေးနွေးက တစ်ဦးတည်း ထွက်လာခဲ့သည်။ 'သူ လိုက်မပို့လည်း နေပေ့၊ ငါစုထားတဲ့ငွေနဲ့ ငါ့ဟာငါ သွားပြီး ရိုက်ကြည့်မယ်၊ ဘာဖြစ်သေးလဲ'ဟူသော အတွေးကို ရန်လိုစွာ တွေးနေခဲ့လေသည်။

'သူ နေ့ခင်းထမင်းစားပြန်မှ ငါမရှိတာကို သိမယ်၊ ပျာယာခတ်မယ်၊ ဟွန်း ခတ်ပစေ၊ ဒါမှ မှတ်မှာ၊ ယောကျ်ားလေး မိန်းကလေးသိရရင် သူ့ကို ပြောမပြဘဲကို နေပစ်လိုက်ဦးမယ်'

နွေးနွေးက ကျပ်သိပ်နေသော ဘတ်(စ်)ကားကြီးပေါ် အတင်း

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာခဲ့သည်။ ကားပေါ်အရောက် တစ်မှတ်တိုင်လောက်စီးပြီးတော့ သူ့ဘေးမှ ထိုင်နေသော မိန်းမကြီးက ထသည်။ 'မှတ်တိုင်ပါတယ်' ဟု အော်သည်။ နေရာကလေးလွတ်ပြီမို့ ထိုင်ရတော့မည်ဟု ဝမ်းသာကာ ထိုင်မည့်ဟန်ပြင်ရုံသာရှိသေးသည်။ ဆံပင်ရှည်ကို နောက်ဘက်တွင် သားရေကွင်းနှင့် စုစည်းထားသော ဆံရှည်ကိုယ်တော် တစ်ယောက်က သွက်လက်ဖျတ်လတ်စွာ ရှေ့တိုးလာပြီး လုထိုင်သွားသည်။

'အသုံးကိုမကျဘူး၊ ကိုယ်ဝန်ဆောင်မို့လို့လည်း ဦးစားပေးရကောင်းမှန်းမသိဘူး၊ လုယက်ပြီးထိုင်တာပဲ'

နွေးနွေးက မျက်စောင်းခဲသည်၊ ခုခေတ်ကောင်မလေးတွေကလည်း ရယ်ဒီမိတ်အင်္ကျီပွပွဖားဖားကြီးတွေဝတ်လေ့ရှိတော့ သူ့ကိုလည်း ကိုယ်ဝန်ဆောင်မှန်း သိချင်မှသိပေလိမ့်မည်ဟု ဖော့ပြီးတွေးသည်။ သို့သော် မသိစရာတော့ အကြောင်းတော့မရှိ၊ သူက ရယ်ဒီမိတ် အင်္ကျီပွပွဖားဖားကိုပင် ဝတ်ထားသော်လည်း အတွင်းက ဗိုက်ပူနေတာ သိသာနေသည်ပဲ။ သိသိကြီးနဲ့ မသိချင်ယောင်ဆောင်သည်ပဲ ဖြစ်ရမည်။ အလကားကောင်၊ လူမှုရေးမရှိသည့်ကောင်၊ နှစ်ပြားမတန်သည့်ကောင်ဟု ပစ်ပစ်ခါခါ တွေးပစ်လိုက်သည်။

ရုံးချိန်ဆိုတော့ ကားက ကျပ်လှသည်။ အဆင်းကနည်းနည်း၊ အတက်ကများများနှင့်ဆိုတော့ လူတွေက အတွင်းသို့ တိုးတိုးပြီး တဖြည်းဖြည်း ပိလာသည်။ နွေးနွေးက ထိုင်ခုံလက်ရမ်းကို ဆုပ်ကိုင်ကာ လူတွေကို ကျောပေးထားရင်း ရုံးချိန်ကြီးထွက်လာမိသည်ကို နောင်တရနေသည်။

'ဗုဒ္ဓေါရေ ဘာကြီးလဲ'

နွေးနွေးက အောင်အောင်သာသိရင် စိတ်ဆိုးတော့မှာပဲဟု တွေးနေမိစဉ် သူ့ပေါင်ကို ပူတူတူကြီးတစ်ခု လာကပ်နေ၍ အလန့်လန့် အဖျပ်ဖျပ် ဖြစ်သွားသည်။ အသေအချာကြည့်လိုက်တော့ သူ့အရှေ့

www.burmeseclassic.com

www.burmeseclassic.com



လောက်ပင် ရှိသေးသော ကောင်မလေးတစ်ယောက်၏လက်ထဲမှ စတီး သုံးဆင့်ချိုင့် ဖြစ်နေသည်။ ကောင်မလေးက သူ့ကို တောင်းပန်သလို ပြုံးပြရင်း 'ထမင်းကျက်တာ နောက်ကျလို့ ကျက်ခါစကြီးထည့်လာတာ၊ ပူသွားလား၊ ဆောရီးနော်' ဟု ပြောသည်။

'ထမင်းက ပူရုံပူလို့ တော်သေးတယ်၊ ဟင်းကပါ ဆီတွေ ဖိတ်ပြီး ငါ့ထဘီအသစ်ကလေး စွန်းသွားလို့ကတော့ ရန်အဖြစ်ပဲ ဟွန်း'

နွေးနွေးက ဒေါသဖြစ်ဖြစ်နှင့် တွေးသည်။ တွေးမည့်သာ တွေးရသည်။ သူတို့လို ဘတ်(စ)ကားစီးလူတန်းစားတွေက ဟင်းထဲတွင် ဆီတွေ ဖိတ်စဉ်ကုန်လောက်သည်အထိ ပေါပေါများများ ထည့်မချက်နိုင်ကြောင်း သိတော့ အသိသားပင်။

'ကြည့်ရတာ ထမင်းနှစ်ချိုင့်ထည့်ပြီး ဟင်းက တစ်ချိုင့်ပဲ ဖြစ်မှာပါ၊ အဲဒီတစ်ချိုင့်ကလည်း ငါးခြောက်ကြော်တို့၊ ဘဲဥကြော်တို့ လောက်ပဲဖြစ်မှာ၊ အရည်ဟင်းသာဆိုရင် ဒီလောက်ဆွဲယမ်းနေရတာ ဖိတ်ပြီပေါ့'

စဉ်းစား၍ကောင်းတုန်း ကားက ဆောင့်ပြီး ဘရိတ်အုပ်လိုက်ပြန်သည်။ ထိုင်ခုံလက်ရန်းကို လက်နှစ်ဖက်နှင့် တင်းတင်းဆုပ်ထားသော်လည်း မရ၊ ကားအရှေ့ဘက်ကို ငိုက်ကာ ဒေးတိုက်ကြီးယိုင်သွားသည်။ လဲမှာတော့ မပူရ၊ လူတွေနှင့်ကျပ်ပြီး ညပ်နေသောကြောင့် ဖြစ်သည်။ သူယိုင်တော့ သူ့ဘေးမှ ကောင်မလေးလည်း လိုက်၍ယိုင်သည်။ ထမင်းချိုင့်ပူပူကလည်း သူ့ပေါင်ကို အတန်ကြာအောင်လာပြီး ဖိကပ်နေပြီးမှ ပြန်ကွာသွားသည်။

နွေးနွေးကတော့ အလိုလိုနေရင်း ဒေါသတွေဖြစ်ကာ မျက်နှာက စူပုပ်ပုပ်ဖြစ်လာသည်။ သူရမည့်နေရာကို လုထိုင်သည့် ဆံရှည်ကိုယ်တော်ကို လည်းကောင်း၊ သူ့ကို နောက်မှဖိပြီး တွန်းနေသောလူတွေကို လည်းကောင်း၊ သူ့ပေါင်ကို ထမင်းချိုင့်ပူပူကြီးနှင့် ကပ်လိုက်

www.burmeseclassic.com



'ဆောရီး' ပြောလိုက် လုပ်နေသော ကောင်မလေးကို လည်းကောင်း အကုန်လုံးကို ရောနှောပြီး စိတ်တိုတောင်းနေသည်။

သိမ်ကြီးဈေးမှတ်တိုင်ကျတော့ ဆင်းသူက တက်သူထက် များသည်။ နွေးနွေးလည်း ကားပေါ်မှတိုးဝှေ့ကာ ဆင်းခဲ့သည်။ ကား အောက်ရောက်ခါမှ အသက်ကို ဝအောင်ရှိုက်ပြီး ရှူလိုက်ရသည်။ ပွနေသော ဆံပင်ကို လက်နှစ်ဖက်နှင့် သပ်ရသည်။ လမ်းကို ကျောပေးကာ ထဘီကို ပြင်ဝတ်ရသည်။

'အပြန်ကျရင်တော့ ဒီလောက်ကျပ်တော့မှာ မဟုတ်ဘူး ထင်ပါရဲ့' နွေးနွေးက သက်ပြင်းရှိုက်ရင်း တွေးသည်။ 'အခုတောင် လူတွေကို ကျောပေးပြီး ဗိုက်ကို မတိုးမိအောင် မနည်းကွယ်ထားရတာ၊ မကွယ်နိုင် မကာနိုင်လို့ကတော့ အာလ်ထရာဆောင်းရိုက်တဲ့သူက ခင်ဗျား ဗိုက်ထဲမှာ ကလေးမဟုတ်ပါဘူး၊ နံပြားလေးတစ်ချပ်ပဲ ရှိတာပါလို့ ပြောတော့မှာ' ဟု ဆက်ပြီးတွေးရင်း ရယ်ချင်သွားသည်။

'သိမ်ကြီးဈေးကနေ ရွှေဘုံသာလမ်းအထိ လမ်းလျှောက်သွားမယ်၊ အဲဒီလိုလမ်းဘေးဆိုင်လေးတွေကို ငေးရင်း မလျှောက်ရတာ ကြာလှပြီ'

လမ်းဘေးပလက်ဖောင်းတွင် ပလပ်စတစ်စနှင့် ဖြန့်ခင်းပြီး ရောင်းလေ့ရှိသော ဆိုင်လေးတွေကို နွေးနွေးသဘောကျသည်။ လမ်းလျှောက်သွားရင်း ကိုယ်မျက်စိတန်းရာ ပစ္စည်းလေးများကို ခရီးသွား ဟန်လွှဲဝယ်ရသည်မှာ ပျော်စရာတစ်မျိုးပင် ဖြစ်သည်။ ယခုလည်း လက်ကိုင်ပဝါလေးနှစ်ထည်လောက်နှင့် ပရုပ်လုံးလေးတွေ လိုချင်နေသည်။ ထို့ပြင် သူ့ဆံပင်လေးကို အရှည်ထားတော့မည်ဟု စိတ်ကူးထား၍ ဆံညှပ်ကလစ်နှင့် ခေါင်းစည်းကြိုးလှလှလေးတွေလည်း ကြုံလျှင် ကြုံသလို ဝယ်ပြီး စုထားရဦးမည်။ နောက်ပြီး အစွန်းချွတ်ဆေးမှုန့် တစ်ထုပ်လောက်လည်း သတိထားပြီး ဝယ်သွားရဦးမည်၊ အောင်အေး

www.burmeseclassic.com

www.burmeseclassic.com



၏အသစ်ဆုံးသော ရုပ်အင်္ကျီအဖြူဖွေးဖွေးလေး၏အိတ်တွင် ဘောပင်မင်တွေ စိမ့်ယိုကာ စွန်းနေသည့်အတွက်ကြောင့် ဖြစ်လေသည်။

နွေးနွေးက ကိုယ့်စိတ်ကူးနှင့်ကိုယ် ဟိုငေးဒီငေး ငေးရင်း အတန်ငယ် ကားရှင်းတော့ အနော်ရထာလမ်းမကြီးကို ခပ်သုတ်သုတ်လေး ဖြတ်ကူးလိုက်သည်။ ဂူးခနဲ ဝေါခနဲ ပွတ်ကာ သီကာ မောင်းတတ်သော ကားများကို နွေးနွေးအလွန်ကြောက်သည်။ အခါတိုင်းဆိုလျှင် ကြံတိုင်းအောင်၏ လက်မောင်းကို ခပ်တင်းတင်းဆုပ်ပြီး သူ့စကားအတိုင်း ရပ်ဆိုလျှင်ရပ်၊ ဖြတ်ဆိုလျှင်ဖြတ်နှင့် အသည်းတထိတ်ထိတ်ဖြတ်ရမြဲမို့ အခုမှ သူ့ကို အားကိုးစိတ်နှင့် သတိရဖြစ်သည်။ သို့သော်လည်း သူမပါဘဲနှင့် ဟိုဘက်ကမ်းရောက်အောင်တော့ ဘေးမသီ ရန်မခ ဖြတ်ကူးနိုင်ပါသည်။ လမ်းတစ်ဖက်ရောက်တော့ ရင်မထားရသမျှ သက်ပြင်း ချကာ စိတ်သက်သာမည်မှ မကြံသေး၊ သူ့ဘေးသို့ အရပ်ဝတ်နှင့် လူတစ်ယောက်ရောက်လာသည်။ ထို့နောက် ခပ်တည်တည်၊ ခပ် အေးအေး ပြောသည်။

'ဒီက ညီမ၊ ဟိုနားက ကားပေါ်တက်နော်' တဲ့။

နွေးနွေးခမျာ ဘယ်က လူကြီးက သူ့ကို ဘာတွေလာပြောနေသနည်း၊ ချက်ချင်းသဘောမပေါက်မိရှာချေ။ သူညွှန်ပြသော ကားကို လှမ်းကြည့်မိသောအခါတွင်တော့ မျက်နှာကို ရေနွေးနှင့် အပက်ခံလိုက်ရသလို တရှိန်းရှိန်းပူသွားသည်။

သွားပြီ၊ သွားပါပြီ။ လူကူးမျဉ်းကျားမှ မကူးမိသည့်အတွက် အဖမ်းခံရပါပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ထားသည် ကားအပြင်ဘက်ကို ငေးကြည့်နေရင်းမှ သူ့လက်တွင် ပတ်ထားသော လက်ပတ်နာရီကို ငုံ့ကြည့်မိပြန်သည်။ ဒီကားထဲရောက်မှ ဒီနာရီကို ဘယ်နှစ်ခါ ငုံ့ကြည့်နေမိသနည်း။ သူ့ကိုယ်သူပင် မမှတ်မိတော့ပေ။

ကားနောက်ခန်းထဲတွင် ထိုင်နေရသည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိပြီ ထင်သည်။ အကယ်၍သာ သူသည် လမ်းကို အလောတကြီး ဖြတ်မကူးဘဲ လူကူးမျဉ်းကျားမှ ကူးခဲ့လျှင် အခုလို အဖမ်းခံရမည်မဟုတ်။ အဖမ်းမခံရဘဲ ကျူရှင်အိမ်ရောက်ပြီး စာသင်နေရလျှင် အနည်းဆုံး တစ်ပုဒ်လောက်တော့ ရှင်းပြပြီးလောက်ပြီ ထင်သည်။

'ငါကိုက နေရာတကာမှာ လောကြီးတာကိုး'

ခင်ခင်ထားက သူ့ကိုယ်သူပင် အပြစ်တင်မိသည်။ မိမိကိုယ်တိုင် ဆရာမဖြစ်ပါလျက်နှင့် နိုင်ငံကြီးသားမပီသခြင်း၊ စည်းကမ်းမရှိသေခြင်းတို့အတွက် တရားရုံးရောက်ကာဒဏ်ငွေပေးဆောင်ရတော့မည်။ သို့သော် ဒဏ်ငွေဆောင်ရသည်က အရေးမကြီး။ သူ့အတွက် အရေးကြီးသည်က ကားပေါ်တွင် လူမြင်သူမြင်ထိုင်နေရခြင်းကိုပင် ဖြစ်သည်။ အနောက်ပွင့်ရဲကားကြီး၏ နောက်ဘက်တွင် မျက်နှာငယ်လေးတွေနှင့် ခပ်ကုပ်ကုပ်ထိုင်နေကြသော သူတို့ကို ဘာပြစ်မှု ကျူးလွန်ထားသနည်း

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသိကြသည်။ ဘေးဘက်တွင် ကားနှင့်တစ်မျိုး၊ ခြေလျင် တစ်သွယ် ဥဒဟိုဖြတ်သန်းသွားလာနေကြသူများကလည်း နည်းနည်းနောနော မဟုတ်ချေ။ ထိုသူတွေက သူတို့ကို ပြုံးစိစိကြည့်သွားကြသည်ကိုတော့ ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းနှင့် အနေရခက်လှသည်။

ခင်ခင်ထားကတော့ ကားထဲထိုင်နေရသောသူ့ကို သူ့တပည့်လေးတွေ မြင်မသွားပါစေနှင့်ဟု ထပ်ပြန်တလဲလဲ ဆုတောင်းနေမိသည်။ ထို့ကြောင့် သူ့ရင်ထဲတွင် အမြဲတမ်းလေးလေးလံလံကြီးဖြစ်ကာ အချိန်မလပ် သတိရနေမြဲဖြစ်သော အဖေ့ကိုပင် ခေတ္တခဏမေ့နေမိလေသည်။

'နောက်ထပ် သုံးလေးယောက်လောက်ရရင်တော့ လူပြည့်လောက်ပြီ ထင်ပါရဲ့ဗျာ'

ခင်ခင်ထား၏မျက်စောင်းထိုး မကျတကျတွင် ထိုင်နေသော အသက်လေးဆယ်ကျော်ခန့် ပိန်ပိန်ပါးပါးလူတစ်ယောက်က ပြောသည်။ သူ့ပေါင်ပေါ်တွင် တင်ထားသော လွယ်အိတ်ထဲမှ တစွန်းတစ ထွက်နေသော မဂ္ဂဇင်းတစ်အုပ်ကို တွေ့ရသည်။

သူ၏ဘယ်ဘက်ဘေးတွင် ခပ်အေးအေးထိုင်နေသူကတော့ ရုံးဝန်ထမ်းတစ်ဦးဖြစ်ဟန် တူသည်။ သားရေတုကို ချုပ်ထားသော လက်ဆွဲအိတ်အနက်က အနားတွေဖွာနေပြီး အထဲတွင်ရှိသော အညိုရောင်ရုံးဖိုင်တွဲများကို တချို့တစ်ဝက် လှမ်းမြင်နေရသည်။

'အခုမှ အေးနေတာပါ၊ ခုနတုန်းကတော့ သူလည်း အတော်စိတ်ပူနေပုံပါပဲ'

သူကားပေါ်ရောက်လာတုန်းက 'ရုံးကို အချိန်မီ မရောက်ရင် ဒုက္ခပဲ' ဟု ညည်းညူသံကို ကြားလိုက်ရသည်။ ကံကောင်းချင်တော့ ပလက်ဖောင်းပေါ်တွင် လျှောက်သွားသူတစ်ဦးက သူတို့ရုံးမှ ဖြစ်ဟန်တူသည်။ သူက ဝမ်းသာအားရနှင့်လှမ်းခေါ်ကာ သော့တွဲတွေကို လူကြုံပါးနေသည်။ 'အဲဒါ ဗီရိုသော့ အကုန်လုံးပဲ၊ ညွှန်မှူးရဲ့ ဗီရိုသော့

www.burmeseclassic.com

www.burmeseclassic.com



ဆေးအနီလေး တို့ထားတယ်၊ ညွန်မှုုးသိမ်းခိုင်းထားတဲ့ ဖိုင်တွဲက အဖုံး အနီရောင်နဲ့၊ အဲဒီဗီရိုထဲမှာပဲနော်၊ အစည်းအဝေးက ဆယ်နာရီခွဲစမှာ၊ ကျွန်တော်ကတော့ ခင်ဗျားမြင်တဲ့အတိုင်း အချိန်မီရောက်မှာ မဟုတ်တော့ဘူး၊ အကျိုးအကြောင်းသာ ပြောပြပြီး ကြည့်လုပ်ပေးထားပါဗျာ' ဟု ပြောနေသံကို ကြားလိုက်ရသည်။ အခုတော့ သူက ဘာအပူအပင်မှ မရှိဟန်နှင့် ခပ်အေးအေး ထိုင်နေလေသည်။

ထိုသူ၏ဘေးဘက်တွင်တော့ မှုန်တေတေမျက်နှာနှင့် ကောင်လေးနှစ်ယောက်ထိုင်နေသည်။ ရှပ်အင်္ကျီလည်ပင်းကြယ်သီးတွေကို ဖြုတ်ထား၍ အထဲက ရွှေဆွဲကြိုးတွေကို မြင်နေရသည်။ တစ်ယောက်က ရွှေလက်ကောက်ပျော့ပျော့လေးတစ်ကွင်း ဝတ်ထားပြီး ကျန် တစ်ယောက်ကတော့ ရွှေနားကွင်းလေးတစ်ခုကို ဘယ်ဘက်နားတစ်ဖက်တည်းတွင် ဝတ်ထားသည်။ 'ဒီနေ့တော့ သင်တန်းမီမှာ မဟုတ်တော့ပါဘူး၊ ဆရာက ငါတို့ကို လစ်တယ်ထင်ပြီး ပူညံပူညံ လုပ်နေဦးမယ်၊ အဆင်ကို မချောပါဘူးကွာ' ဟု ပြောနေသံ ကြားရသည်။

'အင်း လူတိုင်း လူတိုင်း ကိုယ့်အပူနဲ့ကိုယ် ကိုယ့်ဇာနဲ့ကိုယ် ချည်းပါပဲကွယ်'

ခင်ခင်ထားက လက်ပတ်နာရီကို ငုံ့ကြည့်မိပြန်သည်။ သူလည်း စိတ်ပူပန်နေသည်။ သူသင်ကြားပေးသမျှကို တလေးတစား မှတ်သားရန်စောင့်နေကြမည့် ကျောင်းသူလေးများဆီသို့ စိတ်က ရောက်နေသည်။ ယခုဝိုင်းက မိန်းကလေးချည်းခြောက်ယောက်ဝိုင်း ဖြစ်သည်။ ဖိုးသကြိန်တို့ ယောကျ်ားလေးဝိုင်းနှင့် လုံးဝမတူ။ တကယ့်ကို ပြောင်းပြန် ဖြစ်သည်။ ဟိုဝိုင်းက ဗရုတ်သုတ်ခနိုင်သလောက် ဒီဝိုင်းကတော့ ကြိုးစားကြ၊ စာကျက်ကြသည်။ အချိန်ကိုလည်း တန်ဖိုးထားကြသည်။ တော်လည်း တော်ကြလေသည်။ ဖိုးသကြိန်တို့ဝိုင်းကတော့ ပြောမနေနှင့်တော့။ သူ မလာဘူးဟုဆိုလျှင် အပျော်ကြီးပျော်ပြီး ထခုန်တတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကျောင်းသူလေးတွေကတော့ အမျှော်ကြီးမျှော်ကြရာမည် ဖြစ်လေသည်။

ခင်ခင်ထားက သူ၏ လက်ပတ်နာရီလေးကို ငုံ့ကြည့်ကာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းကိုချလိုက်သည်။ ထိုအချိန်တွင် သူ့ဘေးတွင်ထိုင်နေသော လူဝဝကြီးကလည်း သူ့ထက် ပိုပြီးကြီးသော သက်ပြင်းကြီးကို ချလိုက်သည်။ သူ့လက်ထဲတွင်တော့ ပလတ်စတစ်ခြင်းတောင်းတစ်ခုကို ကိုင်ထားသည်။ ခြင်းထဲတွင် သုံးဆင့်ချိုင့်တစ်လုံး၊ ရေတစ်ပုလင်းနှင့် ဘီစကစ်မုန့်လေးတစ်ထုပ်ကို တွေ့ရသည်။

'သားလေးတော့ ဆာပြီး မျှော်နေတော့မှာပဲ'

'သားက ဘယ်မှာမို့လဲ'

'ဆေးရုံကြီးဖျားနာဆောင်မှာလေ၊ နေမကောင်းလို့ ဆေးရုံတက်နေရတာ'

'သြော်'

ကား၏ခေါင်းပိုင်းနားကပ်ပြီး ထိပ်ဆုံးတွင်ထိုင်နေသော အမျိုးသမီးလေးနှစ်ယောက်ကတော့ ကုမ္ပဏီဝန်ထမ်းများ ဖြစ်ဟန်တူသည်။ နို့နှစ်ရောင်ကုတ်အင်္ကျီလေးများနှင့် နက်ပြာရောင်ဘေးကွဲစကပ် တို့ကို ဆင်တူဝတ်ထားသည်။ အမျိုးသမီးလေးနှစ်ယောက်လုံး ဝင်းဝင်းဝါဝါ ခြေသလုံးသွယ်သွယ်လေးများကို ပိုင်ဆိုင်ကြသည်မို့ ဘေးကွဲစကပ် ဝတ်ထားသည်မှာ ကြည့်၍ကောင်းလွန်းနေသည်။ ရုပ်ရှင်ထဲမှ တရုတ်မင်းသမီးပိုင်ဟွေ့တို့လို ပေါင်ရင်းလောက်အထိခွဲထားလျှင် ကိုကို၊ မောင်မောင်၊ ဘဘတို့က ပို၍များ ဝမ်းသာကြလေမလားဟု ခင်ခင်ထားက စဉ်းစားနေမိသည်။ မှုန်တေတေညီအစ်ကိုနှင့် မျက်နှာချင်းဆိုင် ထိုင်နေကြပြီး သူတို့၏မျက်နှာထားတွေကလည်း ခပ်တည်တည် ခပ်တင်းတင်းပင် ဖြစ်လေသည်။ သူတို့ဝတ်ထားသော ကုတ်အင်္ကျီလေးတွေက လေအေးစက်တပ်ဆင်ထားသော ရုံးခန်းထဲတွင်ဆိုလျှင် အဆင်ပြေကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြေမည်ဖြစ်သော်လည်း ယခုလို ပူလောင်အိုက်စပ်ပြီး စိတ်ညစ်နေရသော အခြေအနေနှင့်တော့ သဟဇာတဖြစ်ဟန်မတူချေ။ ထို့ကြောင့် မျက်နှာတွင် ပျံတက်လာသော ချွေးများကို လက်ကိုင်ပဝါ အခေါက်ကလေးနှင့် တို့ကာ တို့ကာ သုတ်နေကြရသည်။

လွယ်အိတ်နှင့်လူ၏ဘေးတွင်ထိုင်နေသူကတော့ မဖြူမ နွယ်ဖွား ဆာရီဝတ်အမျိုးသမီးဖြစ်လေသည်။ တစ်ကားလုံးတွင်လည်း အသံအကျယ်ဆုံး ဖြစ်သည်။ အို ကျယ်ဆို၊ ကျန်သည့်လူတွေကလည်း အသံမှ မထွက်ကြတာပဲလေဟု ဆက်တွေးရင်း ခင်ခင်ထား အနည်းငယ် ပြုံးချင်သွားသည်။

သူက သူ၏အလုပ်ရှင်သူဌေးသည် သိမ်ကြီးဈေးတွင် ဘယဆေးမျိုးစုံရောင်းကြောင်း၊ ဝင်ငွေကောင်းလှကြောင်း၊ သူက ထိုသူဌေး၏ အိမ်တွင် တစ်ပတ်တစ်ခါသာ အိမ်ပြန်သောစနစ်နှင့်အိမ်မှုကိစ္စတွေ လုပ်ပေးရကြောင်း၊ သူ့အိမ်ကတော့ အင်းစိန်တွင်ရှိကြောင်း စသည်များကို ခင်ခင်ထားအားကြည့်လိုက်၊ လူဝကြီးအားကြည့်လိုက်နှင့် စက်သေနတ်ပစ်သလို တဒက်ဒက်နှင့် အဆက်မပြတ်ပြောနေသည်။

'ချွန်မရဲ့မမလေးလေ အားကြီးစိတ်ကောင်းရှိတယ်၊ ပေးကမ်းတတ်တယ်၊ ရက်ရောတယ်၊ ဒါပေမယ့် ချွန်မနောက်ကျတယ်နော်၊ အားကြီးစိတ်ဆိုးရော၊ အခုလောက်ဆိုရင် သူစိတ်ဆိုးနေပြီအမား၊ ချွန်မ ကံမကောင်းဘူး၊ ဒွတ်ခပဲ၊ သူလည်း အိမ်မှာ ကလေးတွေနဲ့ ဒွတ်ခပဲ၊ ကလေးတွေက အားကြီးဆိုးတယ်၊ တစ်ယောက်က ကော်ဖီသောက်မယ်၊ နောက်တစ်ယောက်က နံပြားစားမယ်၊ နောက်တစ်ယောက်က အီးအီးပါမယ်၊ သူ့မှာလည်း လက်နှစ်ဖက်ပဲရှိတယ် အမား၊ သူဘယ်လို လုပ်နိုင်မလဲ၊ ဒွတ်ခပဲ'

လူဝကြီးက နားညည်းလာဟန်နှင့် မျက်နှာပုပ်လာတော့ သူက ခင်ခင်ထားဘက်လှည့်ကာ ရင်ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော လာပါပြီဗျာ၊ နောက်ထပ် တစ်ဒွတ်ခ၊ အဲ လေ နောက်ထပ် တစ်ယောက်'

ကားဆီသို့ မလှမ်းချင် လှမ်းချင်နှင့် လှမ်းလာနေသော မိန်းကလေးတစ်ဦးကို တွေ့တော့ လွယ်အိတ်နှင့်လူက ဝမ်းသာအားရပြောသည်။ ကိုယ်ဒုက္ခရောက်သလို သူတစ်ပါးဒုက္ခရောက်လာသည်ကိုပင် ဝမ်းမသာကောင်းမှန်း သိသော်လည်း သူသာမက ခင်ခင်ထားတို့လည်း ဝမ်းမသာဘဲ မနေနိုင်။ ဒုက္ခရောက်သူ များသည်ထက်များရန်လိုသည်။ ဒါမှ ကားမြန်မြန်ပြည့်မည်။ ကားမြန်မြန်ပြည့်မှ မြန်မြန်ထွက်ခါ တရားရုံးကို မြန်မြန်ရောက်မည်။ တရားရုံးကိုမြန်မြန်ရောက်ပါမှ 'အပြစ်ရှိပါတယ်' ဟု မြန်မြန်ဝန်ခံကာ ကျသင့်သောဒဏ်ငွေကို မြန်မြန်ဆောင်ရမည်။ ထိုထိုသော ကိစ္စဝိစ္စတွေ ပြီးစီးသောအခါမှ ကိုယ်လိုရာခရီးကို လွတ်လပ်စွာသွားနိုင်မည်မို့ ကားမြန်မြန်ပြည့်ရန် လူတိုင်းလူတိုင်း စိတ်တွေ စောနေကြသည်။

ဒီတစ်ခါရောက်လာသူကတော့ ဆံပင်တိုတို၊ ပါးဖောင်းဖောင်းလေးနှင့် ကလေးမျက်နှာလေးကို ပိုင်ဆိုင်သော ကိုယ်ဝန်ဆောင် ကောင်မလေးတစ်ယောက် ဖြစ်သည်။ စိတ်အလိုမကျသလို နှုတ်ခမ်းလေး မသိမသာစူကာ မျက်နှာလေးလည်း နီနေသည်။

'လာ လာ ညီမလေး လာ'

ခင်ခင်ထားက ဘဝတူချင်းအားပေးဟန်နှင့် ဖော်ရွေစွာ ဆီးကြိုခေါ်ငင်လိုက်သည်။ ကောင်မလေးက ခင်ခင်ထား၏ဘေးတွင်ဝင်ထိုင်ရင်း ဘယ်သူ့ကိုမှ မကြည့်ဘဲ မျက်လွှာချထားသည်။ လူရောစိတ်ပါ အိုက်ပြီး ချွေးတွေပျံနေသဖြင့် လက်ကိုင်ပဝါလေးနှင့် ယပ်ခတ်နေသည်။ တစ်လောကလုံးရှိ ရှိရှိသမျှသော လူတွေအကုန်လုံးက သူ့ကို ဝိုင်းအုံပြီး ကြည့်နေကြသလို ခံစားရကာ အနေရအထိုင်ရခက်ပြီး စိတ်ကျဉ်းကျပ်နေဟန်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟ ညည်းက ကြံတိုင်းအောင်ရဲ့မိန်းမ မဟုတ်လား'

ခုနတုန်းက သော့တွဲတွေလူကြုံပါးနေသော ရုံးဝန်ထမ်းက လှမ်းမေးသည်။

'ဟင် အစ်ကိုကြီးကိုရေအေး'

ကောင်မလေးက ဝမ်းသာအားရနှုတ်ဆက်သည်။

'ညည်းတစ်ယောက်တည်းလား ဟိုအကောင်မပါဘူးလား'

'နွေးနွေးတစ်ယောက်တည်းထွက်လာတာ အစ်ကိုကြီးရဲ့၊ နွေး ထွက်လာတာ သူတောင်မသိဘူး'

'ဘာဖြစ်လို့လဲ'

'အာလ်ထရာဆောင်း ရိုက်ကြည့်ချင်လို့လေ၊ သူကတော့ နေပါဦး၊ ဘာဦးနဲ့ အချိန်တွေဆွဲနေတာ၊ နွေးကတော့ စိတ်မရှည်တော့ဘူး၊ သားလေးလား သမီးလေးလား သိချင်လှပြီအစ်ကိုကြီးရဲ့၊ မနေ့ညတုန်းက ဆိုရင် စိတ်တွေစောပြီး အိပ်လို့တောင်မပျော်ဘူး'

'ဘာလုပ်ရမှာလဲ၊ အချိန်တန်ရင် သိရမှာပဲ ဥစ္စာ'

ကိုရေအေးက ခပ်ပြတ်ပြတ်ပြောသည်။ နွေးနွေးလည်း ငြိမ်သွားသည်။ သို့သော် နှုတ်ခမ်းကတော့ အနည်းငယ် ပိုစူလာလေသည်။

ကိုရေအေးက ကြံတိုင်းအောင်ကို သိပ်ပြီးကြည့်၍မရသလို၊ သူ့မိန်းမနွေးနွေးကိုလည်း အမြင်ကြည်လှသည်မဟုတ်ချေ။ ဆတ်ဆလူးမလေးဟုပင် စိတ်ထဲမှ သတ်မှတ်ထားသည်။ သူ့မဟေသီ စိန်ရွှေမြကလည်း ကြံတိုင်းအောင်က သူ့မိန်းမနားတွင် ပျာယာခတ်လေသမျှကို အားအကျကြီးကျပြီး 'ကောင်မလေး ကံကောင်းလိုက်တာဟဲ့၊ ဘာဟဲ့၊ ညာဟဲ့'နှင့် သူ့ကို စောင်းစောင်းပြီး တွယ်နေတော့ ပိုပြီးမြင်ပြင်းကတ်နေမိသည်။

တစ်နေ့တုန်းကတော့ 'နင်က ယောကျ်ားတွေအကြောင်းမှ မသိတာ၊ အပြစ်ရှိတဲ့ယောကျ်ား၊ ဖောက်ပြန်တတ်တဲ့ ယောကျ်ားတွေ

www.burmeseclassic.com

www.burmeseclassic.com



သာ မိန်းမတွေကို အရမ်းချော့၊ အရမ်းယုယတတ်တာ၊ နောက်ပြီး ကွယ်ရာကျတော့ ထင်တာလုပ်ရော၊ ငါလိုကောင်က မဟုတ်တာ ဘယ်တော့မှ မလုပ်တော့ ဘယ်သူ့ကိုမှလည်း ပလူးပလဲချော့မနေတတ်ဘူး' ဟု ခပ်တင်းတင်း အော်ပစ်လိုက်သည်။ စိန်ရွှေမြက 'အမလေး ရှင့်လို အမြဲတမ်း ဘိုင်ကျနေတဲ့ အပြန်တစ်ရာဘိုင်ကြီးက ဖောက်ပြန်စရာရော ရှေလို့လားး' ဟု ပြန်မေးသော်လည်း အတွင်းစိတ်ကတော့ ကျေနပ်သွားဟန်နှင့် မပြုံးတပြုံးဖြစ်သွားသည်။

'ယောက်ျားတစ်ယောက်ဖောက်ပြန်ချင်ရင် ငွေမလိုပါဘူးကွာ၊ သူ့အလှနဲ့သူ၊ သူ့အဆင့်နဲ့သူ ဖောက်ပြန်စရာတွေကို ပြည့်လို့၊ နောက်ဆုံး လူမပါဦးတော့၊ စိတ်နဲ့ဖောက်ပြန်နေရင်လည်း ရတာပဲ၊ မြင်မြင်သမျှ မိန်းမကို စိတ်ထဲကပြစ်မှားပြီး ပါးစပ်အရသာခံပြီး ပေါက်တတ်ကရ ပြောနေတတ်တဲ့ ယောက်ျားတွေလည်း အများကြီး၊ ကဲ ငါ့ဆရာ ညွှန်မှူးရော၊ မိန်းမကို ရှေ့တွင်တော့ဖူးဖူးမှုတ်နေပြီး ကွယ်ရာမှာကျတော့ စမောဆွဲနေတယ်လေ၊ ကဲ အဲဒီလိုလူမျိုးကို နင်ကြိုက်သလား'

စမောဆွဲသည် ဟူသော စကားမှာ အငယ်အနှောင်း ရှိနေကြောင်း ပြောသည်ကိုသိတော့ စိန်ရွှေမြ မျက်လုံးပြူးသွားသည်။

'ဟယ် သူ့မိန်းမ ဒီလောက်ချောတာ'

ညွှန်မှူးကတော် ဒေါ်တင်တင်ကြည်ကို စိန်ရွှေမြက မြင်ဖူးထားတော့ တအံ့တသြဖြစ်နေသည်။ ဒီလောက်ချောသော မိန်းမကို ရထားသောသူကပင် ဖောက်ပြန်သေးသည်ဟုဆိုတော့ သူ့ရုပ် သူ့ရည် အတွက်လည်း သူ့ခမျာ အားငယ်သွားဟန်ရှိသည်။

'ဒါကြောင့်မို့ မိန်းမတွေ ကိုယ်ဝန်ဆောင်တဲ့အချိန်မှာ ယောက်ျားတွေ ဖောက်ပြန်တတ်တယ်လို့ ပြောကြတာပေါ့၊ ဒါပေမယ့် ငါ့ကိုတော့ စိတ်ချ၊ မင်း ကိုယ်ဝန်ဆောင်တာ ဘယ်နှစ်ခါရှိပြီလဲ၊ ငါ ဖောက်ပြန်ဖူးလို့လား၊ အဲဒီကိစ္စအတွက် မင်း စိတ်ဆင်းရဲရဖူးလား'

www.burmeseclassic.com

www.burmeseclassic.com



သူက အပေါ်စီးနှင့် ခပ်တင်းတင်း ပြောသည်။ အဟုတ်၊ တကယ်၊ အမှန်တရားပေမို့ ပြောရသည်မှာလည်း အရသာရှိလှသည်။ သူ့မဟေသီက မျက်စောင်းလေး မသိမသာ ဝဲလိုက်သည်မှအပ ဘာမှ ပြန်မပြောတော့ချေ။ ကျေနပ်ပြုံးလေး ပြုံးနေလိုက်သည်ကတော့ ညနေ စောင်းသည်အထိပင်။ ထိုနေ့က ကလေးလေးကောင် တစ်ကောင်မျှ အရိုက်ခံမထိသည့်အတွက် ထူးခြားလှသောနေ့တစ်နေ့ ဖြစ်သွားခဲ့သည်။

ကိုရေအေးက ပြန်တွေးရင်း မသိမသာပြုံးနေမိစဉ် ကားပေါ်သို့ လူတစ်ဦးတက်လာပြန်သည်။ သူက နွေးနွေး၏ဘေးတွင်ထိုင်ရမည်ကို အားနာဟန်နှင့် ကုလားမဒေါ်ဒွတ်ခဘေးတွင် ခပ်ကုပ်ကုပ် ဝင်ထိုင်သည်။

'ဟာ အစ်ကို'

ကားထဲမှ လွယ်အိတ်ဆရာက တအံ့တသြခေါ်သည်။ သူက အတွင်းပိုင်းကို ခေါင်းငဲ့ကြည့်ရင်း 'ဟ ညဏ်ပေါ်' ဟု အာမေဋိတ်သံနှင့် ပြန်လည်နှုတ်ဆက်သည်။

'ဘာလဲ မင်းက စာရေးစရာရှားလို့ ကုန်ကြမ်းရှာနေတာလား'

အံ့သြမှုပြေပျောက်သွားတော့ သူက လွယ်အိတ်နှင့်လူကို ပြုံးစေ့စေ့နှင့် လှမ်းမေးသည်။ ထို့နောက် သူ့ကို လှမ်းကြည့်နေသော လူဝကြီးကို သွားကလေးဖြဲကာ ရယ်ပြရင်း 'ဒီကောင့်ကို မယုံနဲ့ဗျ၊ ခုနတုန်းက ကားထဲက လူတွေ အကြောင်းကို သူ စပ်စုမနေဘူးလား၊ အဲဒါ အကောင်းမထင်နဲ့၊ သူဆောင်ရမယ့် ဒဏ်ငွေအတွက် အရင်းကြေအောင် ဝတ္ထုရေးဖို့ အကြံအဖန်လုပ်နေတာ၊ စာရေးဆရာမင်းလူဆိုတာ ခင်ဗျား ကြားဖူးလား၊ အဲဒါ သူပဲ' ဟု ဆက်၍ ပြောသည်။

သူ့စကားအဆုံးတွင် လွယ်အိတ်ဆရာခမျာ ဘာပြန်ပြောရမည် မသိဘဲ တွန့်ခနဲ ဖြစ်သွားသည်။

စာရေးဆရာဟု အသံကြားတော့ မှုန်တေတေ ညီအစ်ကို နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က လှည့်ကြည့်ကြသည်။ စကပ်ဘေးကွဲနှစ်ယောက်ကလည်း တစ်ယောက်နှင့် တစ်ယောက် တတောင်နှင့် တွက်လိုက်ကြသည်။ ကုလားမ ဒေါ်ဒွတ်ခကတော့ 'ဟား ကားပေါ်ရောက်ကတည်းက ချွန်မ ထင်တယ်၊ ဒီအစ်ကို စာရေးဆရာဖြစ်ရမယ်လို့' ဟု ဝမ်းသာအားရ ပြော လေသည်။

နွေးနွေးကတော့ 'ဟောတော့ အဲဒါ မင်းလူလား၊ မင်းလူဆိုရင် နွေးနွေးက သိပ်ကြိုက်တာ၊ လူမဟုတ်ဘူးနော် စာ စာ အဲ ကဗျာ နောက်ပြီး ဝတ္ထုရောပဲ' ဟု အယောင်ယောင် အမှားမှား ပြောသည်။

ခင်ခင်ထားက နောက်တက်လာသူကိုကြည့်ရင်း မြင်ဖူးလိုက် တာဟု တွေးနေမိသည်။ ချက်ချင်းစဉ်းစား၍မရ။ ထို့နောက်မှ သူတို့ ရပ်ကွက်က စာပေဟောပြောပွဲတွင် လာရောက်ဟောသွားဖူးသော စာ ရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏဖြစ်ကြောင်း သတိရသည်။ ထိုအချိန် တွင် စာရေးဆရာက တစ်ပြန်တစ်လှည့် ပြန်ပြောသောအသံကို ကြား ရသည်။

'ကျွန်တော်က စာရေးရုံတင် ရေးမှာ၊ သူက ရုပ်ရှင်ထဲမှာပါ ထည့်ရိုက်မှာဗျ၊ ဒါရိုက်တာ မောင်ဝဏ္ဏဆိုတာ သူပါပဲ၊ သူ့ဥပဓိရုပ်ကို ကြည့်ပြီး မယုံမရှိကြပါနဲ့၊ မောင်ဝဏ္ဏအစစ်ဖြစ်ကြောင်း ကျွန်တော် ထောက်ခံပေးနိုင်ပါတယ်၊ ကျွန်တော့်အစ်ကိုအရင်းမို့လို့ပါ'

စာရေးဆရာ၏ ခပ်သောသော ပြောသံကိုကြားတော့ ခင်ခင် ထားက သဘောကျစွာ ရယ်မောလိုက်မိသည်။ ညီအစ်ကိုနှစ်ယောက် ကားပေါ်တွင် လာဆုံကြခြင်းဖြစ်ကြောင်းကိုလည်း သဘောပေါက်သွား သည်။

'ဟုတ်ပါတယ်၊ သူက ကျွန်တော့်ညီပါ၊ ဒါပေမယ့် စည်းကမ်း မရှိတဲ့နေရာမှာတော့ ကျွန်တော့်ထက်အများကြီးသာပါတယ်၊ ဒီကား ပေါ်ကို သူအရင်ရောက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူတို့တစ်ကားလုံး ဝါးခနဲ ရယ်လိုက်မိကြသည်။ ရယ်သံတွေကြားတော့ ကားဘေးတွင်ရပ်နေသော ရဲသားကြီးကပင် ထူးဆန်းနေဟန်နှင့် တအံ့တဩ လှမ်းကြည့်နေလေသည်။

ဖြစ်လာမှတော့ ထိုင်ပြီးစိတ်ညစ်နေရသည်ထက် အခုလို ရယ်ရယ်မောမောနေကြရသည်က ပို၍ကောင်းသည်ကတော့ အမှန်ပင်။

ကိုရေအေးက သူတို့ညီအစ်ကိုကိုကြည့်ကာ ခပ်သဲ့သဲ့ရယ်မောရင်းမှ ကားလမ်းဘက်ကို လှမ်းကြည့်ကာ လူမျှော်လိုက်မိသည်။ နောက်ထပ် တစ်ယောက်လောက်ရလျှင် လူပြည့်ပြီ။

'ဟော ဆရာ'

တိုက်တိုက်ဆိုင်ဆိုင်ပင် ညွှန်မှူး၏ကားက သူတို့ဘေးမှ ဖြတ်သွားသည်။ ညွှန်မှူးကတော့ သူ့ကိုမတွေ့။ ကားနောက်ခန်း ဆိုဖာထဲတွင် ကိုယ်လုံးမြုပ်အောင် မှီထိုင်ရင်း တယ်လီဖုန်းပြောနေသည်။ နဂိုကတည်းက ချိုပြီးပြုံးနေသောမျက်နှာမှာ ပို၍ချိုပြီး ပို၍ပင်ပြုံးနေသည်။

'ငါ့ဆရာမျက်နှာကတော့ ခွေးတက်လျက်မှာတောင် စိုးရိမ်နေရပြီ။ ကြည့်ရတာ အိမ်ကမိန်းမကို ချော့နေတာလား၊ ဒါမှမဟုတ် စမောလေးက ချွဲလို့ ဟဲနေတာလား၊ အင်း တစ်ခုခုတော့ တစ်ခုခုပဲ'

ကိုရေအေးက သူ့ဆရာ၏ကားနောက်မီးနီနီလေးကို တငေးတမောလိုက်ကြည့်ရင်း ခပ်ပြုံးပြုံး စဉ်းစားနေမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ခန်းထဲတွင် ရယ်သံတွေဆူညံနေသည်။ ဖိုးသကြိန်တို့အုပ်စုပင် ဖြစ်သည်။ သူတို့က ဆရာမလာမီ တိုင်တိုင်ပင်ပင်နှင့် စုဝေးပြီး စာကျက် ထားနှင့်ရန် ဘယ်တော့မှ စိတ်ကူးကြသူများ မဟုတ်ချေ။ ရယ်စရာ တွေကိုသာ တစ်မျိုးပြီးတစ်မျိုးပြောကာ တဝါးဝါး တဟားဟား လုပ်နေ တတ်ကြလေသည်။

'အဲဒီတုန်းက ဆရာမက ငါ့ကို မမြင်ဘူးကွ၊ ကားပေါ်မှာ မျက်နှာငယ်လေးနဲ့ ကုပ်ကုပ်လေးထိုင်နေတာ သနားစရာလေး'

'ဟင်း ငါတို့တွေ စာမရတုန်းက ကိုယ့်နားရွက်ကိုယ်ဆွဲပြီး ထိုင်ထလုပ်ခိုင်းတုန်းကလို မျက်နှာပေးမျိုး မဟုတ်တော့ဘူးပေါ့လေ'

'အို အဲဒီမျက်နှာနဲ့ ဘာမှကို မဆိုင်ဘူး၊ တကယ့်ကို မျက်နှာ ငယ်လေး၊ ငါဖြင့် ဆရာမကိုလှမ်းမြင်တော့ သနားလိုက်တာ၊ ငါ့ကို မြင်ရင် ရှက်နေမှာစိုးတာနဲ့ လမ်းတစ်ဖက်ကွေ့ချိုးပြီး ရှောင်ထွက်လာ ခဲ့ရတယ်'

'ငါသာဆိုရင်တော့ ဆရာမ ဘယ်သွားမလို့လဲလို့ သွားမေး လိုက်မှာ၊ အဲဒါဆိုရင် ဘာပြန်ပြောမလဲမသိ ဟီ ဟိ'

'မင်း တော်တော်ပုပ်တဲ့ကောင် အဲဒီလို စိတ်ပုပ်လို့ လူလည်း တစ်နေ့တစ်ခြား ဝပြီး ပုတ်ဖြစ်လာတာ'

ရယ်သံများကို ကြားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲတွင် ခေါင်းအုံးနှစ်လုံးကို ကျောဖက်တွင် ခုကာ ခပ်လျော့လျော့ထိုင်နေသော တင်တင်ကြည်က သူတို့ဘယ်ဆရာမ အကြောင်းများ ပြောနေပါလိမ့်၊ အင်္ဂလိပ်စာ ဆရာမလား၊ အီကို ဆရာမ လား၊ မြန်မာစာ ဆရာမလားဟု တွေးနေမိသည်။ လက်ထဲတွင် စိပ်ပုတီး ကိုင်ထားသော်လည်း၊ ရွတ်နေကျအတိုင်း သမ္ဗုဒ္ဓေကိုရွတ်နေသော်လည်း စိတ်က သမ္ဗုဒ္ဓေမှာမရှိ။ ဟိုရောက် ဒီရောက်နှင့် ယောက်ယက်ခတ်ပြီး ပြန့်ကျဲနေသည်။

'ဟေ့ကောင်တွေ သိပ်မဆူနဲ့ကွ၊ ငါ့အမေ နေမကောင်းပါဘူး ဆိုမှ ရှူး တိုး တိုး'

အသံအကျယ်ဆုံးဖြစ်သော ဖိုးသကြိန်က အခုမှ သတိရသွား သလို တရှူးရှူးလုပ်နေသည်။ လူပျိုပေါက်စဆိုတော့ သူ့အသံကြီးက လည်း အောတောတော ပြာတာတာနှင့် ခပ်ကြောင်ကြောင် ခပ်ကျား ကျား ဖြစ်နေသည်။

'မင်းအမေ နေမကောင်းတာကလည်း ဘာဖြစ်လို့ အပေါ်ထပ် မှာ မနေတော့ဘဲ အောက်ထပ်အခန်းထဲ ဆင်းလာရတာလဲ'

'ဆရာဝန်မကြီးက ငြိမ်ငြိမ်နေရမယ်လို့ မှာလိုက်တယ်တဲ့ကွ၊ ဒါကြောင့်'

'ဟတ်ဟား ကြည့်ရတာ မင်းအမေငြိမ်ပေမယ့် မင်းအဖေက မငြိမ်ဘူးထင်တယ်'

'ဟေ့ကောင် ငါ့အမေကို လှေကားမတက်စေချင်လို့ကွ'

ဖိုးသကြိန်က ခပ်တိုးတိုးဆဲသည်။ ကျိတ်ပြီးရယ်နေသောအသံ များကို ကြားနေရပြန်သည်။

တင်တင်ကြည်က ပင့်သက်လေး မသိမသာရှိုက်ကာ ငေးနေ မိသည်။ ကလေးတွေက ရယ်စရာပြောသော်လည်း 'မင်းအဖေက မငြိမ် ဘူးထင်တယ်' ဟူသောစကားက သူ၏ဦးနှောက်လိုင်းကို ရိုက်ခတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲအထိ ပွဲတင်လိုက်သွားသလို ခံစားလိုက်ရသည်။ 'ဟုတ်တယ် သူ ခုတစ်လော သိပ်မငြိမ်တာတော့ အမှန်ပဲ၊ အိုဗာတိုင်ဆိုတာကလည်း ခဏ ခဏ၊ တစ်နေ့တုန်းက ငါ့ကို သတင်းလာမေးတဲ့ ဦးသန်းထွေးတို့ လင်မယားကတောင် ဦးအောင်ထွန်းမြင့်တစ်ယောက် ခုတစ်လော အိုဗာ တိုင်တွေ မများဘူးလားတဲ့၊ သူတို့မျက်နှာတွေက ရယ်ချင်သလိုလို၊ ပြုံးချင်သလိုလို ရိသဲ့သဲ့နဲ့၊ ကိုကိုတစ်ယောက်လည်း ဟုတ်မှ ဟုတ်သေး ရဲ့လား မသိပါဘူးကွယ်' ဟု တွေတွေဝေဝေလေး တွေးနေမိသည်။

'မင်းအမေက ဘာဖြစ်လာလဲဟင်'

'သိဘူးကွ၊ သြော် ကလေးရှေ့မှာ အချင်းပိတ်နေတယ်ဆိုလား ဘာလား ပြောနေတာတော့ ကြားတာပဲ'

ဟုတ်သည်။ သူ့ကိုယ်ဝန်တွင် အချင်းနေရာက မမှန်ချေ။ ကိုယ်ဝန်ငါးလကျော်လေးနှင့် သွေးဆင်းလာတော့ တင်တင်ကြည်သည် သူ့မိခင် ဒေါ်ခင်မေကြီးနှင့်အတူ ဆေးခန်းသို့ ဒရောသောပါး ရောက် သွားသည်။

ဆရာဝန်မကြီးက သူ၏မွေးလမ်းကြောင်းကို စမ်းသပ်ကြည့်ရှု ပြီး 'မွေးလမ်းကြောင်းမှာတော့ ဘာအနာမှ မရှိပါဘူး၊ ဒါမျိုးက စီအေ ဆားဗစ်(စ)နဲ့ မှားတတ်လို့' ဟုပြောသည်။

စီအေဟူသော အသံကြားတော့ တင်တင်ကြည်ခေါင်းနားပန်း ကြီးသွားသည်။ သူက ကိုယ့်လင်သား၊ ကိုယ့်သားသမီးနှင့် မြန်မာပိုး၊ အီတလီပိုး၊ ဂျပန်ပိုး၊ စိန်မိုက်ကယ်နှင့် ပါတိတ်အမျိုးမျိုးကိုသာ စိတ်ဝင် စားသူ ဖြစ်သည်။ သို့သော် စီအေဟူသည်မှာ ကင်ဆာကိုပြောကြောင်း ဆိုတာလောက်တော့ ကြားဖူးနားဝနှင့် သိထားသည်။ သူ၏မွေးလမ်း ကြောင်းမှာ ကင်ဆာများဖြစ်နေပြီလားဟု တွေးတောစိုးရိမ်ကာ ရင်တွေ တဒိတ်ဒိတ်ခုန်သွားသည်။ ထိုရင်ခုန်သွားသော ဆယ့်လေးငါးခြောက် စက္ကန့်အတွင်းတွင် 'ဘုရား ဘုရား၊ စီအေဆိုရင်တော့ မကြာခင် သေ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ၊ မသေခင်လည်း အလူးအလဲခံရဦးမယ်၊ ငါ့အာရုံထဲမှာလည်း ယောက်ျားနဲ့ သားသမီးကလွဲလို့ ဘုရားလည်း မရှိ၊ တရားလည်း မရှိ၊ အာနာပါန မှတ်ဖို့နေနေသာသာ၊ ပုတီးတောင် မစိပ်ဖြစ်တာ ကြာလှပြီ။ နံ့သာဖြူပုတီးလေးလည်း ဘယ်ချောင် ဘယ်ကြားထဲကျပြီး ဘယ်ရောက်နေမှန်းတောင်မသိဘူး၊ ဒီပုံစံနဲ့သေရင် တစ္ဆေဖြစ်မလား သရဲဖြစ်မလား၊ ငရဲပဲကျမလား ဘုရား ဘုရား၊ ငါသေရင် ဖိုးသကြိန်လည်း စာကျက်မှာ မဟုတ်ဘူး၊ ဆယ်တန်းမှမအောင်ရင် ဘယ်လိုလုပ်ပြီး လူဖြစ်တော့မှာလဲ၊ ဒီနှစ်မှ မအောင်ရင် နောက်နှစ်တွေကျတော့ ပိုပြီး ခက်တော့မှာ၊ သမီးလတ်ကလည်း အမေအနားမှာမရှိရင် စိတ်တွေလေတော့မှာတော့ အသေအချာပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားနေရင်တော့ ဒုက္ခပါပဲ၊ အငယ်မလေးတော့ သနားစရာ၊ ဘယ်သူ့နား ကပ်ရမယ်မှန်းတောင် သိမှာမဟုတ်ဘူး၊ အမေကို သတိရတိုင်း ဝရံတာချောင်ကလေးမှာထိုင်ပြီး တိတ်တိတ်ကလေး ကျိတ်ငိုနေရှာမှာ။ ကိုကိုထွန်းရော ဟွန်း သူကတော့ တစ်လနှစ်လလောက် တလွမ်းလွမ်း တဆွေးဆွေးလုပ်နေမှာပေါ့၊ မုဆိုးဖို အသစ်စက်စက်ကလေးကို သနားမယ့် မိန်းမတွေလည်း ပုံလို့၊ လေးငါး ခြောက်လလောက်နေရင် သူလည်း နောက်မိန်းမယူပြီးရောပေါ့၊ ဘုရား ဘုရား ငါ့သား ငါ့သမီးလေးတွေကို မိထွေးက အချိုခံလေးနဲ့ နှိပ်စက်တော့မယ်၊ အဖေကလည်း သူ့မိန်းမ ငယ်ငယ်ချောချောလေး တွန်းသမျှ တိုက်သမျှ အကုန်ယုံမယ့်ရုပ်မျိုး၊ ဘုရား ဘုရား ဘုရား ကယ်တော်မူပါ' ဟု စုံနေအောင် ယောက်ယက်ခတ်နေအောင် တွေးလိုက်နိုင်သည်က တော့ အံ့ဩစရာပင် ကောင်းတော့သည်။ ဆယ်စက္ကန့်လောက်သော အချိန်ကလေးအတွင်းတွင် ဘုရားကိုဆယ်ခါမကတလိုက်မိရင်း အတွေး တွေကလည်း ပိုက်ကွန်ကြီးကို ဝဲပြီး ဖြန့်ပစ်လိုက်သလို ယှက်ဖြာသွား သည်။ ကတုန်ကယင်နှင့် ငိုချင်လာသည်။

'ကင် ကင် ဆာလား မမ'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ မှားတတ်တာကို ပြောတာ၊ ညီမမှာ ဘာအနာမှ မရှိပါဘူး'

သူက သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ထို့နောက် နောက်ထပ် အပူတစ်ခုက ချက်ချင်း အစားဝင်ရောက်လာသည်။ 'ဒါဆိုလျှင် ကလေးပျက်ချင်ပြီ ထင်သည်၊ သူ့ဝမ်းဗိုက်ထဲတွင် မှီတွယ်ကာ သက်ဝင်လှုပ်ရှားနေပြီဖြစ်သော သူ၏ရင်သွေးကလေးသည် ဆက်လက်မတည်တံ့နိုင်တော့ပဲ လျှောကျပျက်စီးရတော့မှာလား။

ဆေးခန်းမှာ ပစ္စည်းအစုံအလင်ရှိတော့ အစစ အရာရာ လွယ်ကူ သက်သာလှသည်။ ခဏနေတော့ သူ၏သားအိမ်တွင်းကို အာလ်ထရာဆောင်း ရိုက်ကြည့်ပြီး ဖြစ်သွားသည်။ ဆေးပညာတိုးတက်ပုံမှာ အံ့သြစရာပင် ကောင်းတော့သည်။ ဝမ်းဗိုက်အတွင်းရှိ ကလီစာ အသီးသီးကိုသာမက သားအိမ်အတွင်းမှ ကလေးနှင့်အချင်းအနေအထားကိုပါ အပြင်မှ လှမ်းကြည့်နိုင်သောအတတ်ပညာကို နတ်မျက်စိရသည်ဟုပင် ဆိုနိုင်လောက်သည်ဟု သူက တွေးနေမိသည်။ သူ့မိခင်ကြီးကလည်း 'သိပ္ပံပညာကတော့ အံ့သြဖို့ကောင်းတယ်ကွယ်၊ ဗိုက်ထဲကို အပြင်ကနေ လှမ်းကြည့်လို့ရတာကို အံ့သြလို့မပြီးသေးဘူး၊ တယ်လီဖုံးတွေမှာ ကြိုးမပါတော့ဘူး၊ ကြိုးသာ မပါတယ် နိုင်ငံခြားထိတောင် ဖုံးလှမ်းဆက်လို့ရတော့ အံ့သြရပြန်ရော၊ နောက်တစ်ခါ အီးမေးလ်တဲ့ အင်တာနက်တဲ့ အိုင်တီတဲ့၊ အန်တီဖြင့် လိုက်လို့ကို မမီတော့ဘူး၊ ထွင်နိုင်တဲ့ဦးနှောက်တွေကိုပဲ ချီးကျူးပါတယ်' ဟု ပြောနေသည်။

'အင်း ဂလီလီယိုတို့ခေတ်မှာသာ ဒါတွေကို သွားပြောရင် ယုံဖို့နေနေသာသာ စုန်းဆိုပြီး ထောင်ထဲအသွင်းခံရမှာပဲထင်တယ်' ဟု တင်တင်ကြည်က တွေးမိစဉ်၊ ဆရာဝန်မကြီးက 'ပလက်စင်တာ ပရီးဗီးယား (Placenta previa)ပါလား' ဟု ပြောသည်။

တင်တင်ကြည်က ဘွဲ့ရ ပညာတတ်တစ်ယောက် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လည်း စီအေလောက်ကိုသာနားလည်သူမို့ ပလက်စင်တာ ပရီးဗီးယား ဆိုတာ ဘာမှန်း မသိချေ။ ဆရာဝန်မကြီး၏ မျက်နှာရိပ် မျက်နှာကဲကို တထိတ်ထိတ်နှင့် အကဲခတ်ရင်း ကင်ဆာထက် ကြီးသော ရောဂါကြီး တစ်ခုခု ဖြစ်နေပြန်ပြီလားဟု တွေးပြီး ကြောက်မိပြန်သည်။

'သမားရိုးကျအတိုင်းဆိုရင် အချင်းနဲ့ကလေး နှစ်ခုမှာ ကလေး က အရှေ့မှာနေရမယ်၊ ကလေးအပြင်ကိုရောက်ပြီးမှ အချင်းက သူ့ နောက်ကနေလိုက်ပြီး ဆင်းလာရမယ်မဟုတ်လား၊ အခု ညီမမှာ အချင်း က ကလေးရဲ့ရှေ့မှာရောက်ပြီး ပိတ်နေတယ်'

ဆရာဝန်မကြီးက တင်တင်ကြည် နားလည်အောင် ရှင်းပြ သည်။

'အဲဒီတော့ တကယ်မွေးတဲ့အချိန်ကျရင် ကလေးရဲ့ရှေ့မှာ အချင်းက ပိတ်ခံနေရော၊ ကလေးက အပြင်ကိုမထွက်နိုင်ဘဲ သွေးတွေ ချည်း ဆင်းပြီး သွေးသွန်တတ်တာပေါ့၊ ဆေးရုံဆေးခန်းမနီးတဲ့နေရာ တွေမှာဆိုရင် ကလေးရောအမေပါ ဒုက္ခရောက်တတ်ကြတယ်လေ'

တင်တင်ကြည်က စိတ်အားတွေငယ်လာကာ 'ငါအသက်ကြီး လို့ ဖြစ်တာနေမှာပါ' ဟုပင် တွေးမိသည်။

'ခုအချိန်မှာ အရေးအကြီးဆုံးက ငြိမ်ငြိမ်လေးနေဖို့ပဲ၊ အချင်း အနေအထားက မမှန်တဲ့အပြင်၊ သွေးစစလည်း ဆင်းတယ်ဆိုတော့ အဘောရှင်းဖြစ်မှာစိုးရတယ်၊ ဆေးရုံမှာ တစ်ပတ်လောက်တော့ နေ လိုက်ပါ၊ စောင့်ကြည့်ဖို့လိုတယ်'

ဆရာဝန်မကြီးကပြောတော့ တင်တင်ကြည်ဆေးရုံတွင်ပင် နေ ခဲ့ရတော့သည်။ အိပ်ရာထဲတွင်ပင် မထတမ်း နားလိုက်တော့ နဂို က တည်းက နည်းနည်းသာဆင်းသောသွေးက ရပ်သွားသည်။ တစ်ပတ် လောက်နေတော့ သူ့ကို အိမ်ပြန်ခွင့်ပြုသည်။ သို့သော် ဆေးရုံမှာ နေ သည့်အတိုင်း အိပ်ရာထဲတွင်ပင် နားနေရမည့်အကြောင်း၊ အချိန် မစေ့

www.burmeseclassic.com

www.burmeseclassic.com



သွေးထပ်ဆင်းလာနိုင်ကြောင်း၊ ထိုသို့ဖြစ်လျှင်လည်း ဆေးရုံသို့ အမြန်ဆုံး ရောက်အောင် လာရမည်ဆိုသည့်အကြောင်းများကိုကား အထပ်ထပ် မှာလိုက်သည်။

ဒေါ်ခင်မေကြီးက အောက်ထပ်ရှိ ဧည့်သည်လာလျှင်အိပ်သော အခန်းကလေးကိုရှင်းကာ တစ်ယောက်အိပ်ခုတင်နှစ်လုံးထည့်သည်။ တစ်လုံးက တင်တင်ကြည်အတွက်ဖြစ်ပြီး ကျန်တစ်လုံးကတော့ သူ့အတွက် ဖြစ်လေသည်။ သမီးဖြစ်သူကို စိတ်မချနိုင်သည့်အတွက် ဆယ်ရက် စခန်းတရားဝင်ရန်၊ ဗုဒ္ဓဂယာသွားရန်စသော အစီအစဉ်များကို အကုန်ဖျက်ပစ်လိုက်သည်။ တင်တင်ကြည်နှင့်အတူ ပုတီး တဂျောက်ဂျောက် စိပ်လိုက်၊ ဘုရားရှိခိုးလိုက်၊ မေတ္တာပို့အမျှဝေလိုက်နှင့်မို့ သူ့ခမျာ အခုတလောတွင် ဗွီဒီယိုခွေကိုပင် မကြည့်အားရာတော့ပေ။

'အဲဒါဆိုရင် မင်းအမေ အိမ်လည်ကျော်ဇင် မလုပ်နိုင်တော့ဘူးပေါ့'

'ဟုတ်တယ် ငါ့အမေကို အိမ်လည်ကျော်ဇင်လို့မခေါ်နဲ့တော့၊ အခုအိမ်မြဲကျော်ဇင် ဖြစ်သွားပြီ၊ အမေရော အဘွားရော အခန်းထဲကတောင် မထွက်ကြဘူး၊ နှစ်ယောက်စလုံး ဘုရားနဲ့ တရားနဲ့ ပုတီးနဲ့၊ ဟီး ဟီး'

အခုအောက်ထပ်အခန်းက အရှေ့ဘက်ကိုလှည့်ထား၍ နံနက်ခင်း နေခြည်နွေးနွေးကို ရသည်။ ပြတင်းပေါက်နားတွင်ရှိသော စံကားစိမ်း ပန်းရုံနှင့် ဇီဇဝါရုံတို့က တစ်လှည့်စီ သင်းပျံ့မွှေးနေတတ်၍ စိတ်အေးချမ်းကြည်နူးဖွယ် ဖြစ်သည်။ သို့သော် စာဖတ်ခန်းနှင့် နီးနေသည့်အတွက်ကြောင့် ဖိုးသကြိန်တို့ ပေါက်တတ်ကရ ပြောတတ်သမျှကို အကုန်ကြားနေရသည်။ သူတို့အသံတွေကလည်း တောကျီးကန်းကြီးအအေးမိထားသလို ပြာတာတာ အက်တက်တက်ကြီးတွေမို့ နားဝင်မချိုလှ။ တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း အများအားဖြင့်တော့ အပျင်းပြေသလိုလိုရှိသားပင်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးရေ ထက်ထက်မည်းဦးရေ၊ လက်ထဲမှာကိုင်ထား တာ ဘာမုန့်လဲဟင်'

ဟော နောက်တစ်မျိုးကြားရပြန်ပြီ။ သူတို့အခန်းနား ဖြတ်လျှောက်သွားသည့် သမီးငယ်လေးကို လှမ်းပြီး စနေခြင်း ဖြစ်ရမည်။ အစ်ကိုရော အစ်မပါ အသားဖြူသော်လည်း သမီးငယ်လေးက သူတို့အဖေနှင့်တူကာ အသားညိုစိမ့်စိမ့်လေးဖြစ်နေသည်။ သူ့အသားက အဟုတ်တကယ်ညိုသော်လည်း သူ့ကိုများ ညိုသည်ဟုပြောလျှင် မခံချင်တတ်၊ အခုလည်း ဖိုးသကြိန်၏သူငယ်ချင်း ဝတုတ်တုတ်ကောင်ကလေးက ခေါ်နေပြန်ပြီ၊ ထက်ထက်မည်းဦးတဲ့။

'ကြည့်ရတာ ဆင်းဒဝစ်ဆိုတာနဲ့ တူတယ်နော်၊ အဲဒီမုန့်က ချိုလား ခါးလားဟင် ညီမလေး'

'အရမ်းခါးတာပဲ'

သမီးငယ်၏အသံက ဘောက်ဆတ်ဆတ်နှင့် ဖြစ်သည်။ နှုတ်ခမ်းကလည်း လန်နေအောင်စူနေလိမ့်မည်ကို မြင်ယောင်မိရင်း တင်တင်ကြည်က ပြုံးနေမိသည်။

'ဟယ် ခါးတယ်ဆိုရင် မစားနဲ့လေ ညီမလေးရဲ့၊ မကောင်းဘူးနော်၊ ဒီဘက်ပစ်လိုက်တော့နော် နော်၊ မည်းမည်း အဲ ထက်ထက်'

'ဟော ဆရာလာပြီ'

သမီးငယ်၏အော်သံကို ကြားရသည်။

'သူတို့တွေ စာလည်း မကျက်ဘူးဆရာ၊ စုပြီး စကားတွေ ပြောနေကြတယ်၊ ရယ်နေကြတယ်'

သမီးငယ်က တိုင်နေသည်။ အခုလိုကျတော့ ဘသားချောတွေက ဘာသံမှ မထွက်ကြတော့ဘဲ ငြိမ်ကုပ်နေကြသည်။ ခုနတုန်းက ဆူညံနေကြသူတွေမှာ သူတို့မဟုတ်သည့်အတိုင်းပင်။

'သားလေးရယ် မေမေတို့မိသားစုထဲကို ရောက်အောင်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ၊ သားနဲ့ သားရဲ့အစ်ကိုကြီးက ဆယ့်ငါးနှစ်လောက်ကွာနေမယ်၊ ဒါပေမယ့် သူက သားနဲ့တူတူ စစ်တိုက်တမ်းကစားပေးမှာပါ'

တင်တင်ကြည်က ဗိုက်ထဲမှ ကလေးကိုလှမ်းပြီး ပြောနေမိသည်။ တစ်ခါတစ်ရံ လှုပ်ရှားလိုက်လျှင် 'ဒါလေးက တတောင်ဆစ်လေးလား၊ ခေါင်းလေးလား၊ ဒါမှမဟုတ် ဒူးကလေးများလား'ဟု စိတ်အတွေးနှင့်မှန်းဆကာ တွေးတောရင်း မေတ္တာစိတ်တွေ စိမ့်ဝင်နေရပြီ ဖြစ်သည်။ ထိုရင်သွေးကလေးက သူ၏ဝမ်းကြာတိုက်တွင် ဆက်လက် မတည်တံ့နိုင်တော့ဘဲ ပျက်စီးသွားမည်ကို သူအချိန်ပြည့် စိုးရိမ်နေမိသည်။ သားအိမ်ဝတွင်ပိတ်နေပြီး အနည်းငယ်လည်းကွာချင်ချင်ဖြစ်နေသော အချင်းက သွေးတွေဆင်းချလာလျှင် အမြန်ဆုံးခွဲထုတ်ရမည် ဖြစ်သည်။ ခြောက်လပြည့်ရန်ပင် ရက်ပိုင်းလိုနေသေးသော သူ့ရင်သွေးလေးခမျာ ဘယ်လိုနည်းနှင့် အသက်ဆက်ရှင်နိုင်ပါမည်နည်း။

'သည်းခံပါသားရယ် မှောင်မိုက်ပြီး ကျပ်ကျပ်တည်းတည်း ကွေးနေရပေမယ့် သားလေး သည်းခံပြီးနေပါ၊ လူ့လောကကို ရောက်လာရအောင်၊ အသက်ရှင်ခွင့်လေးရအောင် မေမေ့ဗိုက်ထဲမှာ ဆက်ပြီး သည်းခံနေလိုက်ပါဦး'

တင်တင်ကြည်က သက်ပြင်းလေးငွေ့ငွေ့ချမိသည်။ နေရသည်မှာ စိတ်မပျော်ချေ။ ကိုကိုထွန်းကို ခြေမငြိမ်လှုပဟု သံသယဝင်မိသောကြောင့်လည်း ဖြစ်နိုင်သည်။ ဖိုးသကြိန် စာမကျက်သောကြောင့်လည်း ဖြစ်နိုင်သည်။ ဗိုက်ထဲမှ ရင်သွေးငယ်လေး ပျက်စီးမှာ စိုးသောကြောင့်လည်း ဖြစ်နိုင်သည်။

'ဟွန်း၊ လောကကြီးကိုက မတရားပါဘူး၊ အဖေနဲ့အမေ တစ်ဂိုဏ်းတည်း ထားနေရပေမယ့် ဒီကလေးကို ဗိုက်ထဲမှာ ကိုးလလုံးလုံး ထည့်ပြီး လွယ်ထားရတော့လည်း အမေ၊ မွေးရတော့လည်း အမေ၊ ဝေဒနာခံရတော့လည်း အမေ၊ သေစရာအန္တရာယ်ရှိလို့ သေရရင်လည်း ဒီအမေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ သူတို့က ဘာလုပ်လဲ၊ ဆံပင်လေးတသသ၊ ကိုယ်ဟန်လေး တကြွကြွနဲ့ ငါတော့ တယ်မသင်္ကာပါဘူး'

ဒီတစ်ခါသက်ပြင်းချမိတော့ သမီး၏မျက်နှာရိပ် မျက်နှာကဲကို အမြဲစောင့်ကြည့်နေသော ဒေါ်ခင်မေကြီးက 'ဘာဖြစ်လို့လဲ သမီး'ဟု မေးသည်။ တင်တင်ကြည် အတန်ငယ်မျက်နှာပျက်လျှင်ပင် သူက ရင်တွေ ခုန်ကာ စိတ်ပူနေတတ်သည်။

'ငါကတော့တွေးလိုက်ရင် ယောကျ်ားနဲ့သားသမီးတွေ အတွက်ချည်းပဲ၊ မာမီ့အတွက်ဘယ်တော့မှ ထည့်မစဉ်းစားမိတတ်ဘူး၊ ဒါပေမယ့် အခုငါ့မှာ အချိန်မရွေး အန္တရာယ်ဖြစ်နိုင်တယ်ဆိုတော့ စိတ်အပူဆုံးက မာမီပဲ၊ ငါ့ဘေးမှာ နေ့ရောညပါ စိတ်တထင့်ထင့်နဲ့ စောင့်ကြည့်နေတာက ယောကျ်ားလည်း မဟုတ်ဘူး၊ သားသမီးလည်း မဟုတ်ဘူး၊ မာမီတစ်ယောက်တည်းရယ်'

တင်တင်ကြည်က မိခင်၏ကျေးဇူးကို အောက်မေ့ပြီး ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ သူ့မိခင်သည် အခြားသူများပေါ်တွင် မကောင်းတာ ရှိကောင်းရှိမည်ဖြစ်သော်လည်း သူတို့မောင်နှမများအပေါ်တွင်ကား ထာဝစဉ်အကောင်းဆုံးဖြစ်ခဲ့သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ စိမ့်ဝဲလာတော့ ဒေါ်ခင်မေကြီးက ပို၍ စိုးရိမ်သွားသည်။

'သမီး ဘာမှ မဖြစ်ပါဘူး မာမီရယ်၊ သမီးအတွက် မာမီ ပင်ပန်းနေရတာကို တွေးမိလို့ပါ'

ဒေါ်ခင်မေကြီးက နူးညံ့စွာပြုံးသည်။ တင်တင်ကြည်၏နဖူးဆံစလေးများကို ပွတ်သပ်ပေးရင်း အရိုးဆုံးစကားတစ်ခွန်းကိုပင် ပြောသည်။

'ဒါကတော့ မာမီက အမေကိုး' တဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

'ဦးအောင်ထွန်းမြင့်က သူ့မိန်းမ နေမကောင်းဘူးလို့ပြောတော့ ကိုကိုလည်း နွဲ့လေးအတွက် စိတ်ကိုပူသွားတာပဲ'

'သူ့မိန်းမက ဘာဖြစ်လို့လဲဟင်'

'အချင်းအနေအထား မမှန်ဘူးလို့ပြောတာပဲ၊ အိပ်ရာထဲမှာပဲ နားနေရတယ်တဲ့'

'အင်း သူ ဘာများဖြစ်ပါလိမ့်'

နွဲ့သဇင်က ညွှန်မှူးကတော်ဒေါ်တင်တင်ကြည်ကို မြင်ယောင်နေမိသည်။ အဝတ်အစားကို အဆင်ပြေစွာ ဝတ်တတ်သူများကို အမှတ်ပေး ရွေးချယ်မည်ဟုဆိုလျှင် ဒေါ်တင်တင်ကြည် ပထမရမည်ဟု သူထင်သည်။ သူဝတ်စားပြင်ဆင်ထားသမျှသည် ကြည့်ကောင်းလွန်း၍ သူ့ကိုမြင်တိုင်း နွဲ့သဇင်က အံ့ဩချီးမွမ်းစွာ ငေးကြည့်မိတတ်သည်။ ထို့နောက် မသိစိတ်က ကိုကိုမောင့်ဆီ ရောက်သွားတတ်လေသည်။ သူတို့ နှစ်ယောက်က မောင်နှမမှန်း သိသာအောင် ရုပ်ခြင်းက ဆင်လှတော့ ဒေါ်တင်တင်ကြည်ကိုမြင်တိုင်း နွဲ့သဇင်က မသိမသာ ရင်ခုန်မိတတ်သည်။ ထို့နောက် ဆွတ်ကျင် လွမ်းမောစိတ်နှင့် မျက်လုံးလေးတွေ ငေးမှုန်ကာ ရီဝေလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွဲ့သဇင် ရယ်ချင်သည်။ ဟိုးငယ်ငယ်တုန်းကလို ခြေပစ်လက်ပစ် အားရပါးရ ဟက်ဟက်ပက်ပက်နှင့် မောနေအောင် ရယ်ပစ်လိုက်ရလျှင် မည်မျှကောင်းလေမည်နည်းဟု တစ်ခါတစ်ရံ တမ်းတမိတတ်သည်။ စိတ်လက်ပေါ့ပါးစွာ ပျော်ရွှင်ချမ်းမြေ့စွာ တစ်ခါလောက် ရယ်ပစ်လိုက်ချင်သည်။

'တော်သေးတယ်နော် နွဲ့လေးက အချင်းအနေအထားလည်း မှန်တယ်၊ နောက်ပြီး ဆီးချို သွေးတိုးလည်း မရှိပေလို့၊ တချို့သွေးတိုးရှိတဲ့ မိန်းမတွေဆိုရင် ကိုယ်ဝန်ဆိပ်တက်တတ်တယ်တဲ့၊ ဆီးချိုရှိတဲ့ အမေတွေကျပြန်တော့ စားသမျှ အချိုတွေ ကလေးဆီကိုရောက်ပြီး ကလေးက အရမ်းထွားပြီး ကြီးနေတတ်တယ်တဲ့'

စာဆိုလျှင် ဝတ္ထုဆောင်းပါးမပြောနှင့်၊ ရုပ်ပြပင်ဖတ်လေ့မရှိသော ကိုဘိုကြည်က အခုတော့ ကိုယ်ဝန်ဆောင်နှင့်ပတ်သက်သမျှ၊ ကလေးနှင့် ပတ်သက်သမျှ ဆောင်းပါးတွေကို ရှာဖွေပြီး ဖတ်နေတတ်လေသည်။ တစ်နေ့တုန်းကတော့ အင်္ဂလိပ်မာလသုတ်ကိုပင် ကျက်နေလိုက်သေးသည်။

'ဦးအောင်ထွန်းမြင့်တို့ဌာနနဲ့ ကိုကိုတို့ကုမ္ပဏီက ကင်းလို့ မရဘူးဆို၊ သူ့မိန်းမနေမကောင်းတာကို ရမယ်ရှာပြီး ခြင်းတစ်ခြင်းလောက် ပို့လိုက်ဦးလေ'

'ဟုတ်သားပဲ ကိုကို မေ့နေတယ်'

ကိုဘိုကြည်က ကျေးဇူးတင်သလို ပြောသည်။ အခုတစ်လော သူတော်တော်မေ့တတ်နေသည်၊ သူ့ခေါင်းထဲတွင်လည်း သူ့မိန်းမ နွဲ့သဇင်နှင့် ဗိုက်ထဲက သမီးလေးက ခုနစ်ဆယ်ရာခိုင်နှုန်းလောက် နေရာယူထားသည်။

'ခုတစ်လော ကိုကိုအရမ်းမေ့တတ်နေတယ်'

သူက ညည်းညူသလိုပြောသည်။ နွဲ့သဇင်က 'ဟင်းနော် မေ့

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်ဆိုပြီး သတိပေးရအောင် ပီအေချောချောလေး ခန့်ချင်လို့လား၊ မရဘူးနော်’ ဟု မျက်စောင်းလေးဝဲပြီး ပြောလိုက်လျှင် ကိုဘိုကြည်ဝမ်းသာသွားမည်ကို သိသော်လည်း မပြောချင်သဖြင့် အသာငြိမ်နေလိုက်သည်။ ကိုဘိုကြည်နှင့်ပတ်သက်၍ သူ မနာလို အူတို မဖြစ်ဖူးချေ။ သူ့နှလုံးသားက အေးခဲနေသောကြောင့်လည်း ဖြစ်နိုင်သည်။ သူ့အပေါ်တွင်ထားရှိသော ကိုဘိုကြည်၏ မေတ္တာနှင့်သစ္စာတရားကို ယုံကြည်စိတ်ချနေသောကြောင့်လည်း ဖြစ်နိုင်သည်။

‘ငွေပေါတဲ့ ယောကျ်ားတွေဟာ သိပ်တော့ စိတ်ချရမှာ မဟုတ်ပါဘူး၊ ငွေရဲ့နောက်မှာ အပျော်အပါး လောင်းကစားဆိုတာတွေက အမြဲပါနေတတ်တာ’

နွဲ့သဇင်က တွေးသည်။ အစ်မကြိုင်ကတော့ ‘ခုခေတ်ကောင်မလေးတွေက သူဌေးသားကို မကြိုက်တော့ဘူး၊ သူဌေးမှ ကြိုက်တာ၊ ဓာတ်လမ်းလေးတွေ ဖန်လာရင် သမူးနဲ့အီးချည်းပဲ’ ဟု ပြောသည်။ သူက နားမလည်တော့ ‘နင်ကလည်း သမီးနဲ့ဦးတွေလေဟာ’ ဟု ပြောရင်းရယ်သည်။

‘သိပ်ပူ သိပ်အေးတာတွေဆိုရင်လည်း သတိထား၊ အမေကသိပ်ပူတာ သိပ်အေးတာတွေ သောက်ချလိုက်ပြန်ရင်လည်း အထဲကကလေး လန့်သွားတတ်တယ်တဲ့’

ကိုဘိုကြည်ကလည်း သူ့အာရုံနှင့်သူ၊ သူစိတ်ဝင်စားတာကိုဆက်ပြောသည်။ သားအိမ်တွင်းမှ သန္ဓေသားငယ်နှင့် မိခင် စားသောက်ချလိုက်သော အစားအစာများသည် တိုက်ရိုက်ထိတွေ့ခြင်း မရှိမှန်း သိသော်လည်း သူကတော့ စိတ်ပူပင်မှုကို မတားဆီးနိုင်ပေ။ သူကလည်းငွေပေါသော ယောကျ်ားတစ်ဦးပင် ဖြစ်သည်။ သို့သော်လည်း ယခုထက်ထိတော့ တစ်ခါတစ်ရံ ဖဲရိုက်သည်မှ အပ ကျန်သောအပျော်အပါးများကင်းရှင်းနေသေးလေသည်။ သူက ‘သမီးလေးမွေးပြီးရင် ဖဲတော

www.burmeseclassic.com

www.burmeseclassic.com



မရိုက်တော့ပါဘူးကွာ' ဟု ကြွေးကြော်နေတော့ သူ့အမေဒေါ်ငွေဒွေးပင် သူ့သားကို ကြည့်ပြီး သဘောတွေကျနေလေသည်။ ကိုဘိုကြည်သည် သိုးကလေးလောက် ဖြူစင်နူးညံ့ခြင်း ရှိချင်မှ ရှိမည် ဖြစ်သော်လည်း ဝံပုလွေမဟုတ်သည်ကတော့ သေချာသည်။

'ငါကံကောင်းပါတယ်၊ သူက ရုပ်မလှပေမယ့် သိပ်ကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက်ပဲဟာ' ဟု စိတ်ထဲမှ တွေးနေမိသည်။

သူတို့အခန်းထဲကထွက်လာတော့ ယောက်မဖြစ်သူ မဒွေးစိန်ကလည်း အပြင်ထွက်ရန် အသင့်ဖြစ်နေပေပြီ။ အင်္ကျီအနီရဲရဲဝတ်ပြီး ကာနေရှင်းပန်းနီနီကို ပန်ထားသည်။ အင်္ကျီစက ပျော့ပျော့အိအိလေး ဖြစ်သော်လည်း သူ့ခန္ဓာကိုယ်က အချိုးမပြေတော့ ကြည့်ရသည်မှာ မျက်စိပသာဒမဖြစ်လှပေ။

'ငါ့ဗိုက်ထဲက သမီးလေးက ငါနဲ့တူရင် ကောင်းပါရဲ့၊ သူ့အဖေ ကိုဘိုကြည်နဲ့ တူရင်လည်း တော်သေးရဲ့၊ မတော်လို့များ အစ်မဒွေးနဲ့တူနေရင်တော့ အခက်ပဲ'

နွဲ့သဇင်က တွေးပြီးပူနေမိသည်။ သူပူပင်သလို မဒွေးစိန်ကလည်း ပူရှာသားပင်။ ကိုယ်ဝန်ရှိစကတည်းက 'သဇင်ရေ အမေတူ ချောချောလေးနော်၊ ကိုဘိုကြည်နဲ့မတူစေနဲ့' ဟု မကြာခဏ ပြောတတ်သည်။

သူတို့မောင်နှမကို လက်ပြနှုတ်ဆက်ပြီးတော့ နွဲ့သဇင် အိမ်ထဲပြန်ဝင်ခဲ့သည်။ ကိုယ်ဝန်က ခြောက်လထဲ ရောက်နေပြီဆိုတော့ အပြင်သိပ်မထွက်ဖြစ်တော့ပေ။ အညောင်းအညာပြေစေရန် ခြံထဲတွင် တစ်ခါတစ်ရံ လမ်းလျှောက်လျှင်လည်း နွဲ့သဇင်၏စိတ်က အတိတ်ကာလတွင် လွင့်မျောနေတတ်လေသည်။

ယခုတော့ သူ့ဗိုက်ထဲမှ သန္ဓေသားလေးပင် ခြောက်လထဲ ရောက်နေပြီ၊ သမီးလေးမှန်းလည်း သိပြီ၊ သူကလည်း ညစဉ်ညတိုင်း ဘုရားရှိခိုးတိုင်း 'တပည့်တော်မ၏ ဝမ်းဗိုက်ထဲမှ သမီးလေးသည် ကိုဘို

www.burmeseclassic.com



ကြည်လို ကြင်နာတတ်ကာ အစ်မဒွေးလို စိတ်ရင်းဖြူစင်ပြီး ရုပ်ရည်ကတော့ တပည့်တော်မနှင့် တူပါစေဘုရား' ဟု အထပ်ထပ်ဆုတောင်းနေရပြီ ဖြစ်သည်။ အစ်မကြိုင်ကတော့ 'နင်မပူနဲ့ မိန္ဒဲ့၊ သမီးလေးက နင့်ထက်တောင် ပိုပြီးလှဦးမှာ၊ ဖြူဖြူသွယ်သွယ်ချောချောလေး၊ ငါတို့ အမေနဲ့တူမယ်လို့ ငါ့စိတ်ထဲမှာ သေချာနေတယ်' ဟု ပြောခဲ့သည်။ တကယ်ထင်လို့ပြောသည်လား၊ သူစိတ်ချမ်းသာအောင် ပြောသည်လားတော့မသိ။ သူ့စိတ်ထဲတွင်တော့ အေးသွားသည်။ အစ်မကြိုင်ပြောလျှင် မဟုတ်တာမရှိ၊ အစ်မကြိုင်လုပ်လျှင်လည်း မဖြစ်တာမရှိ၊ ဩော် နောက်နေ့ ဘုရားရှိခိုးလျှင် သမီးလေးကို အစ်မကြိုင်လို စိတ်ဓာတ်ခိုင်မာစေရန် ထည့်ဆုတောင်းရဦးမည်။

နွဲ့သဇင်၏ဘဝအတွက်တော့ အစ်မကြိုင်သည် တကယ့်ကို ကယ်တင်ရှင် ဖန်တီးရှင် ဖြစ်သည်။ ပိတ်လှောင်မွန်းကြပ်ပြီး မျက်ရည်တွေနှင့် နစ်နေသောဘဝဟောင်းမှ ကယ်တင်ကာ လူတကာ ငေးမောအားကျရသော သူဌေးကတော်လှလှကလေးဘဝသို့ ရောက်အောင် ဖန်တီးပေးခဲ့သည်။

သားကလေးနှင့်ကိုယ်ဝန်တုန်းကလည်း အနေအထိုင်၊ အသွားအလာ၊ အထိုင်အထမှစ၍ မျက်ခြည်မပြတ် ဂရုစိုက်ခဲ့သည်။ ကိုယ်ဝန်လ နည်းနည်းရင့်လာတော့ ဗိုက်အရေပြားတွေ ယားယံလာသည်။ နွဲ့သဇင်က ကုတ်မည့်ဟန်ပြင်လျှင် 'ဟဲ့ မကုတ်နဲ့' ဟု အော်တတ်သည်။

'မိန္ဒဲ့ နင့်ကို ငါက အပျိုပြန်လုပ်ခိုင်းမှာ၊ ဗိုက်ကိုယောင်လို့တောင် မကုတ်နဲ့နော်၊ ကုတ်ရင် ဗိုက်ကြောတွေ ပြတ်တတ်တယ်တဲ့ဟ လာ ငါ သံလွင်ဆီလေးနဲ့ ပွတ်ပေးမယ်၊ သိပ်ယားလာရင်လည်း သာသာလေးပဲ ပွတ်ပါဟယ်' ဟု ပြောရင်း သူ့ဗိုက်ကို သံလွင်ဆီလေးနှင့် သာသာလေး ပွတ်ပေးတတ်သည်။ သံလွင်ဆီသည် ဝမ်းဗိုက်အရေပြားများကို ပျော့ပျောင်းလာစေ၍ ဗိုက်အကြောပြတ်ခြင်းမှ အကာအကွယ်ပေး

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သူကဆိုသည်။ နောက်ပြီး ဘယ်အချိန်ကများ ဘယ်လိုလေ့လာထားသည်မသိ၊ နွဲ့သဇင်ကလေးမွေးပြီး သောက်ရန်၊ လိမ်းရန်၊ ရှူရန် ဆေးအဖုံဖုံကိုလည်း စုဆောင်းဖော်စပ်ထားသေးသည်။

သားလေးမွေးပြီးတော့ သားကို အမေအရင်းဖြစ်သူနှင့် တစ်ညပင် အတူမသိပ်ခဲ့ပေ။ သူ့အခန်းထဲသို့ တစ်ခါတည်း ခေါ်သွားခဲ့သည်။ ခုနစ်ရက်နေပြီး မီးထွက်တော့လည်း တောအရက်နှင့်အတူရောကာ စိမ်ထားသော ဆေးရည်တစ်မျိုးကို နွဲ့သဇင်၏ဗိုက်တွင် ရွှံ့ရွှံ့လိမ်းကာ ပိတ်စ တစ်စနှင့် တင်းတင်းကြီးစည်းပေးထားသည်။ အစ်မကြိုင် သောက်ခိုင်း၊ လိမ်းခိုင်း၊ ရှူခိုင်းသမျှကို စက်ရုပ်တစ်ရုပ်လို လိုက်လုပ်ရင်း နွဲ့သဇင်ဟူသောမိန်းကလေးသည် တစ်သားမွေးပြီးတစ်သွေးလှခဲ့ရသည်။ အရပ်ကလေး မြင့်မြင့်သွယ်သွယ်၊ ခါးကလေးကျင်ကျင်၊ ဗိုက်ကလေး ရှပ်ရှပ်နှင့် လူတကာငေးကြည့်ရသော အလှတရားများကို အသစ်တဖန် ပြန်လည် ပိုင်ဆိုင်ရယူနိုင်ခဲ့သည်။

အစ်မကြိုင်၏မျက်လုံးများက 'မိနွဲ့နော် ဒါ နင့်သားမဟုတ်ဘူး၊ ငါ့သား' ဟု အစဉ်အမြဲသတိပေးနေကြသည်။ ဒါကလည်း သူ့ဘဝရှေ့ရေးအတွက်ဖြစ်ကြောင်း နွဲ့သဇင်ကောင်းစွာ နားလည်ပါသည်။ သို့ပါသော်လည်း အစ်မကြိုင်၏ရင်ခွင်ထဲမှ သားလေးကို လှမ်းကြည့်ရင်း နှလုံးသားထဲတွင်တော့ ကျင်နေအောင်နာခဲ့ရသည်။

'သားလေးနဲ့မတွေ့ရတာတောင် ကြာနေပြီ၊ မနေ့တုန်းက ဖုန်းဆက်တုန်းကလည်း နဲ့နေတယ်ဆိုတဲ့ သွားလေး ကျိုးသွားပြီလားလို့တောင် မမေးလိုက်ရဘူး'

အိပ်ရာဘေးက စားပွဲပေါ်တွင် အဆင်သင့်တင်ထားသော သံလွင်ဆီပုလင်းလေးကို လှမ်းယူရင်း အိပ်ရာထဲသို့ အသာလှဲအိပ်လိုက်သည်။ ဗိုက်ကို သံလွင်ဆီလိမ်းမည်ဟု စိတ်ကူးသော်လည်း မလိမ်းဖြစ်သေးဘဲ မျက်လုံးကို စုံမှိတ်ရင်း အသက်ကိုမှန်မှန်ရှူကာ ထွက်သက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်သက်ကို ရှူမှတ်ကြည့်သည်။ သို့သော် စိတ်က မငြိမ်၊ အာရုံထဲတွင်တော့ သား၏မျက်နှာရှင်ရှင်လေးကို မြင်ယောင်နေမိသည်။

သားလေး စကားတတ်ခါစက ညဥ့်မအိပ်မီဆိုလျှင် 'ဒေါ်ရေး ပုံပေါပ'ဟု မပီကလာ ပီကလာလေးပြောရင်း ပုံလာပြောခိုင်းတတ်သည်။ သူက သားလေးနှင့်အတူလှဲအိပ်ရင်း ခင်နှင်းဖြူ၊ ကမ္ဘာလိပ်မကြီး၊ မြွေမင်းသားနှင့် မထွေးလေး စသောပုံများကို စီကာပတ်ကုံး ပြောပြလျှင် မျက်လုံးလေးအဝိုင်းသားနှင့် စိတ်ဝင်တစား နားထောင်တတ်သည်။ တစ်ခါတစ်ရံလည်း ပုံနားထောင်ရင်း အိပ်ပျော်သွားတတ်သည်။ သူက သားလေးကို ဖွဖွလေးဖက်ကာ တစ်ညတလေ အတူတူအိပ်ချင်သော်လည်း အစ်မကြိုင်က မသိဟန်ဆောင်ကာ အိပ်ပျော်နေသောသားငယ်ကို ပွေ့ချီပြီး ပြန်ခေါ်သွားတတ်သည်။

'ဒေါ် လေး'

'ဟင်'

'ဒေါ်လေး အိပ်ပျော်နေတာလား'

'ဟင် သား'

မျက်စိကို ဇတ်ခနဲဖွင့်ကြည့်လိုက်တော့ ခုတင်ဘေးတွင် ရပ်နေသော သားလေးကိုတွေ့ရသည်။ ချစ်စဖွယ်ပြုံးရယ်နေသော်လည်း ရှေ့သွားလေးနှစ်ချောင်းကျိုးနေတော့ ကာတွန်းရုပ်လေးလို ရယ်စရာကောင်းနေသည်။

'ဟယ် သွားတွေ ကျိုးကုန်ပြီလား'

'မေမေက အပ်ချည်လေးနဲ့ချည်ပေးတော့ တားက စာကျက်ရင်း ဟောသီလို ဟောသီလို ဆွဲနေတာ တဖေးဖေး ကျွတ်ပီး ကျိုးတွားရော'

'သြော် တဖြည်းဖြည်းကျွတ်ပြီး ကျိုးသွားရောလား နာလား ဟင် သား'

www.burmeseclassic.com

www.burmeseclassic.com



'နာပါဘူး ဒေါ်လေးရ တားက တပ်တိကောင်းပါတယ်'

'ဩော် သားက သတ္တိကောင်းကြီးပေါ့၊ သူရဲကောင်းကြီးပေါ့၊ ဟုတ်ပါရဲ့တော် သွားကျိုးတာတောင် မနာဘူး၊ မငိုဘူးနော်'

နွဲ့သဇင်က သားကိုလှမ်းဖက်ကာ ပါးပြင်ဖောင်းဖောင်းအိအိ လေးကို အသာနမ်းမွှေးလိုက်သည်။ သားကို ဒီအတိုင်း အကြာကြီးဆက်ပြီး ဖက်ထားချင်သော်လည်း သားကမနေ၊ ရုန်းထွက်သည်။ သားက ရှစ်နှစ်ပြည့်ပြီဖြစ်သော်လည်း စကားကမပီ၊ ရှေ့သွားတွေကျိုးနေတော့ ပိုဆိုးသည်။

'တွေးတော့ ထွက်တယ် ဒေါ်လေးရ'

'သွေးထွက်တယ် ဟယ် အများကြီးလား'

နွဲ့သဇင်က ထိတ်လန့်သွားချင်ယောင်ဆောင်ကာ စိုးရိမ် တကြီးမေးလိုက်သည်။

'များပါဘူး၊ နည်းနည်းလေး၊ နာလည်း နာပါဘူး၊ တားက တပ်တိ ကောင်းတယ်လေ'

'အေး ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့၊ သားက သတ္တိသိပ်ကောင်း တာကို ဒေါ်လေးမေ့သွားလို့ပါ'

နွဲ့သဇင်က သားကိုကြည့်ကာ သဘောကျနေသည်။ သူ၏ ရှေ့သွားလေးနှစ်ချောင်း ရှေ့ဆင့်နောက်ဆင့် တစ်ချောင်းပြီးတစ်ချောင်း ကျိုးသွားခြင်းသည် သား၏ဘဝအတွက်တော့ အရေးကြီးသောမှတ်တိုင် တစ်ခု ဖြစ်လေသည်။ သား၏ဘဝတစ်လျှောက်လုံးတွင် ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်၊ စိတ်အားတက်ကြွဖွယ်မှတ်တိုင်များကိုသာ တစ်တိုင်ပြီး တစ်တိုင် စိုက်ထူသွားနိုင်ပါစေ။

'အဲဒါ သူ့သွားတွေမရှိတော့တာ၊ ဒေါ်လေးကို ပြချင်လှချေရဲ့ ဆိုလို့ လိုက်ပို့ရတာလေ'

အစ်မကြိုင်က အခန်းထဲသို့ အိပ့်အိပ့်နှင့် လှမ်းဝင်လာသည်။ အခုလေးငါးခြောက်လအတွင်းတွင် အစ်မကြိုင်ကို ကြည့်ရသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သိသာသာကြီး ဝလာသည်။ လူက ဝအိအိ၊ ဝတ်ထားသည်ကလည်း ရယ်ဒီမိတ်အင်္ကျီ ပွပွဖားဖားကြီးဆိုတော့ သူ့ကိုကြည့်ရသည်မှာ နွဲ့သဇင်နှင့်အပြိုင် ကိုယ်ဝန်ဆောင်ထားသည်နှင့် တူနေသည်။

'ဆန်တွေ အရမ်းရောင်းကောင်းနေလား အစ်မ'

'ဘာဖြစ်လို့လဲ'

'အစ်မကြည့်ရတာ ပိုပြီး ဝလာသလားလို့ပါ'

အစ်မကြိုင်က သူ့ကိုယ်သူငုံ့ကြည့်ကာ ရယ်သည်။ လည်ပင်းတွင် ရွှေဆွဲကြိုးတုတ်တုတ်ကြီးကို ဆွဲထားပြီး လက်နှစ်ဖက်လုံးတွင်တော့ ရွှေလက်ကောက်ဆယ်ကွင်းစီလောက်ကို ဆင့်ပြီး ဝတ်ထားသည်။ အားမနာတမ်းပြောရလျှင် နွဲ့သဇင်၏စိတ်ထဲတွင် သူ့အစ်မဝတ်စားထားပုံကို အတန်ငယ်တောကျသည်ဟု ထင်မိသည်။ ရွှေငွေတွေကို အတုံးလိုက် အတစ်လိုက် မျက်စိနောက်အောင် ဝတ်ထားသော်လည်း တချွင်ချွင် မြည်နေသော လက်ကောက်သံသာသာကတော့ ဂီတသံ ထွက်နေသလိုလိုပင်၊ မျက်စိကို အသာမှိတ်ထားလိုက်လျှင် အိန္ဒိယ ကဇာတ်အဖွဲ့တစ်ဖွဲ့ အခန်းထဲသို့လာရောက်ဖြေဖျော်နေသည်ဟု ထင်မှတ်မှားနိုင်စရာအကြောင်းရှိလေသည်။

'အေး ဆန်ကတော့ ရောင်းကောင်းသလား မမေးနဲ့၊ ငါ့မှာလည်း ပင်ပန်းလိုက်တာ ဖတ်ဖတ်ကိုမောလို့၊ ဒီကြားထဲကနေ အဆီတွေလည်း တစ်ရစ်ပြီး တစ်ရစ်ကို တိုးလာတော့တာ'

'အဆီတင်မကပါဘူး အစ်မကြိုင်ကလဲ၊ အဆီတွေလည်းတိုး အသားတွေလည်း တိုး၊ နောက်ပြီးတော့ ရွှေတွေလည်း တိုး၊ ဟုတ်ဘူးလား'

အစ်မကြိုင်က တခစ်ခစ်ရယ်သည်။

'ရှိ တန်ဆာ၊ မရှိ ဝမ်းစာတဲ့ဟဲ့၊ အရောင်းအဝယ် မကောင်းရင် ဒါတွေကိုပဲပြန်ပြီး အရည်ဖျော်ပစ်ရမှာ၊ ရွှေဆိုတာက ငွေဖြစ်လွယ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့ညီအစ်မနှစ်ဦးလုံး တစ်ဦးနှင့်တစ်ဦး မတိုင်ပင်ဘဲနှင့် သူတို့၏မွေးရပ်မြေကို သတိရသည်။ အမေဆုံးသွားပြီးသည့်နောက်ပိုင်းတွင် နာတာရှည်ရောဂါဖြစ်နေသော ဖခင်ကြီးကို ညှိုးငယ်နွမ်းပါးစွာ ပြုစုခဲ့ရသောဘဝကို တွေးမိတော့ သက်ပြင်းကိုယ်စီ ရှိုက်မိကြသည်။ သူတို့၏ဘဝတွင် အဆိုးလောကဓံကိုလည်း နှစ်ရှည်လများကြုံခဲ့ဖူးကြပြီ၊ အကောင်းလောကဓံကိုလည်း တစ်လှည့်တစ်ဖန် ကြုံခဲ့ကြရပြီ ဖြစ်သည်။ ဆိုးစဉ်က အကောင်းကို ရည်မျှော်တောင့်တခဲ့မိသော်လည်း ကောင်းသောအခါတွင်တော့ ဆိုးခဲ့သောဘဝဆီသို့သာ တဝဲလည်လည် ပြန်ပြီး တွေးနေမိပြန်သည်။ အခုတော့ ကောင်းခြင်း ဆိုးခြင်း၊ ချမ်းသာခြင်း ဆင်းရဲခြင်းစသည်များသည် သူ့ကို ထူးထူးခြားခြား မလှုပ်ရှား၊ မလှုပ်ခတ်စေတော့ချေ။

'နင်ရော နေကောင်းရဲ့လား'

အစ်မကြိုင်က နွဲ့သဇင်၏လက်ထဲမှ သံလွင်ဆီပုလင်းလေးကို လှမ်းယူရင်း မေးရိုးမေးစဉ် မေးသည်။ ဝတ်ထားသော ထဘီကို ဖြေလျော့ကာ ဗိုက်ကိုလှန်ကြည့်သည်။ 'တွေ့လား ဗိုက်ကြောတစ်ချောင်းမှ မပြတ်ဘူး' ဟု ကျေနပ်စွာပြောရင်း သံလွင်ဆီကို လက်ခုပ်ထဲ နည်းနည်းလောင်းထည့်သည်။ စုန့်စုန့်ဖောင်းနေသောဗိုက်ကို အသာအယာ ပွတ်လိမ်းပေးသည်။ အတွင်းက ကလေးက တွန်းထိုးလှုပ်ရှားတော့ ဗိုက်အရေပြားပေါ်တွင် ဖုလာ ဖောင်းလာသည်ကို မြင်နေရသည်။ သားက လက်ဖဝါးနှင့်အသာလေးအုပ်ကာ စမ်းကြည့်ရင်း 'ဟာ လှုပ်တယ် လှုပ်တယ်' ဟု ဝမ်းသာအားရအော်နေလေသည်။

'ဒေါ်လေး ညီမလေးက တားနဲ့ တူတူ ဘောလုံးကန်မှာလား'

'ကန်မှာပေါ့ သားရဲ့'

'တိုင်းရော ချမှာလား'

'အင်း သိုင်းလည်း ချမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကြီးလာလို့ တွားကျိုးရင်ရော ငိုမှာလား'

'ညီမလေးက သားလောက်မှ သတ္တိမကောင်းတာကွယ်၊ ငိုများ ငိုနေမလား မသိပါဘူး၊ သားက ညီမလေးကို မငိုအောင် အားပေးရမှာ ပေါ့'

ခဏနေတော့ မထွေးက ဖျော်ရည်နှင့်မုန့်များကို အခန်းထဲသို့ သယ်လာသည်။ သို့သော် သားက မုန့်ကို စိတ်မဝင်စားချေ။ လက်နှင့် အုပ်ကာစမ်းနေသော်လည်း ဗိုက်ထဲက ကလေးငြိမ်သွားတော့ သူက ပျင်းလာဟန်နှင့် ရေကူးကန်ဘက်သို့ ပြေးသည်။ ဒီတော့ မထွေးကိုသာ မက ရေကူးတတ်သော ခြံစောင့် မောင်ကိုဝင်းကိုပါ လိုက်ခိုင်းရသည်။ ခဏနေတော့ သားနှင့်အတူ မောင်ကိုဝင်းပါ ရေကူးကန်ထဲရောက်ပြီး တဝုန်းဝုန်းနှင့် ဆော့နေကြလေသည်။

အစ်မကြိုင်က မုန်ပြတင်းရှည်ကြီးမှတဆင့် မြင်နေရသော သားလေးကို လှမ်းကြည့်ရင်း 'မိန္ဒဲ့ရယ် နင့်ကို ပြောရဦးမယ်ဟဲ့' ဟု အစချီသည်။

'လွန်ခဲ့တဲ့ သုံးလေးလလောက်ကတည်းက လမ်းဆုံမှာ ဆေး ခန်း အသစ်တစ်ခု ဖွင့်တယ်လေ၊ သားဖွားတို့၊ ခွဲစိတ်တို့၊ ကလေးတို့ အထူးကုတွေလည်း အများကြီးပဲထိုင်တယ်'

အစ်မကြိုင်က နွဲ့သဇင်၏ဗိုက်ကို ထဘီပြန်ဖုံးပေးပြီး လင်ပန်း ထဲမှ တစ်သျှူးစက္ကူတစ်စ လှမ်းဆွဲကာ သူ့လက်ကို သုတ်နေသည်။

'အရင်တစ်ပတ်က သားလေး ဖျားသေးတာ၊ နင်သိတယ် မ ဟုတ်လား၊ သွေးလွန်တုပ်ကွေး ကြောက်တော့ ငါလည်း ဆေးခန်းကို ချက်ချင်းပြေးတာပေါ့၊ အဲဒီမှာ ကလေးအထူးကုဆရာဝန်လည်း ရှိတယ် ကြားတာနဲ့ အဲဒါ အဲဒါ'

အစ်မကြိုင်က အတန်ငယ်ထစ်ငေါ့နေသည်။

'အဲဒါ ကိုကိုမောင်လား'

www.burmeseclassic.com

www.burmeseclassic.com



နွဲ့သဇင်က ဖြတ်ပြီးပြောသည်။ ကိုကိုမောင်ဘွဲ့လွန်ထပ်တက်ကြောင်း၊ ကလေးအထူးကုဆရာဝန် ဖြစ်သွားကြောင်းကို သူသိထားသည်။ ဒါတင်မကသေးပါ၊ အိမ်ထောင်ရေးအဆင်မပြေကြောင်း၊ ကလေးမရသေးကြောင်း စသည်များကိုလည်း သိထားပါသေးသည်။

'အေး ဟုတ်တယ်'

အစ်မကြိုင်က ခေါင်းညိတ်သည်။

'ဆိုင်းဘုတ်မှာ ဒေါက်တာတင်မောင်မောင်လို့ ရေးထားတော့ ငါ့စိတ်ထဲ ထင်တော့ အထင်သား၊ ဒါပေမယ့် သားအတွက်လည်း စိုးရိမ်နေတော့ ရောက်လက်စနဲ့ မထူးပါဘူးဆိုပြီး ပြလိုက်တာ'

'သူက အစ်မကို မှတ်မိမနေဘူးလား'

နွဲ့သဇင်က မျက်လုံးလေးပြူးနေသည်။ အစ်မကြိုင်ကတော့ မျက်စောင်းချိတ်ကာရယ်သည်။

'မှတ်မိမလားဟဲ့၊ အရင်ကတည်းက တွေ့တွေ့ဆိုင်ဆိုင် တွေ့ဖူးတာမှ မဟုတ်တာ၊ နင်စဉ်းစားကြည့်၊ သူနဲ့ငါ မျက်နှာချင်းတောင် မဆိုင်ဖူးဘူး'

'အင်း ဟုတ်တော့ ဟုတ်သားပဲ'

'နောက်ပြီး ငါ့ပုံစံလည်း ကြည့်ပါဦး၊ အရင်တုန်းကလို သေးသေး သွယ်သွယ် လှလှပပလေးမှ မဟုတ်တော့တာ၊ ဝတုတ်အိပြဲနေတာ နင် မြင်တဲ့အတိုင်းပဲဟာ၊ ငါ့ယောက်ျားကတောင် ငါ့ကို မှတ်မိနေသေးလို့ အတော်ကံကောင်းနေတာ'

အစ်မကြိုင်က ရယ်စရာပြောသော်လည်း နွဲ့သဇင်က မရယ်နိုင်၊ ရယ်ဖို့လည်းသတိမရ၊ လှဲနေရာမှ ထကာ ထဘီကိုပြင်ဝတ်သည်။ ခန္ဓာကိုယ်ထဲမှ သွေးတွေက တရှိန်းရှိန်းနှင့် ပူနွေးကာ ရင်ခုန်သံတွေ မြန်လာသည်။ သူတို့သားအဖ တစ်ဦးကိုတစ်ဦး မြင်ဖူးကြပေပြီ။ သို့သော် အဖေကလည်း သားကိုမသိ၊ သားကလည်း အဖေကိုမသိ။ အစ်မ

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်က ဘာမှဆက်မပြောဘဲ သားကိုလှမ်းမျှော်ကြည့်နေတော့ သူက မနေနိုင်၊ မရဲတရဲလေး မေးသည်။

'သူတို့တွေ့ကြတော့ ဘယ်လိုနေလဲဟင်'

'အမလေး ပြော မပြောချင်ပါဘူးအေ'

အစ်မကြိုင်က စကားပြောမည့်အရေး ဖျော်ရည်ခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်ကျိုက်မော့သောက်နေသေးသည်။

'သွေးကများ စကားပြောသလား မသိပါဘူးဟယ်၊ သားက ဆရာဝန်ဆိုရင် သိပ်ကြောက်တာ၊ ဘယ်တုန်းက အနားကပ်ခံဖူးလို့လဲ၊ ဒါပေမယ့် သူနဲ့ကျတော့ ဖြောင့်လို့'

'ဟုတ် လား'

နွဲ့သဇင်ပိုပြီး ရင်ခုန်လာသည်။

'သူကလည်း အချော့ကောင်းလို့လား မသိပါဘူးအေ၊ သားက စမ်းသပ်သမျှကို ငြိမ်ငြိမ်သက်သက်ခံလို့၊ နည်းနည်းမှ မစိမ်းဘူးဟဲ့၊ နောက်ပြီး အခုမှတွေ့ဖူးတဲ့သူကိုများ သူသွားတစ်ချောင်းကျိုးခါနီးလို့ အပ်ချည်ကြိုးနဲ့ ဆွဲရတဲ့အကြောင်းကိုလည်း စီကာပတ်ကုံး ပြောပြနေသေးတာ၊ ဟိုကလည်း တပြုံးပြုံးနဲ့ သဘောတွေကျလို့'

'ဟုတ်လား'

နွဲ့သဇင်က သံမှန်နှင့် ပြောသော်လည်း သူ့အသံက လည်ချောင်းထဲတွင်ပင် ပျောက်သွား၍ အပြင်သို့ထွက်မလာချေ။

'အခန်းထဲကထွက်တော့ သူက သားရဲ့လက်ကလေးကိုကိုင်ပြီး 'သားရေ သားနေကောင်းသွားရင်လည်း အခုလိုပဲ လာပြီး စကားတွေ ပြောပါဦးနော်' တဲ့၊ မှာလိုက်သေးတာ'

ရင်တွေခုန်လှသဖြင့် နွဲ့သဇင်သည် သားမသောက်ဘဲ ထားပစ်ခဲ့သော ဖျော်ရည်အေးအေးကို လှမ်းယူလိုက်သည်။ သူ့ရင်ထဲတွင် ပူလောင်ပြီး ဆူဝေနေသည်၊ ဖျော်ရည်တွေကို တစ်ကျိုက်ကျိုက်မော့၍

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ ကိုဘိုကြည်က ရေခဲအေးအေးမသောက်ပါနှင့်ဟု မှာထားသည်ကိုသတိရသည်။ သားလေးကို လူ့လောကထဲသို့ ဂုဏ်သိက္ခာရှိရှိ ရောက်လာခွင့်ကိုပင် မပေးခဲ့သော သား၏ဖခင်လူစိမ်းကားကြီးက အခုတော့ သူနှင့် လာပြီး စကားတွေ ပြောပါဦးတဲ့လား။

'သြော် နောက်ပြီး ပြောရဦးမယ်ဟဲ့'

အစ်မကြိုင်က ဖျော်ရည်ခွက်ကို ပြန်ချပြီး နွဲ့သဇင်၏ လက်ကလေးများကို လှမ်းပြီး ဆုပ်ကိုင်လိုက်သည်။ လက်ကလေးတွေက အေးစက်နေတော့ 'ဟင်း နင်နော်၊ နင့်လက်တွေက ဘာကိစ္စ ဒီလောက်အေးနေရတာလဲ၊ တော်ပြီ မပြောတော့ဘူး' ဟု စိတ်ဆိုးဟန်နှင့် ပြောသည်။

'ပြောပါ အစ်မရယ်'

နွဲ့သဇင်က တောင်းတောင်းပန်ပန် ပြောသည်။ ကိုကိုမောင်နှင့် ပတ်သက်လျှင်၊ သားနှင့်ပတ်သက်လျှင် သူအကုန်လုံး ကြားချင်သည်၊ သူအကုန်လုံး သိချင်သည်။

'သားက ရယ်လိုက်ရင် မေးစေ့အလယ်မှာ အချိုင့်လေး ခွက်ဝင်သွားတတ်တာကို ပြောမလို့ပါ' ပြောမယ့်သာ ပြောသော်လည်း အစ်မကြိုင်က အင်တင်တင်ဖြစ်နေသည်။

'သူ့မှာလည်း အဲဒီလိုပဲလေ'

နွဲ့သဇင်က တိုးတိုးလေးပြောတော့ အစ်မကြိုင်က မျက်စောင်းခဲပြန်သည်။

'အေး အဲဒါကို သူကလည်း သတိထားမိတယ်၊ သားက ဘယ်သူနဲ့တူလို့ အဲဒီလိုအချိုင့်လေးပါတာလဲတဲ့၊ သားကို မေးနေသေးတယ်၊ သူက ရိုးရိုးမေးပေမယ့် ငါ့မှာဖြင့် ရင်ထဲမှာကို တဒိတ်ဒိတ်ဖြစ်သွားတာပဲ'

စိတ်အားထက်သန်စွာနှင့် အရောင်တဖျပ်ဖျပ်လက်နေသော

www.burmeseclassic.com

www.burmeseclassic.com



နွဲ့သဇင်၏မျက်လုံးလေးများသည် ပြန်ပြီး ရီဝေမှိန်ဖျော့သွားကြသည်။ သူ၏စိတ်အစဉ်က ရေတွင်းကလေး၏ဘေးသို့ ချက်ချင်းရောက်သွား သည်။ ထိုစဉ်က မြမြစိမ်းနေသော ငှက်ပျောရွက်ဖားဖားများပေါ်သို့ လရောင်က ဖိတ်လျှံပြီးကျနေသည်။ စံပယ်ငုံ စံပယ်ဖူးလေးတွေဆီမှ ရနံ့သင်းသင်းကလည်း လေနုလေအေးထဲတွင် ပျံ့ပျံ့မွှေးနေသည်။ ရီဝေတိမ်းမူးဖွယ်၊ ဆွတ်ကျင်နာကြည်းဖွယ်၊ အတိတ်၏အရိပ်များကို ထင် ယောင်မြင်ယောင်နှင့်မို့ ရင်ခုန်သံက စည်းချက်မမှန်နိုင်အောင် ဖြစ်လာ သည်။

'ဟဲ့ မိနွဲ့'

ချစ်ခင်ကြင်နာစွာ ဆုပ်ကိုင်ထားသော နွဲ့သဇင်၏လက်ကို အစ်မကြိုင်က ဖျတ်ခနဲ လွှတ်ချကာ ဆောင့်တွန်းပစ်လိုက်သည်။

'နင်နော် လက်တွေ့ကျကျနေစမ်း၊ ကိုယ့်ရဲ့လက်ရှိဘဝကို ကိုယ်ကျေနပ်စမ်း'

သူ၏အတွင်းစိတ်ကို ထွင်းဖောက်မြင်နေကျမို့ အစ်မကြိုင်က ခပ်ငေါက်ငေါက်ပြောသည်။ ရေတွင်းဘေးရောက်နေသောစိတ်ကို လှမ်း မြင်လိုက်သဖြင့် အားမလိုအားမရ ဒေါသဖြစ်သွားဟန် ရှိသည်။

'တစ်တိုင်းတည်း တစ်ပြည်တည်း၊ တစ်မြို့တည်းမှာ အတူတူ ရှိနေကြတာ မဟုတ်လား၊ နင် အဲဒီလူနဲ့တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကွေ့ မဟုတ် တစ်ကွေ့တော့ တွေ့ကြဦးမှာပဲ၊ အဲဒီလိုတွေ့တဲ့အခါ ဒီလောက် တောင် စိတ်နာစရာကောင်းတဲ့လူကို နင်က အခုလို မျက်နှာပေးလေးနဲ့ပဲ တွေ့မှာလား ဟင် နွဲ့သဇင်'

အစ်မကြိုင်က အခါတိုင်း ချစ်စနိုးခေါ်သလို မိနွဲ့ဟု မခေါ်။ သူ၏မျက်လုံးအစုံကို တည့်တည့်စိုက်ကြည့်ပြီး နွဲ့သဇင်ဟုခေါ်သည်။

'နင်လည်း ဆယ့်ရှစ်နှစ်သမီး အပျိုရိုင်းလေးမှ မဟုတ်တော့ တာ၊ ဒီလောက်ပျော့ညံ့နေဖို့မကောင်းဘူး၊ သူနဲ့တွေ့ရင် နင်ပြုံးနေရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နင်ပြုံးပြီး ကြည့်နိုင်ရမယ်၊ ဘာမှ ပြောစရာမလိုပါဘူး၊ ပြုံးရုံ ကလေးပဲ ပြုံးပြလိုက်ပါ နွဲ့သဇင်ရယ်'

နွဲ့သဇင်က သူ့အစ်မ ကျေနပ်စေရန် ခေါင်းညိတ်ပြသည်။ အစ်မကြိုင် ပြောသော တစ်ကွေ့မဟုတ် တစ်ကွေ့၊ တစ်နေ့မဟုတ် တစ်နေ့ ဟူသော အချိန်ကိုရောက်လာမှာ၊ ရင်ဆိုင်ရမှာကိုတော့ တကယ့် ကို ကြောက်လှပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'အပြင်က လေးကောင်ကို အသေအလဲ ဖိုက်အနာခံ မွေးထားပြီးမှဟယ်၊ ဒီအကောင်လေးနှစ်ကောင်ကျတော့မှ ဖိုက်ခွဲရတော့မယ်'

စိန်ရွှေမြက တွေးပြီးကြောက်နေသည်။ အိမ်ရှေ့အိမ်မှ အစ်မကြီး ဒေါ်ထွေးထွေးခင်ကတော့ 'သားကြောဖြတ်ရင်လည်း ခွဲရမှာပဲဟာ၊ မထူးပါဘူးကွယ်' ဟုပြောသည်။ ဒေါ်ထွေးထွေးခင်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ဆိုတော့ အစစ အရာရာ အမြင်ကျယ်သည်။ လည်လည်ဝယ်ဝယ် နှံ့နှံ့စပ်စပ်လည်း ရှိသည်။ သူ၏အကူအညီနှင့် ဟိုမှဒီမှ ထောက်ခံချက်များကိုတောင်းကာ လျှောက်လွှာတင်ခဲ့ရသည်။ အခုတော့ သားကြောဖြတ်ခွင့်ရပြီမို့ ကလေးမွေးရင်း တစ်ခါတည်း ဖြတ်ပေးလိမ့်မည် ဖြစ်လေသည်။

'ဒါမှပဲ ဒီခြောက်ကောင်နဲ့ ရပ်မှာ၊ ငါ့အသက်က အခုမှ သုံးဆယ့်နှစ်ဆိုတော့ အကြောသာဖြတ်မထားရင် ဟိုလူကြီး အကြော ထပုံနဲ့ဟင်း နောက်ထပ်သုံးလေးယောက်တော့ လာဦးမှာ အသေအချာပဲ'

စိန်ရွှေမြကတော့ ထုံးစံအတိုင်းပင်၊ မမြင်ကွယ်ရာမှာပင် ဖြစ်သော်လည်း ကိုရေအေးကိုပင် တရားခံလုပ်ကာ လှမ်းပြီးမျက်စောင်းခဲသည်။ ထို့နောက် 'တော်သေးတာပေါ့ သူက ဒီပြင်ယောကျ်ားတွေလို

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ လျှောက်အကြောမထလို့’ ဟုတွေးသည်။ ‘အဲဒီကိစ္စနဲ့ မင်းစိတ်ဆင်းရဲရဖူးသလား၊ ငါဖောက်ပြန်ဖူးသလား’ ဟု ခပ်တင်းတင်းအော်သော ကိုရေအေး၏စကားသံကို ပြန်ပြီးကြားယောင်မိတော့ သူ့မျက်နှာက မပြုံးတပြုံးဖြစ်သွားလေသည်။

‘အိမ်အမိုး တက်မဖာရင်လည်း ရှိပါစေတော့၊ အိမ်သာတံခါးမပြင်လို့ ငါ့ဟာငါ ပြင်ရရင်လည်း ထားပါတော့လေ၊ အဲဒီလိုဘက်မှာ စိတ်မဆင်းရဲရတာတော့ ကံကောင်းတယ်လို့ ဆိုရမှာပဲ’

ပေါင်နှစ်လုံးကိုချဲကာ ခပ်ကားကားထိုင်ရင်း စိန်ရွှေမြက ကလေးအင်္ကျီများကို ဆပ်ပြာတိုက်သည်။ ကြားထဲကခံနေသော ဗိုက်က ပူပြီးဖောင်းနေတော့ အဝတ်လျှော်၊ ဆပ်ပြာတိုက်ရသောအလုပ်သည် သူ့အတွက် မလွယ်ကူလှပေ။

‘ညွန့်မှူးကတော်ဆိုရင် သနားပါတယ်၊ ဥစ္စာလည်း ပေါ၊ ရုပ်လည်း ချော၊ ပညာကလည်း တတ်၊ ဒီလိုမိန်းမမျိုးရတာတောင် သူ့ယောက်ျားက ငြိမ်ငြိမ်မနေနိုင်ဘူးတဲ့လား၊ အင်း ကိုရေအေးပြောသလိုပဲ ဆီပြန်ဟင်း အမြဲစားနေရတော့ သူ့ဆရာက အီတယ်ထင်ပါရဲ့၊ ဟင်းပြောင်း ဟင်းလွှဲလေး စားတာပေါ့လေ၊ ဟွန်း အစားမတော် တစ်လုတ်တဲ့၊ တော်ကြာ အထဲက ပုပ်နေတဲ့ ကျီးအာသီးလို အေအိုင်ဒီအက်(စ)နဲ့ တွေ့မှ ခက်မယ်’

ဒီလိုဆိုတော့လည်း ညွန့်မှူးကတော်ထက်ပင် သူ့ကိုယ်သူ ပိုပြီး ကံကောင်းသည်ဟု စိန်ရွှေမြက ထင်မိပြန်သည်။ ကိုရေအေးကတော့ အိမ်က ငါးပိချက် တစ်မည်တည်းကို မရိုးအောင် မမုန်းတမ်းစားနေ၍ ကျေးဇူးတင်ရသည်။ ဒီနေ့ညတော့ မအိပ်ခင် ဦးချပြီး ကန်တော့လိုက်ဦးမည်။

‘ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့၊ သူတို့တွေ ဖောင်မစီးရတော့ပေမယ့် တို့မိန်းမတွေကတော့ ကမ္ဘာတည်သရွေ့ မွေးနေကြရမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးတွေ လန်ပြန်ပြီး ကိုးလ ဆယ်လ ပူကြ ဖောင်းကြရတာ၊ မွေးပြန်တော့လည်း ဘယ်လောက်လွယ်ပါတယ်ပြောပြော နာရတဲ့အချိန်မှာတော့ ဆတ်ဆတ်ကို တုန်နေတာပဲ၊ အသက်ကို ဖက်နဲ့ထုပ်ပြီး ဖြဲဆိုရင်လည်း ဖြဲ၊ ခွဲဆိုရင်လည်း ခွဲ'

သူကတော့ သူ့ဝါသနာအတိုင်း စကားလုံးကြမ်းကြမ်းနှင့်ပင် တွေးသည်။ စည်ပိုင်းပြတ်ထဲမှရေကို မမီမကမ်းလှမ်းခပ်ပြီး အဝတ်ကို ရေနည်းနည်းလောင်းကာ ခပ်နာနာဆောင့်၍ လျှော်သည်။ ဆပ်ပြာနည်းနည်း ရေနည်းနည်းနှင့် လက်အားကိုသာ များများသုံးပြီး အဝတ်ကို ဖြူအောင် လျှော်ဖွပ်သော အတတ်ပညာကို စိန်ရွှေမြ ကောင်းစွာ တတ်ကျွမ်းသည်။ သို့သော် ထိုပညာက ရေနှင့်ဆပ်ပြာသာ သက်သာခြင်းဖြစ်သည်။ လူကတော့ မသက်သာလှချေ။

'ညနေအတွက်တော့ ဟင်းနည်းဦးမှာပဲ'

လေထက် လျင်မြန်သောစိတ်က ဗိုက်ခွဲရမည့်ကိစ္စက နေပြီး ညနေစာဟင်းဆီသို့ ဘယ်လိုရောက်သွားသနည်း၊ သူ့ကိုယ်သူလည်း မသိလိုက်ပေ။ အခုမနက်ပိုင်းတွင် ပုစွန်ကျော့ပေါက်စနလေးများကို အာလူးနှင့်ရောကာ အရည်စပ်စပ်ချက်သည်။ ဘာဟင်းချက်ချက် စားကောင်းနေသော ကလေးတွေကတော့ အားရပါးရစားသည်ပင်။

'ညနေပိုင်းတော့ ထုံးစံအတိုင်း ဘဲဥမွှေကြော်လေး ဖြည့်ရမှာပေါ့'

ညနေပိုင်းဟင်းလိုလျှင် ဘဲဥလေးလုံးကို နာနာခေါက်ကာ ကြက်သွန်နီ၊ ခရမ်းချဉ်သီးများများနှင့်ကြော်သော သူ့ဘဲဥကြော်က ပွားလည်း ပွား၊ အရသာလည်း ရှိသည်။ ခုတလောတော့ ကြက်သွန်နီတွေ ဈေးတက်လှသည်။ ခရမ်းချဉ်သီးကလည်း မပေါ၊ ဘဲဥကလည်း ရှားပြန်သည်။ ဒီကြားထဲ အဓိကပါဝင်ရမည့် ဆီကလည်း သူ့အိမ်ကို မလာချင်ဘဲ မျက်နှာထားတင်းတော်မူနေသည်။ ထို့ကြောင့် သူကြော်သော ဘဲဥ

www.burmeseclassic.com

www.burmeseclassic.com



ကြော်ခမျာ သူ၏ခါတိုင်းလက်ရာကို မမီဘဲ ဘဲဥကြော်တန်း မဝင်နိုင်အောင် ဖြစ်နေသည်။ 'အမေ့ဘဲဥကြော်က အရင်လိုလည်း မကောင်းဘူး' ဟု ကလေးတွေက ဝိုင်းပြီးထောမနာပြုကြသဖြင့် စိန်ရွှေမြသာမက ဘဲဥပါ ရောပြီး နှစ်ပါးစလုံးသိက္ခာကျနေကြသည်မှာ အတန်ပင် ကြာပေပြီ။

'ကိုလှမောင်လည်း ခုတလော ဝင်မလာတာ ကြာပြီ'

လိုချင်တာရှိတော့ သူ့စိတ်က ကိုလှမောင်နှင့် မခင်အေးဆီ ရောက်သွားသည်။ အခါတိုင်း ကိုလှမောင် ရန်ကုန်ရောက်၍ ခဏတစ်ဖြုတ် ဝင်လာလျှင်ပင် သူ့ခြံထွက်၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များ တစ်ခုမဟုတ် တစ်ခုပါလာတတ်လေသည်။

'သူတို့ခြံက ဒန့်သလွန်သီးတွေရရင် သိပ်ကောင်းမှာပဲ၊ အိမ်မှာရှိတဲ့ ငါးခြောက်ရိုးလေးနဲ့ အချဉ်လေးချက်၊ ပြီးတော့ သူတို့ခြံထွက်သဘော်သီးလေးနဲ့ အချိုတဲ'

စိန်ရွှေမြက တောင့်တောင့်တတ စဉ်းစားနေမိသည်။ အခုတလော ထမင်းက ဘယ်လိုပင်စားစား၊ စား၍ကောင်းနေသော်လည်း အာသာက မပြေပေ။ ဟင်းကောင်းကျွေးကောင်းလေး စားချင်သည်။ နောက်ပြီး အသီးအနှံလေးလည်း စားချင်သည်။ စပျစ်သီး၊ ပန်းသီး မတတ်နိုင်လျှင်တောင် သဘော်သီး၊ မာလကာသီးလေးလောက်တော့ စားနိုင်ချင်သည်။

'အစ်မ'

ခေါ်သံကြားသော်လည်း လှည့်မကြည့်မိ၊ သူ့စိတ်က ကြားချင်နေသောကြောင့် ကြားရသည်ဟု ထင်မိသောကြောင့် ဖြစ်လေသည်။ နောက်တစ်ခါထပ်ကြားမှ လှည့်ကြည့်ဖြစ်သည်။ ဂန္ဓမာပန်း ဝင်းဝင်းဝါဝါများကို အစည်းလိုက်ပွေ့ပိုက်ထားသော မခင်အေးက ပြုံးနေသည်။ မခင်အေးဘေးမှ ကိုလှမောင်ကလည်း အသီးအနှံတွေ ထည့်ထားသော ကြိမ်ခြင်းကြီးကို ဆွဲထားသည်။ ခြင်းတောင်းထဲမှ ထိုးထိုးထောင်ထော

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသော ဒန့်သလွန်သီးများကိုမြင်တော့ စိန်ရွှေမြ တကယ့်ကိုပျော်သွားသည်။

'ဟယ် ဝမ်းသာလိုက်တာဟယ်'

သူက မခင်အေး၏မျက်နှာကိုပင် မကြည့်မိဘဲ ဒန့်သလွန်သီး နုနုထွားထွားကြီးတွေဆီသို့သာ မျက်စိရောက်နေသည်။

'ကားကြုံတာနဲ့၊ အစ်ကိုတို့ အစ်မတို့ကိုလည်း မတွေ့ရတာကြာလို့လိုက်လာတာ၊ ရုံးပိတ်ရက်ဆိုတော့ အိမ်မှာပဲ ရှိမှာပဲလို့'

'ရှိပါဘူးအေ အိုဗာတိုင်တဲ့၊ ဒါပေမယ့် မနက်ပိုင်းခဏပါ၊ နေ့ခင်းတော့ ပြန်လာမယ်ပြောတာပဲ'

လျှော်လက်စ အဝတ်တွေကို ပစ်ထားခဲ့ကာ စိန်ရွှေမြက နေရာမှ လေးလေးပင်ပင်နှင့်ထသည်။ မခင်အေး၏လက်ထဲမှ ဂန္ဓမာပန်းတွေကို လှမ်းယူသည်။ 'သူတို့တွေ ဒီမှာများ ထမင်းစားကြမလို့လားမသိ' ဟု စဉ်းစားမိတော့ စိတ်ထဲတွင် နည်းနည်းပူလောင်သွားသည်။ မကျွေးချင်လို့တော့ မဟုတ်ပါ။ ကျွေးစရာကို မရှိသောကြောင့်ဖြစ်ပါသည်။

'ကျိုက်ကလို့ ဘုရားနားက မုန့်တီသုတ် စားလို့ကောင်းတယ်ဆိုလို့ ဝင်စားကြတာ၊ အရသာလေး အစပ်တည့်တာနဲ့ အစ်မတို့အတွက်တောင် သုံးထုပ်ဝယ်လာခဲ့သေးတယ်'

မခင်အေးက ခြင်းတောင်းထဲမှ မုန့်တီသုံးထုပ်ကို အရင်ထုတ်သည်၊ စိန်ရွှေမြလည်း အဲဒီတော့မှပဲ ရင်ထဲတွင် အေးမြလန်းဆန်းကာ ပေါ့ပေါ့ပါးပါး ဖြစ်သွားလေသည်။

'သဘော်သီးက သုံးလုံးပါလာတာ အစ်မရဲ့၊ ဟိုဘက်လမ်းထိပ်မှာ လူတစ်ယောက်နဲ့တွေ့ပြီး အတင်းဝယ်နေလို့'

သဘော်သီးနှစ်လုံးကို လှမ်းကြည့်ရင်း ပါမလာတော့သော တစ်လုံးကို သူက နမြောသွားသည်။

'ဒါနဲ့ ရောင်းလိုက်ရရောလား'

www.burmeseclassic.com

www.burmeseclassic.com



'မရောင်းပါဘူး အစ်မရယ်၊ သူ့အဖေအတွက်ဆိုလို့ အလကား ပေးလိုက်ပါတယ်၊ သူ့ခမျာလည်း ယူသာယူရတယ်၊ အားတွေနာလို့၊ ပိုက်ဆံအတင်းပေးနေသေးတာ'

'မယူလိုက်ဘူးလားဟဲ့'

'အစ်မကလည်း ဘာလို့ယူရမှာလဲ၊ ကျွန်မတို့မှာ အဖေဆိုတာ ကို ပြုစုဖူးဖို့နေနေသာသာ၊ မြင်ရုံတောင်မြင်ဖူးလိုက်ရတာ မဟုတ်ဘူး၊ သူများတကာ ပြုစုနေတာကိုတော့ တတ်နိုင်သမျှ ဝင်ကူရမှာပေါ့၊ ဒါမှ ဘေးထွက်ကုသိုလ်လေး အနည်းအပါးရမှာ၊ အဲဒီကုသိုလ်လေးလောက် တော့ ယူစမ်းပါရစေ'

လေသံအေးအေးလေးနှင့်ပြောသော မခင်အေးကို စိန်ရွှေမြက မသိမသာမျက်စောင်းခဲလိုက်သည်။ 'ငါသာဆိုရင် တစ်ရာရရ၊ နှစ်ရာ ရရ ယူမှာပဲ၊ ကိုယ်အပင်ပန်းခံပြီး စိုက်ထားရတဲ့ဟာကို မဆီမဆိုင် အလကားတော့ မပေးနိုင်ပေါင်' ဟု တွေးသည်။

'သူ့ခမျာလည်း အလကားမယူရှာပါဘူး အစ်မရယ်၊ သူ့လက် ထဲက ကိတ်မုန့်တစ်လုံးကို အမေချစ်စားဖို့ဆိုပြီး ပြန်ပေးသွားတယ်၊ ရော့ ကလေးတွေစားဘို့ အစ်မပဲ ယူထားလိုက်၊ အမေ့အတွက်တော့ မုန့်ကြွပ် ဝယ်သွားရမယ်၊ အမေက ကိတ်မုန့်မကြိုက်ဘူး၊ မုန့်ကြွပ်မှ'

မခင်အေးက သီးစုံကိတ်မုန့်တစ်လုံး လှမ်းပေးတော့ စိန်ရွှေမြ က သူ့အတွေးအတွက် သူ့ဟာသူ ရှက်အမ်းအမ်းဖြစ်သွားသည်၊ ကလေး တွေက ကိုလှမောင်လှမ်းပေးသော ကြွပ်ကြွပ်အိတ်ထဲမှ အုန်းနီမာလကာ သီးတွေကို ဝိုင်းပြီးလုနေကြတော့ ကိတ်မုန့်ကို မမြင်ချေ။ စိန်ရွှေမြက အနားတွင် လွယ်လွယ်တွေ့ရသော ကလေးအင်္ကျီနှင့် ကိတ်မုန့်ကို ခပ် မြန်မြန်အုပ်ထားလိုက်သည်။ ဆာတွဲ့ရထားသူများမို့ နောက်တစ်ခါ ဆာ မှ ကျွေးရမည်။

'ကော်ဖီသောက်ကြပါလားဟယ်၊ ငါ့မှာအထုပ်လေးတွေ လေး ငါးထုပ်ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီအစ်မရဲ့၊ ကော်ဖီလက်ဖက်ရည်များ အကျင့်လုပ်ပြီး တော့ကို မသောက်တာ၊ အနောက်ဘက်ခြံမှာ နွားနို့ကောင်းကောင်းရတယ်လေ၊ သယ်တောင်လာချင်တာ၊ မနိုင်လို့'

'နွားနို့တွေလည်း သိပ်မသောက်နဲ့နော်၊ ကလေးသိပ်ထွားနေရင် မွေးရတာ ပင်ပန်းတယ်'

'ဒေါ်ပုတုကလည်း အဲဒီလို ပြောတာပဲ'

ဒေါ်ပုတုက သူတို့နားတစ်ဝိုက်က ကလေးတွေကို ဒိုင်ခံမွေးပေးနေသော အရပ်လက်သည် ဖြစ်သည်။ သူ့နာမည်အရင်းကတော့ ဒေါ်ပုတု မဟုတ်ပေ။ ပုပုသေးသေးကလေးမို့ ဘယ်သူကစပြီး ဒေါ်ပုတု ခေါ်လိုက်လဲတော့ ဒေါ်ပုတု ကိုယ်တိုင်မသိချေ။ သူ့နာမည်အရင်း ပျောက်ခြင်း မလှ ပျောက်သွားပြီး ပုတုအမည်တွင်နေသည်ကတော့ ကြာလှပေပြီ။ ဘာသင်တန်းမှ မတက်ဖူးသော်လည်း ဗိုက်ပေါ်လက်တင်လိုက်သည်နှင့် ဘယ်နှစ်လရှိပြီဟု ဒက်ခနဲပြောနိုင်အောင် အတွေ့အကြုံ ရင့်ကျက်နေပြီ ဖြစ်သည်။ သူမွေးပေးသော ကလေးအချို့ပင် အိမ်ထောင်ရက်သားကျကုန်ပြီဟု ကွမ်းတမြုံ့မြုံ့ဝါးရင်း ဂုဏ်ယူစွာ ပြောပြတတ်သေးသည်။

'ငါကတော့ ဒီတစ်ခါဗိုက်ခွဲရမှာဟဲ့'

'ဟင် ဘာဖြစ်လို့'

'အထဲမှာ နှစ်ကောင်တောင်လေ၊ ယောကျ်ားလေးချည်းပဲ'

'ဟယ် ကောင်းလိုက်တာဟယ်၊ အားကျလိုက်တာ အစ်မရယ်'

စိန်ရွှေမြက မျက်နှာတွေချောင်ကျကာ ဆံပင်တွေလည်း ဖွာနေသည်။ ဗိုက်တစ်လုံးကို မနိုင်မနင်းသယ်ထားရဟန်နှင့် ခပ်ယိုင်ယိုင်ဖြစ်နေသည်။ ပင်ပန်းပြီး နွမ်းနယ်နေဟန်က သိသိသာသာ ပေါ်လွင်နေသည်။ ဒေသန္တရဆေးခန်းမှာ ပထမအကြိမ် ဗိုက်သွားပြစဉ်ကတည်းက ဆရာဝန်မက ကိုယ်ဝန်ဆောင်အားတိုးဆေးစားရန် လိုကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကို ဆေးဝယ်သောက်ရန် ဆေးအမည်ရေးပေးသော ဆေးစာရွက်ကလေးကိုတော့ ဘယ်နားလွှင့်ပစ်လိုက်မိသည်ပင် မသိ။ ကိုယ်ဝန်ဆောင်အားဆေး ဝယ်မည့်အစား ဆီတစ်ပိဿာပဲ ဝယ်တော့မှာပေါ့တော်ဟုလည်း တွေးမိသေးသည်။

'အမလေးဟဲ့ အိမ်ပေါ်ရောက်နေတာ ဘယ်သူတွေများလဲလို့၊ နင်တို့ ဘယ်အချိန်က ရောက်နေကြတာလဲ'

ကိုရေအေး၏အသံက ကျောဘက်မှ ပေါ်လာတော့ မခင်အေးဝမ်းသာသွားသည်။ အစ်ကိုနှင့်မတွေ့ရသည်မှာ တစ်နှစ်နီးပါးခန့်ပင်ရှိပြီထင်သည်။ သူကလည်းမှော်ဘီဘက်ကို တကူးတကမလာနိုင်။ ကိုယ်ကလည်း ရန်ကုန်မရောက်နှင့်ဆိုတော့ တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်ကြပေ။ ကိုလှမောင်ရန်ကုန်သွားရင်း ဝင်လာတတ်၍သာ သတင်း စကားလေး ဘာလေး ကြားနေရခြင်း ဖြစ်သည်။

'နင်လည်း အသားတွေညိုလို့'

'ဩော် ခြံသမား၊ ဘဝသမားပဲ အစ်ကိုရဲ့၊ မညိုဘဲ နေနိုင် မလား၊ အစ်ကိုကတော့ နည်းနည်းပိန်သွားသလိုပဲ'

'ပိန်ရုံပဲလားဟာ အရမ်းများ ရုပ်ဆိုးနေလား'

ကိုရေအေးက အတည်ပေါက်နှင့်မေးသည်။ မခင်အေးကတော့ ရယ်မောရင်း 'အစ်ကိုကလည်း ကြံကြံဖန်ဖန်' ဟုပြောသည်။

'တကယ်ပါဟ၊ ဒီနေ့ ဆရာ့ယောက္ခမကြီးက လမ်းကြုံလို့ဆိုပြီး ရုံးဝင်လာတယ်၊ ငါထင်တာတော့ သူ့သမက်သတင်းတွေကို သိုးသိုးသန့်သန့်ကြားလို့ စုံစမ်းရေးဝင်တယ်ထင်တာပဲ'

စားပွဲအောက်ကျနေသော စလူယပ်တောင်လေးကို လှမ်း၍ကောက်ယူလိုက်ပြီး ကိုရေအေးက တဖျပ်ဖျပ်ယပ်ခတ်နေသည်။ သမက်ကို ချောင်းရအောင်လာသော ယောက္ခမကြီးနှင့်သူ ဓာတ်လှေကားထဲတွင် ဆုံကြသည်။ အဘွားကြီးက သူ့ကိုမြင်တော့ သရဲအခြောက်ခံရသူလို ဖြစ်သွားသည်ကို သူ မကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



'အဘွားကြီးက ငါ့ကို မျက်လုံးကြီးပြူးပြီး ကြည့်နေလိုက်တာ၊ သရဲနဲ့တွေ့တာ ကျနေတာပဲ၊ ငါသိပ်များ အရုပ်ဆိုးနေလို့လား'

ကိုရေအေးကတော့ တကယ့်ကို အခံရ ခက်နေပုံရသည်။

'မဟုတ်ပါဘူး အစ်ကိုရာ၊ သူ့တစ်သက်မှာ ဒီလောက် ကြည့်ကောင်းတဲ့သူကို မတွေ့ဖူးသေးလို့နေမှာပါ၊ မဟုတ်ဘူးလား အစ်မ စိန်မရှိ ရွှေမရှိ မြမရှိရဲ့'

ကိုလှမောင်က ရယ်ရယ်မောမော ဝင်ပြောသည်။ အားလုံးက ဝိုင်းရယ်ကြသော်လည်း ကိုရေအေးက မရယ်နိုင်။ သူ့ကိုမြင်တော့ တုန်တုန်လှုပ်လှုပ်ဖြစ်သွားသော အဘွားကြီး၏မျက်နှာကိုပင် မြင်ယောင်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'အဖေ့ကိုကျွေးချင်လို့ဆိုရင် အလကားယူသွားပါရှင်၊ ကျွန်မတို့ ကုသိုလ်ယူပါရစေ'

ဂန္ဓမာ ပန်းဝါဝါများကို ပွေ့ပိုက်ထားသော ကိုယ်ဝန်ဆောင်အမျိုးသမီးက ကြိမ်ခြင်းထဲမှသဘော်သီးတစ်လုံးယူကာ လှမ်းပေးသည်။

'ဟာ အဲဒီလိုမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အဖေက ထိုင်ဝမ် သဘော်သီးတွေဆိုရင် အသားမာတယ်ဆိုပြီး မကြိုက်တတ်ဘူး၊ ဟိုး အရင်ကတည်းက မြန်မာသဘော်သီး မှည့်မှည့်ချိုချိုလေးတွေကိုမှ စားတတ်လို့ပါ၊ ဒီက အစ်ကိုဆွဲလာတဲ့ သဘော်သီးထဲက ကြိမ်ခြင်း၊ အဲလေ ကြိမ်ခြင်းထဲက သဘော်သီးကလည်း မြန်မာသဘော်သီးမျိုး အလုံးရှည်ရှည်ကောက်ကောက်ကလေးမို့လို့ ကျွန်တော်က ကြိမ်ခြင်းလေးရရင်ပဲ အာ ဗျာ သဘော်သီးလေးရရင်ပဲ၊ ကျေးဇူးတင်လှပါပြီ၊ တန်ဖိုးလေး လောက်တော့ လက်ခံပါဗျာ'

ကိုလင်းက အားတုံ့အားနာဖြစ်သွားတော့ လျှာနှင့်စကား ခလုတ်တိုက်ကာ အယောင်ယောင်အမှားမှား ဖြစ်နေသည်။ အဖေက အသီးအနှံထဲတွင် သဘော်သီးတစ်မျိုးကိုသာ စွဲစွဲမြဲမြဲ ကြိုက်လေသည်။ သဘော်သီးထဲတွင်လည်း ရောင်းသူတွေက ကြက်တူရွေးသီးဟု ခေါ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သော အလုံးရှည်ရှည် အဖျားကောက်ကောက် အသီးမျိုးကို ကိုယ်တိုင် ရွေးချယ်ဝယ်ယူတတ်သည်။ သူ့အသားက အနီရောင်ပင်ဖြစ်သော်လည်း ထိုင်ဝမ်သဘော်သီးအလုံးကြီးတွေလိုမျိုး မဟုတ်၊ ပို၍ နူးညံ့ပြီး အရသာ အချိုလေးသည်ဟု အဖေက ပြောလေ့ရှိသည်။ ယခုလည်း သူတစ်ပါး ဆွဲလာသော ခြင်းတောင်းထဲတွင်ပင်ဖြစ်သော်လည်း အဖေ ကြိုက်တတ် သော အမျိုးအစားဆိုတော့ မနေနိုင်ဘဲ 'သဘော်သီး တစ်လုံးလောက် မျှပြီး ရောင်းခဲ့ပါလားဗျာ' ဟု ဇွတ်နှစ်ပြီး ပြောခဲ့ရခြင်း ဖြစ်လေသည်။

'ကျွန်တော့သဘော်သီးကို ဟောဒီလိုဆကြည့်၊ လေးပြီး နှစ်နေ စေရမယ်၊ အစေ့တောင်မပါဘူး၊ အသားနဲ့ပြည့်နေတာ အစ်ကိုလေးရ၊ မချိုရင်လည်း ဇက်တောင်အဖြတ်ခံရဲတယ်ဗျ'

ကြိမ်ခြင်းကြီးဆွဲထားသူက အားတက်သရောပြောသည်။ သူ နှင့်ကိုလင်း မည်သူက မည်မျှအသက်ကြီးလည်းတော့ မမှန်းတတ်။ မတိမ်းမယိမ်းလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ သို့သော် ကိုလင်းက သူ့ကို အစ်ကိုဟုခေါ်ကာ ကိုလင်းကိုလည်း သူက အစ်ကိုလေးဟု ပြန်ခေါ်လေ သည်။

'ကြွားနေတာ ဒီက အစ်ကိုရေ့၊ ကြွားနေတာ၊ အဲဒီသဘော် ပင်ကို သူစိုက်တာမို့လို့ ကြွားနေတာ'

မိခင်လောင်းအင်္ကျီပွပွကို ဝတ်ထားသော အမျိုးသမီးက သူ့ ယောက်ျားကိုကြည့်ကာ ရယ်မောနေသည်။ ထို့နောက် 'တကယ်မချိုရင် လာပြီး ဇက်ဖြတ်နိုင်အောင် လိပ်စာလည်း ပေးလိုက်ဦးလေ' ဟု ပြော သည်။

'မော်ဘီဈေးထဲမှာ ကြိုက်တဲ့သူကို မေးကြည့်ပါဗျား၊ အမေချစ် ခြံဆိုရင် သူသိငါသိ အကုန်သိပါ၊ အမေချစ်ခြံထွက်သဘော်ဆိုရင်လည်း မချိုတာ မရှိပါဘူး၊ အဲ နောက်ပြီး အမေချစ်ချွေးမ ဝလာတာလည်း နှစ်ခါ ရှိပြီဗျ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုနော် ဘာဆိုင်လို့လဲ'

အမျိုးသမီးက ကိုယ်ကလေးယို့သွားပြီး ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားသည်။

'ဟ ကြွားတာလေ ကြွားတာပေ့ါ၊ ဟုတ်ဘူးလား အစ်ကိုလေး ရာ၊ အဲဒါလည်း ကျွန်တော်စိုက်တဲ့ အပင်ပဲဟာ'

ကိုလင်းက သူတို့နှင့်အတူ တဟားဟားလိုက်ရယ်မောမိရင်း သူတို့လိုပင် ခေတ္တခဏ ပျော်ရွှင်ကြည်နူးသွားသည်။

'အမေချစ်ခြံကို တစ်နေ့တော့ လာခဲ့ပါဦးမယ်ဗျာ၊ ဇက်ဖြတ်ရ အောင်တော့ မဟုတ်ပါဘူး၊ သဘော်သီးထပ်ဝယ်ရအောင်ပါ၊ ကဲ ကျွန် တော်ကလည်း အမေချစ်အတွက် ကုသိုလ်ယူပါရစေဗျာ'

ကိုလင်းက အိမ်အတွက်ဝယ်လာသော ကိတ်မုန့်ကို ပြန်ပေး တော့ သူတို့က အားနာစွာနှင့် လက်ခံသည်။ နှုတ်သွက်လျှာသွက်သော အမျိုးသားက 'အစ်ကိုလေးရဲ့အဖေ ကျန်းမာပကတိ ချမ်းသာစွာ ရှိပါ စေဗျာ' ဟု ဆုတောင်းပေးလိုက်သေးသည်။

သူတို့ဇနီးမောင်နှံနှစ်ယောက်ဆီမှ အပျော်တွေကူးစက်လာ၍ အပြန်လမ်းတစ်လျှောက်တွင်တော့ ကိုလင်းတစ်ယောက် စိတ်ချမ်းသာ၊ လက်ချမ်းသာ ဖြစ်နေသည်။ 'ငါတို့တိုင်းပြည်မှာ ဒီလိုစေတနာ၊ မေတ္တာ အသွားအပြန်လေးတွေရှိနေတာ ဘယ်လောက်ချစ်စရာကောင်းသလဲ' ဟု တွေးနေမိသည်။ 'ကျန်းမာပကတိ ချမ်းသာစွာရှိပါစေ'ဟူသော ဆု တောင်းကို ပြန်လည်ကြားယောင်မိသောအခါတွင်တော့ ကြည်လင် အေးမြနေသော စိတ်ရေကန်ကလေးက ညို့မှိုင်းပြီး အနယ်အမှုန်တွေ ထလာသည်။

'ကျွန်တော့်ရဲ့အဖေကတော့ ကျန်းမာမလာနိုင်တော့ပါဘူးဗျာ'

သူက ရင်ထဲမှ တီးတိုးပြောလိုက်မိသည်။ အခုသုံးလေးလ အတွင်းတွင်ပင် အဖေ၏ကျန်းမာရေးက သိသိသာသာကြီး ယိုယွင်းသော

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မျက်စိများလည်း မှုန်ကျသွားကာ ဆံပင်များလည်း တစ်နေ့ထက် တစ်နေ့ တိုးပြီး ဖြူလာလိုက်သည်မှာ ဖွေးဖွေးလှုပ်လုနီးပါးပင်၊ ပိန်တာကတော့ အရိုးချည်းပဲဟုပင် ဆိုနိုင်လောက်သည်။ အရေပြားတွေလည်း မည်းခြောက်ကာ ယားနာတွေပေါ်လာသည်။ သို့သော် ကံကောင်းသေးသည်က ပြည်တည်အနာကြီးများ ပေါက်မလာခြင်းပင် ဖြစ်သည်။ ပါးစပ်ထဲမှာလည်း မက်ခရုတွေဖြစ်လာတော့ အပူအစပ်ကလေး နည်းနည်းပါလျှင်ပင် သူ့မှာ မစားနိုင်တော့ပေ။ အရသာ ချိုချို အေးအေးလေးများကိုသာ တမ်းတနေ၍ မင်းဂွတ်သီးလေးတွေ ကျွေးမိတော့ ဝမ်းပျက်ဝမ်းလျှော ဖြစ်ပြန်သည်။

'ဟာ သင်္ဘောသီးကလည်း ဝမ်းနူးစာပဲဟာ၊ အဖေစားလို့ ဖြစ်ပါ့မလား'

ဆန္ဒတွေစောပြီး သူတစ်ပါးခြင်းတောင်းထဲမှ မရအရ တောင်းလာမိသော သင်္ဘောသီးကိုကြည့်ပြီး အခုမှ သတိရတော့သည်။ အဖေက နည်းနည်းမှ ဝမ်းမခိုင်တော့သည်ကို သူ ဘာကြောင့်များ မေ့သွားလေသည်မသိ။ မနေ့တုန်းကလည်း အိပ်ရာထဲတွင်ပင် ဝမ်းအရည်တွေ သွားသေးသည်မို့ အိပ်ရာခင်းရော စောင်တွေကိုပါ သူလျှော်ခဲ့ရသေးသည်။ ဆရာဝန်ကတော့ 'ဒီရောဂါရဲ့သဘာဝက ဒီလိုပါပဲ၊ သူ့မှာ ခုခံအားက တစ်နေ့တစ်ခြား နည်းလာပြီမဟုတ်လား' ဟုပြောသည်။ ကြက်ပေါင်းရည်တွေ၊ ငှက်သိုက်တွေ မည်မျှပင်ကျွေးသော်လည်း အဖေက တိုး၍ တိုး၍သာ ပိန်လာလိုက်သည်မှာ အရိုးချည်းသာ ကျန်တော့သည်။ အဖေ့ကို တွဲရထူရသည်ကလည်း လက်မောင်းပိန်ပိန် ပေါင်ပိန်ပိန်နှင့် နံရိုးတွေကိုချည်း စမ်းမိနေတော့ ကိုလင်းလည်း စိတ်မကောင်းဖြစ်ရသည်။

မနေ့တုန်းကတော့ သူတို့မောင်နှမ နှစ်ဦးစလုံး ဆရာဝန်၏ ညွှန်ကြားချက်အရ ဒုတိယအကြိမ် သွေးစစ်ကြည့်ခဲ့ရပြန်သည်။ နှစ်ဦးစလုံးအနုတ်လက္ခဏာမို့ သူတို့နှစ်ယောက်သာမက ဆရာဝန်ပါ အဖေ့

www.burmeseclassic.com

www.burmeseclassic.com



လေးပျော်သွားပုံရသည်။ ကူးစက်ဆဲကာလ(Window period)ကို ကျော်ဖြတ်ခဲ့ကြပြီ ဖြစ်သည်။

'ဒါက လက်ပွန်းတတီးနေရုံနဲ့ မကူးပါဘူး၊ ဒါပေမယ့် ကူးနိုင်စရာ အကြောင်းသေးသေးလေးလေးတွေလည်း ရှိနေတော့၊ ကျွန်တော်က ဒီက ညီမအတွက် တကယ်ကိုစိုးရိမ်တာ၊ သူ့မှာသာရှိနေရင် ဗိုက်ထဲက ကလေးပါ ဒုက္ခရောက်မှာမဟုတ်လား'

'ကျွန်မကလည်း မောင်လေးအတွက်စိုးရိမ်တာ ဆရာရေ၊ ကျွန်မက မပေါ့မပါးဆိုတော့ သိပ်လုပ်နိုင်တာမဟုတ်ပါဘူး၊ သူကသာ သူ့အလုပ်ကို သူလုံးလုံးပစ်ပြီး အဖေကို နေ့ရောညပါ ကပ်ပြီး ပြုစုနေရှာတာ'

'ခင်ဗျားတို့ မောင်နှမကိုတော့ ကျွန်တော် တကယ်ကို သာဓုခေါ်မိပါတယ်ဗျာ၊ ဒီလိုရောဂါရနေတဲ့ အဖေကြီးကို ကိုယ်ရော စိတ်ပါ မငြိုမငြင်နဲ့ အပင်ပန်းခံ ပြုစုနေကြတဲ့ စိတ်စေတနာရဲ့အကျိုးကို ခင်ဗျားတို့ တစ်နေ့ခံစားရမှာပါ'

ဆရာဝန်က သူ့လက်ကိုဆုပ်ကိုင်ပြီး ချီးကျူးစကားပြောတော့ ကိုလင်းမှာ မျက်နှာပင် မထားတတ်။

'သူက ပြောတယ်အဖေ၊ မိဘကို ပြုစုတဲ့ စိတ်စေတနာရဲ့ အကျိုးကို ကျွန်တော်တို့ခံစားကြရမှာပါတဲ့၊ ဒါပေမယ့် တစ်စုံတစ်ခုသော အကျိုးကို မျှော်ကိုးပြီး အဖေ့ကိုပြုစုကြတာမဟုတ်ပါဘူး အဖေရယ်၊ ကျွန်တော်တို့မောင်နှမက ဒီအကြောင်းကြောင့် ဒီအကျိုးကိုရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အဖေ့ကို အခုလိုပဲ ပြုစုကြမှာပါ။ အဖေ့ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ပြုစုနေကြတာပါ'

ကိုလင်းက ရင်ထဲမှ တီးတိုးပြောနေမိသည်။ ခုတလောတော့ ဆရာဝန်ပြောသလိုပင်။ အတော်လေးပင်ပန်းနေသည်။ ခင်ခင်ထား၏ ဗိုက်ကလည်း ခြောက်လကျော်ကာ ခုနစ်လထဲသို့ရောက်နေပြီမို့ တကယ့်

www.burmeseclassic.com

www.burmeseclassic.com



ကို မပေါ့မပါးဖြစ်နေပြီ ဖြစ်လေသည်။ ဒီကြားထဲ သူက ဝင်ဝင်ပြီး အဖေ့ကို တကယ်လည်းမနိုင်ဘဲနှင့် ပွေ့လိုက်ထူလိုက် လုပ်ချင်နေသေးသည်။ သူ့မှာ အဖေ့ကိုထူရပွေ့ရသည်က တစ်ဖက်၊ သူ့အစ်မ လဲမှာ ပြိုမှာ ကူးစက်မှာစိုး၍ 'ဖယ်ပါဟ၊ လွှတ်ပါဟ' နှင့်အော်နေရသည်က တစ်ဖက်မို့ အတော်လေး ကသီလင်တ နိုင်နေသည်။

'မမ ကိုယ်ဝန်ရှိစကတည်းက အဖေ့ရောဂါအကြောင်း သိခဲ့ရတာ၊ အခုဆိုရင် မမဗိုက်တောင် ခုနစ်လထဲ ရောက်နေပြီ၊ အဖေ့အခြေအနေကလည်း သိသိသာသာကြီးကို ယိုင်ကျလာပြီ၊ အင်း အဖေ့ခမျာ သူ့မြေးလေးရဲ့ မျက်နှာကိုတော့ မြင်သွားနိုင်ကောင်းပါရဲ့'

ကိုလင်းက သဘော်သီးကြီးပိုက်ကာ ငိုက်စိုက် ငိုက်စိုက်နှင့် လျှောက်ရင်း စိတ်ကတော့ အိမ်သို့သာပြန်ရောက်နေသည်။ ယခုလည်း အဖေ့ဘေးတွင် အစ်မကို ထားသာထားခဲ့ရသည်။ စိတ်ကတော့ မချ။ အဖေ့ကိုလည်း စိတ်မချ။ အစ်မကိုလည်း စိတ်မချ။ တော်ကြာ မနိုင်မနင်းနှင့်မို့ နှစ်ယောက်စလုံး ကျွမ်းထိုးမှောက်ခုံ လဲကုန်မှာလည်း စိုးရိမ်ရသေးသည်။

'အင်း ဝင်းမောင်အဖေဆုံးတာ၊ သတင်းတောင် မမေးဘူးဖြစ်မှာ စိုးလို့သာ လာရတာ၊ စိတ်ကတော့ မဖြောင့်ပါဘူး၊ သူကလည်း မင်းအဖေရော နေကောင်းရဲ့လားတဲ့၊ လူကြီးဆိုတော့လည်း ဒီလိုပါပဲ၊ ကောင်းလှချေရဲ့တော့ ဘယ်ဟုတ်မှာလဲကွာဆိုပြီး ဖြန်းသန်းဖြေရတယ်၊ မကောင်းပါဘူးဆိုရင် သူက အင်မတန်ကို ဝတ္တရားကျေချင်တဲ့ကောင်၊ သတင်းလာမေးနေရင် ခက်မှာ၊ အဖေ့ပုံစံက လူတွေ့ခံလို့ သိပ်မရတော့ဘူး'

ကိုလင်းက စိတ်ထဲမှတွေးရင်း ခြေထောက်က ခပ်သုတ်သုတ် လျှောက်သည်။ လက်ထဲက သဘော်သီးက အခုမှ တနင့်တပိုးလေးလာသယောင် ခံစားရသည်။ ပွေ့ပဲထားရမလို၊ ပိုက်ပဲထားရမလို အကိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



ခက်နေသဖြင့် လမ်းဘေးကွမ်းယာဆိုင်လေးတွေ့တော့ ကြွပ်ကြွပ်အိတ်တစ်လုံးဝယ်ရသည်။

'ငါးကျပ်တော့မရဘူးအစ်ကို၊ တစ်ဆယ်ဖြစ်သွားပြီ'

သူက အခါတိုင်းလို ငါးကျပ်တန်တစ်ရွက်ပေးတော့ ဈေးတက်သွားပြီတဲ့၊ ထို့ကြောင့် နောက်ထပ်ငါးကျပ် ထုတ်လိုက်ရသည်။

'အင်း အခုမှ ဟန်ကျသွားတော့တယ်'

ကိုလင်းက ကြွပ်ကြွပ်အိတ်ထဲသို့သဘော်သီးထည့်ပြီး အိတ်ကို ဆွဲလိုက်တော့မှ အတော်လေးအဆင်ပြေသွားသည်။ အိမ်ကို ပြန်ရောက်ချင်စိတ်က စောနေတော့ သူ့အစ်မခင်ခင်ထားလိုပင် ဆိုက်ကျဲရိုးစီးသွားရမလား စဉ်းစားသည်။ (ခင်ခင်ထားက ဆိုက်ကားကို ဆိုက်ကျဲရိုးဟုခေါ်သည်) သို့သော် သူက သန်သန်မာမာယောကျ်ားတစ်ယောက်မို့ သူ့ထက်ပိန် သူ့ထက်ပုပြီး သူ့လောက်ပင် အားမရှိသော သူက သူ့ကိုတင်ပြီး ပင်ပန်းကြီးစွာနင်းရရှာမည့် ဆိုက်ကျဲရိုးကို စီးရန် ဝန်လေးနေသည်။ တွေးပြီး အားနာနေသည်။

'ဒီက ဆရာလေး၊ ခဏဗျာ'

သူ့လက်မောင်းကို တစ်စုံတစ်ဦးက လှမ်းဆွဲလိုက်၍ လှည့်ကြည့်လိုက်တော့ မိုးပျံဘောလုံးအတွဲလိုက်ကြီးကို ဆွဲထားသော လူတစ်ဦးကို တွေ့ရသည်။ ထိုသူက သူ့ကို မချိပြုံးကြီး ပြုံးပြနေသည်။

'ဒါကြီးကို ခဏကိုင်ထားပေးပါလား ဆရာလေးရယ်'

'ဟင်'

'ဒီလိုပါဆရာ၊ ကျွန်တော့မှာ အန္တရာယ် အဲ အန္တရာယ်ကို လွယ်'

ဘာအန္တရာယ်မှန်းမသိတော့ ကိုလင်းက လန့်လန့်ဖျပ်ဖျပ်နှင့် နောက်တစ်လှမ်းဆုတ်လိုက်သည်။ သူက ရှေ့တစ်လှမ်းတိုးပြီး လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်း ရှင်း ပြောရရင်တော့ မနေ့က ပဲဟင်းတွေ အစားများသွားတာ၊ အခုတော့ ဗိုက်နာနေတယ် ဆရာလေးရဲ့၊ ဗိုက်နာတော့ အိမ်သာ အဲ အိမ်သာတက်ချင်တာ'

သူအစားများသွားသော ပဲဟင်းနှင့် ဗိုက်နာခြင်း၊ ဗိုက်နာခြင်းနှင့် အိမ်သာ၊ ထိုအရာများကို ဆက်စပ်၍ရသော်လည်း သူ့လက်ထဲ အတင်းထိုးထည့်နေသော မိုးပျံဘောလုံးအတွဲလိုက်ကြီးနှင့် ဘယ်လို ပတ်သက်ယှက်နွယ်နေသနည်း၊ ကိုလင်း မစဉ်းစားတတ်ချေ။

'ဒီလိုလေ၊ ကျွန်တော်က အိမ်သာထဲကို ဒီဘောလုံးတွေ ယူသွားလို့ မရဘူးလေ၊ ဒါကြောင့် အဲဒါကြောင့် ကျွန်တော်အိမ်သာ တက်နေတုန်း ဆရာလေးက ဒါတွေကို ခဏ ကိုင် အဲ ကိုင်ထားပေးဖို့'

'သြော်'

ကိုလင်းက အခုမှ သဘောပေါက်မိ၍ သံရှည်ဆွဲကာ 'သြော်' လို့မှ မဆုံးသေး။ သူ့လက်ထဲသို့ ကြိုးတွေ တထွေးကြီးရောက်လာသည်။ ခေါင်းပေါ်မော့ကြည့်လိုက်တော့ အရောင်အသွေးစုံလှစွာသော မိုးပျံဘောလုံးများက ယိမ်းထိုးလှုပ်ရှားနေသည်။ သူ့လက်ထဲသို့ ဒီဘောလုံးအတွဲလိုက်ကြီးကို ဘာလို့များ ယုံယုံကြည်ကြည်ပေးခဲ့လေသနည်း။

'ဒီမှာ ဟော့ ဟော့လူ နေပါဦး၊ ခင်ဗျားဘောလုံးတွေကို ကျွန်တော် လစ်ပြေးမှာ မကြောက်ဘူးလား'

တင်ပါးကို လိမ်၍ကျစ်ကာ ခပ်သုတ်သုတ်လျှောက်နေသော ဘောလုံးဆရာက သူ့ကိုလှည့်ကြည့်ကာ ရယ်ပြသည်။ ရယ်ပြသည်ဆိုသော်လည်း တကယ့်တကယ်က သွားဖြဲပြခြင်းသာ ဖြစ်ပါသည်။

'လစ်ပြေးရင် အိမ်လိုက်တောင်းမှာပေါ့၊ ကျွန်တော်ဆိုက်ကားနင်းတုန်းက ဆရာ့အစ်မစီးနေကျ'

ဘောလုံးဆရာက လက်ဖက်ရည်ဆိုင် အနောက်ဘက်သို့ တက်သုတ်ရိုက်ပြီး ဝင်ပြေးသွားသည်။ ကိုလင်းခမျာ သူ့ကိုယ်သူ အ

www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိလိုက်မိမှာပင် သဘော်သီးကို တစ်ဖက်ကကိုင်၊ မိုးပျံ ဘောလုံး များကို တစ်ဖက်ကဆွဲပြီး လမ်းဘေးပလက်ဖေါင်းပေါ်တွင် ကိုးရိုးကား ရား ရပ်မိပြီးသား ဖြစ်နေလေသည်။

'ငါ၀တ်ထားတဲ့ အင်္ကျီရော၊ ဘောင်းဘီရော၊ ကွင်းထိုးဖိနပ်ရော အားလုံး အကောင်းစားတွေပါ၊ ငါ့ရုပ် ငါ့ရည်ကလည်း သိပ်တော့ မညံ့ ဘူး ထင်ပါရဲ့၊ ဘောလုံးသည်လို့ ထင်ရမှာ အားနာလောက်ပါတယ်'

ကိုလင်းက သူ့ကိုယ်သူအားပေးသည်။ လက်ထဲမှ ကြိုးတွေ လွှတ်ထွက်ကုန်လျှင် ဘယ်လောက်ဖိုးလျော်ရမည်မသိ။ ထို့ကြောင့် အကြောက်ကြောက် အလန့်လန့်နှင့် တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ထား ရင်း ကျီးကြည့် ကြောင်ကြည့် ဖြစ်နေသည်။ အခုနေသာ တစ်စုံ တစ် ယောက်က ဘောလုံးလာ၀ယ်နေလျှင် သူဘာလုပ်ရမည်နည်း။

'ဒါပေမယ့် ဘယ်သူမှ ၀ယ်မှာ မဟုတ်ပါဘူး'

သူက လက်ဖက်ရည်ဆိုင်ဘက်ကို မျှော်ကြည့်ရင်း သူ့ကိုယ်သူ အားပေးပြန်သည်။ ထိုစဉ် သူ့ရှေ့မှ ဖြတ်သွားသော ကားတစ်စင်းက သူ့ကိုကျော်ပြီးမှ ရပ်သွားသည်။ ထို့နောက် နောက်ဘက်သို့ ပြန်ဆုတ် လာသည်။ သူက 'ဘုရား ဘုရား' ဟု ဘုရားတနေစဉ် ကားကလေးက သူ့ရှေ့တည့်တည့်တွင် ရပ်သွားသည်။ ကားနောက်ခန်းမှ ဘေးမှန် က လေးက အောက်ဘက်သို့ လျှောခနဲ နိမ့်ဆင်းသွားပြီး ၀င်း၀င်းပပ မျက် နှာလေးတစ်ခု ပေါ်လာသည်။

'ဟာ နွဲ့သဇင်'

သူက တိုးတိုးလေး အော်လိုက်မိသည်။ ကံကောင်းထောက်မ သောကြောင့် နွဲ့သဇင်က ကြားလိုက်ပုံမရချေ။ သူ့ဘေးနားတွင် ကပ် ကာ ထိုင်နေသော ကောင်ကလေးက 'အများကြီးယူမယ် အားလုံး ယူ မယ်' ဟု အော်နေသောကြောင့်ဖြစ်လေသည်။

စကားဝါသွေးရောင် အင်္ကျီပွပွ လည်ပင်းပေါက်ကျယ်ကျယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဝတ်ထားသဖြင့် သူ့အသားတွေမှာ ရွှေလိုဝင်းပြီး အိနေသည်။ နက်မှောင်ပျော့ပျောင်းသော ဆံပင်တွေကို နောက်ဘက်မှာ စုသိမ်းပြီး ဆံထုံးဖွဖွလေးထုံးထားသည်။ ထိုဆံထုံးတွင် မခို့တရို့လေး မှီတွယ်နေသည်ကတော့ စကားဝါပန်းလေးတစ်ပွင့် ဖြစ်သည်။ ပြုံးချိုနေသော နွဲ့သဇင်က ချာတိတ်လေး၏ နဖူးကို လက်သီးဆုပ်လေးနှင့် အသာထုလိုက်ရင်း သူ့ဘက်လှည့်ကာ 'အရောင်စုံ တစ်လုံးစီပေးနော်' ဟု ပြောသည်။

'မရွှေနွဲ့သဇင် ခင်ဗျား ရက်စက်လှချည်လား'

သူက ရင်ထဲမှ တီးတိုးအော်ဟစ်လိုက်မိသည်။ ရက်စက်လိုက်သည့် နွဲ့သဇင်။ သူ့ကို မိုးပျံဘောလုံးသည်ဟု အမှန်တကယ်ပင် ထင်ရက်နိုင်အားလှသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'ဒီနှစ်တော့ မင်း အောင်သင့်ပြီ ကြံတိုင်းအောင်'

နံရံပေါ်တွင် ကိုယ့်ဟာကိုယ်ရေးထားသော စာကို လှမ်းဖတ်မိရင်း ကြံတိုင်းအောင်သည် ကြိမ်နှင့်အတို့ခံလိုက်ရသူလို တွန့်သွားလေသည်။ အဲဒီလိုတွန့်သွားအောင် ရေးထားခြင်းပင် ဖြစ်သော်လည်း ခဏခဏတွန့်နေရတာကတော့ သိပ်မကောင်းလှတော့ပေ။ အခုလည်း အလုပ်အားချိန်ကလေးမို့ ခဏတဖြုတ် ကျောခင်းမည်ကြံမိသော်လည်း နံရံပေါ်မှ စာကိုတွေ့တော့ 'ဟေ့ကောင် ကျက်၊ ကျက်'ဟု သူ့ဦးနှောက်က သူ့ကို သတိပေးသည်။ ထို့ကြောင့် နီးရာစာအုပ်ကို ကောက်ကိုင်ကာ ကျက်မှတ်ရန် ကြိုးစားတော့ ဘောဂဗေဒစာအုပ် ဖြစ်နေသည်။

'ငွေကြေး၏ လုပ်ဆောင်ချက်များ'

ငွေကြေးဆိုသည်မှာ ဖလှယ်ရေးကိရိယာအဖြစ် လည်းကောင်း၊ ငွေစာရင်းယူနစ်အဖြစ် လည်းကောင်း၊ တန်ဖိုးသိုလှောင်ပေးရသော အရာအဖြစ် လည်းကောင်း၊ အနာဂတ်ပေးချေမှုစံအဖြစ် လည်းကောင်း ဆောင်ရွက်ပေးသော အရာဖြစ်သည် တဲ့။

ကြံတိုင်းအောင်၏ဦးနှောက်ထဲတွင် ချာလည်ရိုက်ကာ မှုံ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူသိသော ငွေကြေး၏လုပ်ဆောင်ချက်ကတော့ 'နွမ်းပါးသူ၏အိတ်ထဲတွင် ကြာကြာမနေ၊ ချမ်းသာသူများဆီသို့သာ အမြန်ဆုံး ပြေးသွားနေခြင်း' ဖြစ်လေသည်။

ကိုယ့်စိတ်ကို ကိုယ်ဆုံးမကာ စိတ်အာရုံကို စာထဲတွင် အတင်းနှစ်ထားသော်လည်း ဘောဂဗေဒကျက်ရတိုင်း ကြံတိုင်းအောင် စိတ်ဓာတ်ကျမိတတ်သည်။ ဝယ်လိုအား၊ ရောင်းလိုအား၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ ဗဟိုဘဏ်၏လုပ်ဆောင်ချက် စသည်များကို ခေါင်းတွင် မှတ်လို့ မရဘဲ ရှုပ်ကုန်တတ်သည်။ ဒီတော့လည်း ထုံးစံအတိုင်း သုံးကြောင်းကျက်လိုက်၊ ငေးလိုက်။ နှစ်ကြောင်း ကျက်လိုက်၊ တွေးလိုက်နှင့်မို့ သူ့စိတ်က အလုပ်ဆီရောက်သွားလိုက်၊ အမေ့အိမ် ရောက်သွားလိုက်၊ နွေးနွေးဆီ ရောက်သွားလိုက်နှင့် လွန်းကလေးလို ပြေးနေလေသည်။ နွေးနွေး ဆိုကာမှ မရွှေနွေးနွေးတစ်ယောက် အိမ်သာထဲ ဝင်သွားတာ ကြာလှပြီ ဖြစ်ကြောင်း သတိရသည်။ ထို့ကြောင့် မီးဖိုချောင်ဘေးက အိမ်သာဘက်ဆီသို့ ခေါင်းငဲ့ကြည့်မိသည်။

'နွေးနွေးရေ'

'အင်'

'အိမ်သာထဲမှာလား'

'ဟုတ်'

နွေးနွေး၏အသံက ညောင်နဲ့နဲ့ဖြစ်နေတော့ ကြံတိုင်းအောင် တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ကြည့်ရသည်မှာ ဒေါ်ချစ်တီးဖြစ်နေပြန်ပြီ ထင်သည်။

နွေးနွေးစားရသော ကိုယ်ဝန်ဆောင်အားတိုးဆေးတွေက သံဓာတ်ပါဝင်တော့ ဝမ်းချုပ်တတ်သည်ဟု သိထားသည်။ ထို့ပြင် ကိုယ်ဝန် လရင့်လာလျှင် နေရာချဲ့လာသော သားအိမ်က အူမကြီးပေါ်တွင် ဖိထားတတ်၍ အစာဟောင်းစွန့်ရန် ခက်တတ်သည်ဟု ဆောင်းပါး

www.burmeseclassic.com



တစ်စောင်ထဲတွင် ဖတ်ဖူးသည်။ ထို့ကြောင့် ရေများများသောက်ရန်၊ အသီးအရွက် များများစားရန်၊ သစ်သီးဖျော်ရည်များများသောက်ရန် ညွှန်းထားလေသည်။ တစ်ခါတုန်းကတော့ အစ်မစိန်ရွှေမြကို နွေးနွေး ခဏခဏဝမ်းချုပ်နေ၍ ဝမ်းနှုတ်ဆေးတိုက်ရကောင်းမလားဟု မေးမိတော့ အစ်မက ခေါင်းခါက်လွှတ်လိုက်သည်။ ကိုယ်ဝန်ဆောင်စဉ် ကာလမှာ ဝမ်းနှုတ်ဆေးမသောက်ရဘူးတဲ့။

ခဏနေတော့ နွေးနွေးက အိမ်သာထဲမှ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထွက်လာသည်။ အတန်ငယ်ချမ်းစိမ့်စိမ့်နိုင်သော ဒီဇင်ဘာလကြီးတွင်ပင် ဖြစ်သော်လည်း နဖူးပြင်တွင် ချွေးတွေစို့နေသည်။

'ညှစ်လိုက်ရတာ သေလုရော၊ လိပ်ခေါင်းတော့ ထွက်တော့မှာပဲ'

နွေးနွေးက ညည်းညည်းညူညူပြောရင်း လက်ဆေးနေသည်။

'အမျှင်ဓာတ်များများပါတဲ့ အသီးအရွက်တွေစား၊ အရည်တွေ များများသောက်ပေးရမယ်တဲ့၊ ဒီလိုလုပ်ပါလား၊ ကြံတစ်ချောင်းဝယ်ပြီး ကြံစုပ်လေ၊ ပြီးတော့ ဘာမှ ထွေးမပြစ်ဘဲ အကုန်လုံးမျိုချလိုက်၊ အမျှင်တွေ အဖတ်တွေ အများကြီးပဲ'

'အောင်အောင်နော်၊ သူများကို နည်းနည်းမှ ကိုယ်ချင်းမစာတတ်ဘူး၊ အားကြီးစိတ်ပုပ်တာပဲ'

နွေးနွေးက ဝမ်းနည်းသံလေးနှင့်ပြောသည်။ ခုတလော အတန်ငယ် စိတ်ဓာတ်ကျနေသည်။ သူ့ဗိုက်ထဲက ကလေးကလည်း သူက တထစ်ချထင်ထားသလို သားလေးမဟုတ်ဘဲ သမီးလေးဖြစ်နေသည်။ သမီးလေးဟု သိရတော့ သူ့အမေက ခပ်မဲ့မဲ့ပြုံးရင်း 'ငါ့ဝဋ်တွေ မလည်ပါစေနဲ့တော်' ဟု ပြောသည်။ မလည်ပါစေနဲ့တော် ဟု နှုတ်က ပြောသော်လည်း မျက်နှာထားကတော့ 'မှတ်ပလားဟဲ့ နင်ကိုယ်တိုင် အမေဖြစ်မှ သိမယ်' ဟူသော မျက်နှာထားမျိုးဖြစ်လေသည်။ 'ငါက မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့ ငါ့သမီးလေးခမျာ ဗိုက်ထဲမှာကတည်းက အထင်အမြင် အသေး ခံနေရပြီ’ ဟု တွေးရင်း ကြိတ်ပြီး သနားနေမိသည်။

‘အလကား စတာပါ နွေးနွေးရာ၊ ဒီမှာကြည့် ရေခဲစိမ်ကမ္ဗလာ သီးတွေ၊ အေးစက်နေတာလေးတွေ ရွေးဝယ်လာတာ၊ အဝိုင်းလေးတွေ လှီးပြီးသား၊ သကြားရယ် ဆားရယ်၊ ငရုတ်သီးမှုန့်ပါလေဟန်လေး လည်း ခင်ဗျားအကြိုက်ဖြူးပြီးသား’

ကြံတိုင်းအောင်က သူစာကျက်သော ဗေဒင်ဆရာစားပွဲလေး အောက်တွင် ဝှက်ထားသည့် ကမ္ဗလာသီးပန်းကန်ကို ထုတ်ပေးတော့ နွေးနွေးအတော်ကြည်နူးသွားသည်။

‘အဲဒီမှာ အရည်ရော၊ အဖတ်ရော၊ အမျှင်ရောအားလုံးပါတယ်၊ အားလုံးသာ ဝါးစားပစ်၊ သြော် အစေ့ပါရင်တော့ ထွေးထုတ်နော်၊ တော်ကြာ အထဲမှာ အပင်ပေါက်လာလို့ ကျုပ်သမီးခမျာ ဗိုက်ထဲမှာ ကတည်းက သစ်ပင်တက်တတ်နေဦးမယ်’

ကြံတိုင်းအောင်က နောက်နောက်ပြောင်ပြောင် ပြောသည်။ စာ ကျက်ရမှာ ပျင်းနေသဖြင့် ခါတိုင်းရက်တွေလိုမဟုတ်ဘဲ နွေးနွေးနှင့် စကားရောဖောရော လုပ်နေသည်။

‘အောင်အောင် စာကျက်လို့ရော ရရဲ့လား’

‘ကျက်တော့ ကျက်နေတာပဲ၊ ဒီပြင်ဟာတွေက မဆိုးလှပါဘူး၊ ဘောဂဗေဒတစ်ခုသာ စိတ်ညစ်ရတာ၊ မှတ်ရတာ သိပ်ခက်တာပဲ’

‘ဒီနှစ်မအောင်ရင် နောက်နှစ်ပိုခက်ပြီနော်၊ စံနစ်ပြောင်းတော့ မှာဆို၊ စာအဟောင်းပြန်ကျက်ရတာတောင် ခက်နေတာ၊ အသစ်ကျက် ရရင်တော့ ဒုက္ခပဲနော်၊ သြော် အောင်လည်း စားဦးလေ’

နွေးနွေးက ကမ္ဗလာသီးပန်းကန်ကို ထိုးပေးသည်။ အောင် အောင်က ခေါင်းခါသည်။ သူတစ်ခုဝင်စားလိုက်လျှင် နွေးနွေးအတွက် တစ်ခုလျော့သွားမည်မို့ မစားရက်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို ကော်ဖီသောက်မလား'

'ကောင်းသားပဲ၊ ရေနွေးရှိလို့လား'

'ဓာတ်ဘူးထဲမှာ ရှိပါတယ်'

ကော်ဖီမစ်အထုပ်ကလေးကို ခွက်ထဲသို့ ဖောက်ထည့်၊ ထို့နောက် ရေနွေးနှင့် ခလောက်သောအတတ်ပညာကို နွေးနွေး ကောင်းစွာ တတ်ကျွမ်းသည်။ ခဏနေတော့ ကြံတိုင်းအောင်ပိုင်ဆိုင်သော ဇေဒင်ဆရာခုံကလေးပေါ်သို့ ကော်ဖီတစ်ခွက်နှင့်အတူ မုန့်ကြွပ်နှစ်ချပ်ပါ ရောက်လာလေသည်။ ကြံတိုင်းအောင်က ကော်ဖီလေးတစ်ငုံသောက်လိုက်ပြီး စာဆက်ကျက်သည်။

'ရင်းနှီးမြှုပ်နှံခြင်း'

ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ ထုတ်လုပ်မှုကို အဆက်မပြတ်ဖြစ်ပေါ်စေရန် အသုံးပြုသည့် ကုန်ထုတ်အရင်းအနှီးများ၏ချွတ်ယွင်းပြုန်းတီးမှုကို အစားထိုးခြင်းနှင့် အရင်းအနှီးလက်ကျန်များသို့ အရင်းအနှီးသစ်များထပ်ပေါင်း ဖြည့်စွက်သည့်လုပ်ဆောင်ချက် ဖြစ်သည်။

အင်း ဘာတွေမှန်းတော့ တကယ့်ကို မသိ၊ သို့သော် ကြံတိုင်းအောင်က နားလည်သည်၊ မလည်သည် အပထား။ အလွတ်ရအောင်တွန်းပြီး ကျက်ပစ်သည်။ အခုမှပင် သူ့ကိုရှင်းလင်းသင်ပြပေးမည့် ဆရာတစ်ယောက်ကို အပြင်းအထန်တောင့်တမိသည်။ ဟိုယခင် ကျူရှင်တက်ခွင့်ရှိစဉ်အချိန်တုန်းကတော့ ဆရာရှင်းပြသည်ကို နားမထောင်ဘဲ မရွှေနွေးကိုသာ ကြည့်နေခဲ့ဖူးသည်ကို သတိရသည်။ 'အဲဒီတုန်းကသာ သိပ်ပြီး စိတ်မလေခဲ့ရင် အောင်ချင်အောင်ခဲ့မှာ' ဟု နောင်တစိတ်နှင့် တွေးမိသည်။

'အီကိုက ကျက်ရတာ သိပ်ခက်တာပဲနော်၊ နွေးကျက်တုန်းကလည်း အဲဒီလိုပဲ ဝယ်လိုအားဥပဒေသ၊ ရောင်းလိုအားဥပဒေသ၊ အားမျှဈေးနှုန်း၊ အားမျှကုန်စည်အရေအတွက်ဆိုတာတွေ ကျက်ရင်း ကျက်ရင်းနဲ့ ရှုပ်ပြီး လည်ကုန်ရော'

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် လူကူးမျဉ်းကျားမှ မကူးမိသောကြောင့် ဒဏ်ငွေဆောင်ခဲ့ရသည်ကို သတိရသည်။ ထိုစဉ်က သူနှင့်အတူ ဒဏ်ငွေဆောင်ရသော ဆရာမ ဒေါ်ခင်ခင်ထားသည် ဘောဂဗေဒကျူရှင် ဆရာမ ဖြစ်သည်။ နွေးနွေးက သူ၏လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကိုပင် တောင်းယူခဲ့သေးသည်။

'အဲဒီဆရာမဆီမှာ သွားမေးရင်တော့ ရှင်းပြနိုင်မလား မသိဘူး၊ ဒါပေမယ့် သူလည်း ဝိုင်းပေါင်းစုံနဲ့ အားမှာမဟုတ်ပါဘူးလေ၊ ဒီကြားထဲ ကိုယ်ဝန်ကရှိနေသေးတော့ သင်လက်စဝိုင်းတွေတောင် လျှော့ချင် လျှော့ နေရမှာ၊ အင်း စာမေးပွဲနီးရင်တော့ ဟော့စပေ့ါလေး ဘာလေး ရမလား မသိဘူး၊ တောင်းကြည့်ဦးမယ်'

နွေးနွေးက တွေးနေရင်းမှ ဘောဂဗေဒအချိန်ဆိုလျှင် သူ အမြဲ အိပ်ငိုက်လေ့ရှိကြောင်း သတိရသည်။ သင်ပေးမည့်သူရှိတုန်းက နားမထောင်ခဲ့တော့၊ အခုနားထောင်ချင်သော်လည်း သင်ပေးမည့်သူ မရှိတော့ပေ။ သူတို့နှစ်ဦးလုံး လက်လွှတ်ဖျက်ဆီးခဲ့သည့် အခွင့်အရေးနှင့် အချိန်များသည် နှမြောဖွယ်ကောင်းလှသည်။ ဒါကြောင့်မို့လည်း သူ့မိခင်က သူ့အပေါ်တွင် ဒေါသအတုံးအခဲတွေ ထွက်ခဲ့ရခြင်း ဖြစ်သည်ကို စဉ်းစားမိတော့ အမေ၏ စကားသံကို တစ်ဆက်တည်း သတိရမိပြန်သည်။ အမေက 'ငါ့ဝဋ်တွေ မလည်ပါစေနဲ့တော်'တဲ့၊ နွေးနွေးက 'ငါ့သမီးလေး ငါ့လို မမိုက်မဲပါစေနဲ့' ဟု ဆုတောင်းရင်း 'ဝဋ်မလည်ပါရစေနဲ့ အမေရယ်'ဟု စိတ်ထဲမှ လှမ်းပြောနေမိသည်။ အမေဘယ်လောက် စိတ်ဆင်းရဲခဲ့ရမလဲဟု အနည်းအပါးပင် ကိုယ်ချင်းစာပြီး မတွေးချင်ပေ။ တကယ် မပြောနှင့်၊ တွေး၍ကြည့်ရသည်ကိုပင် စိတ်ဆင်းရဲလှသည်။

'အင်း ရှင်းပြမယ့်ဆရာက ရှင်းပြနေတုန်းကလည်း ကောင်းကောင်းမှ နားမထောင်ခဲ့ဘဲလေ၊ ကျုပ်တို့နှစ်ယောက်လုံးက ပညာမရှာဘဲ အချစ်ရှာခဲ့တာကိုး'

www.burmeseclassic.com

www.burmeseclassic.com



'ပွန်း အချစ်စစ်၊ အချစ်မှန်ပါနော် ဘာလဲ အောင်က နောင်တ ရနေလား'

သူ့ကျောပေါ်ဝဲလာသည့် လက်သီးဆုပ်လေးကို လှမ်းဖမ်းလိုက်ရင်း ကြံတိုင်းအောင်က ရယ်မောနေသည်။ နောင်တရသည်တော့ မဟုတ်ပါ။ သို့သော် မှားခဲ့သောအမှားအတွက် ရင်မပြီး ဘုရားတသည်ကတော့ အမှန်ပင်။ အစ်မလေးနှဲ့သဇင်သာ မကယ်တင်ခဲ့လျှင် သူတို့ဘဝ ဘယ်လိုခရီးကြမ်းမှာ ဘယ်လိုမျောပြီး၊ ဘယ်သောင ဘယ်ကမ်းကို ဘယ်လို ဆိုက်ကြရမည်ကို မတွေးဝံ့။ ဒီလိုဆိုတော့လည်း အမေနှင့်ကြီးဒေါ်နှစ်ယောက် စုပေါင်းထုထောင်းထားသော ဒဏ်ရာ ဒဏ်ချက်အညိုအမည်းတွေကို လက်ရှည်အင်္ကျီလေးဝတ်ကာ ဖုံးကွယ်ရင်း သူ့အလုပ် ရာရာနောက်သို့ တကောက်ကောက်လိုက်ခဲ့ရှာသည့် နွေးနွေးကို ပြန်လည်မြင်ယောင်မိသည်။ သူ၏ဝမ်းကြောတိုက်တွင် စွဲငြိမှီတွယ်ခဲ့သည့် သမီးကလေး၊ လူ့လောကသို့ ဘေးရန်ကင်းရှင်းစွာ ရောက်လာနိုင်ရေးအတွက် ဆူသမျှ ကြိမ်းသမျှ ထုသမျှ ထောင်းသမျှကို ခေါင်းငုံ့မျက်ရည်သုတ်ကာ ခံခဲ့ရရှာသော သူ့မိခင်အကြောင်းကို သမီးလေးလူလားမြောက်လျှင် ပြောပြရဦးမည်။

'သြော် ပြောရဦးမယ်၊ မနေ့တုန်းက အိပ်မက်ထဲမှာ အောင်အောင်က နောက်မိန်းမယူသွားတယ် သိလား၊ အဲဒီနောက်မိန်းမကြီးကလည်း ကိုယ်ဝန်ကြီးနဲ့တဲ့၊ လက်ထဲမှာလည်း ကလေးတစ်ယောက် ချီလို့'

'အင်း အတိတ်နိမိတ်ကောင်းတယ် တိုးပွားမယ့် လက္ခဏာပဲ'

'နိုးလာတော့ အိပ်မက်ဆိုတာသိတော့မှ ဝမ်းသာလိုက်တာ၊ တကယ်သာ အဲဒီလိုဖြစ်နေရင် ဒုက္ခပဲ'

'ဒီလောက်တောင် သစ္စာမရှိတဲ့ကောင်ကို ကွာပစ်လိုက်ပေါ့၊ ဟုတ်ဘူးလား'

'အို ကွာနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ချစ်တာကိုး'

နွေးနွေးက ချစ်သည်ဟူသော စကားကို နှုတ်ခမ်းစူကာ မျက်စောင်းထိုးရင်း ဆောင့်ဆောင့်အောင့်အောင့်ပြောသည်။ သို့သော် မျက်လုံးလေးတွေက ပြုံးလဲ့လဲ့ဖြစ်နေသည်။ ထို့ကြောင့် လက်ထဲမှ စာအုပ်ကို ပစ်ချလိုက်ရင်း ကြံတိုင်းအောင်က ခပ်တိုးတိုးပြောမိသည်။

'တို့အခု ဘာလုပ်ချင်နေလဲ သိလား'

'ဘာလုပ်ချင်နေလို့လဲ'

'နွေးကို နမ်းချင်နေတယ်'

'အိုး ကိုယ့်မိန်းမ ကိုယ်နမ်းတာ၊ နမ်းပါလား'

နမ်းပါလားဟု ပြောသော်လည်း နွေးနွေးက ကမ္ဘလာသီး ပန်းကန်လေးကိုင်ကာ နောက်ဆုတ်သွားသည်။ အိမ်ရှေ့ခန်းကြီးဆီတော့ တစ်ယောက်ယောက်ဝင်လာလျှင် ခက်မည်။

'တကယ်လား'

'ဟင့်အင်း အောင်အောင် မနမ်းနဲ့'

'ဘာဖြစ်လို့လဲ'

'နွေးက နမ်းချင်လို့ပါ'

ရှေ့တိုးလာသော ကြံတိုင်းအောင်၏ပါးကို နွေးနွေးက လှစ်ခနဲ နမ်းလိုက်ပြီး နောက်ဆုတ်ပြေးသွားသည်။ ပြေးသည်မှ မီးဖိုချောင်အထိပင် ဝင်ပြေးလေတော့ သူက စိုးရိမ်တကြီးနှင့် အော်ရသည်။

'ဖြည်းဖြည်းသွားပါ ဒေါ်ဗိုက်ရယ် လဲနေပါဦးမယ်၊ ခင်ဗျားဗိုက်ထဲမှာ သမီးလေးရှိနေတယ်ဗျ'

နွေးနွေးဆီမှ ရယ်သံကြားရသည်။ ခဏနေတော့ သီချင်းလေး တအေးအေးနှင့် အဝတ်လျှော်နေလေသည်။ ဒီလိုဆိုပြန်တော့လည်း လောကကြီးတစ်ခုလုံးမှာ သာယာမှုအပေါင်းနှင့် ပြည့်စုံနေတော့သည်ဟု ကြံတိုင်းအောင် ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဘောဂဗေဒစာအုပ်ကို ပြန်ကောက်ကိုင်ကာ ဆက်လက်ကျက်မှတ်သည်။ စာကျက်နေရင်း နံရံပေါ်မှစာကို ဖတ်မိပြန်သည်။

'ဒီနှစ်တော့ မင်းအောင်သင့်ပြီ ကြံတိုင်းအောင်'တဲ့။

သူက စာအုပ်ကို ခေါက်ပြန်ချကာ နေရာမှ ထမိပြန်သည်။ ထို့နောက် မြေဖြူတစ်ခဲယူကာ အောက်ဘက်မှဆက်၍ ရေးလိုက်သည်။

'သမီးလေးအတွက် အောင်ကို အောင်ရမည်'

*

www.burmeseclassic.com

www.burmeseclassic.com

'အင်း လူတူမရှားဆိုပေမယ့် တူတာကတော့ အတော့်ကို တူနေတာ'

သမက်ဖြစ်သူကို စုံစမ်းရေးဝင်ရန် ရုံးရောက်လာသော ဒေါ်ခင်မကြီးသည် ဓာတ်လှေခါးထဲတွင် တွေ့ရသောလူကြောင့် လာရင်းကိစ္စကိုပင် မေ့လုလုဖြစ်သွားသည်။ တစ်ဖက်လူကလည်း သူ့ကို အံ့သြတကြီးကြည့်နေသော ဒေါ်ခင်မကြီးကြောင့် အတော်ပင် အနေခက်သွားပုံရသည်။ ဓာတ်လှေခါးထဲမှအထွက်တွင် ဘာခလုတ်မှ မရှိပါဘဲလျက်နှင့် သူ့ခြေထောက်ကို သူပြန်ခလုတ်တိုက်ကာ ဟပ်ထိုး ဟပ်ထိုးကြီးဖြစ်သွားလေသည်။

သမက်ကိုလည်း ရုံးခန်းထဲမှာ မတွေ့ခဲ့ရ။ ညွှန်ချုပ်အခန်းထဲမှာ အစည်းအဝေးလုပ်နေသည်ဆိုသောကြောင့် ဘာကိုမှ ရေရေရာရာအကဲမခတ်ရဘဲ ပြန်ဆင်းလာခဲ့ရသည်။ ဒီလိုနှင့်ပင် အိမ်ပြန်ရောက်ပြီးအခန်းထဲဝင်ခဲ့တော့ ထုံးစံအတိုင်း ပုတီးစိပ်နေသော တင်တင်ကြည်ကိုတွေ့ရသည်။

'မာမီလည်း ဘုရားကအပြန် စီးတီးမတ်မှာ ကြက်အူချောင်းဝင်ဝယ်ရင်းလမ်းကြုံလို့ မောင်အောင်ထွန်းမြင့်တို့ရုံးဘက်တောင် ရောက်ခဲ့သေးတယ်'

တင်တင်ကြည်က သူ့မိခင်ကိုကြည့်ကာ ခပ်သဲ့သဲ့လေး ပြုံးသည်။ သူသိသလို သူ၏မိခင်လည်း ရိပ်မိနေပြီဖြစ်ကြောင်း သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီး ဘာလုပ်ရမလဲ မာမီ'

တင်တင်ကြည်က အပြုံးရဲ့ရဲ့နှင့် ပွင့်ပွင့်လင်းလင်းပင် မေးသည်။ သူ့သမီးတင်တင်ကြည်သည် သူထင်ထားသည်ထက်ပိုပြီး လျင်နေသောကြောင့် ဒေါ်ခင်မေကြီးက စိတ်တွင်းမှ ချီးကျူးလိုက်မိသည်။ အိမ်ထဲမှ အိမ်ပြင်မပြောနှင့်၊ အခန်းထဲကပင် မထွက်သော တင်တင်ကြည်က သူ့ယောကျ်ားအကြောင်းသိရအောင် ဘယ်လိုများစုံစမ်းလိုက်ပါလိမ့်။

'သမီးက အခန်းထဲကတောင် မထွက်ရပေမယ့် တယ်လီဖုန်းတစ်လုံးတော့ အနားမှာရှိနေတာပဲ မာမီရယ်၊ ခက်ခက်ခဲခဲ မစုံစမ်းရပါဘူး'

အခန်းထဲတွင် စကားစိမ်းပန်းနံ့မွှေးနေသည်။ ဟိုဟိုဒီဒီကြည့်လိုက်တော့ တင်တင်ကြည်၏ခေါင်းအုံးဘေးတွင် အဝါရောင်သန်းနေသော စကားစိမ်းသုံးပွင့်ကို တွေ့ရသည်။ သမီးငယ်လေး ခူးပေးသွားခြင်း ဖြစ်မည်ထင်သည်။

'သူ့ရုံးကပဲလား'

'မဟုတ်ပါဘူး မာမီရဲ့'

ဒါကြောင့်မို့ ရုံးကိုသွားပြီး အကဲခတ်တာကိုးဟု တွေးမိရင်း တင်တင်ကြည်သည် သူ့မိခင်ကို သနားသွားသည်။ မာမီက ရိုးတိုးရိပ်တိတ်သိသော်လည်း အပ်ကျမပ်ကျတော့ သိပုံမရပေ။

'ကာရာအိုကေမကလေးတဲ့၊ တော်တော်ငယ်တယ် ပြောတာပဲ'

'ဩော်'

ဒေါ်ခင်မေကြီးက ဘာပြောရမည်မသိ၍ ခေတ္တမျှငေးငိုင်ငိုင်ဖြစ်သွားသည်။ သူ့သမီးတင်တင်ကြည်သည် အသက်လေးဆယ်တွင်းရောက်နေပြီဖြစ်သော်လည်း လှပချောမောဆဲပင်။ သို့သော် အသက်လေးဆယ်မိန်းမတစ်ယောက်သည် လေးဆယ်လောက်သာ လှနိုင်မည်ဖြစ်လေသည်။ အသက်နှစ်ဆယ်အရွယ်၏ နုနယ်ပျိုမြစ်ခြင်း၊ လန်းဆန်း

www.burmeseclassic.com

www.burmeseclassic.com



စိုပြည်ခြင်းများကိုကား သူ့ဆီတွင် တွေ့ရှိနိုင်တော့မည် မဟုတ်တော့ပေ။

'လုပ်ငန်းရှင်တွေကလည်း ခက်တယ် ကြည်ကြည်၊ လုပ်ငန်းသဘောအရကို အကြိုက်ပေးပြီး အတင်းပေါင်းနေကြတာ၊ စားပွဲသောက်ပွဲတွေကလည်း ခဏခဏဆိုတော့ အဲဒီကောင်မလေးကို ပန်းကုံးစွပ်ရင်း တွေ့တာလေ၊ သွားရင်းလာရင်း ခလုတ်တိုက်တော့ ဆူးနဲ့ ငြိမိသလိုပေါ့ဟာ၊ အချိန်တန်တော့လည်း ငြိတဲ့ဆူး ဖြုတ်ထားခဲ့ပြီး ကိုယ့်လမ်း ကိုယ်လျှောက်မှာပါ၊ နင် မစိုးရိမ်ပါနဲ့'

တင်တင်ကြည်က ကိုတင့်ဝေပြောသော စကားကို ပြန်လည်ကြားယောင်နေမိသည်။ ကိုတင့်ဝေသည် သူတို့ဇနီးမောင်နှံနှစ်ဦးလုံးနှင့် ခင်မင်ရင်းနှီးသောသူ ဖြစ်သည်။ မြို့လည်ကောင်မှ နာမည်ကြီး စားသောက်ဆိုင်တစ်ခုကို ပိုင်ဆိုင်သူဆိုတော့လည်း အပေါင်းအသင်း ဆန့်သလို သတင်းစကားလည်း စုံလေသည်။

တင်တင်ကြည်က 'ငြိတဲ့ဆူးက သိပ်ပြီးခိုင်မာနေရင်ရော' ဟု မေးတော့ ကိုတင့်ဝေက တဟားဟားရယ်သည်။ ထို့နောက် 'ကြည်ကြည်ရာ၊ နင်တို့မိသားစုက အထပ်ထပ်ရစ်ပတ်ထားတဲ့ သံယောဇဉ်ကြိုးတွေနဲ့ အဲဒီဆူးကလေးတစ်ချောင်းက ယှဉ်နိုင်ပါ့မလားဟာ၊ နင်လုပ်ဖို့က မသိချင် ယောင်ဆောင်နေဖို့ တစ်ခုတည်းပါ' ဟု ပြောခဲ့လေသည်။

'ကိုတင့်ဝေကတော့ မသိချင်ယောင်ဆောင်နေပါတဲ့'

'ဟုတ်တာပေါ့'

ငိုင်နေသော ဒေါ်ခင်မေကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ယောကျ်ားဆိုတာ နွားလိုပါပဲ သမီးရယ်၊ မြက်စိုမြက်စိမ်း ကြိုက်တတ်ပေမယ့် အချိန်တန်ရင် ချည်တိုင်ကိုပြန်ရောက်လာတာပါပဲ'

'အင်း ငါကတော့ ကောက်ရိုးခြောက် မြက်ခြောက်ဖြစ်နေပြီထင်တယ်'

စကားစိမ်းပန်းလေးတစ်ပွင့်ကို အမှတ်မဲ့ ကောက်ယူ ရှိုက်နမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း တင်တင်ကြည်က တွေးနေမိသည်။ ပန်းနုံ့လေးက မွှေးသော်လည်း ရင်ထဲတွင်မအေးပေ။ ကိုတင့်ဝေပြောသလိုပင် အချိန်တန်လျှင် ဒီဇာတ်လမ်းက တစ်ခန်းရပ်သွားမည်ကို သူသိပြီး ယုံကြည်ပြီးဖြစ်ပါသည်။ သူ၏လင်ယောကျ်ားဖြစ်သူသည် ခလုတ်တိုက်မိရင်း စူးမိ ငြိမိသွားသောဆူးကလေးကို ဖြုတ်ခဲ့လိမ့်မည်ကိုလည်း သူသိပါသည်။ သို့သော် ဘာခလုတ်မှ မတိုက်ပါဘဲနှင့် သူ့နှလုံးသားထဲသို့ စူးစူးနစ်နစ် စိုက်ဝင်သွားသော ဆူးတစ်ချောင်းကိုကား မည်သူကမှ နုတ်နိုင်စွမ်းရှိလိမ့်မည် မဟုတ်ပါ။ ယုတ်စွအဆုံး သူ့ဟာသူပင် နုတ်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်။ သူနှင့်အတူ ယှဉ်တွဲအိပ်စက်နေသော သူ့ကလေးများ၏ ဖခင်သည် သူ့အပေါ်တွင် မေတ္တာနှင့်သစ္စာ မြဲမြံခြင်း မရှိခဲ့ကြောင်းကိုကား အမြဲတမ်း သတိရနေတော့မည် ဖြစ်သည်။

'မောင်တင့်ဝေပြောတာ မှန်တယ်သမီး၊ တချို့ကိစ္စတွေဟာ ဒီလိုပဲ မသိလိုက် မသိပါနေရင်းနဲ့ သူ့ဟာသူ ရှင်းသွားတတ်တာပဲ'

သူ၏သမီးဖြစ်သူက သိပြီးဖြစ်နေသည့်အတွက် လည်းကောင်း၊ စိတ်ဓာတ်တည်ငြိမ်ပြီး ဖြစ်နေ၍ လည်းကောင်း ဒေါ်ခင်မကြီးက စိတ်လက်ပေါ့ပါးသွားသည်။ သူ့အပေါင်းအသင်းတွေက အနည်းအပါး သိရှိပြီး ဖြစ်ကြသော်လည်း အိမ်တစ်ဆောင် မီးတစ်ပြောင်အဆင့် မဟုတ်၍ စိတ်အေးသွားသည်။ ဒီကြားထဲမှာ ကောင်မလေးအချွဲကောင်းလို့ ပါလျှင်လည်း အနည်းအပါးပေါ့ဟုတွေးသည်။ အရေးကြီးသည်က ပေါ်ပေါ်ထင်ထင် မယားပြိုင်ဖြစ်မလာဖို့ပင်။ ဒါအတွက်တော့ သူ့သမီး တင်တင်ကြည် အလိမ္မာဖက်ရမည်။ ဒါမျိုးက ကြမ်း၍မရကြောင်း နားဝင်အောင် ပြောရမည်။

'ဒါကြောင့်မို့လည်း လူကြီးတွေက သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ဆုပေးကြတာထင်ပါရဲ့'

တင်တင်ကြည်ကတော့ စိတ်လက်ပေါ့ပါးသွားဟန်ရှိသော သူ့မိခင်ကို ခပ်သဲ့သဲ့ပြုံး၍ ကြည့်နေရင်း စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အလိမ္မာဖက်ပါသမီးရယ်၊ မသိချင်ယောင်ဆောင်ပြီး ဣန္ဒြေမပျက်သာနေ၊ သူ့အလိုလိုပြီးသွားမှာပါ'

တင်တင်ကြည်က ခေါင်းညိတ်ပြသည်။ အလိမ္မာမဖက်၍ သူဘာလုပ်ရမည်နည်း။ အသက်လေးဆယ်အရွယ် မိန်းမတစ်ယောက်သည် အသက်နှစ်ဆယ်အရွယ် ကောင်မလေးတစ်ယောက်နှင့် မယှဉ်ပြိုင်နိုင်မှန်း သူ သိထားပြီးသားပဲ။

'မသိချင်ယောင်ဆောင်တယ်ဆိုတာ သိပ်အခက်ကြီးတော့မဟုတ်ပါဘူး မာမီရယ်၊ ဦးနှောက်က သတိရှိရှိနဲ့ ထိန်းသွားရင်ရတာပဲ၊ ဒါပေမယ့် ရင်ထဲက နှလုံးသားကိုတော့ ဟန်မဆောင်ခိုင်းနဲ့နော်၊ သူက ဟန်ဆောင်တတ်မှာ မဟုတ်ဘူးမာမီရဲ့'

တင်တင်ကြည်သည် ဣန္ဒြေမပျက်လှပေ။ သို့သော် လက်က ပုတီးစိပ်ရင်း နှုတ်ခမ်းနှစ်လွှာက ပြုံးရင်း ရင်ထဲက ငိုကြွေးနေမိသည်။

သူ့သမီးက ပြုံးနေတော့ ဒေါ်ခင်မေကြီး စိတ်အေးလက်အေးဖြစ်သွားသည်။ ပက်လက်ကုလားထိုင်တွင် ခပ်လျော့လျော့ထိုင်ကာ ထွက်သက်ဝင်သက်ကို သတိနှင့်ရှုမှတ်သည်။ ခဏနေတော့ သတိက လွတ်ထွက်သွားသည်။ အတွေးအာရုံထဲတွင် ဓာတ်လှေကားထဲကလူကို မြင်ယောင်လာသည်။

'တူတာတော့ အတော့်ကိုတူတာ၊ အမောင်ဆုံးတုန်းက အသက်အစိတ်ပဲ ရှိသေးတာဆိုတော့ နည်းနည်း အသက်ကြီးလာတဲ့ အမောင့်ကို ပြန်တွေ့နေရသလိုပဲ၊ တကယ်လို့ သူသာ သူသာ အင်း တင်တင့်ကိုလည်း လှမ်းခေါ်ပြီး ကြည့်ခိုင်းဦးမှ ထင်ပါရဲ့၊ ဩော် အမောင် အမောင် လူမိုက်ကလေး မင်း ဘယ်ဘဝရောက်နေတုံး'

*

www.burmeseclassic.com

www.burmeseclassic.com

ထိုညက မီးမလာချေ။

ဒီဇင်ဘာလပင်ကုန်ခါနီးပြီမို့ နှစ်သစ်ကူးခါနီးပြီ ဖြစ်သည်။ ဘေးဘက်က တိုက်ခန်းတွင် ခရစ်စမတ်သီချင်းလာဆိုသူများ၏ တေးသံကို ကြားနေရသည်။ 'ဤအိမ်ပေါ်သို့ ကောင်းချီးမင်္ဂလာရောက်စေသောဝ်' တဲ့။

ကိုလင်းက ဖယောင်းတိုင်တုတ်တုတ်ကြီးသုံးတိုင်ကို ဘီစကစ်မုန့်ပုံးပေါ်တွင် စီပြီးထွန်းထားသည်။ မြမြအေးသော လေပြည်ထဲတွင် ဖယောင်းတိုင်မီးများက ဟိုယိမ်းသည်ယိမ်းနှင့် ယိမ်းထိုးပြီး လှုပ်ရှားနေသည်။

ယိမ်းယိမ်းနွဲ့နေသော ဖယောင်းတိုင်မီးရောင်ဝယ် ပိန်သောအဖေက ပို၍ပိန်ကာ ပါးရိုးတွေ ငေါထွက်နေသည်ဟု ထင်ရသည်။ ပိန်ရသည့်ကြားထဲ မျက်တွင်းတွေကလည်း ချိုင့်ကာ နိမ့်ဝင်နေတော့ ကြည့်ရသည်မှာ စိတ်ချောက်ချားဖွယ် ဖြစ်နေသည်။ သို့သော် သူ့ရှေ့တွင် ထိုင်နေသော ကမ္ဗဋ္ဌာန်းရုပ်ကလေးသည် သူ့ဖခင် ဟူသော အသိက စေ့ဆော်နေတော့ ခင်ခင်ထားသည် ရွံ့ခြင်း၊ ကြောက်ခြင်း လုံးဝမဖြစ်မိပါချေ။ သနားချစ်ခင်သော ကရုဏာစိတ်ကသာ ထပ်ခါထပ်ခါ ပြို ဆင်းနေလေသည်။

'အဖေ့အားတွေ အဖေ့အသားတွေ၊ ဘယ်ကိုများ ရောက်ကုန်သွားလဲ အဖေရယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားသည် ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော အဖေ့ဘေးမှ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်၊ ကိုလင်းကတော့ ကြိမ်ကုလားထိုင်ကိုမှီကာ ကြမ်းပေါ်တွင်ထိုင်ရင်း အဖေ့ကို ငေးကြည့်နေသည်။ ထို့နောက်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ ထုံးစံအတိုင်း ရယ်စရာတွေလျှောက်ပြောရန် ကြိုးစားသည်။ မိုးပျံဘောလုံးအတွဲလိုက်ကြီးကို ဆွဲရင်း ဘောလုံးသည် အထင်ခံရသည့်အကြောင်းများကို အဖေ့အား ပွဲကျအောင် ပြောပြနေသည်။

'ကားထဲကမိန်းကလေးက ကျွန်တော်ကြိုက်ဖူးတဲ့ မိန်းကလေး အဖေရ၊ အခုတော့ ဗိုက်ဖုံးအင်္ကျီကြီးဝတ်လို့၊ ဘေးမှာလည်း သွားကျိုးလေးတစ်ကောင်က အများကြီးယူမယ်၊ အားလုံးယူမယ်နဲ့ အော်နေသေးတယ်'

ကိုလင်းက ပြောရင်းဆိုရင်း စိတ်ပါလာဟန်နှင့် နေရာမှထခါ အမူအရာတွေ လုပ်ပြနေသည်။

'စဉ်းစားကြည့်စမ်းပါ အဖေရာ၊ ကျွန်တော့်ပုံစံကို၊ လက် တစ်ဖက်က မိုးပျံဘောလုံးအတွဲလိုက်ကြီးဆွဲလို့၊ နောက်တစ်ဖက်က သဘော်သီးထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကြီးဆွဲလို့၊ ဒီကြားထဲက ဘောလုံးဖြုတ်ပေးရမယ်ဆိုတော့ ဘယ်လက်နဲ့ ဘယ်လိုဖြုတ်ပေးရမယ်မှန်းကို မသိတော့ဘူး'

ကိုလင်းဖြစ်ပျက်နေမည့်ပုံကို တွေးထင်မြင်ယောင်ရင်း အဖေက သဲ့သဲ့လေးပြုံးနေစဉ် ခင်ခင်ထားက ဟက်ဟက်ပက်ပက် ရယ်မိလေသည်။ သို့သော် ဂျပန်ဘာသာစကားသင်တန်းကို အတော်ကြာကြာ အတူတူတက်ဖူးပါလျက်နှင့် ငွေငမ်းမ နှင့်သဇင်က သူ့မောင်လေးကို လုံးဝ မမှတ်မိသည့်အတွက်ကိုကား ခင်ခင်ထားမကျေနပ်၊ မိုးပျံ ဘောလုံးသည်ဟု တကယ်ထင်ရက်သည်ကိုလည်း မခံချင်၊ 'အလကားမိန်းမ၊ ငွေငမ်းဖို့ကလွဲပြီး ဘာမှမသိသည့်မိန်းမ၊ သူ့မျက်စိက ငွေတစ်ခုတည်း မြင်တဲ့ ငွေငမ်းမ' ဟု ပစ်ပစ်ခါခါတွေးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းလုပ်ပြနေသည်ကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်သောကြောင့်လား မသိ၊ ခင်ခင်ထား ဆီးသွားချင်လာသည်။ ကိုယ်ဝန်ခြောက်လကျော်လာပြီးသည့်နောက်ပိုင်းတွင် ခဏခဏဆီးသွား ချင်နေသည့်အတွက် ဒုက္ခရောက်လှသည်။ ဆီးအိမ်သည် သန္ဓေသား၏ ဖိအားကြောင့် အနည်းငယ်ပြည့်လာသည်နှင့် ဆီးသွားချင်စိတ်ဖြစ်လာ တတ်သည်။ ထိုအချိန်တွင် မကြာခဏဆီးသွားတတ်ခြင်းမှာ ဖြစ်တတ် သည့်သဘောဟု သိထားရသော်လည်း သူ့ခမျာ ကျူရှင်အိမ်တစ်ခါ ရောက်သည်နှင့် တစ်ခါအိမ်သာထဲပြေးဝင်၊ ပြန်ခါနီးတော့ နောက် တစ် ခါထပ်ဝင်နှင့်မို့ အိမ်တွေကိုပင် အားနာလာသည်။ ကိုယ်ဝန်ခုနစ်လခွဲ လောက်ရောက်လျှင်ကား ကျူရှင်အားလုံးဖျက်ပြီး အိမ်မှာပင်နားတော့ မည်ဟု စဉ်းစားရင်း လက်နှိပ်ဓာတ်မီးကိုဆွဲကာ ထိုင်ရာမှထသည်။

'မမကလည်း မှောင်ကြီးမည်းကြီးထဲမှာ ဒီသေးက ပေါက်ချင် ပြန်ပြီလား'

'မှောင်လည်း မတတ်နိုင်၊ မည်းလည်း မတတ်နိုင်ဘူးဟေ့၊ ပေါက်ချင်နေတာ အောင့်ထားရရင် ဘယ်ကောင်းမှာလဲ'

သူ့အစ်မလဲမှာစိုးတော့ ကိုလင်းက 'ဖြည်းဖြည်းဟနော် ဖြည်း ဖြည်း၊ ရေချိုးခန်းထဲအဝင် သတိထား' ဟု လှမ်းအော်နေသည်။ ဒီရေ ချိုးခန်းကိုလည်း သူ့ခမျာ တိုက်ရချွတ်ရသည်မှာ အမောပင်။ နေ့ခင်း တုန်းကပင် တံမြက်စည်းကြမ်းနှင့်လှဲနေသည်ကို ခင်ခင်ထားတွေ့မိသေး သည်။ 'အဖေနဲ့အစ်မကိုတောင် ဒီလောက်ချစ်ပြီး ဒီလောက် အနစ်နာခံ တဲ့ ကိုလင်း၊ သူ့မိန်းမကိုဆိုရင် သူဘယ်လောက်ချစ်မယ်မသိဘူး၊ ဘုရား သိကြားမလို့ မိန်းမအလိမ္မာလေးနဲ့ ရပါစေ'

ခင်ခင်ထားက ကိုလင်းအတွက်ဆုတောင်းပေးနေမိသည်။ ငွေ ငမ်းမ နွံ့သဇင်နဲ့ ကံကောင်းလို့လွဲသွားတာ၊ အဲဒီမိန်းမဆိုရင် ငါ့မောင်လေးကို ကုပ်ပိုးခွစီးထားမှာဟုလည်း မလိုတမာဆက်ပြီး တွေးနေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ဟောလစ်သောက်တော့မည်လားဟု မေးရန် အခန်းထဲ ပြန်ဝင်မည်ပြုတော့ 'မမဗိုက်ထဲကထွက်လာမယ့် မျောက်လွှဲကျော်လေးကို ဆင်လုပ်မပေးနိုင်ရင်တောင်၊ ဂေါ်လီအတူတူရိုက်ရအောင် အားတင်းထား အဖေရဲ့'ဟု ပြောနေသောအသံကို ကြားရပြန်လေသည်။

'အဖေက အဲဒီအချိန်ထိ ရှိနိုင်မှာမို့လို့လားကွယ်'

အဖေက ညှိုးနွမ်းစွာမေးသည်။ 'အဖေကလည်း ကြံကြီးစည်ရာတွေ၊ ဘာတွေတွေးနေတာလဲ'ဟု ပြောကာ ကိုလင်းကရယ်မောလိုက်သည်။ သို့သော် သူ့အသံက မရွှင်ဘဲ ခြောက်သွေ့နေလေသည်။

ထိုစဉ် မီးက ဖတ်ခနဲပြန်လင်းလာသည်။ လင်းသာလင်းသော်လည်း မီးအားက မပြည့်တော့ မှိန်လှဖျော့လှသည်။ ခင်ခင်ထားက မီးအားမြှင့်စက်ကို တင်လိုက်တော့မှ အတန်ငယ်ပိုလင်းလာသည်။

လင်းလာသော အခန်းထဲဝယ် မငြိမ်းရသေးသော ဖယောင်းတိုင် သုံးတိုင်က ခပ်မှိန်မှိန်ယိမ်းနွဲ့နေသည်။ ဘေးဘက်တိုက်ခန်းက ခရစ်ယာန်ဘာသာဝင်များမို့ 'ပျော်ရွှင်ဖွယ်ခရစ်စမတ် ဖြစ်ပါစေ'ဟူသော နှုတ်ဆက်သံကို ကြားရပြန်သည်။ ထို့နောက် စိတ်နှလုံးညွတ်နူးဖွယ် ဓမ္မတေးသီချင်းသံက ပျံ့လွင့်လာသည်။

'သား ကိုလင်း'

အဖေက တိုးတိုးခေါ်သည်။

'ဟန်ဆောင်တာတွေ လျှော့လိုက်ပါတော့ သားရယ်၊ အဖေ မနေရတော့ဘူးဆိုတာ အဖေသိသလို သားလည်း သိနေတာပဲ မဟုတ်လား'

အဖေကပြောတော့ ကိုလင်းငိုင်ကျသွားသည်။ ခါတိုင်းလို အမူအယာတွေ မပိုနိုင်တော့ဘဲ မျက်ရည်ရစ်ဝိုင်းလာသည်။ ခင်ခင်ထားသည်လည်း အခန်းဝတွင်ရပ်ရင်း ရှေ့ဘက်သို့ ဆက်မတိုးရဲအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဖေသေရင် အဖေ့အလောင်းကို ပက်လက်ပြင်ပြီး အခမ်း အနားတွေ ဘာတွေ လုပ်မနေစေချင်ဘူး၊ နေ့ချင်းသာ သင်္ဂြိုဟ်လိုက်ပါ ကွာ'

အဖေက သူမှာချင်သည်ကို စ၍မှာသည်။ ကိုလင်းနှင့်အဖေ သည် တစ်ဦးကိုတစ်ဦးငေးကြည့်နေကြသည်။ အဖေ့မျက်လုံးက မှုန်မွဲ မွဲ၊ ကိုလင်းမျက်လုံးကလည်း မှုန်ရီရီ။

'နာရေးကူညီမှုအသင်းဆိုတာ သားကြားဖူးသလား'

ကိုလင်းက ခေါင်းကို ဖြေးလေးစွာညိတ်သည်။

'အဲဒီအသင်းကို အကူအညီတောင်း၊ အဖေ့ကို နေ့ချင်းသင်္ဂြိုဟ် နိုင်အောင် သူတို့ကူညီသွားလိမ့်မယ်'

ထိုအသင်းအကြောင်းကို အဖေဘယ်တုန်းက သိထားပါလိမ့် ဟု ခင်ခင်ထားအံ့ဩသွားသည်။ သူလည်း ထိုအသင်းအကြောင်းကို ဆောင်းပါးတစ်စောင်ထဲတွင် ဖတ်ဖူးသည်။ လူတစ်ဦးတစ်ယောက် သေ ဆုံးလျှင် သေဆုံးချိန်မှစ၍ မီးသင်္ဂြိုဟ်ပြီးစီးသည်အထိ ဆောင်ရွက်ရ သော ကိစ္စဝိစ္စများနှင့် ကုန်ကျစရိတ်က မနည်းလှပေ။ ဒီလိုကိစ္စဆိုသည် မှာလည်း မည်သူကမျှ ကျွမ်းကျွမ်းကျင်ကျင် လေ့လာထားဖူးသည် မဟုတ်တော့ အခေါင်းပွဲစား၊ ကားပွဲစား၊ အသုဘပွဲစားတွေကြားထဲမှာ မျက်စိသူငယ်နှင့် ဂယောင်ချောက်ချား ဖြစ်နေရတတ်သည်။ ကုန်ကျ စရိတ်အထွေထွေက တတ်နိုင်သူများအတွက် မထောင်းတာလှသော်လည်း ဆင်းရဲနွမ်းပါးသူများအတွက်ကား မျက်ဖြူဆိုက်စရာပင်။ ဆောင်းပါးထဲ တွင်ရေးထားသည်က 'သေသူက အသက်ရှူရပ်သွားချိန်တွင် ရှင်သူများ က အသက်ရှူကျပ်လျက်ကျန်ခဲ့သည်' တဲ့။

ထိုအသင်းက အသက်ရှူရပ်သူကိုသာမက အသက်ရှူကျပ် လျက် ကျန်ခဲ့သူများကိုပါ ငွေကြေးတစ်ပြားတစ်ချပ်မှ မယူဘဲ စေတနာ မေတ္တာနှင့် အကူအညီပေးနေသောအသင်း ဖြစ်သည်။ အခုနောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆင်းရဲချမ်းသာမရွေး၊ အကူအညီတောင်းလာသူ မှန်သမျှကို သင်္ဂြိုဟ်ပြီးစီးသည်အထိ ကူညီဆောင်ရွက်ပေးနေကြောင်း ထပ်မံကြား သိခဲ့ရသည့်အတွက် သာဓုအကြိမ်ကြိမ် ခေါ်ခဲ့မိသေးသည်။

'အဲဒီအသင်းမှာ သန်းမြင့်အောင်ဆိုတဲ့ မိန်းကလေး ရှိတယ်၊ စာရေးဆရာမလေးပဲ၊ အဖေတက္ကစီမောင်းတုန်းက သူနဲ့ဆုံဖူးလို့ သိတာ၊ အဖေ့ကိုတော့ သူ မှတ်မိမှာမဟုတ်ဘူး'

အဖေတက္ကစီမောင်းစဉ်က သူ့ကားကို စီးသမျှခရီးသည်များနှင့် ရောက်တတ်ရာရာ ပြောလေ့ရှိသည်။ စကားနည်းသော ခရီးသည်ဆို လျှင် သူက ပြောသူဖြစ်ပြီး စကားကြွယ်သူနှင့်ကျတော့လည်း စိတ်ဝင် တစား နားထောင်တတ်သူ ဖြစ်လေသည်။

'အဲဒီ မိန်းကလေး ပြောပြသွားကတည်းက အဖေက အဲဒီ အသင်းကို သာဓုခေါ်နေမိတာ၊ အဲဒီတုန်းက အသင်းဖွဲ့စပဲရှိသေးတာ၊ အခုတော့ အတော်ခိုင်မာနေပြီ၊ တောင်ဥက္ကလာဆယ့်ခြောက်ရပ်ကွက် ဗြဟ္မာ့ဝိဟာရကျောင်းတိုက်ထဲမှာ အသင်းရုံးရှိတယ်၊ ဖုန်းနံပါတ်က တော့ မဂ္ဂဇင်း တစ်စောင်ထဲမှာ တွေ့ဖူးလို့ အလွတ်ကျက်ထားလိုက် တယ်၊ သား မှတ်ထားလိုက်စမ်း ၅၇၈၁၈၄ တဲ့'

အဖေက မောလာဟန်နှင့် ခေတ္တနားကာ အသက်ပြင်းပြင်းရှူ နေသည်။ ခင်ခင်ထားသည် အဖေ့ကိုကြည့်ရင်း တအံ့တသြကြီးဖြစ်နေ သည်။ အဖေသည် အေးဆေးတည်ငြိမ်သူတစ်ဦးဖြစ်သော်လည်း ဒီ လောက်ထိ သွေးအေးနိုင်လိမ့်မည်တော့ မထင်မိချေ။ အခုတော့ ကိုယ် သေဖို့ကိစ္စကိုပင် ကိုယ့်ဟာကိုယ်စီစဉ်နေတော့ ခင်ခင်ထား ဘာပြောလို့ ပြောရမည်ကိုပင် မသိတော့ချေ။

'အဖေသေလို့ တကယ်လို့ နေမီရင်ပေါ့ကွယ်၊ သူတို့ဆီသာ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရင် သူတို့ ကူညီသွားလိမ့်မယ်'

အခု နောက်ပိုင်း နှစ်လသုံးလလောက်အတွင်းတွင် အဖေ ဤ

www.burmeseclassic.com

www.burmeseclassic.com



မှု စကားရှည်ရှည်ပြောသည်ကို တစ်ခါမှမကြုံဖူးသေးပေ။ စကားပြော ရင်း မောနေသော်လည်း သူ့အသံကို သူထိန်းပြီး အသံဟိုက်ဟိုက်နှင့် ပြောနေရှာသည်။

'အဖေ့သေတ္တာထဲမှာ အဖေစုထားတဲ့ ပိုက်ဆံခြောက်သောင်း ရှိတယ် မဟုတ်လား'

'ဟုတ်ကဲ့ ရှိပါတယ်အဖေ'

ထိုငွေခြောက်သောင်းသည် အဖေတက္ကစီမောင်းစဉ်က တစ်နေ့ ကို တစ်ရာစုလိုက်၊ နှစ်ရာစုလိုက်နှင့် အလီလီစုထားခြင်း ဖြစ်သည်။ အဖေ၏ချွေးနဲ့စာအစစ်လည်း ဖြစ်သည်။ ထိုငွေခြောက်သောင်း ပြည့်သည့် နေ့တွင်ပင် အဖေစပြီးဖျားခဲ့သည်။ ဒီနောက်ပိုင်းတွင်ကား တက္ကစီကို ကြိုးကြားလေးဆွဲလိုက်၊ နားလိုက်နှင့်ဆိုတော့ ဆက်ပြီး မစုဖြစ်တော့ ပေ။ နောက်တော့လည်း အဖေ့ခမျာ အိပ်ရာထဲမှာ ဗုန်းဗုန်းလဲခဲ့ရှာတော့ သည် မဟုတ်လား။

'အဲဒီအထဲက သုံးသောင်းကို နာရေးအသင်းကို လှူပေးပါ၊ အဖေ့ ချွေးနဲ့စာလေးကို မတတ်နိုင်တဲ့သူတွေ နွမ်းပါးတဲ့သူတွေအတွက် တတ်အားသရွေ့ လှူခဲ့ချင်လို့ပါ၊ သား ကိုလင်း အဖေပြောတာ ကြား တယ် နော်'

'ဟုတ် ကဲ့'

ကိုလင်း၏အသံက အက်နေသည်။ အဖေ့ကိုမကြည့်ဘဲ ခေါင်း ငုံ့ထားသည်။

'ကျန်တဲ့သုံးသောင်းကိုတော့ မြောက်ဥက္ကလာပက ရွှေဥမင်တော ရမှာ ဆွမ်းစားကျောင်းဆောက်နေတယ်လို့ ကြားတယ်၊ အဲဒီထဲမှာ လှူ ပေးပါ၊ သမီး ဝင်လာခဲ့လေ၊ ဘာလို့ရပ်နေတာလဲ'

ခင်ခင်ထားက မျက်ရည်မဆည်နိုင်၊ ဖြိုင်ဖြိုင်ကျနေသော မျက် ရည်များကို အဖေ့အား မမြင်စေချင်။

www.burmeseclassic.com

www.burmeseclassic.com



'အဖေ့အတွက်ရက်လည်ဆွမ်းကိုတော့ သမီးနဲ့သားကပဲ ကျွေးပေးပါတော့နော်'

'အဖေရယ်'

ကိုလင်းက အဖေ့ကုလားထိုင်လက်ရမ်းတွင် မျက်နှာအပ်ခါ ရှုတ်တရက်ငိုချလိုက်သည်။ အဖေက မှုန်ရီမွဲသီသော မျက်လုံးများနှင့် သားနှင့်သမီးကို တစ်လှည့်စီကြည့်နေသည်။

'ဘာလို့ငိုနေတာလဲ သားရယ်၊ ဒီလမ်းက လူတိုင်းသွားရမယ့် လမ်းပဲ၊ ငါ့မြေးလေးမွေးတဲ့ အထိ၊ ငါ့သားကြီးအိမ်ထောင်ကျတဲ့ အထိ၊ နေခွင့်ရရင်တော့ အဖေလည်း နေချင်တာပေါ့ကွယ်၊ နေခွင့်မရတော့ လည်း သွားရမှာပေါ့၊ ငြင်းဆန်လို့ရတာမှ မဟုတ်တာ၊ သားလည်း နားလည်သားပဲ'

အဖေက ကိုလင်း၏ဆံပင်များကို ဖွဖွလေးသပ်ကာ ပြုံးနေသည်။ သို့သော် ပိန်လွန်းအားကြီးတော့ ပြုံးတာပင် ပြုံးသည်နှင့် မတူချေ။

'သမီးနဲ့သားကို လိမ်လိမ်မာမာ ချစ်ချစ်ခင်ခင်နေကြပါလို့ အဖေ မမှာတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လိမ်မာကြမယ်၊ ချစ်ခင်ကြမယ်ဆိုတာ အဖေယုံကြည်ပြီးသားမို့လို့ပါ၊ မောင်လွင့်ကိုလည်း အဖေက နှုတ်ဆက်သွားပါတယ်လို့ ပြောလိုက်နော် သမီး'

ခင်ခင်ထားက မျက်ရည်ကိုလက်ဖမိုးနှင့်ပွတ်သုတ်ရင်း ခေါင်း တဆတ်ဆတ် ညိတ်သည်။ သတိကောင်းလှသော အဖေက ထောင့်စေ့အောင် မှာနေသည်။

'ငါ့သားနဲ့ ငါ့သမီး ပညာစုံ လူလားမြောက်ကြပြီးကတည်းက အဖေသေပျော်နေပါပြီကွယ်၊ ကိုယ့်အရိုးကိုတောင် ကိုယ်မနိုင်တော့တဲ့ ဘဝမှာလည်း အဖေအကြာကြီး ဆက်မနေချင်တော့တာ အမှန်ပါပဲ'

ခဏနေတော့ အဖေ ဟောလစ်လေးနည်းနည်းသောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်တော့မည်ပြော၍ ခုတင်ပေါ်တွဲပို့ကာ ခြင်ထောင်ချပေးရသည်။ 'အဖေ့ကို တရားခွေတွေ ဖွင့်မပြနဲ့တော့ သမီး၊ အဖေငြိမ်ငြိမ်လေး တရားမှတ်ကြည့်ချင်တယ်' ဟု ပြော၍ သူတို့နှစ်ဦးလုံး အသာလေး ခြေဖော့နင်းကာ အခန်းထဲမှ ထွက်လာကြသည်။ တံခါးဝရောက်တော့ အဖေ့ခေါင်းသံတိုးတိုးလေးကြား၍ လှည့်ကြည့်ကြသည်။ အဖေက သူတို့နှစ်ယောက်ကို စူးစူးစိုက်စိုက်လှမ်းကြည့်နေလေသည်။ အဖေ့အသံက မောဟိုက်ဟိုက် ဖြစ်နေသော်လည်း တိုးတိုးလေးပင် ဖြစ်သော်လည်း ပြတ်ပြတ်သားသားတော့ ကြားရသည်။

'ဒီလိုရောဂါကြီးရနေတဲ့ အဖေ့ကို မငြိုမငြင် ပြုစုကြတဲ့ ငါ့သမီးနဲ့ ငါ့သားကို အဖေသိပ်ပြီး ကျေးဇူးတင်နေပါတယ်' တဲ့။

ခင်ခင်ထားနှင့် ကိုလင်းသည် တစ်ယောက်ကိုတစ်ယောက် ဆတ်ခနဲ လှမ်းကြည့်မိကြသည်။ အဖေသည် သူ့ရောဂါအကြောင်းကို သူ့ဟာသူ သိများနေရော့လား၊ သူတို့က မသိစေချင်ဘဲ ဖုံးထားသောကြောင့် တမင်ပင် မသိဟန် ပြန်ဆောင်နေရော့လား၊ အဖေ့ကို ဇဝေဇဝါနှင့် ပြန် ကြည့်တော့ မျက်စိကိုစုံမှိတ်ကာ အသက်မှန်မှန်ရှုနေလေသည်။

နောက်ရက်များတွင်တော့ အဖေက စကားရှည်ရှည် ထပ် မပြောတော့ပေ။ ပြောနိုင်အားလည်း ရှိဟန်မတူတော့ဘဲ စိတ်ကိုလျှော့ချလိုက်ဟန်တူသည်။ ဝမ်းအရည်တွေ ခဏခဏသွားကာ အားကလည်း ပျော့သည်ထက် ပျော့လာသည်။ အကြောဆေး အားဆေးလည်း အသွင်းမခံ၊ ငှက်သိုက်လည်းမစားတော့ဘဲ 'အဖေသွားတော့မယ်ကွယ်' ဟုသာ ပြောနေသည်။

တစ်ပတ်လောက်နေတော့ အဖေဆုံးလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ညွှန်မှူးက သူ့ကို စနေနေ့မနက်ဆယ်နာရီလောက် အိမ်ကို အရောက် လာခဲ့ပါဟုမှာတော့ ကိုရေအေး အတော်လေးအံ့သြသွားသည်။ သူက ညွှန်မှူးအိမ်သို့ အဝင်အထွက် လုပ်ဖူးသူမဟုတ်တော့ 'ဘာလုပ်ဖို့များ ခေါ်တာပါလိမ့်'ဟုတွေးရင်း စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေသည်။ သူ့ မဟေသီ စိန်ရွှေမြကတော့ 'ရှင် ရုံးမှာ အိပ်ငိုက်နေတတ်လား၊ အဲဒါကို သတိပေးမလို့ ခေါ်တာထင်တယ်' ဟု အထင်တကြီးနှင့် ပြောရှာသည်။ သူကလည်း 'ငါဆိုတဲ့ကောင်က အလုပ်ထဲမှာ ဘယ်တော့မှ မငိုက်ဘူး ကွ' ဟု အထက်စီးနှင့် ပြန်အော်ရန် သတိမရဘဲ 'ဟ ရုံးကိစ္စဆိုရင် ရုံး မှာပဲ ပြောမှာပေါ့၊ အိမ်ကိုခေါ်စရာအကြောင်း မဟုတ်ပါဘူးကွာ' ဟု ပျော့နဲ့နဲ့ ပြန်ပြောမိသည်။

စိတ်ထဲတွင် ထင့်နေတော့ ညတုန်းကလည်း ကောင်းစွာ အိပ် မပျော်ဘဲ တဆတ်ဆတ်နိုးနေသည်။ ဒီမနက် ထမင်းကြမ်းကြော်စားရင်း လည်း တဟွတ်ဟွတ်ချောင်းဆိုးကာ သီးနေသေးသည်။ စိန်ရွှေမြက 'ကြည့်ရတာ သူ့ဆရာ ညွှန်မှူးက သူ့ကို တစ်ယောက်တည်း အိမ်ကို ကျိတ်ခေါ်ပြီး ရွှေအစိတ်သားလောက်များ ပေးမလို့လား မသိဘူး၊ ဟဲ့ ကလေးတွေ နင်တို့အဖေလည်း တံတွေးသီးနေပြီ၊ ကြည့်ရတာ ကိုကာ ဆူကီတို့ တိုကျိုကြက်ကင်တို့ စားရတော့မယ်ထင်တယ်' ဟု ရယ်မောပြီး အပြောင်အပြက်ပြောနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညွှန်မှူးအိမ်ရောက်တော့ တဝုန်းဝုန်းဟိန်းနေသော အင်းခွေးကြီးနှစ်ကောင်နှင့် အလျင်ရင်ဆိုင်ရသည်။ ထို့နောက်မှ ဧည့်ခန်းထဲတွင် မျက်စိသူငယ်နှင့်ထိုင်မိတော့ သူ့ကို အထက်ပြန်အောက်ပြန် စူးစူး စိုက်စိုက်အကဲခတ်နေသော အဘွားကြီးနှစ်ယောက်နှင့် ရင်ဆိုင်ရပြန်လေသည်။ စားပွဲပေါ်တွင်လည်း ဖိုင်တွဲထားသော သူ၏ကိုယ်ရေးမှတ်တမ်းကို မြင်ရတော့ ကိုရေအေးခမျာ ပိုပြီးဖြူသွားသည်။

'ကိုရေအေးကို မာမီက မေးချင်တာတွေ ရှိလို့တဲ့ဗျာ၊ အိမ်ခေါ်ခိုင်းလို့ ကျွန်တော်က ခေါ်ပေးရတာ၊ ကဲ မာမီရေ မေးစရာရှိတာမေး'

ညွှန်မှူးက စီးကရက်ဖွာရင်း ခပ်ပြုံးပြုံးပြောသည်။ ကိုရေအေးခမျာတော့ ညွှန်မှူး၏ရှေ့မှောက်မို့ အနေကျပ်ရသည့်အထဲ အဘွားကြီးနှစ်ယောက်က ပြူးကြည့်နေကြတော့ ပိုပြီးစိတ်ညစ်နေသည်။ တတ်များတတ်နိုင်လျှင် ကမ္ဘောဇဘဏ်ကြော်ငြာထဲကလို ငုတ်တုတ် မေ့သွားလိုက်ချင်သည်။

'အန်တီလည်း ဒီဖိုင်ထဲမှာ ကြည့်ပြီးပါပြီကွယ်၊ မောင်ရေအေးအဖေက ဦးတင်မောင်ကြီးနော်'

'ဟုတ်ကဲ့ခင်ဗျ'

'အမေက'

'ဟုတ်ကဲ့ အမေက ဒေါ်အေးမိပါ'

'မှော်ဘီဘက်ကနော်'

'ဟုတ်ကဲ့'

'ဇာတိပဲလား'

'မဟုတ်ဘူးခင်ဗျ၊ အဖေဆုံးပြီးမှ မှော်ဘီပြောင်းပြီး အခြေချတာလို့ အမေက ပြောဖူးတာပဲ'

'အဖေဆုံးတာ ကြာပြီလား'

'ကျွန်တော်ငယ်ငယ်က ကျွန်တော့်ညီမလေးကို မမွေးခင် အမေကိုယ်ဝန်နဲ့တုန်းက ဆုံးတာတဲ့ခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့မေးသမျှ ဖြေနေရင်း ကိုရေအေးခမျာ အနေခက်သည်ထက် ခက်လာသည်။ အဘွားကြီးနှစ်ယောက်ကလည်း သူတို့အချင်းချင်း ကြည့်လိုက်၊ သူ့ကို ပြန်ကြည့်လိုက်နှင့် မျက်ရည်လေးတွေ တစမ်းစမ်းဖြစ်လာသည်။

'အဖေဆုံးတာ ဘာဖြစ်လို့လဲဟင်'

'အမေကတော့ ပိုးထိတယ် ပြောတာပဲ'

ဒီတစ်ခါတော့ အဘွားကြီးနှစ်ယောက်လုံး အိခနဲ ငိုချလိုက်ကြသည်။ တော်တော်နှင့် မတိတ်ကြတော့။

'ဘုရားရေ ငါ ဘာများ မှားနေပါလိမ့်'

သူက နေရထိုင်ရ ခက်သည်ထက်ခက်ကာ ဖွတ်အတင်း ထပြေးရလျှင် ကောင်းလေမည်လားဟု စဉ်းစားနေမိသည်။ သူတို့ကို ခပ်ပြုံးပြုံး လှမ်းကြည့်ရင်း စီးကရက်ဖွာနေသော ညွှန်မှူးကို အကူအညီတောင်းဟန်နှင့် မျက်စိသူငယ်လှမ်းကြည့်မိတော့ ညွှန်မှူးက ရယ်လေသည်။

'ဒီလို ကိုရေအေးရဲ့'

ဦးအောင်ထွန်းမြင့်က သူ၏ညာလက်ရုံးဖြစ်သော ဌာနခွဲ စာရေးကြီး ဦးရေအေးခမျာ စိတ်ရှုပ်သောရောဂါနှင့် သေသွားရာမည်ကို စိုးရိမ်ဟန်တူသည်။ ကိုရေအေး၏ပုခုံးကို ရင်းနှီးစွာပုတ်ပြီး လိုရင်းတိုရှင်းကို အတိုချုပ်ခါ ပြောပြသည်။

'ဒီလိုဗျ ဒီလို၊ မာမီတို့မှာက မောင်နှစ်မ သုံးယောက်ရှိခဲ့တယ်၊ မာမီက အကြီးဆုံး၊ ဒေါ်ခင်မကြီးတဲ့၊ ဒီအန်တီကတော့ အလတ်ပေါ့၊ ဒေါ်တင်မေကြီးနဲ့၊ နောက်ပြီး မောင်အငယ်ဆုံးကတော့ ယောကျ်ားလေးဗျ၊ တင်မောင်ကြီးလို့ခေါ်တယ်၊ အဲဒီတင်မောင်ကြီးက မိဘသဘောမတူတဲ့ မိန်းကလေးနဲ့ ယူသွားလို့ စိတ်ဆိုးပြီး သားအဖြစ် မောင်အဖြစ်က စွန့်ပစ်ခဲ့ကြတယ်၊ တင်မောင်ကြီးခမျာ တောရွာမှာ သူ့မိန်းမနဲ့အတူ ဆင်းဆင်းရဲရဲနေရင်း ပိုးထိလို့ ဆုံးခဲ့ရှာတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ကိုရေအေးက ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ၏ ဦးခေါင်းသည် လည်ပင်းမှပြုတ်ထွက်ပြီး လေထဲတွင် ဂျင်ကလေး တစ်လုံးလို ချာချာလည်နေသည်ဟု ထင်လိုက်မိသည်။ သူ့ကို ပြုံးလျက် ကြည့်နေသော ညွှန်မှူး၏မျက်နှာကြီးကလည်း သူ့မျက်စိထဲတွင် ရှည်သွားလိုက်၊ ဖောင်းသွားလိုက်၊ ရွဲ့သွားလိုက်နှင့် ဝါးတားတားကြီး ဖြစ်သွားသည်။

'အဲဒါ အဲဒါ'

သူက မျက်လုံးကြီးပြူးပြီး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

'ဟုတ်တယ် အဲဒါ ခင်ဗျားရဲ့အဖေပဲ'

ညွှန်မှူးက ခပ်ပြုံးပြုံး ပြောသည်။

'ခင်ဗျားက အဖေတူသားဆိုတော့ ခင်ဗျားကိုမြင်လိုက်တာနဲ့ မာမီက သူ့မောင်နဲ့ တူနေတာကို ချက်ချင်းသိလိုက်တယ်တဲ့'

လေထဲတွင် လည်နေသော သူ၏ဦးခေါင်းကြီးသည် တဖြည်းဖြည်း လွင့်လာပြီး၊ သူ၏လည်ပင်းတွင် ပြန်လာစွပ်သည်။ ခုနတုန်းက ဝါးတားတားဖြစ်နေသော အသံများသည် တဖြည်းဖြည်းပြန်ပြီး ကြည်လင်လာသည်။

'မောင်လေးကို အရမ်းချစ်တော့ အမျက်ဒေါသကြီးခဲ့ကြတာပါကွယ်၊ တကယ်တော့ ပြတ်နိုင်ပါ့မလား၊ မေတ္တာလည်း မပြတ်ဘူး၊ အမွေလည်း မပြတ်ပါဘူး'

မျက်ရည်သုတ်နေသော ဒေါ်ခင်မေကြီးကို ငေးကြည့်ရင်း ကိုရေအေးက ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ဖြစ်နေသည်။ တရုတ်သိုင်းကားထဲမှ အကြောပိတ်ခံထားရသူလို လူက မလှုပ်မယှက်နှင့် တောင့်တင်းနေသော်လည်း စိတ်ထဲတွင်တော့ ငလျင်လှုပ်သလို ဖြစ်နေသည်။ အို ငလျင်လှုပ်သလိုပင် မကပါ။ မုန်တိုင်းကြီးဝင်မွှေနေသလို ဝရုန်းသုန်းကား လှုပ်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့သားအမိတစ်တွေကလည်း ခြေရာဖျောက်သွားလိုက်တာ၊ ဘယ်မှာမှ ရှာမတွေ့တော့ဘူး၊ အဘိုးအဘွားတွေလည်း စိတ်မကောင်းကြရှာပါဘူး၊ အဘွားဆိုရင် အမောင့်ကလေးတွေကို တွေ့ချင်တယ် တွေ့ချင်တယ်နဲ့ တဖွဖွပြောနေခဲ့တာ၊ သူဆုံးခါနီးထိ ရှာမတွေ့တော့ အန်တီတို့ညီအစ်မကို တွေ့အောင်ဆက်ပြီးရှာကြပါ၊ စောင့်ရှောက်ကြပါလို့ မှာခဲ့တယ်'

မျက်ရည်စတွေနှင့် ပြောနေသောအဘွားကြီးကို ငေးငေးကြီး လှမ်းကြည့်နေရင်း သူ့ဦးနှောက်က 'အဲဒါ မင်းအဖေရဲ့အစ်မ၊ မင်းရဲ့ကြီးကြီးပဲ'ဟု သတိပေးသလို ပြောနေသည်။ သို့သော် သူ့ရင်ထဲတွင်တော့ မေတ္တာကူးယှက် နွေးထွေးခြင်းမရှိသေးဘဲ အူကြောင်ကြောင် အေးစက်စက် ဖြစ်နေသည်။ သူ၏ကြီးကြီးတော်သူအနေနှင့် မြင်၍ ခံစား၍ မရသေးဘဲ သူစိမ်းတစ်ရံဆံလိုပင် ဖြစ်နေသည်။ သူ့စိတ်ထဲမှ ဒေါ်ခင်မေကြီးသည် ညွှန်မှူးဦးအောင်ထွန်းမြင့်၏ ယောက္ခမသာ ဖြစ်နေလေသည်။

'ညီမလေးကရော ဘယ်မှာလဲ'

'မော်ဘီမှာပဲ ခင်ဗျ'

'အိမ်ထောင်ကျပြီလား'

'ဟုတ်ကဲ့'

'ကလေးတွေ ဘာတွေရောရှိလား'

'ဟုတ်ကဲ့ အပြင်မှာတစ်ယောက် နောက် နောက်ထပ်လည်း ဗိုက် အဲ ဗိုက်နဲ့ပါ'

'အင်း ကြီးကုန်ကြပြီကိုး'

ဒေါ်တင်မေကြီးက မေးလိုက်၊ ဒေါ်ခင်မေကြီးက မေးလိုက်၊ သူကလည်း မေးတစ်ခွန်းဖြေတစ်ခွန်းနှင့် တောင့်တောင့်ကြီးထိုင်၍ ဖြေနေသည်။

'သူရော ချောင်ချောင်လည်လည် ရှိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ခြိလုပ်ပါတယ်၊ စားနိုင်သောက်နိုင်ပါတယ် ခင်ဗျ'

ကိုရေအေးက တစ်နေ့ကပင် ရောက်လာသောညီမ မခင်အေးကို သတိရသည်။ မခင်အေးက အဖေ့ကိုပင် မြင်ဖူးလိုက်သူမဟုတ်၊ အခုလို အဖေ့အစ်မတွေနှင့် ပြန်လည်ဆက်သွယ်မိကြောင်း ကြားသိရလျှင် သူ့ခမျာ မည်မျှ ဝမ်းသာလေမည်မသိ။

'မစားနိုင် မသောက်နိုင်တာက ကိုရေအေး မာမီရေ့၊ အပြင်မှာ ကလေးလေးယောက်၊ ဗိုက်ထဲမှာကတော့ အမွှာတဲ့၊ ဒီခေတ်ကုန်ဈေးနှုန်းနဲ့၊ စားစရိတ်နဲ့၊ ကျောင်းစရိတ်နဲ့ဆိုတော့ မာမီသာ စဉ်းစားကြည့်တော့'

ဒီတစ်ခါတော့ ညွှန်မှူးက ဝင်ပြောသည်။ ထို့နောက် ကိုရေအေးကို မျက်စိတစ်ဖက်မှိတ်ပြရင်း 'ခင်ဗျားရရင် ကျွန်တော်လည်း တစ်ဝက်ဆိုင်တယ်နော်' ဟု ရင်းနှီးစွာပြောသည်။

'အမောင်က အမြော်အမြင်ရှိတယ်၊ ဟို လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်ကတည်းက ရန်ကုန်ရောက်တုန်း သူ့ကိုယ်ပိုင်ငွေလေးနဲ့ သူ့ဟာသူဝယ်ထားတဲ့ မြေတစ်ကွက်ရှိတယ်၊ သမိုင်းက အောင်သိဒ္ဓိလမ်းထဲမှာလေ၊ အရင်တုန်းက အဲဒီနေရာတွေမှာ ကင်ပွန်းပင်တွေ ချည်းပဲ၊ တန်ကြေးလည်း သိပ်မရှိပါဘူး၊ ဒါပေမယ့် နှစ်ပေါင်းသုံးဆယ်ကျော်အတွင်းမှာ ကတ္တရာလမ်းခင်းပြီး အိမ်ကြီးအိမ်ကောင်းတွေဆောက်လာကြတော့ တန်ဖိုးတက်လာတာပေါ့၊ အခု အဲဒီနားကဖြတ်ပြီး မင်းဓမ္မလမ်းကြီးဖောက်လိုက်တော့ နေရာက အရမ်းကောင်းသွားပြီး မြေတန်ဖိုးလည်း ထိုးတက်သွားတယ်၊ အဲဒါ အမောင့်မြေမို့ အမောင့် သားသမီးတွေ အတွက်ပဲလို့ သတ်မှတ်ထားတာ၊ မင်းတို့ မောင်နှမ နှစ်ယောက်ရဲ့ကံပေါ့'

ကိုရေအေးခမျာ တရုတ်ကားထဲမှ ဇာတ်လိုက်ကျော်ကြီး အကြောပိတ်ခံရသလို ဒုတိယအကြိမ် ဖြစ်သွားပြန်သည်။ သူ့မဟော

www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေမြက 'နင်တို့အဖေတော့ တံတွေးတွေသီးနေပြီ၊ ကိုကာဆူကီတို့ ကြက်ကင် တို့ စားရတော့မယ်ထင်တယ်' ဟု နိမိတ်ဖတ်လိုက်သည်ကို သတိရ သည်။

'မြေကလည်းအတော်ကျယ်သား၊ တမတ်တောင် မကဘူး၊ သုံးမူး လောက်ရှိမယ်ထင်တယ် မောင်အောင်ထွန်းမြင့်ရေ၊ ကာလပေါက်စျေး ဆိုရင် ဘယ်လောက်ရှိမလဲ'

'အဲဒါတော့ အသေအချာမသိဘူး မာမီရဲ့၊ စုံစမ်းကြည့်ရမှာပဲ၊ အောက်ထစ်တော့ သိန်းနှစ်ရာပေါ့ဗျာ၊ အဲဒါက အနည်းဆုံးပြောတာပါ၊ ဒီထက်များဖို့ချည်းပဲ'

'ဘုရားရေ ဘုရား ဘုရား'

ကိုရေအေး၏မျက်လုံးထဲတွင် အားလုံးမှုန်မှိုင်းပြီး အပြာရောင်တွေချည်း ဖြစ်သွားသည်။ နားထဲက လေတွေ တဝီးဝီးထွက်လာသည့်အတွက် ဒေါ်ခင်မေကြီးဆက်ပြောသမျှကို ဘာမှမသဲကွဲတော့ဘဲ ကွကျိကွကျိနှင့်သာ ကြားနေရသည်။

'ဘုရား ဘုရား ဟုတ်မှဟုတ်ရဲ့လား၊ ငါ နားကြားလွဲတာပါ၊ နှစ်သိန်းလို့ပြောတာထင်ပါရဲ့၊ ဟာ ဟုတ်ပါဘူး၊ ဒီခေတ်မှာ မြေ တစ်ကွက် နှစ်သိန်းတော့ မကနိုင်ပါဘူး၊ အဲ အဲဒါဆိုရင် သိန်းနှစ်ဆယ်လား၊ အမလေး အများကြီးပဲ၊ ကလေးတွေကို ဟိုတယ်ခေါ်သွားပြီး ဘူဖေးဆိုတာ ကျွေးပစ်လိုက်လို့ရတယ်'

သူက ကလေးတွေကို သတိရသည်။ ထိုနောက် သူ့မဟေသီ ဒေဝီစိန်ရွှေမြကို သတိရသည်။ ထို့နောက်ညီမဖြစ်သူ မခင်အေးကို သတိရမိပြန်သည်။ နောက်ဆုံးတော့ သူ့ကို အဖေနှင့်ချွတ်စွပ်တူအောင် မွေးပေးထားသော အမေ့ကို သတိရသည်။

'အမောင့်အပေါ်မှာ အန်တီတို့ ရက်စက်ခဲ့မိလို့ ဆင်းဆင်းရဲရဲ သေရရှာတာ၊ တွေးမိတိုင်းစိတ်မကောင်းပါဘူး ငါ့တူရယ်၊ မင်းတို့ အဖေ

www.burmeseclassic.com

www.burmeseclassic.com



အဘွားတွေကလည်း အမောင့်ကလေးတွေကို စောင့်ရှောက်ဖို့ အထပ်ထပ် မှာခဲ့ရှာတာ၊ အခုမှပဲ သူတို့ဆန္ဒ ပြည့်ရတော့မယ်'

ဒေါ်တင်မေကြီးက မျက်ရည်စမ်းစမ်းနှင့် 'ချောင်းရိုးမြောင်းရိုးသာ တိမ်ကောတယ်၊ မျိုးရိုးက မတိမ်ကောဘူးဆိုတာ ဟုတ်လိုက်တာ မမခင်ရယ်၊ ကြည့်ပါဦး အမောင်အသက်ပြန်ရှင်လာပြီး လာထိုင်နေသလိုပဲ' ဟု ဆက်ပြောရင်း မျက်ရည်သုတ်ပြန်သည်။

'ကဲ ကဲ ကိုရေအေး ခင်ဗျား စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ရော့ဗျာ၊ စိတ်ကို ငြိမ်ငြိမ်ထားပြီး အအေးလေးသောက်လိုက်ဦး'

ကြက်ကြီး အစာနင်သလို ဖြစ်နေသော သူ့ကိုကြည့်ရင်း ဦးအောင်ထွန်းမြင့်က ရယ်သည်။ ထို့နောက် ရေခဲတုံးကလေးတွေ ပေါလောမျောနေသော သစ်သီးဖျော်ရည်ခွက်ကို လှမ်းပေးသည်။ ဖျော်ရည်ကို မြင်ခါမှ သူလည်း လည်ချောင်းတွေနာ၊ အာတွေခြောက်ပြီး အပြင်းအထန်ရေဆာလာသည်။

'ဖေ ဖေ'

ထိုစဉ် ထိတ်လန့်တကြား အော်ခေါ်သံကို ကြားရတော့ အားလုံးလန့်သွားကြသည်။ ထို့နောက် သမီးငယ်လေးက ဧည့်ခန်းထဲသို့ တဒိုင်းဒိုင်းနှင့် ပြေးဝင်လာသည်။ တုန်တုန်လှုပ်လှုပ်နှင့်မို့ မျက်လုံးလေးတွေ ပြူးထွက်ကာ မျက်နှာလေးကတော့ ငိုချလိုက်တော့မလို မဲ့နေသည်။

သမီးငယ်လေးက 'ဖေ ဖေ' ဟု ထပ်အော်ပြီး သူ့အဘွားဆီပြေးသွားသည်။

'ဘွား ဘွား မေမေက မြန်မြန်လာပါတဲ့'

'ဟဲ့ ဘာဖြစ်လို့လဲ'

သူ့အဘွားက အထိတ်တလန့်မေးသည်။

'သွေးတွေ ဆင်းနေတယ်တဲ့ မေမေကပြောတယ်၊ သွေး သွေး သွေးတွေ ဟီး ဘွားဘွားရဲ့၊ မေမေသေသွားမှာလား'

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ထွန်းမြင့်၏လက်ထဲမှ ဖန်ခွက်က ခွမ်းခနဲ ကျကွဲသွားသည်။ 'ကြည်ကြည်' ဟု တိုးတိုးလေးအော်ဟစ်လိုက်ပြီး အခန်းထဲမှ တရှိန်ထိုးပြေးထွက်သွားသည်။

အဘွားကြီးနှစ်ယောက်ကလည်း အယိမ်းယိမ်း အယိုင်ယိုင် အတွန်းတွန်း အတိုက်တိုက်နှင့် ထပြေးကြသည်။

ဖန်ကွဲစတွေ ကျဲပြန့်နေသော ဧည့်ခန်းထဲတွင် ကိုရေအေး တစ်ယောက်သာ ခပ်ငိုင်ငိုင်ရပ်ရင်း ကျန်ခဲ့လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

တင်တင်ကြည်ကို ထရော်လီပေါ်တင်ပြီး အရေးပေါ်ခွဲစိတ်ခန်းထဲသို့ တွန်းသွင်းသွားသည်။

ဦးအောင်ထွန်းမြင့်က ထရော်လီနှင့်ယှဉ်ကာ လမ်းလျှောက်ရင်း တင်တင်ကြည်၏လက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ 'ကြည်ကြည် မကြောက်နဲ့နော်၊ စိတ်ကို အေးအေးထား'ဟု အားပေးတော့ သူ့ကို နွမ်းဖျော့စွာပြုံးပြရင်း 'ကြည်ကြည်တစ်ခုခုဖြစ်ရင်တော့ ကလေးတွေကို စောင့်ရှောက်ရစ်ပါတော့' ဟု ပြောသွားသည်။

'ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ'

ခွဲစိတ်ခန်း၏တံခါးနှစ်ချပ်က ဗြုန်းခနဲပြန်ပိတ်သွားသည်။ သူ့နှလုံးသားက တဒုန်းဒုန်းနှင့် လျင်မြန်စွာ ခုန်ပေါက်နေသည်။ တင်တင်ကြည်ကို မကြောက်နဲ့နော်၊ စိတ်အေးအေးထားဟုပြောလိုက်သော်လည်း တကယ်ကြောက်ပြီး တကယ့်ကိုစိတ်မအေးနိုင်အောင်ဖြစ်နေသူက သူကိုယ်တိုင်ဖြစ်ကြောင်း ဦးအောင်ထွန်းမြင့် သိလိုက်သည်။

ဒေါ်ခင်မေကြီးကတော့ ဒူးတွေတုန်နေ၍ မတ်တတ်ပင် မရပ်နိုင်။ ခုံတန်းလျားပေါ်တွင်ထိုင်ရင်း ဓာရဏာပရိတ်ကို ရွတ်နေသည်။ သို့သော် အမြီးအမောက်တော့ မတည့်လှပေ။ ရွတ်ရင်း မှားရင်း၊ မှားရင်း ပြန်ရွတ်ရင်းနှင့် ချာလည်ရိုက်နေသည်။

'ဖေဖေ မေမေသေမှာလားဟင်'

သမီးလေးက သူ့လက်ကို ကိုင်ဆွဲကာ ငိုမဲ့မဲ့လေးမေးသည်။ လက်ဖျားလေးတွေအေးစက်ကာ တုန်တုန်ယင်ယင်ဖြစ်နေသော သမီး

www.burmeseclassic.com

www.burmeseclassic.com



ယ်ကို သူက ငုံ့ကြည့်ရင်း ‘ဘာလို့သေရမှာလဲ၊ မသေပါဘူးသမီးရဲ့’ဟု ပြောသည်။ သို့သော် သူ့စကားကိုလည်း သူ့ဟာသူ သိပ်တော့ စိတ်မချချေ။

သူတို့ရပ်နေသော လူသွားလမ်းစင်္ကြံနံမှ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ပြန့်ကျဲနေသော တရုတ်စကားပွင့်ဖြူဖြူလေးများကို တွေ့ရသည်။ သူကြည့်နေစဉ်မှာပင် ပန်းလေး တစ်ပွင့်က ဖြုတ်ခနဲ ကြွေကျလာပြန်သည်။ အကယ်၍ အကယ်၍ ကြည်ကြည်သာ ခုနတုန်းက စကားပွင့်လေးလို ရုတ်တရက် ကြွေ ကြွေ ခဲ့သော်။

‘ကိုယ်ဝန်ဆောင်ရတာ အန္တရာယ်သိပ်များတာတဲ့၊ သင်္ချိုင်းကို တစ်နေ့မျက်စောင်းသုံးခါထိုးတယ်တဲ့၊ အခုကြည်ကြည်လည်း အိပ်ရာထဲမှာ ငြိမ်ပြီး ပျက်မကျအောင်ထိန်းနေရရှာတာ သုံးလလောက်ရှိနေပြီ။ အဲဒီ အချိန်မှာ ငါကတော့ ငါကတော့’

ဦးအောင်ထွန်းမြင့်က ဓာရဏပရိတ်မရွတ်တတ်တော့ စီးကရက်ကို နာနာဖိပြီး ဖွာသည်။ စိတ်တွေကလည်း မငြိမ်။

ခုတလော သူ့မိန်းမမျက်နှာမရွှင်သည်ကိုတော့ သူသတိထားမိသားပင်။ သို့သော် သူ့ဟာသူနေမကောင်း၍ စိတ်ညစ်နေလို့ပဲဟု သဘောထားကာ ခပ်ပေါ့ပေါ့ပင် နေလိုက်မိသည်။ မိန်းမက အောက်ထပ်ပြောင်းသွားသည်က ထားပါတော့။ ခက်သည်က ထိုအခန်းထဲတွင် ယောက္ခမကြီးကပါ နေ့ရောညပါငုတ်တုတ်ထိုင်နေခြင်း ဖြစ်သည်၊ မိန်းမနှင့်အတူ စကားလေး ဘာလေး ပြောပြီး ရယ်ရယ်မောမော နေချင်သော်လည်း ယောက္ခမကြီးကြောင့် အနေခက်လှသည်။ ဒီတော့ မနက်တစ်ခါ၊ ညနေတစ်ခါ အခန်းထဲဝင် မိန်းမကိုပြုံးပြ၊ နဖူးစမ်း၊ နေကောင်းရဲ့လားမေး၊ မာမီရော အိပ်ပျော်ရဲ့လားဟု နှုတ်ဆက်၊ ပြီးတော့ သွားဖြဲလေးနှင့် ပြန်ထွက်လာရုံပင်။ အိမ်မှာပျင်းတော့ အပြင်ထွက်၊ အပြင်ထွက်တော့လည်း ခလုတ်ကန်သင်းဆိုတာ ရှင်းနေတာမှမဟုတ်တာ။ တိုက်မိခိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပေါ့လေ။ ခလုတ်တိုက်ပြန်တော့လည်း ဆူးကငြိပြန်သည်။ ငြိသော ဆူးကလေးကလည်း စွဲမက်စဖွယ်ဖြစ်နေသည်။ တစ်နေ့တုန်းက တော့ မိန်းမကို 'ဒီနေ့ညလည်း ဒင်နာရှိတယ်ကွယ်၊ နောက်ကျရင် စိတ် မပူနဲ့'ဟု ပြောတော့ မိန်းမက သူ့ကို ခပ်ညှိုးညှိုးကြည့်ရင်း 'ခုတလော ဒင်နာတွေ အိုဗာတိုင်တွေလည်း အရမ်းများတယ်နော်၊ ကိုကိုရော သိပ် ပင်ပန်းနေလား၊ ဒါပေမယ့် ကြည့်ရတာတော့ တက်တက်ကြွကြွ လန်း လန်း ဆန်းဆန်းနဲ့ ပျော်နေပုံပါပဲ'ဟု ပြောသည်။ မိန်းမက ရိုးရိုးပြော ခြင်း ဖြစ်နိုင်သော်လည်း သူ့စိတ်ထဲတွင်တော့ မလုံမလဲဖြစ်သွားသည်။

ခဏနေတော့ တင်မောင်မောင်ရောက်လာသည်။

'ဘာမှစိတ်မပူပါနဲ့ မာမီရဲ့၊ မမကြီးက ဘလိဒင်ရလာပေမယ့် စိုးရိမ်ရလောက်အောင် မဟုတ်ပါဘူးတဲ့၊ ပရက်ရှာလည်း ကောင်းနေတာ ပဲ၊ ကလေးရဲ့ဟတ်ဘီလည်း မှန်နေတယ်တဲ့၊ အခုလည်း ခွဲခန်းထဲ ဝင် သွားပြီပဲဟာ၊ ခဏနေရင် မာမီ့မြေးလေး ဗိုက်ထဲက ထွက်လာတော့မှာ'

ဘုရားစာတွေ ကဘောက်တိကဘောက်ချာ ရွတ်နေသော သူ့ မိခင်ကို တင်မောင်မောင်က အားပေးနေသည်။ သူ့အဘွားဘေးတွင် ကုတ်ချိချိလေးထိုင်နေသော မီးငယ်ကတော့ မျက်စိသူငယ်ဖြစ်နေသည်။

'သွား သားအစ်မဆီသွား၊ သူအားရှိအောင် သူ့လက်ကို ကိုင် ပေးထား'

ဒေါ်ခင်မေကြီးက တွန်းလွှတ်သည်။ ပုဂ္ဂလိကဆေးရုံဖြစ်သည့် အပြင် သားဖွားမီးယပ်ဆရာဝန်မကြီးနှင့်လည်း ခင်မင်ပြီးဖြစ်လေတော့ တင်မောင်မောင်ပါ ခွဲစိတ်ဝတ်စုံလဲပြီး ခွဲခန်းထဲဝင်လိုက်သွားသည်။

'ကြည်ကြည်သာ တစ်ခုခုဖြစ်သွားရင် ဒီကလေးသုံးယောက် နဲ့ ငါနဲ့ ကသောင်းကနင်းဖြစ်ကျန်ခဲ့မှာ'

တင်မောင်မောင်က မစိုးရိမ်ပါနဲ့ဟု ဆိုသော်လည်း ဦးအောင် ထွန်းမြင့်က စိတ်မအေးနိုင်။ ဒီတော့ ထိုင်လိုက်၊ ထလိုက်၊ စီးကရက်

www.burmeseclassic.com

www.burmeseclassic.com



မီးညှိလိုက်၊ ဖိချေလိုက်နှင့် ငါးလိပ်လောက်ချေပြီးခါမှ နံရံတွင်ကပ်ထားသော(No Smoking) ဟူသောစာတန်းကို တွေ့တော့သည်၊ သတိထားမိတော့သည်။

ဒီတစ်ခါအပြေးအလွှား ရောက်လာသူနှစ်ဦးကတော့ သားကြီးနှင့်သမီးလတ် ဖြစ်သည်။ သားကြီးက စာမေးပွဲဝင်ခွင့်ပုံစံသွားတင်နေပြီး သမီးလတ်က ကျူရှင်သို့သွားကြခြင်း ဖြစ်သည်။ အိမ်ပြန်ရောက်ရောက်ချင်း အမေ့ဆီသို့ အမောတကောလိုက်လာကြသည်။ အခါတိုင်းတဟီးဟီး တဟားဟားလုပ်နေလေ့ရှိသော ဖိုးသကြီန်၏မျက်နှာက ညှိုးပြီး ပျက်နေသည်။ သမီးလတ်ကတော့ ဘုရားစာတွေ တတွတ်တွတ်ရွတ်နေလေသည်။ သူတို့၏ညီမလေးဘေးတွင် ဝင်ထိုင်ပြီး တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ထားကြသည်။

ခဏနေတော့ 'ဝါး'ခနဲ ငိုလိုက်သော ကလေးငိုသံလေးကို သဲ့သဲ့ ကြားရသည်။ တံခါးနှစ်ထပ်သုံးထပ်ပိတ်ထား၍ သဲ့သဲ့လေးသာ ကြားရသော်လည်း ဦးအောင်ထွန်းမြင့်၏နှလုံးသားကိုမူ ကျယ်လောင်စွာ ရိုက်ခတ်လာသည်။ သား သား ငါ့ရဲ့သား။

'ယောက်ျားလေး ငါးပေါင်နဲ့ ဆယ့်နှစ်အောင်စ'

ခပ်ဝဝ ခပ်ဖိုင့်ဖိုင့် သူနာပြုဆရာမကြီးက ခွဲခန်းထဲမှထွက်လာကာ သတင်းပို့သည်။ ပြုံးနေသော သူ့မျက်နှာကြောင့် အပြင်က လူတွေလည်း ပျော်သွားကြသည်။

'အင်္ဂါစုံရဲ့လားဟင်' ဦးအောင်ထွန်းမြင့်က သူ့ကလေးတိုင်းကို သူစိတ်ပူလေ့ရှိသည့် အတိုင်း ခပ်လောလောမေးသည်။

'စုံတယ် စုံတယ် ခြေနှစ်ဖက်၊ လက်နှစ်ချောင်း၊ ခေါင်းတစ်လုံးနဲ့ ဟိုဟာ တစ်ချောင်း'

သူနာပြုဆရာမကြီးက ပျော်တတ်ပုံရသည်။ နောက်နောက်ပြောင်ပြောင် ပြောရင်း ပြန်ဝင်ရန်ဟန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အမေရော အမေရော ကောင်းရဲ့လား'

'ကောင်းတယ် ပြန်ပိတ်နေပြီ'

ဆရာမကြီးက ပြန်ဝင်သွားတော့ တံခါးကို ပြန်ပိတ်သွားသည်။ သူတို့ကသာ ပူရ၊ ပင်ရ၊ ရင်မောနေကြရသော်လည်း အတွေ့အကြုံများနေသော ဆေးလောကသားတို့အတွက်တော့ ကလေးတစ်ယောက် ဗိုက်ခွဲထုတ်လိုက်ခြင်းမှာ ထမင်းစားရေသောက်ကိစ္စတစ်ခုလို ပေါ့ပေါ့ပါးပါးလေးပင် ဖြစ်သည်။

'အင်း ဒီလိုဆရာဝန်တွေ ဆရာမတွေရှိနေလို့လည်း ကလေးတွေ အမေတွေ အန္တရာယ်ကင်းနေကြရတာပေါ့'

ဦးအောင်ထွန်းမြင့်က သက်ပြင်းရှည်ကြီးကို ဟင်းခနဲချကာ နံရံကို မှီချလိုက်သည်။ ပြန်ပိတ်နေပြီဆိုတာ ဘာပါလိမ့်ဟု တွေးနေမိသည်။ ထိုနောက်မှ ခွဲထားသောဗိုက်ကို ပြန်ချုပ်နေပြီဖြစ်ကြောင်းကို ပြောခြင်းဟု သဘောပေါက်လာသည်။

ဒေါ်ခင်မေကြီးက အခြေအနေကောင်းသည်ဟုဆိုခါမှ မျက်ရည်တွေကျလာသည်။ 'ဘုရားကယ်ပေလို့ ဘုရားကယ်ပေလို့'ဟု တုန်တုန်ယင်ယင် ရေရွတ်နေလေသည်။

'ကိုကိုကြီး'

သမီးငယ်က သူ့အစ်ကိုအား တိုးတိုးလေးခေါ်သည်။

'ဘာလဲဟ'

'ဒီတစ်ခါ မေမေနေကောင်းလာရင်လေ သမီးစိတ်မကောက်တော့ဘူး သိလား'

'အင်း ငါလည်း စာကို အပြတ်ကျက်တော့မယ်၊ မေမေ စိတ်ချမ်းသာအောင်လို့'

'လတ်လတ်လည်း မေမေမကြိုက်တဲ့ နောက်ကွဲစကပ်တွေ မဝတ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သားသမီးသုံးဦးက တီးတိုး တီးတိုးပြောနေကြသည်။ သူက သားသမီးများကို ငေးကြည့်ရင်း ရင်ထဲတွင်နွေးလာသည်။ သူကရော သူကလည်း ကြည်ကြည်သိလျှင် စိတ်ဆင်းရဲရမည့်ကိစ္စများကို ရှေ့တင်မှာရော၊ နောက်ကွယ်မှာပါ ရှောင်ရှားသင့်သည် မဟုတ်လား။ သွားလေရာ လာလေရာမှာ ခလုတ်လည်း မထိ၊ ဆူးလည်း မငြိရအောင် တည့်တည့်မတ်မတ်လျှောက်သင့်သည် မဟုတ်ပါလားဟု တွေးရင်း သက်ပြင်းငွေ့ငွေ့လေးချမိသည်။ ထိုစဉ်တွင် အိတ်ထဲမှ ဆယ်လူလာဖုန်းလေးက တတီတီမြည်လာတော့ သူက ထုတ်ပြီး 'ဟဲလို' ဟု ထူးလိုက်သည်။ တစ်ဖက်မှပေါ်လာသောအသံလေးက ထုံးစံအတိုင်း ချွဲချွဲနွဲ့နွဲ့ ချိုချိုမြမြလေး ဖြစ်လေသည်။

'ဦးလား မီးပါ ဦးရဲ့'

'အင်း အင်း'

'ညနေကျရင် မီးစောင့်နေမယ်နော် ဦး'

'ဟင့် အင်း'

'ခါတိုင်းနေရာမှာလေ'

'ဟင့်အင်း မ မစောင့်နဲ့တော့'

'ဟင် ဦးကလည်း ဘာဖြစ်လို့လဲ၊ ကြည့် ဒီအသံကြီးက ဘာဖြစ်နေတာလဲ ဟင်း၊ မီးကတော့ စောင့်နေမှာနော် သိလား၊ မလာရင်တော့ ငိုမှာပဲ'

သူ့ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ရှန်းမှ ရှန်းမှ ရှန်းနိုင်မှ ဖြစ်မည်။

သူက တယ်လီဖုန်းခလုတ်ကိုနှိပ်ပြီး ဖြတ်ချလိုက်သည်။ သားသမီးတွေ ဘက်ကို မလုံမလဲနှင့်လှမ်းကြည့်မိတော့ ဖိုးသကြီးက သူ့ကို အကဲခတ်ဟန်နှင့် လှမ်းကြည့်နေသည်။ သူ၏မျက်ဝန်းအစုံကလည်း ဖခင် ဖြစ်သူအား သတိပေးနေသလိုလို၊ တောင်းပန်နေသလိုလိုမို့ ဦးအောင်ထွန်းမြင့်၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းက ချက်ချင်းပင် တတီတီနှင့်ထပ်မြည်သည်။ သူက ထူထူပူပူနှင့်မို့ စက်ပိတ်လိုက်မည်ပြုစဉ် သူ့ဘေးသို့ ဖိုးသကြိန် ရောက်လာသည်။ 'ကျွန်တော်ကူညီရမလား ဖေဖေ၊ မေမေမသိစေရဘူး စိတ်ချ' ဟု တိုးတိုးလေးပြောသည်။

သူ့ရင်ထဲတွင် ပူလောင်ပြီးဆူဝေသွားသည်၊ ရှက်ကိုးရှက်ကန်းနှင့် မနေတတ်မထိုင်တတ်လည်း ဖြစ်သွားသည်မို့ ဖိုးသကြိန်ကို ဘယ်လို ပြန်ပြောရမည်နည်းပင် မသိတတ်နိုင်အောင် ဖြစ်သွားလေသည်။ သူ့အကြောင်းကို ဖိုးသကြိန် သိနေတာကတော့ သေချာသည်။ ဘယ်အတိုင်းအတာအထိ သိနေသနည်းကိုတော့ သူ မခန့်မှန်းတတ်။

ထိုအချိန်တွင် အနီးဖြူဖြူလေးနှင့်ထုပ်ထားသော ကလေး နီတာရဲလေးကို သူနာပြုဆရာမကြီးက ပွေ့ချီပြီး ထွက်လာသည်။ ဒေါ်ခင်မေကြီးနှင့် သမီးနှစ်ယောက်က ကလေးပေါက်စနလေးဆီ ထပြေးကြသည်။ သား ဖေဖေ့သား၊ နေ့လမစေ့ခင် မိခင်ဗိုက်ထဲမှ ခွဲထုတ်ခဲ့ရသည့် ဖေဖေ့သားကလေး၊ ဟော ခေတ္တရပ်သွားသော တယ်လီဖုန်းက တတီတီနှင့် ထပ်မြည်လာပြန်သည်။

ဦးအောင်ထွန်းမြင့်က တယ်လီဖုန်းကို လက်ကကိုင်ရင်း သူ့ရှေ့မှ ဖိုးသကြိန်ကို လှမ်းကြည့်လိုက်မိသည်။ သူတို့သားအဖနှစ်ဦးသည် စက္ကန့်အနည်းငယ်ခန့်မျှကြာအောင် တစ်ဦးနှင့်တစ်ဦး စူးစိုက် ကြည့်နေမိကြသည်။ ထို့နောက် ဦးအောင်ထွန်းမြင့်က ပင့်သက်လေး မသိမသာ ရှိုက်ကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သူ့လက်ထဲမှ တယ်လီဖုန်းကို ခပ်စိုက်စိုက်တစ်ချက်ကြည့်လိုက်ပြီး ဖိုးသကြိန်အား လှမ်းပေးလိုက်သောအခါ ဖိုးသကြိန်၏မျက်လုံးလေးများသည် မြူးရွှင်သွားပြီး အရောင်တဖျပ်ဖျပ်တောက်ပသွားလေသည်။ ထို့နောက် အသံအုပ်အုပ်ကလေးနှင့် 'ဟဲလို' ဟု မရဲတရဲထူးလိုက်သည်။

'ကျွန် ကျွန်တော် ဦးအောင်ထွန်းမြင့် မဟုတ်ပါဘူး၊ သူ့ရဲ့သား

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဟုတ်ကဲ့ ဖေဖေက မေမေ့နားမှာခင်ဗျ၊ မေမေက အခုလေးတင်ပဲ ကျွန်တော်ရဲ့ညီလေးကို ဖိုက်ခွဲပြီး မွေးရတာလေ၊ ဟုတ်ကဲ့ အသက် အန္တရာယ်မရှိပါဘူး၊ မေမေရော ညီလေးရော ဘာမှမဖြစ်လို့ ကျွန်တော် တို့ အရမ်းပျော်နေကြတယ်၊ ဒါပေါ့ခင်ဗျာ၊ ဖေဖေကတော့ အပျော်ဆုံး ပေါ့၊ ဟာ ခင်ဗျာ ဖေဖေက အနီးမလျှော်ရပါဘူး ခင်ဗျ၊ ဒီလိုအလုပ်က ဖေဖေလုပ်ရမယ့်အလုပ် မဟုတ်ပါဘူး၊ တကယ်လို့ လိုအပ်ရင်လည်း ကျွန်တော်က အနီးလျှော်၊ ညီမလေးတွေက မေမေ့ထဘီကို လျှော်ပေး ကြမှာပေါ့၊ အကူအညီ ဟင် အကူအညီမလိုပါဘူး မမလေးရဲ့၊ အဲ အဲ တစ်ခုတော့လိုတယ်၊ တကယ် အဟုတ်လား၊ အဟုတ်ကူညီမယ်ဆိုရင် တော့ အကူအညီတကယ်လိုချင်ပါတယ်၊ ဟုတ် ဟုတ်ကဲ့၊ အဲဒါ အဲဒါက စိတ်မဆိုးရင် ပြောမယ်နော်၊ ဟို ဟို ဖေဖေ ကျွန်တော်တို့ရဲ့ဖေဖေနဲ့ တဆိတ်လောက် ဝေးဝေးလေး နေပေးပါနော်၊ သြော် မမလေးရယ် ဝေးလေကောင်းလေပေါ့၊ အဲ အဲဒါသာဆိုရင် ကျွန်တော်တို့အားလုံးက တကယ့်ကို ကျေးဇူးတင်နေမှာပါ၊ ကျွန်တော်တို့အတွက် ဖေဖေက မရှိ မဖြစ်လိုအပ်တဲ့သူပါ'

ဖိုးသကြိန်က တယ်လီဖုန်းကို ပိတ်ပစ်လိုက်သည်။ သူ့ကို အံ့သြသလို ခပ်တွေတွေလှမ်းကြည့်နေသော ဖခင်အား တောင်းပန်ဟန် နှင့် ခပ်ရွံ့ရွံ့ပြုံးပြရင်း 'ဖေဖေ စိတ်မဆိုးကြေးနော်' ဟု တိုးတိုးလေး လှမ်းပြောလေသည်။

ဦးအောင်ထွန်းမြင့်၏ ရင်ထဲတွင် အေးတစ်လှည့်၊ နွေး တစ်လှည့် ဖြစ်နေသည်။ တဟီးဟီး တဟားဟားနှင့် ပေါတိပေါချာနေ လေ့ရှိသော သူ၏သားကြီးအား တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံး အကြိမ်အဖြစ် အထင်ကြီးစိတ်၊ အားကိုးစိတ်ဝင်လာမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ရာစုနှစ်အသစ်၏နေမင်းသည် ပူမြဲပူနေလေသည်။ ဘူတာရုံ သေးသေးလေးက အမိုးရှိသော်လည်း နေရှိန်လှသည်။

'ပူလိုက်တာဗျာ ပူလိုက်တာ အရမ်းကိုပူတာပဲ'

ကြံတိုင်းအောင်က နဖူးတွင်စို့နေသော ချွေးများကို လက်ဝါးနှင့်သပ်ချသည်။

'ငါ့ဟာငါ ပူတာ ဘာဖြစ်လဲ သေနာလေးရဲ့'

ဗိုက်ကြီးကော့လန် ကော့လန်နှင့် လမ်းလျှောက်ရင်း ရောက်မလာသေးသောရထားကို လှမ်းမျှော်နေသော စိန်ရွှေမြက လှည့်မကြည့်ဘဲ ဆဲသည်။ ကြံတိုင်းအောင်က သူ့နဖူးသူရိုက်ကာ တဟားဟားရယ်မိလေသည်။

'မလုံတဲ့အိုးကြီးကလည်း တုတ်နဲ့တောင် မထိုးရသေးပါလားဗျာ၊ ပွင့်တာက အရင်ပဲ၊ ကျွန်တော်က နေပူတာကိုပြောတာပါ'

'သိပါဘူးဟယ်၊ ငါကလည်း ပူတယ်ဆိုရင် ငါ့ကို ပြောတယ်ပဲထင်တော့တာ၊ နင့်မိန်းမက ငါ့လောက်မှ မပူဘဲကိုးဟဲ့'

စိန်ရွှေမြက တသိမ့်သိမ့်ရယ်သည်။ နွေးနွေးက အပျိုဗိုက်ဆိုတော့ သူ့လောက်မပူပေ။ သူကတော့ လေးကောင်မွေးပြီးသား ဖြစ်သည့်ပြင် ယခုဗိုက်ထဲမှာလည်း နှစ်ကောင်ဆိုတော့ ပူတာက အတော့်ကိုလန်ပြန်နေအောင် ပူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကိုယ်ကို ဘယ်လောက်ပူနေလဲဆိုတာလဲ သိရဲ့သားနဲ့၊ တက္ကစီလေးဘာလေး စီးရအောင်ဆိုတော့လည်း မရ၊ သူဌေးမကြီးလုပ်နေပြီး ရထားပေါ်ကို ဗိုက်ကြီးအပြဲသားနဲ့ အတင်းခိုတက်ဦးမယ်'

ကြံတိုင်းအောင်က စိတ်ညစ်လက်ညစ် ရေရွတ်သည်။ စိန်ရွှေမြက သူ့မောင်ကို မျက်စောင်းထိုးသော်လည်း ပြုံးနေသည်။ နွေးနွေးကတော့ စိန်ရွှေမြကို အားကျစွာ ငေးမောနေလေသည်။ 'အစ်မ စိန်ရွှေမြရဲ့ယောက်ျားဦးရေအေးက သူဌေးသားရဲ့သားတဲ့၊ ငါ့ယောက်ျား ကြံတိုင်းအောင်လည်း သူဌေးသားရဲ့သားဖြစ်ရင် သိပ်ကောင်းမှာပဲ၊ လေဖြတ်နေတဲ့ သူ့အဖေက သူဌေးသားများဖြစ်နေမလား' ဟု တွေးနေလိမ့်မည်ဖြစ်ကြောင်း ကြံတိုင်းအောင်သိလေသည်။

'ပါးစပ်နဲ့သာ မစားရ ဝခမန်း ဌေးနေတာ၊ ငါက ဘာလုပ်ရမှာလဲ ငအောင်ရဲ့၊ ခုအချိန်အထိတော့ ဒုံရင်းကဒုံရင်းပဲဟာ၊ မြို့ပတ်ရထားခိုတက်ရုံကလွဲပြီး ငါလည်း ဘာမှမလုပ်တတ်ဘူး'

မြို့ပတ်ရထားဆိုက်လာတော့ စိန်ရွှေမြကို အရင်တွန်းတင်ရသည်။ နွေးနွေးကတော့ သူ့လောက်မခက်လှ၊ ဒါတောင် ရထားတွဲကမြင့်တော့ လက်ကိုင်ကိုလှမ်းဆွဲပြီး အတင်းအားယူတက်ရသည်။ ရထားပေါ်ရောက်တော့ သူတို့နှစ်ယောက်က ထိုင်စရာလေးတစ်နေရာစီရ၍ ကံကောင်းသည်။ ကြံတိုင်းအောင်ကတော့ သက်န်းထည့်ထားသော စက္ကူဘူးကိုကိုင်ကာ မတ်တတ်ရပ်နေရသည်။

'အောင်အောင် သင်္ကန်းပေးထားလေ'

နွေးနွေးက လှမ်းတောင်းသည်။ ကြံတိုင်းအောင်က ခေါင်းခါပြီး 'နေပါစေ၊ ကိုယ့်ဗိုက်တွေသာ ကိုယ်ထိန်းထားကြ' ဟု နောက်ပြောင်သလိုပြောသည်။ သို့သော်လည်း တကယ်လည်း စိုးရိမ်စိတ်ဝင်မိသည်။

သူစိုးရိမ်လည်း စိုးရိမ်စရာ၊ ရထားတွဲကြီးက အိုလှဟောင်းလှပြီဖြစ်သည်။ သို့သော် အိုသည် ဟောင်းသည်က အရေးမကြီးပါ။ သူ

www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝမှာ အအိုအဟောင်းတွေနှင့် နေသားကျပြီးသား ဖြစ်ပါသည်။ ခက်သည်က တွဲမငြိမ်ခြင်းပင်။ တဂျိန်းဂျိန်း တဂျုတ်ဂျုတ်နှင့် မှန်မှန် ခုတ်မောင်းနေရာမှ စိတ်ပေါက်လာလျှင် ရှေ့တိုးနောက်ငင်ထပြီး ယိမ်းတတ်သည်။ ယိမ်း၍မှ မဆုံးသေး၊ ဘေးတိုက် တစ်ခါယမ်းကာ ထို့နောက်အထက်အောက်ခုန်ပြန်သည်။ ဒီတော့ သူ၏အစ်မနှင့်မိန်းမ ဒေါ်ဗိုက်နှစ်ဦးမှာ ကိုယ့်ဗိုက်ကိုကိုယ် လက်နှင့်ထိန်းပြီး မထားကြရရှာလေသည်။

'အင်း တက္ကစီငှားမိရင်အကောင်းသား'

စိန်ရွှေမြက အခုမှ နောင်တရသည်။

'ဗိုက်ထဲက ကောင်ကလေးတွေ ပြုတ်ကျကုန်ရင် ဒုက္ခ၊ အခုမှ ရှစ်လထဲမှာပဲ ရှိသေးတာ'

ကိုရေအေးက သူ့ကို 'နတ်ထွင်းတဲ့ခံတွင်းဆိုတာ ယုံပြီလား မိန်းမရဲ့၊ ကလေးတွေက သူ့ကံနဲ့သူလာတာပါ' ဟု ပြောခဲ့သည်။ စိန်ရွှေမြက တစ်ဦးတည်း မသိမသာပြုံးရင်း 'အခုတော့ သူက ပြောအားရှိနေတာပေါ့လေ' ဟု တွေးသည်။

ဟိုတစ်နေ့တုန်းကတော့ ကိုရေအေးကိုကြည့်ရသည်မှာ အိပ်မက်မက်ရင်း ထပြီးလမ်းလျှောက်လာသူလို ယီးတီးယောင်တောင်ဖြစ်နေသည်။ ဆန်ကောထဲတွင် ဆန်တွေထည့်ပြီး စပါးလုံးကောက်နေသော သူ့ဘေးသို့ ငုတ်တုတ်လာထိုင်ရင်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်နေသည်။ ထို့နောက် သူ့ကို ပြုံးစိစိနှင့် ကြည့်ကာ 'အခုနေ သိန်းတစ်ရာလောက်ချမ်းသာရင် နင်ဘာလုပ်မလဲဟင်' ဟု မေးသည်။ သူက တစ်သက်နှင့်တစ်ကိုယ် အကြီးဆုံးသော မျက်စောင်းကြီးကို ဆောင့်အောင့် ထိုးပစ်လိုက်ရင်း 'ပေါက်ပေါက်ရှာရှာတော်၊ နေမကောင်းရင်လည်း သွားအိပ်နေပါလား' ဟု ပြောမိသေးသည်။

'သူ့အဖေက သူငယ်ငယ်လေးကတည်းက ဆုံးသွားတယ်ဆိုတာလောက်ပဲသိတာ၊ သူဌေးသားဆိုတာမှန်း သူတောင်သိရဲ့လားမသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တစ်သက်လုံးလည်း မသိခဲ့ပါဘူး၊ ဒီအမွှာညီနောင်ကိုယ်ဝန်ရှိခါမှ စိုင်ကော်ပြီး ချုံပေါ်ရောက်တာ၊ ဒါကြောင့် မိမျိုးတို့က ဒီကလေးတွေ သိပ်ကုသိုလ်ထူးတယ်လို့ ပြောတာ'

ကိုရေအေးဆီက သတင်းသိတော့ သူက အမေတို့အိမ် ပြေးသည်။ သူ့မှာလည်း အမေနှင့်ညီမတွေအပြင် ပြောပြစရာလူမှ မရှိပဲ။ ညီမတွေက နဂိုတည်းကလည်း ဝါသနာခပ်ပါပါဆိုတော့ အကြားအမြင်ဘိုးတော်ဆီ တက်ကြွစွာပြေးကြသည်။ ရသင့်ရထိုက်သော အမွေများကို အလျင်အမြန်ရအောင် ယတြာချေရမည်ဟုဆိုတော့ ကိုရေအေးက ဒေါကန်သည်။ 'ပေးချင်လွန်းလို့ ခေါ်ပေးနေတာပဲကွာ၊ ဘာယတြာချေရမှာလဲ၊ သူတို့မှာလည်း အရေးပေါ်ခွဲစိတ်ပြီး အသက်လုခဲ့ရတာ သုံးလေးရက်ပဲရှိသေးတယ်' ဟု ပြောသည်။ ဒီလိုတော့လည်း ဟုတ်သားပဲ ဟု စိန်ရွှေမြက တွေးသည်။ သူတို့ဟာသူတို့ မသိချင်ဟန်ဆောင်နေလျှင် ဖြစ်ရဲ့သားနှင့် စုံစမ်းမေးမြန်းပြီး ပြန်ဆက်သွယ်သည့်ကိစ္စကို ဘာမှ ယတြာချေရန် လိုမည်မထင်။

သို့သော် သူ့ဗိုက်ထဲက ကလေးတွေက ကုသိုလ်ရှင်၊ ပါရမီရှင်လေးတွေမို့ သီလ၊ သမာဓိနှင့်ပြည့်စုံသော ဆရာတော်ကြီးတစ်ပါးကို သင်္ကန်းလှူပေးပါဟုဆိုသည်ဆိုတော့ ကိုရေအေးက သဘောတူသည်။

'ဆရာတော်ကြီးတွေကတော့ အများကြီးရှိပါတယ်ဟာ၊ ဒါပေမယ့် ငါတို့က ကုသိုလ်ရေးနဲ့သိပ်မနီးစပ်ခဲ့တော့ အလှမ်းဝေးနေတယ်၊ အိမ်ရှေ့အိမ်က ဦးမြအောင်ကတော့ မြောက်ဥက္ကလာက ရွှေဥမင်တောရက ဆရာတော်ကြီးကို လှူပါလားလို့ပြောတယ်'

မလိမ်တမ်း မညာတမ်း အမှန်အတိုင်း တကယ်ဝန်ခံရလျှင် ကိုရေအေးရော စိန်ရွှေမြပါ ဒီအသက် ဒီအရွယ်ရောက်သည်အထိ သင်္ကန်းလေးတစ်စုံကိုပင် တစ်ဦးတည်းကိုယ်ပိုင်ငွေနှင့် သတ်သတ်မှတ်မှတ် မလှူဖူးသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



'အသွားအလာလည်း အဆင်ပြေသားပဲ၊ နင် မလွှကုန်းဘူတာကနေ မြို့ပတ်ရထားစီးသွား၊ ကျောက်ရေတွင်းဘူတာကို တစ်ဘူတာလား ကျော်ပြီးရင်ရောက်တယ်ပြောတာပဲ၊ မသွားခင် ဦးမြအောင်ကို အသေအချာမေးသွားဦးလေ၊ တော်ကြာဘူတာမှားဆင်းနေဦးမယ်' ဟု ပြောသည်။ 'အမယ် ကျုပ်က အသေအချာမေးသွားရအောင် ရှင်ကရော မလိုက်တော့ဘူးလား' ဟု ဆိုတော့ 'ဟ အိမ်က ကလေးတွေ ဘယ်သူနဲ့ထားခဲ့မလဲ၊ မင်းညီမတွေကလည်း ခဏခဏခေါ်ပြီး အိမ်စောင့်ခိုင်းတာကို စိတ်ဆိုးတယ်ဆို' ဟု ပြောသည်။

ထိုထိုသော အကြောင်းများကို အကြောင်းပြုပြီးသကာလ ဒေဝီစိန်ရွှေမြသည် မောင်နှင့်ယောက်မကို အဖော်ပြု၍ မြို့ပတ်ရထားပေါ် ရောက်ခဲ့ရခြင်း ဖြစ်သည်။ နွေးနွေးကလည်း ကလေးမမွေးမီ တတ်အားသရွေ့ကုသိုလ်ပြုချင်တော့ ယိုးဒယားဖြစ် ပန်းနုရောင် ကလေးခေါင်းအုံး၊ မွေ့ယာ၊ ခွခေါင်းအုံးတစ်စုံဝယ်ရန် ကျိတ်စုထားသော ငွေကလေးကို ယူခဲ့သည်။ သူ့တွင်စွဲကပ်နေသော အပြာရောင် ပန်းရောင်ရောဂါက မပျောက်သေးသော်လည်း တော်တော်လေးတော့ အရှိန်လျော့လာပြီဖြစ်လေသည်။

'မခင်အေးဗိုက်ထဲက ကလေးကရော ငါနဲ့ အတူတူပဲပေါ့၊ ကုသိုလ်ကောင်းတဲ့ကလေးလေးပဲ ဖြစ်မှာပါ၊ သူ့ကိုတော့ ကိုရေအေးက လာမယ့်တနင်္ဂနွေကျရင် သွားပြောပြမယ်တဲ့'

အခုကိစ္စတွေကို မခင်အေးမသိသေးပေ။ သူသာသိလျှင် မည်မျှ ဝမ်းသာလေမည်မသိ။ သို့သော်လည်း မမျိုးတို့ မမိုးတို့လောက်ပင် ဆွေ့ဆွေ့ခုန်လိမ့်မည်တော့ မထင်။ သူက ပစ္စည်းဥစ္စာငွေကြေးကို သူ့ဒန့်သလွန်သီး၊ သင်္ဘောသီးတွေလောက်ပင် မက်ချင်မှမက်မည် ဖြစ်သည်။ သူ့အိမ်ထောင်၊ သူ့ဘဝ၊ သူ့ခြံကလေးနှင့် သူ့ဟာသူ စိတ်ချမ်းသာ၊ လက်ချမ်းသာ ပျော်ရွှင်ပြီးသား ဖြစ်သည်။ သူ မမြင်လိုက်ရသော ဖခင်၏

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများနှင့် ဆက်သွယ်မိသည့်အတွက်တော့ သူ့ခမျာ အတော်လေး ဝမ်းမြောက်ကြည်နူးရာမည် ဖြစ်သည်။

'ဒီပုံအတိုင်းပြန်ရရင် နွေးနွေးရော ငါရော ဟတ် ဟတ် ဟတ်ချိုး၊ ရထားပေါ်မှာ ဗိုက်တွေပြုတ်ကျန်ခဲ့တော့မှာ၊ ဟတ်ချိုး၊ နမြောနေလို့ မဖြစ်တော့ဘူး ဟတ် ဟတ်ချိုး'

စိန်ရွှေမြက တဆတ်ဆတ်ချေသည်။ သူ့ဘေးတွင် ငရုတ်သီးမှုန့်ထုပ်ကြီးဆွဲပြီးရပ်နေသော လူတစ်ယောက်က အားနာဟန်နှင့် ပြုံးပြသည်။

'နင် အားနာတာက အရေးမကြီးဘူး၊ ငါ့မှာတော့ သေးထွက်ကုန်ပြီ'

စိန်ရွှေမြက တော်တော်ကြီးစိတ်ညစ်သွားသည်။ ဒီတစ်ခါကိုယ်ဝန်တွင် လရင့်လာတော့ သူက ဆီးမထိန်းနိုင်တော့ချေ။ ရိုးရိုးနေလျှင် ကိစ္စမရှိသော်လည်း ချောင်းဆိုးလျှင် ချေဆတ်လျှင် တစ်ခါဆိုး တစ်ခါထွက်၊ တစ်ခါချေ တစ်ခါထွက်နှင့်မို့ ထဘီတွေ စိုကွက်ကုန်တတ်သည်။ အခုကိုယ်ဝန်က ကော့လန်နေအောင်ပူနေတော့ ပိုဆိုးသည်။ ချေလိုက်ဆတ်လိုက်လျှင် ဆီးအိမ်ကိုသွားပြီး တွန်းအားပေးသလို ဖြစ်တတ်သည်ဟု အမေကပြောသည်။ အသက်ကလေးကလည်း နည်းနည်းထောက်လာ၊ ကလေးတွေကလည်း မွေးထားတော့ အောက်ပိုင်းအကြောတွေ လျော့ကုန်တာလည်း ပါပေမည်။ နွေးနွေးကလည်း ငရုတ်သီးမှုန့်နံ့မွှန်ကာ သူ့လိုပင် ချေနေသော်လည်း သူ့လိုသေးထွက်ပုံတော့မရ။

'အစ်မရေ ဆင်းမယ်ဗျ ဆင်းမယ်'

ဘယ်ဘူတာတွေကို ဘယ်လိုကျော်ဖြတ်ခဲ့မှန်းပင်မသိ။ ကြံတိုင်းအောင်က အော်တော့ ထဘီနောက်ဘက်က သေးကွက်ကိုလည်း လှည့်မဝတ်နိုင်၊ ရထားပေါ်မှ မနည်းကြီးခိုဆင်းရသည်။ အဆင်းက အတက်ထက်ပင် ပိုပြီးခက်နေသေးလေသည်။ ရထားထွက်သွားမှာစိုး၍

www.burmeseclassic.com

www.burmeseclassic.com



အလုအယက်ဆင်းရတော့ စိန်ရွှေမြရော နွေးနွေးပါ ရထားအောက် ရောက်တော့ ရင်တွေတုန်ကာ မောနေသေးသည်။

ဘူတာရုံနှင့် ဘုန်းကြီးကျောင်းက အတော်လေးနီးသည်က သူတို့အတွက် အဆင်ပြေသွားသည်။ သူတို့ရောက်ချိန်က ဆွမ်းစားချိန် ဖြစ်တော့ ဆရာတော်ကြီးဆွမ်းစားနေသည့်အတွက် သစ်ပင်ရိပ်တွင် ထိုင်ကာ ခေတ္တစောင့်နေရသည်။ ကျောင်းမှာလည်း နေ့ဆွမ်းအလှူရှင် ရှိနေသည်။ အလှူရှင်တွေက သူတို့ကို ထမင်းစားလာခေါ်သည်။

'ဟင် အစ်မ'

နွေးနွေးက ဝမ်းသာအားရ နှုတ်ဆက်သည်။

'အစ်မ ကျွန်မနွေးနွေးလေ ဟိုတစ်ခါတုန်းက အစ်မနဲ့ ဒဏ်ငွေ အတူတူဆောင်ကြရတာလေ'

သူတို့လိုပင် ကိုယ်ဝန်ဆောင်ထားရသော ကိုယ်ဝန်ဆောင် အမျိုးသမီးက နွေးနွေးကို ခင်မင်ဖော်ရွေစွာ ပြန်နှုတ်ဆက်သည်ကို စိန် ရွှေမြက ငေးကြည့်နေသည်။ 'သူ့မျက်နှာလေးက ကြည်ပြီး အေးတယ်၊ မာန်မာနရှိပုံမရဘူး၊ သူ့ဘေးကလူက သူ့ယောကျ်ားလားမသိဘူး၊ နောက် ဘက်ကလူကတော့ ဘာတော်လဲမသိဘူး၊ အစ်ကိုလား မောင်လား တစ်ခုခုပဲ၊ သူလည်း မျက်နှာချိုတာပဲ' ဟု စိတ်ထဲမှ စဉ်းစားနေမိသည်။

'ဖေဖေ့အတွက်လာလှူတာလေ၊ အစ်မအဖေ မဆုံးခင်က သူ မှာရစ်ခဲ့တာလေးတွေ လာလှူရင်းနဲ့ ဆွမ်းရက်လည်း ရတာနဲ့ နှစ်ပတ် ပြည့်ဆွမ်းကျွေးလိုက်တာ၊ ဒါက အစ်မရဲ့ယောကျ်ား၊ သဘော်ာဆင်းလာ တာ တစ်ပတ်ပဲရှိသေးတယ်၊ သူကတော့ အစ်မရဲ့မောင် ကိုလင်းတဲ့'

ခင်ခင်ထားက မိတ်ဆက်ပေးသည်။ ကိုလင်းနှင့် ကြံတိုင်းအောင် က တခဏအတွင်း ခင်မင်သွားသည်။ ကိုယ်ဝန်ဆောင်သုံးဦး တန်းစီ ချီတက်သွားကြသည်ကို ကြည့်ပြီး ကြံတိုင်းအောင်က 'ဗိုက်ကြီးသည် ယိမ်းထွက်ဖို့ ဇာတ်တိုက်နေကြတယ်ထင်တယ်' ဟု တိုးတိုးပြောသ

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေတော့ ကိုလင်းက'ဟုတ်ပါရဲ့ဗျာ'ဟု ခေါင်းညိတ်ကာ ထောက်ခံမိသည်။

'သူက နွေးနွေးရဲ့အမျိုးသားလေ မမရဲ့၊ ဆယ်တန်းမှာ တတိယနှစ်၊ အဟိ၊ အဲဒါ အီကိုတွေကျက်ရတာ နားမလည်ဘူးတဲ့၊ မမဆီက ဟော့စပေါ့လာတောင်းချင်လို့'

နွေးနွေးက သူပြောချင်သည်များကို သူ့ဟာသူ စွတ်ရွတ်ပြောနေသည်။ ကြံတိုင်းအောင်က အားနာဟန်ရှိသော်လည်း ခင်ခင်ထားက နားလည်ခွင့်လွှတ်ဟန်နှင့် ပြုံးနေသည်။

ထိုစဉ်တွင် မှန်လုံကားကြီးတစ်စင်းက ကျောင်းဝင်းထဲသို့ ရောခနဲ ဝင်လာသည်။ ထို့နောက် သူတို့အုပ်စု၏ရှေ့နားတွင် ငြင်သာစွာ ထိုးဆိုက်လာသည်။ ကားနောက်ဘက် ညာဘက်ခန်းတံခါးပွင့်လာပြီး ဦးဆုံးဆင်းလာသူက ရှန်သားအင်္ကျီပွပွကြီးဝတ်ထားသော မိန်းမကြီး တစ်ဦး ဖြစ်သည်။ သူဝတ်စားဆင်ယင်ထားပုံက သိပ်အချိုးမပြေလှသော်လည်း နားတွင်ပန်ထားသော စိန်တစ်လုံးနားကပ်ကြီးကတော့ တဖိတ်ဖိတ်လက်နေသည်။ နားမှာတင်မဟုတ်ပါ၊ လည်ပင်းမှာရော လက်မှာပါ ပြောင်လက်တောက်ပနေသည်။ ထို့နောက် သူ့ထက်ငယ်ပြီး သူ့လိုပင် ပြောင်လက်တောက်ပနေသော နောက်ထပ်တစ်ဦး ထပ်ဆင်းလာသည်။ ကြည့်ရတာ သားအမိလား ညီအစ်မလားမသိ။ အချိုးမပြေပုံချင်းတော့ အတော်တူသည်။ ထိုအချိန်တွင် ဘယ်ဘက်မှ တံခါးပွင့်လာသည်။ ဒီ တစ်ခါဆင်းလာသူကတော့ ရွှေကြိုးပါးပါးလေးတစ်ကုံးသာ ဆွဲထားသော်လည်း သူတို့ဝတ်ထားသော တဖျပ်ဖျပ်လက်နေသည့် စိန်များထက် အဆပေါင်းများစွာပိုပြီး ဝင်းပရွှန်းမြနေသည်။

'လှလိုက်တဲ့ ဗိုက်ကြီးသည်ပါလားဟယ်'

စိန်ရွှေမြက စိတ်တွင်းမှ ရေရွတ်လိုက်သည်။ မိခင်လောင်း အင်္ကျီအဝါနုနုပွပွလေးနှင့် သူပန်ထားသော သနပ်ခါးပန်းဝါဝါလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



က အရောင်ချင်းဟပ်နေသည်။ မီးခိုးရောင်ပေါ်တွင် အဝါရောင်ပန်း အနွယ်လေးတွေ ခက်သွယ်ထားသော ထဘီကိုဝတ်ထားပြီး မီးခိုးရောင် ကတ္တီပါဖိနပ်ပါးပါးလေး စီးထားသည်။ သူ့ကိုကြည့်ရသည်မှာ ရှင်းသန့် ပြီးလင်းနေသည်။

'ဟာ အစ်မလေး နွဲ့သဇင်'

ဒီတစ်ခါတော့ နွေးနွေးက ခင်ခင်ထားကို ပစ်ထားခဲ့ပြီး နွဲ့ သဇင်ဆီသို့ အူယားဖားယား ပြေးသည်။ သူ့ဘဝ၏ကယ်တင်ရှင်ဖြစ် ပြီး ညစဉ်ညတိုင်း ရည်မှန်း ကန်တော့နေရသူမို့ မမျှော်လင့်ဘဲတွေ့လိုက် ရတော့ ဝမ်းသာအားရ ဖြစ်နေသည်။ နွဲ့သဇင်ကလည်း နွေးနွေးကိုတွေ့ တော့ ဝမ်းသာသွားဟန်ရှိသည်။ ဒီကြားထဲတွင် ကြံတိုင်းအောင်နှင့် တစ်ခါ နှစ်ခါတွေ့သော်လည်း နွေးနွေးနှင့် လုံးဝမတွေ့ဖြစ်ခဲ့ပေ။

'ဟာ အစ်မလည်း သမီးလေးမွေးမှာ ဟုတ်လား၊ ဒီလိုဆို အစ်မ ပန်းရောင်ပစ္စည်းလေးတွေ စုထားရမှာပေါ့နော်'

ကြံတိုင်းအောင်က နွေးနွေးအားကြည့်ရင်း 'ဩော် ဒီရောဂါ ကလည်း ခုထိမပျောက်သေးပါလားဟဲ့' ဟုတွေးရင်း စိတ်လည်းပျက်၊ ရယ်လည်းရယ်ချင်နေသည်။

'ဗိုက်ကြီးသည်ယိမ်းမှာ ခေါင်းဆောင်မင်းသမီးက နောက်ဆုံး မှ ထွက်လာတာကိုး ကိုလင်းရ'

ခင်ခင်ထား၏ခင်ပွန်းဖြစ်သူ ကိုလွင်က ရယ်ရယ်မောမောနှင့် တီးတိုးပြောသည်။ ခင်ခင်ထားကတော့ ကိုလင်းကို မသိမသာအကဲခတ် ရင်း စိတ်မကောင်းဖြစ်နေသည်။ သူ့ကို ယခုအချိန်ထိ ဖုတ်လေသည့် ငါးပိ ရှိလေဟန်ပင် မထင်သည့် မိန်းမကိုမှ အမြတ်တနိုးဖြစ်နေခြင်းကို သိထားသည့်အတွက် ဖြစ်လေသည်။

နွေးနွေး၏ပုခုံးလေးကို ချစ်ခင်ရင်းနှီးစွာကိုင်၍ စကားပြော နေသော နွဲ့သဇင်ကို ကိုလင်းက ဖြတ်ခနဲတစ်ချက်သာ ကြည့်ပြီး ဣန္ဒြေ မပျက်ဆက်ပြီး လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့မျက်နှာလေးကတော့ ကြည်လာပြီ၊ နှုတ်ခမ်းလေးတွေလည်း ပြုံးနေပြီ၊ ဒါပေမယ့် မျက်လုံးလေးတွေကတော့ မပြုံးသေးပါလား နွဲ့သဇင်'

ကိုလင်းက ဆွမ်းစားကျောင်းပေါ်တက်ခဲ့ရင်း ရင်ထဲမှ ပြောနေမိပြန်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင် ပန်းတွေနှင့်ဝေနေသည်။ ခုတင်ဘေးက စားပွဲလေးပေါ်တွင် ကာနေးရှင်းပန်း နီနီရဲရဲများက စွင့်ဝေဆာနေသည်။ ဆိုဖာ ဆက်တီအလည်က စားပွဲပေါ်ရှိ ဖန်ပန်းအိုးပြာပြာထဲတွင် အဝါရောင် နှင်းဆီပန်းများကို တွေ့ရသည်။ ကလေးပုခက်ဖြူဖြူလေးအနားက ခုံပုကလေးပေါ်တွင်တော့ နှင်းဆီဖြူများက လှပဝေဆာနေပြန်သည်။

'အခုနောက်ပိုင်း ဗိုက်ခွဲရတဲ့သူတွေဆိုရင် ကံကောင်းတယ်၊ ဆေးကောင်းဝါးကောင်းတွေ ပေါ်နေပြီဆိုတော့ သက်သာတာပေါ့၊ ခွဲပြီးစ ရက်က ငါ့ညီမကို အောက်ပိုင်းကနေ ထည့်ပေးထားတဲ့ ဗော်တရင်ဆေးတောင့်ဆိုရင် သိပ်ပြီးအနာသက်သာတာ'

သူနာပြုဆရာမကြီးက ပြောပြနေသည်။ အပြာနုရောင်ခန်းဆီးရှည်ကြီးများကို ဆွဲဖွင့်လိုက်သောအခါ နံနက်ခင်း၏နေရောင်ခြည်နုနုထွေးထွေးလေးက အခန်းတွင်းသို့ တိုးဝင်လာသည်။ အဖြူရောင်သန့်သန့်အိပ်ရာပေါ်ဝယ် အဖြူရောင်ဇာနားတပ် အင်္ကျီခပ်ပွပွလေးဝတ်ထားသော တင်တင်ကြည်သည် ဖွေးဖွေးသန့်သန့်လေး ဖြစ်နေသည်။ ကလေးရော မိခင်ပါ အန္တရာယ်တွင်းမှ လွတ်ကင်းခဲ့ပြီမို့လည်း တစ်ကြောင်း၊ ဖိုးသကြိန်က 'သား စာကို အပြတ်ကျက်တော့မယ် မေမေ၊ ဒီနှစ်အောင်စေရမယ် စိတ်ချ' ဟု အမေ့ပါးကိုနမ်းကာ ကတိပေးသွားသောကြောင့်လည်း တစ်ကြောင်း အကြောင်းနှစ်ကြောင်းတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာ လက်ချမ်းသာ ဖြစ်နေသည်။ နေရောင်ပြင်းပြင်းထိကာ နွမ်းလျနေရာမှ မိုးရေအေးအေးပက်ဖျန်းခံလိုက်ရသော ပန်းပင်လေးလို လန်းဆန်း ရွှင်ပျနေသည်။

'အမိုးလည်း ညှပ်ရိုးကျဉ်းတော့ မွေးရတာခက်တယ်၊ သား သမီး သုံးယောက်လုံး ဗိုက်ခွဲရတယ်၊ ဒါပေမယ့် အမိုးတို့မွေးတုန်းက အခုခေတ်လောက် ဆေးကောင်းဝါးကောင်းတွေ မပေါ်သေးဘူး၊ အင်နာ ဂျက်ဆင်စားဆေးနဲ့ ထိုးဆေးကိုပဲ အားကိုးရတာ၊ ဒီနေ့ခွဲပြီးရင် နောက် တစ်နေ့ လမ်းလျှောက်ခိုင်းတယ်၊ နာလွန်းလို့ ခါးကိုမဆန့်နိုင်ဘူး ညီမ ကြီးရဲ့၊ အခုတော့ မောတရင် ထည့်ထားလိုက်ရင် ဟန်ကိုကျလို့'

အမိုးက အသက်ငါးဆယ်ကျော်ပြီမို့ ဝါရင့်သူနာပြုဆရာမကြီး ဖြစ်သည်။ ဗဟိုအမျိုးသမီးဆေးရုံမှ လုပ်သက်ပြည့်ပင်စင်ယူခဲ့ပြီး အပြင် ပုဂ္ဂလိကဆေးခန်းများတွင် အထူးသူနာပြုအဖြစ် ဝင်ရောက်လုပ်ကိုင်နေ ခြင်း ဖြစ်သည်။ သူ၏လက်ချောင်းများသည် တုတ်ခိုင်သန်မာလှသော် လည်း မွေးစကလေးငယ်များကို ပန်းပင်ပန်းပွင့်လေးများသဖွယ် တယု တယကိုင်တွယ် ပွေ့ပိုက်တတ်သည်။

သားလေးဆီမှ အဲ့ခနဲ ငိုသံကြားတော့ အမိုးက အသာစမ်း ကြည့်ကာ အနှီးကို ကျင်လည်သွက်လက်စွာ လဲလှယ်ပေးသည်။

'တို့များမိန်းမတွေက သူတို့ယောက်ျားတွေထက် သားအိမ် တစ်ခုပိုပြီးပါလာတာကိုက ဘုရားသခင်ဖန်ဆင်းပေးလိုက်တာပဲလေ၊ လူသားမျိုးဆက်တွေ ပြန့်ပွားစေနိုင်ဖို့ အမိုးတို့မိန်းမတွေကို သားမွေးပေး ရမယ်လို့ ဘုရားသခင်က သတ်မှတ်တာဝန်ပေးအပ်လိုက်တာပဲ မဟုတ် လားကွယ်'

သားလေး၏ပေါင်ကြား တင်ပါးကြားလေးများကို အသေ အချာ ခြောက်အောင်သုတ်သင်ပြီးနောက် အမိုးက ပေါင်ဒါမှုန့်ဖြူးပေး သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း အဲဒီတော့လည်း ကိုယ့်တာဝန်နဲ့ကိုယ် ပူကြ၊ ဖောင်းကြ၊ နာကြ၊ ကျင်ကြ၊ ခွဲကြ၊ စိတ်ကြ၊ မွေးကြပေါ့ပေါ့ဟယ်'

တင်တင်ကြည်က ဆက်၍တွေးရင်း စိတ်ညစ်လက်ညစ်နှင့် ပြုံးလိုက်မိသည်။

'ကိုယ်ဝန်ဆောင်ဆိုတာ တစ်နေ့ တစ်နေ့ သင်္ချိုင်းကုန်းကို မျက်စောင်းသုံးခါထိုးတယ်လို့ ပြောကြတာ တကယ်ပဲဟဲ့၊ အန္တရာယ် ဆိုတာ အမျိုးမျိုးဖြစ်တတ်တာ၊ အခု ညီမမှာက အချင်းနေရာမမှန်ရုံမို့ တော်သေးတာပေါ့၊ တချို့များကျတော့ ကလေးကပါ နေရာမမှန်ဘူး၊ သန္ဓေသားက နေရာလွဲပြီး သားအိမ်ထဲမှာမနေဘဲ သားဥပြွန်သေးသေး လေးထဲမှာ သွားတွယ်တာလေ၊ သန္ဓေသားနှစ်လကျော်ကျော်လောက် ရောက်ရင် သားဥပြွန်က သားအိမ်လိုကျယ်လာနိုင်တာမှ မဟုတ်တာ၊ ဒီတော့ ဘာဖြစ်မှန်းလဲ မသိဘူး၊ အောင့်တယ် အောင့်တယ်နဲ့ ဆေးရုံ ရောက်လာရော၊ တကယ်လို့ ညာဘက်သားဥပြွန်ဆိုရင် အူအတက်နဲ့ လည်း မှားတတ်သေးတယ်။ အဲဒါ ဆေးရုံ အရောက်နောက်ကျရင် ဒါမှ မဟုတ် အခွဲနောက်ကျရင် သားဥပြွန်ကွဲပြီး အသက်ပါဆုံးရော၊ ဟို အမိုး တို့ ခေတ်က ရုပ်ရှင်မင်းသမီးမေရီမြင့်ဆိုတာလေ၊ ချောကချော၊ လှက လှနဲ့ အရွယ်ကောင်းလေးမှာဆုံးရှာတာ၊ အဲဒီလို အတောပစ် ပရက်နင်စီ (Ectopic Pregnancy)ဖြစ်လို့ပေါ့'

မေရီမြင့်ကို တင်တင်ကြည် မမီလိုက်၊ မာမီပြောပြဖူးသဖြင့် မြန်မာပြည်တွင် အတော်လေးနာမည်ကြီးခဲ့သော မင်းသမီးတစ်လက် ဖြစ်မှန်းတော့ သိထားသည်။

'တချို့ကလေးတွေများ ကျတော့လည်း အမေ့ဗိုက်ထဲမှာ ကတည်းက အမေ့ဆီက ရောဂါတွေကူးရော၊ အသည်းရောင်အသားဝါ တို့ အိတ်(ချ)အိုင်ဗွီတို့ဆိုရင်ကလေးဆီ တိုက်ရိုက်ရောက်သွားတာ၊ ဘယ် လောက် သနားဖို့ကောင်းလဲ၊ သားသမီးမကောင်း မိဘခေါင်းလို့ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာ၊ မိဘမကောင်းရင်လည်း သားသမီးခေါင်းပဲ မဟုတ်လား ဟဲ့၊ သူတို့ခမျာ ကောင်းမွေတော့ မသိဘူး၊ ဆိုးမွေဆိုရင်တော့ ဗိုက်ထဲမှာ ကတည်းက ရသွားကြတာ'

ဒါကြောင့်မို့လည်း တင်တင်ကြည်က ကလေးများကိုယ်ဝန်ရှိ ချိန်တွင် အစစအရာရာ သတိထားသည်။ ကိုယ်ဝန်ဆောင်ထားစဉ် သာ လီဒိုမိုက်ဆေးသောက်မိသော အမေများကြောင့် ကလေးငယ်များ အင်္ဂါ မစုံမလင်ဖြစ်ခဲ့ကြရသည်ကိုလည်း ဖတ်ဖူးထားတော့ သူက ဖျားနာ ခေါင်းကိုက်လျှင်ပင် ဘာဆေးမှမသောက်ဘဲ ပေတောပြီးခံနေလေ့ရှိသည်။ သူ့ကိုယ်သူသက်သာရန် သောက်လိုက်သောဆေးကြောင့် ကလေးကို ထိခိုက်သွားမှာ စိုးရိမ်ပူပန်သောကြောင့်ဖြစ်သည်။

'တစ်နေ့တုန်းကတော့ ကလေးလေးသနားစရာကောင်းလိုက် တာ၊ နေ့စေ့လစေ့မွေးခါနီးနေမှ သူ့ချက်ကြိုးနဲ့သူ လည်ပင်းပတ်မိပြီး အထဲမှာတင်သေရှာရော'

အမိုးက ပြောမိပြီးမှ ပါးစပ်ကိုပိတ်ကာ တင်တင်ကြည်အား စိုးရိမ်ဟန်နှင့် လှမ်းကြည့်သည်။ သွေးနုနု သားနုနုတွင် စိတ် မကောင်း စရာ၊ စိုးရိမ်စရာများ မပြောသင့်ဟု ယူဆမိသောကြောင့်ဖြစ်သည်။ တင် တင်ကြည်က နားထဲဝင်ဟန်မရှိဘဲ သူ့လက်ထဲမှ ကလေးကို လှမ်းကြည့် နေသည်ကိုတွေ့ရမှ သက်ပြင်းလေး မသိမသာချလိုက်မိသည်။

အမိုးပွေ့လာပေးသော သားလေးကို တင်တင်ကြည်က ဆီးပြီး ယုယစွာ ပွေ့ယူလိုက်သည်။ ကြည့်စမ်း သေးကွေးနုနယ်လိုက်တဲ့ သား ကလေး၊ ဒီသားကလေး အသက်ရှင်ခွင့်ရအောင် လူ့ရပ်လူ့ရွာသို့ ဘေး ရန် ကင်းရှင်းစွာရောက်လာအောင် သူ့မှာ အထပ်ထပ်အပြန်ပြန် ဆု တောင်းခဲ့ရသည်။

'ကြည့် ကြည့်၊ ပါးစပ်က နို့ဟပ်နေပြီ၊ နင့်သားလေး အစား ပုပ်ပုံနဲ့တော့ ခဏလေး ထွားလာမှာပါဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



အမိုးက ဂွမ်းစလေးကို ရေနွေးဆွတ်ကာ တင်တင်ကြည်၏ ရင်သားထိပ်ကို ပွတ်သပ်သန့်စင်ပေးသည်။ ဟိုဟပ် သည်ဟပ်နှင့် ဟပ်နေသော သားငယ်သည် သူ့ပါးစပ်ထဲသို့ နို့သီးခေါင်းရောက်လာသည်နှင့် အငမ်းမရစို့တော့သည်။ သူ့ခန္ဓာကိုယ်မှ တစိမ့်စိမ့်ယိုစီးထွက်လာသော နို့ရည်များနှင့်အတူ မိခင်၏မေတ္တာစိတ်ကပါ အရည်ပျော်ပြီး သားလေး၏ခန္ဓာကိုယ်ထဲ စီးဝင်သွားသလို ခံစားရသည်။ မေမေ့သား၊ မေမေ့ဝမ်းထဲတွင် ပျက်မကျစေရန် တွယ်ကပ်ပြီး ကျပ်တည်းကျဉ်းမြောင်းစွာ နေခဲ့ရရှာသည့် သနားစရာ မေမေ့သားကလေး။

သားကလေးက ရင်သားတစ်ဖက်ကိုစို့နေစဉ် ကျန်တစ်ဖက်မှ နို့ရည်များက တစ်စက်စက်ကျနေ၍ အမိုးက မွေးပွမျက်နှာသုတ်ပဝါ သေးသေးလေး ခံပေးထားရသည်။

'အမေကလည်း နို့ရွှင်ရွှင်၊ သားကလည်း အစားပုပ်ပုပ်နဲ့ နောက်သုံးလလောက်နေရင် အမိုးလာကြည့်ဦးမယ်ဟဲ့၊ ဘယ်လောက်ဖွံ့နေလဲ သိချင်လို့'

ခဏနေတော့ သားလေးနို့ဝသွားသည်။ ခေါင်းကလေးလှန်ကာ နို့သီးခေါင်းကို လျှာနှင့် တွန်းထုတ်လိုက်ရင်း မျက်စိလေး စင်းမှေးလာသည်။ တင်တင်ကြည်က သားလေးကို တစိမ့်စိမ့်ကြည့်ရင်း ကြည်ကြည်နူးနူးလေး ဖြစ်နေသည်။ အားရပါးရ ဖက်ပွေ့ပြီး နဖူးလေး ပါးလေးများကို ရှိုက်နမ်းလိုက်ချင်သော်လည်း အသားနုနုလေး နာသွားမှာလည်း စိုး၊ သူ့ရှူထုတ်လိုက်သော လေကို သားကလေး ရှူမိမှာလည်း စိုးတော့ အနီးဖြူဖြူလေး ထုပ်ထားသော ဗိုက်ကလေးကိုသာ ဖွဖွလေး နမ်းမိသည်။ ကလေးနံ့မွှေးမွှေးလေးက ရင်ထဲတွင် အေးသွားသည်။

'ကလေးပေါက်စတွေဟာ ဒီလိုပဲ၊ အော်လိုက်၊ ငိုလိုက်၊ နို့စို့လိုက်၊ အီးပါလိုက်၊ သေးပေါက်လိုက်နဲ့ ခဏလေးကြီးလာတာပဲ'

အမိုးက တင်တင်ကြည်၏ရင်ခွင်ထဲမှ သားလေးကို ပြန်လည်ပွေ့ယူကာ ပုခက်ထဲသို့ သွားပြန်ထည့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပေါင်ဒါလိမ်းဦးမလား၊ ခဏနေရင် ဧည့်သည်တွေ လာချင် လာနေဦးမှာ'

'တော်ပါပြီ'

တင်တင်ကြည်က ခေါင်းခါသည်။ လူမှုရေးအရ လည်းကောင်း၊ ခင်မင်မှုအရလည်းကောင်း တစ်နေ့တစ်နေ့ လာသော ဧည့်သည်များက မနည်းလှ၊ မောင်မောင်ကပင် သိပ်မကြိုက်ချင်ပေ။ 'ကလေးက နုနုလေး မမကြီးရ၊ ဗိုက်ထဲကထွက်ခါစတုန်းကလည်း ပါးစပ်ထဲ ချွဲတွေ ဆို့နေလို့ မနည်း စုပ်ထုတ်ထားရတာ၊ အခန်းထဲ လူပေါင်းစုံ ဝင်နေတာ ဘယ် ကောင်းမှာလဲ၊ ဘယ်သူ့မှာ ဘာရောဂါပါလာမလဲ ဘယ်သူမှ မပြောနိုင် ဘူး၊ လူစုံသလို ရောဂါလည်း စုံနေမှာ၊ မတော်လို့ ကလေးကို ကူးစက် သွားရင် ဘယ့်နှယ်လုပ်မှာလဲ'ဟုပြောသည်။ သို့သော်လည်း လာသော ဧည့်သည်များကို မလာပါနဲ့၊ ပြန်ပါဟု တား၍ ရကောင်းသည်မှ မဟုတ် တာပဲ၊ 'ကျွန်တော် ဒီတစ်ခါလာလို့ အခန်းထဲမှာ ဧည့်သည် နှစ်ယောက် ထက် များနေရင် သားလေးကိုခေါ်သွားတော့မှာနော်' ဟု မောင်မောင်က အတည်ပေါက်နှင့် ခြိမ်းခြောက်နေသေးသည်။

'မောင်မောင်က ကလေးသိပ်လိုချင်ရှာတာ အမိုးရဲ့'

'အေး လိုချင်တဲ့လူတွေကလည်း မရလို့ လိုချင်၊ မလိုချင်တဲ့ သူတွေကျတော့လည်း ရလျက်နဲ့ မလိုချင်'

အမိုးက ကာနေးရှင်းပန်းများထည့်ထားသော ပန်းအိုးကို ရေ အသစ်လဲပြီး ပြန်လည်ထိုးစိုက်ပေးသည်။ ကားကားစွင့်စွင့်ပွင့်နေသော အနီရောင်ရဲရဲ ပန်းပွင့်များသည် တစ်ပွင့်နှင့်တစ်ပွင့် အလှချင်းပြိုင်နေ သည်။

'တစ်နေ့တုန်းက အမိုးတို့လမ်းထဲက မိန်းမလေး၊ နဂိုကတော့ အကာအကွယ်မယူဘူး၊ ကလေးရလာတော့ မလိုချင်ဘူးတဲ့'

'အိမ်ထောင်မရှိလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်ဟဲ့၊ အပြင်မှာက သုံးကောင်၊ အဲဒါဘယ်အချိန်က ဘယ်နေရာမှာ ဘာသွားလုပ်လဲ မသိဘူး၊ အထဲမှာ မကုန်ဘဲ တစ်ပိုင်း တစ်စကျန်နေတော့ အဖျားတွေတက် အပုပ်ဆန်ပြီး သွေးသွန်တာပေါ့ ဟယ်၊ ဆေးရုံကိုလည်း အချိန်မီ မသွားတော့ သေပါရော၊ အမိုးလည်း သေမှ သိတယ်'

'ဟင်'

'ကလေးစရိတ်က မသေးဘူးဟဲ့၊ အမိုးလည်း ကလေး သုံးယောက် မွေးထားတာ အကုန်လက်လွတ်ကုန်ပြီ၊ အခုသာ မွေးဆိုရင် သုံးယောက်မမွေးနိုင်တော့ဘူး၊ စာအုပ်ဖိုး၊ ကျူရှင်ဖိုး၊ သင်တန်းဖိုး၊ အင်္ကျီ ဖိုး၊ ဖိနပ်ဖိုး၊ မလိမ္မာလို့ ဆေးရှူပြန်ရင်လည်း တစ်ဒုက္ခ၊ အမိုးသားရဲ့ သူငယ်ချင်း ကောင်လေးဆိုရင် တစ်ဖက်နိုင်ငံမှာ သွားပြီး အလုပ်လုပ် တာ ရာဘဆိုလား ရာမဆိုလား ဆေးတစ်မျိုးလေ လုံးလုံးစွဲပြီး လူဖြစ်ရှုံး ရော'

အမိုးက ရောက်တတ်ရာရာ ဆက်ပြောနေသော်လည်း တင်တင်ကြည်ကတော့ 'ဆေးရုံကို အချိန်မီမသွားတော့ သေပါရော' ဟူသော စကားကိုပင် ထပ်ပြန်တလဲလဲ ကြားယောင်နေသည်။ ကမ္ဘာ တည်ပြီး ယောက်ျားနှင့်မိန်းမ စကတည်းက ကိုယ်ဝန်ဆောင်ခြင်းနှင့် သားမွေးခြင်းနှင့်ပတ်သက်၍ ဇာတ်လမ်းတွေ အမျိုးမျိုးရှိခဲ့ကြဖူးမည် ဖြစ်သည်။ လွမ်းစရာလေးများ၊ ဆွေးစရာလေးများ၊ ပျော်ရွှင်ကြည်နူးဖွယ်ရာများ၊ နာကျည်းကြေကွဲစရာများ။

'ဟောဗျာ ဧည့်သည်တစ်ယောက်မှ မရှိဘူးလား၊ ကျွန်တော်က အများကြီးရောက်နေပါစေ ဆုတောင်းနေတာ၊ ဒါမှ သားလေးကို ကျွန်တော်ခေါ်သွားလို့ဖြစ်မှာ'

တင်မောင်မောင်က အခန်းတွင်းလှမ်းဝင်လာရင်း စိတ်ပျက်သွားဟန်နှင့်ပြောသည်။ တင်တင်ကြည်က သူ့မောင်ကို ငေးကြည့်နေ

www.burmeseclassic.com



'သူ့ခမျာ ကလေးသိပ်လိုချင်ရှာတာ၊ အမိုးပြောသလိုပဲ လိုချင်တဲ့သူတွေကျတော့လည်း ဒီကလေးက မလာ' ဟု ကရုဏာစိမ့်စိမ့်နှင့် တွေးနေမိလေသည်။

'မမကြီးသားက အစ်ကိုထွန်းနဲ့မတူပေါင်၊ ကျွန်တော်နဲ့ တူနေတာပါဗျာ'

တင်မောင်မောင်က ကလေးပုခက်နားတန်းသွားပြီး သားလေးကို ငုံ့ကြည့်နေသည်။ သူ့ဘဝတွင် အစစ အရာရာ ပြည့်စုံနေပြီး သားသမီးမရှိသည့်အတွက် အမြဲတမ်းဟာတိဟာတာကြီး ဖြစ်နေတတ်သည်။ ဒီကြားထဲ ကလေးအထူးကုဆရာဝန်ဖြစ်လာတော့ ချစ်စဖွယ်ကလေးငယ်များကိုတွေ့တိုင်း ရင်ထဲတွင် မသိမသာ ထိခိုက်ခံစားရတတ်သည်။ သူမျက်နှာလွှဲခဲ့သော ကလေးငယ်လေးသည် လူ့ရုပ်လူ့ရွာသို့ ရောက်လာခွင့်ရှိခဲ့ရဲ့လား၊ ရှိခဲ့လျှင်လည်း သားလေးလား သမီးလေးလားဟူသော အတွေးက သူနှလုံးသားကို ချွန်မြသောဆူးလေးနှင့် ထိုးဆွနေသလို တစစ်စစ် နာကျင်လာစေတတ်သည်။

အခုတလောတော့ ဘာဖြစ်သည်မသိ၊ သူ့စိတ်က အတိတ်ဆီသို့ မကြာခဏထွက်ပြေးသွားတတ်သည်။ ရေတွင်းဘောင်လေးကို မှီကာ ခိုကိုးရာမဲ့ ငိုရှိုက်နေသော မိန်းကလေး၊ သူ့ကို အားကိုးတကြီးကြည့်နေသော ထိုမိန်းကလေး၏ မျက်ဝန်းညိုညိုလေးများကို အိပ်မက်ထဲတွင်ပင် ပြန်ပြီးတွေ့နေရသည်။ မနေ့တုန်းကပင် အိပ်မက်ထဲမှာ ထိုမိန်းကလေးကို တွေ့နေသေးသည်။ သူက 'ကလေးရောဟင်၊ ကလေးရော' ဟု အမောတကော မေးနေသော်လည်း မိန်းကလေးက မတုန် မလှုပ်ကျောက်ရုပ်ကလေးလို ငြိမ်နေသည်။ ထို့နောက် နှုတ်ခမ်းလေးများကို တွန့်ကွေးပြီး အေးစက်စွာပြုံးပြလေသည်။

'ဟော တံခါးခေါက်သံကြားရတယ်'

တံခါးကို ခပ်ဆဆလေး ခေါက်လိုက်သောအသံကြားတော့မှ

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးက ပြတ်သွားသည်။ တင်တင်ကြည်ကို လှမ်းကြည့်ရင်း 'ဇည့် သည်နှစ်ယောက်ထက်များနေရင် ကလေးကို ခေါ်သွားမှာနော်' ဟု ခပ်သဲ့သဲ့ပြုံးရင်း ခြိမ်းခြောက်သလို ပြောပြန်သည်။

'ဒေါ်တင်တင်ကြည်ရဲ့အခန်း မဟုတ်လားဟင်'

တံခါးဖွင့်ပေးသော အမိုးကို မေးလိုက်သည့်အသံကို ကြားရသည်။ မိန်းမသံပဲ၊ မမကြီးရဲ့သူငယ်ချင်းတွေလား၊ အစ်ကိုထွန်း၏ရုံးမှ ဘာကတော်၊ ညာကတော်တွေလားဟု တင်မောင်မောင်က တွေးနေမိစဉ် သင်းသင်းပျံ့ပျံ့မွှေးရနံ့လေးက အခန်းတွင်းသို့ တိုးဝှေ့ဝင်ရောက်လာသည်။

အမိုးက တံခါးကိုဆွဲဖွင့်ကာ ဘေးဖယ်ပေးလိုက်သည်။ ဦးစွာတွေ့လိုက်သည်ကတော့ သဇင်ပန်းများ ဖြစ်သည်။ ငှက်ပျောဖက် စိမ်းစိမ်းခံကာ ထုပ်ထားသည့် သဇင်ပန်းအခက်ရှည်ရှည်ကြီးများမှာ တနွဲ့နွဲ့ ညွတ်နေကြသည်။ တသင်းသင်း ပျံ့မွှေးနေသည်။

သဇင်ခိုင် သဇင်ခက်များ၏အပေါ်မှ မျက်နှာလေးကို လှမ်းကြည့်လိုက်မိသောအခါတွင်ကား တင်မောင်မောင်၏နှလုံးသားသည် ရင်ထဲမှပြုတ်ထွက်ပြီး လည်ချောင်းဝတွင် လာပြီးဆို့နေလေသည်။

'သူ သူပါလား'

နွဲ့သဇင်ကလည်း တင်မောင်မောင်ကို လှမ်းမြင်လိုက်သည်နှင့် ရင်ထဲတွင် ဝရုန်းသုန်းကား လှုပ်ရှားသွားသည်။ သို့သော် မျှော်လင့်ပြီးသားမို့ သူ့ကိုယ်သူချက်ချင်း ပြန်ပြီးထိန်းလိုက်နိုင်သည်။ 'အဲဒီအချိန်မှာ နင်ပြုံးနေရမယ်၊ ပြုံးရုံကလေးပဲ ပြုံးပြလိုက်ပါ နွဲ့သဇင်' ဟူသော အစ်မကြိုင်၏စကားက သူ့နားစည်ကို ပြင်းထန်စွာရိုက်ခတ်နေသည်။

'ငါပြုံးရမယ်၊ ပြုံးနေရမယ်'

နွဲ့သဇင်သည် သူ့ကိုယ်သူ သတိပေးရင်း အခန်းထဲသို့ သိမ်မွေ့လှပစွာ လှမ်းဝင်လာသည်။ သူဝတ်ထားသော မိခင်လောင်းအင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ပွပွလေးက သူလမ်းလျှောက်လိုက်တိုင်း မသိမသာအိပြီး လွန့်နေသည်။ နှလုံးသားက တဆတ်ဆတ်ခုန်နေသော်လည်း နှုတ်ခမ်းလေးနှစ်လွှာက ချိုမြမြ ပြုံးနေသည်။

'မမ နေကောင်းတယ်နော်'

နွဲ့သဇင်က သူ့လက်ထဲမှ သဇင်ခိုင် သဇင်ခက်များကို တင်တင်ကြည်အား ကမ်းပေးလိုက်သည်။ တင်တင်ကြည်က 'ဟယ် သဇင်ပန်းတွေ' ဟု ဝမ်းသာအားရနှင့် တိုးတိုးလေးအော်လိုက်မိသည်။ ယဉ်ယဉ်လေးမွှေးပျံ့နေသော သဇင်ပန်းများကို အမြတ်တနိုးပွေ့ပိုက်ရင်း 'ကျေးဇူးတင်လိုက်တာ ညီမရယ်၊ မမက သဇင်ပန်းသိပ်ကြိုက်တာ' ဟု ပြောသည်။

'မမအတွက် ပန်းယူလာချင်တာ၊ ဘာပန်းယူရမလဲ စဉ်းစားလို့ မတတ်ဘူး၊ နောက်မှ သဇင်ပန်းကို သတိရတယ်၊ သဇင်ပန်းဆိုရင် လူတိုင်းကြိုက်တတ်ကြတာမို့ မမလည်း ကြိုက်မှာပဲလို့ ထင်လို့လေ'

နွဲ့သဇင်က ရိပ်ရိပ်လေးပြုံးရင်း ပြောသည်။

'ကြိုက်ပြီးသားညီမရယ် မမရဲ့အမေဆိုရင် ပိုတောင်ကြိုက်သေးတာ၊ သဇင်ပေါ်ချိန်ဆိုရင် သဇင်ကလွဲလို့ ပန်တာမဟုတ်ဘူး'

'ဟုတ်တာပေါ့ မမရယ်၊ သဇင်ပန်းပန်စရာရှိနေတဲ့သူက ဒီပြင်ပန်းတွေကိုပန်ရင်လည်း ခဏတဖြုတ်သာ ပန်တော့မှာပေါ့'

နွဲ့သဇင်၏အသံက တိုးတိုးနွဲ့နွဲ့လေး ဖြစ်သည်။

တင်မောင်မောင်၏ခေါင်းထဲတွင်တော့ ထူထူပူပူဖြစ်ပြီး ဝေသွားသည်။ ဒီစကား ဒီစကားကို သူကြားဖူးသည်၊ ဟုတ်သည်။ အမှန်တကယ် ကြားဖူးသည်။ သူ့မိခင်က ရေတွင်းဘေးက ကောင်မလေးကို ဒီအတိုင်းပြောခဲ့ဖူးသည်။

သူက မင်သက်မိသလို ငေးနေမိစဉ် တစ်ခါတုန်းက ရေတွင်းဘေးက ကောင်မလေးက သူ့ကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သြော် သူက မမရဲ့မောင်လေ၊ ဒေါက်တာတင်မောင်မောင်တဲ့၊ ကလေးအထူးကုဆရာဝန်ကြီးပေါ့'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်'

နွဲ့သဇင်က ချိုသာယဉ်ကျေးစွာ ပြုံးလိုက်သည်။

သူ့ကိုယ်သူ တည်ငြိမ်အေးဆေးအောင် ထိန်းသိမ်းနိုင်သည့်အတွက်ရော ရွှင်ရွှင်လေးပြုံးနိုင်သည့်အတွက်ရော နွဲ့သဇင်သည် ကိုယ့်ကိုယ်ကို ကျေနပ်သွားသည်။ သူ၏စိတ်ခါတ်အင်အားကို ထာဝစဉ်ဖေးကူမြှင့်တင်ပေးခဲ့သည့် အစ်မကြိုင်ကိုလည်း ကျေးဇူးအတင်ကြီး တင်မိရှာလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရသမျှကို ကြားသာကြားလိုက်ရသော်လည်း မခင်အေးက မယုံချင်ပေ။ တစ်ခါမျှ ဒီလောက်စကားများများ မပြောဖူးသော သူ့အစ်ကို ကိုရေအေးကို တအံ့တသြကြီးကြည့်ရင်း သူ့ဦးနှောက်ထဲတွင် ရှုပ်ထွေးဆူဝေနေသည်။

'အဖေ့အစ်မနှစ်ယောက်ကလည်း နင့်ကို တွေ့ချင်တယ်တဲ့၊ ဒါပေမယ့် ငါ့ဆရာရဲ့မိန်းမ အင်းလေ အခုတော့ ငါရဲ့အစ်မဝမ်းကွဲပေါ့ သူကလည်း အရေးပေါ်ခွဲစိတ်ပြီး အသက်လုထားရတော့ အလုပ်တွေရှုပ်နေကြတာပေါ့ဟာ'

မခင်အေးက ကိုရေအေးပြောသမျှစကားတွေက အမျှင်တွေလိုဖြစ်ပြီး သူ့ဦးနှောက်ကိုလာပြီးရစ်ပတ်နေသလို ခံစားရသည်။ ထို့ကြောင့် စိတ်ထဲမှနေပြီး တစ်မျှင်ချင်းရှင်းကာ တစ်ခုချင်းပြန်တွေးနေရသည်။

'အစ်ကို့ဆရာရဲ့ မိန်းမ၊ အင်း သူ့ကို မွေးတာက အဖေ့ရဲ့အစ်မ၊ အဖေနဲ့ သူနဲ့က မောင်နှမအရင်းဆိုတော့ အင်း ဟုတ်တာပေါ့၊ သူ့သမီးနဲ့ ငါတို့နဲ့က တစ်ဝမ်းကွဲမောင်နှမ၊ အမလေး ယောင်လို့တောင် မတွေးမိပါဘူးတော်၊ အတော်ချော အတော်လှပြီး အတော်ချမ်းသာတယ်ဆိုတဲ့ ညွှန်မှူးကတော်က ငါတို့ရဲ့ အစ်မတစ်ဝမ်းကွဲတဲ့'

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့ မထင်တာတွေက တကယ့်ကို ဖြစ်လာတတ်သည်ကို အခုလိုကိုယ်တွေ့ကြုံရတော့ မယုံ၍ မရတော့ပေ။ သူသာလျှင်မက သူ့ဘေးတွင်ထိုင်ရင်း ကင်ပွန်းရွက်စည်းနေသော အမေချစ်ပင် ဘာကိုမျှ ဆက်မလုပ်နိုင်။ ဓာတ်စုံခင်းပြနေသော ကိုရေအေးကို တငေးတမောကြည့်ရင်း ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေရှာလေသည်။ သူ့ချွေးမ မခင်အေး၏ဖခင်အကြောင်းကို သူ တစ်ခါမျှ မစပ်စုခဲ့ဖူးတော့ ငယ်ငယ်ကတည်းက ဆုံးသွားသည်ဆိုတာကလွဲ၍ ဘာဆိုဘာမျှ မသိခဲ့ချေ။ သူ၏ခမည်းခမက်တော်သူ မခင်အေး၏မိခင်နှင့် တရင်းတနှီးခင်မင်ခဲ့ဖူးသော်လည်း သူကလည်း သေဆုံးသွားချိန်အထိ သူ့အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဘာကိုမျှ ဖွင့်ဟပြောဆိုခြင်းမပြုခဲ့ဖူးပေ။

'သူတို့ကပေးတော့ ပေးမှာပဲ အမေချစ်ရဲ့၊ ပေးချင်လွန်းလို့ကို ဆက်သွယ်လာတာ၊ ဘယ်အချိန်ကျမှ ဘယ်လောက်ရမှာလဲတော့ ကျွန်တော်လည်း မသိဘူး'

'အေးကွယ် အေး၊ ကလေးကုသိုလ်ပေါ့ကွယ်၊ ငွေဆိုတာမျိုးက ပိုတယ်လို့မှမရှိတာ၊ ဝမ်းရေးပြည့်စုံရင် ပညာရေး၊ ကုသိုလ်ရေးတွေလည်း ဖြည့်ဆည်းနိုင်တာပေါ့'

အမေချစ်က ဝတ္ထုဆန်လှသောအဖြစ်အပျက်ကို အံ့သြနေဟန်ရှိသော်လည်း အမွေတွေရမည်ဟု ဆိုသည့်သတင်းအတွက်တော့ ထူးထူးခြားခြား မတုန်လှုပ်လှပေ။ သူ့ခြံထဲမှ သစ်ပင် ပန်းပင် စိမ်းစိမ်းစိုစို တွေလိုပင် သူ့စိတ်က စိမ်းစိုအေးချမ်းလှသည်။ ကင်ပွန်းပင်၊ ဒန့်သလွန်ပင်၊ ကွဲကောပင်နှင့် ချဉ်ပေါင်ပင်တွေက သူ့စိတ်ကို ဘောင်ခတ်ထားဟန်ရှိသည်ဟုပင် သူ့ဟာသူ တစ်ခါတစ်ရံတွေးမိသည်။ သူ၏ စိတ်က ထိုအပင်တွေ၏အပြင်ကိုမထွက်၊ နံနက်စောစောထ၊ ဘုရား ဝေယျာဝစ္စ လုပ်ပြီးလျှင် ခြံထဲဆင်း၊ ခူးတန်တာခူး၊ စည်းတန်တာစည်း၊ ခုတ်တန်တာခုတ်နှင့် ထမင်းစားချိန်ရောက်သွားသည်။ ထိုအချိန်တွင် ပြေး

www.burmeseclassic.com

www.burmeseclassic.com



ကလေး သက်ဝေက သူ့နောက်ကို တကောက်ကောက်လိုက်ရင်း တွတ်တီး တွတ်တာပြောနေတတ်တော့ မောမုန်းပင်မသိ၊ အမောလည်း ပြေလှသည်။ တစ်နေ့တုန်းကပဲကြည့်။

'ဖားဖားကြီး'

'အင် ဖွားဖွားကြီးလို့ ပီအောင်ခေါ်ပါသမီးလေးရယ်'

'ဖားဖားကြီးရဲ့ တမီးက ဖားဖားကြီးလို့ပဲ ပီအောင်ထော်နေတာပဲဟာ'

'ကဲ ကဲ ထားပါတော့၊ ဖားဖားကြီးပဲထားပါတော့'

'ဒန့်ဒွန်တီးတွေက ဘာရို့ရှည်တာလဲဟင်'

'ဒန့်သလွန်သီးရဲ့သဘာဝက ရှည်တာကိုး သမီးရဲ့'

'ဒီရိချို အုန်းတီးကျတော့ ဘာရို့ ရုံးရုံးကြီးဖစ်နေတာရဲ'

'အင်း လုံးတာကလည်း အုန်းသီးရဲ့သဘာဝပဲကိုး'

'အုန်းတီးထဲက ရေတွေကိုရော ဘယ်တူထည့်ရဲ'

'သဘာဝကပဲပေါ့'

'ဘာရို့ ချိုနေရဲ'

'အဲဒါလည်း သဘာဝကြောင့်ပဲပေါ့၊ ကဲ ဖွားကပြန်မေးဦးမယ်၊ သမီးလေးကရော ဘာလို့ ဒီလောက်စကားများနေရတာလဲ'

သူကပြန်မေးတော့ သက်ဝေခမျာ အကျပ်ရိုက်သွားသည်။ သူ့ကို မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်ကြည့်ရင်း စဉ်းစားနေသည်။ ထို့နောက်တော့ မျက်နှာလေးဝင်းသွားကာ လက်ညှိုးလေးတစ်ချောင်းထောင်ရင်း 'အဲဒါရဲ တမီးရဲ့တဘာဝပေါ့ ဖားဖားကြီးရဲ့'ဟု ချက်ကျလက်ကျ ပြန်ဖြေသည်။ သူ့မှာ သဘောတွေအကျကြီးကျပြီး ရယ်လိုက်ရသည်မှာ မျက်ရည်ပင်ထွက်သည်။ ကဲ ဒီလိုဘဝကို ပိုင်ဆိုင်ထားရသောသူ့အတွက် ငွေကြေးဥစ္စာကို မျှော်လင့်တောင့်တနေဖို့ အချိန်ပိုနိုင်ပါ့မလား၊ လူကရော အားနိုင်ပါ့မလား၊ သူအမျှော်လင့်ကြီး မျှော်လင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တောင့်တနေမိသည်မှာ တစ်ခုသာရှိသည်။ သူ့ချွေးမ မခင်အေး၏ ဝမ်းဗိုက်ထဲမှ ကလေးငယ်သည် ယောကျ်ားလေးဖြစ်ဖို့၊ ထိုမြေးကလေးကို သာသနာ့ဘောင်ထဲ သွတ်သွင်းရှင်ပြုပြီး သင်္ကန်းလေး ဝါဝါဝင်းဝင်းနှင့် တွေ့ရဖို့။

'ဟုတ်တယ် အမေချစ်ရဲ့၊ ကလေးတွေက သူ့ကံနဲ့သူလာကြတာ၊ ဒီညွှန်မှုးလက်အောက်မှာ ကျွန်တော်လုပ်နေရတာ ဆယ်နှစ်လောက်ရှိနေမှဟာကို တစ်ခါမှမဆက်စပ်မိပါဘူး၊ အခုအမ္ဘာညီနောင် ကိုယ်ဝန်နဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ဆက်မိစပ်မိတာ၊ ကျွန်တော့်ခယ်မတွေကတော့ ကလေးတွေက သူတို့ကုသိုလ်ကံနဲ့သူတို့ ရတနာထုပ်ကို သူတို့ဟာသူတို့ ထမ်းလာကြတယ်လို့ အကြားအမြင်ကဟောတယ်ပြောတာပဲ'

ကိုရေအေးကတော့ အတော်လေးဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ဝမ်းသာလည်း သာစရာ၊ သူ့ခမျာ ရန်ကုန်တွင်နေရသူဆိုတော့ စားစရိတ် နေစရိတ်ကြီးရသည့်အထဲတွင် ကလေးကလည်း များလေတော့ တစ်ချိန်လုံး လုံးလည်ချာလည်လိုက်နေရသူ ဖြစ်သည်။ မခင်အေးကလည်း အခုမှ ကြည်ကြည်နူးနူးလေးဖြစ်ခါ ဝမ်းသာဖို့သတိရသည်။ သူ့အတွက်တော့ မဟုတ်ချေ။ သူ့အစ်ကိုအတွက် ဖြစ်သည်။

'နင်ရော နေကောင်းရဲ့လား'

'ကောင်းပါတယ် အစ်ကိုရဲ့၊ နေရထိုင်ရတာလည်း ပေါ့ပေါ့ပါးပါး ရှိပါတယ်'

'အဲဒါဆိုရင် ယောကျ်ားလေးပဲ'

အမေချစ်က သူဖြစ်ချင်တာကို ဝင်ပြောသည်။

'နင်ကိုယ်ဝန်ဆောင်အားဆေးရော သောက်ရဲ့လား'

'သောက်တယ်အစ်ကိုရဲ့၊ ကိုလှမောင်ဝယ်လာပေးပါတယ်'

'ငါ့မိန်းမကတော့ အခုမှ အူယားဖားယားနဲ့ ဆေးဝယ်ပြီး သောက်နေလေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေမြက သူ့ဗိုက်ထဲမှ ကလေးတွေကို အခုမှ အချစ်တွေပို နေသည်။ အခုတော့လည်း 'တော် အကြောထတဲ့ ဒီတစ်ဗိုက်'ဟု ခုနစ်သံချီပြီး ဟစ်ခဲ့သူမှာ သူမဟုတ်သည့်အတိုင်းပင်။

'ဒေါ်ပုတုကလည်း အကုန်လုံးကောင်းပါတယ်တဲ့'

'နင်ကလည်း ဒီတစ်ယောက်လည်း ဒေါ်ပုတုနဲ့ပဲလား'

'ဒေါ်ပုတုက တော်ပါတယ် အစ်ကိုရဲ့၊ တလောတုန်းကလည်း အစိုးရသားဖွားသင်တန်း ထပ်တက်ထားသေးသတဲ့၊ ဒီနားပတ်လည်တော့ သူမွေးပေးတဲ့ ကလေးတွေချည်းပါပဲ'

သားဖွားသင်တန်းတက်ပြီး ပြန်လာပြီးသည့်နောက်တွင် ဘယ်ကနေဘယ်လို သူ့ပါးစပ်ထဲသို့ 'ဂွတ်' တစ်လုံးရောက်လာသည် မသိ၊ အခါတိုင်းလို အနေအထားမှန်သည်၊ ကောင်းသည်ဟုမပြောပဲ 'အိုကေတယ်' 'ဂွတ်တယ်' 'အားလုံးဂွတ်တယ်' ဟု တစ်ဂွတ်ထဲ ဂွတ်နေသောကြောင့် ကိုလှမောင်ကပင် အခါတိုင်း ခေါ်သလို ဒေါ်ပုတုဟု မခေါ်တော့ဘဲ 'ဒေါ်ဂွတ်တု' ဟု ပြောင်းခေါ်နေသဖြင့် ရယ်ခဲ့ကြရသေးသည်။

'ဒါပေမယ့် ဆေးရုံမှာ မွေးရင် ဘာပဲဖြစ်ဖြစ် အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ဆရာဝန်နဲ့နီးတာပေါ့ဟာ'

အစ်ကိုရေအေးက သူ့အတွက် ပူပူပင်ပင်နှင့် စိုးရိမ်စကားပြောနေသည့်အတွက် မခင်အေးဝမ်းသာသွားသည်။

'သက်ဝေလေးမွေးတုန်းကလည်း သူပဲမွေးပေးတာလေ အစ်ကိုရဲ့၊ ချောချောမောမောပါပဲ၊ ပထမတစ်သားသာ ခက်တတ်တာ၊ နောက်သားတွေက စိုးရိမ်စရာ မရှိပါဘူး၊ ကျွန်မ ဆေးရုံတက်ရင် ထမင်းပို့ရ ညစောင့်ရနဲ့ အိမ်မှာ ကသီမှာ အစ်ကိုရဲ့'

မခင်အေးက ဆေးရုံ ကြောက်သည်။ ဆေးရုံကို သာမက အဆောက်အဦးထဲ လှမ်းဝင်လိုက်လျှင်ပင် ရလေ့ရှိသော အရက်ပျံနံ့လိုလို၊ ဆေးနံ့လိုလို၊ ဆေးရုံနံ့ကိုပါ ကြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးမွေးတာများကွယ် တို့များမိန်းမတွေ ကမ္ဘာဦးအစ ကတည်းက မွေးလာကြရတာ၊ အဲဒီတုန်းက ဘာဆေးရုံ ဘာဆရာဝန်မှ ရှိမှာမဟုတ်ပါဘူးကွယ်၊ သားမွေးရတာ မိန်းမသဘာဝပဲဟာ၊ သားမွေးတိုင်းသာ ဆေးရုံတက်နေရရင် တို့များတောကလူတွေ ဘယ်လိုလုပ်ရပါ့မလဲ၊ နနွင်းနိုင်နိုင် မီးမှာကိုင်တဲ့၊ မီးဆိုတာ မီးတွင်းခုနစ်ရက်ကိုပြောတာ၊ အိမ်မှာမွေးပါမှ နနွင်းနိုင်နိုင်လိမ်းရသောက်ရတာ၊ နနွင်းဟာ ရိုးရာဆေးကွဲ့'

အမေချစ်ကပါ ဝင်ပြောသည်။ အဲဒါကတော့ ဟုတ်သည်။ ဆေးရုံမှာ နနွင်းပျစ်ပျစ်တွေ ရေဖျော်သောက်ပြီး နနွင်းထိန်ထိန် သွားလိမ်းလို့တော့ မရချေ။ သူ့မိန်းမစိန်ရွှေမြက ဆေးရုံတက်စဉ် နနွင်းကိုခိုးသောက်ခဲ့သော်လည်း လိမ်းတော့ မလိမ်းရဲချေ။ ဆေးရုံဆင်းပြီး အိမ်ရောက်ခါမှ နနွင်းထိန်ထိန်လိမ်းရလေ့ရှိသည်။ မြန်မာတို့၏ရှေးအစဉ်အဆက် ဆင်းသက်လာသော အယူအရကတော့ မီးနေသည်နှင့် နနွင်းဝါဝါက ခွဲခြား၍မရဘဲ တစ်သားတည်း တွဲလျက်ရှိသည်။ ဆေးရုံမှာတော့ မွေ့ရာအိပ်ရာခင်းများ စွန်းထင်းညစ်ပေမှာစိုးလို့လား၊ ခေတ်မီဆေးပညာအရ နနွင်းသောက်ခြင်းမှာလည်း မသင့်တော်၍လားတော့ မသိ။ 'နနွင်းတွေမသောက်နဲ့၊ မလိမ်းနဲ့နော်' ဟု ဆရာဝန် ဆရာမတွေက အော်လေ့ရှိသည်။ သူတို့တွေ ရှေ့ကအော်သွားလျှင် သောက်သူတွေကလည်း နောက်ဘက်မှခိုးသောက်နေကြသည်ကို သူတွေ့နေ မြင်နေကျ ဖြစ်နေသည်။

'ကဲ ကဲ ငါလည်း ပြန်မှ၊ ဆောင်းတွင်း ကုန်ခါနီးပေမယ့် အမှောင် စောသေးတယ် ဟ'

ကိုရေအေးက လက်ပတ်နာရီကိုငုံ့ကြည့်ကာ နေရာမှထသည်။

'သဘော်သီးတွေ ယူသွားဦးမလား ဟင်'

'ဟာ ဒီကနေ့ လမ်းမရောက်ခင် အဝေးကြီးလျှောက်ရဦးမှာ၊

www.burmeseclassic.com

www.burmeseclassic.com



နင့် သဘော်သီးတွေ ဆွဲနေရရင် မသက်သာဘူး၊ ကင်ပွန်းချဉ်ရွက်အာ အဲဒါလည်း ဆူးတွေနဲ့၊ တော်ပြီဟာ ဟိုဗန်းထဲက ရဲယိုရွက်နည်းနည်းပဲ ပေးလိုက်တော့'

ကိုရေအေးက သူ့ထုံးစံအတိုင်း ပင်ပန်းမည်ထင်သမျှကိစ္စတွေကို ရှောင်ရှားပြီး အပေါ့ပါး အလွယ်ကူဆုံးကိုသာ သယ်ရန် စဉ်းစားသည်။

'နောက်တစ်ခါလာရင် တက္ကစီငှားလာမယ်၊ အဲဒီကျမှ နင့်သဘော်သီးတွေ ထည့်ပေးလိုက်'

'အမယ် အမယ် သူဌေးကြီးက'

ခပ်ကြွားကြွား ခပ်မော့မော့ပြောသော ကိုရေအေးအား ကြည့်ရင်း မခင်အေးက သဘောကျစွာ ရယ်မောမိသည်၊ သူ့အစ်ကို စိတ်ချမ်းသာနေပုံကို ကြည့်ရင်း သူပါ ပျော်လာသည်။

'ငါ့မိန်းမကတော့ သူ့ဗိုက်ထဲက ကလေးတွေကို ပါရမီရှင်လေးတွေ ဆိုပြီး သင်္ကန်းတွေ ဘာတွေ လှူနေပြီ၊ နင့်ဗိုက်ထဲက ကလေးလည်းအတူတူပဲပေါ့ဟ၊ နင်လည်း လှူလိုက်ဦး'

မခင်အေးက ကြည်ကြည်နူးနူးလေးပြုံးရင်း သူ့ဗိုက်ကိုသူ ငုံ့ကြည့်သည်။ နောက်တစ်လလောက်နေလျှင် သူ့ဗိုက်ထဲမှ သားငယ်လေး (သူက ယောကျ်ားလေးဟုပင် ယုံကြည်ထားသည်။) လူ့ရပ်လူ့ရွာသို့ရောက်ရှိလာတော့မည်။ ဗိုက်ထဲတွင် တွန်းထိုးလှုပ်ရှားနေသည်ကို သိသိသာသာ ခံစားနေရသည်။ ဟော ဒီလုံးလုံးလေးက ခုံးထလာပြန်ပြီ၊ ခေါင်းကလေးလား၊ ဒူးကလေးလား၊ ဒီဘက်ကဖုလာတဲ့ ချွန်ချွန်လေးကရော၊ တတောင်ဆစ်ကလေးလား၊ သူက လက်နှင့်အသာအုပ်ထားရင်း သူ့ဗိုက်ထဲမှ သက်ရှိလူသားလေးကို အတွေးအာရုံတွင် မြင်ယောင်ပြီး မေတ္တာစိတ်တွေ ပျော်ဝင်စီးဆင်းနေသည်။

'ကလေးမွေးပြီးမှပဲ ထမင်းရည်ချောင်းစီး အလှူအကြီးကြီးပေးတော့မယ် အစ်ကိုရေ'

www.burmeseclassic.com

www.burmeseclassic.com



'အေး အေး သာဓု သာဓု၊ နှစ်ခါပဲ ခေါ်ထားလိုက်ဦးမယ် ဟေး ဟေး'

အမေချစ်လှမ်းပေးသော ကြွပ်ကြွပ်အိတ်ကို လှမ်းယူလိုက်ရင်း ကိုရေအေးက ရယ်မောသည်။

'အင်း ချန်ထားဦး ချန်ထားဦး၊ တစ်ခါချန်ထားလိုက်ဦး၊ အလှူ ရေစက်ချတော့မှ သုံးကြိမ်ပြည့်အောင်ခေါ်၊ ဟောဒီက အလှူ့အမကြီး က စည်တွေဗြောတွေတီးပြီး အလှူအကြီးကြီးပေးမှာ အစ်ကိုရေ့'

မခင်အေးကလည်း မျက်နှာကိုမော့ပြီး သူဌေးမကြီးလို ဟန်ချီ ပြလိုက်ရင်း တခစ်ခစ် ရယ်နေသည်။ ထိုအလှူကို သူတကယ်လှူခွင့် ကြုံရလိမ့်မည်ဟုပင် သူ့ကိုယ်သူ ယုံကြည်နေမိရှာလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'ငါပညာတွေ အများကြီးသင်ထားတာပဲ၊ အခုတော့ အဲဒီပညာတွေကို ဘာမှလည်း အသုံးမချရတော့ဘူး၊ စာရင်းကိုင်ပညာတွေလည်း မေ့တောင်ကုန်ပြီ၊ အင်္ဂလိပ်စကားနဲ့ ဂျပန်စကားကလည်း ဧည့်ခံပွဲမှာပဲ အနည်းအပါးအသုံးကျတာ၊ ဒီလိုပဲ သူဌေးကတော်လှလှလေးလုပ်ရင်း တစ်ဘဝလုံး ကုန်ရတော့မှာလား'

နေခြောက်လှန်းထားသော သဇင်ပန်းလေးများသည် ခြောက်ပင်ခြောက်သွားသော်လည်း သင်းသင်းပျံ့ပျံ့မွှေးနေတုန်းပင် ဖြစ်သည်။ အဝကျယ်ကျယ် အုန်းဆီပုလင်းထဲသို့ အသာလေးချလိုက်တော့ ခြောက်နေသော သဇင်ပန်းခက်ကလေးသည် ကွေးညွတ်ညွတ်ပုံစံလေးအတိုင်း အုန်းဆီကြည်ကြည်ထဲသို့ တဖြည်းဖြည်း နစ်မြုပ်သွားလေသည်။ မွှေးရနံ့ မပြယ်သေးသော သဇင်ပန်းလေးများသည် သူ၏ရနံ့ကို အုန်းဆီထဲသို့ စိမ့်ပြီး ပျော်ဝင်စီးဆင်းသွားစေလိမ့်မည် ဖြစ်လေသည်။

နွဲ့သဇင်သည် သူ့ကိုယ်သူပင် အံ့သြနေသည်။ ကိုကိုမောင်နှင့် မတွေ့မီက တဖျပ်ဖျပ်လှုပ်ရှားနေခဲ့သော သူ၏စိတ်အစဉ်သည် အခုတော့ အတည်ငြိမ်ကြီး တည်ငြိမ်ပြီး အေးဆေးငြိမ်သက်နေသည့်အတွက် ကြောင့်ဖြစ်လေသည်။ သူ့ကို တအံ့တသြကြည့်ရင်း မှင်တက်မိနေသော ကိုကိုမောင်အား ကြည်သာချိုမြစွာ ပြုံးပြပြီးသောအခါတွင် သူ၏အလှ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အပျိုဖြန်းမလေး နွဲ့နွဲ့သည် တဖြည်းဖြည်း မှိန်ဖျော့သွားလေသည်။ နွဲ့နွဲ့သာမက သူ၏နှလုံးသားကို ထာဝစဉ်စိုးမိုးကာ လှုပ်ခါနေစေခဲ့သော ကိုကိုမောင်သည်လည်း မှေးမှိန်သွားသည်ကို ထူးဆန်းစွာ ခံစားနေရသည်။ ယခု အသစ်တဖန် ပြန်လည်တွေ့ရှိရသော ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာတင်မောင်မောင်သည် သူနှင့် ဘာမျှ မပတ်သက်တော့ချေ။

'ကြည့်စမ်း ငါ့ညီမက၊ မမကိုတော့ သဇင်ပန်းတွေအများကြီးပေးပြီး၊ ကိုယ်တိုင်ကျတော့ စံပယ်ပန်းပန်ထားတယ်၊ ဘာလဲ သဇင်ပန်းမကြိုက်လို့လား'

နွဲ့သဇင်ပန်ထားသော စံပယ်ပန်းကုံးလေးကို ကြည့်ပြီး ဒေါ်တင်တင်ကြည်က ထူးဆန်းနေသလို တအံ့တသြမေးသည်။

'မဟုတ်ပါဘူး၊ ကျွန်မက ပန်းတိုင်းကိုကြိုက်ပါတယ်'

'ဒါနဲ့များကွယ်'

'ဒါပေမယ့် သဇင်နဲ့ယှဉ်ရတိုင်း ကျန်ခဲ့ရတဲ့ ပန်းလေးတွေကို သနားလို့ပါ၊ ဒီမနက်လည်း သဇင်ရော စံပယ်ရော အိမ်မှာအများကြီးပဲ၊ ဒါကြောင့် သဇင်ကိုတော့ ဘုရားလည်း တင်၊ မမကိုလည်း ပေးပေါ့၊ ကျွန်မကတော့ စံပယ်လေးတွေကိုပဲ ပန်လိုက်တော့တယ်'

နွဲ့သဇင်က ကြည်ကြည်လင်လင်လေးပြုံးကာ ခပ်သဲ့သဲ့လေး ရယ်မောနေမိသည်။ စံပယ်ပန်းရနံ့သည် သဇင်နံ့ကို မယှဉ်နိုင်ချေ။ တော်ဝင်နန်းထိုက်သည့် ပန်းမကိုဋ္ဌသဇင်ပန်း၏ရနံ့က လေလုံနေသော အခန်းထဲတွင် တသင်းသင်း တပျံ့ပျံ့ ဝဲလှည့်ကာ မွှေးနေသည်။

ဒေါ်တင်တင်ကြည်ဆီမှ သူပြန်ထွက်လာတော့ ကိုကိုမောင်ကလည်း ကိစ္စတစ်ခုခုရှိဟန်နှင့် လိုက်ထွက်လာသည်။ ကံကောင်းသည်လား၊ ကံဆိုးသည်လားတော့မသိ၊ ဓာတ်လှေကားလူခေါ်ခေါင်းလောင်းနှိပ်ထားစဉ် အနီးအနားမှာ လူရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့ မဟုတ်လားဟင်' ကိုကိုမောင်က ခပ်လောလောမေးသည်။

'ကျွန်မ နွဲ့သဇင်ဖြစ်နေပါပြီ'

'နာမည်လေးက သိပ်လှတယ်'

'ဟုတ်ကဲ့ အရင်ဘဝက မလှခဲ့တော့ နာမည်လှလှနဲ့ ဘဝလှလှ တစ်ခု ထူထောင်နိုင်အောင် ကြိုးစားခဲ့တာပါ'

'အောင်မြင်တယ် ထင်ပါရဲ့နော်'

'ဟုတ်ကဲ့၊ ကျွန်မရဲ့ဘဝအသစ်မှာ ကျွန်မအသားကျနေပါပြီ'

ဓာတ်လှေကားတံခါးပွင့်လာတော့ သူက လှမ်းဝင်လိုက်သည်။ ကိုကိုမောင်က အပြင်ဘက်တွင်ရပ်လျက် ကျန်ခဲ့သည်။ တုန်လှုပ်အံ့သြခြင်း၊ နှမြောတသခြင်းများ ထင်ဟပ်နေသော သူ၏မျက်နှာကိုတော့ ဓာတ်လှေကားတံခါးများမပိတ်မီ ခေတ္တတွေ့လိုက်ရသည်။ ဓာတ်လှေကား တံခါးနှစ်လွှာက ဂျပ်ခနဲစေ့ကာ ပိတ်သွားသည်။ ထို့နောက် ငြိမ့်ခနဲ အောက်ဘက်ဆင်းလာသည်။

နွဲ့သဇင်၏စိတ်ထဲတွင် ကြည်လင်အေးဆေးနေသည်။ သူ၏ အတိတ်တံခါးသည်လည်း ခုနတုန်းက ဓာတ်လှေကားတံခါးလို စေ့ပိတ်သွားပြီဖြစ်ကြောင်း သူ့ကိုယ်သူ သိလိုက်သည်။ မျက်တောင်တိုတို စင်းစင်းနှင့် ဆွဲဆောင်မှုအားနည်းလှသော ကိုဘိုကြည်၏အကြင်နာ မျက်လုံး အစုံကို အတွေးအာရုံထဲတွင် ထင်မြင်လာသည်။ အရောင်တဖျပ် ဖျပ် တောက်ပနေသောကိုကိုမောင်၏ ညှို့မျက်ဝန်းအစုံသည် သူ့ကို ဆွဲငင် ဖမ်းစားခြင်း မပြုနိုင်တော့ဘဲ တဖြည်းဖြည်းဝေး၍ ဝေး၍ မှုန်သွားလေသည်။

နွဲ့သဇင်က သဇင်ပန်းခြောက်လေးနောက်တစ်ခက်ကို ဆီပု လင်းထဲ ထပ်ထည့်လိုက်ပြန်သည်။ သဇင်ပန်းကို မပန်ဖြစ်သော်လည်း သဇင်ပန်းခြောက်စိမ်ထားသော အုန်းဆီကိုတော့ သူက အစဉ်အမြဲပင် တမြတ်တနိုးလိမ်း ဖြစ်သည်။ သဇင်ပန်းရနံ့လေး ပျံ့ပျံ့သင်းနေသော အုန်းဆီကို သူ နှစ်သက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲတွင် ရေသံကြားရသည်။ ကိုဘိုကြည်ရေချိုးနေခြင်းဖြစ်သည်။ ကဘောက်တိ ကဘောက်ချာဆိုနေသော သီချင်းသံကိုလည်း ကြားရသည်။ သူက ဘာသီချင်းကိုမှ ဟုတ်တိပတ္တိ မဆိုတတ်သော်လည်း ရေချိုးလျှင်တော့ သီချင်းအင်မတန်ဆိုချင်သည်။ ဆိုလိုက်သမျှကလည်း တလွဲတွေချည်းပဲမို့ နွဲ့သဇင်က ခဏ ခဏ ပြုံးမိရယ်မိရတတ်သည်။ ယခုလည်းကြည့်၊ 'အတောင်ပံပါရင် မင်းဆီကို ဝေးနေချိန်ရဲ့ ခရီးလေးကို တာတီး တာ တာ တီးတာ'နှင့် ဟစ်ဆိုနေသည်။ သီချင်းစာသားအဖုံဖုံသည် သူ့ပါးစပ်ထဲရောက်လျှင် 'တာတီးတာ တာ တာတီးတာ'တွေချည်း ဖြစ်ကုန်တတ်သည်မို့ သီကုံးဖွဲ့ဆိုသူတွေကြားလျှင် အလွန်ပင် စိတ်ညစ်ကြရှာပေလိမ့်မည်။

နွဲ့သဇင်က တစ်ဦးတည်း ပြုံးနေမိစဉ် အိပ်ရာဘေးမှ တယ်လီဖုန်းလေးက မြည်လာသည်။ ကောက်ပြီးထူးလိုက်တော့ 'ဒေါ်နွဲ့သဇင်နဲ့ ပြောပါရစေ' တဲ့။

'ဟုတ်ကဲ့ နွဲ့သဇင်ပြောနေပါတယ်'

'တင်မောင်မောင်ပါ'

'သြော် ဟုတ်ကဲ့၊ ပြောပါရှင်'

နွဲ့သဇင်က ပင့်သက်ကို မသိမသာရှိုက်ရှူကာ တစ်စစီပြန့်ကျဲနေသော စိတ်ဓာတ်အင်အားများကို ကမန်းကတန်းအားယူပြီး အတင်းစုစည်းလိုက်သည်။ ကိုကိုမောင်နှင့်ထိပ်တိုက်ရင်ဆိုင်ရတော့မည်၊ လိုအပ်သောကြောင့် ပြောလာရမည့်မုသားစကားများကို အဆင်ပြေစွာ၊ ချောမွေ့စွာ၊ လွယ်ကူစွာ ပြော၍ထွက်လာနိုင်စေရန် သူ့ကိုယ်သူ အားပေးနေမိသည်။

'တစ်ခုမေးချင်လို့ပါ'

'ဟုတ်ကဲ့ မေးပါရှင်'

နွဲ့သဇင်သည် အေးစက်ပြီး တည်ငြိမ်နေသော သူ၏အသံကို သူ့ဟာသူ ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးအကြောင်း သိချင်တယ်၊ ကိုယ်တို့ရဲ့ကလေး ဘယ်ရောက်နေလဲ၊ ဘာဖြစ်နေလဲ ကိုယ်အကုန်သိချင်တယ်'

တင်မောင်မောင်က နိဒါန်းတွေ ဘာတွေ သွယ်မနေဘဲ ဖြောင့်ကျကျပင် မေးသည်။ ရင်ဆိုင်နိုင်အောင်၊ တည်ငြိမ်နေအောင် အားတင်းထားသော်လည်း နွဲ့သဇင်၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။ လည်ချောင်းဝထိ ခုန်တက်လာသော နှလုံးသားကို လက်နှင့်အသာဖိထားရင်း 'ဣန္ဒြေမပျက်စေနဲ့ မိနွဲ့ရယ်'ဟု ကိုယ့်ကိုယ်ကို သတိပေးနေသည်။ သားလေးအကြောင်းကို သူ မသိစေရ။ ဘယ်နည်းနှင့်မျှ မသိစေရ၊ သားလေးနှင့်လည်း မပတ်သက်မိစေရ။

'သူ လူ့ဘဝကို ရောက်မလာခဲ့ပါဘူး'

စိတ်ပျက်အားလျော့သွားသလို သက်ပြင်းချလိုက်သော အသံသည် သတ္တုကြိုးတစ်လျှောက် စီးမျောလာသည်။ ခေတ္တမျှငြိမ်သွားပြီး တုန်ယင်ညှိုးငယ်သောအသံနှင့် ထပ်မေးသည်။

'တကယ်ပဲလား ဟင်'

'ဟုတ်ကဲ့ တကယ်ပါပဲရှင်'

'ကျွန်တော် မယုံချင်ဘူး၊ ယုံလည်း မယုံနိုင်ဘူး'

'ဘာဖြစ်လို့ပါလိမ့်'

'နွဲ့နွဲ့ဟာ ဒီလိုလုပ်မယ့်မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ သူ့ကို အသက်ရှင်ခွင့်ပေးလိမ့်မယ်လို့ ကျွန်တော်တစ်ချိန်လုံး မျှော်လင့်နေမိတယ်၊ ယုံကြည်နေခဲ့တယ်'

နွဲ့သဇင်က ရုတ်တရက် မျက်ရည်လည်လာသည်။ သို့သော် မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး ထိန်းထားလိုက်သည်။

'ဟုတ်ကဲ့ ယုံကြည်ထားတာတွေဟာ တစ်ခါတလေကျတော့ မှားယွင်းနေတတ်ပါတယ်'

'ကျွန်တော်ယုံကြည်ထားတာတွေက မမှားတတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူက ဇဝေဇဝါနှင့်ထပ်ပြောသည်။ ဒီလိုအချိန်မှာ အသံသာသာလေးနှင့် ရယ်မောပစ်လိုက်ဖို့ ကောင်းသော်လည်း နွဲ့သဇင် မရယ်နိုင်၊ သူ့အသံတွေ တုန်ခါမသွားအောင် နှုတ်ခမ်းကို ဖိကိုက်ပြီး ထိန်းထားရသည်။

'လူဆိုတာ ကိုယ့်ကိုယ်ကိုအချစ်ဆုံးလို့ ပြောကြတယ် မဟုတ်လား၊ ကိုယ့်ဘဝရပ်တည်ရှင်သန်နိုင်ဖို့ ကြိုးစားရတဲ့အခါ မလုပ်ချင်တဲ့အလုပ်၊ မလုပ်သင့်တဲ့အလုပ်တွေကို လုပ်ရတာတွေလည်း ရှိခဲ့တာပေါ့၊ ပုထုဇဉ်လူသားတစ်ယောက်အနေနဲ့တော့ အချိန်အခါနဲ့ အခြေအနေက အထောက်အကူပေးပါမှ အမြဲတမ်းအပြစ်ကင်းပြီး ကောင်းကောင်းနေနိုင်မှာပေါ့ရှင်'

ရင်ထဲတွင် ပူလောင်ပြီး မီးတောက်နေသော်လည်း နွဲ့သဇင်၏ အသံက မီးအရှိန်မဟပ်ဘဲ အေးအေးချိုချိုကလေးပင် ဖြစ်သည်။ 'ငါ့အတော် ဟန်ဆောင်ကောင်းနေပြီပဲ' ဟု ဆက်တွေးရင်း နွဲ့သဇင် မချိပြုံးလေး ပြုံးလိုက်မိလေသည်။ နာကျင်ကြေကွဲစွာနှင့် ကုန်လွန်ခဲ့ရသော အချိန်များသည် သူ့ကို တည်ငြိမ်ရင့်ကျက်ခြင်းဟူသော လက်ဆောင်ကိုလည်း ပေးအပ်ခဲ့လေသည်။

'ကျွန်တော် စိတ်မကောင်းဘူးဗျာ'

တင်မောင်မောင်၏ အသံက ဖျော့နေသည်။ 'ကျွန်မ စိတ်မကောင်းဖြစ်ခဲ့ရတာကတော့ ကြာလှပါပြီရှင်' ဟု နွဲ့သဇင်က စိတ်ထဲမှ ပြန်ပြောလိုက်မိသည်။ နှုတ်ကတော့ ဘာစကားမျှ ပြန်မပြောမိတော့။ ပြောစရာစကားလည်း မရှိတော့ဘူးဟုထင်သည်။ တင်မောင်မောင်ကလည်း ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းနှစ်ခါလောက်ချပြီးသော အခါ သူ့ဘက်မှ အလျင် တယ်လီဖုန်းချသွားသည်။

'နှုတ်ဆက်လိုက်ပါတယ် ကိုကိုမောင်'

နွဲ့သဇင်က တယ်လီဖုန်းခွက်ကလေးကို စိုက်ကြည့်ကာ ရင်ထဲမှ နှုတ်ဆက်လိုက်သည်။ သူ၏ကျန်သော ဘဝသက်တမ်းတစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



တွင်တော့ ကိုကိုမောင်က ဆက်လက်စိုးမိုးနိုင်တော့မည် မဟုတ်သည်ကို သူ့ကိုယ်သူ သိလိုက်သည်။ သူသည် ကိုကိုမောင်၏ အရိပ်အောက်မှ လွတ်မြောက်ခဲ့ပေပြီ။

တယ်လီဖုန်းလေးကို ပြန်တင်ထားလိုက်ရင်း နွဲ့သဇင် ငြိမ်ငြိမ်လေး ဆက်ထိုင်နေမိသည်။ ထို့နောက်မှ ကိုဘိုကြည်ကို သတိရသည်။ ရေချိုးခန်းထဲတွင်လည်း အိပ်ခန်းနှင့်ဆက်လျက် တယ်လီဖုန်းလိုင်းခွဲ တစ်ခု တပ်ဆင်ထားသည်ကို ဖြုန်းခနဲသတိရသည်။ တစ်စုံတစ်ဦးက သူ့ကို ငေးစိုက်ကြည့်နေသလို ခံစားရ၍ ရေချိုးခန်းဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုဘိုကြည်ကိုတွေ့ရသည်။ မွေးပွတစ်ဘက်ကြီး ခြုံထားသော ကိုဘိုကြည်သည် သူ့ကို ခပ်ငေးငေး ခပ်တွေတွေ လှမ်းကြည့်နေလေသည်။

ကိုကိုမောင်နှင့် ဖုန်းပြောစဉ်က တည်ငြိမ်အေးဆေးနေခဲ့သော သူ၏နှလုံးသားသည် လျှင်မြန်စွာ လှုပ်ရှားလာသည်။ လက်ဖျားတွေလည်း ချက်ချင်းအေးလာသည်။ သူသိသွားပြီ၊ ဘုရားကယ်တော်မူပါ၊ သူ၏အတိတ်ဘဝက ဇာတ်ရပ်ကို သူ၏ခင်ပွန်းသိရှိသွားပါပြီ။

'သူ့ကလေးကို သူသိပ်တွေ့ချင်နေတယ် ထင်တယ်၊ ကိုကိုတောင် စိတ်မကောင်းဘူး'

သူမျှော်လင့်ထားသလို တင်းမာခြင်းစိတ်ဆိုးခြင်းမရှိဘဲ ကိုဘိုကြည်က ခပ်အေးအေးပင်ပြောသည်။ သို့သော် သူ့အသံ အေးအေးက နွဲ့သဇင်၏ နှလုံးသားကို လက်အေးကြီးနှင့် ဖြစ်ညှစ်လိုက်သလို မွန်းကျပ်သွားစေသည်။ ကိုယ်က အပြစ်မကင်းခဲ့သူ၊ မရိုးသားခဲ့သူဆိုတော့ ကိုဘိုကြည်ကိုပင် ရဲရဲမကြည့်ရဲဘဲ မျက်နှာလေးဖြူလျော်သွားသည်။

'နွဲ့လေးအကြောင်း လက်မထပ်ခင်ကတည်းက ကိုကို အကုန်လုံးသိပြီးသားပါ' ကိုဘိုကြည်က အနေရခက်နေသောသူ့ကို ကရုဏာသက်ဟန်နှင့် ခပ်လောလောပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ် ဘယ်က သိတာလဲ'

'အစ်မကြိုင်ပဲ အကုန်ပြောပြတာ'

'ဟင် အစ်မက'

'ဟုတ်တယ် သူက အကုန်လုံး ပြောပြခဲ့တယ်၊ နွဲ့လေးကို ကြည်ဖြူမှ၊ ခွင့်လွှတ်နိုင်မှ၊ တစ်သက်လုံးလည်း မြတ်နိုးနိုင်မှ လက်ထပ်ပါတဲ့၊ ဒါပေမယ့် ကိုကိုသိနေတာကိုလည်း နွဲ့လေး မသိပါစေနဲ့တဲ့'

သူ့ဘဝတွင် ထာဝစဉ် ရှေ့ဘက်မှ မားမားရပ်တည်ပေးခဲ့သော အစ်မကြိုင်ကို နွဲ့သဇင်က ကျေးဇူးအတင်ကြီး တင်မိရပြန်သည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပေါ်ကောင်းပေါ်လာမည်ဖြစ်သော ကိုကိုမောင်ကြောင့် နွဲ့သဇင်၏ဘဝတွင် အဖုအထစ်မဖြစ်စေရန်၊ အစောကြီးကတည်းက ကြိုတင်ပြီး အသိပေးကာကွယ်ထားခဲ့သော အစ်မကို စိတ်ထဲမှ ကျိတ်ပြီး ကန်တော့လိုက်ရင်း နွဲ့သဇင် မျက်ရည်တွေရစ်ဝိုင်းလာသည်။

'အမေတို့ အစ်မတို့ကတော့ မသိပါဘူး၊ ကိုကိုတစ်ယောက်တည်း သိတာပါ'

နွဲ့သဇင်က ကိုဘိုကြည်ကို မရဲတရဲလေးလှမ်းကြည့်သည်။ သူ့ဘက်မှ မရိုးသားခဲ့သည်ကတော့ အမှန်ပင်။

'ကိုကို စိတ်မဆိုးဘူးလား'

'မဆိုးပါဘူးကွယ်၊ နွဲ့လေးကို သနားပြီးပိုတောင်ချစ်ရသေးတယ်'

'ကိုကိုရယ်'

နွဲ့သဇင်က မျက်ရည်တွေစီးကျလာကာ အားရပါးရ ရှိုက်ငိုလိုက်သည်။ မွေးပွတဘက်ကြီးခြုံထားသော ကိုဘိုကြည်က နွဲ့သဇင်၏ ဦးခေါင်းလေးကို သူ့ရင်ခွင်ထဲဆွဲသွင်းပြီး ဖက်ထားသည်။ ရေချိုးပြီးစမို့ အေးမြလတ်ဆတ်နေသော သူ့ဆီမှ ခေါင်းလျှော်ရည်နံ့နှင့် ဆပ်ပြာနံ့သင်းသင်းကို ရှူရှိုက်ရသည်။ ပိတ်လျောင်မွှန်းကြပ်နေသော အခန်း

www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းကျဉ်းကလေးထဲမှ ရုန်းထွက်လွတ်မြောက်လာသူလို နွဲ့သဇင်၏ ရင်တွေ တဆတ်ဆတ်ခုန်နေသည်။

'တိတ် တိတ် ကိုယ်ဝန်အရင့်အမာကြီးနဲ့ သိပ်ငိုနေရင် ကလေး ထိခိုက်နေဦးမယ် အမကြီးရဲ့'

နွဲ့သဇင်က သူ့ရင်ခွင်ထဲတွင်မျက်နှာအပ်ကာ စိတ်ရှိ လက်ရှိ ငိုပစ်လိုက်သည်။ တစ်ခါမျှ ဒီလောက်ငို၍ မကောင်းဖူးသေးချေ။ မျက်ရည်တစ်စက်ကျတိုင်း သူ့ကိုစိုးမိုးချုပ်ကိုင်ထားခဲ့သော ကိုကိုမောင်က တစ်လှမ်းဝေးသွားပြီး ကိုဘိုကြည်က တစ်လှမ်းနီးလာသည်။ ငို၍ ဝတော့ နီးနေလျက်နှင့် အဝေးကြီးက လူလို ထာဝစဉ် ခံစားနေခဲ့ရသော ကိုဘိုကြည်က သူ၏နှလုံးသားနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်ရှိနေ လေသည်။

'နွဲ့လေ နွဲ့ အခုကလေးကို ဗိုက်ခွဲ မမွေးချင်တော့ဘူး၊ သိ သိလား ကိုကို'

နွဲ့သဇင်က ရှိုက်ငိုရင်းပြောသည်။ ကိုဘိုကြည်က မျက်လုံး ပြူးသွားသည်။

'ဟင် ဒီလိုဆို ဘယ်လိုမွေးမှာလဲ'

'ရိုးရိုးမွေးမယ် သဘာဝအတိုင်းမွေးမယ်'

'ဘာ ဘာ ဘာဖြစ်လို့လဲ'

'အို ဗိုက်ခွဲရင် သုံးယောက်ပဲ မွေးလို့ရမှာ၊ နွဲ့ကအများကြီး လိုချင်တယ်၊ ကိုကို့အတွက် အများကြီး မွေးပေးချင်တယ်'

ကိုဘိုကြည်က ရုတ်တရက် ငြိမ်သွားသည်။ နွဲ့သဇင်က မျက်ရည်များကို လက်ခုံနှစ်ဖက်နှင့် ပွတ်သုတ်လိုက်ရင်း သူ့ကို လှမ်းကြည့် သည်။ သူကလည်း နွဲ့သဇင်ကို တွေတွေစိုက်စိုက် ပြန်ကြည့်နေသည်။ မျက်လုံးအစုံတွင်တော့ မျက်ရည်တွေ ဝေ့လည်နေသည်ကို တွေ့ရလေ သည်။ ထို့နောက် အိပ်မက်မက်နေသူလို ခပ်တိုးတိုး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုတစ်သက်လုံး စိတ်ကူးယဉ်ခဲ့ဖူးတယ်၊ ခြံအကျယ်ကြီးနဲ့ အိမ်အကျယ်ကြီးထဲမှာ ကလေးတွေအများကြီးနဲ့လေ၊ ခြံထဲမှာ သစ်ပင် ပန်းပင်တွေ စိုက်ကြမယ်၊ ကလေးတွေကလည်း ကူပေါ့၊ ကလေးတွေနဲ့ အတူတူဆော့လိုက်၊ ရေကူးလိုက်၊ သစ်ပင်တွေ စိုက်လိုက်၊ ဆိုးတဲ့ကောင်ကို ဆူလိုက်၊ ချော့တန်တာချော့ပြီး ဆုံးမလိုက်နဲ့ပေါ့၊ အဲဒီလိုဘဝမျိုးကို နွဲ့လေးက ပေးမှာလား'

'ဟုတ်ကဲ့'

နွဲ့သဇင်က ခေါင်းညိတ်သည်။

'နောင်ဆယ်နှစ်လောက်နေရင် နွဲ့လေးကလည်း အစ်မကြိုင်လို မိန်းမဝတုတ်ကြီးဖြစ်လို့ ကလေးတွေကို အင်္ဂလိပ်စာသင်ပေးလိုက်၊ သင်္ချာသင်ပေးလိုက်၊ ဂျပန်စာသင်ပေးလိုက်နဲ့ပေါ့'

'ဟုတ်တယ် သားသမီးတွေကို လိမ္မာအောင်၊ ယဉ်ကျေးအောင်၊ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်တတ်အောင်၊ စာတော်အောင်၊ အနေအထိုင် မမှားအောင်၊ ဘုရားတရားလည်း ရိုသေ ကိုင်းရှိုင်းအောင်၊ လူကြီးမိဘကို ရိုသေအောင်'

ကိုဘိုကြည်၏စကားကို နွဲ့သဇင်က ဖြည့်စွက်ပြောရင်း ကြည်နူး ပျော်ရွှင်စိတ်တွေ လျှံဝေလာသည်။ မိခင်တစ်ယောက်၏အခန်းကဏ္ဍသည် မည်မျှအရေးကြီးသနည်း၊ သူသိလျက်နှင့် မေ့နေခဲ့သည်။ ဆိုရိုးစကားပင် ရှိသေးသည်မဟုတ်လား၊ 'ပုခက်လွှဲသော လက်သည် ကမ္ဘာကို အုပ်စိုးသည်' တဲ့။

မိခင်တစ်ယောက်ဖြစ်ရသည်မှာ မိခင်တစ်ယောက်အဖြစ် ထည်ထည်ဝါဝါ ရပ်တည်ခွင့်ရသည်မှာ မည်မျှကံကောင်းလေသနည်း၊ မိန်းမတိုင်း မိခင်ဖြစ်ရသည် မဟုတ်၊ အိမ်ထောင် မရှိသောကြောင့် တစ်ကြောင်း၊ အိမ်ထောင်ရှိလျက်နှင့်အကြောင်းကြောင်းကြောင့် သားသမီးမထွန်းကားလျှင် လည်းကောင်း၊ ထိုမိန်းမသည် မိခင် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခွင့်မရှိတော့ချေ။ သူကတော့မိခင်တစ်ဦး ဖြစ်သည်။ မိခင်ကောင်း တစ်ဦးလည်း ဖြစ်ရမည်။ သူကံကောင်းလှသည်။ မွေးနိုင်သော အခြေ အနေလည်း ရှိသည်။ မွေးလာသမျှကလေးများကို ကျန်းမာရေး၊ ပညာ ရေး၊ အစစ အရာရာ ပြည့်စုံလုံလောက်အောင် ထောက်ပံ့ပေးနိုင်သော ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံသည်။ လယ်ယာမြေကောင်းနှင့် တူသော မိခင်သည် လူ့လောကကိုအကျိုးပြုလာမည့် သစ်ကောင်း ဝါးကောင်း များစွာကို ပေါက်ရောက်ရှင်သန်စေနိုင်သည် မဟုတ်ပါလား။

နွဲ့သဇင်သည် အသက်ကို တဝကြီးရှူ၍ ရှူလိုက်သည်။ သူ့မျက်စိထဲတွင် အရာရာသည် သစ်လွင်လတ်ဆတ်ပြီး လှပနေလေ သည်။ ရှူရှိုက်နေကျလေသည်ပင်လျှင် ပုံ့ပုံ့မွှေးပြီး ရင်ထဲတွင် အေး နေသည်။

'ဒါပေမယ့် အဲဒါတွေကို မလုပ်ခင် ပြောစရာစကားတစ်ခွန်း ကိုတော့ အရင်ပြောထားရဦးမယ်'

နွဲ့သဇင်က အလုပ်သဘောဆန်စွာ တည်တည်တင်းတင်း ပြောရန်ကြိုးစားသော်လည်း မနေနိုင်၊ တိုးတိုးလေးရယ်လိုက်မိသည်။

ချစ်ခြင်းသည် ဆင်းရဲဒုက္ခအပေါင်းကို ဖြစ်စေသည်ဟု ရှင် တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့သည်။ ချစ်ခြင်းကြောင့် စိုး ရိမ်ပူပန်ရခြင်း၊ ဝမ်းနည်းငိုကြွေးရခြင်း၊ နာကျင်ကြေကွဲရခြင်းများကို လည်း သံသရာဘဝတစ်လျှောက်လုံးတွင်သာမက ယခုဘဝတွင်ပင် နလုံးသားကြေကွဲလုမတတ် ခံစားခဲ့ရဖူးပြီဖြစ်သော်လည်း နွဲ့သဇင်က ပုထုဇဉ်ပီပီ အမှတ်မရှိရှာသေးပေ။ ဆင်းရဲဒုက္ခကို ဖြစ်စေသလို၊ ချစ်ခြင်း ကပေးသော ကြည်နူးပျော်ရွှင်မှု ယစ်မူးရင်ခုန်မှုတွေကိုလည်း သူ စွဲလမ်း နှစ်သက်နေဆဲ ဖြစ်လေသည်။

ထို့ကြောင့် သူ့ကို စူးစမ်းသလို လှမ်းကြည့်နေသော ကိုဘို ကြည်အား နူးနူးညံ့ညံ့လေး ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲ အဲဒါကတော့ နွဲ့လေ နွဲ့'

နွဲ့သဇင်က အတန်ငယ် ထစ်ငေါ့နေသည်။ ထိုနောက် တံထွေးကို မျိုချကာ တိုးတိုးလေး ပြောရင်း မျက်လွှာကို ကမန်းကတန်း ချလိုက်သည်။

'နွဲ့ ကိုကို့ကို ချစ်နေပြီဆိုတာ သိရဲ့လား ကိုကို'

ကိုဘိုကြည်က နွဲ့သဇင်ကို ငေးကြည့်ရင်း မျက်ရည်တွေ စိမ့်ဝဲလာသည်။ အတန်ကြာအောင် ငြိမ်နေပြီးမှ အနည်းငယ် တုန်ယင်နေသော အသံနှင့် ပြောသည်။

'တစ်ခါလောက် ထပ်ပြောပါလား နွဲ့လေးရယ်၊ နောက်ထပ် တစ်ခါ ကြားချင်သေးလို့ပါ'

*

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ သူတို့တိုက်ခန်းကလေးမှာ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ အဖေ၏စကားတိုးတိုးပြောသံ စုတ်သပ်ညည်းညူသံ၊ ချောင်းဆိုးသံတို့သည် အဖေနှင့်အတူ ပျောက်ကွယ်ချုပ်ငြိမ်းသွားခဲ့ပြီ ဖြစ်လေသည်။

အဖေ၏ထွက်သက်ဝင်သက်တို့သည် တဖြည်းဖြည်း နှေးလာပြီး သူ့မျက်စိရှေ့တွင်ပင် ငြိမ်သက်သွားခဲ့သည်ကို တွေ့ရပြီးသည့်နောက် ပိုင်းတွင် ခင်ခင်ထားသည် သူ့ကိုယ်သူ ရုတ်တရက် ချက်ချင်း ကြီးရင့်ပြီး အိုမင်းသွားသလို ခံစားရသည်။ သံသရာတစ်လျှောက်လုံးတွင် အဖန်ဖန် တလဲလဲ ဖြစ်ပျက်နေရသည့်၊ ဖြစ်လည်း ဖြစ်နေဦးမည့် ဘဝပေါင်းများစွာကို ရှေ့နောက်လှမ်းမျှော်ကြည့်ရင်း ကြောက်ရွံ့စိတ်ဝင်နေမိတတ်လေသည်။ ဘယ်ဘဝတုန်းက ဘယ်လို ခန္ဓာအိမ်ကို တည်ဆောက်ခဲ့ပြီး နောင်လာမည့် ဘဝဘဝပေါင်းများစွာတွင်လည်း ဘယ်လိုခန္ဓာအိမ်တွေကို တည်ဆောက် ကျင်လည်ရဦးမည်နည်းဟု တွေးနေမိတတ်သည်။ အဖေရော၊ သူတို့ချစ်တဲ့ အဖေရော၊ ဒီတစ်ဘဝအတွက် နာမ် ခန္ဓာရော ရုပ်ခန္ဓာပါ ချုပ်ပျက်ခဲ့ပြီး ဘယ်လိုဝိပါက်စိတ်တွေနှင့် ဘယ်လိုဘဝမှာများ သွားပြီး ဖြစ်တည်မှီတွယ်နေသနည်း၊ သူသိခွင့်ရှိလျှင် သိစမ်းချင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ကိုယ်ရောစိတ်ပါ သွန်ပြီး ပြုစုခဲ့သော ကိုလင်းသည်လည်း အဖေဆုံးပြီးတော့ ခြေကုန်လက်ပန်းကျသလို ဖြစ်သွားသည်။ ယခင်တုန်းကလောက် စကားများများမပြောတော့ဘဲ သိသိသာသာကြီး ငြိမ်ကျသွားသည်။ အိမ်မှာ ကိုလွင်တစ်ယောက် ပြန်ရောက်နေသဖြင့်သာ တော်တော့သည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသော သူတို့မောင်နှမနှစ်ယောက်ကြားတွင် ကိုလွင် တစ်ယောက်သာ ရယ်စရာ မောစရာလေးတွေ ရှာကြံပြောပြီး လန်းဆန်းစိုပြည်လာအောင် ကြိုးစားနေရှာလေသည်။

ဒီတစ်ပတ်အတွင်းတော့ အဖေ၏ 'က-က'လေးကို ငှားထားသူက ကားပြန်အပ်သွားသည်။ နိုင်ငံခြားသို့ သွားပြီး အလုပ်လုပ်တော့မည်တဲ့၊ ဒီတော့မှ ကိုလင်းလည်း စိတ်ပြေလက်ပျောက် ဖြစ်သွားသည်။ ခရီးသွားအေဂျင်စီမှ သူ့ကို လှမ်းခေါ်နေသော်လည်း သူက မသွားသေး။ ခင်ခင်ထား ကလေးမွေးပြီးခါမှ ခရီးဝေးထွက်တော့မည်ဟုပြောပြီး ကိုလွင်နှင့်အတူတူ ဗိုက်စောင့်လုပ်နေသည်။ ဒီကြားထဲတော့ ခင်ခင်ထား သွားစရာလာစရာရှိတာပို့ပြီးလျှင် ကားကလေးကို ကြုံလျှင် ကြုံ သလို ဆွဲနေသည်။ အတွေ့အကြုံ အသစ်အဆန်းတွေရနေသဖြင့် စိတ်ပြောင်းသွားပြီး အတန်ငယ် ရွှင်လန်းလာသည်။ မရွှင်နိုင် မလန်းနိုင်သူက ခင်ခင်ထား ဖြစ်သည်။ ဘယ်ကျူရှင်မှ မသွားတော့ဘဲ အိမ်မှာပင် နားနေတော့ အဖေ့ကို ပိုသတိရသည်။

'အင်းလေ နောင်တော့လည်း ကလေးအလုပ်တွေနဲ့ ဆူလို့၊ အော်လို့ငိုလို့နဲ့ ဖြစ်ရဦးတော့မှာပါ၊ အဲဒီကျတော့ ငါက အဖေ့ကို အခုလို သတိရနေဦးမှာတဲ့လား'

ခင်ခင်ထားက နေရာမှထကာ အသင့်ဝယ်ထားသော ပိတ်အုပ်ကို လှမ်းယူသည်။ အချို့က ကလေးမမွေးမီ အနှီးကို ဖြတ်မထားရ၊ အနားလည်း မလုံးရဟု ဆိုကြသည်။ ဘာအယူနှင့် ဘယ်လိုပြောသည်

www.burmeseclassic.com



တော့ မသိရချေ။ သူကတော့ မွေးပြီးသည်အထိ စောင့်နေ၍မဖြစ်၊ အိမ်မှာ ကျန်မည့်သူနှစ်ဦးက ယောက်ျားနှင့်မောင် ဖြစ်သည်။ တော်ကြာ အနီးဖြတ်ခဲ့ပါဟု မှာလိုက်လျှင် တစ်ထွာလောက်ကလေးတွေ ဖြတ်ချင် လျှင် ဖြတ်လာနိုင်သည်။ သူတို့ကို စိတ်ချ၍ ရသည်မဟုတ်။

သူက အနီးတွေကို တစ်ကိုက်စီတိုင်းကာ ကတ်ကြေးရာ ပေး ထားသည်။ ဆောင်းကုန်ပြီး နွေကူးနေပြီမို့ အနီးတွေ မခြောက်မှာတော့ မပူရ၊ လှန်းစရာနေရာသာ လိုသည်။ သူတို့လို တိုက်ခန်းနေ လူတန်းစား တွေအဖို့ အနီးတွေ တပုံတပင် လှန်းစရာနေရာ ကျယ်ကျယ်ဝန်းဝန်း မရှိချေ။

'အင်း နောက်တစ်ပတ်နေရင် ဆေးရုံတက်ရတော့မယ်၊ ဗိုက် ထဲကသားလေး အပြင်ကို ထွက်လာတော့မယ်'

ဆရာဝန်သတ်မှတ်ထားသော မွေးရက်က တစ်ပတ်သာလို တော့သည်မို့ ခင်ခင်ထားသည် သူဆေးရုံတက်ရန် ဓာတ်ဘူး၊ မတ်ခွက် မှစ၍ အင်္ကျီထဘီ၊ ကလေးအတွက်အနီး၊ ကလေးအင်္ကျီ၊ ကလေး ပေါင် ဒါစသည်များကို သတိရသမျှစုဆောင်းပြင်ဆင်ထားပြီး ဖြစ်သည်။ သား ဦးဆိုတော့ သူက အတွေ့အကြုံမရှိသေး၊ သွန်သင်ပြသပေးမည့် ဒွေး တော်၊ မိကြီးလည်း မရှိလေတော့ သူ့ခမျာ စမ်းတဝါးဝါး ဖြစ်နေသည်။ အောက်ထပ်က ကလေးသုံးယောက် အမေ မအုန်းခင်ကတော့ အုန်းဆီ ကိုလည်း ပုလင်းလေးနှင့် ထည့်ယူသွားရမည်ဟုပြောသည်။ ကလေး တွင် ညစ်ပေလာပါက ဂွမ်းတွင် အုန်းဆီလေးဆွတ်ကာ ပွတ်တိုက် သန့်စင်ပေးရမည်ဟုဆိုလေသည်။

တံခါးဝက ခေါင်းလောင်းသံကြားတော့ သူက နေရာမှ ထ လာကာ ချောင်းကြည့်ပေါက်မှ ကြည့်သည်။ ကိုလွင်နှင့် ကိုလင်း အတူ ယှဉ်တွဲရပ်နေသည်ကို မြင်မှ တံခါးဖွင့်ပေးလိုက်သည်။

'အမလေးဗျာ၊ ကတ်ကြေးကြီးကိုင်လို့၊ ငါ့မိန်းမ မပေါ့မပါး နဲ့ ဘာတွေလုပ်နေတုံး'

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်က ရယ်ရယ်မောမောမေးသည်။

'သြော် အနီးတွေ ဖြတ်နေလား၊ ဒါများကွယ်၊ ကိုယ့်ကိုခိုင်းစမ်းပါ၊ အခိုင်းခံချင်လွန်းလို့ ပြန်လာတဲ့ဟာကို၊ ကျွန်တော့်ကို မခိုင်းရင် အားကြီးစိတ်ဆိုးတယ်နော်'

ခင်ခင်ထား၏လက်ထဲမှ ကတ်ကြေးကိုလှမ်းယူပြီး ဧည့်ခန်းက ကုလားထိုင်ပေါ်တွင် ပုံနေသော ပိတ်အုပ်ကို လှမ်းဆွဲသည်။

'အဲဒီမှာ တစ်ကိုက်စီ ကတ်ကြေးရာပေးထားတယ်နော်'

ခင်ခင်ထားက ကုလားထိုင်ပေါ်တွင် လေးလေးပင်ပင် ထိုင်ချသည်။ သူက ထိုင်နေကျအတိုင်းပင် ထိုင်ဟန်ရှိသော်လည်း သူ့ဗိုက်က ပူပြီးဖောင်းနေတော့ ကြည့်ရသည်မှာ မသက်သာလှ၊ ခါးကြီး ကော့ကာ ကော့ကော့ကြီး ထိုင်နေသလို ဖြစ်နေသည်။

'မပေါ့မပါးဆိုတာ တကယ့်ကို မှန်တဲ့စကား မမရ'

ကိုလင်းက ပိတ်အုပ်ကို တစ်ဖက်မှကိုင်ပေးရင်း လှမ်းပြောသည်။

'ကလေးတစ်ကောင်လုံး ဗိုက်ထဲထည့်လွယ်ထားရတာ၊ ပေါ့နိုင်ပါ့မလားဗျာ၊ နောက်ပြီး ဒီလောက်ဖောင်းဖောင်းကြီးပူနေရတာ၊ ပါးပါးလျားလျားရော ရှိနိုင်ပါ့မလား ဟား ဟား'

ကိုလင်းက သူ့ဟာသူပြောရင်း သူ့ဟာသူ သဘောတွေ ထပ်ပေါက်ကာ ရယ်နေသည်။

'နောက်တစ်ပတ်ပါပဲဟယ် ငါပေါ့ပေါ့ပါးပါးပြန်ဖြစ်တော့မှာပါ ကိုလင်းရဲ့'

'အမလေးဗျာ အဲဒီတော့မှ ပိုဆိုးမှာ၊ မျောက်လောင်းလေးကို မနိုင်မနင်း ဆွဲရင်းလွဲရင်း နင့်ကိုငါ ဗိုက်ထဲပြန်ထည့်ချင်တယ်ဟဲ့လို့ ပြောမှာ မြင်ယောင်သေး အဟေး ဟေး'

ကိုလင်းက ကိုင်၊ ကိုလွင်က ဖြတ်နှင့် အနီးတွေ တစ်ထည်ပြီးတစ်ထည်ကျလာသည်။ ခင်ခင်ထားက လှမ်းယူကာ သေသေ သပ်သပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်သည်။ အနီးကို အနားလုံးရမလား၊ မလုံးဘဲ ထားရမလား၊ သူ စဉ်းစား၍မရသေး။ အနားမလုံးရဟု ပြောသူတွေက ဘာ အယူအဆနှင့် ပြောသနည်း ခင်ခင်ထား သိချင်နေသည်။ ဒီအတိုင်း ထားလျှင် အနား တွေ ဖွာပြီး မသပ်မရပ်ဖြစ်နေသည်ကတော့ အမှန်ပင်၊ အနား လေးဖက် ကို သပ်သပ်ရပ်ရပ်ကလေး လုံးထားသည်ကိုသာ သူ ကြိုက်သည်။

'ဒီနေ့ သင်္ကြန်နေ့လေ၊ စာမေးပွဲပြီးထွက်လာကြတာ၊ ပြုံးတဲ့ လူက ပြုံးလို့၊ မဲ့တဲ့လူက မဲ့လို့၊ ကျွန်တော့်ကားငှားစီးတဲ့ သားအမိ နှစ်ယောက်တော့ သမီးကငိုလို့၊ အမေကလည်း ဆူလိုက်တာ ပွစိပွစိနဲ့'

'ဟုတ်ပါရဲ့ဟယ် ငါ့ကလေးတွေလည်း ဖြေနိုင်ကြရဲ့လား မသိ ပါဘူး'

ခင်ခင်ထား၏စိတ်က သူ့တပည့်လေးတွေဆီ ရောက်သွားသည်။ သူ့တပည့်တွေကလည်း အမျိုးပေါင်းစုံသည်။ ဂုဏ်ထူးရမည့် သူများ၊ သေချာပေါက်အောင်မည့် သူများ၊ မရေမရာမသေမချာနှင့် အဆင်မသင့် လျှင် ကျသွားနိုင်သည့်သူများ၊ ထိုအထဲတွင် ဖိုးသကြီန်တို့အုပ်စုက စာမေးပွဲနီးခါမှ စာတွေတွန်းထိုးကျက်ပြီး အခြေအနေ ကောင်းလာကြ၍ ဝမ်းသာရသေးသည်။

'ငါလည်း ငါ့ဘာသာဖြေပြီးကာမှ ဟင်းချရမှာ'

'မမဘာသာကြီးကလည်း ခက်လိုက်တာ၊ ကျက်လိုက်ရတာ လည်း သေလုရော'

'သဘောတရားနားလည်ရင် လွယ်ပါတယ် ကိုလင်းရယ်'

ခင်ခင်ထားက သူ့ဘာသာကိုထိလျှင် မခံနိုင်၊ နှုတ်ခမ်းတစူ စူ၊ မျက်စောင်းတထိုးထိုး ဖြစ်လာတတ်သည်။ အဲဒီလိုဖြစ်မှန်းသိလို့ ပင် ကိုလင်းကလည်း စချင်နောက်ချင်နေခြင်း ဖြစ်လေသည်။ သို့သော် ဒီ တစ်ခါတော့ စိတ်မဆိုးဘဲ အေးအေးသက်သာပင်ပြောသဖြင့် ကိုလင်းက အံ့သြသွားသည်။ အဖေဆုံးပြီးသည့်နောက်ပိုင်းတွင် သူ့အစ်မ ရင့်ကျက် လာသည်ကတော့ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော ဘယ်သူလာလဲ မသိဘူး'

တံခါးဝမှ ခေါင်းလောင်းသံကြားပြန်တော့ ကိုလွင်က တံခါးသွားဖွင့်သည်။

'ဟော အစ်ကို ကျွန်မနွေးနွေးပါ၊ အစ်မနဲ့ တွေ့ချင်လို့'

ဘုန်းကြီးကျောင်းတွင် တစ်ခါတွေ့ဖူးထားသော နွေးနွေး အား ကိုလွင်က ချက်ချင်းမှတ်မိသည်။ နွေးနွေးက ဧည့်ခန်းထဲ ခေါင်းငုံ့ကြည့်ရင်း ခင်ခင်ထားကိုတွေ့တော့ ဝမ်းသာသွားဟန်နှင့် မျက်နှာလေး လင်းသွားသည်။

'စပေါ့လေး ဘာလေး လိုချင်လို့အစ်မရယ်'

နွေးနွေးက ဧည့်ခန်းထဲလှမ်းဝင်လာသည်၊ ခါးနောက်ကို ဘယ်ဘက်လက်က လှန်ပြီးဖိထားသည်။ ညာဘက်လက်ကတော့ ဗိုက်ကို မသိမသာ ပွေ့ထားရင်း လိမ်ဖယ်ဖယ်လျှောက်နေသော သူ့ပုံပန်းက သက်သက်သာသာ မရှိလှပေ။

'စာကျက်ရင် စပေါ့မလိုဘူးကွဲ့'

'စာလည်းကျက်ပါတယ် အစ်မရယ်၊ စပေါ့လည်း လိုချင်တာပဲ၊ အောင်အောင်က အလုပ်တစ်ဖက်နဲ့ ကျက်ရတာ အစ်မရဲ့'

နွေးနွေးက တရင်းတနှီးပြောသည်။ လျှောက်ဝင်လာရင်း ခင်ခင်ထားအနားရောက်ခါနီးတော့ ရပ်သွားသည်။ ငြိမ်ငြိမ်လေးရပ်ရင်း သူ့မျက်နှာက ဝေဒနာတစ်ခုခုကိုစူးစမ်းနေသလို မျက်မှောင်လေး ကြုံ့နေလေသည်။ အိမ်သားသုံးဦးလုံးက ဧည့်သည်ဖြစ်သော နွေးနွေးကို ငေးကြည့်နေကြသည်။ ဘာများဖြစ်လို့ပါလိမ့်။

'အစ်မ ဗိုက်နာတာ ဘယ်လိုနေလဲဟင်'

နွေးနွေးက တဲ့တိုးကြီးမေးသည်။

'မသိသေးဘူးလေ'

ခင်ခင်ထားက အူကြောင်ကြောင်ပြန်ဖြေသည်၊ သူကလည်း

www.burmeseclassic.com

www.burmeseclassic.com



သားဦးဗိုက်ပေမို့ ဗိုက်မနာဖူးသေးချေ။ ဘယ်ကနေဘယ်လိုစ၍ နာသနည်း တကယ့်ကို မသိသေးချေ။ နောက်ပြီး သူက ဗိုက် အနာခံမည့်သူ မဟုတ်၊ သားဖွားမီးယပ်ဆရာဝန်မကြီးက သူ့ဗိုက်ထဲမှ ကလေးကို အချိန်တန်လျှင် ခွဲထုတ်ပေးမည် ဖြစ်သည်။

'အစ်မဆီလာတာ တက္ကစီနဲ့လာတာ အစ်မရဲ့၊ ကားပေါ်ရောက်စတုန်းက အခုလိုပဲ၊ ဟို ဗိုက်အတွင်းထဲကနေပြီး စူးပြီး နာလာတယ်၊ ခဏနေတော့ ပျောက်သွားရော၊ ဟော ခုနတုန်းက တစ်ခါ နာတယ်၊ ခဏပဲ ပြန်ပျောက်သွားပြန်ပြီ'

'ဆရာဝန်ခန့်မှန်းထားတဲ့ ဂျူးဒိတ်က ဘယ်တော့လဲ'

'နှစ်ရက်လိုသေးတယ် အစ်မရဲ့၊ ကျွန်မက အောင်အောင် စာမေးပွဲပြီးတဲ့အထိ အောင့်ထားမလို့ အဟိ'

နွေးနွေးက ခင်ခင်ထား၏ဘေးတွင် ဝင်ထိုင်သည်။ ကြမ်းပေါ်တွင် ပုံနေသော အနှီးများကို လှမ်းကောက်ပြီး သူပါကူ၍ ခေါက်ပေးသည်။

'ပြီးခဲ့တဲ့သုံးဘာသာလုံး ဖြေနိုင်တယ်အစ်မရဲ့၊ ဒီနေ့ သင်္ချာဆိုရင် ဂုဏ်ထူးတောင်ရနိုင်တယ်တဲ့ သိလား အစ်မ၊ သူစာမေးပွဲဖြေနေတုန်း ကျွန်မကလည်း ဘုရားမှာ ဆီမီးထွန်းပြီး တတ်သမျှ မှတ်သမျှ ဘုရားစာတွေ အကုန်ရွတ်တာပဲ၊ သူဖြေနိုင်တာ ကျွန်မရွတ်ပေးလို့လည်း ဖြစ်မှာပေါ့နော်'

ဟုတ်သည်၊ ခင်ခင်ထားကလည်း ဘောဂဗေဒဖြေရသည့်နေ့ ဆိုလျှင် ဘုရားမှာ ဆီမီးထွန်းပြီး သူ့တပည့်လေးတွေကို ရည်မှန်း မေတ္တာပို့ပြီး ရွတ်ဖတ်ပေးနေကျ ဖြစ်သည်။ ဒီနှစ်လည်း ရွတ်ပေးရဦးမည်ဟု တွေးမိသည်။

'ခုတလောတော့ သူနဲ့ ကျွန်မနဲ့လည်း မတည့်ချင်ဘူး အစ်မရဲ့၊ ကလေးတောင် မမွေးရသေးဘူး၊ သူကချည်းပဲ မင်္ဂလာယူနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး အစ်မရယ်၊ မိဘလို့ခေါ်တာကို မကြိုက်ဘူးတဲ့၊ အဖေကို ရှေ့တန်းတင်ပြီး ဘမိလို့ခေါ်ရမယ်တဲ့၊ အဲဒါမှ မှန်မှာတဲ့၊ ကဲ ကြည့်ပါဦး ကိုးလကျော်ကျော် ဗိုက်ထဲထည့်လွယ်ထားရတာကလည်း အမေ၊ နာရကျင်ရ ခွဲရ စိတ်ရတော့လည်း အမေ၊ သေစရာ ရှိရင်လည်း ဒီအမေပဲ သေရမှာ၊ အဲဒါကိုများ သူက ဘမိလို့ ပြောင်းခေါ်ရဦးမယ်တဲ့ ဟွန်း'

ကိုလင်းက နွေးနွေးကိုကြည့်ကာ ရယ်ချင်နေသည်။ သူ ပြောတော့ စပေါ့လာတောင်းသည်တဲ့၊ သို့သော် စာအကြောင်း တစ်ခုမျှ မပြောသေးဘဲ ထင်ရာမြင်ရာတွေ လျှောက်ပြောနေသောကြောင့် ဖြစ်လေသည်။

'ဒီတော့ နွေးနွေးကလည်း ဘမိလို့ခေါ်မယ်ဆိုရင်ခေါ်၊ ဒါပေမယ့် မိန်းမတွေကလေးမွေးရင် ယောကျ်ားတွေက ကိုယ်စား ဗိုက်နာပေးသင့်တယ်လို့ ပြောတာပေါ့'

'ဒီတော့ သူက ဘာပြောလဲ'

'အမယ် သူကလည်း အလာကြီး အစ်မရဲ့၊ ဟိုးအရင်တုန်းက မိန်းမကလေးမွေးရင် ယောကျ်ားတွေက ဗိုက်နာပေးရပါတယ်တဲ့၊ ကလေးအဖေက နာပေးရတာပေါ့လေ၊ အဲဒါတစ်နေ့ကျတော့ သူ့မိန်းမ ကလေးမွေးနေတုန်း ယောကျ်ားက နာမလား နာမလားနဲ့ စောင့်နေတာ နာမလာဘူးတဲ့၊ အဲဒီအချိန်မှာ တံခါးအပြင်မှာ ညည်းသံကြားလို့ ဖွင့်ကြည့်လိုက်တော့ သူတို့အိမ်ကို နွားနို့ပို့တဲ့ ကောင်ကလေးက တံခါးဝမှာ လူးလိမ့်ပြီး ဗိုက်နာနေတယ်တဲ့'

'ဟား ဟား ဟား'

ကိုလွင်က တဟားဟား ထရယ်သည်၊ အကြံပိုင်သော ကြံတိုင်းအောင်ကိုလည်း သဘောကျသွားသည်။

'အဲဒီအချိန်ကစပြီး မိန်းမတွေက သူတို့ကလေးမွေးရင် သူတို့ဟာသူတို့ပဲ ဗိုက်နာပါ့မယ်ဆိုပြီး တာဝန်လွှဲယူလိုက်တာတဲ့၊ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန်နဲ့ကိုယ် ဆက်သာနာကြပေတော့တဲ့၊ ဘာပြောကောင်း မလဲ ကျွန်မနဲ့ ထရန်ဖြစ်ကြတာပေါ့'

ညီမအငယ်မရှိဖူးသော ကိုလင်းက ကလေးဆန်ဆန် ပေါ်တီပေါ်ချာပြောနေသော နွေးနွေးကို ပြုံးပြီး ကြည့်နေသည်။ ခင်ခင်ထားကလည်း ခပ်ပြုံးပြုံးနေရင်း လွှတ်ထားလိုက်သည်။ သူပြောချင်ရာ ပြောသမျှကို နားထောင်နေရသည်က ဟော့စပေါ့ ဟော့စပေါ့နှင့် တဂျိဂျိ လုပ်နေသည်ထက် ပိုကောင်းလေသည်။

'နောက်တော့ ဘယ်သူနိုင်လဲ'

ကိုလင်းက ဝင်မေးသည်။

'သူက စာမေးပွဲဖြေရဦးမှာ မဟုတ်လား အစ်ကိုရယ်၊ ဒါကြောင့် သူ့ကိုပဲအနိုင်ပေးပြီး ကျွန်မက ကော်ဖီဖျော်ပေးလိုက်ပါတယ်'

'သာဓုဗျာ သာဓု'

'ဒါပေမယ့် စာမေးပွဲပြီးရင်တော့ မရဘူး အစ်ကိုရဲ့၊ နွေးနွေးက လျှော့မှာမဟုတ် ဟင် ဟော ဟော ဟော'

နွေးနွေးက သူ့ခါးကို လက်တစ်ဖက်နှင့်ထောက်ကာ ငြိမ်နေပြန်သည်။ ဒီတစ်ခါတော့ စူးစူးစိုက်စိုက် ခံစားကြည့်ရင်း မျက်နှာလေး ရှုံ့လာသည်။

'နာတယ် အစ်မရဲ့၊ အထဲကနာနေတာ ဟို ဟို ဝမ်းသွားချင်တာနဲ့ မတူဘူး'

ခဏနေတော့ နာတာ ပျောက်သွားပြန်သည်။ သို့သော် နွေးနွေးက မျက်စိမျက်နှာပျက်ကာ ကြောက်နေပြီ ဖြစ်သည်။

'ဗိုက်နာတယ်ဆိုတာ ပထမအချိန်ဝေးဝေးနဲ့ ခဏပဲနာတယ်တဲ့၊ နောက်တော့ နာတဲ့အချိန်တွေက နီးလာပြီး နာချိန်လည်း ကြာလာတယ်တဲ့၊ နောက်ဆုံးဆက်တိုက်ကြီးနာလာရင် ရေမွှာပေါက်ပြီး ကလေးကိုလည်း ညှစ်ချင် အဲ အဲ သားအိမ်လည်း တဖြည်းဖြည်းပွင့်'

www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်က အလွတ်ကျက်ထားသူလို ဆက်တိုက် ရွတ်ဆိုလိုက်ပြီးနောက်မှ နွေးနွေးကို လှမ်းကြည့်ကာ အားနာသွားဟန်နှင့် ထစ်ငေါ့သွားသည်။

'ဟာ အစ်ကိုက သိလှချည်လား' ကိုလင်းက တအံ့တသြပြောသည်။

'ဟ သိဆို သဘော်ပေါ်မှာ ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေးတွေအကြောင်း ဆောင်းပါးတွေချည်းပဲ ဖတ်နေမိတာကိုး ကိုလင်းရ'

ကိုလွင်က ရက်ကိုးရက်ကန်းနှင့် ပြောသည်။

'ဒီလိုဆို ဖခင်နဲ့ ကလေးများစောင့်ရှောက်ရေးအသင်း ဖွဲ့လို့ရပြီ၊ ဟား ဟား အစ်ကိုက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူး'

ခုနတုန်းက မျက်နှာလေးရှုံ့နေသော နွေးနွေးက အခုတော့ သူတို့ကိုကြည့်ကာ တခစ်ခစ်ရယ်နေပြန်သည်။ ထို့နောက် သတိရသွားသလို 'စပေါ့လေ မမရဲ့စပေါ့' ဟု တောင်းပြန်သည်။ ခင်ခင်ထားလည်း မနေသာတော့ဘဲ မေးခွန်းခေါင်းစဉ်များကို စီတန်းပြီး ရေးချပေးလိုက်သည်။ သူရေးထားသော စာရွက်ကိုလှမ်းပေးလိုက်တော့ နွေးနွေးက ဖတ်ကြည့်ပြီး မျက်နှာလေးရှုံ့သွားသည်။

'စီးပွားရေးလုပ်ဆောင်ချက်များ၊ ဈေးကွက်စီးပွားရေးစနစ်၊ တိုင်းပြည်ဝင်ငွေ၊ ဘဏ်လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ဝယ်လိုအားနှင့် ရောင်းလိုအား၊ ဟာ အစ်မကလည်း ကုန်ရောပေါ့'

'အင်းလေ အကုန်အရေးကြီးတာပဲဟာ'

ခင်ခင်ထားက ရယ်ချင်နေဟန်ရှိသော်လည်း နွေးနွေးက စိတ်ညစ်သွားသည်။ ခင်ခင်ထားသည် စာမေးပွဲမေးခွန်းထုတ်သူ မဟုတ်ကြောင်း သူသိသော်လည်း ဘာမေးမည်နည်းဟု တထစ်ချ မှန်ကန်အောင် မှန်းပြီး ပြောနိုင်လိမ့်မည်ဟုပင် ထင်နေသည်။ အခု ဘာကိုမှ အထူးတလည်မှန်းပြီး မပြောသည်မှာ သူ့အပေါ်တွင် မေတ္တာ မထားသို့

www.burmeseclassic.com



သာပဲဟု တထစ်ချတွေးသည်။ 'အင်း ငါကလည်း လက်ချည်းပဲ လာမိတာကိုး၊ ဘာကလေး ညာကလေးဝယ်လာရင် မုန့်းချင် မုန့်းပေးမှာ' ဟုလည်း စိတ်ထဲမှ ပစ်မှားမိပြန်လေသည်။

'ကျောက်ခဲကမှ ရေညှစ်ရင် ထွက်ချင်ထွက်လာဦးမယ်၊ ဒီဆရာမဆီကတော့ ဘာမှ ရမှာမဟုတ်ပါဘူးထင်ပါရဲ့'

နောက်ဆုံးတော့ နွေးနွေးလည်း လက်လျှော့ပြီး အိမ်ပြန်ရန် ဟန်ပြင်သည်၊ ထိုအချိန်တွင် ဗိုက်ကစူးပြီးနာလာပြန်သည်။

'ဗိုက်နာလာပြန်ပြီ အစ်မရေ နွေးနွေးတော့ ကလေးမွေးရတော့မယ်ထင်တယ်'

နေရာကထပြီးမှ နွေးနွေးက ကြိမ်ကုလားထိုင်တွင် ပြန်ထိုင်သည်၊ ခါးကိုကော့ကာ လက်တစ်ဖက်နှင့် နှိပ်ထားရင်း မျက်နှာလေး ရှုံ့နေလေသည်။

'ဒီလောက်နာရုံနဲ့ ဘယ်မွေးဦးမှာလဲ နွေးနွေးရယ်'

ခင်ခင်ထားက သနပ်ခါးမပျက်၊ နှုတ်ခမ်းနီမပျက်ဘဲ လှလှပပလေးမဲ့ထားသော နွေးနွေး၏မျက်နှာကိုကြည့်ကာ ပြုံးရယ်မိသည်။ သူက ကိုယ်တိုင်မနာဖူးသော်လည်း သနပ်ခါးလည်းပျက် ပန်းလည်းပြုတ်ကာ ချွေးဒီးဒီးယိုစီးပြီး ဆတ်ဆတ်တုန်အောင် နာကျင်ရသော အနာ၊ မိခင်တို့ ကျော်ဖြတ်ခံစားရသည့် ဝေဒနာအကြောင်းကိုတော့ ကြားဖူးနားဝနှင့် သိထားသည်။ အလှမပျက်ကလေး နာတယ် ဆိုရုံလောက်နှင့်တော့ ကလေးတစ်ယောက်မွေးဖွားလာမည် မဟုတ်သေးချေ။

'အမလေး ဘယ်လောက်တောင်နာရဦးမှာလဲ အစ်မရဲ့၊ နွေးက ဒီထက်နာရင်တော့ ငိုမှာပဲ၊ နောက်ပြီး အောင်အောင်စာမေးပွဲပြီးမှ မွေးချင်တာ၊ အောင့်ထားမှာပဲ ဟင်း အတင်းအောင့်ထားမှာပဲ'

နွေးနွေးက ဂျီကျနေသည်။ သွေးလည်းမတော် သားလည်းမစပ်၊ တစ်ခါနှစ်ခါဆုံဖူးရုံနှင့် အိမ်ပေါ်လာဂျီကျနေသော ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



က စိတ်တိုချင်စရာကောင်းလှသော်လည်း ကိုလွင်ရော ကိုလင်း ကပါ စိတ်တိုရန်သတိမရဘဲ ရယ်ချင်နေကြသည်။ ဒီကောင်မလေး အမှန် တကယ်အလူးအလဲ ဗိုက်နာလာလျှင် ဘယ်လိုအော်ဟစ်ပြီး၊ ဘယ်လို နေမလဲ သူတို့နှစ်ယောက်လုံးက သိချင်နေသည်။

ခဏနေတော့ 'အောင့်ထားမှာပဲ၊ အောင့်ထားမှာပဲ'နှင့် အော် နေသော နွေးနွေးကို ကားပေါ်တင်ကာ သူတို့သုံးယောက်လုံး လိုက်ပါ ပြီး အိမ်ကို ပြန်ပို့ပေးခဲ့ရသည်။ အိမ်မပြန်မီ သူ၏ မိဘအိမ်နှင့် ယောက္ခ မ အိမ်ကိုပါအကြောင်းကြားချင်ပါသည်ဆို၍ သူညွှန်ပြသည့် တိုက်ခန်း များဆီ အရောက်မောင်းရသေးသည်။ နွေးနွေးနှင့်ခင်ခင်ထားက ကား ထဲမှ စောင့်နေစဉ် ကိုလွင်က ဒီဘက်တိုက်၏ခြောက်ထပ်၊ ကိုလင်းက ဟိုဘက်တိုက်၏ခုနစ်ထပ်အထိတက်ပြီး သတင်း ပို့ပေးရသည်။ အူ ယား ဖားယားလိုက်လာသော နွေးနွေး၏အမေနှင့်ကြီးတော်ကိုပါ ကား ပေါ်တွင် ကျပ်ကျပ်သပ်သပ်တင်ပြီး ကြံတိုင်းအောင်၏ လက်ထဲ အပ်ခဲ့ ကြသည်။ ဒါတောင် မရွှေနွေးနွေးက 'အောင်အောင်က စာကျက်ရဦး မှာ၊ နွေးကို ဆေးရုံလိုက်မပို့နဲ့ နွေးဟာနွေး သွားမယ်'ဟု အလွမ်းသယ် နေသေးသည်။ အစိုးရိမ်ပိုနေသော ကလေးအဖေလျောင်းလျာလေးက သူ့မိန်းမအနားက မခွာတော့သောကြောင့်သာ ခင်ခင်ထားတို့တစ်တွေ ချမ်းသာရာရခဲ့ကြရခြင်း ဖြစ်လေသည်။

'ကံကောင်းပေလို့ဗျာ သူ့ကို ဆေးရုံလိုက်ပို့ပြီး မမွေးမချင်း ထိုင်စောင့်ရတော့မလို့၊ အဲဒါသာဆိုရင် ကလေးအဖေနာမည်လာမေး လို့ကတော့ ကိုလင်းရေ ငါကတော့ မင်းနာမည်ကို ပေးလိုက်မှာပဲ'

ကိုလွင်က တသောသောရယ်နေသည်။ သို့သော်လည်း သံ ယောဇဉ်က အမျှင်တန်းသွားတော့ မနေနိုင်ကြ၊ နောက်တစ်နေ့ကျ တော့ ကိုလင်းက မွေးပြီလား သွားမေးလာခဲ့သေးသည်။ အသည်း အသန် အော်နေပြီ ဖြစ်ကြောင်းကိုသာ သတင်းရခဲ့သည်။ နွေးနွေးခမျာ တစ်ည

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်နေ့လုံးလုံး အလူးအလဲနာပြီး နောက်တစ်နေ့ လင်းအားကြီး ချိန်ကျမှ သမီးလေးကို ဖွားမြင်ခဲ့သည်။

'နာလိုက်ရတာ အမေလည်း ပျော့ပျော့ပဲကျန်တယ် အစ်ကိုရေ၊ သမီးလေးကလည်း ညှပ်နဲ့ဆွဲခံထားရတော့ နားထင်လေးမှာ နာပြီး ငိုရှာတယ်ဗျာ၊ သနားပါတယ်၊ သူ့အဘွားတွက်ကြည့်တာတော့ အဓိပတိဖွား၊ ကောင်းစားမယ်တဲ့ဗျ'

စာမေးပွဲဖြေရန် ခပ်သုတ်သုတ် ထွက်လာသော ကလေး အဖေ အသစ်စက်စက်ကလေးက မျက်တွင်းချောင်ကလေးနှင့် ဝမ်းသာအားရ ပြောရှာလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယသားပင် ဖြစ်သော်လည်း ဝမ်းနာချိန်က ကြာမြင့်လှသည်။ မနေ့ညကတည်းက တသဲ့သဲ့စနာသည်မှာ တဖြည်းဖြည်း အနာစိပ် လာပြီး ယခုတော့ ဆွမ်းခံပြန်ချိန်ပင် ရောက်တော့မည်၊ သားအိမ်က ပွင့်မလာသေး။

နာလွန်းမက နာသောအနာကို အတင်းအံကြိတ်ကာ ခံနေရင်း မခင်အေးသည် အမေ့ကို တမ်းတမိသည်။ 'အမေရယ် ကယ်ပါဦး အမေရယ် ဒီကလေး ဝမ်းကမြန်မြန်ကျွတ်သွားအောင် ကယ်ပါဦး' ဟု စိတ်ထဲမှ ပြောနေမိသည်။ သူ့ကို မွေးတုန်းကလည်း အမေ့ ခမျာ ဒီလိုအနာ၊ ဒီလိုဝေဒနာတွေကို အခုသူခံစားနေရသလိုပင် ခံစားခဲ့ရပေလိမ့်မည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် သမီးလေးသက်ဝေလည်း အခုလိုပင် ခံစားရ ပေလိမ့်ဦးမည်။ ကမ္ဘာတည်ကတည်းက ခံစားခဲ့ရသော မိန်းမတို့၏ ဒုက္ခ၊ ကမ္ဘာပျက်သည်အထိ ဆက်လက်ခံစားနေကြရဦးမည့် ဒုက္ခ၊ လူသား မျိုးဆက်တို့ရှင်သန်တိုးပွားရေးအတွက် ခံစားကြရသည့် မိန်းမတို့၏ဝေဒနာ၊ ထိုဝေဒနာကို သူလွန်မြောက်ချင်လှပေပြီ။

'မခင်အေး နှုတ်ခမ်းမကိုက်နဲ့၊ ညည်းချင်ရင် ညည်းလိုက်၊ အော်ချင်ရင် အော်လိုက်၊ နှုတ်ခမ်းကိုတော့ မကိုက်နဲ့၊ တော်ကြာ ပေါက်ပြကုန်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြက သူ့မျက်နှာမှ ချွေးများကို သုတ်ပေးရင်း သတိပေးနေသည်။ အိပ်ရာထဲ လှဲအိပ်လိုက်ရမလို၊ ကုန်းထရတော့မလို၊ ခုတင်တိုင်ကိုပဲ လှမ်းပြီးဆွဲရတော့မလို၊ ဒေါ်မြ၏လက်မောင်းဝဝကြီးများကိုပဲ အတင်းဖက်ထားရတော့မလို ဆောက်တည်ရာမရ နာနေရင်း သူ့အောက်ပိုင်းတစ်ပိုင်းလုံးရွှဲရွှဲစိုသွားသည်ကို သိလိုက်သည်။ အတွေ့အကြုံတစ်ခါရှိဖူးပြီးသားမို့ ရေမွှာပေါက်ခြင်းဖြစ်သည်ကိုလည်း သိလိုက်သည်။

'ဟော ရေမွှာပေါက်ပြီ'

ဒေါ်ပုတုကလည်း အော်သည်။

'မှန်းစမ်း ကြည့်ရအောင်၊ ဟဲ့ သားအိမ်လည်း တစ်ဝက် ကျော်ကျော်ပွင့်နေပြီပဲ၊ ဆံပင်မည်းမည်းလေးတွေတောင် တွေ့နေရပြီ၊ ဂွတ်တယ် မခင်အေးရေ မွေးတော့မယ်'

ဒေါ်ဂွတ်တု၊ အဲ ဒေါ်ပုတုက သူ့ဝါသနာအတိုင်း ဂွတ်နေလေသည်။ မဂွတ်သည်ကတော့ မခင်အေး ဖြစ်သည်။ အပြောကျယ်လှသော ဝေဒနာပင်လယ်ကို အံကြိတ်ဖြတ်သန်းရင်း ချွေးသီးချွေးပေါက်တွေ ယိုစိမ့်လာသည်။

'သိပ်အမောမခံနဲ့ သားအိမ်ပွင့်နေပြီ၊ အသက်ကို ဝအောင်ရှူထား၊ ညှစ်ချင်လာမှ ညှစ်၊ အားထည့်ပြီး ညှစ်၊ တစ်ယောက်မွေးထားပြီးပြီပဲကွယ်၊ ဘာခက်ရမှာလဲ ဟော ညှစ်ချင်လာပြီ'

ဒေါ်မြ၏လက်မောင်းကြီးကို လက်သည်းရာတွေပေါက်ကုန်သည်ထိ ဆွဲညှစ်ထားမိသော်လည်း မရသေး၊ ခုတင်ဘောင်ကို လှမ်း၍ ဆုပ်ကိုင်ကာ ရှိရှိသမျှ အားအကုန်ကို သုံးလိုက်သည်။

'ဟော ဟော မွေးပြီ မွေးပြီ'

ဒေါ်ပုတုက ကလေးကို အလိုက်သင့်လှည့်ပြီး ထုတ်လိုက်သည်။ အမိဝမ်းမှ လုံးလုံးလျားလျားပင် မကျွတ်သေး၊ အပြင်လေအေးနှင့်ထိတွေ့လိုက်သဖြင့် ကလေးနီတာရဲလေးက ဝဲခနဲငိုသည်။ ထို့နောက် 'အုဝဲ အုဝဲ'နှင့် အဆက်မပြတ်နှင့်ညံနေအောင် အော်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားလေးတော်ရေ ယောက်ျားလေး အမေချစ်ရေ အမေချစ်လိုချင်တဲ့ မြေးယောက်ျားလေး'

ဒေါ်ပုတုက ဝမ်းသာအားရ အော်သည်။ မြေးယောက်ျားလေးကို ရူးမတတ်လိုချင်နေသော အမေချစ်၏အကြောင်းကို သိထားတော့ သူပါရောပြီး ဝမ်းတွေသာနေသည်။

'ဟော ယောက်ျားဘသား သားကလေးတဲ့ဟ'

အပြင်ဘက်မှ နားစွင့်နေသော ကိုလှမောင်က အာလုတ်သံကြီးနှင့် အော်ရင်း ထခုန်သည်၊ နာရီကိုလှမ်းကြည့်လိုက်တော့ ဆယ့်တစ်နာရီတိတိ။

အမေချစ်ကတော့ အပြင်မှာမနေနိုင်တော့၊ မီးနေခန်းထဲသို့ ဒရောသောပါး ဝင်လာသည်။ ဒေါ်မြ၏လက်ထဲမှ ကလေးနီတာရဲလေးကို ဝိုင်းကြီးပတ်ပတ်လှည့်ခါကြည့်ရင်း 'ငါ့မြေးလေးက အသံလည်းကျယ်ပ့ါ၊ ပါးစပ်ကလည်း ပြဲပ့ါ၊ အောင်မလေးလေ ဘာဖြစ်လို့ ဒီလောက်တောင် အာခေါင်ခြစ်အော်နေရတာလဲ မြေးလေးရဲ့'ဟု ပီတိတွေ တဝေဝေနှင့် ပြောနေသည်။

'မပုတုရေ အမေ့မြေးလေး ကြည့်ပါဦး'

အနီးဖြူဖြူလေးနှင့် ကျပ်ကျပ်တည်းတည်းထုပ်ပြီး ဒေါ်မြက မွေးဆံပင်မည်းမည်းလေးတွေကို ဘီးသေးသေးလေးနှင့် ဘိုကေပုံ ဖြီးပေးလိုက်သေးသည်။

အမေချစ်က မခင်အေးကို'သမီး ဒီမှာကြည့်၊ သားလေးလေ'ဟု ပြောရင်း ခုတင်နားလာပြသည်။ မခင်အေးက အားကုန်သွားသူလို ပျော့နေသည်။ ကလေး၏ပါးလေးကို လက်ကလေးနှင့် အသာတို့ရင်း ဖျော့ဖျော့လေးသာ ပြုံးနိုင်သည်။ 'သူတို့သားအဖကို ပြလိုက်ပါဦး'ဟု ပြောတော့ အမေချစ်က အခန်းအပြင်သို့ ခပ်သွက်သွက် ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းရှည်နေသော ကိုလှမောင်တို့သားအဖက မွေးစ ကလေးပေါက်စနလေးကို မထိရက် မကိုင်ရက်နှင့်မို့ 'သားကြီးရေ၊ ဖေဖေ့သားကြီးရေ' 'မောင်လေးရေ မောင်မောင်လေးရေ' နှင့် ဆီးပြီး အော်နေကြသည်။

'ကလေးက အဖေတူလေးတော့'

ဒေါ်မြက ဒေါ်ပုတုကိုလှမ်းပြောသည်။ ဒေါ်ပုတုက လှည့်မကြည့်နိုင်၊ မခင်အေး၏ဗိုက်ကို ဟိုဘက်ဒီဘက်အသာနှိပ်ပေးနေသည်။

'အချင်းမကျသေးဘူးလား'

ဒေါ်မြက တိုးတိုးမေးသည်။ ဒေါ်ပုတုက ဘာမှ ပြန်မပြောနိုင်၊ ခေါင်းကိုသာ ညိတ်ပြသည်။

ကလေး ဗိုက်ထဲမှာရှိစဉ်က အချိန်မတန်ဘဲ ကွာသွားမှာ စိုးရိမ်ရလွန်းသော ဒီအချင်းမှာ ကလေးအပြင်ရောက်ပြီးပြန်တော့ ကွာမလာဘဲ ကပ်နေမှာကို ကြောက်ရပြန်သည်။ ဒေါ်ပုတုက အတွေ့အကြုံများနေပြီမို့ ဒီအချင်း ဒုက္ခပေးသမျှကိုလည်း အတော်လေး ကြုံခဲ့ရဖူးပြီဖြစ်သည်။ အချင်းက ပုံမှန်အတိုင်းဆိုလျှင် ကလေး အပြင်ရောက်ပြီး မကြာမီ လိုက်ပြီးဆင်းလာတတ်လေသည်။ ကလေး၏အရှေ့မှာ အချင်းပိတ်နေသော မွေးလူနာတစ်ယောက်ကိုလည်း ကြုံဖူးသည်။ ထိုလူနာများကိုတော့ အမြန်ဆုံးခွဲစိတ်မှရတော့မည်မို့ ဆေးရုံ အမြန်ပို့ရသည်။ အမေ၏ အသက်ကို လုနိုင်ခဲ့သော်လည်း နေစေ့ လစေ့ ကလေးငယ်ကိုတော့ မကယ်နိုင်ခဲ့ချေ။ နောက်ပြီး အချင်းက တချို့တစ်ဝက်သာကွာပြီး သွေးတွေဆင်းကာ ကျန်အစိတ်အပိုင်းက သားအိမ်တွင် အမြစ်စွဲသလို ကပ်နေမှာကိုလည်း သူကြောက်သည်။ အချင်း စုံအောင်မကျဘဲ ကျန်နေပါကလည်း လက်နှင့်နှိုက်ထုတ်ရတတ်သည်။ အချင်းကျလာဖို့ အရေးကြီးသည်။ ကျလာသောအချင်းကလည်း စုံရန် အရေးကြီးပြန်သည်။

'မောတယ်'

www.burmeseclassic.com

www.burmeseclassic.com



မခင်အေးက တိုးတိုးလေးလှမ်းပြောသည်။

'မောလိုက်တာ ဒေါ်ပုတုရယ်'

ဒေါ်ပုတုက သားအိမ်ကို ဗိုက်ပေါ်မှနေပြီး အသာစမ်းကြည့်သည်။ အချင်းကျခါနီးလျှင် သားအိမ်က လုံးပြီး ချက်ကြိုးက ရှည်ထွက်လာတတ်သည်။ ယခုတော့ ချက်ကြိုးလည်း ရှည်မလာ၊ သားအိမ်ကလည်း လုံးမလာဘဲ ပျော့ဖပ်ဖပ်ဖြစ်နေသည်။ ချက်ကြိုးကို အသာချော့ပြီး ဆွဲကြည့်သည်။ အခါတိုင်းဆိုလျှင် ဒီလောက်ဆွဲစရာပင်မလို၊ အချင်းက အလိုက်သင့်ကျလာတတ်သည်။ အခုတော့ ကျရိပ်ကျယောင်ကိုပင်မမြင်၊ သွေးတွေသာ တသွင်သွင်ဆင်းနေသည်။ အတင်းလည်း ဆောင့်မဆွဲရဲ၊ အချင်းက ကွာလိုက်မလာဘဲ တအားကပ်နေလျှင် သားအိမ်ပြောင်းပြန်လန်ကာ ချက်ချင်းအသက်ပါသွားတတ်သည်။ ဒီပုံစံအတိုင်း သွေးဆင်းနေသော်လည်း မကြာမီ အချင်း ကျလာလျှင် ကိစ္စမရှိ၊ အချင်းကျပြီးလျှင် သွေးရပ်သွားမည် ဖြစ်သည်။ အကယ်၍ အချင်း ကျမလာလျှင်ရော၊ ထိုသို့သာဆိုလျှင် အရေးကြီးပြီ။

'ဒေါ်ပုတု'

ဒေါ်မြက တိုးတိုးလေးခေါ်သည်။

'သွေးဆင်းတာ များတယ်နော်'

'အချင်းကပ်နေတယ်'

ဒေါ်ပုတုက တိုးတိုးလေးပြောသော်လည်း မခင်အေး ကြားသွားသည်။ သူတို့ကို မျက်လုံးလေးအဝိုင်းသားနှင့်လှမ်းကြည့်သည်။

'မခင်အေး မကြောက်နဲ့နော်၊ ကိစ္စမရှိပါဘူး'

ဒေါ်ပုတုက ပြောသည်။ သို့သော် ယခုအချိန်တွင် တကယ်စိုးရိမ်ပြီး တကယ်ကြောက်နေသူက မခင်အေးမဟုတ်၊ သူသာလျှင်ဖြစ်ကြောင်း သူ့ကိုယ်သူ သိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

သူ့ကားလေးကို လက်ပြပြီး တားနေသူတစ်ဦးကိုတွေ့တော့ ကိုလင်းက ကားအရှိန်ကိုလျှော့ကာ လမ်းဘေးကပ်ပြီး ရပ်လိုက်သည်။

'မော်ဘီအသွားအပြန်လိုက်မလားဟင်'

'မော်ဘီဘယ်နားလဲ'

'မြို့အဝင်တင်ပါ၊ လမ်းချိုးထဲကိုတော့ တစ်မိုင်ခွဲလောက် ဝင်ရတယ်၊ မြေနီလမ်းပေမယ့် လမ်းသိပ်မဆိုးပါဘူး'

ကိုလင်းက ကားငှားသူကိုအကဲခတ်နေသည်၊ ကြည့်ရသည်မှာ ချမ်းချမ်းသာသာထဲကတော့ ဟုတ်ပုံမရ၊ သူဘယ်လောက် ပေးနိုင်မည်နည်းဟု စိတ်ထဲမှ မှန်းဆနေမိသည်။

'တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပါဗျာ၊ မော်ဘီက ညီမဆီသွားချင်လို့၊ ဆယ့်ငါးမိနစ်လောက် စကားပြောပြီး ပြန်မှာပါ၊ မကြာဘူး'

'သုံးထောင်ပဲထားလေ'

'အောင်မလေးဗျာ'

ထိုသူက ကင်းကိုက်ခံရသူလို ထအော်သည်။

'ဒီလောက်တော့ မလုပ်ပါနဲ့ငါ့ညီရာ၊ လျှော့လျှော့ပေါ့ပေါ့လေးလုပ်ပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါလျှော့ထားတာပါ အစ်ကိုရယ်၊ ဓာတ်ဆီဈေးလည်း အစ်ကိုသိမှာပါ'

'သိပါတယ် မောင်ရင်ရယ်၊ ဆီဈေးကြီးမှန်းလည်း သိပါတယ်၊ ကိုယ့်ကိုယ်ကိုလည်း မချမ်းသာမှန်း သိပါတယ်၊ မသွားမဖြစ်လို့ သွားရတာ၊ ဒီလောက်မတတ်နိုင်လို့ပါဗျာ၊ ကြာကြာလည်း မနေပါဘူး၊ အိမ်ကမိန်းမကလည်း ကိုယ်ဝန်နဲ့မို့ ဒီပြန်လာပြီး နက်ဖြန်ဆေးရုံတက်ဖို့လည်း လုပ်ရကိုင်ရဦးမှာမို့ပါ၊ အစ်ကိုတို့က ကိစ္စရှိလို့သာ သွားရလာရတာ၊ သိပ်မတတ်နိုင်ပါဘူးကွာ'

ကိုယ်ဝန်ဟူသော အသံကိုကြားတော့ ကိုလင်း အတန်ငယ်စိတ်ပျော့သွားသည်၊ နောက်ဆုံးတော့ နှစ်ထောင်နှင့်ဈေးတည့်သွားကာ သူ့ကားပေါ်သို့ ကိုရေအေးရောက်လာသည်။

'ခုတလောတော့ ကိုယ်ဝန်ဆောင်တွေနဲ့ ဘယ်လိုများ အကျိုးပေးနေတယ် မသိဘူး၊ အိမ်က အစ်မကလည်း ကိုယ်ဝန်၊ တွေ့လိုက်သမျှတွေကလည်း ကိုယ်ဝန်၊ မိန်းမတွေကပဲ ကိုယ်ဝန်ရှိနိုင်တာလား၊ ငါကပဲ ကိုယ်ဝန်ဆောင်တွေနဲ့ ရေစက်ပါနေတာလား'

ကိုလင်းက ကားကိုမြို့ပြင်ဘက်သို့ပြန်ပြီး ဦးတည်လိုက်သည်။ မှော်ဘီအသွားအပြန်ကို ငွေနှစ်ထောင်နှင့်မောင်းရသည်မှာ လုံးဝ တွက်ခြေ မကိုက်ချေ။ သို့သော် သူက ငွေရေးကြေးရေးကို သိပ်ပြီး အဓိကထားမနေသောကြောင့်သာ လိုက်ဖြစ်ခြင်း ဖြစ်လေသည်။ ကြုံရင်လည်း အမေချစ်တို့ခြံမှာ သဘော်သီးဝင်ဝယ်တာပေါ့ဟု စဉ်းစားမိသည်။

အမေချစ်ခြံက သဘော်သီးကို အဖေမစားလိုက်ရချေ။ ဝမ်းပျက်နေသဖြင့် မကျွေးခဲ့ရခြင်း ဖြစ်သည်။ သူတို့မောင်နှမနှစ်ယောက်စားလိုက်ရတာတော့ တော်တော်ကို လေးလေးပင်ပင်ချိုသည်။

'မှော်ဘီမြို့အဝင်မှာ အမေချစ်ခြံဆိုတာ ရှိတယ်တဲ့၊ အစ်ကိုရောက်ဖူးလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းက စကားစရှာ၍ ပြောသည်။ သူကလည်း အဖေတူ သားဆိုတော့ အဖေ့လိုပင် စကားလေးတပြောပြောနှင့် ကားမောင်းချင်သည်။

'ရောက်ဖူးပါတယ်၊ ဘာဖြစ်လို့လဲ'

ကိုရေအေးက ကိုလင်းအား အကဲခတ်သလို မသိမသာ လှမ်းကြည့်သည်။

'ဪ အဲဒီခြံက သဘော်သီးချိုလွန်းလို့ပါ'

'ချိုမှာပေါ့ဗျ၊ ကျွန်တော့်ညီမစိုက်တာကိုး'

သဘော်သီးကောင်းပါသည်ဆိုမှ ကိုရေအေးက မထ္တုပ်တိုင်တက်သည်၊ မခင်အေးနှင့်တွေ့မှ 'နင်တို့သဘော်သီးက တယ်ပြီး နာမည်ကြီး ပါလား' ဟု ပြောရဦးမည်ဟု ခပ်ပြုံးပြုံးစဉ်းစားသည်။

'အစ်ကို့ညီမက အမေချစ်နဲ့ ဘာတော်လဲ'

'အမေချစ် ချွေးမလေ၊ အမေချစ်သားက ကိုလှမောင်တဲ့၊ သူတို့သားအမိက သိပ်လက်ဆိပ်ရှိတာ၊ ဒီမြေ ဒီရေနဲ့ ဒီမျိုးစေ့ကို အတူတူချင်းယှဉ်စိုက်၊ သူတို့အပင်က အမြဲသာတယ်'

'အခု အစ်ကိုက ညီမဆီသွားမယ်ဆိုတာ အဲဒီညီမလား'

'သိပ်ဟုတ်တာပေါ့ဗျာ'

ကိုရေအေးက ခပ်ပြုံးပြုံးခေါင်းညိတ်သည်။ အခုတလောတော့ ကံကောင်းပြီးရင်း ကောင်းနေသည်။ မနက်တုန်းက ဒေါ်ခင်မကြီးနှင့် သူ၏သားအငယ်ဆုံးဆရာဝန်တို့က သူတို့မိသားစုဆီ ရောက်လာသည်။ သူ့အိမ်မှာရှိသော ကြိမ်ကုလားထိုင်တွေက ပေါက်ပြဲနေ၍ ထိုင်စရာကောင်းကောင်းမရှိ၊ ထို့ကြောင့် ဒေါ်ခင်မကြီးကို ပက်လက်ကုလားထိုင်ခနော်ခနဲ့ပေါ်တွင်သာ အားနာပါးနာ ထိုင်ခိုင်းရသည်။ ဆရာဝန်ကတော့ 'ရပါတယ် ကိစ္စမရှိပါဘူး' ဟုဆိုရင်း ကြိမ်ကုလားထိုင်ပေါက်တွင်သာ ဝင်ထိုင်သည်။ စိန်ရွှေမြကလည်း အနားလာမော့နေသော ကလေး

www.burmeseclassic.com

www.burmeseclassic.com



လေးကောင်ကို အော်လိုက်ဟစ်လိုက်ဆွဲခေါ်လိုက်နှင့် ပျာယီး ပျာယာဖြစ်နေသည်။ ကော်ဖီလက်ဖက်ရည်လေး တိုက်ချင်သော်လည်း ကော်ဖီပန်းကန်ကောင်းကောင်း မရှိချေ။

ဒေါ်ခင်မေကြီးတို့သားအမိက သူတို့အခြေအနေကို မြင်ရတော့ စိတ်ကောင်းဟန်မတူ၊ ကြိမ်ကုလားထိုင်ပေါက်တွင်ဖင်မကျွံအောင် သတိထားပြီးထိုင်နေသော ဆရာဝန်ကိုလူချောက ကလေးတွေကို သူဝယ်လာသော မုန့်ထုပ်တွေလှမ်းပေးသည်။ ခဏနေတော့ ကလေးတွေနှင့် အဖွဲ့ကျသွားသည်။

'အန်တီလည်း ကြည်ကြည့်ကိစ္စ ရှုပ်သွားတော့ ငါ့တူတို့မောင်နှမကို လှည့်မကြည့်နိုင်ဘူး၊ မနေ့ညက မောင်အောင်ထွန်းမြင့်နဲ့ စကားစပ်မိမှ 'ကိုရေအေးမိန်းမလည်း မွေးခါနီးနေပြီ၊ မာမီ ဘာမှ မစောင့်ရှောက်ဘူးလား' ဆိုမှ သတိရတယ်ကွယ်၊ ဒီလိုအချိန်မှာ အင်မတန်ကို ငွေကုန်ကြေးကျများတာကိုအန်တီမေ့နေတယ်၊ ငါ့တူနဲ့တူမကို တစ်ယောက်ငါးသောင်းစီ အန်တီကူညီပါရစေ၊ အမောင့်ခြံကလည်း ရုတ်တရက်ရောင်းထွက်ဦးမှာ မဟုတ်တော့ မွေးတုန်း ဖွားတုန်း ဆေးဖိုးလေး ဆရာဝန်ဖိုးလေး သုံးရစွဲရအောင်လို့ပါ၊ ငါ့တူ လက်ခံနော်၊ တူမကိုလည်း သွားပြီးပေးပေးပါ၊ တစ်နေ့လောက်တော့ ဆုံကြ တွေ့ကြရအောင်ကွယ်၊ မွေးဖွားပြီးတော့ အိမ်ခေါ်ခဲ့ပါဦး'ဟု ပြောကာ စားပွဲပေါ်တွင် ငါးရာတန်နှစ်အုပ်တင်သွားသည်။

သူ့မှာ ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာ မရှိ၊ ဒေဝီစိန်ရွှေမြကလေးမွေးဖို့အတွက် အစစ အရာရာ ဘာဆိုဘာမှ မပြည့်စုံသေးသည်ကတော့ အမှန်ပင်၊ အမေ ခဏခဏပြောဖူးသည်ကို သတိရသည်။ 'ငွေကို အသုံးသာရှိပါစေ၊ အဖြုန်းမရှိပါစေနှင့်' တဲ့၊ ဖြုန်းဖို့ နေနေသာသာ သုံးစရာပင် မရှိသည်ကိုတော့ ဘာလုပ်ရမည်နည်း ပြောမသွားချေ။ တစ်ခုတော့ ရှိတာပေါ့လေ၊ အမေက လက်ကြော အင်မတန်တင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာသီမရွေး အလုပ်မရွေး လုပ်နိုင်သည်။ အမေတစ်ဦးတည်းလုပ်စာနှင့် သူတို့မောင်နှမနှစ်ဦးကို လူလားမြောက်အောင် ကျွေးမွေးပြုစုနိုင်ခဲ့သည်။ ခက်သည်က သူက အမေ့လို လက်ကြောမတင်း၊ ဒါကတော့ သူက အဖေနှင့် တူသည်ကိုး၊ အဖေ့သားကိုး၊ ဟိုး ဟိုး၊ သူက တွေးရင်း ပြုံး၍ ပြုံးရင်းလည်း ဆက်ပြီးတွေးနေမိပြန်သည်။

ပြန်ခါနီးကျတော့ သူ၏ညီဝမ်းကွဲတော်သူ ကလေးအထူးကုဆရာဝန်ကြီးက 'အစ်ကို့မှာ ကလေးတွေ အများကြီးပဲ၊ ကျွန်တော့်ကို တစ်ယောက်လောက်ပေးပါလားဗျာ' နောက်သလို ပြောင်သလို ပြောသည်။ သူက 'အမြဲတမ်းဆာနေလို့ ဆာဘွဲ့ပေးထားရတာတွေနော်၊ ခေါ်ရဲလို့လား' ဟု ပြုံးပြုံးရယ်ရယ် ပြောသော်လည်း စိန်ရွှေမြက တစ်ဖက်လှည့်ပြီး မကြားသလိုလုပ်နေသည်။ သူတို့ကား ထွက်သွားသောအခါမှ 'ပေါက်ပေါက်ရှာရှာတော် သူများတကာ ကိုးလဆယ်လ ဝမ်းနဲ့လွယ် မွေးထားရတဲ့ ကလေးကိုများ ဟင်းရွက်ကန်စွန်းအောက်မေ့လို့လား မသိဘူး၊ အပေါ်စီးကလေးနဲ့ လာတောင်းနေလိုက်တာ၊ ဟွန်း ဟိုငါးရာတန်အုပ် မျက်နှာသာမရှိရင် ဆဲလွှတ်ပစ်လိုက်ပြီ၊ သောက်မြင်ကပ်လိုက်တာ လွန်ရော' ဟု ပြောလေသည်။

'ငယ်တော့သမီး ကြီးတော့ထီးတဲ့၊ ငယ်ငယ်ကသား ကြီးတော့အားတဲ့၊ မိန်းမရေ ငါတို့မှာ အပြင်မှာလေးယောက်၊ ဗိုက်ထဲမှာ နှစ်ယောက်၊ အားလုံးပေါင်းတော့ ခြောက်ယောက်၊ ထီးက နှစ်လက်၊ အားက လေးအားတောင်ရှိတာကွ'

သူက အခုတော့လည်းသားသမီးမာန်တက်ချင်လာသည်။ စိန်ရွှေမြက ခပ်မဲ့မဲ့ပြုံးရင်း 'အဲဒီလိုလည်း တရားသေမှတ်လို့မရဘူး အဖေကြီးရေ၊ ငယ်တော့သမီး ကြီးတော့မီး၊ ငယ်ငယ်ကသား ကြီးတော့ ကျားဆိုတာတွေလည်း ရှိတတ်တယ်နော်'ဟုပြောလေသည်။ ထို့နောက် 'မခင်အေးလည်း မွေးခါနီးလှပြီ၊ မွေးချင်တောင် မွေးနေရောပေါ့၊ ဒီနေ့လည်း

www.burmeseclassic.com

www.burmeseclassic.com



ရုံးပိတ်နေတာ၊ သူ့ဆီကို ရှင် ပြေးပြီး ပိုက်ဆံလေး ပေးလိုက်ပါလား၊ နောက်တစ်ပတ်ဆို ကျွန်မကလည်း မွေးရ ဖွားရဦးမှာ၊ ရှင်လည်း အားမှာ မဟုတ်တော့ဘူး' ဟု တိုက်တိုက်တွန်းတွန်းလေး ပြောသည်။

ဒေဝီစိန်ရွှေမြ၏ တိုက်တွန်းချက်အရ အခု သူက တက္ကစီပေါ်ရောက်နေခြင်း ဖြစ်သည်။ ဒေဝီက မော်ဘီသွားခိုင်းလိုက်တာ မှန်သော်လည်း သူ့ကို တက္ကစီစီးခိုင်းခြင်းတော့ မဟုတ်ပေ၊ တက္ကစီငှားခြင်းကတော့ သူ့သဘောနှင့်သူ ငှားခြင်း ဖြစ်သည်။ ဘာဖြစ်သေးလဲ ငွေငါးသောင်းကြီးများတောင် အိမ်တိုင်ယာရောက် ရောက်လာတာ သူ့ခန္ဓာကိုယ်၏ သက်သာအဆင်ပြေရေးအတွက် နှစ်ထောင်လောက်တော့ သူအသုံးပြုသင့်သည်ဟု သူ့ကိုယ်သူ အလေးတင်း မဲပေးထားသည်။

'ဟား ဟား ငါနောက်တစ်ခါလာရင်တက္ကစီနဲ့လာမယ်လို့ ပြောထားတာ၊ တကယ်ကို လာဖြစ်သွားတာပဲ၊ ဒီလိုသာပြောတိုင်း မှန်နေရင် ဘယ်လောက်ဟန်ကျမလဲ၊ ငါနောက်တစ်ခေါက်ကျတော့ နင့်အတွက် သိန်းပေါင်းများစွာ သယ်လာခဲ့မယ်လို့ ပြောပစ်ခဲ့ဦးမယ်'

ကိုရေအေးက တွေးရင်းတောရင်း သူ့ပေါင်ပေါ်တွင် တင်ထားသော သားရေအိတ်ထဲကို အသာလေး လက်လျှိုပြီး စမ်းကြည့်သည်။ ကြွပ်ကြွပ်အိတ်နှင့်သုံးထပ်လောက်ပတ်ထားသော ထုထုခေါက်ခေါက် ပိုက်ဆံအုပ်ကို စမ်းမိသောအခါမှ စိတ်ချသွားသည်။

ငွေဆိုသောအရာသည် လူကိုမာန်တက်စေသည်ကတော့ အမှန်ပင်။ ပိုက်ဆံငါးသောင်းအိတ်ထဲထည့်ထားရသည့်အတွက် သူ၏ဟန်ပန်သည် ခပ်ကြွကြွ၊ ခပ်ကြွားကြွားဖြစ်နေသည်ကိုတော့ သူ့ကိုယ်သူ မသိပေ။

'အမေချစ်ချွေးမကလည်း ကိုယ်ဝန်နဲ့ပဲ မဟုတ်လား'

ကိုလင်းကမေးတော့ ကိုရေအေးမျက်လုံးပြူးသွားသည်။ အမေချစ်ခြိက သဘော်သီးချိုကြောင်းကို သိသူအတော်များသော်လည်း အမေ

www.burmeseclassic.com

www.burmeseclassic.com



ချစ် ရွှေးမကိုယ်ဝန်နှင့်ဆိုသည်ကိုကား သိရှိသူ သိပ်ပြီး များလိမ့်မည် မထင်။

'ဟင် မောင်ရင်က ဘယ်လိုလုပ်သိသလဲ'

'သူ့ဆီက သဘော်သီးကို ကျွန်တော်အားမနာပါးမနာ တောင်းဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်ကထင်ပါရဲ့၊ သူက ကိုယ်ဝန်နဲ့၊ သူ့ယောကျ်ားကလည်း မျက်နှာချိုချို၊ အာဝဇ္ဇန်းရွှင်ရွှင်နဲ့လေ'

'ဟုတ်ပ့ါဗျာ'

ကိုရေအေးက ခေါင်းညိတ်သည်။ ကိုလှမောင်က ခပ်သောသော ခပ်ရွှင်ရွှင်နေတတ်သည်က အမှန်ပင်။

'သူတို့ပြောသွားတာ အမေချစ်ခြံကသဘော်သီးဆိုရင်မချိုတာ မရှိဘူးတဲ့၊ ပြောလည်းပြောလောက်ပါရဲ့ဗျာ၊ ချိုတာမှ အဟုတ်ကို ချိုတာ၊ ကြုံရင် ထပ်ဝယ်ဦးမယ်လို့ စိတ်ထဲမှာ တေးထားတာ'

'ဝယ်ပါဗျာ ဝယ်ပါ၊ အပင်ပေါ်လက်ညှိုးထိုးပြီး ကြိုက်လုံး ဝယ်ရင်လည်း ရတယ်'

ကိုရေအေးက ကျေနပ်စွာပြောသည်။ သူလည်း တက္ကစီ ငှားလာပြီမို့ သဘော်သီးသယ်လို့ရပြီ၊ 'ကဲ နင်ပေးချင်လှတဲ့ သဘော်သီးဘယ်နှစ်လုံးပေးနိုင်မလဲ ပေးစမ်း၊ ငါ ကားငှားလာခဲ့ပြီလေ' ဟု ပြောရဦးမည်။

သူတို့ ဇနီးမောင်နှံနှင့် ထပ်တွေ့ရဦးမည် ဆိုတော့ ကိုလင်းလည်း အလိုလို ပျော်နေသည်။ သူတို့က 'သဘော်သီးကို အစ်ကို့ အဖေကြိုက်ရဲ့လား'ဟုမေးလိမ့်မည် ထင်သည်။ ဒီလိုမေးလာလျှင် သူက အဖေ့ကိုမကျွေးရဲ၍ အဖေစားမသွားရကြောင်းကို မပြောတော့ဘဲနေရန် စဉ်းစားသည်။ လှုခဲ့ရသူစိတ်ချမ်းသာပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားအောင် အဖေကနှစ်သက်စွာ စားကြောင်း၊ ကောင်းလိုက်တာဟု ပြောကြောင်း၊ ထပ်ရဦးမလားဟု မေးကြောင်း၊ သဘော်သီး ပေးလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံကို ကျေးဇူးတင်စွာနှင့် မေတ္တာပို့ကြောင်း စသည် စသည်ဖြင့် ဝေဝေဆာဆာ ပြောလိုက်မည်ဟု စဉ်းစားနေသည်။ မုသားစကားပင် ဖြစ်သော်လည်း အဖြူရောင်မုသားမို့ အပြစ်ရှိလိမ့်မည်တော့ မထင်ပါ။

'သူတို့ဆီက သင်္ဘောသီးတင် ကောင်းတာ မဟုတ်ဘူး၊ ဒန့်သလွန်နဲ့ကျွဲကောလည်းကောင်းတာပဲ၊ ဒန့်သလွန်ဆိုရင်ဗျာ၊ ဘယ်က မျိုးတွေများ ရှာပြီးစိုက်ထားလဲ မသိပါဘူး၊ ရှည်ရှည်ထွားထွားနဲ့ နုနုကြီး တွေ၊ လေးတောင့်လောက်ချက်လိုက်ရင် ကုလားဟင်းတစ်အိုး ပေါင်း လန်သွားတာပဲ၊ အိမ်ကကောင်တွေ ဗိုက်ရိုက်ပြီး စားပေတော့၊ ခေါင်း မဖော်ကြတော့ဘူး'

'ဒါဆိုရင် အပြန်ကျတော့ ဒန့်သလွန်သီးလည်း ဝယ်ရမယ်'

ဒန့်သလွန်သီးက အခွံတွင်ကပ်နေသောအသားကို သွားနှင့် ခြစ်စားရသည်မို့ တော်တော်အလုပ်ရှုပ်သော အသီးဖြစ်သည်။ သို့သော် ကိုလင်းက အလွန်ကြိုက်သည်။ ထမင်းကို ဇွန်းနှင့် ခက်ရင်းနှင့် စားလေ့ ရှိသော်လည်း ဒန့်သလွန်သီးချက်သောနေ့ဆိုလျှင်တော့ သူက ဇွန်းခရင်း ကို ဘေးဖယ်ကာ ထပြီး လက်ဆေးလေ့ရှိသည်။

ကိုလင်းသည် ကားကို တရိပ်ရိပ်မောင်းရင်း သူတို့၏ငယ်ဘဝ ကို သတိရသည်။ ဒေါ်လေးကျင်က ဒန့်သလွန်သီးကို ငါးခြောက်ရိုးနှင့် လုံးကာ မကျည်းရေစပ်စပ်လေးထည့်ပြီး မဆလာမွှေးမွှေးလေး အုပ်ကာ ချက်ပေးတတ်သည်။ ထိုဟင်းနှင့် တွဲဖက်ကတော့ ဘဲဥကြော် တစ်လုံးစီ ဖြစ်သည်။ တစ်ညနေမှာတော့ သူတို့မောင်နှမနှစ်ယောက် တိတ်တိတ် ဆိတ်ဆိတ် ထမင်းစားနေခိုက် အဖေက ခရီးဝေးမှ ပြန်ရောက်လာသည်။ 'အဖေလည်း ဆာလိုက်တာ၊ စားမယ်ကွာ' ဟု ပြောရင်း ထမင်းပွဲ ဝင်ထိုင် သည်။ ထမင်းက မနက်ကျလျှင် ပဲပြုတ်နှင့်ကြော်ရန် ပိုချက်ထားသည်မို့ ကိစ္စမရှိ၊ မီးသွေးမီးဖိုက ငြိမ်းသတ်ထားပြီမို့ ဟင်းကမရှိ၊ ဘဲဥလေးပင် ထပ်မကြော်နိုင်၊ သူတို့မောင်နှမက အဖေ့အတွက် ဘဲဥကြော် တစ်ဝက်စီ

www.burmeseclassic.com

www.burmeseclassic.com



ခွဲပေးတော့ အဖေက မစား၊ သူတို့ထဲ ပြန်ထည့်သည်။ သူတို့ကလည်း မစားရက်၊ အဖေ့ကို အတင်းပြန်ကျွေးသည်။ ထမင်းစားပြီးတော့ ချဉ်ရေဟင်းသာ ကုန်သွားသည်။ အပိုင်းပိုင်းပဲ့နေသော ဘဲဥကြော်လေး နှစ်လုံးက အရာ မယွင်းချေ။ နောက်ဆုံးတော့ အဖေက ဘဲဥကြော်လေးတွေကို ဖဲ့ရွဲ့ပြီး အညီအမျှ သုံးပုံပုံသည်။ သူတို့ပန်းကန်ထဲ တစ်ပုံစီထည့်ပေးရင်း နှုတ်မှလည်း 'တစ်ပုံ နှစ်ပုံ ဘဲဥပုံ၊ သမီးအတွက်က တစ်ပုံ၊ ဟောသားအတွက်က တစ်ပုံ၊ ကျန်တဲ့အပုံ အဖေကြီးစား' ဟု တပြုံးပြုံးနှင့် ရေရွတ်လိုက်သေးသည်။ ထိုနေ့က စားခဲ့ရသော ဘဲဥကြော်လေး၏ အရသာကို သူယခုထိမမေ့၊ ဒီတစ်သက်လည်း မေ့နိုင်မည် မဟုတ်ချေ။ ဘဲဥကတော့ သာမန်ဘဲဥကြော်လေးပင် ဖြစ်သည်။ သို့သော် အပေါ်ဘက်မှ ထပ်ပြီး ဆမ်းထားသော မေတ္တာရည် မေတ္တာရနံ့က ချိုဆိမ့်မွှေးမြပြီး အရသာရှိလှသည်။

'ညီမကလည်း ကိုယ်ဝန်နဲ့၊ မိန်းမကလည်း ကိုယ်ဝန်နဲ့ပဲဗျ၊ သူတို့ နှစ်ယောက်မွေးရက်ကတော့ သိပ်မကွာဘူး ပြောတယ်၊ မိန်းမကတော့ နက်ဖြန်ဆေးရုံတက်ရတော့မယ်'

ကိုရေအေးက သူ့အိတ်ထဲမှ ငါးရာတန်အုပ်ကို မသိမသာလေး လက်နှိုက်ပြီး စမ်းကြည့်မိပြန်သည်။ ဒီပိုက်ဆံကတော့ ပျောက်သွားမှာကို ပူပူပင်ပင်ဖြစ်နေရသည်မို့ ပေးပြီးမှပင် အေးတော့မည် ဖြစ်သည်။

'ကျွန်တော့်အစ်မကတော့ နောက်သုံးရက်နေမှ ဆေးရုံတက်ခွဲရမယ်၊ အင်္ဂါသားလေးလိုချင်လို့တဲ့၊ ဒီခေတ်ကလည်း ဘယ်သူမှ သိပ်ပြီး ဗိုက်အနာခံမနေကြတော့ဘူးနော်၊ နေ့ကောင်းရက်သာလေး တွက်ချက်ပြီး ဆရာဝန်နဲ့ညှိပြီး ခွဲထုတ်တော့တာပါပဲဗျာ'

ကလေး၏မွေးသော အချိန်နှင့်နေ့ရက် နာရီမိနစ်များကိုပါ တွက်ချက်ပြီး ဇာတာခွင်ဖွဲ့ရသည်ဟု ကြားဖူးသည်။ ယခုလို မမွေးမီကတည်းက ကြိုတင်တွက်ချက်ကာ ကြိုက်သောအချိန်တွင် ခွဲထုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းသည် ဓမ္မတာအတိုင်းမွေးသောအချိန်နှင့်တော့ တူမည် မဟုတ်ပေ။ နေ့ရက်တူဦးတော့၊ အချိန်နာရီတော့လွဲမည် ဖြစ်လေသည်။ အကယ်၍ ညနေလေးနာရီတွင် ဓမ္မတာအတိုင်း မွေးလာမည့်ကလေးကို မနက်စောစောရှစ်နာရီအချိန်၌ ဗိုက်ခွဲ၍ထုတ်ယူလိုက်ခြင်းသည် ထိုကလေးငယ်၏ကံဇာတာကို ပြောင်းလဲစေနိုင်သလော၊ သူ ဉာဏ်မီအောင် မတွေးတတ်ချေ။

'အိမ်ကမိန်းမလည်း ဗိုက်ခွဲရမှာပဲ၊ သူကတော့ အမွှာမို့ ခွဲရတာပါ၊ အကြီးတွေတုန်းက ဓမ္မတာအတိုင်းပဲ မွေးခဲ့တာ'

ကိုရေအေးက ပြောသည်။ မော်ဘီကပြန်ရောက်မှ မိန်းမ ဆေးရုံတက်ဖို့အတွက် ဟောလစ်တို့ အိုဗာတင်းတို့ ဝယ်လိုက်ဦးမည်။

'အမွှာဆို ဟန်ကျတာပေါ့ဗျာ၊ ကျွန်တော်လည်း အမွှာဆို သိပ်လိုချင်တာ၊ အစ်မကိုလည်း အမွှာလေးရပါစေလို့ ဆုတောင်းနေမိတာ'

'ဘာလို့ အစ်မကို မွေးခိုင်းနေရတာလဲ မောင်ရင်ကလဲ၊ ကိုယ့်မိန်းမကိုယ် မွေးခိုင်းရမှာပေါ့ဗျာ'

'အဟင်း မွေးစရာ မိန်းမမှ မရှိသေးတာ'

'ကောင်းရောဗျာ၊ ဟား ဟား ကိုရင်လေးက ဝမရှိသေးဘဲနဲ့ ဝိချင်နေတာကိုး'

ကိုရေအေးက သဘောကျစွာရယ်သည်။ ကိုလင်းကလည်း ခပ်သဲ့သဲ့ရယ်မောရင်း နွဲ့သဇင်ကို သတိရသည်။ နွဲ့သဇင်သာ သမီးအမွှာလေးမွေးလိုက်လျှင် မည်မျှကောင်းလေမည်နည်း။ တစ်ယောက်တည်း ကြည့်ရသည်ကိုပင် ဒီမျှကြည့်၍ကောင်းနေလျှင် အမေတူ သမီးချောချောလေးနှစ်ယောက်ကသာ အင်္ကျီဆင်တူလေးတွေဝတ်ပြီး သွားလာ လှုပ်ရှားနေလျှင် မည်မျှကြည့်ကောင်းလေမည် မသိ၊ မြင်သူ ငေးရမည်မှာ အမှန်ပင်။

စကားတပြောပြောနှင့်ဆိုတော့ ကြာ၍ကြာမှန်းပင်မသိ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရချေ။ တရိပ်ရိပ်ပြေးနေသောကားလေးသည် မှော်ဘီမြို့နယ်ထဲသို့ ဝင်လာပြီ ဖြစ်သည်။

'ဟော ဟိုရှေ့ကသီဟိုဠ်သရက်ပင်အုပ်အုပ်ကလေး တွေ့လား၊ အဲဒီအလွန်ညာဘက်မှာ မြေနီလမ်းလေးရှိတယ်'

ကိုလင်းက ကားကို အရှိန်လျှော့ကာ ကိုရေအေးညွှန်ပြသော မြေနီလမ်းကလေးထဲသို့ ကွေ့ဝင်လိုက်သည်။ လမ်းကလေးက သိပ်တော့မချော၊ ချိုင့်တွေ ခွက်တွေနှင့်မို့ အတော်လေးရှောင်ကာ မောင်းရသည်။

'ဒီနားတစ်ချက်ပါ ငါ့ညီရာ၊ ရှေ့နားမှာတော့ လမ်းက ကောင်းသွားပါတယ်'

ကိုရေအေးက အားနာဟန်နှင့်ပြောသည်။

'ကျွန်တော့်ယောက်ဖကတော့ ရောင်းစရာ ချစရာ အသီး အနှံတွေကို ဒီအတိုင်း ထမ်းပိုးနဲ့ထမ်းပြီးသယ်တာပဲ၊ သူတို့ကတော့ အကျင့်ရနေပြီကိုး၊ ပင်ပန်းပုံလည်း မရဘူး'

မွန်းလွဲနေပြီဆိုတော့ နေရောင်က စူးစူးရှရှ ပူပြင်းနေသည်။ လမ်းဘေးတစ်လျှောက်တွင် တန်းပြီးစိုက်ထားသော မလေးရှားပိတောက်များက အရိပ်ရသဖြင့်သာ တော်တော့သည်။ သို့သော်လည်း စိုက်ထားသော သစ်ပင်က ခပ်ကျဲကျဲဆိုတော့ တစ်လမ်းလုံးကိုတော့ အရိပ်မပေးနိုင်၊ ပြောက်တိပြောက်ကျားသာ ရိပ်စေလေသည်။

'ဒီခရီး ဒီလမ်းကို ဒီလိုအချိန်မှာ ထီးမပါဘဲလျှောက်ရလို့ကတော့ မလွယ်ကြောပဲ'

ချိုင့်တွေခွက်တွေကို သတိထား၍ရှောင်ရင်း ကိုလင်းက တွေးနေမိသည်။ ကားဖြတ်သန်းခဲ့ရာ လမ်းတလျှောက်တွင် ဖုန်တွေက တသောသော ထကျန်ရစ်ခဲ့သည်။ နွေရာသီတွင် ဖုန်ထူသလို မိုးတွင်းကျတော့လည်း တော်တော်လေး ရွှံ့ထူမည့်လမ်း ဖြစ်ပုံရသည်။

'ဟင် ဟိုလူ ဘာဖြစ်လာပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



ကိုရေအေးက တအံ့တသြပြောသည်။ သူတို့၏မျက်နှာချင်း ဆိုင်၌ ဖုန်တထောင်းထောင်းထအောင် တရကြမ်းပြေးလာသူတစ်ဦးကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုသူက လက်နှစ်ဖက်ကို ဝှေ့ယမ်းရင်း ကားဆီသို့ ဦးတည်ပြီး ပြေးလာသည်။

'ကူညီပါဗျာ ကူညီပါ၊ ဆေးရုံသွားချင်လို့'

'ဟင် ကိုလှမောင်'

မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဗလုံးဗထွေးပြောနေသောသူကို ကြည့်ရင်း ကိုရေအေး အံ့သြသွားသည်။ သူ့ယောက်ဖကိုလှမောင် ဘာများဖြစ်လာလို့ပါလိမ့်၊ အမေချစ်များ တစ်ခုခုဖြစ်ရော့လား။

'ဘာဖြစ်လို့လဲ ဘယ်သူ ဘာဖြစ်လို့လဲ'

'အမလေး အစ်ကိုရေအေး၊ ကယ်ပါဦးအစ်ကိုရယ် ကယ်ကြပါဦး'

ကိုလှမောင်က အမောဆို့နေသည်။ ဘယ်သူ့ကိုမှ ခွင့်တောင်း မနေဘဲ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ အတင်းဝင်ထိုင်သည်။

'မခင်အေး မခင်အေး၊ အစ်ကို့ညီမမခင်အေး သွေးတွေ သွန်နေလို့'

'ဟာ'

ကိုလင်းက ကိုလှမောင်ကို ခဏနေမှ မှတ်မိသည်။ သူ ဟို တစ်ခါတွေ့တုန်းက ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်မို့ အခုလို မျက်လုံးပြူး မျက်ဆံပြူး ထိတ်လန့်တကြားပုံစံနှင့် တွေ့ရတော့ ချက်ချင်း မမှတ်မိနိုင်အောင် ဖြစ်သွားသည်။

'ဆွမ်းစားချိန်လောက်က သားလေးမွေးတယ်ဗျ၊ ကလေးက ကျန်းကျန်းမာမာပဲ၊ ဘာဆိုဘာမှ မဖြစ်ဘူး၊ မွေးပြီးမှ မွေးပြီးခါမှ အချင်းက ဆင်းမလာဘူး၊ ကပ်နေတယ်တဲ့၊ ဒေါ်ပုတုလည်း ကြိုးစားတာပဲ မရဘူး၊ သွေးတွေ တအားသွန်နေတာ လူလည်း ဖြူဖျော့နေပြီ၊ ဖော်

www.burmeseclassic.com



ကြောတွေတက်ပြီး ခါးတွေကိုက်နေတယ်တဲ့၊ ကယ်ပါဦး အစ်ကိုရယ် ဆေးရုံ ဆေးရုံကို အချိန်မီရောက်ရအောင် ကယ်ပါဦး'

ကိုလှမောင်က ဖိုလိုက် မောဟိုက်နေသည်။

'ဆေးရုံမှာ မွေးပါလို့ ပြောသားနဲ့ကွာ'

'သူက သူက ဆေးရုံဆို သိပ်ကြောက်တာ၊ သမီးမွေးတုန်းက လည်း ဘာမှ ပြဿနာမရှိခဲ့ဘူးလေ အစ်ကိုရေအေးရဲ့'

'ငါစိုးရိမ်နေတယ် သူ့ကိုတောင် ပြောခဲ့မိသေးတယ်၊ ဆေးရုံ မှာဆိုတော့ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ဆရာဝန် ဆရာမ နီးတာ ပေါ့လို့၊ ဒေါ်ပုတုကရော ဘာပြောလဲ'

'သူလည်း ပျာနေပြီ၊ ဆေးရုံပို့ဖို့ချည်းပဲ ပြောနေတာ၊ အစော ပိုင်းကတော့ မခင်အေးက မသွားဘူးလုပ်နေလို့'

'သူ ဘာပြောပြော လုပ်သင့်လုပ်ထိုက်တာ လုပ်မှပေါ့ကွ'

ကိုရေအေးက ခပ်ထန်ထန်ပြောသည်။ 'သွေးသွန်တယ် ဆို တာ အသက်ပါ ပါသွားနိုင်တာ၊ မင်းတို့မသိဘူးလား'ဟု ဆက်၍ အော် ပစ်လိုက်ချင်သော်လည်း မဦးမချွတ် နိမိတ်ဖတ်သလို ဖြစ်သွားမှာစိုး၍ နှုတ်ကို ထိန်းထားလိုက်သည်။

ကိုလင်းကတော့ အခြေအနေ အရပ်ရပ်ကို နားလည်သဘော ပေါက်နေပြီမို့ ကားကို ညှာမနေနိုင်တော့ချေ။ ချိုင့်တွေ ကျင်းတွေကို သတိထားရှောင်မနေတော့ဘဲ တရကြမ်းမောင်းတော့သည်။ ခြောက်ဖာ လုံခန့် ဆက်သွားပြီးတော့မှ အမေချစ်တို့ခြံကိုရောက်သည်။ အိမ်ရှေ့ တလင်းကို ပြောင်နေအောင်ရှင်းထားသော သစ်သား အိမ်ကလေးက သပ်သပ်ရပ်ရပ်ကလေး ဖြစ်သည်။ မိန်းမကြီးလေးငါးယောက်ခန့်က ဆင်းချည်တက်ချည်နှင့် ပျာယာခတ်နေကြသည်။ ပိန္နဲပင်အောက်က ဝါးခုံတန်းလျားလေးပေါ်တွင်တော့ လေးနှစ်အရွယ်လောက်ရှိသော ကောင်မလေးတစ်ယောက်က ငိုမဲ့မဲ့လေး ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်နှင့် ကိုရေအေးတို့က ကားအသေအချာ ရပ်သည်ကိုပင် မစောင့်ကြချေ။ ကားပေါ်မှ ဝုန်းခနဲ ဆင်းပြေးကြသည်။

ကိုလင်းကတော့ ကားနားတွင် ရပ်ရင်း ရင်တွေခုန်နေသည်။ 'အဖေ့အတွက်ဆိုရင် အလကားယူသွားပါရှင်၊ ကျွန်မတို့ ကုသိုလ်ပြုပါရစေ' ဟု သဘောကောင်းစွာ၊ ပြုံးချို ရွှင်လန်းစွာ ပြောခဲ့သော ထိုအမျိုးသမီးသည် အခုတော့ သွေးတွေ သွန်နေသည်တဲ့၊ မီးဖွားစဉ် သွေးသွန်ခြင်းသည် အသက်ကို နုတ်ယူသွားနိုင်ကြောင်း သူ ကြားဖူးနားဝနှင့်သိထားသည်။ 'ဘုရားသိကြားမ၍ အန္တရာယ် ကင်းပါစေဗျာ' ဟု တီးတိုးလေး ဆုတောင်းရုံကလွဲ၍ သူဘာမျှ မလုပ်တတ်၊ သူထိထိရောက်ရောက်ကူညီချင်လှသည်။ သို့သော် ဘယ်လို အကူအညီပေးရမည်နည်းလည်း မသိချေ။

ကိုလှမောင်က မီးနေခန်းထဲ ဝင်ပြေးတော့ ကိုရေအေးလည်း မရှောင်နိုင်၊ စိုးရိမ်တကြီးနှင့် ထက်ကြပ်ဝင်လိုက်သွားသည်။

'ဟင်'

သူ့ညီမ မခင်အေးကို သွေးအိုင်ထဲတွင်နစ်နေသည်ဟုပင် ထင်လိုက်မိသည်။ ကြမ်းပေါ်မှာရော ခုတင်ပေါ်မှာရော စွေးစွေးနီသော သွေးများက မနိုင်မနင်းပင်။ သွေးဆုတ်ပြီး ဖြူရော်နေသော မျက်နှာလေးမှာ ချွေးတွေရွှဲနေသည်။ သူ့ဘေးသို့ ပြေးလာသော ကိုလှမောင်ကို မျက်လုံးလေး လှန်ကြည့်သော်လည်း ပြုံး၍ပင် မပြုံနိုင်၊ မောဟိုက်ပန်းလျပြီး နွမ်းနေသည်။

'ညီမလေး'

ကိုရေအေးက အော်ခေါ်သည်။ သူ့အစ်ကိုအား တွေ့တော့ ဝမ်းသာသွားဟန်ရှိသည်။ ပါးစပ်လှုပ်၍ တစ်စုံတစ်ခုပြောဟန်ရှိသော်လည်း အသံက ကောင်းစွာမထွက်၊ သူ့ကို ညီမလေးဟု ခေါ်လျှင် မခင်အေးက အလွန်သဘောကျတတ်သည်။ သူကလည်း မေတ္တာစိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်နေသော အခါမျိုးတွင်မှ ခေါ်တတ်သည်မို့ သူ့နှုတ်မှ 'ညီမလေး' ဟု ထွက်ခဲလှသည်။ အခုတော့ သူ့ရင်ထဲတွင် သနားချစ်ခင်စိတ်တွေက ပြုံဆင်းနေသည်။

'ညီမလေး ဘာပြောချင်လို့လဲ'

ကိုရေအေးက အသံအက်အက်ကြီးနှင့် မေးသည်။ မခင်အေးက သူ့အစ်ကိုအား စိုက်ကြည့်ရင်း မျက်ရည်တွေလည်လာသည်။

'အစ်ကို စိတ်မဆိုးနဲ့ နော်၊ အစ်ကို ပြောသလို ဆေး ဆေး ရုံမှာ မမွေးမိလို့'

မခင်အေး၏အသံက တိမ်လှဖျော့လှသည်။ မျက်နှာနားတွင် ကပ်ကာ နားစိုက်ထောင်သောအခါမှ တိုးတိုးလေးကြားရသည်။

'ဘာမှမဖြစ်ဘူး မကြောက်နဲ့၊ အစ်ကို ကားငှားလာပါတယ် ညီမလေးရဲ့၊ အခုပဲ ဆေးရုံသွားမယ် သွားကြမယ်'

ကိုရေအေး၏နှလုံးသားက တဝုန်းဝုန်းနှင့် လှုပ်ရှားနေသည်။ သူ့ကို အမြဲတမ်း ချစ်ခင်ကြင်နာခဲ့သည့် သူ၏ညီမ၊ အိမ်အလုပ်တွေကို သူက အချောင်ခိုလေတိုင်း နောက်ပိုင်းမှ မငြိုမငြင် သိမ်းကျုံးလုပ်ပေးလေ့ရှိသော သူ့ညီမ၊ ငါ့ညီမ ငါ့ညီမ ဒုက္ခမရောက်စေရ။

ကိုလှမောင်က မခင်အေးကို ကျောဘက်မှသိုင်းပြီး ပွေ့မည့်ဟန် ပြင်သည်။ မခင်အေးက လက်ကာပြီး ခေါင်းခါသည်။

'သမီး သမီးရော'

'သမီး ခြံထဲမှာ ကစားနေတယ်'

'ကလေးတွေကို စောင့် ရှောက်'

'ဟယ် ဘာတွေ ပြောနေတာလဲ ဟ'

ကိုလှမောင်က အသံတုန်တုန်ကြီးနှင့် အော်သည်။ မခင်အေးက မချိပြုံးလေးပြုံးလိုက်ကာ ကိုလှမောင်၏လည်ပင်းကို အေးစက် တုန်ယင်နေသော လက်များနှင့် လှမ်း၍ဖက်သည်။ ပါးစပ်ကလေးက လှုပ်

www.burmeseclassic.com

www.burmeseclassic.com



နေတော့ ကိုလှမောင်က သူ့ခေါင်းကို မခင်အေး၏ပါးစပ်နားကပ်ကာ 'အေး ပြောလေ ကိုယ့်ကို ဘာပြောမလဲ' ဟု မေးသည်။

'သားလေး သားလေး ကို သက် သက် နှင်းလို့၊ မောင် သက် နှင်း လို့ နာမည် ပေး ပေး'

မခင်အေး၏ လက်နှစ်ဖက်က ဘေးဘက်သို့ ပြုတ်ကျသွားသည်။ ခေါင်းကလေး လည်ကာ ဇက်လည်း လန်သွားသည်။

'ဟင် အေး အေးရေ၊ အေး အေး ဘာဖြစ်သွားတာလဲ၊ အစ်ကို အစ်ကိုရေအေးရ၊ အစ်ကို့ညီမကို ကြည့်ပါဦးဗျ'

ကိုရေအေးက မယုံနိုင်သလို စိုက်ကြည့်ရင်း မိုက်ခနဲ မူးသွားသည့်အတွက် သစ်သားနံရံကြီးကို မှီထားလိုက်ရသည်။ ထို့နောက်တော့ ရပ်လျက်ပင် မနေနိုင်တော့သောကြောင့် ငုတ်တုတ် ထိုင်ချလိုက်ရသည်။ မျက်လုံးတွေပြာဝေကာ နားထဲတွင်လည်း တဝေါဝေါနှင့်ဆူညံနေသည်။

သီဟိုဠ်သရက်ပင်ကြီးအောက်တွင်ရပ်ရင်း အိမ်တွင်းသို့ မျှော်ကြည့်နေမိသော ကိုလင်းကတော့ တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချား ဖြစ်နေသည်။ တစ်စုံတစ်ခု ဆိုးဆိုးရွားရွားဖြစ်တော့မည်ကို တွေးတောသိမြင်နေသလို ရင်တွေ တဒိုင်းဒိုင်းခုန်နေသည်။ သူစိုးရိမ်နေသည့်အတိုင်း ခဏနေတော့ အော်ပြီးငိုလိုက်သောအသံကို မကြားချင်ဘဲ ကြားလိုက်ရသည်။

'သမီးရေ သမီးရဲ့၊ အမေ့မြေးလေးတွေကို အမေနဲ့ပဲ စိတ်ချပြီး ထားခဲ့ပြီလားကွဲ့' တဲ့။

'သွားပြီ'

ကိုလင်း၏ရင်ထဲတွင် လစ်ဟာသွားသည်။ ကားကိုမှီကာ ငြိမ်ငြိမ်ကြီးရပ်ရင်း လေထဲတွင် လွင့်ကြွေလာသော ပိန္နဲရွက်နီဝါဝါလေးများကို ငေးကြည့်နေမိသည်၊ လွင့်၍ လွင့်၍ ကြွေလာသော ရွက်ဝါလေးသည် တလင်းပြင်ပေါ်ကျလာပြီးမှ လေပြည်ထဲတွင် လျှပ်တိုက်ပြီး မြေး

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရွှင်ရှဲ့ချိုသော သူ့မျက်နှာကို အတွေးပုံရိပ်တွင် မြင်ယောင်ထင်ယောင်နှင့်မို့ ကိုလင်း၏ရင်ထဲတွင် ဆွေးဆွေးမြွေမြွေ ကြေကြေကွဲကွဲကြီး ဖြစ်နေသည်။

'အမေ့မြေးကြီး ရှင်ပြုတာကိုတောင် မစောင့်တော့ဘူးလား သမီးရဲ့၊ ဘာဖြစ်လို့ စိတ်ချခဲ့တာတုံး'

အမေချစ်ကတော့ မချိတင်ကဲ ငိုနေဆဲပင်။

'မေမေ့ကိုထော်ပေး မေမေ့ကို ထော်မရဘူး၊ မေမေက ထူးရဲထူးဘူး'

လေးနှစ်ရွယ်သမီးလေးကပါ အော်ငိုနေပြန်သည်။

လေက ခပ်ကြမ်းကြမ်းဝှေ့ကာ တိုက်ခတ်နေသည်။ ရွက်ဝါတွေ ကြွေလာပြန်သည်။

'ရွက်ဝါကတော့ ကြွေရမှာမို့ လေမင်းက ခြွေရတာပေါ့လေ၊ ဒါပေမယ့် စိမ်းစိုလန်းဆန်းနေတဲ့ သစ်ရွက်စိမ်းစိမ်းလေးတွေကိုတော့ မခြွေပါနဲ့လား လေမင်းရယ်'

ကိုလင်းက စိတ်တွင်းမှနေပြီး တစ်စုံတစ်ဦးကို တောင်းပန်နေမိလေသည်။ သစ်ရွက်တွေက ကြွေနေဆဲ။

*

www.burmeseclassic.com

www.burmeseclassic.com

ဆရာမလေးက ဝမ်းချုတ်ကို ဖြုတ်လိုက်သည်နှင့် စိန်ရွှေမြ၏ဝမ်းဗိုက်သည် ချက်ချင်းနာလာသည်။ ဗိုက်ထဲမှ ဆပ်ပြာရည် နွေးနွေးများက ဂလုံဂလွမ်နှင့် ဆူညံပွက်နေပြီမို့ နေရာမှထကာ အိမ်သာဆီသို့ ဒရောသောပါး ပြေးရသည်။ နံနက်စောစော အလင်းရောင်ပင် မလာသေးတော့ အိမ်သာခန်းထဲမှာ လူရှင်းနေသည်။ လူရှင်းနေတော့လည်း ဂျက်ပျက်နေသော အိမ်သာတံခါးကို လက်တစ်ဖက်နှင့်လှမ်းဆွဲထားရန် မလိုတော့ဘဲ စိတ်ချလက်ချထိုင်ကာ ဝမ်းအဟောင်းတွေရော အသစ်တွေကိုပါ အသံပါထည့်ပြီး စွန့်ထုတ်ပစ်လိုက်သည်။ ဝမ်းသွားပြီးတော့ ရေချိုးခန်းထဲဝင်ကာ ရေချိုးသည်။ ရေချိုးနေရင်း ဗိုက်က နာလာပြန်သည်။ ဒီတော့လည်း လွှားထားသော ထဘီကို ပြန်ယူပြီး ရင်ရှားကာ အိမ်သာထဲ ဝင်ပြေးရပြန်သည်။ နံနက် စောစော အိမ်သာတက်လိုသူ တစ်ဦးဦးကသာ သူ့တံခါးကို ဗြုန်းခနဲ ဆွဲဖွင့်လိုက်လျှင် ရေစက်လက်နှင့် ထဘီရင်ရှားကာ ငုတ်တုတ်ကြီး ထိုင်နေသော သူ့ကိုတွေ့လျှင် မီးနေသည်သရဲခြောက်သည် ထင်ကာ သွေးပျက်သွားလေမည်လားမသိ။

မီးနေသည်သရဲဟုဆိုခါမှ မခင်အေးဆီသို့ စိတ်က ချက်ချင်းရောက်သွားသည်။ လူကလည်း လေးလေးလံလံ ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်သွားလေသည်။ ဒီနေ့ မခင်အေး၏ အသုဘဖြစ်သည်။ သူ့ကို နံနက်စောစောခွဲစိတ်ပြီးစီး၍ စိတ်ချရမည်ဆိုပါက ကိုရေအေးက မော်ဘီကိုအမြန်လေး သွားလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုး၍လည်း မပြီးသေးတော့ သူက အိမ်သာကိစ္စပြီးတော့ ရေချိုးခန်းထဲ တစ်ဖန်ပြန်ဝင်ရပြန်သည်။ ဝမ်းတွေ ဒလဟောသွားလိုက်တော့ အစာအိမ်ထဲမှာ ဟာကာ ဆာတာတာ ဖြစ်လာသည်။ ထမင်းမစားရသည်ကကိစ္စမရှိပါ၊ မနေ့ညဆယ်နာရီကတည်းက ရေကိုပါ မသောက်ရတော့သည့်အတွက် ရေဆာနေသည်။ ရေပန်းမှ ကျနေသောရေများကို မျက်နှာမော့ကာ ခံယူရင်း ပါးစပ်ထဲဝင်လာသမျှကို မသိမသာ မျိုချရကောင်းမလား စဉ်းစားနေသေးသည်။ ထို့နောက်မှ 'မသောက်နဲ့ဆို မသောက်ဘဲနေမှ၊ ဆရာဝန်စကား နားမထောင်လို့ ခံစရာရှိရင် ငါပဲခံရမှာ' ဟု တွေးမိသောကြောင့်သာ မျိုမချလိုက်ခြင်း ဖြစ်သည်။

'အစ်မ ရေချိုးတာကြာနေပြီ၊ မပြီးသေးဘူးလား'

ဆရာမလေးက လိုက်လာပြီး အပြင်မှအော်နေသည်။

'ပြီးတော့မယ်၊ ခုနတုန်းက ဗိုက်နာလို့ အိမ်သာထဲပြန်ဝင်နေရတယ်'

'တော်တော့လေ အအေးပတ်နေဦးမယ်'

'ပြီးပြီ ပြီးပြီ'

စိန်ရွှေမြက နံရံတွင်လွှားထားသော ထဘီကိုပြန်ယူကာ ဝတ်လိုက်သည်။ 'ကလေးမွေးပြီး တော်တော်နဲ့ ရေချိုးနိုင်မှာ မဟုတ်ဘူး၊ မမွေးခင် တဝကြီးချိုးထားမှ' ဟု တွေးသည်။ ဆရာမလေးက မျက်နှာသုတ်ပဝါကိုင်ရင်း ရေချိုးခန်းအဝမှ စောင့်နေသည်။ 'တို့အစ်မက ရေအတော်ကြိုက်တာပဲ' ဟု ပြောရင်း ရေစိုနေသောဆံပင်များကို ခပ်ကြမ်းကြမ်းသုတ်ပေးသည်။

ဒေါ်ခင်မေကြီးဆီမှ ရသောငွေက သူ့ကို များစွာ အထောက်အကူပေးခဲ့သည်။ ထိုငွေသာမရှိလျှင် သူနာပြုဆရာမငှားရန်အတွက် အတော်ကြီးပူပင်ရမည် ဖြစ်သည်။ ကျန်သောနေ့များက ထားပါဦး၊ ခွဲသောနေ့တစ်နေ့အတွက်တော့ ဆရာမ လိုလေသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ခေါ်ထားရန် အကြံပေးကြသည့်အတိုင်း ညစောင့် သူနာပြုကို ကြိုပြီးခေါ်ထားလိုက်သည်။ နံနက်စောစော ဝမ်းချူ၊ ရေချိုး၊ သန့်ရှင်းရေးကိစ္စအဝဝကို ညစောင့်ဆရာမလေးက လုပ်ပေးထားနှင့်သည်။ နေ့စောင့်ဆရာမက ရှစ်နာရီမှ ရောက်မည် ဖြစ်သည်။

ဆရာမလေးက သူ့ခေါင်းကို ရှင်းလင်းပြီး ဖြီးပေးသည်။ ထို့နောက် ဆံပင်နှစ်ဖက်ခွဲပြီး ကျစ်ဆံမြီးတင်းတင်း ကျစ်ပေးလေသည်။ တစ်သက်နှင့်တစ်ကိုယ် သူများပြုစုပေးတာ တစ်ခါမျှ မခံဖူးတော့ သူ့ခမျာ ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းနှင့် အားတွေပင် နာနေသည်။

'အစ်မညက ကောင်းကောင်းအိပ်တယ်နော်'

'ဆရာမပဲ အိပ်ဆေးတိုက်ထားတာ အိပ်တာပေါ့'

'အိပ်ဆေးတိုက်တိုင်းလည်း အိပ်မပျော်ကြဘူး အစ်မရဲ့၊ တချို့များ မနက်ခွဲရမှာကို ကြောက်ပြီး ထိုင်လိုက်၊ ထလိုက်၊ တချောက်ချောက် လုပ်နေကြတာ'

'အင်း အိမ်ကယောက်ျားကတော့ အဲဒီအတိုင်းဖြစ်နေမှာပဲ'

'ဘာလဲ အစ်မကို စိတ်ပူနေလို့လား'

'အင်း အစ်မကို စိတ်ပူတာလည်း ပါတာပေါ့၊ သူ့ညီမ အတွက် စိတ်မကောင်းတာလည်း ပါမှာပေါ့'

'သူ့ညီမက ဘာဖြစ်လို့လဲဟင်'

'ကလေးမွေးရင်းနဲ့ ဆုံးသွားလို့'

'အို'

စိန်ရွှေမြကလည်း စိတ်ထဲကလည်း မကောင်း၊ ပြောက လည်း ပြောချင်ချင်နှင့်ဆိုတော့ မခင်အေး၏အကြောင်းကို ခရေစေ့ တွင်းကျ ပြောပြမိသည်။ ဆရာမလေးက စိတ်ဝင်တစား နားထောင်ရင်း စုတ်တသပ်သပ် ဖြစ်နေရှာသည်။

'ဒါကတော့ အချင်းတကယ်ကပ်နေပြီဆိုရင် သားဖွားဆရာမ

www.burmeseclassic.com

www.burmeseclassic.com



နဲ့တင် မရတော့ဘူး အစ်မရဲ့၊ သွေးသွန်ပြီဆိုတော့ တစ်ဖက်ကလည်း သွေးအစားပြန်ဖြည့်ဖို့ လိုတယ်၊ နောက်ပြီး ဘယ်လိုမှ လုပ်မရတော့ဘူး အချင်းက အရမ်းကိုကပ်နေပြီဆိုရင် ဗိုက်ခွဲပြီး သားအိမ်ကိုပါ ထုတ်ပစ်ရတာလေ၊ ဆေးရုံမှာမှ လုပ်နိုင်တာ၊ သူတို့က ဆေးရုံကို ဘာလို့ ချက်ချင်း မသွားလဲ'

'သူက ဆေးရုံဆိုရင်သိပ်ကြောက်တာတဲ့၊ ဒါကြောင့် အချင်း ကျလာနိုး ကျလာနိုးနဲ့ စောင့်မိတာလည်း ပါတာပေါ့၊ နောက်ပြီးတော့လည်း သူတို့ခြံကနေ လမ်းမ ရောက်အောင် တစ်မိုင်ခွဲလောက် လမ်းလျှောက်ထွက်ရတာ၊ ကြားထဲမှာ လှည်းမရှိ၊ နွားမရှိ၊ ကားမရှိ၊ ဆိုက်ကား မရှိ'

'အဲဒါ အဆိုးဆုံးပဲ၊ တကယ်လို့ အချင်းကပ်ပြီး သွေးသွန်နေဦးတော့ ဆေးရုံကို မြန်မြန်ရောက်ရင် အသက်ကို ပြန်လုနိုင်ပါတယ် အစ်မရယ်'

စိန်ရွှေမြက မချိတင်ကဲနှင့် မျက်ရည်လည်နေသည်။ မခင်အေးသည် သူ၏ယောက်မဟုသာဆိုရသော်လည်း ညီမအရင်းလို ချစ်သည်။ ထို့ကြောင့် ကိုယ်လည်း ကိုယ့်ကိစ္စနှင့်ကိုယ် မွေးရန် ဖွားရန် ခွဲစိတ်ရန် ပြင်ဆင်နေရသော်လည်း ရင်ထဲတွင်လေးလံပြီး ညှိုးချုံးနေသည်။ 'ငါသာ အစောကြီးကသွားဖို့တိုက်တွန်းမိရင် ကိုရေအေးက ဒီထက် စောပြီး ရောက်သွားမှာ၊ ဒါဆိုရင် ဆေးရုံကို အချိန်မီရောက်နိုင်တယ်' ဟု ဆက်တွေးရင်း စိတ်ထဲတွင် မသက်မသာ ဖြစ်နေသည်။

'ရိုးရိုးတန်းတန်း သမားရိုးကျမွေးတာလောက်ကတော့ သားဖွားဆရာမတွေလည်း မြန်မာပြည်အနှံ့ အတော်များများရှိတာပဲ၊ သူတို့နဲ့ ပြီးပါတယ်၊ အခုနောက်ပိုင်း အရပ်ဝမ်းဆွဲတွေကိုတောင် ဝမ်းဆွဲသင်တန်း ထပ်ပေးတယ်လေ'

'ဟုတ်တယ် ဒေါ်ပုတုလည်း သင်တန်းထပ်တက်ထားရတယ် ပြောတယ်'

www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေမြက ကိုရေအေး ပြောဖူးသည်ကို သတိရသည်။ 'သူက တော့ ဒေါ်ပုတု သင်တန်းထပ်တက်ထားတယ် ပြောတာပဲ၊ ဒါပေမယ့် ဆေးရုံလည်း မော်ဘီမှာတင်ရှိတာ၊ ဘာမှလည်း မဝေးဘဲနဲ့၊ ဆေးရုံမှာ သွားမွေးလိုက်တော့ အစစစိတ်ချရတာပေါ့ဟာ၊ ခင်အေးက ပျော့ မလို လိုနဲ့ ခေါင်းမာတယ်၊ သူထင်တာလုပ်တတ်တယ်'ဟု ပြောခဲ့သည်။ သူ က သူ့ညီမကို ပထမတစ်သား မွေးတုန်းက ဘာမျှပင် မသိလိုက်ဘဲ ဒုတိယသားကျမှ ပူပူပင်ပင်ပြောနေ၍ 'အမလေး ဟဲ့၊ ပိုက်ဆံလေးက ဖြင့် ရှိမယ်မကြံသေးဘူး၊ ဇာချဲ့ချင်နေပြီ၊ သူတို့ဟာ သူတို့ အဆင်ပြေ လို့ မွေးနေ မွေးပါစေပေါ့'ဟုပင် ကျိတ်ပြီး တွေးခဲ့မိသေးသည်ကို အခုမှ နောင်တ ရသည်။

'ဒါပေမယ့် ရေ့ကနေအချင်းပိတ်နေတာတို့၊ အခုလို အချင်း ကပ်တာတို့၊ ကလေးခေါင်းမစိုက်ဘဲ ကန့်လန့်ဖြစ်နေတာတို့၊ ခြေက ဖွားတာတို့ကျတော့ သိပ်မလွယ်ဘူးလေ၊ အဲဒီလိုပဲ ခွဲရ စိတ်ရ သွေးသွင်း ရ ဆေးသွင်းရမှာမျိုးကျတော့ ဆေးရုံမှာမှ ချက်ချင်းကယ်နိုင်တာ၊ အခု ကိစ္စက အာလ်ထရာဆောင်းရိုက်ကြည့်လည်း ပုံမှန်ပဲ မြင်ရမှာ၊ သူက ကလေးအနေအထား အချင်းအနေအထား အကုန် ကောင်းနေမှာပဲ၊ ပြီး တော့သာ ကပ်နေတာ၊ ဆေးရုံကို ချက်ချင်း မရောက်ဖြစ်တာတော့ သူ့ရဲ့ ကုသိုလ်ကံပဲပေါ့ အစ်မရယ်၊ ဝမ်းဆွဲရဲ့ အပြစ်လည်း မဟုတ်ပါဘူး'

သူ့ခေါင်းတွင် သူပြန်ထိုးထားသော ကလစ်နှစ်ချောင်းကို ဆရာမလေးက ဖြုတ်ပစ်သည်။ ခွဲစိတ်ခန်းဝင်ချိန်တွင် ကလစ်တွေ ဆံညှပ်တွေ တပ်မထားရဟုဆိုသည်။

မခင်အေးအကြောင်း လွမ်းလွမ်းဆွေးဆွေးပြောပြီး မျက်ရည် ပါ ကျလိုက်ရတော့ ရင်ထဲတွင် နည်းနည်းတော့ ရှင်းသွားသည်။

'လာ အစ်မ၊ ကျောရိုးနေရာလေးကို သန့်ရှင်းရေးထပ်လုပ် ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစောင်းအိပ်ခိုင်းပြီး ဆရာမလေးက ထုံဆေးထိုးရမည့် ကျောရိုးနေရာကို အရက်ပျံနှင့်အထပ်ထပ်ပွတ်ကာ ဈေးချွတ်သည်။ ထိုနေရာက ရေချိုးလျှင်လည်း ချေးတွန်းမိဖို့ နေနေသာသာ ဆပ်ပြာပင် သိပ်မထိသောနေရာ ဖြစ်သည်။ မနေ့ညက တစ်ခါရိတ်ပြီး ဖြစ်သော်လည်း အခုမနက်တွင် ကျောရိုးတစ်လျှောက်ရှိ အမွေးနုလေးတွေကို ဘလိတ်ဓားနှင့် ထပ်ရိတ်ပြန်သည်။

'ထုံဆေးထိုးမှာက အပ်အကြီးကြီးနဲ့ ထိုးရတာအစ်မရဲ့၊ အဲဒီနေရာ သန့်ရှင်းနေဖို့ အရေးကြီးတယ်၊ ဟိုးတစ်ခါတုန်းက မေ့ဆေးဆရာဝန်ကြီးက ထုံဆေးထိုးဖို့ ကျောရိုးကို အရက်ပျံပွတ်လိုက်တာ ဂွမ်းမှာ မည်းသွားလို့တဲ့၊ တအားကို ဆူတာပဲ'

တစ်ခါအဆူခံထားရဖူးတော့ ဆရာမလေးက စိန်ရွှေမြ၏ ကျောကို အရက်ပျံနှင့် အထပ်ထပ်ပွတ်၍ မဆုံးနိုင်အောင် ဖြစ်နေသည်။ ထို့နောက်တော့ သူ့ကို အင်္ကျီအဖြူကျောခွဲကြီးတစ်ထည်ဝတ် ပေးသည်။ အထဲမှာ ထဘီမပါ၊ ဘော်လီမပါနှင့် ဂါဝန်လိုလိုအင်္ကျီကျောခွဲကြီး ဝတ်ထားရတော့ နောက်ပိုင်းမလုံလှ။

'ကဲ ပြီးပြီ၊ ဒီနေ့အစ်မကို အရင်ဆုံး စခွဲမှာ'

'ခွဲတာ ဘယ်လောက်ကြာမှာလဲဟင်'

စိန်ရွှေမြက စပြီး ကြောက်နေပြီ ဖြစ်သည်။

'ဘာကြာမှာလဲ အစ်မရဲ့၊ အစ်မကို ထုံဆေးထိုးပြီးလို့ ထုံပြီဆိုတာနဲ့ ဗိုက်စဖွင့်ပြီ၊ ဟော ဗိုက်ပွင့်သွားတော့ သားအိမ်ဖွင့်၊ သားအိမ်ဖြဲပြီး ကလေးထုတ် ဒါပဲဟာ၊ ကလေးထွက်သွားပြီးရင် သားအိမ်ထဲက သွေးတွေဘာတွေ စုပ်ထုတ်၊ သန့်ရှင်းပြီးရင် တစ်လွှာချင်း ပြန်ပိတ်တော့တာပဲ၊ ဘာမှ မကြာပါဘူး၊ အစ်မ တရားစခန်းဝင်ဖူးရင် စိတ်ကို နှာသီးဖျားမှာထားပြီး တရားမှတ်နေလိုက်'

'တရားစခန်းလည်း မဝင်ဖူးပါဘူးဟယ်၊ တရားလည်း မသိ၊

www.burmeseclassic.com

www.burmeseclassic.com



တရားလည်း မရှိ၊ ကလေးလေးကောင်နဲ့ ဖတ်သီလိုက်နေတာ၊ ဒီနှစ်ကောင် ထပ်ထွက်လာရင် ပိုဆိုးဦးမယ်'

'သြော် အစ်မက သားကြောပါဖြတ်မှာနော်'

စိန်ရွှေမြက ခေါင်းညိတ်သည်။ ဟုတ်သည်၊ သူက သားကြောကိုပါ ဖြတ်ရန် မနည်းကြိုးစားလျှောက်လွှာတင်ထားခဲ့သည်ပဲ။

'အင်း အဲဒါဆိုရင် ပုံမှန်ထက်နည်းနည်း ပိုကြာမှာပေါ့'

'ကြောက်လိုက်တာဟယ်'

'သြော် အစ်မကလည်း ဆေးရုံပေါ်မှာ ဆရာဝန် ဆရာမတွေ ဝိုင်းနေတာ ဘာကြောက်စရာရှိလဲ'

ဘာကြောက်စရာရှိရှိ မရှိရှိ၊ ကြောက်သည်ကတော့ ကြောက်သည်ပင်။ ကြောက်စိတ်ကို ထိန်းမရ၊ တစ်နေ့တုန်းကပင် ကိုယ်နှင့်လက်ပွန်းတတီး ရင်းနှီးသူတစ်ဦးက မီးဖွားရင်း အသက်ပါ ထားတော့ စိတ်က ဘယ်လိုမှ အေးမနေနိုင်ချေ။

မခင်အေးခများ ကျွတ်ကျွတ်လွတ်လွတ်မှ ရှိပါ့မလား၊ မကျွတ်မလွတ်ဘဝသို့ ရောက်သွားပြီး သူ့ဆီသို့များရောက်လာလေမလား၊ သူက ဟိုတွေး ဒီတွေးနှင့် ကြက်သီးတွေ တဖြန်းဖြန်း ထ လာသည်။

'မခင်အေးရေ အမျှ အမျှ အမျှ၊ အစ်မ ရွှေဥမင်ဆရာတော်ဘုရားကြီးကို သင်္ကန်းလှူထားပါတယ်၊ အဲဒီကုသိုလ်ကို ငါ့ညီမ ထပ်တူထပ်မျှရအောင် အမျှပေးပါတယ်၊ ရောက်ရာဘုံဘဝက သာဓု ခေါ်ပါ ညီမရယ်၊ အမျှ အမျှ အမျှ'

စိန်ရွှေမြက စိတ်ထဲမှနေပြီး စိတ်ပါလက်ပါ ရည်စူးကာ အမျှပေးဝေနေမိသည်။ လွန်ခဲ့သော နှစ်လလောက်ကပင် သူ့ဆီသို့ သဘော်သီးတွေ ဒန့်သလွန်သီးတွေကို မနိုင်မနင်းသယ်ကာ ရောက်လာခဲ့သေးသည်။ ထိုစဉ်က သူရော ကိုယ်ပါ ကိုယ်ဝန်ခုနစ်လကျော်ကျော်ထင်ပါရဲ့၊ အဲဒါ နောက်ဆုံးတွေ့တာပဲ၊ နောက်ထပ်လည်း မတွေ့ဖြစ်တော့၊ အခုတော့ သူ့ခများ ဆုံးရှာပြီတဲ့၊ စိန်ရွှေမြသည် ကိုရေအေးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သတိမရ၊ ကလေးလေးကောင်ကိုလည်း သတိမရဘဲ မခင်အေးကို တရရ သတိရကာမြင်ယောင်ရင်း ခွဲစိတ်ခန်းဝင်သွားသည်။

မီးရောင်တွေ ထိန်ထိန်ဝင်းပြီး စိမ့်စိမ့်အေးနေသော ခွဲစိတ်ခန်းထဲသို့ သူ့ကို တွန်းပြီးသွင်းသွားသည်။ ခွဲခန်းဝတ်စုံစိမ်းစိမ်းကြီးတွေ ဝတ်ပြီး နှာခေါင်းနှင့်ပါးစပ်ကိုပါအုပ်ထားသော ဆရာဝန်ဆရာမတွေကို တွေ့တော့ စိန်ရွှေမြခမျာ မျက်စိသူငယ် ဖြစ်သွားသည်။ ဗန်းထဲမှ ဓားတွေကတ်ကြေးတွေကို လှမ်းမြင်တော့ ပိုပြီးကြောက်သွားသည်။ ဘုရားဘုရားသူ့ခန္ဓာကိုယ်ကို ခွဲကြ၊ စိတ်ကြ၊ လှီးကြ၊ ဖြတ်ကြတော့မည်။

ခဏနေတော့ သူ့ဘေးကို မေ့ဆေးဆရာဝန်ကြီး ရောက်လာသည်။ သူ့ကို စောင်းလျက်အနေအထားနှင့် ဒူးကို ကွေးခိုင်းသည်။

'ဒူးကိုကွေး တတ်နိုင်သမျှ ကွေးနိုင်သမျှကွေးနော်၊ ပုစွန်တုပ်ကွေးသလိုကွေး၊ ကွေးလေကောင်းလေပဲ'

သူလည်း တတ်နိုင်သမျှ ကွေးပါသည်။ သို့သော် ဗိုက်က ခံနေတော့ သိပ်ပြီး ကွေး၍မရ၊ ထို့ပြင် ကျောအပြောင်သား တင်ပါးအပြောင်သားနှင့် ကွေးကွေးကြီးကွေးနေရသည်ကို စိတ်ထဲတွင် ရှက်စနိုးရှိလှသည်။ သူကသာ မနေနိုင်မထိုင်နိုင်ရှက်နေသော်လည်း ဒီလို မြင်ကွင်းမျိုးကို ရိုးလှပြီဖြစ်သော ဆရာဝန် ဆရာမတွေက သူ့ကို အရေးတစိုက်ပင်မကြည့်၊ သူတို့အလုပ်နှင့်၊ သူတို့အာရုံနှင့်၊ သူတို့ဟာသူတို့ ရှုပ်နေကြသည်။

ဆရာဝန်ကြီးက သူ့ကျောရိုးကို စမ်းကြည့်ပြီး အရက်ပျံနှင့် ပွတ်နေသည်။ ချေးအထပ်ထပ်ချွတ်ထားပြီးပြီမို့ ဂွမ်းကလေးက မည်းသွားပုံမရ၊ ထို့နောက် ဒုတ်ခနဲမြည်သံနှင့်အတူ ကျောရိုးထဲသို့ တစ်စုံတစ်ခု စူးနစ်ပြီးဝင်သွားသည်ကို သိလိုက်သည်။ ကျောရိုး တစ်လျှောက်ခါးအောက်ပိုင်းသို့ အကြောမကြီးမှတစ်ဆင့် ဆေးရည်တွေ အေးခနဲစီးဝင်သွားသည်ကို ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'နှာမည်က ကောင်းတယ်ဗျို့၊ စိန်ရွှေမြတဲ့၊ တကယ့်ကို ရတနာတွေချည်းပဲ'

မေ့ဆေးဆရာဝန်ကြီးက အပ်ကို ဆွဲနုတ်လိုက်သည်။ သူ့ကျောက အပ်ပေါက်ရာကို ပလာစတာကပ်ပေးရင်း ရယ်ရယ်မောမောပြောသည်။ သူက နှာမည်ကသာ စိန်ရွှေမြနေတာ၊ တကယ့်တကယ်က စိန်မရှိ၊ ရွှေမရှိ၊ မြမရှိပါ ဆရာကြီးရယ်' ဟု ပြန်ပြောလိုက်ချင်သော်လည်း မပြောအားရာ။ ဆရာမလေးပြောသလို နှာသီးဖျားတွင် စိတ်ထားပြီး ရှူမှတ်မှုပွားရန် ကြိုးစားနေမိသောကြောင့် ဖြစ်လေသည်။ တစ်သက်လုံး လွှတ်ထားသော ဒီစိတ်က အခုမှ ငြိမ်အောင် ထိန်းတော့ 'ရယ်တာပေါ့ ရယ်တာပေါ့' ဟု အော်နေသည်။ ကိုရေအေးဆီ ရောက်သွားလိုက်၊ ကြံတိုင်းအောင်ဆီ ရောက်သွားလိုက်၊ အငယ်မ ဝမ်းပျက်နေတာ သတိရလိုက်၊ အကြီးကောင် ခြေထောက်တွင်ပုလင်းကွဲရှသည်ကို သတိရလိုက်၊ အမေနှင့်ညီမတွေကို သတိရလိုက်၊ ထို့နောက် မခင်အေးကို သတိရလိုက်နှင့် အရပ်ဆယ်မျက်နှာသို့ ဖြုတ်ခနဲ ဟိုရောက်လိုက်၊ ဖျတ်ခနဲ ဒီရောက်လိုက်နှင့် တဖြိုးဖြိုးတဖျပ်ဖျပ် လွင့်ချင်တိုင်း လွင့်နေသည်။

သူပက်လက်အိပ်လိုက်တော့ အပေါ်ဘက်တွင် ဘယ်လောက်အား ရှိမှန်း မသိရသော မီးလုံးကြီးများက ထိန်လင်းနေသည်။ မီးလုံးကြီးများထဲတွင် ပက်လက်အိပ်နေသော သူ့အရိပ်ကို သူ ဝိုးတဝါး လှမ်းမြင်ရသည်။ ဒါကြောင့်မို့လည်း မနေ့ညတုန်းက သူ့ဘေးကအမျိုးသမီးက သူ့ကို ခွဲစိတ်နေသည်ကို မီးလုံးကြီးများမှတဆင့် သူ ခိုးပြီး ကြည့်ခဲ့သည်ဟု ပြောခြင်းဖြစ်မည်။ မျက်လုံးကို အဝတ်အုပ်ထားသော်လည်း မျက်နှာကို အနည်းငယ်မော့လိုက်လျှင် မြင်ရသည်ဟု ပြောသည်။ ဖြစ်တော့ မဖြစ်နိုင်ပါ။ အကယ်၍ မြင်ရဦးတော့ ဗိုက်ပေါ်မှာ ဆရာဝန် ဆရာမတို့၏ ဦးခေါင်းတွေ လက်တွေက မိုးနေမှာပဲဟာ၊ ဟိုမိန်းမက သူ့ကိုယ်သူ သတ္တိကောင်းလှချည့် ဟူ၍ အကြွားထုခြင်းသာ ဖြစ်ရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သူတွေးနေမိစဉ် သူဝတ်ထားသော ခွဲစိတ်ဝတ်စုံကို ဖိုက်ပေါ်အောင် ဆွဲလှန်လိုက်သည်။ ဂါဝန်လို ဝတ်စုံကြီးဝတ်ထားရတာ ဗိုက်ပေါ်နေအောင် လှန်ထားမှတော့ အောက်မှာ ဘာမှဖုံးထားတာ မရှိတော့ချေ။ ခေတ္တ ခဏသာ ဖြစ်ကောင်းဖြစ်မည်ဆိုသော်လည်း သူ့မှာ အနေခက်လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ ထို့နောက်မှ ခန္ဓာကိုယ်အောက်ပိုင်းကို အဝတ်တစ်ခု လွှမ်းပေးလိုက်သည်။ သူ့မျက်လုံးကိုလည်း အဝတ်တစ်ခုနှင့်အုပ်လိုက်သည်။ စင်စစ် အုပ်စရာပင်မလိုပါ။ သူက တင်းတင်းပိတ်ထားပြီး ဖြစ်ပါသည်။ တည့်တည့်မြင်မြင် အရိပ်မြင်မြင်၊ သူ့ဗိုက်ကိုခွဲတာ ဖြစ်ဖြစ်၊ သူများ ဗိုက်ကိုခွဲတာ ဖြစ်ဖြစ်၊ သူ ဘာကိုမျှ မကြည့်ရဲ၊ သူ့လက်မောင်းတစ်ဖက်ကိုလည်း ဘေးဘက်သို့ အတန်ငယ်ကားလိုက်ကာ အပ်စိုက်လိုက်သည်ကိုသိရသည်။ ဆေးရည်တစ်ခုခု (မနေ့ညကတော့ ဂလူးကို့ အချိုနှင့်အငံဟု ပြောသည်)ကို စပြီး အစက်ချ သွင်းနေပြီ ထင်သည်။

ထို့နောက် သူ့ဗိုက်ကို အိုင်အိုဒင်းလား၊ အရက်ပျံလား တစ်ခုခုနှင့် ရွှဲရွှဲပွတ်နေသည်။ ဆေးနံ့တွေက လှိုင်နေသည်။ ရှုမှတ်မှု မပွားတတ်တော့ သူက သမ္ဗုဒ္ဓေကို အပြန်ပြန်အလှန်လှန် ရွတ်ပြန်သည်။

'မစိန်ရွှေမြ အခုလို ဆိတ်တာ နာသလား'

သူ့ခြေချောင်းလေးတွေကို တစ်စုံတစ်ဦးက ဆိတ်ကြည့်နေသည်။ အို ဆိတ်တာလောက်ကတော့ ဘယ်နာမှာလဲ၊ ဗိုက်ကြီး တစ်ခုလုံးကို ဓားထက်ထက်နှင့် ဟက်ခနဲခွဲချလိုက်ရင်တော့ နာမှာပေါ့၊ ဘုရား ဘုရား မထုံခင် မခွဲမိပါစေနဲ့။

'နည်းနည်းပါးပါးတော့ စိုးခနဲစစ်ခနဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် မစိုးရိမ်နဲ့နော်'

'အမလေး နာရင်တော့ အော်မှာပဲ'

စိန်ရွှေမြက စိုးရိမ်တကြီးပြောသည်။ ခုအချိန်မှာတော့ ကိုရေအေးရော၊ ကလေးလေးကောင်ကိုရော အမှတ်မရနိုင်။ ဗိုက်ထဲမှ အမွှာညီနောင်ကိုလည်း စိုးရိမ်ခြင်း မဖြစ်၊ မခင်အေးရောက်လာမှာကို

www.burmeseclassic.com

www.burmeseclassic.com



မကြောက်၊ သူ့ဗိုက်ကြီးကို သေသေချာချာ မထုံခင် ဟက်ခနဲ ခွဲချလိုက်မှာကိုပင် အကြောက်ကြီးကြောက်နေသည်။

သိသည်၊ သိသည်ကတော့ တကယ်ကိုသိသည်။ ဓားတင်သည်ကိုရော ခွဲချလိုက်သည်ကိုရော သိလိုက်သော်လည်း လုံး၀မနာချေ။ ဘာမှ မကြာလိုက်၊ ပူပူနွေးနွေးအရည်တွေ ဖိတ်လျှံပြီး စီးရွဲသွားသည်။ ဘုရား ဘုရား သွေးတွေလားမသိ။

'ရေမွှာဖောက်လိုက်တာနော် မစိုးရိမ်နဲ့'

သူ၏စိတ်ကိုများ လှမ်း၍ မြင်လိုက်လေသလား မသိ။ ဆရာ၀န်မကြီးက သူ့ဟာသူအလုပ်ရှုပ်နေသည့်ကြားထဲမှ လှမ်းပြောသည်။

ဟင် ဒီတစ်ခါတော့ တစ်မျိုးကြီးပဲ၊ သူ့ဗိုက်ကို ဘေးနှစ်ဖက်မှ ဆွဲပြီးဖြဲလိုက်သလိုမျိုး ခံစားရသည်။ ထို့နောက် အောင့်လာသည်။ ဗိုက်၏အတွင်းဘက်ဆီမှ အတော်ကိုအောင့်လာခြင်းဖြစ်သည်။

'အောင့်တယ် ဟာ အောင့်တယ်၊ အရမ်းအောင့်တယ်'

စိန်ရွှေမြက အော်ပြန်သည်။

'ကလေးကိုထုတ်နေတယ်၊ မကြာဘူး ခဏလေး ခဏလေးပါ၊ ဟော တစ်ယောက်ထွက်လာပြီ'

သူနာပြုဆရာမလေးက သူ့လက်ကိုအုပ်ကိုင်ကာ ခပ်တိုးတိုးပြောသည်။ ကလေးထွက်သွားပြီဆိုသော်လည်း ငိုသံမကြားရသေး။

'ကဲ နှစ်ယောက်လုံး ထွက်သွားပြီ'

သိပ်တော့ မကြာပါ၊ ခဏနေတော့ အောင့်နေသော ဝေဒနာပြန်ပျောက်သွားသည်။ ထို့နောက် အုခနဲရှိုက်လိုက်ပြီး ဝဲခနဲငိုလိုက်သောအသံကို ကြားရသည်။ သို့သော် အသံက တစ်သံတည်း ဖြစ်သည်။

'ငိုသံ တစ်သံတည်း ကြားရတယ်'

'ငိုမယ် ငိုလိမ့်မယ် ခဏလေး'

စကားပင်မဆုံးသေး၊ နောက်ထပ်ငိုသံတစ်သံကို ထပ်ကြားရသည်။ ကလေးနှစ်ယောက်ပေါင်းပြီး ညံနေအောင်အော်နေတော့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်မကြီးက ‘စိုပြည်လှချည်ကလားကွယ်’ ဟု ပြောရင်း ရယ်နေသည်။

‘နှစ်ယောက်လုံး ယောကျ်ားလေး၊ ဂိုက်တူဆိုက်တူ အသံတူ’

‘အင်္ဂါစုံရဲ့လားဟင်’

‘စုံတယ် စုံတယ်’

စိန်ရွှေမြက သက်ပြင်းချသည်။ ခုန်နိုင်ပါ့မလား၊ ကျော်နိုင်ပါ့မလားနှင့် တွေးတွေးပြီးကြောက်နေရသော ဧရာမတောင်ကြီးကို လွှားခနဲ ခုန်ကျော်ပြီးခဲ့သူလို စိတ်ထဲတွင် ပေါ့ပါးသွားသည်။ ဒီလိုဆိုတော့လည်း ဗိုက်အခွဲခံရသည်မှာ လွယ်ကူသက်သာလို့နေပြန်သည်။ ဒါကြောင့်မို့လို့လည်း ခုခေတ်နောက်ပိုင်းမှာ ဓမ္မတာအတိုင်း မမွေးကြတော့ဘဲ တစ်ခွဲတည်း ခွဲနေကြခြင်းဖြစ်မည် ထင်သည်။ အနာကျက်တာမကျက်တာကတော့ နောက်ပိုင်းမှ ရင်ဆိုင်ရမည့်ကိစ္စ ဖြစ်သည်။ လောလောဆည်အချိန်မှာတော့ ဝမ်းမနာရတာ တစ်ခုတည်းနှင့်ပင် သက်သာလှချေပြီ။

‘မခင်အေးရယ် ဆရာဝန်နဲ့ စောစောစီးစီးပြဖြစ်ရင် ဆေးရုံကို စောစောရောက်ပြီး အခုလိုပဲ ခွဲဖြစ်လိုက်ရင် နင် ရေတိမ်နစ်ရမှာ မဟုတ်ဘူးဟဲ့’

သူ့စိတ်က မခင်အေးဆီသို့ ဝဲလွင့်၍ သွားပြန်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းသည် ဝရံတာတွင် ငြိမ်သက်စွာရပ်ရင်း ကောင်းကင်ပြင်ကို မော်ကြည့်သည်။ အနက်ရောင်ကောင်းကင်တွင် လခြမ်း ကွေးကွေးလေး က ငြိမ်သက်စွာ ရပ်တည်နေသည်။ မှိန်မှိန်ဖျော့ဖျော့ လင်းနေသည်။ ဘေးဘက်တွင်တော့ ကြယ်ကလေးတွေက တဖျပ်ဖျပ် လက်နေလေသည်။

အိမ်တွင်းမှ ကြက်သားပြုတ်ကြော်နံ့က လေအသင့်တွင် ဝေ့ပျံ့လာသည်။ ဆေးရုံမှအပြန် မြေနီကုန်းညဈေးတွင် ဝင်ဝယ်လာသော ကြက်သားများကို ကိုလွင်ချက်နေခြင်း ဖြစ်သည်။ နံနက်ကျလျှင် ခင်ခင်ထားအတွက် ထမင်းချိုင့်ပို့ရမည်မို့ ကြက်သားကို ကြက်သွန်ဖြူ၊ ချင်းနိုင်နိုင်ထည့်ပြီး မွှေးနေအောင် လက်စွမ်းပြနေဟန် တူသည်။

မနေ့မနက်က ခင်ခင်ထားသည် သားဦးယောက်ျားလေးကို အခက်အခဲမရှိ ဖွားမြင်ခဲ့သည်။ ကလေးက ရှစ်ပေါင်ကျော်ကျော် ရှိ၍ ဖွံ့ဖွံ့ထွားထွားကြီး ဖြစ်သည်။ ကိုလွင်က သူ့သားကိုပွေ့ကာ ‘လာစမ်းဟဲ့ ငါ့သား၊ အမယ်မင်းထွားလိုက်တာ’ ဟု ဆရာဇော်ဂျီ၏ ရေးခေတ် ပုဂံပြည် ကဗျာကို အားပါးတရ ရွတ်ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သူ၏ တူကလေး၏ နူးညံ့အိထွေးသောပါးပြင်လေးကို လက်နှင့် မထိတထိတို့ကြည့်ရင်း အဖေ့ကို ပြင်းပြင်းပျပျ သတိရသည်။ အဖေသာရှိလျှင် ဟူသောအတွေးကိုသာ ထပ်ခါ ထပ်ခါ တွေးနေမိသည်။

အဖေဆုံးကတည်းက ညှိုးသွားသော သူ့စိတ်သည် ဟိုတစ်နေ့ကဆုံးသွားသော မခင်အေးကိုမြင်ရတော့ ပိုပြီး နွမ်းသွားသည်။ အစိုးမရသော သေခြင်းတရားကို မျက်ဝါးထင်ထင်မြင်ရပြီး ဘဝကို ငြီးငွေ့သွားသည်။ ကြောက်ရွံ့တုန်လှုပ်သွားသည်။

'ကလေးမွေးပြီးခါမှ စည်တွေဗြောတွေတီးပြီး အလှူကြီး ပေးမလို့ဆို နင်လှူမသွားတော့ဘူးလားဟ ညီမလေးရ' ဟု ကိုရေအေးက ဆို့နင့်ကြေကွဲစွာ ပြောသည်။ သူ၏ယောက်ျားကိုလှမောင်ကတော့ ဘာအသံမျှပင် မထွက်နိုင်။ ငြိမ်ငြိမ်ကြီးထိုင်ပြီး ငေးနေသည်။ အမေချစ်က သူ့သားကို အတင်းလှုပ်ခါပြီး 'ငိုလိုက်ပါသားရယ်၊ ငိုလိုက်ပါဟဲ့၊ နင့်မိန်းမ အတွက် ငိုလိုက်စမ်းပါ' ဟု သူကိုယ်တိုင် ငိုရှိုက်ရင်း ပြောသောအခါမှ ရတ်တရက်ပျော့ခွေကာ မျက်ရည်ဖြိုင်ဖြိုင် ကျလာရာသည်။

'အင်း ဘဝတွေ ဘဝတွေ ဖြုတ်ခနဲဖျတ်ခနဲ ကြွေလိုက်ကြတာ၊ ထင်လျက်နဲ့လည်း ကြွေတာပဲ၊ မထင်ဘဲနဲ့လည်း ရုတ်တရက် ကြွေတာပဲ၊ ငါလည်း ကြွေရမှာပဲ၊ ဘယ်အချိန်မှာ ဘယ်လိုရောဂါနဲ့ ဘယ်လိုဖြစ်ပြီး ကြွေမလဲသာ မသိတာ၊ အင်း ကြွေသွားပြန်တော့လည်း တစ်ဘဝပြီး ပြန်တာပေါ့'

ကိုလင်းက မတ်တပ်ရပ်နေရသည်ကို ညောင်းလာသဖြင့် ဝရံတာတွင် ထိုင်ချလိုက်သည်။ အောက်ခြေတွင်ခင်းထားသော ကြွေပြားများက ပြောင်ချောပြီး စိမ့်စိမ့်အေးနေသည်။

'အမလေး ငါက အခန်းထဲသွားရှာနေတာ၊ ဘယ်များထွက်သွားလဲလို့၊ မင်းက ဝရံတာထွက်ပြီး သဘာဝအလှမှာ ကြည်နူးနေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးသို့ ကိုလွင်ရောက်လာသည်။ သူ့ဆီမှ နနွင်းနံ့နှင့် ကြက်သွန်ဖြူနံ့ရသည်။ ချင်းနံ့လည်းပါသည်။ ကလေးအဖေအသစ် စက်စက်ကြီးကတော့ တက်ကြွရွှင်လန်းလို့နေလေသည်။

'ကြည်နူးနေတာမဟုတ်ဘူးအစ်ကိုရ၊ တရားကျနေတာ'

'အမလေးဗျာ၊ ဘုန်းကြီးတော့ ဝတ်မသွားပါနဲ့'

'ခဏတဖြုတ်တော့ ဝတ်ချင်တယ်ဗျာ၊ ရင်ထဲမှာ ညှိုးနွမ်းလွန်းလို့ တရားရိပ်ခိုကြည့်ချင်တယ်'

ကိုလွင်က သူ့ကို အကဲခတ်နေသည်။ သူတို့ဖခင်ဆုံးသွားပြီးသည့်နောက်ပိုင်းတွင် သူတို့မောင်နှမနှစ်ယောက်လုံး ရင့်ကျက်ပြီး ငြိမ်သက်သွားကြသည်ကတော့ အမှန်ပင်။

'ဟော့ နေပါဦးကွ၊ မနက်တုန်းက ဆေးရုံအဝင်မှာတွေ့လိုက်တာ ဗိုက်ကြီးသည်ယိမ်းက ခေါင်းဆောင်မင်းသမီးမဟုတ်လား၊ ကလေးလေး ပွေ့ပြီး ထွက်လာတာလေ၊ ဘေးမှာလည်း သူ့ယောက်ျားက တပြုံးပြုံးနဲ့'

ကိုလင်းစိတ်ပြောင်းသွားစေရန် ကိုလွင်က စကားလွှဲသည်။

နွဲ့သဇင်ကိုသတိရတော့ ကိုလင်းကအနည်းငယ် ပြုံးလာသည်။ ဟုတ်သည်၊ မနက်တုန်းက ဆေးရုံအဝင်ဝတွင် နွဲ့သဇင်ကို တွေ့လိုက်သည်။

ပုဂ္ဂလိကဆေးရုံဆိုတော့လည်း ပိုက်ဆံသုံးနိုင်သူများ အတွက်သာ သီးသန့် ဖြစ်သည်။ ဆေးရုံဆိုသော်လည်း ဆေးရုံနှင့်ပင်မတူ၊ ဟိုတယ်ထဲ လှမ်းဝင်လိုက်ရသလို သစ်ခွပန်းတွေနှင့် လှပ ဝေဆာနေသော ပန်းအိုးကြီးက ဆီးကြိုနေသည်။

ပန်းအိုးကြီးဘေးတွင်တော့ နွဲ့သဇင်ကို တွေ့ရသည်။

အပြုံးတွေဝေဆာနေသော နွဲ့သဇင်က ပန်းနုရောင်ဂွမ်းစောင်လေးနှင့် ထွေးထားသောကလေးငယ်လေးကို တယုတယ ပွေ့ချီထား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကိုလင်းကတော့ ပန်းအိုးထဲက ပန်းတွေပင် နွဲ့သဇင်နှင့် ယှဉ်တော့ ညှိုးဖျော့သွားသည်ဟု ထင်လိုက်မိသည်။

'ကျွန်တော်ဝမ်းသာလိုက်တာ နွဲ့သဇင်ရယ်၊ ခင်ဗျားရဲ့မျက်နှာ၊ နှုတ်ခမ်း၊ မျက်လုံးလေးတွေအကုန်လုံး ပြုံးနေပြီ'

ကိုလင်းက စိတ်ထဲမှ ပြောလိုက်မိသည်။ ကိုယ်မပန်ရသော ပန်းကလေးပင်ဖြစ်သော်လည်း နှင်းရည်နှင်းစက်ဖျန်းပြီး လန်းစွင့်နေသည်ကို မြင်ရတော့ ရင်ထဲမှာ ချမ်းမြေ့ပြီး ကြည်နူးသွားသည်။

'ငါလည်း သင်္ဘော အမြန်ပြန်တက်မှဖြစ်မယ်၊ ကလေး တစ်ယောက်မွေးရတဲ့စရိတ်က မသေးဘူး၊ သူ့ကို လူလားမြောက်အောင် ကျွေးမွေးပြုစုရမယ့်စရိတ်၊ ကျန်းမာရေး၊ ပညာရေးကအစ သူများထက်မနိမ့်အောင် ကုန်ကျရမယ့်စရိတ်တွေကလည်း ရှိသေးတယ်'

နောက်သုံးလေးလလောက်နေလျှင် ကိုလွင်က သင်္ဘော ပြန်တက်၊ ခင်ခင်ထားက ကျူရှင်ပြန်ပြ၊ သူကလည်း ခရီးသွားလမ်းညွှန်ပြန်လုပ်၊ သားငယ်လေးအတွက်တော့ ကလေးထိန်းငှားလိုက်၊ အဆင်မပြေလိုက်၊ အသစ်ရှာလိုက်၊ လခတိုးပေးလိုက်ဟူသော သံသရာတွင် ဝရုန်းသုန်းကား လည်ပတ်ကြရတော့မည်ဖြစ်သည်ကို ကိုလင်းက ကြိုပြီး မြင်ယောင်နေမိသည်။

'ကျွန်တော်တို့ရဲ့လူနေမှုဘဝမှာ ငွေဟာ တစ်နေ့ထက် တစ်နေ့ ပိုပြီး အရေးကြီးလာနေသလိုပဲ၊ အဲဒါကို ကျွန်တော်မကြိုက်ဘူး'

'မကြိုက်ချင်လို့မရဘူး ကိုလင်းရယ်၊ ဒီအတိုင်းဖြစ်နေပြီပဲဟာကို၊ ဘာတတ်နိုင်မှာလဲ'

ကိုလွင်က ခပ်တိုးတိုး ရယ်မောရင်း ကိုလင်း၏ဘေးတွင် ဝင်ထိုင်သည်။ သူ့နှုတ်ကလည်း 'အဟောင်းပျက်လျှင်၊ အသစ်ပြင်လော့၊ အမြင်ကျယ်၍၊ ပညာမွေ့လော့၊ ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး၊ သင်လည်း တစ်ဦး၊ သားထူး သားမြတ်၊ ဖြစ်အပ်ရာသည်' ဟူသော 'အိုတက်လူသို့' ကဗျာကို ခပ်တိုးတိုးရွတ်နေပြန်သည်။ သူ၏စိတ်ဘ

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှ သားငယ်ဆီသို့ ပြေးသွားပြန်ပြီ ဖြစ်ကြောင်း ကိုလင်း နားလည်လိုက်သည်။

အခုရက်ပိုင်းအတွင်းတွင်ပင် မွေးဖွားခဲ့သော ကလေးများက မနည်း၊ သူလက်လှမ်းမီသမျှ ရေတွက်ကြည့်ရလျှင်ပင် သူ့အစ်မ ခင်ခင်ထား၊ နွေးနွေး၊ နွဲ့သဇင်၊ ကိုရေအေး၏မိန်းမနှင့် ဆုံးသွားသော မခင်အေးတို့က လူ့လောက လူ့ရွာထဲသို့ အသစ် အသစ်သော လူသားလေးများကို မွေးဖွားသန့်စင်ပေးခဲ့ကြသည်။ ထွက်ခွာသွားသူများကလည်း ရုတ်ရုတ်သဲသဲ၊ တဖွဲဖွဲ။ ဝင်လာကြသူများကလည်း ဝင်လာမစဲ၊ တသဲသဲ။ လူတို့ကမ္ဘာ လူတို့ရွာကြီးတွင်လည်း အသံမျိုးစုံတို့ဖြင့် ဆူလျက်၊ ညံလျက်၊ စည်ကားလျက်ပင်။

'နောင်နှစ်ပေါင်း အစိတ်လောက်ကို ကြိုပြီးမြင်လို့ရရင် မြင်ချင် လိုက်တာဗျာ'

ကိုလင်းက တိုးတိုးပြောသည်။

'အခုမွေးလာတဲ့ကလေးတွေဟာ နောင်လာမယ့် နှစ်ပေါင်းအစိတ်လောက်ဆိုရင် ပညာတွေတတ်ပြီး လုပ်ငန်းခွင်ဝင်ကုန်ကြရောပေါ့၊ ဟုတ်ဘူးလား အစ်ကိုရ'

ကိုလင်း၏မျက်စိထဲတွင် မျက်လုံးလေးတွေ စုံမှိတ်ပြီး တဝါးဝါး ငိုနေသော ပေါက်စနလေးများကို မြင်ယောင်နေသည်။ နောင်နှစ်ပေါင်း အစိတ်လောက်ရှိလျှင် သူတို့မျက်လုံးတွေ ဘယ်လောက်ပွင့်ပြီး သူတို့လေးတွေ ဘာလုပ်နေကြမည်နည်း။

'လူ့ရပ်လူ့ရွာမှာ ဘယ်လိုအသိ၊ ဘယ်လိုပညာ၊ ဘယ်လိုစိတ်ဓာတ်၊ ဘယ်လိုစာရိတ္တတွေနဲ့ လူသားတာဝန်တွေကို ဘယ်လိုထမ်းဆောင်ကြမလဲ၊ ကျွန်တော်သိချင်နေတယ်'

ကိုလွင်က ကိုလင်းအား ငေးကြည့်နေရင်း ခေါင်းညိတ်သည်၊ ဟုတ်သည်၊ သူလည်း သိချင်သည်။ သူ၏သားငယ်သည် ဘယ်လိုအတတ်၊ ဘယ်လိုပညာတွေကို သင်ကြားတတ်မြောက်လာပြီး လော

www.burmeseclassic.com

www.burmeseclassic.com



ကြီးအား မည်ကဲ့သို့ အကျိုးပြုလာမည်နည်းဆိုသည်ကို သူ ကြိုတင်ပြီး သိချင်စမ်းလှသည်။

'အခုမွေးလာတဲ့ ကလေးတွေဟာ နောင်တစ်ချိန်မှာ တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုကြရမှာ၊ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာဟာ သူတို့ရဲ့ဘဝရှေ့ရေးနဲ့ ဆက်စပ်နေတယ်'

'ဟုတ်တာပေါ့ကွာ'

'သူတို့ရဲ့ ဘဝအမြင် မှန်ကန်ဖို့၊ စိတ်ဓာတ်နဲ့ စာရိတ္တတွေ မယိမ်းမယိုင် ခိုင်မာဖြောင့်မတ်ဖို့၊ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်၊ အထူးသဖြင့် အစ်ကိုတို့ မိဘတွေမှာ ပိုပြီးတာဝန်ရှိတယ်'

ကိုလင်းက သတိပေးသလို အလေးအနက်ပြောသည်။ ကိုလွင်က မျက်နှာတည်တည်နှင့် ခေါင်းညိတ်သည်။ မမြင်ရသော လူသားတာဝန်များက သူ့ပခုံးပေါ်တွင် ပိလာသလို ခံစားရ၍ ခါးကို မတ်ပြီး တင်းခံထားမိသည်။

'အစ်ကိုကြားဖူးမှာပါ၊ ဆိုစကားတောင်ရှိတယ်လေ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖတဲ့'

ကိုလွင်က ထပ်ပြီးခေါင်းညိတ်သည်။ သားလေးကို ကောင်းတာ လုပ်ချင်အောင်၊ အမှန်ကို ရင်ဆိုင်ဝံ့အောင်၊ စိတ်ဓာတ်ဖြောင့်မတ်အောင် သူကြိုးစားမည်၊ သူတတ်နိုင်သမျှ ကြိုးစားပြီး သွန်သင်ဆုံးမမည်။ မိဘတိုင်း မိဘတိုင်းကလည်း သူ့လိုပင် သွန်သင်ဆုံးမလိုစိတ်ရှိကြပါစေ၊ သွန်သင်ဆုံးမနိုင်ကြပါစေ၊ သားသမီးများကလည်း လိုက်နာခံယူနိုင်ကြပါစေ။

ကိုလွင်က အားအင်တွေကို စုစည်းလိုက်သလို အသက်ကို တစ်ဝကြီး ရှိုက်၍ ရှူရင်း အရှည်ကြီးဆုတောင်းနေမိသည်။

လေပြည်နုနုလေးက အေးမြနေသည်။ ပန်းနံ့သင်းသင်းလေးက လေထဲတွင် ပျံ့နေသည်။ ဘယ်က အနံ့ မွှေးနေတာပါလိမ့်ဟု ရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ မြေပန်းအိုးထဲရှိ စံပယ်မြတ်လေးပင်မှ အပွင့်ဖြူဖြူ သုံးပွင့်ကို တွေ့ရသည်။ ပင်နွယ်သွယ်သွယ်လေးက ဝါးလုံးတိုင်သေးသေးလေး ပေါ် နွယ်တက်နေသည်။ မြေပန်းအိုးထဲရှိ မြေကျစ်ကျစ်လေးနှင့် ခင်ခင် ထား မေ့တစ်ခါ လျော့တစ်ခါ လောင်းသော ရေလေးကိုသာ အမှီပြုနေရ သော်လည်း သူ့ခမျာ ပွင့်ချိန်တန်တော့လည်း ပွင့်ရှာသားပင်၊ မွေးချိန် တန်တော့လည်း မွှေးရှာသားပင်။

လူသံသူသံတွေက မဆိတ်ငြိမ်သေးပေ။ လမ်းမဘက်တန်း ဘတ်(စ)ကားမှတ်တိုင်တွင် အိပ်စက်နားခိုရာအိမ်ဂေဟာသို့ ပြန်မရောက်သေးသူများ မတ်တတ်ရပ်နေဆဲပင်။ ဟီးနိုးဘတ်(စ)ကားကြီးများ၏ ဟွန်းတီးသံနှင့် ကားစပယ်ရာတို့၏ လူခေါ်သံကို ကြားနေရဆဲ ဖြစ်လေသည်။

အောက်ထပ်တိုက်ခန်းမှ ပင်စင်စား အဘိုးကြီးကတော့ ဘုရားရှိခိုးပြီးပြီမို့ ဆုတောင်းမေတ္တာပို့သနေပြီ ဖြစ်သည်။ သူက နားလေးတော့ သူ့အသံ သူကြားရလေအောင် အကျယ်ကြီးရွတ်ဖတ်တတ်လေသည်။

'လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ' တဲ့။

ဒီအသံကို ညစဉ်ညတိုင်းကြားနေကျမို့ ကိုလင်းသည် အလွတ်ပင် ရနေပြီ ဖြစ်သည်။ ခဏနေလျှင်

'လူအချင်းချင်း လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။
အထင်သေးခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ။
ဆင်းရဲလိုခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ' ဟု ဆက်လက်ပြီး ရွတ်ဆို ဆုတောင်းလိမ့်ဦးမည်ကိုလည်း ကြိုတင် ကြားယောင်နေမိသည်။

'သူ့ရဲ့မေတ္တာ၊ သူ့ရဲ့ဆုတောင်းသံဟာ ကမ္ဘာအနှံ့ ပြန့်ပြီး စူးရှထိရောက်နိုင်ပါစေ'

ကိုလင်းက စိတ်အတွင်းမှ ထပ်ဆင့်ပြီး ဆုတောင်းလိုက်မိသည်။ ကိုလွင့်ကို လှည့်ကြည့်လိုက်တော့ မှောင်မိုက်မိုက်ကောင်းကင်

www.burmeseclassic.com



ပြင်ကို မျှော်ငေးကြည့်နေသည်ကို တွေ့ရသည်။

သူတို့နှစ်ဦး ဘေးချင်းယှဉ်လျက် ထိုင်နေသော်လည်း တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြပေ၊ နှစ်ဦးလုံး၏ အတွေးကွန်ရက်ကတော့ နောင်လာမည့် အနာဂတ်ကာလများဆီသို့ ဖြန့်ကြက်ပြေးလွှားသွားနေသည်။


ကောင်းကင်ကျယ်တွင် လခြမ်းကွေးကွေးလေးက မှိန်မှိန်ဖျော့ဖျော့လေး လင်းနေသည်။

ခပ်ကျဲကျဲ ပြန့်နေသော ကြယ်ပွင့်ကလေးတွေကတော့ ဖြိုးဖြိုးဖျပ်ဖျပ်နှင့် တလက်လက် တောက်ပနေလေသည်။

မစန္ဒာ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com